# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No.170,September 2009

www.foreverspace.com.mm



# မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**HOLLYWOOD**
**SINGAPORE**
**YANGON**

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မှတ်တမ်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# တပ်မတော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဆက်ဆံရေး

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌အသစ်ဖြစ်ပေါ်လာမည့် နိုင်ငံရေးအခြေအနေသစ်သည် အောက်ထစ်ဆုံး အရပ်ဘက်လူ့အဖွဲ့အစည်းထဲမှ နိုင်ငံရေးသမားအချို့ကို လွှတ်တော်များပေါ်သို့ ဝင်ရောက်ခွင့်ပြုလိမ့်မည်ဖြစ်ရာ လက်နက်ကိုင်အဖွဲ့အစည်းများ သို့မဟုတ် တပ်မတော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ နိုင်ငံရေးအလို့ငှာထိတွေ့မှုကို ၄၉ နှစ်အတွင်း ပထမဆုံးဖြစ်ပေါ်သည့်သဘော ယူဆနိုင်ပေသည်။

တပ်မတော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းအကြား ထိတွေ့ဆက်ဆံမှုသည် ဒီမိုကရေစီစနစ်၏ ရေခံမြေခံများအနက် အရေးအကြီးဆုံးအုတ်မြစ်ဖြစ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအင်အားစုများအကြား ယုံကြည်မှု TRUST တည်ဆောက်ရေးအတွက် အရေးကြီးပါသည်။ တစ်နည်းအားဖြင့် ထိုဆက်ဆံရေးအဆင်ပြေချောမွေ့သွားရေးသည် နိုင်ငံသားများနှင့် နိုင်ငံ၏ဘဝအတွက် အရေးကြီးသည်ဖြစ်ရာ တပ်မတော်နှင့် နိုင်ငံရေးပါတီတစ်ခု၏ ခေါင်းဆောင်များ နှစ်ဖက်ဆက်ဆံရေးသက်သက်ထက် များစွာပိုလွန်သောအဓိပ္ပာယ်ကို ဆောင်ပါသည်။ ပို၍ရှင်းအောင်ပြောရလျှင် တပ်မတော်နှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ဆက်ဆံရေးသည် နိုင်ငံ၏ဒီမိုကရေစီအုတ်မြစ်ဖြစ်နေသောကြောင့် ဤဆက်ဆံရေးမှ ယုံကြည်မှုတစ်ခုထူထောင်နိုင်သည်အထိ နိုင်ငံသားအားလုံးက မိမိတို့ပါဝင်နိုင်သည့်နေရာမှ ဝင်ရောက်၍ ဆောင်ကြဉ်းပေးကြရန်လိုပါသည်။

တပ်မတော်နှင့် နိုင်ငံရေးအင်အားစုများအကြား Trust သို့မဟုတ် တပ်မတော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းအကြား Trust သည် နိုင်ငံ၏ဒီမိုကရေစီရေးတွင် အုတ်မြစ်ဖြစ်သည်ဟု လက်ခံရှုမြင်နိုင်ပါလျှင် မြန်မာ့တပ်မတော်နှင့် အမေရိကန်ပြည်ထောင်စု၏ ဆက်ဆံရေး၊ မြန်မာ့တပ်မတော်နှင့် အမေရိကန်တပ်မတော်တို့၏ဆက်ဆံရေး စသည်များသည် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်နေသည်ဖြစ်သည်ကို တွေ့ရမည် ဖြစ်ပေသည်။

အဓိကပြောလိုသည်မှာ တပ်မတော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းအကြား ဆက်ဆံရေးကို လူ့အဖွဲ့အစည်းအတွင်းမှ သဘောပေါက်သူများ၊ သဘောထားကြီးသူများ၊ ဩဇာရှိသူများက နည်းအမျိုးမျိုးနှင့်ဆောင်ကြဉ်းပေးခြင်း၊ မြန်မာနိုင်ငံအတွက် ဒီမိုကရေစီအုတ်မြစ်တစ်ခုကိုတည်ဆောက်ခြင်းဖြစ်သည်ဟု ခံယူကြပါမည့်အကြောင်း ဖြစ်ပါသည်။

**အယ်ဒီတာ**

**(၂၄-၈-၂၀၀၉)**

www.foreverspace.com.mm



# မြန်မာနှင့် နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးဆိုသည်မှာ မိမိနိုင်ငံ၏ လုံခြုံရေး၊ စီးပွားရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့်နိုင်ငံအကျိုးစီးပွားကို မြှင့်တင်ရန် ရည်ရွယ်ချက်ထားရှိ၍ အခြားနိုင်ငံများနှင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး စသည့်နယ်ပယ်စုံတွင် ကျင့်သုံးနေသောဆက်ဆံရေးကို ဆိုလိုကာ နိုင်ငံမဟုတ်သော non-state actor များနှင့် ဆက်ဆံရေးသည်လည်း အကျုံးဝင်လာခဲ့သည်။

အထူးသဖြင့် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်လာနေသည့် ဂလိုဘယ်လိုက်ဇေးရှင်း အရှိန်မြင့်လာသည့်ခေတ်အခါတွင် နိုင်ငံ့ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာဆက်ဆံရေးမှာ ယခင့်ယခင်အချိန်များကထက်ပင် ပိုမိုအရေးပါလာသည်ထက် ပါလာသည်ကို  တွေ့မြင်ရသည်။

နိုင်ငံစနစ်ချင်း၊ နိုင်ငံအရွယ်အစားချင်း၊ စီးပွားရေးပမာဏချင်း၊ မဟာဗျူဟာကျသည်ချင်း ဆင်တူသော်လည်း နိုင်ငံတကာဆက်ဆံရေး ပိုမိုကောင်းမွန်သည့်နိုင်ငံက မိမိနိုင်ငံ၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်သည်ကိုလည်း များစွာသော သာဓကများက ပြဆိုနေသလို မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အရေးကြီးလှသည့် နိုင်ငံပုံရိပ်မြှင့်တင်ရေးတွင် အဆိုပါနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးက အဓိကကျသည့်အခန်းကဏ္ဍက ပါဝင်နေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနှင့် မဝေးတော့သော အနာဂတ်တွင် မဟာအင်အားကြီးနိုင်ငံများဖြစ်လာနိုင်သည့် နှစ်နိုင်ငံပေါင်း လူဦးရေ ၂ ဘီလီယံခွဲရှိ အိန္ဒိယနှင့် တရုတ်အကြားတွင် တည်ရှိနေသော လူဦးရေ သန်း ၆၀ ခန့်ရှိနိုင်ငံဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးသည် များစွာထိုးထွင်းတီထွင်မှုရှိရန်လိုပြီး အဆိုပါအိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံနှင့်ရော၊ အခြားကမ္ဘာ့နိုင်ငံများနှင့်ပါ စွမ်းဆောင်ရည်မြင့်ဆက်ဆံရေးထားရှိရန် လိုအပ်ပါသည်။

အထူးသဖြင့် ကြက်ဥအားလုံးကို ခြင်းတောင်းတစ်ခုတွင်းတွင် မထားပါနှင့်ဟူသော ဆိုရိုးစကားသည် နိုင်ငံတကာဆက်ဆံရေးတွင် အရေးပါလှပြီး အပြောင်းအလဲမြန်သည့်ကမ္ဘာကြီးတွင် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်အတွက် အလေးထားရမည့်စကားပင်ဖြစ်သည်။

**အယ်ဒီတာ**

**(၂၆–၈–၂၀၀၉)**

www.foreverspace.com.mm

# Contents

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဓေယျာသူ

**Editor in Charge (Production)** – မင်းခေင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – နွေးအိငြိမ့်

**Executive Editors** – နိုင်ချိုဇော်ဝင်းတင်၊ ခင်ခင်သော်၊ နှံ့ကောနိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ခင်ဝေ၊ မြနှင်းဝေ၊ စန်းဇော်အောင်

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ စာလီကျော်၊ မိုးယုဝေ

**Editorial Assistant** – ဆွေငြိမ်းအေး

**Staff Reporters** – အောင်စိုး၊ ကျော်ဓေယျာထွန်း၊ ကျော်ဓေယျာဝင်း၊ ...ငြိမ်း၊ အိမ့်နှစ်ကျော်၊ ကျော်မျိုးထွန်း၊ စာတီထွဏ်း၊ ကြကြသင်း(မိုးမြေ)

## DTP Department

**Manager** – မနိုင်

**Assistant Manager** – ငှဝါနိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ခင်မာလွင်၊ ငြိမ်းချမ်းနေဝင်း

## Finance Department

**General Manager** – ဝေဝေအောင်စင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – မြမြသီ

**Assistant Manager** – ဇနှာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လဲ့ရည်ဦး

**Designer** – သိန်းအောင်ထွန်း

**Receptionist** – ဆုအိမ်ဖြူဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းခေင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တွေးတွေး၊ ထက်အောင်

## Creation Department

**Art Director** – မိုးသော်တာ

**Cover Idea / Design** – ဓေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘဒွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – မိုးသော်တာ၊ ဓေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ထုတ်ဝေမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ အောဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၂၄၂၄၂၄၊ ၃၉၃၃၉၂၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၈၉၇၄၃၄၃
ဖက်စ် – ၂၄၂၄၂၄၊ ၃၉၃၃၉၂
hot line – ၀၉-၈၉၇၄၃၄၃

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်

B/W Film – PERFECT

Binding – သဒ္ဓာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၇၉၉၀၈၀၉

Circulation – ၁၀၀၀

Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color ( မြန်မာ့ဆက်သွယ်ရေးနှင့်ရုပ်မြင်သံကြားလုပ်ငန်း )

### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်စျေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK ဆီလက်ဆေးရေနံ၊ ကုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစေတီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေဆိုးဆန်ဆိုင် (သက်နှံ့ကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ရှောင်ပင်လေးစေ့များ မှလာသော ဓိတ်ဆွေများ၊ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ ဒီဇိုင်းဆရာနှင့် ဓိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ စလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

# LIVING COLOR

LIVING COLOR. No.170, SEPTEMBER. 2009.

1 အယ်ဒီတာ့အာဘော်

6 ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

7 ယခုလသတင်းအညွှန်း

8 မြန်မာ့စီးပွားရေးသတင်း

22(F) မျက်နှာဖုံးဆောင်းပါး

မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး

အယ်ဒီတာအဖွဲ့

26 မြန်မာ့စီးပွားရေးမြင်ကွင်း

မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန်တကယ်တိုးလာသလော

ကျော်ကျော်မင်း ၊ ခင်ဌေးကြွယ်

34 မလေးရှားပေါ်လစီများ၊ လစ်ဟာချက်များနှင့် ရွှေမြန်မာ တို့၏ တရားဝင်မှု

ချိုမွေး

42 ပိတ်ကားချပ်၏နောက်တွင် . . .

ဇင်ဇင်သော်

50 ဤခရီးနီးသလား . . . ရထားစီးလာပါ

ကျော်ဇေယျာထွန်း

58 ဈေးကွက်ရေချိန်ညှိရမည့်ကြက်သွန်နီ

ခင်ဌေးကြွယ်

64 ရန်ကုန် ကုန်စည်ဈေးကွက် နိုင်မင်းဝေ၊ ဇာလီကျော်

72 အနေးပြကွက်ကလေးတော့ကြည့်ချင်သည်

ခွန်းသု

76 ရက်စွဲမှတ်တမ်း

80 တွေ့ဆုံဆွေးနွေးမှု

82 မြန်မာ့စီးပွားရေးအမြင်

မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးထားသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များ

ရန်မင်းအောင်











www.foreverspace.com.mm

LIVING COLOR. No.170, SEPTEMBER. 2009.


88 နာဂစ်အလွန်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု


ပါမောက္ခဒေါက်တာအောင်ထွန်းသက်

92 တွေ့ဆုံခြင်း

“၅၀ ရာခိုင်နှုန်းနီးပါး Recover ဖြစ်ပါတယ်”

WFP မှ Programme Officer ဒေါ်ဆွေဆွေဝင်းနှင့် တွေ့ဆုံခြင်း

ကျော်နိုင်


97 ထင်ရှားကျော်ကြားမြန်မာ့စီးပွား

100 စျေးဝယ်လမ်းညွှန်

102 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

118 ကုန်စျေးနှုန်း

123 ဘယ်ပစ္စည်းဘာကြောင့်

127 တစ်ဦးတည်းကိုယ်စားလှယ်

128 မြန်မာပြည်တွင်လုပ်သည်

130 အတွေးအမြင်

ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

ဆူဟာတိုပြောသည့် သူ့သမိုင်း (၂)

တင်ညွန့်

140 အကောင်းမြင်ခြင်းနှင့် သည်းခံခြင်း

မြတ်နီ

146 ရွှေ . . . အိပ်မက် ဂျီအောင်ဘန်း

150 ကုသိုလ်ရေးရှေ့တစ်လှမ်း မောင်မောင်တင်

154 သဘောထားကြီးပါ မြသန်းသန်းနု

158 သူတို့ဆီက မိုးလေဝသနှင့်ရာသီဥတု ကိုဝမ်း

164 ဆရာဇော်ဂျီရာပြည့်ပွဲ (၄) သခင်တင်မြ

170 သူဌေးဖြစ်နည်းလျှို့ဝှက်ချက်(၂၄)

ဦးလှဝင်း (လေသူရဲတစ်ဦး)

www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း လောကနတ်ပန်းချီပြခန်းတွင် ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော စိတ်ကူးချိုချိုစာအုပ်တိုက်၏ (၁၀) နှစ်ပြည့်အထိမ်းအမှတ် စာအုပ်အရောင်းပွဲတော်ကို ရွေးချယ်လိုက်ပါသည်။ ယင်းစာအုပ်အရောင်းပွဲတော်သို့ လာရောက်ရန်အတွက် စိတ်ကူးချိုချို စာအုပ်တိုက်၏ မိတ်ဆွေများ၊ ဖောက်သည်များနှင့် စာနယ်ဇင်းများထံသို့ ဖိတ်စာနှင့်အတူ ယင်းစာအုပ်တိုက်က ၂၀၀၆ ခုနှစ် စက်တင်ဘာလမှ ၂၀၀၉ ခုနှစ် ဇူလိုင်လအတွင်းထုတ်ဝေခဲ့သော စာအုပ်အညွှန်းစာအုပ်၊ မြန်မာဝတ္ထုတို (၂၀၀၈) စာအုပ်တို့အပြင် ယင်းစာအုပ်တိုက်က ကျစ်လျစ်သပ်ရပ်စွာ ပြန်လည်ပုံနှိပ်ထုတ်ဝေထားသော စာအုပ်အမျိုးမျိုး ၄၅ အုပ်ပါတစ်တွဲအား ကျပ် ၁၇,၅၀၀ ဖြင့် ဝယ်ယူခွင့်၊ စာအုပ်အရောင်းပွဲတော်အတွင်း မိမိနှစ်သက်ရာစာအုပ်တစ်အုပ်ကို ၃၀ ရာခိုင်နှုန်းအထူးလျှော့ဈေးဖြင့်ဝယ်ယူခွင့်နှင့် လောကနတ်ပန်းချီပြခန်းအနီးရှိ လာဘ်ဖူးပွင့် Food Center၊ တော်ဝင်မြန်မာစားသောက်ဆိုင်နှင့် ရတနာကဖီးတို့၌ ကျပ် ၂၀၀၀ ဖိုး ဝယ်ယူစားသုံးခွင့်တို့ပါရှိသည့် ကူပွန်လက်မှတ်တို့ကို မေတ္တာလက်ဆောင်ထည့်သွင်းပေးထားခြင်း၊ စာအုပ်အရောင်းပွဲတော်သို့ လာရောက်အားပေးသူ စာပေဝါသနာရှင်များအား မည်သည့်စာအုပ်ကိုမဆို ၁၅ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးခြင်း စသည့်ဝန်ဆောင်မှုများကြောင့် ယခုကဲ့သို့ စာအုပ်ဈေးနှုန်းများကြီးမြင့်နေချိန်တွင် စာပေဝါသနာရှင်များနှင့် စာအုပ်ဆိုင်များကို ဆွဲဆောင်နိုင်စေခဲ့သဖြင့် ရွေးချယ်ဖော်ပြရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

၁။ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်တရားရုံးတွင် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၇/၂၀၀၉ ဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၂၂ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ဒေါ်အောင်ဆန်းစုကြည် (ဘ) ဦးအောင်ဆန်းအပေါ် တာဝန်ရှိသူများက မလွဲမရှောင်သာဘဲ တရားစွဲဆိုမှုပြုခဲ့ရခြင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ခဲ့ပါသည်။

၂။ သို့ရာတွင် တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်မျှတစွာတရားစီရင်မှုကို နိုင်ငံသားအားလုံးက လေးစားလိုက်နာခံယူကြရမည် ဖြစ်ပါသည်။

၃။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အသက်ပေး၍ရယူပေးခဲ့သည့် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တည်ငြိမ်ရေးကို ရှေးရှု၍လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး အာဃာတများမရှိစေရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် အနှောင့်အယှက်မဖြစ်စေရေးအတွက်လည်းကောင်း ရည်စူး၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနေဖြင့် မိမိ၏လုပ်ပိုင်ခွင့်အာဏာအတွင်းမှ သူမအပေါ် စာနာထောက်ထားညှာတာမှုပြုလိုပါသည်။

၄။ သို့ပါ၍ ဒေါ်အောင်ဆန်းစုကြည်အား တရားရုံးအနေဖြင့် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိရပြီး ပြစ်ဒဏ်ချမှတ်ပါက၊ မည်သို့ပင်ပြစ်ဒဏ်ချမှတ်ထားသည်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၅) အရ၊ တရားရုံးကချမှတ်ထားသော ပြစ်ဒဏ်များအနက် ပြစ်ဒဏ်၏ထက်ဝက်ကိုသာ ကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကိုလည်း ဆိုင်းငံ့လိုက်သည်။

၅။ အထက်အပိုဒ် (၄) ပါ ပြစ်ဒဏ်ဆိုင်းငံ့ကာလအတွင်း၊ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏နေအိမ်ဖြစ်သော ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ် ၅၄/၅၆ နေအိမ်၌ ပူးတွဲပါသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ နေထိုင်ခွင့်ပြုလိုက်သည်။

၆။ ဒေါ်အောင်ဆန်းစုကြည်သည် လျှော့ပေါ့ပြောင်းလဲလိုက်သော ပြစ်ဒဏ်ကျခံရမည့်အချိန်ကာလထက် မကျော်လွန်သောအချိန်ကာလအတွင်း၊ ပူးတွဲပါသတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ ကောင်းမွန်စွာနေထိုင်ပါက ဆိုင်းငံ့ထားသောပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုမည်ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။

၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြထားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြည်ထဲရေးဝန်ကြီးဌာနသို့ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားရုံးကပြစ်ဒဏ်ချမှတ်ခဲ့ပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ လျှော့ပေါ့ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ကောင်းမွန်စွာနေထိုင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းဆိုင်ရာညွှန်ကြားချက်ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၇၀ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ

## ဖလင်များ အကြွေးစနစ်ဖြင့် အကန့်အသတ်မရှိ ရောင်းချပေးမည်ဟုဆို

**ရန်ကုန်၊ ဇူလိုင် ၂၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဖလင်အကြွေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ဒုတိယအသုတ်အဖြစ် ယခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားအရေအတွက် ကန့်သတ်ချက်မထားဘဲ လိုသလောက်ရောင်းချပေးသွားမည်ဟု အဆိုပါအစည်းအရုံး၏ အတွင်းရေးမှူး ဦးစိုးထိုက်အောင်က ဆိုသည်။

၂၀၀၈ ခုနှစ်အတွင်းက ရုပ်ရှင်ဇာတ်ကားငါးကားအတွက် ဖလင်အကြွေးစနစ်ဖြင့်ဝယ်ယူရန် လျှောက်ထားမှုရှိခဲ့သော်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်ကိုက်ညီသည့် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီလေးခုအတွက်သာ ရုပ်ရှင်ဇာတ်ကားလေးကားစာဖလင်များရောင်းချပေးခဲ့ကြောင်း၊ ဖလင်အကြွေးစနစ်ဖြင့်ဝယ်ယူရိုက်ကူးခဲ့သည့် ရုပ်ရှင်လေးကားအနက် မိုးပုလဲရုပ်ရှင်ထုတ်လုပ်ရေးကရိုက်ကူးသည့် 'ယောက္ခမနှင့် တစ်ထောင့်တစ်ည' ရုပ်ရှင်ဇာတ်ကားမှာ ပထမဦးဆုံးရုံတင်နိုင်သည့်ဇာတ်ကားဖြစ်ကြောင်း၊ ကျန်သည့်ရုပ်ရှင်ဇာတ်ကားသုံးကားဖြစ်သည့် ဒါရိုက်တာကြည်ဖြူသျှင်ရိုက်ကူးသော 'မိုးညအိပ်မက်မြူ'၊ စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေးကရိုက်ကူးသည့် 'ဆွေတစ်ရာ မောင်တစ်ကျိပ်'၊ ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေးကရိုက်ကူးသည့်'ရှော့ခ်ရှိတဲ့အချစ်များ' စသည့်ဇာတ်ကားများမှာလည်း ဆင်ဆာတည်းဖြတ်နိုင်ရန် ကြိုးစားလျက်ရှိပြီး မကြာမီရုံတင်နိုင်တော့မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါပုဂ္ဂိုလ်၏ ဆက်လက်ပြောကြားချက်အရ ၂၀၀၉ ခုနှစ်အတွင်း၌ လက်ရှိအချိန်ထိ ရုပ်ရှင်ဇာတ်ကားနှစ်ကားအတွက် ဖလင်ဝယ်ယူရန် လျှောက်ထားမှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အကြွေးစနစ်ဖြင့်ရောင်းချပေးသည့် ဖလင်ဈေးနှုန်းမှာ ပြင်ပဖလင်ပေါက်ဈေးထက် သက်သာမှုရှိသော်လည်း ဖလင်ဝယ်ယူလိုသည့် ရုပ်ရှင်ထုတ်လုပ်ရေးတိုင်း ဝယ်ယူ၍မရကြောင်း၊ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှသာ ဝယ်ယူ၍ရကြောင်း၊ အကြွေးစနစ်ဖြင့်ရောင်းချသည့် ဖလင်ဈေးနှုန်းမှာ ပြင်ပပေါက်ဈေးနှင့်တူညီမှုရှိလျှင် ဆက်လက်ဝယ်ယူသွားရန်အစီအစဉ်ရှိကြောင်း မိုးပုလဲရုပ်ရှင်ထုတ်လုပ်ရေး၏တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကြေးစိုက်ထုတ်ပံ့ပိုးထားသောဖလင်ကို အကြွေးစနစ်ဖြင့်ဝယ်ယူလိုသည့် ရုပ်ရှင်ရိုက်ကူးမည့်သူများသည် ရုပ်ရှင်ထုတ်လုပ်ရေးလိုင်စင်ရရှိထားသူဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူသည် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဇာတ်ကားစတင်ပြသသည့် ပထမပတ်ဝင်ငွေမှစ၍ ဖလင်ဖိုးငွေများကို ပြန်လည်ပေးဆပ်ပါမည်ဆိုသည့် ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အိမ်၊ ခြံ၊ မြေ၊ ဂရန်ပိုင်ဆိုင်မှုအထောက်အထားများနှင့် တရားရုံးကျမ်းကျိန်လွှာများလည်း တင်ပြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးထံမှ သိရသည်။



**မိုးခိုင်**

www.foreverspace.com.mm



# နာဂစ်ဒေသ အိမ်ခြေ ၄,၀၀၀ FREDA ထောက်ပံ့ကူညီ

**ရန်ကုန်၊ ဇူလိုင် ၁၀**

မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်လျက်ရှိသော အငြိမ်းစားသစ်တောပညာရှင်နှင့်အရာထမ်းများဖြင့်ဖွဲ့စည်းထားသည့် သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) သည် နာဂစ်ဆိုင်က လုန်းမုန်တိုင်းဒဏ်သင့် ဖျာပုံခရိုင် ပြင်ခရိုင်ကြိုးဝိုင်းဒေသတစ်ဝိုက် ကျေးရွာ ၂၆ ရွာရှိ အိမ်ခြေပေါင်း ၄,၀၀၀ ကို ၂၀၀၈ ခုနှစ် မေလမှ ဒီဇင်ဘာလအထိ ကူညီထောက်ပံ့မှုများပေးခဲ့ကြောင်း အဆိုပါအသင်း၏ နှစ်ပတ်လည်အစီရင်ခံစာအရ သိရသည်။

အဆိုပါအိမ်ခြေများရှိ လူဦးရေ ၁၈,၀၀၀ ခန့်ကို ဆန်၊ ဆီ၊ ဆား၊ တာပေါ်လင်၊ သောက်ရေသန့်နှင့် တီရှပ်များ ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုသို့ ကူညီထောက်ပံ့ရာ၌ စုစုပေါင်း ဆန် ၁၄,၅၀၈ အိတ်၊ ဆီ ၂၂,၀၀၀ ပုလင်း၊ ဆား ၅၀ ကျပ်သားဝင်အိတ်ပေါင်း ၂၀,၇၀၀ အိတ်တို့ကို ၁၁ ကြိမ်တိတိဖြန့်ဝေပေးခဲ့ပြီး မုန်တိုင်းတိုက်ခတ်ပြီးစကာလတွင်လည်း မိုးကာဖျင် ၉၁ မီတာပါဝင် သောအလိပ်ပေါင်း ၂၀၀ နှင့် တစ်ဘူးလျှင် ငါးလီတာပါဝင်သော သောက်ရေသန့်ဘူးပေါင်း ၄,၀၀၀ တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း၊ ထိုသို့ ကူညီထောက်ပံ့နိုင်ရန် ဂျာမနီနိုင်ငံမှ လူမှုရေးအသင်းတစ်ခုဖြစ်သော DKH (Diakonie Katastrophenhilife) က ပူးပေါင်းပံ့ပိုးကူညီခဲ့ကြောင်း အသင်းအမှုဆောင်တစ်ဦးက ဆိုသည်။

အလားတူ FREDA အသင်းသည် ဂျာမနီနိုင်ငံ DKH အသင်း၏ပံ့ပိုးမှုဖြင့် ဘိုကလေးမြို့နယ် ဂရမ်းကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာတွင် လယ်ဧက ၈,၀၀၀ အတွက် မျိုးစပါး ၅,၃၅၀ တင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လယ်ထွန်စက် ၂၃ စီးနှင့် ဒီဇယ်ဆီ ၅,၉၀၂ ဂါလန်တို့ကို စိုက်ပျိုးချိန်အမီထောက်ပံ့ကူညီခဲ့ပြီး စိုက်ပျိုးမှုနည်းစနစ်များကိုပါ ကွင်းဆင်းပံ့ပိုးခဲ့ကြောင်း ယင်းအသင်းထံမှ စုံစမ်းသိရှိရသည်။ ■



# မြန်မာ့ဌာနေရင်း ငှက်မျိုးစိတ်သစ်တစ်မျိုး တွေ့ရှိ

**ရန်ကုန်၊ ဇူလိုင် ၉**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာရှာဖွေတွေ့ရှိနိုင်သော Burmese Tit အမည်ရှိ ငှက်မျိုးစိတ်သစ်တစ်မျိုးကို ယခုနှစ်ဆန်းပိုင်းအတွင်း မြန်မာနိုင်ငံအနောက်မြောက်ဖျားဒေသများ၌ သုတေသီများက ရှာဖွေတွေ့ရှိမှတ်တမ်းတင်ခဲ့ကြောင်း မြန်မာငှက်ဝါသနာရှင်အသင်းအတွင်းရေးမှူး ဦးသက်ဇော်နိုင်က ပြောကြားသည်။

အဆိုပါဌာနေရင်းငှက်မျိုးစိတ်သစ်မှာ အလျား ၁၀ စင်တီမီတာမှ ၁၂ စင်တီမီတာခန့်ရှိပြီး ကိုယ်ခန္ဓာအပြာရောင်၊ မျက်ရစ်အညိုရောင်နှင့် ရင်အုပ်မှာအဖြူရောင်ရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅,၀၀၀ ကျော်မြင့်သည့် ဟိမဝန္တာတောင်တန်းနှင့်ဆက်စပ်နေသည့်ဒေသတစ်လျှောက်ရှိ ချင်းပြည်နယ်တွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်ကြောင်း၊ Birdlife International အဖွဲ့အစည်းအပါအဝင် သုတေသီများက ကမ္ဘာတစ်ဝန်း၌ရှာဖွေတွေ့ရှိရခြင်းမရှိဘဲ မြန်မာနိုင်ငံရှိအဆိုပါဒေသများတွင်သာ ရှာဖွေတွေ့ရှိနိုင်သဖြင့် ယင်းငှက်မျိုးစိတ်ကို မြန်မာ့ဌာနေရင်းငှက်မျိုးစိတ်သစ်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၌ ငှက်မျိုးစိတ်စုစုပေါင်း ၁,၁၀၀ ဝန်းကျင်နေထိုင်ကျက်စားကြသည့်အနက် ဇွေ့ (White-throated Babbler)၊ ဘီလုံး (Burmese Bush lark)၊ နဖားကြိုးအမြီးဝိုင်း (Hooted Treepie)၊ မျက်ခုံးဖြူ ငှက်ပြာခြောက် (White-browed Nuthatch) နှင့် ၂၀၀၅ ခုနှစ်က ထပ်မံတွေ့ရှိခဲ့သော စာမျိုးနွယ်ဝင် Jerdon Minivet ငှက်မျိုးစိတ်ငါးမျိုးတို့ကို ဌာနေရင်းငှက်များအဖြစ်သတ်မှတ်ထားရာက ယခုထပ်မံတွေ့ရှိခဲ့သည့် Burmese Tit အပါအဝင် ဌာနေရင်းငှက်မျိုးစိတ်စုစုပေါင်း ခြောက်မျိုးရှိသွားပြီဖြစ်ကြောင်း မြန်မာငှက်ဝါသနာရှင်အသင်းထံမှ စုံစမ်းသိရှိရသည်။

www.foreverspace.com.mm

# မုန်တိုင်းခိုလှုံရေးစခန်းသုံးခုနှင့် အိမ်ရာ ၃၀၀ FREDA တည်ဆောက်

**ရန်ကုန်၊ ဇူလိုင် ၁၀**

သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) သည် ဂျာမနီအခြေစိုက်လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော DKH အသင်းနှင့်ပူးပေါင်း၍ နာဂစ်မုန်တိုင်းဒဏ်သင့်ကျေးရွာအချို့တွင် မုန်တိုင်းခိုလှုံရေးစခန်း (Cyclone Shelter) နှစ်လုံးနှင့် လူနေအိမ် ၃၀၀ လုံးတို့ကိုတည်ဆောက်လျက်ရှိကြောင်း ယင်းအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတည်ဆောက်ရေးစီမံကိန်းကို ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင်စတင်ခဲ့ခြင်းဖြစ်ပြီး ဘိုကလေးမြို့နယ် ကုန်းတန်းပေါက်ရွာနှင့် ပဒဲကောရွာတို့တွင် ကျေးလက်ဒေသနေအိမ်အလုံးရေ ၃၀၀ နှင့် ဖျာပုံမြို့နယ် တယ်ပင်ဆိပ်ရွာ၊ အုတ်ဖိုကွင်းကျောင်းရွာနှင့် ဘိုကလေးမြို့နယ် ပဒဲကောရွာတို့တွင် မုန်တိုင်းခိုလှုံရေးစခန်း (Cyclone Shelter) တစ်လုံးစီတို့ကို တည်ဆောက်လျက်ရှိကြောင်း၊ စီမံကိန်းကာလမှာ ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၃၁ ရက်တွင်ကုန်ဆုံးမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ဆိုသည်။

# ယခုနှစ်မိုးကာလ ပြည်ပမှဝင်ရောက်သော အလှစိုက်ပျိုးပင်များအရောင်းသွက်

**သတင်းဆောင်းပါး – အိမွန်ကျော် (၂၉-၇-၂၀၀၉)**

**မိုးရာသီကာလတွင် အရောင်းအဝယ်အေးလေ့ရှိသော အလှစိုက်ပျိုးပင်များဈေးကွက်တွင် ယခုနှစ်မိုးရာသီ၌ ပြည်ပမှဝင်ရောက်သော အလှစိုက်ပျိုးပင်များ အရောင်းသွက်လျက်ရှိကြောင်း မရမ်းကုန်းမြို့နယ်ရှိ မင်းဓမ္မပန်းပျိုးဥယျာဉ်ရှိ ပျိုးပင်အရောင်းဆိုင်များထံမှ စုံစမ်းသိရှိရသည်။**

အဆိုပါပျိုးပင်ဈေးကွက်အတွင်းသို့ ပြည်ပမျိုးရင်းများ နှစ်စဉ်အလုံးအရင်းနှင့် ဝင်ရောက်လျက်ရှိသော်လည်း ယခုနှစ်မိုးရာသီတွင်မူ ပြည်ပမှဝင်ရောက်သော အလှစိုက်ပျိုးပင်များသည် ရန်ကုန်မြို့တော်၌ ထပ်မံဆောက်လုပ်လာသော အိမ်ရာစီမံကိန်းသစ်များ၏ဝယ်လိုအားကြောင့် အရောင်းသွက်လျက်ရှိခြင်းဖြစ်ကြောင်း မင်းဓမ္မပန်းပျိုးဥယျာဉ်၌ ထိုင်းနိုင်ငံမှ ပျိုးပင်များတင်သွင်းရောင်းချသူတစ်ဦးက ဆိုသည်။



ပျိုးပင်ဈေးကွက်အတွင်း ပြည်တွင်းမျိုးရင်းပျိုးပင်များစွာရှိသော်လည်း ပြည်ပမှဝင်ရောက်သောအရိပ်ရအပင်၊ သီးပင်စားပင်နှင့် အလှစိုက်အပင်များသာ ဈေးကွက်တွင် အရောင်းသွက်နေကြောင်း၊ စိုက်ပျိုးရောင်းချသူများတွင်လည်း ပြည်တွင်းသီးပင်စားပင်ရောင်းချမှုနည်းလာပြီး ပြည်ပမျိုးရင်းပျိုးပင်များကိုသာ စိုက်ပျိုးရောင်းချမှုများလာကြောင်း မင်းဓမ္မပန်းပျိုးဥယျာဉ်အတွင်းရှိ အမေရိပ် ပျိုးပင်ရောင်းဝယ်ရေးမှ ဦးသန်းဇော်က ပြောကြားသည်။

“ပြည်ပမျိုးရင်းတွေက ဈေးမြင့်တာတောင် အရောင်းအဝယ်ကောင်းတယ်။



www.foreverspace.com.mm

ပိုးအရင်ကတော့ ပြည်ပမျိုးရင်းတွေက မြန်မာပြည်ရဲ့ရာသီဥတုနဲ့အဆင်မပြေတော့ သေကုန်တယ်။ အခု ပြည်ပကပဲ အပင် မြေသြဇာ၊ အားဆေး၊ ပိုးသတ်ဆေးတွေပါ တင်သွင်းလာတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါပျိုးပင်ဈေးကွက်သည် ရန်ကုန်မြို့တွင် အိမ်ရာစီမံကိန်းများဆောက်လုပ်ချိန်မှစ၍ ဈေးကွက်ဝင်လာပြီး ၂၀၀၅–၂၀၀၆ ခုနှစ် အစိုးရရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့ရမည့်အချိန်တွင် နေပြည်တော်သို့ အရိပ်ရပင်များ ထောင်နှင့်ချီရောင်းချခဲ့ရကြောင်း၊ ၂၀၀၉ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ အလှစိုက် အပင် ရာချီမှာယူထားမှုများရှိကြောင်း ဦးသန်းဇော်က ရှင်းလင်းပြောကြားသည်။

"ပြည်ပကဝင်တဲ့ အရိပ်ရအပင်တစ်ပင်ဆို ၅၀,၀၀၀၊ ၆၀,၀၀၀ (ကျပ်) ပေါက်ဈေးရှိတယ်။ အလှစိုက်ပင်တွေဆို တစ်သောင်းခွဲ နှစ်သောင်းအနေအထားရှိတယ်။ အလှစိုက်ပင်ထဲမှာ နှင်းဆီ၊ ပိန်းပင် စတဲ့ ပြည်ပကဝင်တဲ့ပန်းတွေ ဒီနှစ်အဝယ်လိုက်တယ်" ဟု နှင်းဆီပန်းစိုက်ပျိုးရောင်းချသည့် သစ်ခွပန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြည်တွင်းပျိုးပင်ဈေးကွက်အတွင်းသို့ နိုင်ငံတကာမှ ပန်းပင်အမျိုးအစားများစွာ မြဝတီနယ်စပ်မှတစ်ဆင့် အဓိကဝင်ရောက်ကြောင်း၊ ယခင်က နှစ်လလျှင် ဆယ်ဘီးကားတစ်စီးဖြင့် ပျိုးပင်များဝယ်ယူသော်လည်း ယခုနှစ်တွင် ဝယ်လိုအားများပြားမှုကြောင့် တစ်လလျှင် ဆယ်ဘီးကားတစ်စီးမှာယူကြောင်း ဦးသန်းဇော်က ထပ်မံပြောကြားသည်။

ပြည်ပနိုင်ငံမှ အရိပ်ရပင်၊ သီးပင်စားပင်နှင့် အလှစိုက်ပျိုးပင် မျိုးရင်းများစွာ ဝင်ရောက်၍ ရောင်းချမှုများပြားလာခြင်းကြောင့် ပြည်တွင်းရှိ ဒေသမျိုးရင်းများ ဈေးကွက်ပျောက်ကွယ်လုဖြစ်လာကြောင်း၊ ပြည်ပ စားပင်သီးပင်မျိုးရင်းများသည် မြေသြဇာသုံးစွဲမှုဖြင့် ကြီးထွားနှုန်းအားကောင်းပြီး ဝယ်လိုအားများပြားခြင်းကြောင့် ဒေသမျိုးရင်းသီးပင်စားပင်များ ဈေးကွက်ပျောက်လာကြောင်း ဥယျာဉ်ခြံစိုက်ပျိုးရောင်းချသူတစ်ဦးက ဆိုသည်။

ပြည်ပမှ အရိပ်ရပင်၊ အလှစိုက်ပင်နှင့် သီးပင်စားပင် စသော မျိုးရင်းပေါင်းများစွာကို ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင် တင်သွင်းမှု ပိုမိုများပြားလာကြောင်း ထိုင်းနိုင်ငံမှ ပျိုးပင်များတင်သွင်းရောင်းချသူတစ်ဦးက ပြောကြားသည်။ ■



# မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ နှစ်သိန်းဝန်းကျင်ရှိဟုဆို

**ရန်ကုန်၊ ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူဦးရေမှာ ၁၉၆,၁၀၀ ဦးရှိကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) အတွင်းရေးမှူးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံ၌ အင်တာနက်လိုင်း ၄၉,၈၈၀ လိုင်းရှိပြီး မြန်မာနိုင်ငံရှိ လူဦးရေ ၅၆ ဒသမ ၅ သန်းနှင့်နှိုင်းယှဉ်ပါက လူတစ်ထောင်လျှင် အင်တာနက်သုံးစွဲသူဦးရေ ၃ ဒသမ ၄၇ ဦးနှုန်းဖြစ်ကြောင်း MCPA အတွင်းရေးမှူး ဦးသောင်းစုငြိမ်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် တယ်လီဖုန်းအရေအတွက် ၁ ဒသမ ၁ သန်းနှင့် အိတ်ချိန်းအရေအတွက် ၈၂၆ ခုရှိပြီး မိုက်ကရိုဝေ့ဖ် ထပ်ဆင့်လွှင့်စခန်း ၂၆၃ ခုနှင့် Satellite terminal ၁၄၇၂ ခုရှိကြောင်း စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းက ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံ၌ Internet Service Provider နှစ်ခုရှိပြီး ယင်းတို့၏ အင်တာနက် Bandwidth သည် 925 MB ရှိကြောင်း ၎င်းက ဆိုသည်။

**Living Color၊ နွယ်နွယ်**

www.foreverspace.com.mm

# စင်ကာပူနှင့် မြန်မာပညာရှင်များ ဟူးကောင်းတောင်ကြား သစ်ခွလေ့လာမည်

**ရန်ကုန်၊ ဇူလိုင် ၁၅**

စင်ကာပူရုက္ခဗေဒဥယျာဉ်မှ ရုက္ခဗေဒ ပညာရှင်များနှင့် မြန်မာနိုင်ငံပန်းဝါသနာ ရှင်များအသင်းမှ သစ်ခွပညာရှင်များပူး ပေါင်း၍ လာမည့် ၂၀၁၀ ခုနှစ် နှစ်ဆန်း ပိုင်းတွင် ကချင်ပြည်နယ်ဟူးကောင်း တောင်ကြားဒေသ ဟူးကောင်းကျားထိန်း သိမ်းရေးနယ်မြေတွင် သစ်ခွလေ့လာရေး ခရီးစဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ နိုင်ငံပန်းဝါသနာရှင်အသင်းအမှုဆောင် တစ်ဦးဖြစ်သူ သစ်ခွပညာရှင်ဒေါက်တာ စောလွင်က ပြောကြားသည်။

အဆိုပါသစ်ခွလေ့လာရေးခရီးစဉ်ကို စင်ကာပူရုက္ခဗေဒဥယျာဉ်မှ သစ်ခွပညာရှင် များ၏ ပံ့ပိုးကူညီမှုဖြင့် သွားရောက်မည် ဖြစ်ကြောင်း၊ ယင်းအဖွဲ့နှင့်ပင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၀၉ ခုနှစ် ဖေဖော်ဝါ ရီလတို့တွင် ကချင်ပြည်နယ် နောင်မွန်းမြို့ သို့သွားရောက်ခဲ့ပြီး ယခုအခါ တတိယ အကြိမ်အဖြစ် ဟူးကောင်းတောင်ကြား ဒေသသို့သွားရောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အထက်ပါသစ်ခွလေ့လာရေးခရီး စဉ်တွင် ကချင်ပြည်နယ်မြောက်ပိုင်းဒေသ သစ်ခွမျိုးစိတ်သစ်များကို လေ့လာစု ဆောင်းနိုင်ကြောင်း၊ ယခုလက်ရှိတွင် မြန်မာနိုင်ငံမှ သစ်ခွမျိုးစိတ်များကို အင်္ဂလိပ် -မြန်မာ နှစ်ဘာသာဖြင့် မှတ်တမ်းတင်ရေး သားနေကြောင်း မြန်မာနိုင်ငံ ပန်းဝါသနာ ရှင်အသင်းမှ ပညာရှင်တစ်ဦးက ပြောကြား သည်။

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း က စင်ကာပူရုက္ခဗေဒဥယျာဉ်မှ သစ်ခွ ပညာရှင်များလေ့လာနိုင်ရန် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် သွားရောက်လေ့လာခဲ့ သည့် ကချင်ပြည်နယ် ဖုန်ကန်ရာဇီဒေသမှ ဆံပင်ခြောက် (သစ်ခွပွင့်များကို အရက်ပျံ စိမ်ထားသည့် သစ်ခွပွင့်ခြောက်) များကို လာမည့်ဩဂုတ်လ ၈ ရက်နေ့တွင် ပေး အပ်သွားမည်ဖြစ်ကြောင်း အဆိုပါသစ်ခွ လေ့လာရေးခရီးစဉ်တွင် ကိုယ်တိုင်ပါဝင်ခဲ့ သည့် သစ်ခွပညာရှင်တစ်ဦးက ပြောကြား သည်။

မြန်မာနိုင်ငံ၏ ဧရိယာအကျယ်ဝန်း ဆုံးဘေးမဲ့တောဖြစ်သည့် စုစုပေါင်း ၈၄၃၈ စတုရန်းမိုင်ကျယ်ဝန်းသော ဟူးကောင်း ချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သစ်တောဦးစီးဌာနက ၂၀၀၁ ခုနှစ်တွင် သတ်မှတ်တည်ထောင်ခဲ့ပြီး မျိုးတုံးမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ကျားနှင့် ဆင်အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့ကို ထိန်း သိမ်းကာကွယ်ထားရှိသည်။

**နွယ်နွယ်**

# ရန်ကုန်မြို့တော်ကို အကြီးစားပြင်ဆင်

**သတင်းဆောင်းပါး - ခင်ဌေးကြွယ် (၈-၈-၂၀၀၉)**

**ရန်ကုန်မြို့တော်ကို ခေတ်မီဖွံ့ဖြိုးသောမြို့တော်အဖြစ် ဆောင်ရွက်လျက်ရှိရာတွင် အကြီးစားပြင်ဆင်မှုလုပ်ငန်းများကို ယခုနှစ်အတွင်း ပိုမိုဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Living Color သို့ ပြောကြားသည်။**

ဇူလိုင်လ ၂၈ ရက်နေ့က ပြည်တွင်း ထုတ်သတင်းစာစောင်များမှ သတင်း ထောက်အချို့နှင့် တွေ့ဆုံစဉ် မြို့တော်ပြု



ပြင်တည်ဆောက်ရေးနှင့်ပတ်သက်၍ Living Color ၏မေးမြန်းမှုအပေါ် ၎င်းက အထက်ပါအတိုင်း ပြန်လည်ပြောကြားခြင်း ဖြစ်သည်။

ရန်ကုန်မြို့တော်ကို နိုင်ငံတကာအ ဆင့်မီမြို့တော်ဖြစ်ရေး၊ စိမ်းလန်းစိုပြည်၍ သန့်ရှင်းသောမြို့တော်ဖြစ်ရေး၊ မြို့တော် နေပြည်သူများအားလုံးကျန်းမာရေးကောင်း မွန်ရေး စသည်တို့ကို အဓိကထား၍ နှစ်စဉ် ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်တွင် အထူးစီမံချက်များရေးဆွဲ၍ ခရိုင်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမှာ ရေစီး ရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံမှု လျော့ကျရေး၊ ခြင်၊ ယင်ပေါက်ပွားမှုလျော့ကျ ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပြည်သူ အားလုံးကျန်းမာရေးမြှင့်တင်ရန်တို့ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ရန်ကုန်မြို့တော်အား အကြီးစားပြင် ဆင်ရာတွင် အဓိကကျသော ဖြတ်ချောင်း ကြီးများကိုလည်း အကြီးစားပြင်ဆင်ခဲ့ သည့်အပြင် ရေကြီး ရေလျှံ ရေမြုပ်သည့် အဓိကနေရာများတွင်လည်း ရေစုပ်စက်ကြီး

www.foreverspace.com.mm

များဖြင့်စုပ်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းပြုပြင်ဆင်မှုများကို ဇွန်လ ၁၇ ရက်နေ့တွင် စတင်ခဲ့ပြီး အများစုမှာ ပြီးစီးနေပြီဖြစ်၍ သြဂုတ်လကုန်ခန့်တွင် ရာခိုင်နှုန်းအများစုပြီးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်းက ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ခရိုင်လေးခုစလုံးတွင်ရှိသော လမ်းများအနက် အများစုကို ထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာလောင်းခြင်း၊ ကွန်ကရစ်ခင်းခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ချိုင့်များအားဖာထေးပြီး နိမ့်သည့်နေရာအားလုံးကို ထပ်ပိုးလွှာခင်းလျက်ရှိကြောင်း၊ လူသွားလူလာများပြားပြီး ရေကြီးရေလျှံလေ့ရှိသည့် လမ်းဆုံလမ်းခွများကို ကနဦးဆောင်ရွက်နေပြီး ကျန်နေရာများကိုလည်း တစ်ပြေးညီပြီးစီးရေးအတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက ပြောကြားသည်။

ယင်းသို့ဆောင်ရွက်သွားမည့် ခရိုင်အလိုက် လမ်းအရေအတွက်မှာ လတ်တလော၌ အရှေ့ပိုင်းခရိုင်တွင် ၇၉ လမ်း၊ အနောက်ပိုင်းခရိုင်တွင် ၈၂ လမ်း၊ တောင်ပိုင်းခရိုင်တွင် ၆၇ လမ်း၊ မြောက်ပိုင်းခရိုင်တွင် ၈၈ လမ်းနှင့် ရန်ကုန်မြို့တွင်းမှ ဖြတ်သန်းစီးဆင်းပြီး လှိုင်မြစ်၊ ငမိုးရိပ်ချောင်း၊ ပဲခူးမြစ်တို့အတွင်းစီးဝင်သည့် အဓိကကျသော ချောင်းကြီး ၂၉ ချောင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိသည့် လမ်းများ ပိုမိုကောင်းမွန်ရေးကိုပါ ထပ်မံဆောင်ရွက်လျက်ရှိသေးကြောင်း လမ်းတံတားဌာနမှ ရေးဆွဲထားသော စာရင်းဇယားများအရ သိရသည်။

အလားတူ ရန်ကုန်မြို့ ယုဇနပလာဇာအနီးတစ်ဝိုက်၊ သမိုင်းလမ်းဆုံ၊ လမ်းသစ်လမ်း၊ ပြည်လမ်းတစ်လျှောက်တို့တွင်လည်း ကြီးမားရှည်လျားသော ရေမြောင်းများဖောက်လုပ်လျက်ရှိကြောင်း၊ လမ်းများပြုပြင်ခြင်း၊ ရေမြောင်းများဖောက်လုပ်ခြင်းလုပ်ငန်းများ၌ ကျပ်ငွေသိန်းပေါင်း ၃၀၀၀ သုံးစွဲခဲ့ပြီး ယင်းလုပ်ငန်းအတွက် လိုအပ်ပါက ထပ်မံသုံးစွဲနိုင်ရန် ငွေကြေးအလုံအလောက်ထားရှိပြီးဖြစ်ကြောင်း မြို့တော်ဝန်က ထပ်လောင်းပြောကြားသည်။

စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း မြန်ဆန်ထိရောက်မှုရှိရေးသည် အရေးကြီးကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဆောင်ရွက်သူများနှင့်အတူ ပြည်သူများကပါ ပါဝင်ပူးပေါင်းရေးသည်လည်း အရေးပါကြောင်း ၁၉၉၀ ခုနှစ်ဝန်းကျင်၌ အငြိမ်းစားယူခဲ့သည့် မြို့တော်စည်ပင်အကြီးတန်းအရာရှိတစ်ဦးက သုံးသပ်သည်။

ရန်ကုန်မြို့တော်အား အကြီးစားပြင်



# နေပြည်တော် ဥတ္တရသီရိမြို့သစ် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကဆေးရုံ ၂၀၁၀ တွင်ဖွင့်မည်

**နေပြည်တော်၊ ဇူလိုင် ၂၉**

နေပြည်တော် ဥတ္တရသီရိမြို့သစ်တွင် နိုင်ငံတကာအဆင့်မီဆေးရုံတစ်ရုံဖြစ်လာမည့် အထွေထွေရောဂါကုပုဂ္ဂလိကဆေးရုံကိုတည်ဆောက်လျက်ရှိရာ ၂၀၁၀ ခုနှစ် မတ်လတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းကိုတည်ဆောက်လျက်ရှိသည့် ယူနီဗာဆယ်ဆောက်လုပ်ရေးကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဆေးရုံမှာ ခုတင် ၃၀၀ ဆံ့ သုံးထပ်အဆောက်အအုံဖြစ်ပြီး အတွင်းလူနာအခန်း ၂၀ ပါ လေးခန်းတွဲအဆောင်များ၊ ခွဲစိတ်ခန်းခြောက်ခန်းနှင့် ဆရာဝန်ကြီးများအတွက် သီးသန့်အဆောက်အအုံတို့ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းဆေးရုံသည် နေပြည်တော်တွင် ပထမဦးဆုံးတည်ဆောက်သည့် အထွေထွေရောဂါကုပုဂ္ဂလိကဆေးရုံ ဖြစ်သည်။

**မင်းသုနိုင်**

www.foreverspace.com.mm



ဆင်မှုများ ချောမွေ့စွာပြီးစီးသွားမည်ဆိုပါက လမ်းပန်းဆက်သွယ်ရေးများ ပိုမိုမြန်ဆန်လာခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းခြင်း၊ခြင်၊ ယင်ပေါက်ပွားမှုနည်းပါးလာခြင်း၊ အနံ့ဆိုးများကင်းစင်၍ လေကောင်းလေသန့်ရရှိခြင်း၊ ယင်းတို့မှသည် မြို့တော်နေပြည်သူများ ကျန်းမာရေးကောင်းမွန်လာခြင်းစသည့်ရလဒ်များရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်မွမ်းမံမှုကို နေရာမရွေး တစ်ပြိုင်တည်းဆောင်ရွက်ရန် မျှော်လင့်ကြောင်း တာမွေမြို့နယ် အခွန်လွတ်ဈေးအနီး၌နေထိုင်သည့် ဒဂုံတက္ကသိုလ်မှ ဆရာမတစ်ဦးက ပြောကြားသည်။

# မြိတ်မြို့တွင် တစ်ပိုင်တစ်နိုင် ငှက်သိုက်မွေးမြူသူများပြား

**ရန်ကုန်၊ ဩဂုတ် ၁၀**

တနင်္သာရီတိုင်းအတွင်းရှိ မြိတ်မြို့တွင် တစ်ပိုင်တစ်နိုင် ငှက်သိုက်မွေးမြူထုတ်လုပ်မှုတိုးပွားလာကြောင်း မြိတ်မြို့သို့သွားရောက်လေ့လာခဲ့သူတစ်ဦးက ဩဂုတ်လ ၄ ရက်နေ့တွင် Living Color သို့ပြောကြားသည်။

ငှက်သိုက်ကို ယခင်က ပင်လယ်အတွင်း ကျွန်းများပေါ်ရှိ သဘာဝကျောက်တောင်များနှင့် လူနေအိမ်များတွင် သဘာဝအလျောက်လာရောက်နေထိုင်သော ဇီဝဇိုးငှက်များမှ ရရှိခြင်းဖြစ်ပြီး ယခုအခါ အဆိုပါဇီဝဇိုးငှက်များ လာရောက်နေထိုင်ရန် အိမ်များ သီးသန့်ဆောက်လုပ်၍ မွေးမြူလာကြသည်။ ထိုသို့မွေးမြူရာတွင် ဇီဝဇိုးငှက်များ၏နေထိုင်မှုဓလေ့နှင့် ကိုက်ညီစေရန် အဆောက်အအုံအား အမှောင်ချထားခြင်း၊ ၎င်းတို့အသုံးပြုရန် ရေချိုကန် ထည့်သွင်းတည်ဆောက်ခြင်းနှင့် ဇီဝဇိုးငှက်များ၏ အစာရှာထွက်ချိန်၊ အိပ်တန်းဝင်ချိန်စသဖြင့် သဘာဝအသံများကဲ့သို့ သွင်းယူထားသော အသံများကို စက်ဖြင့်ဖွင့်၍ခေါ်ယူခြင်းများပြုလုပ်ရကြောင်း ဒေသခံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ငှက်သိုက်လုပ်ငန်းများကို ဘုတ်ပြင်းမြို့နယ်တွင်လည်း မြိတ်မြို့တွင် မလုပ်ကိုင်မီ ၂ နှစ်ခန့်ကပင် လုပ်ကိုင်လျက်ရှိကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

ငှက်သိုက်ဈေးနှုန်းများမှာ ယင်းဒေသတွင် တစ်ပိဿာ ကျပ်သိန်း ၂၀ ကျော်ဝန်းကျင်ခန့်ရှိပြီး ရန်ကုန်တွင် တစ်ပိဿာလျှင် ကျပ်သိန်း ၃၀ မှ သိန်း ၄၀ ကျော်ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ငှက်သိုက်ကို ပရဆေးဆိုင်များနှင့် တနင်္သာရီတိုင်းမှ ရန်ကုန်သို့ စီးပွားရေးလာရောက်အခြေချသူများထံတွင် ဝယ်ယူနိုင်ပြီး သစ်တောထွက်ပစ္စည်းအဖြစ်လည်း တရုတ်နှင့် ဂျပန်နိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချလျက်ရှိသည်။ ထိုသို့ရောင်းချရာတွင် ကျွန်းစုရှိ ကျောက်တောင်များ၌နေထိုင်သည့် ဇီဝဇိုးငှက်များမှရရှိသည့် ငှက်သိုက်မှာ အိမ်များတွင်မွေးမြူ၍ရရှိသော ငှက်သိုက်ထက် ဈေးနှုန်းအနည်းငယ်မြင့်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရှိရသည်။ ယခုကဲ့သို့ ဈေးနှုန်းကွာခြားရခြင်းမှာ ကျွန်းစုများတွင်နေထိုင်သည့် ငှက်များမှာ သဘာဝသစ်ပင်များမှ ပိုးမွှားကောင်များကိုစားသုံးပြီး အိမ်များတွင်နေထိုင်သည့်ငှက်များမှာ အမှိုက်ပုံကဲ့သို့သောနေရာများမှ ပိုးမွှားများကို စားသုံးခြင်းကြောင့်ဖြစ်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ငှက်သိုက်ကို သက်ကြီးရွယ်အိုများ၊ အစားအစာမဝင်သော နာတာရှည်ရောဂါသည်များနှင့် အလုပ်ပင်ပန်းသူများအားအားဖြည့်စာအဖြစ် တိုက်ကျွေးခြင်းဖြစ်ကြောင်း ငှက်သိုက်ရောင်းချသူများက ပြောကြားသည်။

ငှက်သိုက်ဝယ်ယူစားသုံးသူများအနေဖြင့် အချို့မှာ အမွေးအမှင်နည်းပါး၍ ဖြူဖွေးသောငှက်သိုက်ကို ဝယ်ယူပြီး အချို့မှာ ငှက်မွေးနှင့် သွေးစသွေးနများကပ်နေသော ငှက်သိုက်ကို အစစ်ဟုပိုမိုယုံကြည်၍ ဝယ်ယူကြောင်း ငှက်သိုက်ရောင်းချသူများက ပြောကြားသည်။

ငှက်သိုက်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း ဖွံ့ဖြိုးလာခြင်းကြောင့် တနင်္သာရီတိုင်း၏ GDP ကို တိုးတက်စေပြီး ဒေသခံပြည်သူများအတွက် စီးပွားရေးလုပ်ငန်းသစ်တစ်ရပ်ဖြစ်ပေါ်စေကြောင်းနှင့် သစ်တောဦးစီးဌာနအနေဖြင့်လည်း ဒေသခံများနှင့် တိုင်းပြည်ဝင်ငွေတိုးတက်စေသော လုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် အားပေးလျက်ရှိကြောင်း ဒေသခံလုပ်ငန်းရှင်များ၏အဆိုအရ သိရှိရသည်။

SYW

www.foreverspace.com.mm



# ထိုင်းနှင့်အိမ်နီးချင်းနိုင်ငံများ တိရစ္ဆာန်ရောဂါထိန်းချုပ်ရေး ဒေသဆိုင်ရာအစည်းအဝေး မြန်မာနိုင်ငံ၌ကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၁၄**

ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား တိရစ္ဆာန်ရောဂါထိန်းချုပ်ရေး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စတုတ္ထအကြိမ်မြောက်အစည်းအဝေးကို မြန်မာနိုင်ငံတွင် ရန်ကုန်မြို့တော် ဆီဒိုးနားဟိုတယ်၌ ဇူလိုင်လ ၂၇ ရက်နေ့က ကျင်းပခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အထောက်အပံ့ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား တိရစ္ဆာန်ရောဂါထိန်းချုပ်ရေး ဒေသဆိုင်ရာ စီမံကိန်း (၂) ကို ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းကို မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

ယင်းစီမံကိန်းဆောင်ရွက်နိုင်ရန်အတွက် JICA က ဂျပန်ယန်း ၁၀၂ သန်းနှင့်ညီမျှသောပစ္စည်းနှင့် ကျွမ်းကျင်မှုအကူအညီများ ထောက်ပံ့ပေးပြီး ရောဂါရှာဖွေရေးဓာတ်ခွဲခန်းဆိုင်ရာနည်းပညာများမြှင့်တင်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှုသတင်းအချက်အလက်များ ပေးပို့အစီရင်ခံခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါစူးစမ်းရှာဖွေခြင်း၊ တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါများထိန်းချုပ်ခြင်း စသည့်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းထံမှ သိရသည်။

အဆိုပါစီမံကိန်းအရ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပခဲ့ကြောင်း၊ ပထမအကြိမ်အစည်းအဝေးကို ၂၀၀၈ ခုနှစ် မတ်လ၌ ထိုင်းနိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ၌လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို ၂၀၀၉ ခုနှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ပြီး ယခုစတုတ္ထအကြိမ်အစည်းအဝေးကို ကျင်းပပြီးပါက စီမံကိန်းဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်း အမရပူရနှင့် ပြင်ဦးလွင်မြို့နယ်များသို့ ဇူလိုင်လ ၂၈ ရက်နေ့တွင် သွားရောက်လေ့လာမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

# ဆိုင်ကယ်ဈေးနှုန်းများ ခေါက်ချိုးနီးပါး ပြုတ်ကျ

**သတင်းဆောင်းပါး – ခင်ဌေးကြွယ် (၁၂–၈–၂၀၀၉)**

**ထိုင်း** **နိုင်ငံထုတ်နှင့် တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ၏ ဈေးနှုန်း ခေါက်ချိုးနီးပါးပြုတ်ကျသွားကြောင်း ရန်ကုန်မြို့တော်၏ ဆိုင်ကယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။**



ယင်းသို့ဈေးနှုန်းများထိုးကျရခြင်းမှာ ရန်ကုန်မြို့တော်အတွင်း ဆိုင်ကယ်များ မစီးနင်းရဟု သက်ဆိုင်ရာက ၂၀၀၉ ဇူလိုင်လမှစ၍ စည်းကမ်းသတ်မှတ်ချက် ထပ်မံထုတ်ပြန်ပြီးနောက်ပိုင်း တဖြည်းဖြည်းကျဆင်းလာရာ ဇူလိုင်လနောက်ပိုင်းတွင် ခေါက်ချိုးနီးပါးအထိ ဈေးပြုတ်ကျလာကြောင်း၊ ရန်ကုန်မြို့တော်အတွင်းမှ ဆိုင်ကယ်အများစုမှာ ရန်ကုန်မြို့ပြင်ဒေသများဖြစ်သော သန်လျင်၊ ကျောက်တန်း၊ ဒလ၊ မှော်ဘီ စသည့်မြို့နယ်များသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း၊ ဆိုင်ကယ်မစီးရဟု စည်းကမ်းထုတ်ပြီးနောက်ပိုင်းတွင် ပိုင်ရှင်

www.foreverspace.com.mm

အချိုးစုမှာ မိမိတို့၏ဆိုင်ကယ်များကို ရသည့်ဈေးနှုန်းများဖြင့်ရောင်းချကြကြောင်း၊ ပြန်ဝယ်သူဝယ်လက်အချို့ကလည်း စည်းကမ်းသတ်မှတ်ချက်ကို အခွင့်ကောင်းယူ၍ ဈေးနှိမ်ဝယ်ယူကြခြင်းကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း သန်လျင်မြို့နယ်မှ ဆိုင်ကယ်ဝယ်ရောင်းလုပ်နေသူတစ်ဦး၏အဆိုအရ သိရသည်။

"ချောင်ထိုးထားမယ့်အတူတူဗျာ ထက်ဝက်ပြန်ရလည်း မဆိုးဘူးဆိုပြီး တချို့ကရောင်းတယ်" ဟု ၎င်းက ဆိုသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် ဆိုင်ကယ် (ကင်ဘို၊ လော်ဂျာ – ၁၁၀/ CC၊ ၁၂၅/ CC) ဆိုင်ကယ် အမျိုးအစားများမှာ လူကြိုက်များပြီး ဈေးနှုန်းများမှာလည်း လိုင်စင်အပါအဝင် ရှစ်သိန်းကျပ်၊ ကိုးသိန်းကျပ်ဝန်းကျင်ရှိခဲ့ကြောင်း၊ ယင်းတို့မှာ ယခုအခါ လိုင်စင်အပါအဝင် ကျပ်လေးသိန်း၊ ကျပ်ငါးသိန်းဝန်းကျင်သာရှိတော့ကြောင်း၊ အကယ်၍ လိုင်စင်မပါပါက ကျပ်သုံးသိန်းဝန်းကျင်သာရှိကြောင်း၊ အလားတူ ထိုင်းနိုင်ငံထုတ် (ကင်ဘို၊ လော်ဂျာ–၁၁၀/ CC၊ ၁၂၅/ CC ) အမျိုးအစားများမှာ လိုင်စင်အပါ ကျပ် ၁၅ သိန်းမှ ၁၈ သိန်းဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ၁၂ သိန်းကျပ်ဝန်းကျင်သာရှိတော့ကြောင်း၊ မိန်းမစီး (စီ–၉၀) အမျိုးအစားမှာလည်း လိုင်စင်မပါပါက ကျပ်လေးသိန်းဝန်းကျင်သာရှိကြောင်း အထက်ပါဝယ်ရောင်းလုပ်ကိုင်သူက ရှင်းပြသည်။

ဆိုင်ကယ်ဈေးနှုန်းများကျဆင်းသော်လည်း ဆိုင်ကယ်အပိုပစ္စည်းများမှာ ဈေးထိုးကျခြင်းမရှိကြောင်း၊ သို့သော် အရောင်းအဝယ်အေးသွားကြောင်း ဘုရင့်နောင်ယာဉ်အပိုပစ္စည်းနှင့် စက်ကိရိယာရောင်းဝယ်ရေးစခန်းမှ ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက Living Color ၏တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းမှုကို ဖြေကြားသည်။

ဆိုင်ကယ်ဈေးနှုန်းကျဆင်းခြင်းကြောင့် ရန်ကုန်မြို့ပြင်ပနေသူအချို့မှာ ဆိုင်ကယ်ဝယ်စီးလာကြသည့်အပြင် မိမိပိုင်ဆိုင်ကယ်ဖြင့် ကယ်ရီဆွဲခြင်း၊ အငှားပေးခြင်းများလာကြောင်း၊ ယင်းကယ်ရီဆွဲမှုများလာခြင်းကြောင့် ခရီးသည်ခေါ်ဆိုရာတွင် အပြိုင်အဆိုင်များလာကြောင်း၊ ဆိုင်ကယ်ကယ်ရီပေါများလာခြင်းကြောင့် အနေးယာဉ်လုပ်သားများနှင့်နီးစပ်ရာကွင်းထဲများသို့ ခရီးသည်ပို့ဆောင်ပေးနေသောမော်တော်ယာဉ်အချို့ပါ အလုပ်မဖြစ်တော့ကြောင်းလည်း ဒလမြို့နယ်မှ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးက ပြောကြားသည်။

ရန်ကင်းမြို့နယ် ၁၂ လုံးတန်းနေထိုင်သူတစ်ဦးက ပြောကြားရာတွင် ဆိုင်ကယ်တစ်စီးလျှင် လိုင်စင်ပါ ကျပ် ၁၃ သိန်းဖြင့်တစ်စီး၊ ကျပ် ၁၅ သိန်းခွဲဖြင့် တစ်စီး ၂၀၀၆ ခုနှစ်က ဝယ်ယူထားခဲ့သည့် ဆိုင်ကယ်များကို ယခုအခါ လုံးဝမစီးရတော့ဟု သက်ဆိုင်ရာက ညွှန်ကြားလာ၍ ပြန်လည်ရောင်းချရာတွင် တစ်စီးလျှင် ကျပ်ခုနစ်သိန်းဝန်းကျင်သာရရှိခဲ့ကြောင်း၊ သို့သော် မရောင်းမဖြစ်သည့်အနေအထားကြောင့် ရောင်းချခဲ့ရကြောင်း၊ ယင်းသို့ရောင်းချလိုက်ရခြင်းကြောင့် ငွေကြေးနစ်နာ



# မောင်တောဒေသထွက်ဝါးများ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ဝင်

**မောင်တော၊ ဩဂုတ် ၆**

ရခိုင်ပြည်နယ်မောင်တောဒေသထွက် အရည်အသွေးကောင်းမွန်ပြီး တောင့်တင်းခိုင်ခံ့မှုရှိသောဝါးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ရှိသမျှတင်ပို့၍ ဈေးကွက်ဝင်အရောင်းသွက်နေကြောင်း ဒေသခံဝါးဈေးကွက်အတွင်းမှ သိရှိရသည်။

ယင်းဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် ဝါးလုံးရေ ၂၅ သိန်းမှ ၃၇ သိန်းဝန်းကျင်အထိ တင်ပို့ရကြောင်း၊ အဆိုပါဝါးများမှာ အခြားဒေသထွက်ဝါးများထက် ဝါးသားနုးညှံ့ခြင်း၊ အရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပျော့ဖတ်စက်ရုံများက အဓိကကုန်ကြမ်းပစ္စည်းအဖြစ် ကြိုက်ဈေးပေးဝယ်နေကြကြောင်း၊ အဆိုပါဝါးများကို ဝါးလုံးရေတစ်သိန်းဝန်းကျင်မျှ ဝါးဖောင်ဖွဲ့၍ မောင်တောနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မျှောတွဲဖြင့်တင်ပို့ရကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

**သီတာဒွေး (မကွေး)**

www.foreverspace.com.mm

ခံ့ရှုံးမှုအပြင် လုပ်ငန်းခွင်အသွားအပြန်အတွက်ပါ အခက်အခဲဖြစ်စေကြောင်း ၎င်း၏အခက်အခဲကို ရှင်းပြသည်။

ဆိုင်ကယ်ဈေးကျဆင်းခြင်းသည် ကယ်ရီဆွဲသူများအတွက် ပိုမိုအဆင်ပြေစေကြောင်း၊ ဈေးကျသွားခြင်းအကျိုးဆက်မှသည် အုံနာကြေးသက်သာသည့်အပြင် စီးရသည့်ခရီးသည်များအတွက်ပါ ငွေကြေးပေးရမှုလျော့နည်းသွားကြောင်း၊ ရန်ကုန်မြို့ပြင်ပ၌ ပြေးဆွဲနေသော ဆိုင်ကယ်များ၏ အုံနာကြေးမှာ ယခင် ၇၀၀၀ ကျပ်၊ ၈၀၀၀ ကျပ်အစား ယခုအခါ ၂၀၀၀ ကျပ်၊ ၃၀၀၀ ကျပ်သာပေးရတော့ကြောင်း ဒလမြို့နယ်မှ ဆိုင်ကယ်ကယ်ရီဆွဲသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်အတွင်း၌ ဆိုင်ကယ်မစီးရန် တားမြစ်ရခြင်းမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်သာဖြစ်ကြောင်း၊ ဆိုင်ကယ်မစီးရေးတားမြစ်မှုကို ယခင်ကပင်ရှိခဲ့သော်လည်း တင်းကျပ်မှုမရှိခဲ့ကြောင်း၊ ၂၀၀၇ နောက်ပိုင်းတွင် အနည်းငယ်စည်းကမ်းတင်းကျပ်ခဲ့ပြီး သတ်မှတ်စည်းကမ်းမလိုက်နာပါက ပထမအကြိမ်တွင် ဒဏ်ငွေဆောင်ခိုင်းပြီး ဒုတိယအကြိမ်တွင် ဆိုင်ကယ်ပါသိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ ယခု ၂၀၀၉ ခုနှစ် ဇူလိုင်တွင် ပိုမိုထိရောက်စွာဆောင်ရွက်လျက်ရှိကြောင်း၊ အရေးကြီးသော စာပို့လုပ်ငန်းများနှင့် သက်ဆိုင်ရာဌာနဝန်ထမ်းအချို့ကိုသာ စီးခွင့်ပြုမည်ဖြစ်ကြောင်း၊ ယင်းသို့ စီးခွင့်ပြုရာတွင်လည်း သတ်မှတ်ထားသော အရောင်အမှတ်အသားတံဆိပ်တို့ဖြင့် စနစ်တကျဆောင်ရွက်သွားရန်ရှိကြောင်း၊ သတ်မှတ်စည်းကမ်းမလိုက်နာပါက မည်သူ့ကိုမဆို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်တစ်ဦးက Living Color သို့ ပြောကြားသည်။

တစ်နိုင်ငံလုံးတွင် ဆိုင်ကယ်စီးရေပေါင်း ၁၀ သိန်းအထက်ရှိပြီး ရန်ကုန်မြို့တော်တစ်ခုတည်း၌ပင် ဆိုင်ကယ်မတော်တဆမှုနှစ်စဉ် အကြိမ် ၃၀၊ ၄၀ ဝန်းကျင်ဖြစ်ပွားခဲ့ပြီး သေဆုံးမှုအချို့လည်းရှိကြောင်း အထက်ပါပုဂ္ဂိုလ်၏အဆိုအရ သိရသည်။

“ဆိုင်ကယ်မစီးရတဲ့အတွက် ယာဉ်မတော်တဆမှုလျော့ကျတဲ့အပြင် ပတ်ဝန်းကျင်ဆူညံမှုလည်း လျော့ကျသွားတယ်” ဟုလည်း ၎င်းက ထပ်မံပြောဆိုသည်။



# နေပြည်တော် မင်းပြင် မွေးမြူရေးဇုန် (၄) ကျပ်သိန်း ၃၀၀ ကျော် မြှုပ်နှံ

**နေပြည်တော်၊ ဩဂုတ် ၁၁**

နေပြည်တော်လယ်ဝေးမြို့ မင်းပြင်မွေးမြူရေးဇုန် (၄) တွင် လုပ်ငန်းရှင်များက ကျပ်သိန်း ၃၀၀ ကျော် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများဆောင်ရွက်နေကြောင်း မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်အေးက ပြောကြားသည်။

အဆိုပါမွေးမြူရေးဇုန်တွင် မွေးမြူရေးလုပ်ငန်းရှင် ၄၀ ဦးက ဧရိယာ ၁,၀၅၉ ဧက၌ ဇုန်ဖွံ့ဖြိုးမှုလုပ်ငန်းများကို ကျပ်သိန်း ၃၀၀ ကျော် (၃၁,၃၇၀,၀၀၀) ရင်းနှီးမြှုပ်နှံ၍ စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

စုစုပေါင်း ဧရိယာ ၂,၁၀၀ ဧကကျော်ကျယ်ဝန်းသည့် မင်းပြင်မွေးမြူရေးဇုန် (၄) တွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူများသည် တစ်ဧကလျှင် ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ ယခုလက်ရှိ ဇုန်ဖွံ့ဖြိုးမှုအတွက် လမ်းဖောက်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီး ယခုမွေးမြူရေးဇုန် (၄) မှ ကြီးကြပ်ရေးနှင့် ရှင်းလင်းဆောက်လုပ်မှု ပြီးစီးနေပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မင်းပြင်မွေးမြူရေးဇုန် (၄) တွင် မွေးမြူရေးလုပ်ငန်းအပြင် စိုက်ပျိုးရေးလုပ်ငန်းအဖြစ် နွားစာ ပြည်ပမြက်မျိုးများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး နို့မှုန့်နှင့် နို့ထွက်ပစ္စည်းစက်ရုံများ တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ ကြက်မွေးမြူရေးခြံနှစ်ခြံ၌ CP အသားတိုးကြက်အကောင်ရေ ၁,၅၀၀ မွေးမြူထားပြီး ဆိတ်မွေးမြူရေးလုပ်ငန်းရှင်နှစ်ဦးက ဆိတ်အကောင်ရေ ၂၀၀ ခန့်မွေးမြူထားကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

**မင်းသုခိုင်**

www.foreverspace.com.mm

# နေပြည်တော် ပျဉ်းမနားသစ်သီးစျေးကွက် ပြည်ပသစ်သီး အဝင်များ

**နေပြည်တော်၊ ဩဂုတ် ၁၁**

နေပြည်တော် ပျဉ်းမနားမြို့ သစ်သီးစျေးကွက်သည် ရာသီမရွေးစျေးကွက်ဖြစ်ထွန်းနေပြီး ရာသီပေါ် ပြည်တွင်းထွက် သစ်သီးများထက် ပြည်ပသစ်သီးများက အဝင်ပိုများကာ အရောင်းအဝယ်ပိုမိုဖြစ်ထွန်းနေကြောင်း နေပြည်တော် ပျဉ်းမနားမြို့ အာဟာရသုခစျေးမှ သစ်သီးရောင်းဝယ်ရေးကုန်သည် ဦးကျော်ဆွေက ပြောကြားသည်။

ယခင်က နေပြည်တော် ပျဉ်းမနားမြို့ သစ်သီးစျေးကွက်သည် နေပြည်တော် ပျဉ်းမနား မြို့မစျေးကြီးရှေ့ ပုံကျသစ်သီးစျေးကွက်သာရှိခဲ့ပြီး ယခု နေပြည်တော် ပျဉ်းမနားမြို့ အာဟာရသုခစျေးတွင် ဆိုင်ခန်းများနှင့် သစ်သီးအရောင်းအဝယ် ပိုမိုဖြစ်ထွန်းနေကြောင်း၊ ပြည်ပသစ်သီးစျေးကွက်နှင့်အတူ ပြည်တွင်းမှ အောင်ပန်း၊ သီပေါ၊ တောင်ကြီး (ဆိုက်ခေါင်)၊ မန္တလေး၊ အေလာ၊ ကျောက်ဆည်၊ တောင်ငူ၊ မော်လမြိုင်၊ ညောင်ရမ်း၊ နေပြည်တော် တပ်ကုန်း၊ ရေဆင်း) ဒေသတို့မှသစ်သီးများ စျေးကွက်ဝင်ရောက်လာကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပြည်တွင်းသစ်သီးစျေးကွက်အဖြစ် နေပြည်တော် အေလာမှ နဂါးမောက်သီး၊ အောင်ပန်း၊ သီပေါ၊ တောင်ကြီး (ဆိုက်ခေါင်) မြို့တို့မှ နာနတ်သီး၊ ထောပတ်သီး၊ မန္တလေးမှ သခွားသီး၊ သဘော်သီး၊ ကျောက်ဆည်မှ ပန်းဆွဲသရက်သီး၊ တောင်ငူမှ မင်းကွတ်သီး၊ မော်လမြိုင်မှ မင်းကွတ်သီး၊ ကျွဲကောသီး၊ ကြက်မောက်သီး၊ ညောင်ရမ်းမှ စပျစ်သီး (မြန်မာ)၊ နေပြည်တော် တပ်ကုန်းမှ ထိုင်ဝမ်ဖရဲသီး၊ ရေဆင်းမှ နာနတ်သီး စသည်တို့ စျေးကွက်အတွင်း ရောက်နေပြီး ပြည်ပသစ်သီးစျေးကွက်အဖြစ် ထိုင်းမှ ပျားလိမ္မော် (အချို)၊ ကြက်မောက်သီး၊ စပျစ်သီး၊ ပန်းသီး၊ သရက်သီး၊ ရွှေသစ်တော်သီး၊ ဆန်းကစ်သီး၊ တရုတ်မှ စပျစ်သီး၊ ပန်းသီး၊ မက်မန်းသီး စသည်တို့ ဝင်ရောက်နေကြောင်း ထိုင်းနိုင်ငံမှတင်သွင်းသည့်သစ်သီးမှာ အဝင်ပိုများကြောင်း ယင်းသစ်သီးစျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

# ရန်ကုန်မြို့တော်အဆင့်မြှင့်တင်ရေး တရုတ်မြို့သုံးမြို့နှင့် အမြင်ဖလှယ်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီမြို့တော်တစ်ခုဖြစ်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ မြို့ကြီးသုံးမြို့နှင့်ပူးပေါင်း၍ နှစ်နိုင်ငံ အပြန်အလှန် အမြင်ဖလှယ်ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

မြို့တော်အဆင့်မြှင့်တင်ရေး စီမံချက်အဖြစ် ၁၉၉၀ ပြည့်နှစ်ကျော်က စတင်ဆောင်ရွက်ခဲ့ရာ ပထမဆုံးအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရန်ကျောမြို့နှင့် Friendship City အဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ကူမင်းမြို့နှင့် Sister City အဖြစ်လည်းကောင်း၊ ယခု ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် နန်နင်းမြို့နှင့် Friendship City အဖြစ်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ နှစ်မြို့ဖြစ်ရေးအတွက်လည်းကောင်း ဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



ဇူလိုင်လဆန်းပိုင်းတွင် တရုတ်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တော်သို့ လာရောက်ပြီး လမ်းတံတားပိုင်းဆိုင်ရာများ လေ့လာ၍ ဆောင်ရွက်မှုအချို့ ပြုလုပ်သွားသည်ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

နိုင်ငံတကာအဆင့်မီမြို့ဖြစ်ရေးတွင်

www.foreverspace.com.mm



နစ်နိုင်ငံတာဝန်ရှိသူများ အပြန်အလှန်သွားရောက်လေ့လာခဲ့ကြပြီး မြို့များ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ယဉ်ကျေးမှုနှင့် နည်းပညာဖလှယ်ရေး၊ အသိပညာ၊ အတတ်ပညာများ အပြန်အလှန် အကူအညီပေးရေး စသည်တို့ ပါဝင်ကြောင်းနှင့် အခြားသော အဆင့်မြှင့်တင်ရေးစီမံကိန်းများကိုလည်း ထပ်မံဆောင်ရွက်သွားဖွယ်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးက ဖြည့်စွက်ပြောကြားသည်။

ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံတွင် လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စသည်တို့ အဓိကကျရာ မြို့တော်တစ်ခုဖြစ်သည့်အပြင် လူဦးရေအများဆုံးမြို့ကြီးတစ်မြို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီရေး ဆောင်ရွက်နေသည်ကို လွန်ခဲ့သည့်ဆယ်စုနှစ်ကျော်ကပင် တွေ့မြင်နေရကြောင်း၊ တရုတ်နိုင်ငံ၏မြို့ကြီးများနှင့်ယှဉ်ပါက လိုအပ်ချက်များစွာ ရှိနေသေးသောကြောင့် အဆိုပါမြို့များနှင့် တန်းတူဖြစ်ရေးအတွက် ကဏ္ဍစုံအားဖြည့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တရုတ်နိုင်ငံရှိမြို့များနှင့် နန်နင်းကုန်စည်ပြပွဲများသို့ မကြာခဏသွားရောက်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

၁၉၅၀ ပြည့်လွန်နှစ်များက ရန်ကုန်မြို့တော်သည် ဖော်ပြပါ တရုတ်မြို့များနှင့် နှိုင်းယှဉ်စရာမဟုတ်ဘဲ အရှေ့တောင်အာရှတွင် အလှပဆုံး၊ ခေတ်အမီဆုံးမြို့တော်ဖြစ်ခဲ့သည်။


# လှော်ကားဥယျာဉ် ကျွန်းပင်လေးသောင်းကျော်စိုက်ပျိုး

**ရန်ကုန်၊ ဇူလိုင် ၂၃**

လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် ရေလှောင်ကန်ကြီးများတည် ဆောက်ထားသော လှော်ကားဥယျာဉ်၌ ကျွန်းပင် ၄၅,၀၀၀ ကို ၂၀၀၉ ခုနှစ်၏ အထူးစီမံချက်အဖြစ် ဇွန်လမှ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်းသို့ စိုက်ပျိုးရခြင်းမှာ လှော်ကားရေလှောင်ကန်ကြီး၏ ရေဝေရေလဲဆောင်ရွက်မှုနှင့် သစ်တောများထိန်းသိမ်းရေးစီမံချက်အနေဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ယခင်နှစ်များက စိုက်ပျိုးခဲ့သော်လည်း အရေအတွက်နည်းပါးပြီး ယခုနှစ်တွင်သာ အများဆုံးစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ရေဝေရေလဲနှင့် သစ်တောထိန်းသိမ်းခြင်းအပြင် နောင်တွင် လိုအပ်ပါက အသုံးချသစ်အနေဖြင့်ပါ အသုံးပြုနိုင်ရန် ရည်ရွယ်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ယင်းကျွန်းစိုက်ပျိုးမှုကို ဇွန်လ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး ဇူလိုင်လ ၃၁ ရက်တွင် အပြီးသတ်စိုက်ပျိုးမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ လှော်ကားဥယျာဉ်တွင် ကျွန်းပင်အရေအတွက်စုစုပေါင်း တစ်သိန်းဝန်းကျင်ရှိသည်ဟု ၎င်းထံမှ သိရသည်။

လှော်ကားဥယျာဉ်သည် ရန်ကုန်မြို့တော်၌ အကြီးဆုံးသော သဘာဝအခြေခံအပန်းဖြေစခန်းတစ်ခုဖြစ်ပြီး ၁၉၈၂ ခုနှစ်မှစတင်၍တည်ဆောက်ခဲ့ကြောင်း၊ အကျယ်အဝန်းမှာ သဘာဝသစ်တောနှင့် တိရစ္ဆာန်ဥယျာဉ်ငယ် ၈၈၀ ဧက၊ ကြားခံနယ်မြေဧက ၆၀၀ ကျော်ရှိပြီး သစ်ပင်၊ ဝါးပင်မျိုးစိတ် ၁၀၀ ကျော်ရှိကြောင်း၊ ထို့အပြင် တိရစ္ဆာန်ပေါင်းများစွာလည်းရှိပြီး အချို့မှာ ရှားပါးလာသော တိရစ္ဆာန်များဖြစ်ကြောင်း၊ ထို့ကြောင့် အပင်များခုတ်လှဲခြင်းနှင့် တိရစ္ဆာန်များဖမ်းဆီးသတ်ဖြတ်ခြင်းများ မရှိစေရန် လုံခြုံရေးဝန်ထမ်းများကို စနစ်တကျတာဝန်ပေးထားကြောင်း သစ်တောဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ သိရသည်။ ယင်းဥယျာဉ်သို့လာရောက်လည်ပတ်အပန်းဖြေသူဦးရေမှာ နေ့စဉ် ရာဂဏန်းရှိပြီး ပွဲတော်ရက်များ၊ ရုံးပိတ်ရက်များတွင် ၅၀၀ ဝန်းကျင်အထိ လာရောက်အပန်းဖြေလေ့ရှိကြောင်းလည်း ၎င်းက ဆိုသည်။



www.foreverspace.com.mm

# ဒီရေတောမီးသွေးများ စင်ကာပူဝယ်လို

**ရန်ကုန်၊ ဩဂုတ် ၁၀**

စင်ကာပူနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုက ဒီရေတောမီးသွေးဝယ်ရန် ကမ်းလှမ်းထားကြောင်း သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတို့အနေဖြင့် ဒီရေတောတွင် ပေါက်ရောက်သည့်အပင်များမှရရှိသော မီးသွေးကို ဝယ်ယူလိုခြင်းဖြစ်ပြီး ဒီရေတောမီးသွေးမရရှိနိုင်ပါက အမျိုးအစားကောင်းမွန်သော ရိုးရိုးမီးသွေးကို ဝယ်ယူလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့ဖြစ်၍ အဆိုပါကုမ္ပဏီက မြန်မာ့ဒီရေတောမီးသွေးများကို ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့်ရှိ/မရှိ စုံစမ်းရာ မီးသွေးကို ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့်မရှိကြောင်းနှင့် ယခင်က ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ ဝါးမီးသွေးသာ အနည်းငယ်တင်ပို့ရောင်းချခဲ့ကြောင်း စုံစမ်းသိရှိရသည်ဟု ၎င်းက ဆိုသည်။ ယခုအခါ ဝါးမီးသွေးကိုလည်း တင်ပို့ရောင်းချခြင်းမရှိတော့ကြောင်း သစ်တောရေးရာဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးတစ်ဦးက ပြောကြားသည်။ ထိုကဲ့သို့ ဆက်လက်တင်ပို့မရောင်းချနိုင်ခြင်းမှာ ကုန်ကြမ်းရှိသော်လည်း နည်းပညာအရ ရောင်းတမ်းဝင်အရည်အသွေးမီမပြုလုပ်နိုင်သောကြောင့်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ စင်ကာပူနိုင်ငံက အဆိုပြုသော ဒီရေတောမီးသွေးများမှာ တနင်္သာရီတိုင်းတွင် အများဆုံးထွက်ရှိပြီး တစ်နှစ်လျှင် တန်ချိန်လေးသောင်းခွဲခန့်ထုတ်လုပ်နိုင်ကြောင်း ဒေသခံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဒီရေတောမှထွက်ရှိသော သစ်အမျိုးအစားပေါင်း ၂၀၀ ကျော်ခန့်ရှိပြီး ယင်းတို့အနက် ခနုံး၊ ဓနိ၊ သင်ဘောင်း၊ မဒမနှင့် ကျန်သစ်များမှာ နေအိမ်အတွက် အထူးအသုံးဝင်၍ အချို့မှာ ဆေးဖက်ဝင်အပင်များဖြစ်ကြောင်း ဒီရေတောနှင့်ပတ်သက်၍ လေ့လာထားသူ ပညာရှင်တစ်ဦးက ပြောကြားသည်။

ဒီရေတောများအား Sustainable Forest အသွင်စိုက်ပျိုးနိုင်ပြီး ငါးနှစ်အကြာတွင် ခုတ်ယူအသုံးပြုနိုင်ကြောင်းနှင့် လက်ရှိတွင် ဖျာပုံခရိုင်၌ Ever Seiko ကုမ္ပဏီက ဧက ၃၀၀ ကျော်ခန့်စိုက်ပျိုးထားကြောင်း လေ့လာသိရှိရသည်။ Sustainable Forest သဘောမှာ ဥပမာအားဖြင့် တစ်နှစ်လျှင် ဧက ၁၀၀ စီ စတင်စိုက်ပျိုးသွားပါက ငါးနှစ်အကြာတွင် ပထမဧက ၁၀၀ အား စတင်ခုတ်ယူ၍ အစားထိုးပြန်စိုက်ထားခြင်းဖြင့် နှစ်စဉ်ဧက ၁၀၀ ပုံမှန်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

**SYW**

# ရန်ကုန်မြို့တော် သစ်ပင်စိုက်ပျိုးမှု ယခင်နှစ်ထက် လေးဆပိုဟုဆို

**ရန်ကုန်၊ ဇူလိုင် ၂၃**



ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီမြို့တော်ဖြစ်ရေးနှင့် စိမ်းလန်းစိုပြည်သောမြို့တော်ကြီးဖြစ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်သစ်ပင်စိုက်ပျိုးမှုကို ယခင်နှစ်ကထက် လေးဆပိုမိုစိုက်ပျိုးနေသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအကြီးတန်းအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းသို့ ပိုမိုစိုက်ပျိုးခြင်းမှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ လေထုညစ်ညမ်းမှုကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ လေကောင်းလေသန့်ရရှိရေးနှင့် ရန်ကုန်မြို့တော်ကြီးတစ်ခုလုံးစိမ်းလန်းစိုပြည်ရေးတို့အတွက် အဓိကထားစိုက်ပျိုးခြင်းဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

www.foreverspace.com.mm

မိုးရာသီသစ်ပင်စိုက်ပွဲတော်အဖြစ် သစ်ပင်များစိုက်ပျိုးပြီး ဌာနအနေဖြင့်လည်း ဆက်တိုက်စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ်က တစ်နှစ်လုံးတွင် အရိပ်ရပင် ၄၁,၇၁၅ ပင်၊ ပန်းအလှပင် ၁၃,၃၈၃ ပင် စုစုပေါင်း ငါးသောင်းကျော် စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်တွင် နှစ်သိန်းနှစ်သောင်း လျာထားရာ တစ်သိန်းငါးသောင်းလေးထောင် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဇွန်လ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် အပြီးသတ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယင်းသစ်ပင်စိုက်ပျိုးမှုသည် နာဂစ်ကြောင့် လဲကျသွားသည့်သစ်ပင်များကို အစားထိုးခြင်းမဟုတ်ဘဲ နှစ်စဉ်စိုက်ပျိုးမြဲအတိုင်းစိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့တော်စည်ပင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး၏ပြောကြားချက်အရ သိရသည်။

ရေတမာ၊ ကျုံဘာ၊ ခရေ၊ စိန်ပန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ဆီသပြေ၊ သစ်စိမ့်၊ အုန်း၊ အင်ကြင်း၊ ငါးဆူ၊ ကုက္ကို၊ စွယ်တော်ကြီး၊ သော်ကကြီး၊ တည်၊ ကံ့ကော်၊ ငုရွှေဝါ၊ ဗာဒံ စသည်ဖြင့် ၂၄ မျိုး စိုက်ပျိုးမည်ဟု ဌာနမှူး၏အဆိုအရ သိရသည်။

၂၀၀၈ ခုနှစ် မေလက တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်မြို့တော်ရှိ သက်တမ်းရင့်သစ်ပင်ကြီးများ၏ ၇၀ ရာခိုင်နှုန်းခန့် လဲပြိုသွားခဲ့သည်။

# ပြင်ပမှလာလွှတ်သောတိရစ္ဆာန်များကို လှော်ကားဥယျာဉ်သီးသန့်ခန်းတွင် တစ်ပတ်ထား၍စစ်ဆေးမည်

**ရန်ကုန်၊ ဩဂုတ် ၇**

နေအိမ်တွင်မွေးမြူထားသောတိရစ္ဆာန်များအပါအဝင် ပြင်ပမှတိရစ္ဆာန်များကို လှော်ကားသဘာဝဥယျာဉ်သို့ လာရောက်စေလွှတ်ပါက ဥယျာဉ်အတွင်းရှိတိရစ္ဆာန်ကုသီးသန့်ဆောင်တွင် ရက်သတ္တပတ်တစ်ပတ်ထား၍ စစ်ဆေးမည်ဖြစ်ကြောင်း အဆိုပါဥယျာဉ် တိရစ္ဆာန်ရောဂါကုဆရာဝန် ဦးမြင့်စိန်က ပြောကြားသည်။

ယင်းအိမ်မွေးတိရစ္ဆာန်များတွင် ရောဂါပါဝင်မှုရှိ၊ မရှိသိရှိရန်အတွက်လည်းကောင်း၊ အိမ်နှင့်တောသဘာဝအလေ့အထပြောင်းလဲမှုကိုရင်းနှီးစေရန်လည်းကောင်း ထိုကဲ့သို့မျက်မြင်စောင့်ကြည့်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ပြင်ပမှဝင်ရောက်လာသောတိရစ္ဆာန်များတွင် ရောဂါကင်းစင်ရန်လိုအပ်ပြီး အကယ်၍ ရောဂါတစ်စုံတစ်ခုကပ်ငြိ ပါဝင်လာပါက ဥယျာဉ်အတွင်းရှိ အခြားတိရစ္ဆာန်များသို့ ရောဂါဖြန့်ဝေထားသကဲ့သို့ဖြစ်မည်ကိုစိုးရိမ်ရကြောင်း ၎င်းက ဆိုသည်။

"အပြင်က အိမ်မွေးတိရစ္ဆာန်တွေကိုလည်း ဥယျာဉ်ထဲကိုခေါ်ခွင့်မပြုဘူး။ သူတို့က ရောဂါပါရင် ပြန့်မှာစိုးတယ်။ တချို့တွေက အိမ်မှာ သူတို့မမွေးနိုင်ရင် ဒီမှာလာခိုးလွှတ်တယ်။ ဒီလိုလွှတ်လို့ သူ့ရဲ့တိရစ္ဆာန်အသက်ရှင်နိုင်၊ မရှင်နိုင် မစဉ်းစားဘူး။ ကျွန်တော်တို့က တစ်ပတ်စစ်ဆေးမယ်ဆိုတာကိုလည်း တချို့ကလက်မခံဘူး။ လာလွှတ်ပြီးမှပြန်ယူသွားမယ်ဆိုရင် တရားစွဲလို့တောင်ရတယ်" ဟု အဆိုပါဥယျာဉ်၏ အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ပြောကြားသည်။

သီးသန့်ဆောင်တွင် စစ်ဆေးထားရှိသော မိမိတို့၏ တိရစ္ဆာန်များကို စိတ်မချပါက ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးသို့ ဖုန်းဖြင့်အချိန်မရွေးဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ ဥယျာဉ်အတွင်းသို့ လာရောက်ခိုးလွှတ်လေ့ရှိသည့် တိရစ္ဆာန်အများစုမှာ မျောက်နှင့်တောကြောင်တို့ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ယင်းကဲ့သို့ သဘာဝဘေးမဲ့ဥယျာဉ်များတွင် တိရစ္ဆာန်များကို စေလွှတ်မည်ဆိုပါက မိမိသဘောဖြင့် မလွှတ်သင့်ဘဲ တာဝန်ရှိသူနှင့် ကြိုတင်တိုင်ပင်သင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



www.foreverspace.com.mm

# ကွန်ပျူတာပစ္စည်းတင်သွင်းမှု ၂၀ ရာခိုင်နှုန်းကျော်မြင့်တက်

**ရန်ကုန်၊ ဇူလိုင်–၁၃**

ပြည်တွင်းသုံးစွဲမှု မြင့်မားလာ၍ ၂၀၀၈–၀၉ ဘဏ္ဍာနှစ်တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းမျိုးစုံတင်သွင်းမှုမှာ ယခင်နှစ်ထက် ၂၁ ဒသမ ၆၆ ရာခိုင်နှုန်းဝန်းကျင် မြင့်တက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း တင်

ရေးရှင်းများက မြန်မာနိုင်ငံတွင် Authourized Distributor များကို အပြိုင်အဆိုင်ရှာဖွေလာကြသည့်အခြေအနေရှိကြောင်း Client Focus Technology မှ ဒါရိုက်တာ ဦးအောင်ကျော်မိုးက ပြောကြားသည်။

"ကျွန်တော်တို့က ကမ်းလှမ်းတာမျိုး မဟုတ်တော့ဘူး၊ သူတို့ကရှာတာ ဖြစ်သွားပြီ" ဟု ၎င်းက ဆိုသည်။




မြန်မာနိုင်ငံတွင် တင်သွင်းရောင်းချသောအိုင်တီပစ္စည်းအမျိုးအစားပေါင်း ၃၀၀၀ နီးပါးနှင့် အမှတ်တံဆိပ် ၄၀ နီးပါး ခန့်ရှိပြီး တင်သွင်းရောင်းချသည့် ကုမ္ပဏီပေါင်း ၁၀၉ ခုရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်တွင် ကွန်ပျူတာနှင့် အိုင်တီပစ္စည်း တင်သွင်းမှု တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ သန်းဖိုးရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သော သတင်းများအရ သိရသည်။

# မုဒုံ ဝက်တဲကျေးရွာတွင် ရှေးခေတ်အုတ်များတွေ့ရှိ

**မုဒုံ၊ ဇူလိုင် ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ် ဝက်တဲကျေးရွာနောက်ပိုင်း လယ်မြေနှင့်ကပ်လျက်ရှိသော ဝေဇယန္တာကျောင်းဝင်း၏ အရှေ့မြောက်ဘက် မြေအနက် တစ်ပေခွဲမှ ရှေးခေတ်အုတ်ချပ်ပေါင်း ၄၀ ကျော်နှင့် အုတ်ကျိုးအုတ်ကြေများကို ဇူလိုင်လ ၂၄ ရက်နေ့ကတူးဖော်တွေ့ရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

၎င်းတို့ကို ကျောင်းဝင်းအတွင်း ရော်ဘာပင်များစိုက်ပျိုးရန် မြေကျင်းတူးရာမှ တွေ့ရှိခြင်းဖြစ်ပြီး အုတ်အချို့တွင် ယာလက်ဝါးပုံသဏ္ဌာန်ပါရှိကြောင်း၊ အုတ်အရွယ်အစားမှာ အလျား ၁၃ လက်မ အနံ ခြောက်လက်မနှင့် အမြင့် လေးလက်မရှိပြီး အုတ်ချပ်တိုင်းတွင် စပါးခွံပုံအပေါက်အရာများရှိခြင်းကြောင့် စပါးခွံများဖြင့် မီးဖုတ်ထားသည်ဟုယူဆရကြောင်းနှင့် ၎င်းအုတ်များ၏ပုံသဏ္ဌာန်နှင့် အရွယ်အစားသည် ပဲခူးရွှေမော်ဓောစေတီတော်တည် အုတ်ချပ်များနှင့်ဆင်တူကြောင်း ဝေဇယန္တာကျောင်းမှ ဆရာတော်ဦးဇောတိကက မိန့်ကြားသည်။

အဆိုပါအုတ်ချပ်တစ်ချပ်စီကို မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက်နှင့် ကမာဝက်ဓာတ်တော်တိုက်တို့သို့ ပေးပို့ထားပြီး ပြုလုပ်သည့် ခေတ်ကာလနှင့် အုတ်သက်တမ်းကို သိရှိနိုင်ရန် မော်လမြိုင်တက္ကသိုလ် သမိုင်းဌာနသို့လည်း ပေးပို့ထားကြောင်း အထက်ပါဆရာတော်ထံမှ သိရှိရသည်။

**အလင်းတန်း (မုဒုံ)**

www.foreverspace.com.mm



# နေပြည်တော်ပြောင်ခေါင်းကြီးမွေးမြူရေးဇုန် အေတုပ်ကွေးရောဂါဖြစ်ပွားမှုလုံးဝမရှိဟုဆို

**နေပြည်တော် ပျဉ်းမနား၊ ဇူလိုင် ၂၄**

နေပြည်တော်၏ အဓိကမွေးမြူရေးဇုန်တစ်ခုဖြစ်သော ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် (ဇုန်၃) ရှိ CP အသားတိုးဝက်မျိုး DLY များမှာ ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှု လုံးဝမရှိသလို A(H1N1) ရောဂါဖြစ်ပွားမှုလည်းမရှိကြောင်း ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်မှ ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းမှာ CP အစာခြောက်နှင့် ဒေသထွက်ဖွဲ၊ ဆန်ကွဲ စပ်ကျွေးခြင်း၊ လစဉ် ဆေးပတ်အတိုင်း ကာကွယ်ဆေးထိုးခြင်း၊ ဝက်ခြံသန့်ရှင်းရေး ပုံမှန်ဆောင်ရွက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

နေပြည်တော် လယ်ဝေးမြို့နှင့် ခုနစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းမကြီးနှင့် တစ်မိုင်ခန့်အကွာအဝေးရှိ ကန်စွန်းခင်းကျေးရွာအနီးတွင် ပြောင်ခေါင်းကြီးမွေးမြူရေးဇုန် (၃) ကို ၂၀၀၇ ခုနှစ် ဇူလိုင်လမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် (၃) သည် ဧရိယာအကျယ် ၆၂၃ ဧကရှိပြီး နေပြည်တော် ပျဉ်းမနားမြို့ရှိ မွေးမြူရေးလုပ်ငန်းရှင်များက CP အသားတိုးကြက်၊ CP အသားတိုးဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးဇုန် တာဝန်ခံတစ်ဦးက ပြောကြားသည်။

အဆိုပါမွေးမြူရေးဇုန်အတွင်း မွေးမြူထားသော ကြက်၊ ဝက်၊ ဆိတ် တိရစ္ဆာန်များ ဆေးကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် နေပြည်တော် လယ်ဝေးမြို့မှ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးဇုန် (၃) ခြံထွက် ဝက်၊ ကြက်၊ ဆိတ်များ၏ အသားများကို နေပြည်တော် ပျဉ်းမနားမြို့ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း ၎င်းက ဆိုသည်။

ယခု နေပြည်တော် လယ်ဝေးမြို့ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် (ဇုန် ၃) တွင် CP အသားတိုးဝက်မျိုး DLY ကို အကောင်ရေ ၂၆၀ ခန့်မွေးမြူထားကြောင်း၊ ယင်းဝက်များကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် စတင်မွေးမြူခဲ့ခြင်းဖြစ်ပြီး တစ်လလျှင် ဝက်သားပိဿာချိန် ၁၀၀၀ ခန့် ထုတ်လုပ်ရောင်းချနေကြောင်း ယင်းမွေးမြူရေးဇုန်မှ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ထို့အတူ ယင်းမွေးမြူရေးဇုန်တွင် ဆိတ်ကောင်ရေ ၃၀၀ ခန့် မွေးမြူထားကြောင်း၊ ဆိတ်အရောင်းအဝယ်ဈေးကွက်ဖြစ်ထွန်းသော်လည်း ဆိတ်သားထုတ်လုပ်ရောင်းဝယ်မှု ဈေးကွက်နည်းပါးကြောင်း ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် (၃) တွင် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူလုပ်ငန်းရှင်လေးဦးက CP အသားတိုးကြက်ကောင်ရေ ၆၀၀၀ မွေးမြူထားကြောင်း၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် (ဇုန် ၃) တွင်မွေးမြူသည့် CP အသားတိုးကြက်မျိုးများကို ရန်ကုန်မြို့ CP ကြက်မွေးမြူရေးကုမ္ပဏီက တင်သွင်းမွေးမြူပြီး အသားဈေးကွက်ဝင် ရောင်းတမ်း CP အသားတိုးကြက်များကို နေပြည်တော် ပျဉ်းမနားမြို့ဈေးကွက်သို့ နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် တင်ပို့ရောင်းချကြောင်း ယင်းဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

# အာဆီယံစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ၂၀၁၀ တွင် ဗီယက်နမ်ဥက္ကဋ္ဌ တာဝန်ယူမည်

**ရန်ကုန်၊ ဇူလိုင် ၂၉**

အာဆီယံ၏စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက အက္ခရာစဉ်အလိုက် အလှည့်ကျဥက္ကဋ္ဌနေရာတာဝန်ယူရလေ့ရှိရာ လာမည့် ၂၀၁၀ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံက ဥက္ကဋ္ဌတာဝန်ယူမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးတစ်ဦးက ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြောကြားသည်။

မန္တလေးမြို့ Swan ဟိုတယ်၌ ပြည်တွင်းမီဒီယာအချို့နှင့်တွေ့ဆုံစဉ် ယင်းသို့ပြောကြားခြင်းဖြစ်ပြီး ယခုနှစ်တွင် မန္တလေးမြို့၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးကျင်းပနိုင်ရန်အတွက် တစ်နှစ်ခန့်အချိန်ယူပြင်ဆင်ခဲ့ရကြောင်း အဆိုပါအရာရှိကြီးက ဆိုသည်။

အာဆီယံစွမ်းအင်ဆိုင်ရာ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံကလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံကလည်းကောင်း အသီးသီး ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

Mdy News

LIVING COLOR MEDIA

၂၄၂၄၂၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm

# Hansaplast နှင့် Strepsils ၏ ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်ဆုနှင့် ကံစမ်းမဲပေးပွဲပြုလုပ်

**ရန်ကုန်၊ ဩဂုတ် ၁**

မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ စားသုံးကုန်နှင့် ဆေးပစ္စည်းအမျိုးအစား ပေါင်း ၁၀၀ ကျော်ကို တင်သွင်းဖြန့်ချိပေးနေသည့် Diethelm Co., Ltd. က တင်သွင်းသော Hansaplast အနာကပ်ပလာစတာနှင့် Strepsils လည်ချောင်းနာအမြန်ပျောက်ဆေးတို့၏ ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်ဆုနှင့် ရွှေဆွဲပြားကံထူးရှင်ကံစမ်းမဲပေးပွဲကို ဇူလိုင်လအတွင်း အသီးသီးပြုလုပ်ခဲ့ကြောင်း အဆိုပါကုမ္ပဏီ၏တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်အေမီသီဂီဝင်းက ပြောကြားသည်။

ထိုသို့ ကိုယ်စားလှယ်ဆုများပေးရာတွင် Hansaplast နှင့် Strepsils တစ်ခုချင်းစီအတွက် အထက်မြန်မာနိုင်ငံမှ ရောင်းအားအကောင်းဆုံးကိုယ်စားလှယ် ၂၀၊ အောက်မြန်မာနိုင်ငံမှ ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်နှင့် Hansaplast ရွှေဆွဲပြားကံစမ်းမဲအတွက် မေလမှ ဇွန်လအတွင်း ဝယ်ယူပေးပို့သူများအနက် ကံထူးသူဦးရေ ၁၅၀ ကို ပထမအကြိမ်အဖြစ် ကံစမ်းပေးအပ်ခဲ့ကြောင်း၊ ဆက်လက်၍လည်း Hansaplast အတွက် ကံစမ်းမဲအစီအစဉ်ကို စက်တင်ဘာလအတွင်း ဒုတိယအကြိမ်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အောက်မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်ဆုနှင့် ကံစမ်းမဲပေးပွဲကို ရန်ကုန်မြို့တော်ရှိ Traders Hotel တွင် ဇူလိုင်လ ၁၂ ရက်နေ့ကလည်းကောင်း၊ အထက်မြန်မာပြည်အတွက် ကိုယ်စားလှယ်ဆုကို မန္တလေးမြို့တော်ရှိ Mandalay Hill Resort Hotel တွင် ဇူလိုင်လ ၂၁ ရက်နေ့ကလည်းကောင်း အသီးသီးပြုလုပ်ခဲ့ရာ စက်တင်ဘာလအတွင်း ကံထူးသူ ၁၅၀ ဦးအတွက် ဒုတိယအကြိမ်ပြုလုပ်မည့် ရွှေဆွဲပြားကံစမ်းမဲပေးအပ်ပွဲကိုမူ မန္တလေးမြို့တော်တွင်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း ဒေါ်အေမီသီဂီဝင်းက ပြောဆိုသည်။

# ယူကလစ်ခက်မှ တစ်ရှူးမျိုးပွားနည်းဖြင့် တစ်လလျှင် ပျိုးပင်ရှစ်သိန်းထုတ်နိုင်

**မန္တလေး၊ ဩဂုတ် ၁**

မြန်မာနိုင်ငံရှိ သစ်တောများပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ပရိဘောဂနှင့် စက္ကူများထုတ်လုပ်ရေးအတွက် ယူကလစ်အကိုင်းအခက်များမှ တရှတ် Tissue Culture နည်းပညာဖြင့် တစ်လလျှင် ပျိုးပင်ပေါင်းရှစ်သိန်းကို ပြည်တွင်း၌ မျိုးပွားထုတ်လုပ်နိုင်ပြီဟု မန္တလေးအခြေစိုက် သစ်အချောထည်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော ဟွန်ဒါမြန်မာကုမ္ပဏီ၏ ဇူလိုင်လ ၂၅ ရက်နေ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ယူကလစ်စိုက်ပျိုးလိုသူများကို ပျိုးပင်မပေးတော့ဘဲ မျိုးပွားသည့်တစ်ရှူးပုလင်းကိုသာပေး၍ စိုက်ပျိုးမည့်နေရာတွင် ပျိုးထောင်ပေးမည့်ပညာရှင်ကို စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ ယင်းနည်းပညာဖြင့် မျိုးပွားမည့်ပျိုးပင်တစ်ပင်လျှင် ၆၀ ကျပ်မှ ၈၀ ကျပ်အထိ သတ်မှတ်ထားကြောင်း၊ ယင်းယူကလစ်ပင်သည် အကြီးမြန်ပြီး အသားကောင်း၍ ငါးနှစ်သက်တမ်းတွင် သစ်သားထုတ်နိုင်ပြီး သုံးနှစ်အကြာတွင် စက္ကူပျော့ဖတ်နှင့် ခုနစ်နှစ်အကြာတွင် ပရိဘောဂအဖြစ်ထုတ်လုပ်နိုင်ကြောင်း၊ ယူကလစ်ပင်ကို မိုးရေချိန်လက်မ ၂၀ ခန့်ရှိသည့်ဒေသတွင် စိုက်ပျိုးနိုင်ကြောင်း၊ ပျိုးပင်အဆင့်တွင် ဖန်လုံအိမ်စိုက်ခင်း၌ ရက် ၂၀

www.foreverspace.com.mm

ထားခြင်းဖြင့် ပျိုးပင်တစ်ပုလင်းလျှင် အပင် ၈၀ ခန့် မျိုးပွားနိုင်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ယူကလစ်သစ် တစ်တန်လျှင် ဒေါ်လာ ၆,၀၀၀ ပေါက်ဈေးရှိကြောင်း ယင်းကုမ္ပဏီ၏ တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

ကမ္ဘာပေါ်တွင် ယူကလစ်မျိုးစိတ် ၈၀၀ ရှိကြောင်း၊ ဘရာဇီး၊ အိန္ဒိယ၊ တရုတ်အပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ယူကလစ်ကို အပြိုင်အဆိုင်စိုက်ပျိုးကြပြီး ကချင်ပြည်နယ်တွင် ဧက ၅၀၀၊ စစ်ကိုင်းတိုင်းတွင် ဧက ၂၀၀ တို့ကို Tissue Culture နည်းပညာဖြင့် မျိုးပွားစိုက်ပျိုးရန် စီစဉ်ထားကြောင်း အဆိုပါကုမ္ပဏီက ဆိုသည်။

"ယူကလစ်အကိုင်းအခက်တွေကနေ Tissue Culture နည်းနဲ့မျိုးပွားပြီး စိုက်ပျိုးမယ်ဆိုရင် သစ်တောမပြုန်းနိုင်ဘူး" ဟု မန္တလေးမြို့ခံ သစ်တောပညာရှင်တစ်ဦးက ထပ်လောင်းပြောကြားသည်။

# မိနစ် ၅၀ အတွင်း လယ်တစ်ဧက ရိတ်သိမ်းနိုင်သည့် စပါးရိတ်သိမ်းခြွေလှေ့စက် စမ်းသပ်အသုံးပြု

**ရန်ကုန်၊ ဇူလိုင် ၂၉**

လယ်တစ်ဧကလျှင် မိနစ် ၅၀ အတွင်း ရိတ်သိမ်းခြွေလှေ့ပေးနိုင်သည့် အင်ဂျင်စွမ်းအားမြင်းကောင်ရေ ၂၁၀ ရှိ Combined Harvester စပါးရိတ်သိမ်းခြွေလှေ့စက်ကို နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်တို့ရှိ စပါးခင်းများတွင် စမ်းသပ်အသုံးပြုနေပြီဖြစ်ကြောင်း နေပြည်တော် ပျဉ်းမနားမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမှတ်ကြီးက ပြောကြားသည်။

Combined Harvester စပါးရိတ်သိမ်းခြွေလှေ့စက်ကို Myanmar Teak Wood Industries ကုမ္ပဏီလီမိတက်က မြန်မာနိုင်ငံသို့တင်သွင်းပြီး ထိုင်းနိုင်ငံ Tsy Co., Ltd., ကထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ယင်းစက်သည် တစ်ရက်လျှင် စပါးရှစ်ဧကမှ ၁၀ ဧကနှုန်းအထိ ရိတ်သိမ်းနိုင်ကြောင်း ၎င်းက ဆိုသည်။

ယင်းစပါးရိတ်သိမ်းခြွေလှေ့စက်တွင် ရိတ်သိမ်းခြွေလှေ့ပြီးစပါးများကို သိုလှောင်ထည့်ထားနိုင်သည့် တင်း ၁၀၀ ဆံ့ စပါးသိုလှောင်ကန်ပါရှိကြောင်း၊ ယင်းစပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နေပြည်တော် ပျဉ်းမနားဒေသ သုံးသီးစိုက်ဧရိယာရှိ နွေစပါးစိုက်ခင်းများတွင် စတင်ရိတ်သိမ်းရန် စီစဉ်ထားရှိကြောင်း ဒေသခံလယ်လုပ်ငန်း လုပ်ကိုင်သူများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါစပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းခြွေလှေ့မည်ဆိုလျှင် လယ်တစ်ဧကလျှင် ရိတ်သိမ်းခြွေလှေ့ခ ၄၀,၀၀၀ ကျပ်နှုန်းနှင့် ရိတ်သိမ်းဆောင်ရွက်ပေးကြောင်း၊ စက်တစ်လုံး၏တန်ဖိုးသည် ကျပ်သိန်း ၈၅၀ ကျော်ရှိပြီး မြန်မာနိုင်ငံတွင် ယင်းစက်အမျိုးအစား လေးလုံးရှိကြောင်း အထက်ပါကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

# ပေါင်းဆန်လုပ်ငန်းရှင်များ ဘဏ်ချေးငွေရရှိရန် ဆန်စက်အသင်း ကူညီမည်ဟုဆို

**ရန်ကုန်၊ ဇူလိုင် ၂၉**

ပြည်တွင်းရှိ ပေါင်းဆန်ထုတ်လုပ်မည့်ဆန်စက်လုပ်ငန်းရှင်များ လိုအပ်သည့် အရင်းအနှီးအတွက် ဘဏ်ချေးငွေများရရှိစေရန် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါအသင်း၏ အထွေထွေအတွင်းရေးမှူးဦးသောင်းဝင်းက ပြောကြားသည်။

ယင်းအပြင် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းက ပေါင်းဆန်ထုတ်လုပ်မည့်လုပ်ငန်းရှင်များကို ပေါင်းဆန်ထုတ်လုပ်ခြင်းနည်းပညာပံ့ပိုးပေးခြင်းကိုပါ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ပေါင်းဆန်ထုတ်မည့်သူများ ဘဏ်ချေးငွေလျှောက်ထားသူရှိပါက ချက်ချင်းလက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပေါင်းဆန်ထုတ်လုပ်မှုနှင့် စားသုံးမှုအခြေအနေမှာ အနည်းငယ်သာရှိပြီး လာမည့်နှစ်များတွင် ပိုမိုထုတ်လုပ်နိုင်ရန်နှင့် စားသုံးသူများရှိလာစေရန် အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ပေါင်းဆန်ကို စစ်တွေ၊ ကျောက်တံခါး၊ ပုသိမ်၊ လှည်းကူး၊ ကျုံပျော်၊ ပွဲ့တန်ဆာနှင့် လှိုင်သာယာ စသည့်မြို့နယ်တို့ရှိ ဆန်စက်ခုနစ်ခုမှ အနည်းငယ်စီ ထုတ်လုပ်လျက်ရှိကြောင်း၊ ပေါင်းဆန်သည် ဗီတာမင်ဘီပြည့်ဝ၍ ကျန်းမာရေးနှင့်သင့်လျော်ခြင်း၊ ထမင်းချက်ပါက ဆန်သားတက်ခြင်း စသည့်အားသာချက်များရှိကြောင်း ၎င်းက ဆိုသည်။

"အခုအိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အာဖရိကနိုင်ငံတွေမှာရှိတဲ့လူဦးရေ ၉၀ ရာခိုင်နှုန်းလောက်က ပေါင်းဆန်ကို စားနေကြပြီ။ ပြည်ပနိုင်ငံတွေက မြန်မာနိုင်ငံမှာ ပေါင်းဆန်ဝယ်ဖို့ လာကမ်းလှမ်းတာတွေရှိတယ်။ အဲတော့ ပေါင်းဆန်က ထုတ်လုပ်မယ်ဆိုရင် ပြည်ပဈေးကွက်ရှိတဲ့ ကုန်ပစ္စည်းတစ်ခုပဲ" ဟု မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးက ပြောကြားသည်။ ■

www.foreverspace.com.mm





# မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး

အယ်ဒီတာအဖွဲ့

မြန်မာနိုင်ငံသည် ဒေသတွင်းတစ်ခုလုံးတွင်သော်လည်း အာရှတိုက်တစ်ခုလုံးတွင်ပါ ပထဝီနိုင်ငံရေး၊ ကုန်သွယ်စီးပွားရေး၊ စစ်မက်ရေးရာများအရ မဟာဗျူဟာကျသည့်နေရာတွင်တည်ရှိသည်။ ထိုအခွင့်အရေးကို သယံဇာတကြွယ်ဝစွာ ရေမြေရာသီဥတု အားသာချက်များ၊ ရိုးဖြောင့်၍ ထက်မြက်ထူးချွန်သော နိုင်ငံသားလူသားအရင်းအမြစ်များ၊ အမြော်အမြင်ကြီးမား၍ အရည်အချင်းရှိသောစီမံခန့်ခွဲမှုများနှင့် အချိုးညီပေါင်းစပ်နိုင်လျှင် ကမ္ဘာက လေးစားရမည့်နိုင်ငံတစ်ခု အဖြစ် ရောက်ရှိလာနိုင်ပေသည်။ အထူးသဖြင့် မျက်မှောက်ကြုံတွေ့နေရသောအခြေအနေများကို တစ်ဦးတစ်ယောက် အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွား ကွဲကွဲပြားပြားခွဲခြားကာ နိုင်ငံတကာဆက်ဆံရေးတစ်ခုတည်းဖြင့် တစ်မုဟုတ်ချင်း ပြောင်းလဲတိုးတက်သွားနိုင်ပေသည်။ ကမ္ဘာပေါ်တွင် လက်ရှိမြန်မာနိုင်ငံအပေါ်ထားရှိသော နိုင်ငံတကာ၏ရှုမြင်သုံးသပ်မှု၊ စီးပွားကုန်သွယ်မှု၊ မြုပ်နှံရင်းနှီးမှုတို့မှာ ထိုနိုင်ငံတို့အပေါ် မြန်မာနိုင်ငံကထားရှိသော အလားတူဆက်ဆံရေးတို့နှင့်လည်း တိုက်ရိုက်အချိုးကျသည်ဟု ဆိုနိုင်သည်။ ကုန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း မြန်မာနိုင်ငံ နိုင်ငံတကာဆက်ဆံရေးသည် ၂၀၀၈ ခုနှစ်၊ မေလ နာဂစ်မုန်တိုင်းအပြီး ယခင်နှစ်များနှင့်မတူ တဖြည်းဖြည်းပြောင်းလဲလာသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပေသည်။

## ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ခရီးစဉ်

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တစ်ဦး အနေဖြင့် ၄၄ နှစ်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ခရီးစဉ် အဖြစ် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်သင့်ဒေသများရှိ ဒုက္ခသည် များအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ မြန်မာနိုင်ငံအစိုးရ နှင့် ပူးပေါင်းဆောင်ရွက်ဆွေးနွေးရန် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး သုံးပတ်အကြာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာဘန်ကီ မွန်းသည် မေလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်



www.foreverspace.com.mm

www.foreverspace.com.mm

ခရီးစဉ်မှာ ကုလသမဂ္ဂသမိုင်းတွင်ရော မြန်မာနိုင်ငံသမိုင်းတွင်ပါ ထူးခြားသည့်မှတ်တိုင်ဖြစ်သည်။

ဘန်ကီမွန်းသည် မေလ ၂၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နေပြည်တော်တွင် နှစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့အပြီးတွင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့အားလုံး မြန်မာနိုင်ငံသို့ ဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းထောက်များသို့ပြောကြားခဲ့သဖြင့် မြန်မာနိုင်ငံတွင်း နိုင်ငံတကာအကူအညီများဝင်ရောက်ရေး လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်ရာ ကုလသမဂ္ဂ၏အခန်းကဏ္ဍကို မီးမောင်းထိုးပြနိုင်ခဲ့သည်။ ဘန်ကီမွန်းသည် ရန်ကုန်မြို့သို့ရောက်ရောက်ချင်း ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ပြီး လေဘေးသင့်ဒေသများဖြစ်သော ဧရာဝတီတိုင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်းအချို့သို့ သွားရောက်ခဲ့သည်။ ထို့အပြင် ၎င်း ရန်ကုန်သို့ရောက်ရှိနေစဉ်ကာလအတွင်း ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ နောင်တော်အာရှတိုက်သား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏အုတ်ဂူသို့ သွားရောက်၍ ပန်းစည်းချဂါရဝပြုခဲ့ပြီး ယင်းသတင်းကို သတင်းမီဒီယာအချို့တွင် ပုံနှိပ်ဖော်ပြခဲ့ခြင်းသည်လည်း ထူးခြားသည့် သတင်းမှတ်တိုင်တစ်ရပ်ဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံခရီးစဉ်အတွင်း ထိရောက်သော အပြုသဘောဆောင်ရွက်ချက်များ ပြုလုပ်နိုင်ခဲ့သည်ဟု လေ့လာစောင့်ကြည့်သူများက တညီတညွတ်တည်းပြောကြားကြသည်ကိုလည်း တွေ့ရသည်။

## ကုလဒုတိယအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံခရီးစဉ်များ

၂၀၀၆ ခုနှစ် မေလနှောင်းပိုင်းနှင့် နိုဝင်ဘာလဆန်းပိုင်းတို့၌ အလည်အပတ်လာရောက်ခဲ့သော ကုလသမဂ္ဂဒုတိယအထွေထွေအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)မစ္စတာအီဘရာဟင်ဂမ်ဘာရီ၏ ခရီးစဉ်နှစ်ခုစလုံးသည် မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် များစွာအရေးပါသောခရီးစဉ်များဖြစ်ခဲ့ကြသကဲ့သို့ မြန်မာ့အရေးဝေဖန်အကဲခတ်သူများနှင့် မြန်မာ့အရေးဝိုင်းဝန်းကူညီဖော်ဆောင်နေသူများအကြား ပကတိအခြေအနေများနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်မှုများပေးနိုင်ခဲ့သည့် နိုင်ငံရေးအခင်းအကျင်းတစ်ခုအဖြစ် ရှုမြင်နိုင်မည် ဖြစ်သည်။

### ပထမခရီးစဉ်

၂၀၀၄ ခုနှစ်အထိ မြန်မာနိုင်ငံသို့ အကြိမ်ပေါင်းများစွာလာရောက်လည်ပတ်ပြီး မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခဲ့သော်လည်း နောက်ပိုင်းဝေဖန်ထိုးနှက်မှုများပြင်းထန်လာသောကြောင့် ကုလအထူးသံအဖြစ်မှ နုတ်ထွက်သွားသည့် ရာဇာလီအစ္စမေးလ် မြန်မာနိုင်ငံရေးဇာတ်ခုံတွင်သာမက ကမ္ဘာ့အရေးကိစ္စများတွင်ပါ ထိထိရောက်ရောက်စွမ်းဆောင်နိုင်ခြင်းမရှိသည့် ကုလသမဂ္ဂအရာရှိများအတွက် ကကွက်မရှိသလောက်ဖြစ်နေကြောင်း ပြည်တွင်း၊ ပြည်ပမှ မြန်မာနိုင်ငံရေးဝေဖန်ဆန်းစစ်သူများက သုံးသပ်ပြောဆိုခဲ့ကြသည်။

၂ နှစ်မျှကြာပြီးနောက် မြန်မာအစိုးရ၏ ခွင့်ပြုချက်ဖြင့် ကုလအထူးသံမစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ မေလ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ သုံးရက်အကြာ လာရောက်လည်ပတ်မည့်သတင်း ပေါ်ထွက်လာချိန်တွင် မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲရေးအား မတူကွဲပြားသော ရှုထောင့်ပေါင်းစုံမှ ကြည့်မြင်သူများအားလုံး ရလဒ်ကောင်းထွက်ပေါ်လာရန် မျှော်လင့်လာခဲ့ကြသည်ကို တွေ့ရသည်။

ကုလအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်ကမူ ဂမ်ဘာရီ၏ အဆိုပါခရီးစဉ်နှင့်စပ်လျဉ်း၍ "မြန်မာနိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်တိုးတက်မှုများအား မျက်မြင်ကိုယ်တွေ့နိုင်ခွင့်ရသည့် များစွာအရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်သည့်အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်သွားရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ ဒီမိုကရေစီနိုင်ငံသစ်ဆီ သွားရာလမ်းတစ်လျှောက် ကုလသမဂ္ဂအနေနှင့် များစွာအကူအညီပေးနိုင်ခွင့်ရမည့် အလားအလာကောင်းများ ပေါ်ထွက်လာနိုင်စရာရှိပေသည်"ဟု ဂမ်ဘာရီ၏ခရီးစဉ်အပေါ် ၎င်း၏မျှော်လင့်ချက်နှင့် ယုံကြည်ချက်တို့ကို ထုတ်ဖော်ပြောဆိုခဲ့သည်။

မစ္စတာဂမ်ဘာရီ၏ မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ သုံးရက်ကြာခရီးစဉ်အပေါ် ထိုမျှလောက်မျှော်လင့်ခဲ့ကြသည်များကို အမှတ်စဉ်ထိုးလေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၆ မေလကုန်ပိုင်းတွင် မြန်မာနိုင်ငံအစိုးရဘက်မှ ပြန်လွှတ်ပေးမည်လော၊ သို့တည်းမဟုတ် လုံခြုံရေးအကြောင်းပြချက်နှင့် ဆက်လက်ထိန်းသိမ်းထားဦးမည်လောဆိုသည့် ဆွေးနွေးခန့်မှန်းပြောဆိုနေမှုများဖြစ်ထွန်းနေခြင်းက မစ္စတာဂမ်ဘာရီ၏ မေလခရီးစဉ်ကို များစွာစိတ်ဝင်တစားရှိစေသည်။

အမေရိကန်အစိုးရက မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟူသော စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးဆီမှ မြန်မာနိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်တစ်ခုချမှတ်ပေးရန် ပြင်းထန်စွာ တောင်းဆိုနေသော ကာလဖြစ်နေခြင်းကလည်း မြန်မာနိုင်ငံအစိုးရအကြီးအကဲများနှင့် မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းမည့် မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်အပေါ် နိုင်ငံတကာက များစွာစိတ်ဝင်စားသွားစေခဲ့သည်။

ဂမ်ဘာရီ၏ခရီးစဉ်မတိုင်မီ အထက်ပါအချက်များက များစွာစိတ်ဝင်စားစရာဖြစ်စေသကဲ့သို့ ခရီးစဉ်အတွင်း ဂမ်ဘာရီနှင့် မြန်မာနိုင်ငံ အစိုးရအရာရှိများတွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရခြင်းတို့ကလည်း မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်အပေါ် နိုင်ငံတကာလေ့လာအကဲခတ်သူများက စောင့်ကြည့်

www.foreverspace.com.mm

ခဲ့ရသည့်အနေအထားသို့ ရောက်ရှိစေခဲ့သည်။

၂၀၀၆ ခုနှစ်အစပိုင်းမှစ၍ အစိုးရယန္တရားတစ်ခုလုံး ပြောင်းရွှေ့အခြေစိုက်ရာ နေပြည်တော်၌ ပြည်ထောင်စုမြန်မာနိုင်ငံ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းတို့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပနေသည့်အခြေအနေများ၊ လူသားချင်းစာနာထောက်ထားသော အကူအညီများပေးနေသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား လွတ်လပ်စွာ သွားလာလုပ်ကိုင်ခွင့်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့သည်မှာ ကုလသမဂ္ဂအတွက် ကြီးစွာသောအောင်မြင်မှုတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါကြောင်း ကုလအထွေထွေအတွင်းရေးမှူးချုပ်က ဂမ်ဘာရီ၏ခရီးစဉ်အပေါ် မှတ်ချက်ပြုပြောဆိုသည်။

နိုင်ငံရေးပလက်ဖောင်းပေါ်ရှိအချို့သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ NLDနှင့်တွေ့ဆုံမှု၊ ဆွေးနွေးမှုများပြုလုပ်ရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဘောတူညီခဲ့သည်ဟူသော ရိုက်တာသတင်းဌာန၏ သတင်းထုတ်ပြန်ချက်မှာလည်း မြန်မာနိုင်ငံရေးလေ့လာသူများအတွက် များစွာအံ့သြသွားစေခဲ့သည်ကို တွေ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ NLDဥက္ကဋ္ဌဦးအောင်ရွှေနှင့် ပါတီထိပ်တန်းအကြီးအကဲအချို့နှင့် မစ္စတာဂမ်ဘာရီတွေ့ဆုံခွင့်ရရှိလိုက်ခြင်းမှာလည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အလားအလာကောင်းသောရလဒ်တစ်ခုအဖြစ် ထိုစဉ်က မြန်မာနိုင်ငံရေးလေ့လာအကဲခတ်သူအများအပြား ခန့်မှန်းပြောဆိုခဲ့ကြမှုများရှိခဲ့သည်။

မေ ၃၀ ရက်နေ့၌ NLDအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားခြင်းကို ထပ်မံသက်တမ်းတိုးမြှင့်လိုက်ခြင်းဖြင့် နေအိမ်အကျယ်ချုပ်ဖမ်းဆီး ထိန်းသိမ်းခံရခြင်းမှ မလွတ်မြောက်လာခဲ့သေးသော်လည်း ယခင်ကုလအထူးသံရာဇာလီအစ္စမေးလ်၏ ခရီးစဉ်များထက် မစ္စတာဂမ်ဘာရီ၏ခရီးစဉ်က အလားအလာကောင်း ပိုမိုတွေ့မြင်ရကြောင်း မြန်မာ့အရေးလေ့လာသူများက သုံးသပ်ကြသည်။

## ဒုတိယခရီးစဉ်

မြန်မာ့နိုင်ငံရေးအခြေအနေအား ကုလလုံခြုံရေးကောင်စီ၌ တင်သွင်းဆွေးနွေးနေချိန် နိုဝင်ဘာ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်လည်ပတ်ခဲ့သော မစ္စတာဂမ်ဘာရီက ၎င်း၏ခရီးစဉ်သည် ‘များစွာစိတ် ကျေနပ်စရာဖြစ်ခဲ့ပါသည်’ဟု ခရီးစဉ်အဆုံး၌ ပြောဆိုသွားပါသည်။

နိုဝင်ဘာခရီးစဉ်နှင့် မေလခရီးစဉ်တို့အားယှဉ်ထိုးကြည့်မည်ဆိုလျှင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများမှာ ကွဲပြားသယောင်ရှိခဲ့သော်လည်း အနှစ်သာရအပိုင်းတွင် များစွာတူညီချက်များရှိနေသည်ကို တွေ့ရသည်။

ပထမခရီးစဉ်အတွင်း အမျိုးသားရင်ကြားစေ့ရေး၊ လူ့အခွင့်အရေးလေးစားရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအား ပိုမိုမြန်ဆန်စွာဖော်ဆောင်ရေးတို့အား ဖောင်းပေးဆွေးနွေးခဲ့သကဲ့သို့ ဒုတိယအခေါက်တွင်လည်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေးလေးစားလိုက်နာရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်တင်ဆောင်ရွက်ရေးများကိုသာ အလေးပေးဆွေးနွေးသွားခဲ့သည်ကို တွေ့ရသည်။ မေလခရီးစဉ်တုန်းကကဲ့သို့ပင် နိုဝင်ဘာခရီးစဉ်၌လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရပြီး ၎င်း၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ မေးမြန်းဖြစ်ခဲ့ခြင်းပင်ဖြစ်သည်။

အားလုံးမျှော်လင့်ခဲ့ကြသည်မှာ မစ္စတာဂမ်ဘာရီအနေနှင့် ၎င်း၏ခရီးစဉ်အတွင်း တွေ့ရှိခဲ့မှုများအားကုလရုံးချုပ်သို့ ပြန်ရောက်ချိန်အစီအစဉ်ခံမှုက နိုင်ငံတကာငြိမ်းချမ်းရေးအား ခြိမ်းခြောက်နေသည့်အတွက် မြန်မာ့အရေးအားကုလလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်ချပေးရန် တောင်းဆိုနေသော ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ဂျွန်ဘော်လ်တန်အပေါ် မည်မျှလွှမ်းမိုးနိုင်မှုရှိမည်နည်းဟူသော အချက်ပင်ဖြစ်သည်။

မြန်မာ့အရေးသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တိုက်ရိုက်ပတ်သက်သောကြောင့် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများနှင့် လက်ရှိမြန်မာနိုင်ငံအစိုးရကြား နိုင်ငံတည်ငြိမ်မှုအပေါ်အခြေပြု ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ဖြေရှင်းရနိုင်မည့်အနေအထားတစ်ရပ်ဖြစ်သည်ဟူသောအချက်ကို မီးမောင်းထိုးပြလိုက်ရာကျသည်ဟု ရှုမြင်သူများလည်း ရှိသည်။

မြန်မာအစိုးရခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မစ္စတာဂမ်ဘာရီပြောကြားခဲ့သော ဒီမိုကရက်တစ်နိုင်ငံတစ်ခုတည်ဆောက်ခြင်းဆိုင်ရာ သဘောတရားအယူအဆသည်ပင် မြန်မာနိုင်ငံအပေါ်ထားရှိသော ကုလသမဂ္ဂ၏ သဘောထားလေလား လေ့လာသူများအတွက် ဆန်းစစ်စရာဖြစ်နေသည်။

မစ္စတာဂမ်ဘာရီ၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ခြင်းသဘောတရားမှာ–

‘ငြိမ်းချမ်းမှုမရှိဘဲ နိုင်ငံဖွံ့ဖြိုးရေးအားလုပ်ဆောင်၍ ရနိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးမှုမရှိပါလျှင်လည်း ရေရှည်ခံ ငြိမ်းချမ်းရေးအားဖော်ဆောင်နိုင်လိမ့်မည်မဟုတ်ပေ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလေးစားလိုက်နာမှုများမရှိလျှင်လည်း ငြိမ်းချမ်းရေးကိုသော်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးရေးကိုသော်လည်းကောင်း ဖော်ဆောင်နိုင်လိမ့်မည်မဟုတ်ပေ။’

အချုပ်ကိုဆိုရပါလျှင် ၂၀၀၆ ခုနှစ်အတွင်း လာရောက်ခဲ့သော ကုလအထူးသံနိုက်ဂျီးရီးယားနိုင်ငံသား မစ္စတာဂမ်ဘာဂရီ၏ ခရီးစဉ်နှစ်ခုစလုံးမှ မြန်မာနိုင်ငံအတွက် နိုင်ငံတကာနိုင်ငံရေးအခင်းအကျင်း၌ မြန်မာနိုင်ငံတွင် ပကတိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ ခင်းကျင်းပြသနိုင်ခွင့်ရလိုက်သကဲ့သို့ တစ်ဖက်တွင်လည်း ဒီမိုကရေ

www.foreverspace.com.mm

စီးပွားပြုပြင်ပြောင်းလဲရေးကို အခြားနည်းလမ်းများဖြင့် ပံ့ပိုးဖေးမခြင်းတို့ဖြင့်သာ ကူညီသွားစေလိုသည့်သဘောထားအဖြစ် ရှုမြင်သူများလည်းရှိပါသည်။ ထို့ပြင် ၂၀၀၆ ခုနှစ်ကုန်ဆုံး၍ ၂၀၀၇ ခုနှစ်အတွင်း ချင်းနင်းဝင်ရောက်လာမည့် မြန်မာနိုင်ငံရေးခရီးအဖို့လည်း 'များစွာစိတ်ကျေနပ်စရာဖြစ်ခဲ့ပါသည်' ဟူသော ဂမ်ဘာရီ၏မှတ်ချက်မှာ များစွာအလားလာကောင်းသည့်၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအပေါ် ဆက်လက်ထားရှိနိုင်ဦးမည့် ကုလ၏သဘောထားတစ်ရပ်ဟု ဆိုရဖွယ်ရှိပေသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာအီဗရာဟင်အက်ဘူးလ်လာဂမ်ဘာရီသည် မတ်လ ၆ ရက်နေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ကြောင်း မတ်လ ၇ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

မစ္စတာဂမ်ဘာရီသည် မတ်လ ၆ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးညဏ်ဝင်းနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများကိုလည်းကောင်း၊ ၃နာရီ ၃၀ မိနစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ဌာနေကိုယ်စားလှယ်နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ မတ်လ ၇ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ပြောရေးဆိုခွင့်ရှိ အာဏာပိုင်အဖွဲ့နှင့်လည်းကောင်း၊ မတ်လ ၈ ရက်နေ့ နံနက် ၁၀ နာရီတွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခမ်း ထီခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဦးအောင်ရွှေခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်အပါအဝင် ကော်မရှင်အဖွဲ့ဝင်သုံးဦးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ မတ်လ ၉ ရက်နေ့ နံနက် ၉ နာရီ ၃၀ မိနစ်တွင် နိုင်ငံတော်ဧည့်ရိပ်သာ၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့နှင့်လည်းကောင်းတွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားချက်အရ သိရသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibranhim Agboola Gambari နှင့်အဖွဲ့ ဩဂုတ်လ ၁၈ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ကြောင်း ဩဂုတ်လ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။ Mr. Gambari သည် ဩဂုတ်လ ၁၈ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့်လည်းကောင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC နှင့်လည်းကောင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့်လည်းကောင်းတွေ့ဆုံခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။ ၎င်းသည် ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းက လေဘေးသင့်ဒေသတစ်ခုဖြစ်သော ကွမ်းခြံကုန်းမြို့နယ်သို့သွားရောက်ခဲ့ပြီး ညနေပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် တွေ့ဆုံခဲ့ကြောင်း ဩဂုတ်လ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ရေးသားထားသည်ကို တွေ့ရသည်။

၎င်းသည် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ကိုလည်းကောင်း၊ ငြိမ်းချမ်းရေးရယူထားသော ကရင်တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ့်အမျိုးသားအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အရွေးချယ်ခံတစ်သီးပုဂ္ဂလအဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်။ မစ္စတာဂမ်ဘာရီသည် ဩဂုတ်လ ၂၁ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် အဖွဲ့ဝင်များကိုလည်းကောင်း၊ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း ဩဂုတ်လ ၂၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

## မြန်မာ-အာဆီယံဆက်ဆံရေး

အာဆီယံရှေ့ဆက်သွားမည့် လမ်းကြောင်းတစ်လျှောက်၌ မြန်မာနိုင်ငံသည် ကြီးစွာသော ဆူးညှောင့်ခလုတ်ဖြစ်လျက်ရှိနေ၍ စောစီးစွာဖယ်ရှားပစ်ရန်သင့်ကြောင်း အမေရိကန်နှင့် အနောက်အင်အားကြီးနိုင်ငံများက ဖိအားပေးတိုက်တွန်းခဲ့စေကာမူ အာဆီယံအဖွဲ့ကြီးအနေနှင့် မြန်မာနိုင်ငံအပေါ် အဖွဲ့ဝင်တစ်ဦးအပေါ်ထားရှိသော ရပ်တည်ချက်မူဘောင်များဖြင့်သာ ၂၀၀၆ ခုနှစ် တစ်လျှောက်လုံး ဆက်ဆံလာခဲ့သည်ကို တွေ့ရသည်။

www.foreverspace.com.mm






မြန်မာ့အရေးအား လုံခြုံရေးကောင်စီအာဂျင်ဒါ၌ တင်သွင်းဆွေးနွေးမှုများ မည်မျှပင်ပြုလုပ်ခဲ့သည့်တိုင် အာဆီယံအဖွဲ့ကြီး၏ သဘောထားမှာ ဆက်လက်အပြုသဘောဆောင်လျက် ရှိနေပါသည်။

သို့သော်လည်း အဖွဲ့ဝင်ဆယ်နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဖွဲ့ကြီးထဲမှ မြန်မာ့နိုင်ငံရေးနှင့်စပ်လျဉ်း၍ များစွာအပြုသဘောဆောင်သော ရှုထောင့်မှ ရှုမြင်လျက်ရှိသော စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းကမူ မြန်မာ့အရေးသည် ပြင်ပနိုင်ငံများထင်ထားသည်နှင့်မတူဘဲ များစွာသိမ်မွေ့နက်နဲသောကြောင့် စိတ်ရှည်ရှည်ထား၍ ကိုင်တွယ်ဖြေရှင်းရမည့်အနေအထားရှိကြောင်း၊ အနောက်နိုင်ငံကြီးများ တိုက်တွန်းသည့်အတိုင်း အဖွဲ့ဝင်အဖြစ်မှ ရပ်စဲလိုက်ပါက မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်သောအကျပ်အတည်းများနှင့် မုချကြုံရမည်ဖြစ်၍ 'ခုတ်ရာတလွဲ၊ ရှရာတခြား' ဖြစ်သွားနိုင်စရာရှိကြောင်း ထောက်ပြပြောဆိုသွားခဲ့သည်။

စင်ကာပူနိုင်ငံအနေဖြင့် အနောက်နိုင်ငံများ ဖိအားပေးသည့်အတိုင်း မြန်မာနိုင်ငံအား အထီးကျန်စေခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းတို့မှာ ထိရောက်မှုမရှိနိုင်ဘဲ သာ၍ဆိုးသွားနိုင်စရာရှိကြောင်းကို ဇင်ဘာဘွေနိုင်ငံ၏ အဖြစ်အပျက်နှင့်ယှဉ်၍ ဝန်ကြီးချုပ်လီရှန်လွန်းက သုံးသပ်ပြောဆိုခဲ့ပါသည်။ ဇင်ဘာဘွေနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ တိုးတက်မှု တစ်စုံတစ်ရာမရှိဘဲ ဆိုးရွားလျက်သာရှိနေသောကြောင့် ဗြိတိန်အစိုးရက ဓနသဟာယနိုင်ငံအဖြစ်မှ ရပ်စဲပစ်ခဲ့သော်လည်း ယနေ့အထိ ဇင်ဘာဘွေနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေပြဇယားမှာ အောက်ခြေမှ မြင့်တက်လာနိုင်ခဲ့ခြင်းမရှိပုံနှင့် ခိုင်းနှိုင်းပြောဆိုသွားခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံတို့အနက် မြန်မာ့အရေးနှင့်ပတ်သက်ပြီး အမေရိကန်၊ အီးယူတို့နှင့် တစ်သံတည်းထွက်လေ့ရှိသော တစ်နည်းအားဖြင့် မြန်မာ့အရေး ပြည်ပမှဝင်ရောက်စွက်ဖက်ခြင်းအပေါ် ယုံကြည်သောနိုင်ငံဟူ၍ ၂၀၀၆ ခုနှစ် တစ်နှစ်လုံး မလေးရှားနိုင်ငံသာရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

အာဆီယံအဖွဲ့ကြီး၌ ရှေ့တန်းနေရာမှ နေရာယူထားကြသော ကျန်လေးနိုင်ငံဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့အနေဖြင့် အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်၌ပါရှိသော အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးအား မစွက်ဖက်ရေးမူနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ကြသကဲ့သို့ အပေါင်းလက္ခဏာဆောင်သော ရလဒ်များပေါ်ထွက်နိုင်ရာအကြောင်းတရားများကိုသာ တစ်နှစ်ပတ်လုံး ဖန်တီးပေးခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများအနေနှင့်မူ မြန်မာနိုင်ငံကဲ့သို့ ရှန်းထဆဲနိုင်ငံများဖြစ်၍ ရပ်တည်ချက်သဘောထားမှအစ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ထင်ထင်ပေါ်ပေါ် ဝေဖန်သုံးသပ်မှုမပြုခဲ့သလောက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအရေး ဝင်ရောက်မစွက်ဖက်ပါက ကုန်သွယ်ရေးစာချုပ်များချုပ်ဆိုခြင်းမှ ဆိုင်းငံ့ရပ်နားမည်ဟု အမေရိကန်အစိုးရအနေဖြင့် ခြိမ်းခြောက်ခဲ့စေကာမူ အာဆီယံအဖွဲ့ကြီးအနေဖြင့် ၎င်းတို့၏ရပ်တည်ချက်ကို မယိုင်မလဲကိုင်စွဲခြင်းဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုရှိနေခဲ့သည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သည့်အပြင် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့အများဆုံး ဝယ်ယူတင်သွင်းနေသော ထိုင်းနိုင်ငံအနေဖြင့်လည်း မြန်မာအစိုးရ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုယုံကြည်သည့် အသွင်သဏ္ဌာန်ပြခဲ့ကြောင်း နိုဝင်ဘာနှောင်းပိုင်းက လာရောက်ခဲ့သော ထိုင်းဝန်ကြီးချုပ်၏ခရီးစဉ်အရ သိရသည်။ သို့ဖြစ်သည့်အလျောက် ထိုင်းဝန်ကြီးချုပ် ချူလာနွတ်က နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာအစိုးရနှင့် ဆက်ဆံရေးပုံမှန်ရှိနေမည့်အခြေအနေများအား လှစ်ဟပြခဲ့ခြင်းမှာလည်း အာဆီယံအဖွဲ့ဝင်တစ်ခုလုံး၏သဘောဆန္ဒကို ဖော်ပြရာလည်းကျသည်။

အရှေ့တောင်အာရှနိုင်ငံများအရေး လေ့လာအကဲခတ်သူအများစုကမူ မကြာမီ ဖိလစ်ပိုင်၌ကျင်းပရန်ရှိသည့် အာဆီယံထိပ်သီးဆွေးနွေးပွဲ



www.foreverspace.com.mm

သို့ပြည်ထောင်စုမြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ဖွယ်မရှိသည့် အချက်ပေါ်မူတည်၍ အာဆီယံ–မြန်မာဆက်ဆံရေးလမ်းကြောင်း ပြောင်းသွားပြီဟု ကောက်ချက်မဆွဲနိုင်ကြောင်း၊ မြန်မာနိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအပေါ် အာဆီယံမှ ယုံကြည်မှုအပြည့်အဝပေးထားသကဲ့သို့ မြန်မာအစိုးရဘက်မှလည်း အာဆီယံ၏ ယုံကြည်မှုနှင့် ထိုက်တန်သော တုံ့ပြန်မှုတစ်ခုပေးလိမ့်မည်ဖြစ်ကြောင်း သုံးသပ်ပြောဆိုမှုများ ရှိနေပါသည်။ ဆိုရလျှင် ၂၀၀၆ ခုနှစ်၏ မြန်မာ–အာဆီယံဆက်ဆံရေးမှာ ရှေ့လျှောက်ကောင်းမွန်လာဖွယ်ရာ ရှိနေပါသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် များစွာအခရာကျသည့် ယုံကြည်မှုတစ်ခုကို အာဆီယံနှင့် မြန်မာနိုင်ငံတို့ကြား ခိုင်မြဲစွာဆောက် လုပ်နိုင်ခဲ့သည့် နှစ်တစ်နှစ်ဟု ဆိုရမည်သာ ဖြစ်ပေသည်။




## မြန်မာ-အမေရိကန် ဆက်ဆံရေးကောက်ကြောင်းပြောင်းမပြောင်း

နိုင်ငံခြားရေးမူတွင် မိတ်ဆွေ ရန်သူ ကျကျနနခွဲ၍ တင်းမာသောသဘောထားကို ကျင့်သုံးခဲ့သည့် အမေရိကန်သမ္မတဘွတ်ရှ်၏ ရာထူးသက်တမ်းရှစ်နှစ်တာကာလအပြီးတွင် အသစ်ရွေးကောက်တင်မြှောက်ခံရသော ဘားရက်အိုဘားမားမှာ ဘွတ်ရှ်နှင့် မည်မျှကွာခြားမည်ကို ၎င်းရာထူးလက်ခံခဲ့သည့် ဇန်နဝါရီလနောက်ပိုင်းကတည်းက စောင့်ကြည့်နေခဲ့ကြသည်။ ရာထူးလက်ခံ၍ ခြောက်လကျော် ခုနစ်လအတွင်းသို့ ချဉ်းနင်းရောက်ရှိလာချိန်တွင်မူ ကမ္ဘာ့အရပ်ရပ်တွင်ရှိသော အမေရိကားနှင့် ဆက်စပ်နေသည့်အရေးကိစ္စများအတွက် အမေရိကန်၏သဘောထား မည်သို့မည်ပုံရှိသည်ကိုလည်း အကဲခတ်နိုင်ခဲ့ပြီဖြစ်သည်။ အီရတ်စစ်ပွဲအရေးတွင် သမ္မတဘွတ်ရှ်နှင့် လုံးလုံးကွဲပြားသောသဘောထားရှိသော အိုဘားမားအစိုးရ၏မူမှာ အာဖဂန်နစ္စတန်၊ မြောက်ကိုရီးယား၊ အီရန်နှင့် မြန်မာအရေးတို့တွင် ယခင်အစိုးရနှင့် သံတူကြောင်းကွဲ မနီးယိုးစွဲမှုများကိုသာ ကျင့်သုံးနေဆဲဖြစ်ကြောင်း တွေ့ရသည်။

ဟီလာရီကလင်တန်၏ ဇူလိုင်လ အာရှခရီးစဉ်အပြီးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမေရိကန်တို့၏သဘောထားကို ပြတ်ပြတ်သားသားအကဲခတ်၍ရပြီဟု ဆိုနိုင်ပါသည်။ အာဆီယံရီဂျင်နယ်ဖိုရမ်သို့ မလာရောက်မီကပင် Soft Power ခေါ် ဒီပလိုမေစီသုံးခြင်းကို ပို၍နှစ်ခြိုက်သော သမ္မတအိုဘားမား၏အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားခြင်းကို မည်မျှအတိုင်းအတာအထိ ဆက်လက်ဆောင်ရွက်သွားမည်ကို မှန်းဆ၍မရနိုင်သေးဟု မှတ်ချက်ချသူများရှိခဲ့ကြသည်။

သမ္မတအိုဘားမားရာထူးလက်ခံပြီးနောက် မြန်မာနိုင်ငံရေးရာမူဝါဒများအပြောင်းအလဲဖြစ်တော့မည်လောဟူသော သံသယမှာလည်း မြန်မာနိုင်ငံသို့ အမေရိကန်အကြီးတန်း သံတမန်တစ်ဦးလာရောက်ခဲ့ခြင်းဖြင့် ပို၍ကြီးထွားလာသည်ဆိုလျှင်လည်း မမှားပေ။ ၂၀၀၉ မတ်လ ၂၄ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာညွှန်ကြားရေးမှူး မစ္စတာ စတီဖင်ဘလိတ်က မြန်မာနိုင်ငံ နေပြည်တော်သို့ လာရောက်ကာ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်နှစ်နိုင်ငံအကျိုးတူကိစ္စများဆွေးနွေးခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိခဲ့ပါသည်။ ထိုကဲ့သို့ အမေရိကန်၏အကြီးတန်းသံတမန်တစ်ဦးလာရောက်ခဲ့ခြင်းမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်သည့်အတွက်လည်း အိုဘားမားအစိုးရအနေဖြင့် မြန်မာနိုင်ငံရေးရာမူဝါဒနှင့် ပတ်သက်၍ မည်သို့အပြောင်းအလဲများဖြစ်လိုသနည်းဟု ပို၍စိတ်အားထက်သန်စွာ သိရှိလိုခဲ့ကြသည်။ သို့သော် အချို့သောပညာရှင်များကမူ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ထားရှိသော စီးပွားရေးပိတ်ဆို့ရေးမူကို မြန်မြန်ဆန်ဆန်ပယ်ရန်မှာ ဟီလာရီကလင်တန်အပါအဝင် အစိုးရအဖွဲ့ဝင်အနည်းငယ်၏သဘောထားအပြောင်းအလဲမျှနှင့်ပင်မဖြစ်နိုင်သေးဟု သတိပေးခဲ့ကြသည်။

ပြီးခဲ့သောဇူလိုင်လက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အာဆီယံသို့လာရောက်ရာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မူဝါဒရေရေရာရာသတ်မှတ်ရခြင်းမရှိသေးဘဲ အာရှသို့ နောက်တစ်ကြိမ်လာရောက်ခြင်းဖြစ်ပြီး အစိုးရသစ်မှာ နှစ်ပေါင်းများစွာအလုပ်မဖြစ်တော့သော ပိတ်ဆို့ရေးမူဝါဒကို ပြန်လည်သုံးသပ်နေဆဲအဆင့်တွင်သာရှိသေးသည်ဟု ယူဆခဲ့ကြသူများလည်းရှိသည်။ သို့

www.foreverspace.com.mm





သော် အာဆီယံဖိုရမ်သို့မတက်ရောက်မီ ဘန်ကောက်၌ ထိုင်းဝန်ကြီးချုပ် အဘီဆစ်နှင့်တွေ့ဆုံသည့်နေ့ကပင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံကို နိုင်ငံတကာကျင့်ဝတ်စည်းကမ်းများအား မလိုက်နာပါက အာဆီယံက အရေးယူသင့်သည်ဟု ပြောကြားခဲ့ပြီးနောက် အမေရိကန်တို့အနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသောသဘောထားမှာ အချို့မျှော်လင့်နေကြသလို Engagement ခေါ် ပျော့ပျောင်းသည့်သဘောတွင် လုံးလုံးမရှိလာသေးဟု ကောက်ချက်ဆွဲနိုင်ခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် အပြုသဘောဆောင်သောအပြောင်းအလဲများပြုလုပ်ပါက အနည်းဆုံး အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံခွင့်ပြုမည်ဟု ပွင့်ပွင့်လင်းလင်း မက်လုံးပေးခဲ့သည်။

မြန်မာနိုင်ငံဘက်မှလည်း အိုဘားမားအစိုးရတက်လာပြီးသည့်နောက်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သောအစီရင်ခံစာအချို့ကို ရုံဖန်ရံခါမီဒီယာပေါ်မှ တရားဝင်တုံ့ပြန်ခဲ့သည်ကို တွေ့ရသည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ၂၀၀၈ ခုနှစ် လူ့အခွင့်အရေးအစီရင်ခံစာတွင်ပါရှိသော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အချက်အလက်များမှာ မဟုတ်မှန်ကြောင်း မတ်လ ၄ ရက်နေ့တွင် ထုတ်ပြန်သော နိုင်ငံပိုင်သတင်းစာများတွင် ငြင်းဆိုခဲ့သည်ကို တွေ့ရသည်။ နောက်တစ်ကြိမ်မှာ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ထုတ်ပြန်သော နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူဟာအစီရင်ခံစာတွင် မြန်မာနိုင်ငံမှာ နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် တာဝန်သိသိပါဝင်ဆောင်ရွက်မှုပျက်ကွက်ခဲ့သည့် နိုင်ငံသုံးနိုင်ငံတွင် တစ်နိုင်ငံဖြစ်နေကြောင်းဖော်ပြချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံက ချက်ချင်းပြန်လည်တုံ့ပြန်ခဲ့သည်ကို တွေ့ရသည်။

အာဆီယံတွင်ပေးခဲ့သော ဟီလာရီကလင်တန်၏မက်လုံးအတွက် မြန်မာနိုင်ငံက ပြန်လည်တုံ့ပြန်သည်ကိုမူ မတွေ့ရသေးပေ။ အမေရိကန်၏ မြန်မာ့ရေးရာပေါ်လစီကို သုံးသပ်သူအချို့ကမူ ဟီလာရီကလင်တန် မည်မျှပင်မက်လုံးပေးစေကာမူ ကွန်ဂရက်မှ အတည်ပြုချက်တစ်စုံတစ်ရာမရဘဲ ရုတ်ခြည်းချက်ချင်းလက်ငင်းပြောင်းလဲ၍မဖြစ်နိုင်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၉၀ ပြည့်နှစ်များအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနသည် အကြောင်းကြောင်းကြောင့် မြန်မာနှင့်ပတ်သက်သည့် မူဝါဒရေးရာချမှတ်သည့်အလုပ်ကို ကွန်ဂရက်သို့လွှဲချပေးလိုက်ရာ မြန်မာနိုင်ငံနှင့်ပတ်သက်သောမူများသည် ဥပဒေများအဖြစ် ပေါ်ထွက်လာခဲ့ပြီးဖြစ်သောကြောင့် Executive Branch အုပ်ချုပ်ရေးအာဏာပိုင်းမှ သမ္မတအပါအဝင် နိုင်ငံခြားရေးဝန်ကြီးများမှာ မြန်မာနှင့်ပတ်သက်သော မူဝါဒအပြောင်းအလဲကို ကွန်ဂရက်၏အတည်ပြုချက်မပါဘဲ ချက်ချင်းလက်ငင်းမပြောင်းနိုင်သောကြောင့် ဖြစ်သည်။

## အာဆီယံအဖွဲ့ဝင်များ၏ အခြေခံကျင့်ဝတ်

အာဆီယံအဖွဲ့ဝင်များ စောင့်ထိန်းအပ်သော အခြေခံစည်းမျဉ်းစည်းကမ်းများကို 'The Treaty of Amity and Cooperation' တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

– အဖွဲ့ဝင်နိုင်ငံတစ်ခု၏ လွတ်လပ်ခြင်း၊ အချုပ်အခြာအာဏာ၊ ညီမျှခြင်း၊ နယ်နိမိတ်နှင့် အမျိုးသားရေးအမှတ်အသားများကို အပြန်အလှန်လေးစားမှုထားရေး။

– ပြင်ပမှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဖိအားပေးခြင်းများကင်းသော မိမိနိုင်ငံ၏ ရပ်တည်ခွင့်ကို ဖော်ဆောင်ရန်အဖွဲ့ဝင်နိုင်ငံတိုင်း၌ အခွင့်အရေးရှိခြင်း။

– အဖွဲ့ဝင်တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်မစွက်ရေး။

– အဖွဲ့ဝင်အချင်းချင်းကြား အငြင်းပွားမှုများ၊ ပြဿနာများပေါ်ပေါက်လျှင် ငြိမ်းချမ်းစွာဖြေရှင်းရေး။

– ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်းကို စွန့်လွှတ်ရေး။

– အဖွဲ့ဝင်များကြား ထိရောက်သောပူးပေါင်းဆောင်ရွက်မှုရှိရေး။

www.foreverspace.com.mm



## အာဆီယံနှင့်မြန်မာကြား ရင်းနှီးမှုသိပ်သည်းဆ အစမ်းသပ်ခံ မခံ

ထိုင်းနိုင်ငံက အာဆီယံဥက္ကဋ္ဌရာထူးကို လွှဲပြောင်းယူလိုက်ချိန်တွင် အာဆီယံအတွင်း၌ အရေးပါသောအဖြစ်အပျက်များနှင့် ကြုံကြိုက်ခဲ့ပါသည်။ ၂၀၀၈ ဒီဇင်ဘာတွင် အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးလိုက်ပြီးနောက် အာဆီယံသည် ပဋိညာဉ်စာတမ်းကို စတင်လိုက်နာရသည့်အချိန်ဖြစ်လာသည်။ အာဆီယံ၏ တစ်နှစ်နှင့်တစ်နှစ် လှုပ်ရှားပုံများမှာ ဂျကာတာတွင် ရုံးစိုက်သောအာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးထက်စာလျှင် ဥက္ကဋ္ဌတာဝန်ကို ယူထားသော အိမ်ရှင်နိုင်ငံ၏သဘောထားအပေါ် များစွာမူတည်ရာ အာဆီယံ၏တစ်နှစ်တာ အစီအမံများသည် အစည်းအဝေးများကျင်းပရာ အာဆီယံနိုင်ငံ၏ အကျယ်ချဲ့မှု၊ အကျဉ်းချုံးမှုများပေါ်တွင် မူတည်၍ လှုပ်ရှားကြပါသည်။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး၏အလုပ်မှာမူ တစ်နှစ်တာလျာထားသော လုပ်ငန်းတာဝန်များ၊ အစီအစဉ်များကို ပံ့ပိုးရေးသာဖြစ်ပြီး အသေးစိတ်ကိုမူ အိမ်ရှင်နိုင်ငံကသာ စီမံပါသည်။ ထိုင်းနိုင်ငံသည် အာဆီယံကို အစိုးရများနှင့်သာဆိုင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် မရပ်တည်လိုတော့ဘဲ ဒေသတွင်းရှိသာမန်ပြည်သူများနှင့် ပို၍နီးကပ်သောအာဆီယံဖြစ်လာစေရန်အတွက် ဖေဖော်ဝါရီလတွင် ဟွာဟင်းကမ်းခြေ၌ ကျင်းပခဲ့သော အာဆီယံအစည်းအဝေးများ၌ အရပ်ဘက်လူ့အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်ခဲ့သည့်အပြင် ASEAN People Forum ကိုလည်း ဘန်ကောက်မြို့ ချူလာလောင်ကောင်းတက္ကသိုလ်၌ ကျင်းပပေးခဲ့သည်။ ယခုနှစ်အတွင်း အာဆီယံသည် ပဋိညာဉ်စာတမ်းပါအပိုဒ် ၁၄ ကို လိုက်နာသောအားဖြင့် အာဆီယံလူ့အခွင့်အရေးအဖွဲ့ကြီးကို ဖွဲ့စည်းလိုက်သည်။ ပြီးခဲ့သည့် ဇူလိုင်လတွင် ဖူးခက်၌ပြုလုပ်ခဲ့သော (၄၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ထိုလူ့အခွင့်အရေးအဖွဲ့ကြီးအတွက် အခြေခံစည်းမျဉ်းစည်းကမ်းများ (Term of Reference) များကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

လူ့အခွင့်အရေးဟူသောရှုထောင့်မှကြည့်လျှင် ပြဿနာကိုယ်စီနီးပါးရှိကြသော အာဆီယံနိုင်ငံများ၌ ဤကဲ့သို့ လူ့အခွင့်အရေးကို အလေးထားသော အဖွဲ့အစည်းတစ်ရပ်ပေါ်လာခြင်းမှာ အပြုသဘောဆောင်သောလက္ခဏာသာဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒေသတွင်း နိုင်ငံစုံအဖွဲ့အစည်းအချို့တွင် ကိုယ်ပိုင်လူ့အခွင့်အရေးကို အကာအကွယ်ပေးသည့် အဖွဲ့အစည်းကြီးများရှိကြသည်။ လက်ရှိအချိန်အထိ အာဆီယံလူ့အခွင့်အရေးအဖွဲ့အပါအဝင် လေးခုခန့်ရှိပြီဟုဆိုနိုင်ပါသည်။ ကျန်သုံးခုမှာ ဥရောပလူ့အခွင့်အရေးကော်မရှင်၊ အမေရိကလူ့အခွင့်အရေးကော်မရှင်နှင့် အာဖရိကလူ့အခွင့်အရေးကော်မရှင်တို့ဖြစ်ကြသည်။ လူသားတို့၏အခွင့်အရေးကို ကာကွယ်ရာတွင် ထိုဒေသတွင်း အဖွဲ့ကြီးသုံးခု၌ ထိရောက်ပုံကိုကြည့်လျှင် အာဖရိကမှာ စွမ်းဆောင်ရည်အနည်းဆုံးဖြစ်သည်ကို တွေ့ရသည်။ ယခုအခါ အာဆီယံလူ့အခွင့်အရေးအဖွဲ့ပေါ်လာပြီဖြစ်ရာ ထိုအဖွဲ့မှာ အာဖရိကနှင့် စွမ်းဆောင်ရည်နှိုင်းယှဉ်ရာတွင် မည်မျှကွာခြားနိုင်သည်ကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

မူအရမူ လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရာ၌ ပညာရှင်များက နှစ်ပိုင်းခွဲ၍ ပြောကြသည်။ Protecting(ကာကွယ်ခြင်း) နှင့် Promoting(ကာကွယ်ရန်ဆော်ဩရေး)ဖြစ်သည်။ ဤ



www.foreverspace.com.mm



တွင် Protecting နှင့် Promoting ကြား ကွာဟချက်ရှိပါသည်။ Promoting ဟုဆိုလျှင် အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအားလုံး လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရန်တိုက်တွန်းခြင်း၊ အားပေးခြင်း၊ အစီအစဉ်များပူးပေါင်းဆောင်ရွက်ခြင်း၊ လူထုကို ပညာပေးခြင်း အစရှိသည့်တာဝန်များကို ရည်ညွှန်းလိုခြင်းဖြစ်ပြီး Protecting ဟုဆိုလျှင်ကာ ထိုသို့ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုလုပ်ရန် ပျက်ကွက်သောနိုင်ငံများကို မည်သို့မည်ပုံအရေးယူမည်ဟူသော စည်းကမ်းပိုင်းများကို ရည်ညွှန်းပါသည်။

၂၀၀၉ ဇူလိုင်လ တတိယပတ်တွင် ထုတ်ပြန်ခဲ့သည့် အာဆီယံလူ့အခွင့်အရေးအဖွဲ့ကြီး၏ TOR မှာ Promotion ကိုသာ အသားပေးထားပြီး Protecting ပိုင်းကို လျစ်လျူရှုထားသဖြင့် အာဆီယံလူ့အခွင့်အရေးအဖွဲ့ကြီးမှာ နောက်ဆုံးတွင် သွားမရှိသောကျားတစ်ကောင်နှင့်သာတူကြောင်း လူ့အခွင့်အရေးကို နှိုးဆော်ကြသောအရပ်ဘက်လူ့အဖွဲ့အစည်းဟူသောခေါင်းစဉ်အောက်မှ NGO များက ဝေဖန်ခဲ့ကြသည်။

သို့သော် အာဆီယံအဖွဲ့ကြီးကမူ ၎င်းတို့၏ TOR မှာ အနှစ်မရှိသော စာတမ်းကြီးမဟုတ်ကြောင်း ပြန်လည်ချေပခဲ့ပြီး အာဆီယံ ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ကလည်း အာဆီယံအနေဖြင့် Protecting ပိုင်းကိုအရေးပေး၍ လူ့အခွင့်အရေးချိုးဖောက်သောနိုင်ငံကို အရေးယူရမည်ဆိုလျှင် ဖြစ်လာနိုင်သည့်ဆိုးကျိုးများကြောင့် အဖွဲ့ကြီး၏လူ့အခွင့်အရေးလုပ်ငန်းစဉ်များမှာ ရှေ့တိုး၍မရတော့မည့်အခြေအနေဖြစ်သွားနိုင်ကြောင်း၊ ထိုအခြေအနေထက်စာလျှင် Promoting ဖြင့်စတင်ရခြင်းက ပို၍အပေါင်းလက္ခဏာဆောင်နိုင်ကြောင်းပြောကြားခဲ့သည်။

အချို့သောဝါရင့်အာဆီယံကျွမ်းကျင်သူများကမူ အာဆီယံပဋိညာဉ်စာတမ်းကို လက်မှတ်ထိုးပြီးနောက်ပိုင်းတွင် အာဆီယံသည် နိုင်ငံတကာစံချိန်စံညွှန်းများ၊ ဥပဒေများကို ပို၍လိုက်နာရတော့မည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများ၌ လူ့အခွင့်အရေးချိုးဖောက်မှုရှိခဲ့လျှင် ပဋိညာဉ်စာတမ်းကို လက်မှတ်မထိုးရသေးသည့်ကာလကကဲ့သို့ ငဲ့ညှာနေတော့မည်မဟုတ်ဟု သုံးသပ်ကြသည်။

ဥပမာ–အင်ဒိုနီးရှားသည် လွန်ခဲ့သော ၁၂ နှစ်ခန့်က မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ အာဆီယံသို့ဝင်ရောက်ခွင့်ရရေးအတွက် အရေးဆိုပေးခဲ့သည်။ ထိုသို့အရေးဆိုရာတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အလီအလာတပ်စ်ပြောခဲ့သော စကားတစ်ခွန်းရှိပါသည်။ နိုင်ငံတစ်ခုကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုသို့ ဝင်ရောက်ခွင့်ပေးရန် စံများသတ်မှတ်ရာတွင် လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ မဖောက်ခြင်းမှာ ပေတံတစ်ချောင်းမဖြစ်သင့်ဟုဆိုခဲ့သည်။ နောက် ၁၂ နှစ်အကြာတွင် အင်ဒိုနီးရှားမှာ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ နိုင်ငံ၏အဓိကနိုင်ငံခြားရေးမူဝါဒဖော်ဆောင်ရာတွင် အာဆီယံကို အရည်အသွေးမြှင့်တင်ရေးကို ရှေ့တန်းတင်လာခဲ့သောနိုင်ငံတစ်ခုဖြစ်လာပြီဖြစ်သည်။

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်သည် မြန်မာနိုင်ငံကို အကြောင်းပြု၍ အာဆီယံပဋိညာဉ်စာတမ်းကြီးကို လက်မှတ်ထိုးရန်အချိန်ဆွဲနေခဲ့သော နိုင်ငံနှစ်ခုဖြစ်ပါသည်။ လောလောဆယ်တွင် ထိုနှစ်နိုင်ငံမှာ ထိုင်း၏ဒီမိုကရေစီခြစားခံရချိန်၌ ၎င်းတို့၏ ဒီမိုကရေစီရေချိန်မှာ တက်လာခဲ့သောကြောင့်ဖြစ်သည်။ အာဆီယံမှာ နိုင်ငံတကာတန်ဖိုးများကို အမီလိုက်ရာတွင် နှေးလွန်းသောကြောင့် အာဆီယံထက်စာလျှင် အခြားဒေသတွင်းအဖွဲ့အစည်းများနှင့်ဆက်ဆံရေးကို ဖန်တီးလိုပြီဖြစ်ကြောင်း အင်ဒိုနီးရှားပါလီမန်က ဆွေးနွေးစပြုလာပြီဖြစ်သည်။ အများစုကမူ အာဆီယံသည် မြန်မာနိုင်ငံကို အထီးကျန်ကျဉ်ထားခြင်းအားဖြင့်အကျိုးမဖြစ်ထွန်းနိုင်ဟု ယူဆကြသည်။ တစ်ချိန်တည်းမှာပင် အစဉ်အလာအားဖြင့် အာဆီယံ၏ဒေသတွင်း အစိုးရများအပေါ် ပျော့ပျောင်းစွာ အလိုလိုက်မှုကို အားမလိုအားမရဖြစ်ကြသည်။ ဥပမာ–၂၀၀၆ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံသည် ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်ခံထားရသော ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်၏အစိုးရကိုဖြုတ်ချ၍ စစ်တပ်က အာဏာသိမ်းလိုက်သည်။ ထိုစစ်တပ်က အာဏာသိမ်းအုပ်ချုပ်နေသည့် တစ်နှစ်ကြာကာလအတွင်း ကျင်းပသော အာဆီယံအစည်းအဝေးများသို့တက်ရောက်သည့် ထိုင်းထိပ်တန်းစစ်အစိုးရကိုယ်စားလှယ်ကြီးများ၏ တရားဝင်မှု မဝင်မှုကို အာဆီယံအဖွဲ့ဝင်မည်သူတစ်ဦးတစ်ယောက်ကမျှ မမေးမြန်းခဲ့ကြပါ။ ပြဿနာမရှာခဲ့ကြပါ။ ထို့ပြင် မလေးရှားနှင့် စင်ကာပူ အစရှိသည့်နိုင်ငံများမှာ အတိုက်အခံများကို Internal Security Act ကိုသုံး၍ နှိမ်နင်းသောကိစ္စမျိုးမှာ အာဆီယံအစည်းအဝေးများပေါ်သို့ ရောက်လာလေ့မရှိပါ။

၂၀၀၈ မေလတွင်ကျရောက်ခဲ့သော နာဂစ်မုန်တိုင်း နောက်ဆက်တွဲပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့သော အခန်းကဏ္ဍကိုမူ အာဆီယံက ဂုဏ်ယူလေ့ရှိပါသည်။ အထူးသဖြင့် အာဆီယံ၏အကူအညီပေးမှုမှာ အဖွဲ့ဝင်များအားလုံးလက်မှတ်ရေးထိုးထားခဲ့သော The ASEAN Agreement on Disaster Management and Emergency Repsonse ဟုခေါ်သည့် စာချုပ်ပါအချက်များနှင့် အကျုံးဝင်၍လည်းဖြစ်ပါသည်။ အာဆီယံနှင့်တကွ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ဖူးသော လက်ရှိအာဆီယံအထွေထွေအတွင်းရေးမှူး ဆူရင်ပစ်ဆူဝမ်၏ စိတ်အားထက်သန်မှု၊ ကမကထပြုမှုတို့ဖြင့်ပေါ်ပေါက်လာခဲ့သော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ TCG သည် ၂၀၁၀ အထိ နာဂစ်ဒဏ်ခံဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ဖွယ်ရှိသည်။

လက်ရှိ TCG ကရရှိခဲ့သောအောင်မြင်မှုအသီးအပွင့်များကို ဂုဏ်ယူသောအားဖြင့်လည်းကောင်း၊ ဤသို့အာဆီယံ၏လှုပ်ရှားမှုများကို နောင်တွင်လည်း စံနမူနာယူကြရန်အတွက်လည်းကောင်း "A Bridge to Recovery: ASEAN's Response to Cyclone Nargis" စာအုပ်အဖြစ် မှတ်တမ်းတင်၍ (၄၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံရီဂျင်နယ်ဖိုရမ်တို့တွင် ဇူလိုင်လတတိယပတ်က ဖြန့်ချိခဲ့ပါသည်။ ထိုစာအုပ်ပါ

www.foreverspace.com.mm



မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်နေသော လုပ်ရှားမှုများကို အောက်ပါအတိုင်း အကျဉ်းချုံးဖော်ပြအပ်ပါသည်။

## ၂၀၀၈-၂၀၀၉ ကာလအတွင်းနာဂစ်ဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေးအတွက် အာဆီယံ၏လုပ်ရှားမှုများ

၅ မေ၊ ၂၀၀၈-၄၈ နာရီကြာ တိုက်ခတ်ခဲ့သောမုန်တိုင်းအပြီး ဒေါက်တာဆူရင်ပစ်ဆူဝမ်၏ဦးဆောင်မှုဖြင့် ဘန်ကောက်၌ အကူအညီပေးရေးအစီအစဉ်များစတင်ရေးဆွဲ၊ ဖိလစ်ပိုင်နှင့်စင်ကာပူတို့က UN Disaster Assessment and Coordination (UNDAC) ရုံးသို့ ဘေးဒုက္ခဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ စတင်စေလွှတ်၊ ဂျာကာတာအာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံနိုင်ငံများအားလုံးသို့ အသင့်အနေအထားဖြစ်ရေးတပ်လှန့်၊ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် အာဆီယံနိုင်ငံများအားလုံးရှိ အစိုးရများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများသို့ မြန်မာနိုင်ငံကိုကူညီရန် တရားဝင်အကြောင်းကြားနှိုးဆော်၊ ၂၀၀၈ မေလ ၈ ရက်နေ့တွင် ဂျာကာတာရုံးကအရေးပေါ်ရန်ပုံငွေစတင်ချထား။

၉-၁၈ မေ၊ ၂၀၀၈ – ASEAN Coorporation Fund for Disaster Assistance (ACDM) အနေဖြင့် အရေးပေါ်လိုအပ်ချက်များသုံးသပ်ရေးအဖွဲ့စတင်စေလွှတ်။ လုပ်ငန်းဖွဲ့စည်းရေး၊ ရေနှင့်သန့်ရှင်းရေး၊ ကျန်းမာရေး၊ ရိက္ခာကျွမ်းကျင်သူပညာရှင်များပါဝင်။ မြန်မာနိုင်ငံအစိုးရနှင့် UNDAC အကူအညီဖြင့် ASEAN ၏ Early Recovery Assessment Team ပေါ်ထွက်လာပြီးနောက် ထိုအဖွဲ့က လူသားချင်းဆိုင်ရာအကူအညီပေးရေးအတွက် (Humanitarian Coalition) အဖြစ် အဖွဲ့အစည်းတစ်ရပ်အသွင်ထူထောင်ရန် အကြံပြု။

၁၉ မေ၊ ၂၀၀၈ – စင်ကာပူတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးခေါ်ယူ၊ နိုင်ငံတကာမှရရှိလာသောအရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေများကို ထိရောက်စွာသုံးစွဲနိုင်ရေး၊ ဖြန့်ဖြူးနိုင်ရေးနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရန် အာဆီယံကဦးဆောင်၍ ညွှန့်ပေါင်းအဖွဲ့အစည်းတစ်ရပ် သီးသန့်ဖွဲ့စည်းရန် ဆုံးဖြတ်။ ASEAN Humanitarian Task Force ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဆင့်မြင့်အရာရှိ ၂၀ ဖြင့် ဖွဲ့စည်း။ ဆူရင်ပစ်ဆူဝမ်ကို ဥက္ကဋ္ဌအဖြစ်တင်မြှောက်။ AHTF ကို အကူအညီများပံ့ပိုးနိုင်ရေးအတွက် မြန်မာနိုင်ငံ၏အိမ်နီးချင်းများဖြစ်သော တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယမှပညာရှင်များပါဝင်သော အကြံပေးဘုတ်အဖွဲ့တစ်ရပ်ဖွဲ့စည်း။ ထိုအဖွဲ့တွင် UN ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာ NGO ကြီးများပါဝင်၊ အလှူရှင်နိုင်ငံကြီးများ အကြံပေးအဖွဲ့တွင်ပါဝင်လာရန် AHTF က တိုက်တွန်း။

၂၅ မေ၊ ၂၀၀၈ – ရန်ကုန်တွင် အာဆီယံနှင့် UN တို့ပူးတွဲကျင်းပသော နိုင်ငံတကာလှူဒါန်းမှုများကတိကဝတ်ပြုရေးကွန်ဖရင့်တစ်ရပ်ကျင်းပ။ ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်၊ မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့မှကိုယ်စားလှယ်ကိုးဦးစီပါဝင်သော ရန်ကုန်အခြေစိုက်သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ (Tripartite Core Group) ပေါ်ပေါက်။ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကို အထောက်အကူပေးရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်က ရန်ကုန်တွင် ပူးပေါင်းဆောင်ရွက်ရေးရုံးခွဲတစ်ရပ်စတင်တည်ထောင်။

၃၁ မေ၊ ၂၀၀၈ – TCG က ရန်ကုန်တွင် ပထမဆုံးအကြိမ်အစည်းအဝေးပြုလုပ်။ မုန်တိုင်းနောက်ဆက်တွဲပျက်စီးမှုပမာဏအတိုင်းအဆကို သိရှိနိုင်ရန် Post Nargis Joint Assessment (PONJA) ကောက်ယူရန်ဆုံးဖြတ်။

၂ ဇွန်၊ ၂၀၀၈ – PONJA စစ်တမ်းကောက်ယူရေးအဖွဲ့များကို WFP မှ ငှားရမ်းထားသောရဟတ်ယာဉ် ၁၀ စင်းဖြင့် အချက်အလက်ကောက်ယူရန်စေလွှတ်။

၁၀-၁၉ ဇွန်၊ ၂၀၀၈ – PONJA အဖွဲ့ဝင် ၂၅၀ တို့က မုန်တိုင်းသင့်မြို့ပေါင်း ၃၀ ရှိ ရွာ ၂၉၁ ရွာသို့ သွားရောက်ခဲ့။

၂၃ ဇွန်၊ ၂၀၀၈ – မြစ်ဝကျွန်းပေါ်တွင် ကယ်ဆယ်ရေးအကူအညီများဆောင်ရွက်ခဲ့သည့် ပြည်တွင်းပြည်ပမှ ဆေးပညာရှင်များ၏အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပ။

၂၄ ဇွန်၊ ၂၀၀၈ – AHTF က ရန်ကုန်တွင် ASEAN Roundtable for Post-Nargis Joint Assessment for Response, Recovery and Rehabilitation ကို ကျင်းပ။ ဒေသတွင်းမှ သဘာဝဘေးအန္တရာယ်အတွေ့အကြုံရှိခဲ့ဖူးသည့်နိုင်ငံများမှ ပညာရှင်များပါဝင်ဆွေးနွေး။

၂၁ ဇူလိုင်၊ ၂၀၀၈ – စင်ကာပူတွင်ပြုလုပ်သော (၄၁) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် PONJA အစီရင်ခံစာကို စတင်ဖြန့်ချိ။ တစ်ချိန်တည်းတွင်ပင်

www.foreverspace.com.mm



ရန်ကုန်၌ မီဒီယာများ၊ NGO များကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဖြန့်ချိ။

၂၆ နိုဝင်ဘာ၊ ၂၀၀၈ – TCG Roundtable ထပ်မံကျင်းပ၊ ပြန်လည်ထူထောင်ရေးရှေ့လုပ်ငန်းစဉ်များကိုဆွေးနွေး။

၁၇ ဇန်နဝါရီ၊ ၂၀၀၉ – AHTF ၏ ငါးကြိမ်မြောက်အစည်းအဝေးကျင်းပ။ နာဂစ်ဒဏ်ခံဒေသများရှိ အရေးပေါ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်။ အာဆီယံအနေဖြင့် TCG ၏ရှေ့အခန်းကဏ္ဍကို ဆွေးနွေး။

၉ ဖေဖော်ဝါရီ၊ ၂၀၀၉ – TCG က The Post-Nargis Recovery and Preparedness Plan (PONREPP) စာအုပ်ကို စတင်ထုတ်ဝေ။

၂၇ ဖေဖော်ဝါရီ၊ ၂၀၀၉ – ထိုင်းနိုင်ငံတွင်ကျင်းပသော (၁၄) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် TCG နှင့် AHTF တို့၏လုပ်ငန်းများကို ၂၀၁၀ ဇူလိုင်အထိဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများကဆုံးဖြတ်။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ရာထူးမှ နောင်တွင် ဒေသတွင်း၌ ဘေးအန္တရာယ်ကြီးများကျရောက်လာတိုင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရေးအတွက် ASEAN Humanitarian Assistance Coordinator ရာထူးကိုပါ ပူးတွဲယူရမည်ဖြစ်ကြောင်း ဆုံးဖြတ်။ ထို့ပြင် နာဂစ်မုန်တိုင်းသင့်ဒေသများ၏ တိုးတက်မှုနှင့် လိုအပ်ချက်များကို စဉ်ဆက်မပြတ်လေ့လာရန် ဒုတိယအကြိမ် Periodic Review နှင့် Social Impact Monitoring စစ်တမ်းများကောက်ယူရန်ဆုံးဖြတ်။ ထိုထိပ်သီးညီလာခံ၌ PONREPP က သုံးနှစ်စာချမှတ်ထားခဲ့သော စီမံကိန်းများအကောင်အထည်ဖော်နိုင်ရေးအလေးပေးဆွေးနွေး။

၂ ဇူလိုင်၊ ၂၀၀၉ – AHTF ၏ ခြောက်ကြိမ်မြောက်အစည်းအဝေးကို ဂျကာတာတွင်ကျင်းပ။ PONREPP က ချမှတ်ထားသော မဟာဗျူဟာများနှင့် မြန်မာနိုင်ငံအစိုးရ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာများ အံ့ဝင်ခွင်ကျပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး။

## ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့ကြားမှ လတ်တလောဆက်ဆံရေး

နာဂစ်မုန်တိုင်းတိုက်ခတ်ခံရပြီးနောက်ပိုင်းမှစ၍ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ပို၍တက်ကြွစွာ အင်အားစိုက်ထုတ်ခဲ့သော ကုလသမဂ္ဂသည် ၂၀၀၉ ခုနှစ်နှစ်လယ်ပိုင်းရောက်သည့်တိုင်အောင် အရှိန်မလျော့သေးသည်ကို တွေ့ရပါသည်။ ရန်ကုန်တွင်ရှိနေကြသော UNDP, OCHA, WFP နှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့မှစ၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအားလုံးမှာ မုန်တိုင်းမဖြစ်မီကာလကထက် လုပ်ငန်းတာဝန်များ ချဲ့ထွင်လာခဲ့ကြသည်ကိုလည်း သတိထားမိခဲ့ကြပြီးဖြစ်ပါသည်။ ကုလလှုပ်ရှားမှုများထဲမှ မကြာသေးခင်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ခရီးစဉ်ကမူ တစ်ကမ္ဘာလုံး၏ အာရုံကို ရက်အတော်ကြာဆွဲယူနိုင်ခဲ့ပါသည်။ ဇူလိုင်လ ၃ ရက်နှင့် ၄ ရက်ခရီးစဉ်အပြီး မြန်မာနိုင်ငံမှအပြန်တွင် အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက 'မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ၎င်း၏ခရီးစဉ်ရည်ရွယ်ချက်အောင်မြင်သည်၊ မအောင်မြင်သည်ကို သုံးသပ်ကြရာ၌ ၎င်းအနေဖြင့် မြန်မာနိုင်ငံမှအထွက်တွင် ပြန်လည်ယူဆောင်လာနိုင်ခဲ့သော အောင်မြင်မှုများကိုကြည့်၍ အကဲမဖြတ်ကြဘဲ မြန်မာနိုင်ငံတွင် ၎င်းအနေဖြင့် ချန်ထားနိုင်ခဲ့သော အရာများကိုကြည့်၍ အကဲခတ်ကြပါ'ဟု ပြောဆိုလိုက်သည်။ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ကြိုးပမ်းမှုမှာ အတွင်းရေးမှူးချုပ်၏ ခရီးစဉ်များမတိုင်မီ ၂၀၀၆ ခုနှစ်လောက်ကပင် ကြိမ်ရေခပ်စိပ်စိပ်ရှိလာခဲ့ကြောင်း သတိပြုမိကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရနှင့်ဆက်ဆံရေးတွင် အလွန်ပျော့ပျောင်းသော ချဉ်းကပ်ပုံကို သုံးစွဲသောကြောင့် နိုင်ငံတကာမီဒီယာများက အားမလိုအားမရဖြစ်ခဲ့ကြသော အီဗရာဟင်ဂမ်ဘာရီသည် ကုလသမဂ္ဂ၏ အထူး



www.foreverspace.com.mm

သံတမန်အဖြစ် ၂၀၀၆ ခုနှစ် နိုဝင်ဘာလမှစ၍ ၂၀၀၉ ခုနှစ် ဖွန်လအထိ မြန်မာနိုင်ငံသို့ ရှစ်ကြိမ်တိတိလာရောက်ခဲ့သည်ကို တွေ့ရပါသည်။ နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာဆက်ဆံရေးပညာကို ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် ကိုလံဘီယာတက္ကသိုလ်မှ ပါရဂူဘွဲ့ရယူခဲ့သော မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံအရေးကို သံတမန်နည်းကျကျကိုင်တွယ်နိုင်မည်ဟု မျှော်လင့်၍ ကုလသမဂ္ဂက အထူးတာဝန်ပေးခဲ့ခြင်းလည်းဖြစ်သည်။ ယခင်မှတ်တမ်းများအရ ဂမ်ဘာရီ၏ ကုလအမှုထမ်းသက်တမ်းတစ်လျှောက် သံခင်းတမန်ခင်းဖြင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်သော အောင်မြင်မှုများလည်းရှိခဲ့သည်။ ၎င်းမှာ ၁၉၉၀ ပြည့်နှစ်များတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ အမိနိုင်ငံနိုက်ဂျီးရီးယားကိုယ်စားပြုတက်ရောက်ခဲ့သော ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ နောင်တွင် နိုက်ဂျီးရီးယားနိုင်ငံမှာ စစ်တပ်၏အုပ်ချုပ်မှုအောက်၌ရှိစဉ် ကုလသမဂ္ဂဆိုင်ရာနိုက်ဂျီးရီးယား၏ အမြဲတမ်းကိုယ်စားလှယ် (ကုလဆိုင်ရာသံအမတ်) ဖြစ်လာခဲ့ပြီး နယူးယောက်ကုလဌာနချုပ်တွင် စတင်ရုံးစိုက်ခဲ့သည်။ ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်တွင် အင်ဂိုလာအရေးအတွက် ကုလ၏အထူးသံတမန်အဖြစ် စေလွှတ်ခံရပြီး အာဖရိကရေးရာလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း၊ အာဖရိကဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သစ် (NEPAD)၏ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း တာဝန်အပ်နှင်းခြင်းခံရသည်။ ထို့ပြင် ကုလလုံခြုံရေးကောင်စီတွင် ဥက္ကဋ္ဌအဖြစ်နှစ်ကြိမ်တိုင်တိုင်ဆောင်ရွက်ဖူးသည်။

ဇူလိုင်လဆန်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သော အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ဒုတိယအကြိမ်ခရီးစဉ်မတိုင်မီတွင် မစ္စတာဂမ်ဘာရီက ရှေ့ပြေးလာရောက်ခဲ့ခြင်းဖြစ်သည်။ ဇွန်လအတွင်း၌ ကျရောက်သော ဂမ်ဘာရီ၏ နောက်ဆုံးခရီးစဉ်မှာမူ ဘန်ကီမွန်းအတွက် ကြိုတင်အစီအစဉ်များ လာရောက်ပြုလုပ်ရခြင်းဖြစ်ရာ ဤတစ်ကြိမ်တွင် ၎င်းအပေါ် ဘန်ကီမွန်းလောက် အာရုံမကျဘဲဖြစ်သည်။

ကုလအထွေထွေအတွင်းရေးမှူးချုပ်မှာမူ မြန်မာနိုင်ငံမှ ပြန်ထွက်သွားခဲ့ပြီးသည့်နောက်ပိုင်းတွင်လည်း မြန်မာ့အရေးနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ဇူလိုင်လဆန်း၌ ဘန်ကောက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး စင်ကာပူနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်ကလည်း မြန်မာ့အရေးကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ဘန်ကီမွန်းသည် မြန်မာနိုင်ငံမှအပြန်တွင် ဇူလိုင် ၁၃ ရက်နေ့၌ လုံခြုံရေးကောင်စီအစည်းအဝေးတွင် မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းမှုများပြုလုပ်ခဲ့သည်။ ထိုရှင်းလင်းချက်များတွင် ဘန်က ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်က နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအပေါ် မည်သို့မျှော်လင့်နေသည်ကို အရှင်းလင်းဆုံးချပြခဲ့ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတို့တွင် ရှေ့တိုးနိုင်ရန် အရေးကြီးသည့်တောင်းဆိုမှုကြီးသုံးရပ်ကို ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ၎င်းအနေဖြင့် မြန်မာနိုင်ငံမှ မထွက်ခွာမီ မီဒီယာများအပါအဝင် Stakeholders အတော်များများပါဝင်သော အခမ်းအနားတစ်ခုတွင် စကားပြောခွင့်ရခဲ့ကြောင်း၊ ထိုသို့စကားပြောခွင့်ရခြင်းမှာ ၎င်းအနေဖြင့် မျှော်လင့်မထားသောအခွင့်အရေးဖြစ်ကြောင်း ဘန်ကဆိုသည်။

ထို့ပြင် ၎င်းအနေဖြင့် မြန်မာအစိုးရ၊ နိုင်ငံသူနိုင်ငံသားများနှင့်တကွ နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးသို့ ပြောကြားလိုသည်မှာ နှစ်ချက်ရှိကြောင်း၊ ပထမအချက်မှာ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မျှမတူသော ရှုပ်ထွေးသောသမိုင်းကြောင်းတစ်ခုရှိခဲ့သည့်အလျောက် ပြုပြင်ပြောင်းလဲရေးကာလတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရခြင်းကို မရှောင်လွှဲနိုင်ခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာမူ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ လူသားချင်းစာနာထောက်ထားရေးနှင့်ဖွံ့ဖြိုးရေးကိစ္စများကို ကိုင်တွယ်ရာတွင် မိမိဘာသာအထီးတည်းနေ၍မဖြစ်နိုင်ကြောင်း၊ ထိုအရေးကိစ္စများကို မကိုင်တွယ်ဘဲ ပစ်ထားခြင်းဖြင့်လည်း နိုင်ငံ၏အနာဂတ်၌ ကြာရှည်ခံသောငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရရှိမည်မဟုတ်ဟူ၍ဖြစ်ကြောင်း ဘန်ကီမွန်းကဆိုသည်။

ဇူလိုင်လ ၁၃ ရက်နေ့တွင်ကျင်းပသော ကုလလုံခြုံရေးကောင်စီအစည်းအဝေး၌ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် ဦးသန်းရွှေကလည်း မြန်မာနိုင်ငံ၏အမြင်များကို ထည့်သွင်းဆွေးနွေးခဲ့သည်ကို တွေ့ရသည်။ မြန်မာအစိုးရအနေဖြင့် ယခုအခါ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းတွင် အရပ်သားအစိုးရသို့ အာဏာလွှဲပြောင်းရေးနှင့် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုများအတွက် အခြေခံကောင်းများ ချထားရေးတို့အတွက် အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဦးသန်းရွှေက တုံ့ပြန်ပြောကြားသွားသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့ကို တွေ့ဆုံခွင့်ပေးရန် မြန်မာအစိုးရအနေဖြင့် ဆန္ဒရှိခဲ့ကြောင်း၊ သို့သော် တရားစီရင်ရေးကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသော တရားရုံးချုပ်၏သဘောအရ ဘန်ကီမွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ခွင့်မပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

ထို့ပြင် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် G-8 အစည်းအဝေး၌လည်း ကမ္ဘာ့စက်မှုနိုင်ငံကြီးရှစ်ခုတို့က မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ထုတ်ပြန်ခဲ့သော ကြေညာချက်ကိုလည်း ၎င်းအနေဖြင့် ကြိုဆိုကြောင်း ဘန်ကီမွန်းက ပြောကြားသည်။ ထိုကြေညာချက်၌ G-8 က မြန်မာနိုင်ငံ၏ ထိရောက်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာသည်နှင့် အပြုသဘောဆောင်သော တုံ့ပြန်မှုများ ဆောင်ရွက်ရန်အသင့်ဖြစ်နေမည်ဖြစ်ကြောင်း ပါရှိသည်။

www.foreverspace.com.mm



## မြန်မာ-တရုတ်ဆက်ဆံရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ဆက်ဆံရေးမှာ ယခင်ကထက် ပိုမိုကျောချင်းကပ်လာသည့်အနေအထားကို တွေ့ရသည်။ မြန်မာနိုင်ငံအပေါ်ထားရှိသော တရုတ်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒမှာ အိမ်နီးချင်းကောင်းပီသသည့် အနေအထားတစ်ရပ်မျှသာ ယခင်ကရှိခဲ့သော်လည်း ယခုနှောင်းပိုင်းကာလ၌ ဖိအားများနှင့် ရုန်းကန်နေရသော မြန်မာနိုင်ငံအပေါ်ထားရှိသော တရုတ်အစိုးရ၏သဘောထားမှာ ၎င်း၏အကျိုးစီးပွားပေါ်မူတည်၍ များစွာအပြုသဘောဆောင်သော၊ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေးကို ဖောင်းပေးလာသောမူဝါဒသို့ ပြောင်းလဲလာသည်ကိုတွေ့ရသည်။ အမေရိကန်ပြည်ထောင်စုက မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် အထူးအလေးပေးဆွေးနွေးရမည့်ကိစ္စရပ်တစ်ခုအဖြစ် အဆိုတင်သွင်းမှုကို တရုတ်အစိုးရ ဆန့်ကျင်ခဲ့ခြင်းကလည်း သာမန်အိမ်နီးချင်းနိုင်ငံထက်ပိုသည့် တရုတ်အစိုးရ၏မူဝါဒကို လှစ်ဟပြသကဲ့သို့ရှိသည်။

မြန်မာ့အရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးကိုခြိမ်းခြောက်နိုင်လောက်သည့်အနေအထားမရှိကြောင်း၊ ပြည်တွင်းရေးကိစ္စသက်သက်မျှသာဖြစ်၍ ဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း မြန်မာပြည်ဆိုင်ရာ တရုတ်သံရုံးမှ နိုင်ငံရေးကောင်စစ်ဝန်မစ္စဒေါင်ဆီကန်က Living Color သို့ ပြောကြားခဲ့ဖူးသည်။ ရှေ့ဆက်၍ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကိုသာ တရုတ်အစိုးရအနေဖြင့် စိတ်ဝင်စားပါသည်ဟူသော ၎င်း၏ ထပ်လောင်းပြောကြားချက်မှာလည်း ရှေ့လျှောက် အနောက်အင်အားကြီးနိုင်ငံများအနေဖြင့် မြန်မာ့နိုင်ငံအပေါ် ကုလလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်ရရှိရေးစည်းရုံးနေမှုကို တရုတ်အစိုးရအနေဖြင့် ဆက်လက်ကာကွယ်ပေးဦးမည့်အနေအထားကို တွေ့ရသည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ သယံဇာတများကို ၎င်းကဲ့သို့ အထူးမျက်စိကျနေသော အိန္ဒိယနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့်လည်း မြန်မာနိုင်ငံအစိုးရတို့ ယခင်ကထက် ပိုမိုနီးကပ်စွာဆက်ဆံလာမှုကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်လျှင် ၎င်း၏အရေးပါအရာရောက်မှုကို ပို၍ထင်ရှားစွာပြသရန်အလို့ငှာ နိုင်ငံတကာတွင် မြန်မာနိုင်ငံအစိုးရဘက်မှ ပိုမိုပြတ်သားစွာ ရပ်တည်ပေးလာသည်ကို တွေ့ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၈၉ ခုနှစ်နောက်ပိုင်းမှစ၍ ယနေ့အထိ တစ်လျှောက်လုံး မြန်မာနိုင်ငံအစိုးရအပေါ် အပြည့်အဝထောက်ခံကာ ရင်းနှီးချစ်ကြည်သော အပြုသဘောဆက်ဆံရေးရှိခဲ့သည့် အာရှအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အစိုးရအဖွဲ့အချင်းချင်းဆက်ဆံရေးမှာ တစ်နှစ်ထက်တစ်နှစ် ပိုမို



www.foreverspace.com.mm



နက်ရှိုင်းခိုင်မာလာသည့်အပြင် တပ်မတော်အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီထောက်ပံ့မှု အများဆုံးပြုလုပ်ခဲ့သည်။

အထူးခြားဆုံးမှတ်တမ်းတင်ရမည့်အရေးကိစ္စမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) တွင် မြန်မာ့အရေးကိစ္စဖြေရှင်းရေးဆွေးနွေးဆုံးဖြတ်ချက်ချရန် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က တင်သွင်းခဲ့ခြင်းကို ကမ္ဘာ့အရေးအရာများတွင် များစွာအရေးကြီးသောကိစ္စကြီးများတွင်သာသုံးသည့် ဗီတိုအာဏာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ရုရှားနှင့်အတူ ဗီတိုနှစ်ခု Double Veto သုံး၍ ပယ်ချလိုက်ခြင်းဖြစ်သည်။ ယင်းအချက်သည် မြန်မာနိုင်ငံအစိုးရအပေါ်ထားရှိသည့် တရုတ်အစိုးရ၏သဘောထားကို ကမ္ဘာသိထုတ်ဖော်လိုက်ခြင်းလည်းဖြစ်သည်။

အာရှအင်အားကြီးအဆင့်ကို ကျော်လွန်ပြီး ကမ္ဘာ့အင်အားကြီးအဆင့်သို့တက်လှမ်းရန် ဟန်ပြင်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရ၏ ၂၀၀၈ ခုနှစ် ဆက်ဆံရေးသည် ယခင်ယခင်နှစ်များအတိုင်း များစွာနီးကပ်၍ လွန်စွာရင်းနှီးချစ်ကြည်ရင်းနှီးမှုရှိခဲ့ကာ နှစ်နိုင်ငံပါတီနှင့် အစိုးရတပ်မတော်အကြီးအကဲများ အပြန်အလှန်လည်ပတ်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာရန်ကျဲချီ ဒီဇင်ဘာလဆန်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် ထူးခြားသောခရီးစဉ်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မတမ်ခေါ်လုလီခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရောက်ရှိခဲ့ခြင်းသည် ၂၀၀၈ ခုနှစ်ဆန်း၌ ပထမဦးဆုံးအကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဆင့်မြင့်အရာရှိကြီးတစ်ဦးလာရောက်ခြင်းဖြစ်ပြီး မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲနီးကပ်လာကြောင်း နိုင်ငံတကာကိုပြသနေသည့်သဘောဖြစ်သည်။

မြန်မာနှင့် တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၁၇ သန်း တန်ဖိုးရှိ ကုန်သွယ်ရေးစာချုပ် ၂၅ ခုကို ဒီဇင်ဘာလတွင်း ချုပ်ဆိုနိုင်ခဲ့ပြီး ယွမ်ငွေ သန်း ၂၅၀၀ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု ခုနစ်ခုကို မြန်မာနိုင်ငံတွင်း တရုတ်ကပြုလုပ်သွားရန်လည်း စာချုပ်ချုပ်ဆိုခဲ့သည်။

မြန်မာ–တရုတ်ဆက်ဆံရေးသည် စင်စစ်အားဖြင့် နိုင်ငံတကာအရေးနှင့် ပြည်တွင်းရေးရာကိစ္စရပ်များမှလွဲလျှင် ယူနန်ပြည်နယ်နှင့်သာ ကုန်သွယ်မှု၊ ဆက်ဆံကူးလူးမှု ပိုမိုများပြားလေ့ရှိသည်။ ကုန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံအစိုးရ ရင်ဆိုင်ခဲ့ရသည့်အရေးကိစ္စမှန်သမျှအားလုံးကို မြန်မာအစိုးရဘက်မှ သဘောတူထောက်ခံကာ မားမားမတ်မတ်ရပ်တည်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရဆက်ဆံရေးသည် ယခုနှစ်တွင်လည်း ယခင်အခြေအနေကဲ့သို့ပင်ရှိသည်ဟုဆို နိုင်ပေသည်။

## မြန်မာ-ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆက်ဆံရေး

မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံရေးကဏ္ဍတွင် ယခုနှစ်အတွင်း ထူးခြားချက်တစ်ရပ်မှာ နှစ်ပေါင်း ၂၄ နှစ်ကြာ ရပ်တန့်ထားသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား) နှင့် သံအဆက်အသွယ် ပြန်လည်ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။

သံအဆက်အသွယ်ပြုလုပ်ဖူးခြင်းမရှိသေးသည့် နိုင်ငံတစ်ခုနှင့် သံတမန် စတင်ဆက်သွယ်ခြင်းထက် သံအဆက်အသွယ်ဖြတ်တောက်ခဲ့ပြီးမှ ပြန်လည်စတင်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံလုံးအတွက် ထူးခြားသောအလားအလာများ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ဆိုရမည်။

တောင်/မြောက်ကိုရီးယား ခွဲခြားမှတ်သားနိုင်ရန် မြောက်ကိုရီးယားဟု အလွယ်တကူခေါ်ဝေါ်နေကြသည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ယခုနှစ်အတွင်း သံတမန်အဆက်ထားရှိရန် နှစ်နိုင်ငံသဘောတူညီမှု ရရှိခဲ့ကြအပြီး နှစ်ကုန်ပိုင်း နိုဝင်ဘာလ ပထမပတ်အတွင်းမှာပင် နှစ်နိုင်ငံသံအမတ်ကြီးများဖြစ်ကြသော မစ္စတာကင်ဆုပ်ချိုနှင့် ဦးသိန်းလွင်တို့ကို နှစ်နိုင်ငံမြို့တော်များဖြစ်သည့် ပြုံယမ်းနှင့် နေပြည်တော်တို့တွင် တစ်ပတ်အတွင်း အပြန်အလှန် ပြန်လည်ခန့်အပ်ခဲ့ကြခြင်း

www.foreverspace.com.mm



ဖြင့် သံအဆက်အသွယ်ကဏ္ဍ ပြန်လည်ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံသံအဆက်အသွယ်ပြန်လည်ပြုလုပ်သည့် ဆက်ဆံရေးသက်တမ်းတစ်နှစ်သာရှိပြီး ဆက်သွယ်ရေးကာလအလွန်နုနယ်သေးသည့် မြန်မာနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ ယခုနှစ်အတွင်း ထူးခြားသော ဆက်ဆံရေးတိုးတက်မှုသည် နှစ်နိုင်ငံအစိုးရများအကြား သံတမန်နှင့် ဝန်ထမ်းအထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတို့အတွက် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၈၃ ခုနှစ်က တောင်ကိုရီးယားသမ္မတ ချွန်ဒူးဟွမ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြောက်ကိုရီးယားက ချွန်ဒူးဟွမ်ကို လုပ်ကြံ၍ ချွန်ဒူးဟွမ်မထိခိုက်ခဲ့သော်လည်း လူ ၂၁ ဦး သေဆုံးမှုအတွက် မြန်မာနိုင်ငံ၏ သံတမန်အဆက်အသွယ်ဖြတ်တောက်ခံခဲ့ရသော မြောက်ကိုရီးယားကို မြန်မာအစိုးရက ၂၀၀၇ တွင် သံအဆက်အသွယ် ပြန်လည်ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံသံအမတ်ကြီးများကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် အပြန်အလှန်ခန့်အပ်ခဲ့ကြသည်။

ယင်းနောက် ယခုနှစ်အတွင်း မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းနှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာကင်ယုံအီးတို့ နှစ်နိုင်ငံအပြန်အလှန်ခရီးစဉ်များ ပြုလုပ်ခဲ့ပြီး သံအဆက်သွယ်ပြုလုပ်သည့် တစ်နှစ်ပြည့်သည့်အချိန်တွင် ယခုကဲ့သို့ ဗီဇာကင်းလွတ်ခွင့်ပြုသည့် အစိုးရချင်းနီးစပ်သည့် ဆက်ဆံရေးကို အလျင်အမြန်ထူထောင်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေးတွင် နျူကလီးယားလက်နက်ပိုင်ဆိုင်မှုဖြင့် အငြင်းပွားနေရသော မြောက်ကိုရီးယားနိုင်ငံသည် တိုတောင်းသည့် သံအဆက်အသွယ်ပြုလုပ်သည့်ကာလအတွင်း မြန်မာနိုင်ငံနှင့် အခြားသောကဏ္ဍများထက် အစိုးရပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများကိုသာ တွေ့နေရသေးသည်။

## မြန်မာ-အိန္ဒိယဆက်ဆံရေး

အရှေ့တောင်အာရှနိုင်ငံများနှင့် မဟာပေါင်းစည်းမှုပြုလုပ်ရေးနှင့် ဒေသတွင်းတရုတ်နှင့်အပြိုင် အင်အားကြီးနိုင်ငံအဖြစ်သို့ တက်လှမ်းရေးအတွက် မြန်မာနိုင်ငံသည် သော့ချက်အကျဆုံးဟု ယူဆထားသည့်အလျောက် မြန်မာ–အိန္ဒိယဆက်ဆံရေးမှာ ယခုနှစ်အတွင်းများစွာ နွေးထွေးသည့်အသွင်ဆောင်လာပါသည်။

မြန်မာနိုင်ငံသို့ ယခုနှစ်အတွင်း အိန္ဒိယသမ္မတကြီးဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကာလန်လာရောက်လည်ပတ်ပြီး ဟောပြောပွဲများကျင်းပပြုလုပ်သွားခဲ့ခြင်း၊ အိန္ဒိယတပ်မတော်အကြီးအကဲများ မကြာခဏလာရောက်လည်ပတ်ခဲ့ကြခြင်းတို့မှာ နှစ်နိုင်ငံဆက်ဆံရေးသည် သာမန်အိမ်နီးချင်းနိုင်ငံဆက်ဆံရေးထက် ပိုမိုသည့်အဆင့်သို့ရောက်ရှိလာသည်ဟူသည့်အချက်ကို မီးမောင်းထိုးပြရာကျနေပါသည်။ တစ်နည်းအားဖြင့် အနာဂတ် အာရှချိန်ခွင်လျှာညှိရေး၌ မဟာဗျူဟာကျသောနေရာတွင်ရှိနေသော မြန်မာနိုင်ငံနှင့် အာရှကျားအိန္ဒိယတို့အကြား သိသိသာသာ ကျောချင်းကပ်လာသည့်အနေအထားဟု ဆိုရမည်ဖြစ်ပါသည်။

အာရှတိုက်တွင် အိုင်တီနည်းပညာအခြေပြု၍ စီးပွားရေးအရှိန်အဟုန်မြင့်မားစွာ တိုးတက်လာနေသော အိန္ဒိယနိုင်ငံသည် ဒေသတွင်းရှိ ၎င်း၏ပြိုင်ဘက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စိတ်ရင်းသဘောထားမျိုးနှင့် မတူညီသော်လည်း မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ မက်လုံးကြောင့် လက်ရှိမြန်မာနိုင်ငံအစိုးရနှင့် အတတ်နိုင်ဆုံး ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံက အပြန်အလှန်လာရောက်လည်ပတ်ခဲ့သည့် အစိုးရနှင့် တပ်မတော်အကြီးအကဲများခရီးစဉ်အားလုံးကို အိန္ဒိယအစိုးရကအဆင့်တူ (Counterpart) သဘောထား၍ ဂုဏ်ပြုကြိုဆိုခဲ့ခြင်းမှာ ၎င်း၏ပြိုင်ဘက်နိုင်ငံနှင့် ကွဲပြားသောလူကြီးလူကောင်းဆန်မှုဖြစ်သည်။ မြန်မာနိုင်ငံသို့ စေလွှတ်သော ၎င်းတို့နိုင်ငံ၏ အစိုးရနှင့် တပ်မတော်အကြီးအကဲများမှာလည်း ထိပ်ပိုင်းရာထူးများတွင် ထမ်းဆောင်နေသူများ ဖြစ်နေခြင်းမှာ မြန်မာနိုင်ငံအစိုးရအပေါ် အလေးအနက်ထားမှုကို ဖော်ပြနေခြင်းဖြစ်သည်။



www.foreverspace.com.mm

ယခုနှစ် မေလအတွင်း အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေးခရီး၊ ဇူလိုင်လဆန်းရက်အတွင်း အိန္ဒိယတပ်မတော်အရှေ့ပိုင်းကွပ်ကဲရေး (ကိုလ်ကတ္တား) မှ တပ်မှူးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဦးဆောင်သောချစ်ကြည်ရေးခရီး၊ စက်တင်ဘာလ ဒုတိယအပတ်အတွင်းက အိန္ဒိယတပ်မတော် အမှတ် (၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီးနှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေးခရီး စသည့်ခရီးစဉ်များကိုကြည့်လျှင်မူ ယခုနှစ်အတွင်း မြန်မာ–အိန္ဒိယဆက်ဆံရေးမှာ အစိုးရချင်းထက် တပ်မတော်အချင်းချင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုအလေးထားသည့်သဘောဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံနှင့် စီးပွားရေးအပြင် စစ်ရေးကိစ္စများပါ နီးနီးကပ်ကပ်ဆက်ဆံနေသည့် အိန္ဒိယနိုင်ငံနှင့် ယခုနှစ်အတွင်း ထူးခြားသော နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးသည် ကုန်သွယ်ရေးနယ်ပယ်တွင် ဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်ရေးအနေဖြင့်မူ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၉၅ သန်းရှိပြီး မြန်မာနိုင်ငံက ဒေါ်လာ သန်း ၈၁၀ ထိ တင်ပို့ခဲ့ပြီး အိန္ဒိယထံမှ ဒေါ်လာ ၁၈၅ သန်းဖိုးသာ ပြန်လည်သွင်းယူခဲ့သည်ကို တွေ့ရသည်။

ကုန်သွယ်ဘက်နိုင်ငံများအားလုံးနှင့် နှိုင်းယှဉ်ပါက ယခုနှစ်အတွင်း အိန္ဒိယသည် ထိုင်း၊ တရုတ်နှင့် စင်ကာပူနိုင်ငံများပြီးလျှင် မြန်မာနိုင်ငံအတွက် စတုတ္ထမြောက်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

ပြည်ပအရင်းအနှီးရရှိနိုင်မှုတွင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုရရှိခဲ့မှုသည် ယခုနှစ်ဇန်နဝါရီလအထိ ဒေါ်လာသန်းပေါင်း၂၁၉.၉၇ အထိရှိခဲ့ပြီဖြစ်ပြီး ယင်းမြှုပ်နှံငွေများအနက် ထက်ဝက်ကျော်ဖြစ်သည့် ဒေါ်လာ ၁၃၇ သန်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတစ်ခုတည်းတွင် ဖြစ်သည်။

ယင်းမြှုပ်နှံမှုကို ကြည့်ရှုပါက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စွမ်းအင်အကြီးအကျယ်လိုအပ်နေသော အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံစွမ်းအင်ပို့ကုန်နှင့် ထုတ်ကုန်များအပေါ်တွင် အခြားကဏ္ဍများထက်သိသာစွာ စိတ်ဝင်တစားပါဝင်ပတ်သက်နေသည်ဟု ဆိုနိုင်သည်။

စီးပွားရေးကဏ္ဍအပြင် မြန်မာနိုင်ငံနှင့် စစ်ရေးကိစ္စများပါ အထူးနီးကပ်စွာ ဆက်ဆံနေသည့် အိမ်နီးချင်းနိုင်ငံကြီးတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံမှ စစ်ဘက်ဆိုင်ရာအရာရှိကြီးသုံးဦး မြန်မာနိုင်ငံသို့ အသီးသီးလာရောက်ခဲ့ကြသည်ကို တွေ့ရသည်။ ခေတ်မီလက်နက်များထုတ်လုပ်နေသည့် ထိပ်တန်းနိုင်ငံအချို့နှင့် စစ်ရေးဆိုင်ရာဆက်ဆံရေးကောင်းမွန်သည့် အိန္ဒိယတပ်မတော်နှင့် ဆက်ဆံရေးထိန်းသိမ်းထားနိုင်ခြင်းသည် မြန်မာနိုင်ငံအတွက် လျော့ကန်သောအလားအလာတစ်ခုဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံဘက်မှ ယခုနှစ်အတွင်း အဆင့်မြင့်ဆုံးဧည့်သည်တော်သွားရောက်မှုအဖြစ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံသို့ ဧပြီလ ၂ ရက်မှ ၆ ရက်အထိ လေးရက်တာခရီးစဉ်သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ရေကြောင်းဆက်သွယ်ရေး၊ နှစ်နိုင်ငံထောက်လှမ်းရေးသတင်းဖလှယ်ရေးနှင့် ဝင်ငွေခွန်နှစ်ထပ်ဖယ်ရှားရေးဆိုင်ရာစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို တွေ့ရသည်။

ယင်းနောက် အိန္ဒိယနိုင်ငံမှ Ministry of Commerce and Power မှ ဝန်ကြီး မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ခရီးစဉ်အတွင်း



www.foreverspace.com.mm





ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ မြန်မာသို့ ငွေထုတ်ချေးရေး၊ ငွေချေးစာချုပ်များနှင့် နှစ်နိုင်ငံဘဏ်များ ဆက်သွယ်ဆောင်ရွက်ရေးကိစ္စများအတွက် လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့ဖြစ်၍ မြန်မာ–အိန္ဒိယအကြီးအကဲများသည် ယခုနှစ်အတွင်း ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့် ကဏ္ဍအချို့တွင် လိုအပ်နေသည်များကို တစ်စိတ်တစ်ပိုင်းမြှင့်တင်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

ယင်းအပြင် သတင်းနှင့်နည်းပညာကဏ္ဍတွင် ကမ္ဘာ့နိုင်ငံကြီးများနှင့် ရင်ပေါင်တန်းနိုင်သည့် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံတွင် အိုင်တီကဏ္ဍဖွံ့ဖြိုးရေးအတွက် အခြားအကူအညီပေးနေသည့် နိုင်ငံများအားလုံးထက် ပိုမိုသာလွန်သော အကူအညီများ ပေးနေခဲ့ရာ ယခုနှစ်အောက်တိုဘာလတွင် အိန္ဒိယ–မြန်မာအိုင်တီစင်တာကို ရန်ကုန်မြို့တော်၌ ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရသည်။ ယင်းဖွင့်လှစ်နိုင်မှုသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအနက် အကောင်းဆုံးသော ပူးပေါင်းဆောင်ရွက်မှုရလဒ်တစ်ခုဖြစ်သည်ဟု နိုင်ငံတကာမှ စောင့်ကြည့်လေ့လာရေးသမားများက သုံးသပ်ထားသည်ကို တွေ့ရသည်။

ထိုကဲ့သို့ ကဏ္ဍအများစုတွင် မြန်မာနှင့် ဆက်ဆံရေးကောင်းမွန်နေသော အိန္ဒိယနိုင်ငံသည် မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ကြီးဖြစ်သည့် နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရစဉ်ကလည်း အထောက်အပံ့အဖြစ် ဆေးဝါးနှင့် ကုန်တန်ချိန်စုစုပေါင်း ၁၃၈ ဒသမ ၆ တန် ကူညီထောက်ပံ့ပြီး စုစုပေါင်းကုန်တန်ချိန် ပဋ္ဌမမြောက် အများဆုံးလှူဒါန်းကူညီပေးခဲ့သည့်နိုင်ငံဖြစ်ခဲ့သည်။ ယင်းအပြင် မုန်တိုင်းဒဏ်အရေးအပေါ်ထူထောင်ရေးကာလ ဆေးဝါးနှင့် လူသားအရင်းအမြစ် အကူအညီလိုအပ်နေစဉ်အတွင်း အိန္ဒိယအစိုးရကစေလွှတ်သော ၄၇ ဦးပါဆေးအဖွဲ့သည် မြန်မာအစိုးရက ပြည်တွင်းသို့ ဝင်ခွင့်ပြုလက်ခံခဲ့သော ပထမဆုံးသော ဆေးအဖွဲ့တစ်ခု ဖြစ်ခဲ့သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင် နေရာယူထားသော အိန္ဒိယကဲ့သို့ အိမ်နီးချင်းနိုင်ငံကြီးတစ်ခုနှင့် နီးကပ်သော ဆက်ဆံရေးထူထောင်ထားနိုင်ခြင်းပင်ဖြစ်သည်။


## မြန်မာ-ထိုင်းဆက်ဆံရေး

စက်တင်ဘာလ ၁၉ ရက် ထိုင်းနိုင်ငံအာဏာသိမ်းမှုဖြစ်ပွားပြီးနောက်အသစ်ဖွဲ့စည်းလိုက်သော ထိုင်းကြားဖြတ်အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့၏ဆက်ဆံရေးမှာ ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်လက်ထက်ကနှင့် တူညီမှုမရှိဘဲ တင်းမာလာဖွယ်ရှိသည်ဟု ခန့်မှန်းပြောဆိုမှုများရှိခဲ့သော်လည်း အခြေအနေမှာ ယခင်ကထက် ပိုမိုကောင်းမွန်လာရန်သာရှိပါသည်။

နိုဝင်ဘာလ ၂၃ ရက်နေ့က မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ရှိခဲ့သော ထိုင်းဝန်ကြီးချုပ်ဆူရာရွတ်ချူလာနွတ်နှင့်အတူ လိုက်ပါလာသည့် ထိုင်းစွမ်းအင်ဝန်ကြီးနှင့် မြန်မာအစိုးရပိုင်းတို့တွေ့ဆုံစဉ် ဟတ်ကြီးရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းတို့၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေးတို့အား အလေးပေးဆွေးနွေးခဲ့ကြသည်ကိုကြည့်လျှင် ထိုင်းနိုင်ငံအနေဖြင့် စွမ်းအင်လိုအပ်ချက်အရ မြန်မာနိုင်ငံနှင့် နွေးထွေးသောဆက်ဆံရေးမျိုး ဆက်လက်ထားရှိရမည့်အနေအထားတွင်ရှိကြောင်း ထိုင်း–မြန်မာအရေး လေ့လာသူများက သုံးသပ်သည်။

တစ်ဖက်တွင် မြန်မာနိုင်ငံမှထွက်ရှိသော သဘာဝဓာတ်ငွေ့ရောင်းချရာတွင် ထိုင်းနိုင်ငံသည် ဓာတ်ငွေ့အများဆုံးဝယ်ယူသူဖြစ်လျက်ရှိပေရာ နှစ်နိုင်ငံစလုံးအနေဖြင့် အပြန်အလှန်မှီခိုနေရဦးမည့်အနေအထားတွင်ရှိပေသည်။

ထိုင်းဝန်ကြီးချုပ်ချူလာနွတ် မြန်မာနိုင်ငံသို့ မလာရောက်မီ ဘန်ကောက်မြို့တော်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ စက်တင်ဘာ ၁၉ ရက်နေ့တွင် အာဏာသိမ်းခဲ့သော ထိုင်းတပ်မတော်နှင့်



www.foreverspace.com.mm



မြန်မာနိုင်ငံအစိုးရတို့မှာ ဘက်တစ်ဘက်တည်းတွင်ရှိကြောင်း ဝန်ကြီးချုပ်က ပြောဆိုခဲ့သည်။

ထိုင်းဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံအစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကြားဖောက်လုပ်နေသော အာရှအဝေးပြေးလမ်းမကြီးကို အမြန်ဆုံးပြီးစီးအောင်ဖောက်လုပ်ရေး၊ ထိုင်းနိုင်ငံအတွင်း တရားမဝင်လာရောက်နေထိုင်မှုများ ကင်းစင်ရေး၊ မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ဖောက်ကားမှုပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် ထိုင်းနိုင်ငံဘက်မှ ကူညီမှုများပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ သို့ဖြစ်ရာ ထိုင်း-မြန်မာနှစ်နိုင်ငံဆက်ဆံရေးမှာ အချို့သောနိုင်ငံရေးဝေဖန်သူများ အကဲဖြတ်ခဲ့ကြသကဲ့သို့ တင်းမာမှု တစ်စုံတစ်ရာမရှိဘဲ ယခင်ရှိရင်းစွဲအနေ အထားအတိုင်းသာရှိနိုင်ကြောင်း အာဆီယံရေးရာကျွမ်းကျင်သူများက သုံးသပ်သည်။

၎င်းတို့အစိုးရအတွင်း အခက်အခဲအကျပ်အတည်းဖြစ်ပေါ်တိုင်း၊ ထိုင်းပြည်သူလူထုက ၎င်းတို့အစိုးရအပေါ် ယုံမှားသံသယရှိလာသည့်အခါတိုင်း အစိုးရအဖွဲ့အတွင်း စည်းလုံးညီညွတ်စေရန်နှင့် လူထုကိုအာရုံလွှဲပြောင်းစေရန် မြန်မာ-ထိုင်းနယ်စပ်တွင် ပဋိပက္ခအငယ်စားများ ဖန်တီးလေ့ရှိသည်မှလွဲ၍ ထိုင်းနိုင်ငံအစိုးရအဆက်ဆက်အနေဖြင့် မြန်မာနိုင်ငံသည် ၎င်း၏ပမာဏအကြီးမားဆုံးနယ်စပ်ကုန်သွယ်ဖက်နိုင်ငံဖြစ်နေခြင်း၊ တရားမဝင်အလုပ်သမားများနယ်စပ်မှတစ်ဆင့် ၎င်းနိုင်ငံအတွင်းဝင်ရောက်မှုပြဿနာနှင့် ရင်ဆိုင်နေရသော်လည်း မြန်မာအပါအဝင် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ပြည်တွင်းအခြေအနေနှင့် လက်ရှိဖွံ့ဖြိုးမှုအနေအထားတို့ကို ၎င်းတို့နိုင်ငံစီးပွားရေးအတွက် ကောင်းစွာအသုံးချနေဦးမည်သာဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။

ထိုင်းတပ်မတော်၏ အာဏာသိမ်းမှု အကြိမ်ပေါင်းများစွာဖြစ်ပွားကာ မကြာခဏ ဝန်ကြီးချုပ်အပြောင်းအလဲရှိ တတ်သည့် ထိုင်းနိုင်ငံအနေနှင့် ဝန်ကြီးချုပ်အသစ်တစ်ဦးတက်တိုင်း ပထမဦးဆုံး နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အမေးခံရသည့်မေးခွန်းမှာ မြန်မာနိုင်ငံနှင့်ဆက်ဆံရေးဖြစ်ပြီး ပထမဦးဆုံးချစ်ကြည်ရေးခရီးမှာလည်း မြန်မာနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝပေါက်ပင်၊ ရာသီဥတုနှင့် ယဉ်ကျေးမှု၊ ဘာသာရေးများ အခြေခံအားဖြင့်တူညီနေသည့်အပြင် အိမ်နီးချင်းနိုင်ငံလည်းဖြစ်နေသည့်အတွက် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာလျှင် ၎င်း၏ပြိုင်ဘက်ဖြစ်လာမည်ကို သိမြင်နေသောနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား မည်မျှပင် ပဋိပက္ခပြဿနာများပေါ်ပေါက်စေကာမူ ခဏချင်းပင် အစိုးရချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု ပြန်လည်တည်ဆောက်ခဲ့သည်ချည်းဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ အဓိကဝယ်ယူသူ ထိုင်းနိုင်ငံအနေဖြင့် ထိုင်းအစိုးရပိုင် PTTEP ရေနံကုမ္ပဏီ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေခြင်း၊ ထိုင်း၏ ပတ်ဝန်းကျင်နိုင်ငံများအကြား မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပမာဏအကြီးမားဆုံးဖြစ်နေခြင်း၊ ထိုင်းထိပ်တန်းစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကုန်သွယ်နေခြင်း၊ မြန်မာနိုင်ငံအနေနှင့် နိုင်ငံတကာသို့ ဆက်သွယ်ရာတွင် လောလောဆယ်အထိ ထိုင်းနိုင်ငံလေဆိပ်ကို အဓိကတစ်ဆင့်ခံ အသုံးပြုနေရခြင်း၊ မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်သမျှ နိုင်ငံတကာ NGO များ၊ အခြားအဖွဲ့အစည်းများ အဓိကရုံးစိုက်ရာနေရာဖြစ်နေခြင်း၊ မြန်မာနိုင်ငံမှ စက်မှုကုန်ကြမ်း သီးနှံအချို့နှင့် ရိုးရာလက်မှုပစ္စည်းများကို ဈေးပေါပေါဖြင့်ရယူကာ နိုင်ငံတကာဈေးကွက်သို့ တစ်ဆင့်ခံပြန်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ကောင်းစွာရရှိနေခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံအစိုးရနှင့် အစဉ်အမြဲဆက်ဆံရေးကောင်းနေစေရန် ထိုင်းတို့ ကြိုးပမ်းခဲ့သည်။

ဆမတ်စွန်ထော်ရဲ့ ဝန်ကြီးချုပ်ရာထူးယူပြီးပြီးချင်း ထုံးစံအတိုင်း ၎င်း၏ပထမဦးဆုံးချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ မတ်လ ၁၄ ရက်နေ့တွင် လာရောက်ခဲ့သည်။ ထိုခရီးစဉ်အပြီး ဘန်ကောက်ပြန်အရောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် မြန်မာအစိုးရအကြီးအကဲများသည် ဘုရားတရားကို လွန်စွာကြည်ညိုလေးစားသူများဖြစ်ကြောင်း၊ ၎င်း၏ပထမဦးဆုံး ချစ်ကြည်ရေးခရီးစဉ်အပေါ် များစွာနှစ်ထောင်းအားရရှိလှကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Lieutenant General Poonpirom Liptapanlop က ဦးဆောင်သော ထိုင်းနိုင်ငံစွမ်းအင်ကိုယ်စားလှယ်အဖွဲ့ ဇွန်လကုန်ပိုင်း မြန်မာနိုင်ငံသို့ လာရောက်စဉ်အတွင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTTEP International Ltd၊ PTT Public Company တို့သည် မုတ္တမကမ်းလွန်ဒေသလုပ်ကွက် M-9 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲရေးနှင့် ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

www.foreverspace.com.mm

ဒေသတွင်း မဟာဗျူဟာသဘောနှင့် ရှည်လျားခဲ့သောသမိုင်းကြောင်းအရ နှစ်နိုင်ငံအကြား တင်းမာမှုအချို့ရှိခဲ့သော်လည်း ထိုင်းနိုင်ငံအနေဖြင့် ၎င်း၏နယ်စပ်ကုန်သွယ်ရေးတွင် ပမာဏအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်နေသော မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကောင်းစေရန် အမြဲကြိုးစားနေလေ့ရှိသည်။ မြန်မာနိုင်ငံသားနယ်စပ်ဖြတ်ကျော်အလုပ်သမားများ၊ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာလာသူများ၏ အလုပ်လုပ်စခန်းထောက်ရာနိုင်ငံဖြစ်နေခြင်း၊ သောင်မတင်ရေမကျ မြန်မာ့နိုင်ငံရေးအခြေအနေအပေါ်အခြေပြု၍ နိုင်ငံတကာမှ လှူဒါန်းငွေများဖြင့်ရပ်တည်နေသောအဖွဲ့အစည်းများ အခြေစိုက်ရာ၊ ထိုအဖွဲ့အစည်းများတွင် ထိုင်းနိုင်ငံသားများစွာအလုပ်အကိုင်ရရှိရာ၊ ထိုအဖွဲ့အစည်းများ၏ငွေကြေးတို့အများဆုံးအသုံးပြုရာနေရာဖြစ်နေခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံအတွင်း ရေအားလျှပ်စစ်စီမံကိန်းအချို့တည်ဆောက်ကာ ၎င်းတို့နိုင်ငံအတွင်းသို့ ပို့လွှတ်လိုခြင်း၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို အများဆုံးဝယ်ယူနေသောနိုင်ငံဖြစ်နေခြင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးနယ်ပယ်တွင် အင်အားကြီးမားစွာ ရင်းနှီးမြှုပ်နှံထားခြင်း စသောအချက်များကြောင့် မည်မျှကြီးမားသော တင်းမာမှုများရှိနေစေကာမူ မြန်မာအစိုးရနှင့်ပြေလည်သော ဆက်ဆံရေးရှိရန် ထိုင်းအစိုးရတိုင်းကြိုးစားလေ့ရှိသည်။ အထူးသဖြင့် PTTEP ကဲ့သို့ ထိုင်းအစိုးရပိုင်စီးပွားရေးလုပ်ငန်းအချို့ ရင်းနှီးမြှုပ်နှံထားခြင်းကြောင့် ထိုင်းအစိုးရအနေဖြင့် မြန်မာ့အရေးနှင့်ပတ်သက်သည့် နိုင်ငံတကာ၏ဝေဖန်စွပ်စွဲမှုများအားလုံးကို ရှေ့တန်းမှ ဒိုင်ခံကာကွယ်ရပ်တည်ပေးခဲ့သည်ကို တွေ့ရသည်။ ၂၀၀၈–၂၀၀၉ ခုနှစ်ကာလအတွင်း ထိုင်းနိုင်ငံရေးအလှုပ်အခပ်များ ကြီးစွာကြုံတွေ့နေရသည့်ကြားကပင် ထိုင်းဝန်ကြီးချုပ်အဖြစ် ခဏတာထမ်းဆောင်ရသူ ဆာမာ့ဂ်စွန်ထော်ရဝဲ့ပင်လျှင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာဖြစ်အောင်လာရောက်ခဲ့သည်။ ယခုနှစ်အတွင်း မြန်မာ–ထိုင်းနှစ်နိုင်ငံအစိုးရချင်းနားလည်မှုအရ ထိုရွှေ့ပြောင်းလုပ်သားများကို တရားဝင်မှတ်ပုံတင်ပေးခြင်း စီမံချက်တစ်ရပ်ဖော်ဆောင်နိုင်ခဲ့သည်မှာ အပြုသဘောတိုးတက်မှုဟု ဆိုရမည်ဖြစ်သည်။






ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်ရှိ သုဝဏ္ဏဘူမိလေဆိပ်သည် မြန်မာနိုင်ငံသား ပြည်ပထွက်ခွာသူအားလုံးနီးပါး၏ အဓိကတစ်ဆင့်ခံဖြစ်နေရာ မြန်မာနိုင်ငံထက်စောစီးစွာ ကမ္ဘာလုံးဆိုင်ရာကူးစက်ရောဂါ အေတုပ်ကွေးကိုလည်း ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ကူးစက်ခံခဲ့ရခြင်းမှာမူ အနုတ်သဘောဆောင်သော ကူးလူးဆက်နွယ်မှုတစ်ရပ်ဖြစ်သည်။

## မြန်မာ-စင်ကာပူဆက်ဆံရေး

စင်ကာပူနိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှစ်နောက်ပိုင်းမှစ၍ မြန်မာအစိုးရနှင့် အလွန်နီးကပ်သောဆက်ဆံရေးရှိခဲ့သည့် နိုင်ငံအနည်းငယ်အနက် လူသိနည်းသောနိုင်ငံဖြစ်သည်။ အကြောင်းမှာ အစိုးရအချင်းချင်း တိုက်ရိုက်ထိတွေ့ဆက်ဆံမှုထက် အကြီးတန်းအရာရှိကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းများဆက်ဆံရေးကိုသာ အဓိကအလေးထားခဲ့သောကြောင့်ဖြစ်သည်။ မည်သည့်သယံဇာတမျှမရှိဘဲ

www.foreverspace.com.mm



စွမ်းဆောင်ရည်မြင့်သော လူအရင်းအမြစ်သာရှိသည့်အတွက် ၎င်းတို့နိုင်ငံကြီးပွားတိုးတက်ရေးအလို့ငှာ ၎င်းတို့အနေဖြင့် တရားမျှတသည်ဟုယူဆသမျှ မည်သည့်အရာကိုအဆို သတ်မှတ်သည့်အကျိုးဆောင်ခ (ဝါ) အကျိုးအမြတ်ရလျှင် ဆောင်ကြဉ်းကူညီပေးလေ့ရှိသော စင်ကာပူနိုင်ငံသည် စင်စစ်အားဖြင့် မြန်မာအစိုးရ၏ လိုအပ်ချက်များစွာကို ဒိုင်ခံဖြည့်ဆည်းပေးနေသည့်နိုင်ငံလည်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများက မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်မှုများ၊ စွပ်စွဲတိုက်ခိုက်မှုများကိုလည်း ၂၀၀၇ ခုနှစ် သြဂုတ်လလောက်အထိ တရုတ်နှင့် ထိုင်းနိုင်ငံတို့နည်းတူ မြန်မာအစိုးရဘက်မှ အမြဲလိုလိုရပ်တည်ပေးခဲ့သည်။ ထို့နောက်ပိုင်းတွင်သာ အနည်းငယ်ပြောင်းသွားသကဲ့သို့ရှိပြီး ယခု ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုအပြီးမှစ၍ နဂိုမူလက အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားထားခဲ့သော ပြည်တွင်းရေးမစွက်ဖက်ရေးနှင့် အပြုသဘောဖြင့်ဆက်ဆံရေးမူကိုသာ ပြန်လည်ကိုင်စွဲလာပြန်သည်။ မြန်မာ–စင်ကာပူဆက်ဆံရေးသည် စင်ကာပူနိုင်ငံ၏ ဒုတိယမြောက်ဝန်ကြီးချုပ် ဂိုချုပ်တောင် တာဝန်ယူနေစဉ် ၁၉၉၀ ခုနှစ်မှ ၂၀၀၇ ခုနှစ် အကြား အထူးကောင်းမွန်ခဲ့သည်။ နှစ်နိုင်ငံအစိုးရအကြီးအကဲများ အပြန်အလှန်အလည်အပတ်ခရီးစဉ်များဖြင့်လည်း နှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြသည်။ အထူးသဖြင့် ဒေသတွင်းနိုင်ငံများအနက် မြန်မာနိုင်ငံသား နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ငွေကြေးနှင့်အခြားရင်းနှီးမြှုပ်နှံမှုများကို လက်ခံရရှိသောနိုင်ငံမှာ စင်ကာပူတစ်နိုင်ငံတည်းသာရှိသည်။ မြန်မာအစိုးရအပါအဝင် ထိုနာမည်ကျော်မြန်မာစီးပွားရေးလုပ်ငန်းရှင်ကြီးများ ကြုံတွေ့ခဲ့ရသော နိုင်ငံတကာငွေကြေးဆိုင်ရာအခက်အခဲများကို အကူအညီပေးခဲ့ကြသည်မှာလည်း စင်ကာပူရှိဘဏ်ကြီးများသာဖြစ်သည်ကို တွေ့ရသည်။ ယခုနောက်ပိုင်း ပညာရေးကို စီးပွားရေးလုပ်ငန်းအသွင်ဖြင့် ဒေသတွင်းနိုင်ငံများအကြား ပညာရေးဗဟိုချက်မတစ်ရပ်ဖြစ်လာရန် ကြိုးစားလာသောစင်ကာပူသည် မြန်မာလူငယ်များစွာတို့ ပညာသင်ယူရန်၊ အလုပ်လုပ်၍ငွေရှာရန် အာရုံအကျဆုံးနိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ထို့အတွက် ယခုဆိုလျှင် စင်ကာပူနိုင်ငံတွင် မြန်မာနိုင်ငံသား သိန်းချီရှိနေပြီဖြစ်သည်။

စင်ကာပူနိုင်ငံသည် ၎င်းတို့၏ မြန်မာနိုင်ငံအစိုးရအပေါ်ထားရှိသောသဘောထားကို မပြောင်းမလဲရှိနေကြောင်းကို ယခုနှစ်ဇူလိုင်လဆန်းရက်အတွင်း မြန်မာအစိုးရအကြီးအကဲများနှင့် များစွာချစ်ကြည်ရင်းနှီးသူ ဝန်ကြီးချုပ်ဟောင်း (ယခုဝါရင့်ဝန်ကြီး) ဂိုချုပ်တောင် တရားဝင်အလည်အပတ်လာရောက်ခြင်းဖြင့် ထင်ရှားစွာသက်သေပြသွားခဲ့သည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ်ဆက်ဆံရေး

မြန်မာ–ဘင်္ဂလားဒေ့ရှ်ဆက်ဆံရေးမှာ ယခင်နှစ်များနှင့် မထူးမခြားနားဟု ဆိုရနိုင်စရာရှိပါသည်။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုအနေအထားမှာလည်း ယခင်နှစ်များနှင့် မတိမ်းမယိမ်းအနေအထားရှိကြောင်း ပြည်တွင်းထုတ်ဂျာနယ်၊ မဂ္ဂဇင်းများ၏ ရေးသားဖော်ပြချက်အရ သိရသည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် မြန်မာနိုင်ငံနယ်စပ်မြို့သို့ လမ်းဖောက်လုပ်ရေးဆိုင်ရာဆွေးနွေးပွဲမှာ လတ်တလောအခြေအနေအရ မပြီးပြတ်သေးသည့်အနေအထားတွင်ရှိသော်လည်း နောင်နှစ် ၂၀၀၇ ခုနှစ်ဦးမှ နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီမှုရရှိနိုင်သည့်အနေအထားရှိနေကြောင်း မြန်မာပြည်ဆိုင်ရာဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်း ကျရောက်သော ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် ၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်းက စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများကိုဆောင်ရွက်နေစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆိုပါလုပ်ကွက်မှာ ၎င်းတို့၏ ရေပိုင်နက်အတွင်းကျရောက်သည့်အတွက် မြန်မာနိုင်ငံဘက်မှ တူးဖော်နေမှုများကို ချက်ချင်းရပ်တန့်ပေးရန် တောင်းဆိုမှုများပြုလုပ်လာခဲ့ရာ ယင်းတောင်းဆိုမှုကို မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ခံနိုင်ခြင်းမရှိသဖြင့် ပယ်ချခဲ့ကြောင်း နိုဝင်ဘာလ ၆ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာအစိုးရအနေဖြင့် နယ်နိမိတ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မှားယွင်းစွာတောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ကွက်နှင့်ပတ်သက်၍ ၂၀၀၅ ခုနှစ်တွင် တင်ဒါခေါ်ယူခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းက အောင်မြင်ခဲ့ကြောင်း၊ ဒေဝူးအင်တာနေရှင်နယ်အနေဖြင့် ၂၀၀၇ ခုနှစ်အတွင်း ရှာဖွေရေးလုပ်ငန်းများကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် အောက်တိုဘာလမှစ၍ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရခိုင်ကမ်းလွန်လုပ်ကွက် AD-7 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်မှုလုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ဒေဝူး

www.foreverspace.com.mm



အင်တာနေရှင်နယ်ကော်ပိုရေးရှင်းအနေဖြင့် မူလသတ်မှတ်ထားသောလုပ်ငန်းအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၉ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အတွင်း ရေပိုင်နက်သတ်မှတ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ဦးဆောင်သည့် အဖွဲ့ဝင် ၁၁ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ မစ္စတာအမ်အေကေမာမွတ်နှင့် နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်နေ့တို့က ဒါကာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံရေပိုင်နက်သတ်မှတ်ရေးဆွေးနွေးမှုများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၌ ဆက်လက်ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ရေပိုင်နက်သတ်မှတ်ရေးကိစ္စတွင် Equal-Distance Method ကို အသုံးပြုစေလိုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမူ Principles of Equity Methodဖြင့် ဆုံးဖြတ်စေလိုနေကြောင်း၊ အပြန်အလှန်အဆိုပြုမှုများနှင့်စပ်လျဉ်း၍ သဘောတူညီမှုရရှိရန် အချိန်ယူကြရဖွယ်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်းတစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ နိုဝင်ဘာလ ၂၄ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြထားသည်။

အဆိုပါ ရေပိုင်နက်ပြဿနာကြောင့် လက်ရှိရေချိုငါးတင်ပို့နေသည့် ရေလမ်းကြောင်းကို ထိခိုက်မှုမရှိသော်လည်း ငါးတင်ပို့မှုကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးသန်းလွင်၏အဆိုကို နိုဝင်ဘာလ ၂၀ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံအကြားနယ်စပ်ကုန်သွယ်ရေးအားဖြင့်သာ ပုံမှန်ဆက်ဆံရေးရှိနေခဲ့ပြီး နှစ်အတန်ကြာသည်အထိ ထူးထူးခြားခြားအပြောင်းအလဲမရှိခဲ့ပေ။ သို့ရာတွင် ၂၀၀၈ ခုနှစ်အတွင်းတွင်မူ ထင်ရှားသိသာသည့်အပြောင်းအလဲနှစ်ရပ်က နှစ်နိုင်ငံဆက်ဆံရေးကို ခပ်ပြင်းပြင်းလှုပ်ခတ်သွားခဲ့သည်။ ပထမပြောင်းအလဲမှာ နှစ်နိုင်ငံရေပိုင်နက်အကြားရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတရှိနေသော မြန်မာပိုင် ရှင်မဖြူကျွန်းသို့ ဘင်္ဂလားဒေ့ရှ်ရေတပ်သင်္ဘောများ ခုတ်မောင်းလာကာ ၎င်းတို့ပိုင်ဖြစ်သည်ဟု ပြောကြားလာခြင်းဖြစ်သည်။ အဆိုပါကျွန်းနှင့် ပတ်ဝန်းကျင်ပင်လယ်ရေအောက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်ကို မြန်မာနိုင်ငံအစိုးရက ကိုရီးယားဒေဝူးကော်ပိုရေးရှင်းကို တရားဝင်တူးဖော်ထုတ်လုပ်ခွင့်ပေးအပ်ထားသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ထိုကျွန်းနှင့် လုပ်ကွက်ဧရိယာသည် ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်အတွင်းတွင်ရှိသည်ဟု ဆိုကာ ဤသို့ရေတပ်ကိုပါစေလွှတ်၍ တင်းတင်းမာမာ သဘောထားပြသလိုက်ခြင်းဖြစ်သည်။ ဤတွင်မြန်မာအစိုးရဘက်ကလည်း မိမိပိုင်နယ်မြေဖြစ်သည်ဟုဆိုကာ မြန်မာရေတပ်သင်္ဘောအချို့ကို အသင့်နေအထားဖြင့် တပ်လှန့်ထားလိုက်သည်။

ဒုတိယအပြောင်းအလဲမှာ ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင်ရှိနေသော ရိုဟင်ဂျာလှေစီးဒုက္ခသည်များ ထိုင်းနိုင်ငံသို့ရောက်ရှိသွားကြခြင်းဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြားသာမက ထိုင်းနိုင်ငံနှင့်ပါ အချေအတင် အငြင်းပွားစရာဖြစ်သွားခဲ့ရသည်။ ထိုင်းနိုင်ငံဆိပ်ကမ်းများသို့ ဆိုက်ရောက်သွားသော အဆိုပါလှေစီးရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်ကရော မြန်မာနိုင်ငံကပါ မိမိတို့နိုင်ငံသားများမဟုတ်ကြောင်း အကြောက်အကန်ငြင်းဆိုကြသည့်အတွက် သုံးနိုင်ငံအစိုးရများအကြား နားလည်မှုလွဲစရာဖြစ်ခဲ့သည်။ ပုံမှန်အားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ထိုရိုဟင်ဂျာများအရေးကိစ္စကို လက်ညှိုးထိုးကာ နိုင်ငံတကာရှိ လူသားချင်းစာနာထောက်ထားသော အကူအညီပေးရေးအဖွဲ့အစည်းများထံမှ အလှူငွေများ တောင်းခံအသုံးချနေသော်လည်း ထိုင်းနိုင်ငံအတွင်းရောက်ရှိသွားသော လှေစီးရိုဟင်ဂျာများကိုမူ ၎င်းတို့နှင့်ပတ်သက်မှုမရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများလုံးဝမပါဝင်ကြောင်းငြင်းဆိုခဲ့သည်။ ထိုပြဿနာဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်ခြားရှိ ရိုဟင်ဂျာများအဝင်အထွက်ပြုရာဟုသံသယရှိသော နယ်စပ်တစ်လျှောက်ကို မြန်မာနိုင်ငံဘက်မှ ခြံစည်းရိုးကာရံခဲ့သည်။



www.foreverspace.com.mm



အထက်ဖော်ပြပါ အပြောင်းအလဲနှစ်ရပ်ကြောင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ဈေးသက်သက်သာသာဖြင့်ဝယ်ယူပြီး အအေးခန်းသို့လှောင်ရုံ လုံလုံလောက်လောက်တွင်ထားသိုခြင်း၊ ဈေးကွက်ကြိုက်အရည်အသွေးဖြစ်အောင် ပြင်ဆင်ခြင်း၊ ပြည်ပတင်ပို့ရာဆိပ်ကမ်းနှင့်လေဆိပ်များမှတစ်ဆင့် မြန်မြန်ဆန်ဆန်သယ်ယူပို့ဆောင်ပေးခြင်းတို့ဖြင့် ပြည်ပသို့တစ်ဆင့်ခံတင်ပို့ရောင်းချပြီး အကျိုးအမြတ်ကြီးစွာရှိနေသော၊ ၎င်းတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့် မြေဆီလွှာပျက်စီးမှုများကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးမှုကို အစားထိုးကာ စားနပ်ရိက္ခာအတွက် မြန်မာနိုင်ငံအတွင်းရှိ လယ်ယာမြေများကို နှစ်ရှည်ငှားရမ်းစိုက်ပျိုးလုပ်ကိုင်လိုသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖို့ မည်သို့သောကြောင်းများရှိနေစေကာမူ အခြေအနေအရ မိမိကိုအရေးတယူလုပ်သောနိုင်ငံအားလုံးကို ပြန်လည်တုံ့ပြန်လေ့ရှိသည့် မြန်မာနိုင်ငံအစိုးရနှင့်ဆက်ဆံရေး ကောင်းမွန်အောင် အမြဲဂရုတစိုက်ကြိုးစားနေမည်ဖြစ်သည်။

## ဂုဏ်သိက္ခာရှိသော နိုင်ငံတကာဆက်ဆံရေး

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခုအကြားတွင် မဟာဗျူဟာကျကျတည်ရှိနေသည့်အပြင် အရှေ့တောင်အာရှတိုက်၏ ဗဟိုချက်မနေရာတွင်ရှိနေသော မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်နိုင်ငံများအပါအဝင် အခြားနိုင်ငံအသီးသီးနှင့်ဆက်ဆံရေး၊ ကုလသမဂ္ဂ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဒေသအလိုက်ဖွဲ့စည်းထားသော အသင်းအဖွဲ့များနှင့် ဆက်ဆံရေးတို့ ကောင်းမွန်နေစေရန် အထူးအလေးထားတည်ဆောက်ရမည်မှာ မည်သို့မျှ မငြင်းနိုင်သောအချက်ဖြစ်သည်။ မည်သည့်နိုင်ငံမဆို မိမိတို့နိုင်ငံအမျိုးသားအကျိုးစီးပွားကိုသာ အဓိကဦးတည်၍ နိုင်ငံတကာနှင့် ဆက်ဆံကြသည်ဟူသော ယေဘုယျအခြေခံယူဆချက်အရ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံအပေါ် ၎င်းတို့အကျိုးစီးပွားအတွက် ဆက်ဆံလာမည့်နိုင်ငံများ၊ အဖွဲ့အစည်းများကို အမျိုးသားအကျိုးစီးပွားရေးရှု၍ တုံ့ပြန်ဆက်ဆံရမည်ဖြစ်သည်။ သို့သော် ပြောင်းလာသောကမ္ဘာကြီးနှင့် လူမှုတန်ဖိုးများကြောင့် မိမိတို့အကျိုးစီးပွားသက်သက် ရည်ရွယ်ဆက်ဆံရုံမျှဖြင့် မလုံလောက်တော့။ မိမိနှင့်ဆက်ဆံဘက်နိုင်ငံများ အကျိုးစီးပွားသည်လည်း သူ့အတိုင်းအတာနှင့်သူ မိမိတို့နိုင်ငံနည်းတူ လိုက်ပါဖွံ့ဖြိုးလာမှသာ မျှတသောရေရှည်ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ မိမိနိုင်ငံဖွံ့ဖြိုးရေးတစ်ခုကိုသာအာရုံထားကာ ကုန်သွယ်ဘက်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လူသားစံနှုန်းများနှင့် လူသားတာဝန်ဝတ္တရားများကို လျစ်လျူရှုထားပါက တစ်ချိန်ချိန်တွင် ပြဿနာပေါ်လာမည်ဖြစ်သည်။ များစွာအရေးကြီးသောအချက်မှာ နိုင်ငံအချင်းချင်းဆက်ဆံရေးမှာ အစိုးရအချင်းချင်းဆက်ဆံရေးသာမက သက်ဆိုင်ရာပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားတန်ဖိုးထားမှု၊ နားလည်ခွင့်လွှတ်မှု၊ လူမှုအဖွဲ့အစည်းအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ကူညီရိုင်းပင်း အသိအမှတ်ပြုမှုတို့အပေါ်တွင်လည်း များစွာမူတည်နေကြောင်းပင်ဖြစ်သည်။ လူသားတစ်ဦးချင်းဆက်ဆံရေး၊ လူမျိုးစုအချင်းချင်းဆက်ဆံရေး၊ တိုင်းနိုင်ငံအချင်းချင်းဆက်ဆံရေးမှသည် မတူညီသောသမိုင်းကြောင်းအသီးသီး ရှိခဲ့ကြသော လူ့အဖွဲ့အစည်းအချင်းချင်းဆက်ဆံရေးအထိ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်လေးစားမှုရှိကြရန် ဂုဏ်သိက္ခာရှိသော၊ ရိုးဖြောင့်မျှတသောစိတ်ရင်းဖြင့် ဆက်ဆံမှသာ ရေရှည်ခံ၍ သူနိုင်ကိုယ်နိုင်အခြေအနေတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဟု Living Color က ယူဆပါသည်။

**အယ်ဒီတာအဖွဲ့**

www.foreverspace.com.mm

ဤကဏ္ဍတွင်.....

၂၆ မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန်တကယ်တိုးတက်လာသလော
၃၄ မလေးရှားပေါ်လစီများ၊ လစ်ဟာချက်များနှင့် ရွှေမြန်မာတို့၏ တရားဝင်မှု
၄၂ ပိတ်ကားချပ်၏နောက်တွင် . . .
၅၀ ဤခရီးနီးသလား . . .ရထားစီးလာပါ
၅၈ ဈေးကွက်ရေချိန်ညှိရမည့် ကြက်သွန်နီ
၆၄ ရန်ကုန် ကုန်စည်ဈေးကွက်
၇၂ အနေးပြကွက်ကလေးတော့ ကြည့်ချင်သည်

# မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန်တကယ်တိုးတက်လာသလော

ခင်ငွေးကြွယ်၊ ကျော်ကျော်မင်း

နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကုန်သွယ်ရေးကဏ္ဍနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကဏ္ဍနှစ်ရပ်ဖြင့် ချိန်ထိုးတိုင်းတာနိုင်ပေသည်။ ကုန်သွယ်ရေးကဏ္ဍတွင်ကုန်သွယ်ရေးပို့ငွေပြမှု လိုငွေပြမှုတို့အပေါ်မူတည်၍ တိုင်းတာနိုင်ကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍရပ်သည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိနေပေသည်။



www.foreverspace.com.mm



## လက်ရှိအခြေအနေ

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနယ်ပယ်အတွင်းသို့ ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံထားကြသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများအပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကြောင့် ယခင်နှစ်များထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏတိုးလာမည်ဟု ဆိုနိုင်သည်။

၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံက ရေအားလျှပ်စစ်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုကြောင့် သိသိသာသာတိုးတက်ခဲ့ပြီး ၂၀၀၆–၂၀၀၇ ခုနှစ်တွင်လည်း ဆက်လက်တိုးတက်ခဲ့ရာ ရေအားလျှပ်စစ်ကဏ္ဍနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့ကဏ္ဍတို့တွင် အများဆုံး ရင်းနှီးမြှုပ်နှံသည်ကို တွေ့ရှိရကြောင်း ကုမ္ပဏီများ မှတ်ပုံတင်နှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါရုံးမှ ထုတ်ပြန်သော တရားဝင်စာရင်းဇယားများအရ မြန်မာနိုင်ငံသို့ စီးဝင်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၀၇ ခုနှစ် ဧပြီလအတွင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၄၅၈၀ ဒသမ ၅၅၉ ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရုံးက တရားဝင်ထုတ်ပြန်ထားသော စာရင်းဇယားများအရ ၂၀၀၇ ခုနှစ် ဧပြီလမှ နိုဝင်ဘာအထိ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၇၃၆ ဒသမ ၂၇၉ သန်းဖြစ်ရာ သန်းပေါင်း ၁၅၀ ကျော် တိုးတက်လာသည်ဟုဆိုရမည်။

၂၀၀၉ ခုနှစ် မေလတွင်မူ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၈၇၇ ဒသမ ၁၉၂ အထိရောက်ရှိလာသဖြင့် သန်းပေါင်း ၁၁၄၀ ဒသမ ၉၁၃ အထိတိုးတက်လာကြောင်း အဆိုပါစာရင်းဇယားများအရ သိရသည်။

အဓိကတိုးတက်လာသည့် ကဏ္ဍရပ်မှာ သတ္တုတွင်းကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သန်းပေါင်း အမေရိကန်ဒေါ်လာ ၉၇၁ ဒသမ ၅၆၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ခြင်း တိုးတက်လာခြင်းဖြစ်ကြောင်း AFP သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အတူ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင်လည်း အမေရိကန်ဒေါ်လာ ၁၅၅ သန်းခန့် တိုးတက်လာကြောင်း ထုတ်ပြန်ချက်များကို နှိုင်းယှဉ်ချက်အရ သိရှိရသည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုခြင်း

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် ကော်မရှင်က စိစစ်ပြီးပါက ၎င်းအဆိုပြုလွှာကို ကုန်သွယ်မှု မူဝါဒကောင်စီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရမည်ဖြစ်ကြောင်း၊ အထက်အဖွဲ့အစည်းများမှ အဆိုပြုချက်ကို သဘောတူညီခဲ့လျှင် ကော်မရှင်က ခွင့်ပြုမိန့်ထုတ်ပေးထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများစာရင်း ညွှန်ကြားမှုဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ခွင့်ပြုမိန့်ရပြီးသော စီးပွားရေးလုပ်ငန်းကို လီမိတက်ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းလိုလျှင် ထိုကုမ္ပဏီသည် မြန်မာနိုင်ငံအက်ဥပဒေပုဒ်မ ၂၁ (က) အရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်



www.foreverspace.com.mm

ကြီးဌာနအောက်ရှိ ကုမ္ပဏီမှတ်ပုံတင်ရုံးမှ တစ်ဆင့် ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ခွင့်ပြုမိန့်ရရှိပြီးနောက် ကုမ္ပဏီကို အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ရှင်းပြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းဆောင်ရွက်ရာတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသားနှင့် နိုင်ငံသားဖက်စပ်ပြုလုပ်၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။ ဖက်စပ်လုပ်ငန်းဖြစ်ပါက နိုင်ငံခြားမတည်ငွေရင်းသည် စုစုပေါင်းမတည်ငွေရင်းတွင် အချိုးအစားအားဖြင့် အနည်းဆုံး ၃၅ ရာခိုင်နှုန်း ရှိရမည်ဖြစ်သည်။ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါက ရင်းနှီးမြှုပ်နှံလိုသူသည် ဦးစွာသက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရမည်ဖြစ်ကြောင်း အဆိုပါရုံးထံမှ သိရှိရသည်။

အနည်းဆုံး ယူဆောင်လာရမည့် နိုင်ငံခြားမတည်ငွေရင်းအဖြစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတ်မှတ်ထားသည့်ပမာဏမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာငါးသိန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာသုံးသိန်း ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံခွင့်ရှိသော စီးပွားရေးလုပ်ငန်းအမျိုးအစားများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁/၈၉) တွင် အောက်ပါအတိုင်း သတ်မှတ်ဖော်ပြထားသည်။

လယ်ယာ၊ သား၊ ငါး၊ သစ်တော၊ သတ္တု၊ စက်မှု၊ စားသောက်ကုန်၊ အထည်အလိပ်၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ သားရေ၊ သားရေထွက်ပစ္စည်းနှင့် အခြားအလားတူပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ အဆောက်အအုံသုံးပစ္စည်းများ၊ ပျော့ဖတ်နှင့်စက္ကူ၊ ဓာတုဗေဒ၊ ဓာတုဗေဒထုတ်ပစ္စည်းနှင့်ဆေးဝါး၊ သံနှင့် သံမဏိ၊ စက်နှင့် စက်ကိရိယာပစ္စည်းများ၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃ တွင် ဖော်ပြထားသော စီးပွားရေးလုပ်ငန်းများနှင့် အဆိုပါဥပဒေပုဒ်မ ၄ အရ အစိုးရအဖွဲ့မှခွင့်ပြုသော စီးပွားရေးလုပ်ငန်းများဖြစ်သည်။

"အမိန့်ကြော်ငြာစာတွေမှာမပါတဲ့ စီးပွားရေးလုပ်ငန်းတွေအဆိုပြုလာရင် ကိစ္စရပ်တစ်ခုချင်းအလိုက် စဉ်းစားခွင့်ပြုမှာပါ" ဟု အဆိုပါရုံးမှ တာဝန်ရှိသူက ဆိုသည်။

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ (၃) အရ နိုင်ငံတော်ကသာ လုပ်ကိုင်ရမည့် စီးပွားရေးလုပ်ငန်း ၁၂ ခုရှိပြီး အဆိုပါလုပ်ငန်းများမှာ ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း၊ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံး ကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများစာရင်းညွှန်ကြားမှုဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပုလဲ၊ ကျောက်စိမ်းနှင့်တွင်းထွက်ကျောက်မျက်ရတနာပစ္စည်းများရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပ



www.foreverspace.com.mm



သို့တင်ပို့ရောင်းချခြင်းလုပ်ငန်းများ၊ အစိုးရကသုတေသနပြုလုပ်ရန်သတ်မှတ်ထားသောအင်းများ၌ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်း၊ အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်း၊ သတ္တုရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ ဥပဒေအရ ပုဂ္ဂလိကနှင့်သမဝါယမတို့အား သတ်မှတ်ခွင့်ပြုသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှအပ အခြားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြေညာချက်ဖြင့် သတ်မှတ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

သို့ရာတွင် ယင်းဥပဒေပုဒ်မ ၄ အရ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့သည် အမိန့်ကြေညာချက်ထုတ်ပြန်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များက ခွင့်ပြုနိုင်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

## အခွန်ကင်းလွတ်ခွင့်နှင့် အာမခံချက်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံသူများအား ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခု စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း အနည်းဆုံး သုံးနှစ်အတွက် သုံးနှစ်ဆက်တိုက် အခွန်ကင်းလွတ်ခွင့်အပြင် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများစာရင်းညွှန်ကြားမှုဦးစီးဌာနမှ အကြီးတန်းအရာရှိ တစ်ဦးက ဆိုသည်။

လုပ်ငန်းမှ ရရှိသောအမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊ ပြည်ပပို့ကုန်မှရရှိသော အမြတ်ငွေအပေါ်တွင် ၅၀ ရာခိုင်နှုန်း ဝင်ငွေခွန်သက်သာခွင့်၊ နိုင်ငံခြားအမှုထမ်းများကိုယ်စား ဝင်ငွေခွန်ပေးဆောင်ခွင့်နှင့် ယင်းသို့ပေးဆောင်သည့် ဝင်ငွေခွန်ကို အခွန်စည်းကြပ်ထိုက်သောဝင်ငွေမှနုတ်ပယ်ခွင့်၊ နိုင်ငံခြားသားများ၏ဝင်ငွေအပေါ်တွင် နိုင်ငံသားများပေးဆောင်သည့် ဝင်ငွေခွန်နှုန်းထားများအတိုင်း ပေးဆောင်ခွင့်၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သောဝင်ငွေမှ နုတ်ပယ်ခွင့်၊ ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို နှစ်တိုတိုနှင့် မူလတန်ဖိုးပြည့်မီအောင် အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်၊ လုပ်ငန်းတွင် အရှုံးပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလထိ သယ်ယူနိမ်ခွင့် အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့ကို ရရှိမည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမ သုံးနှစ်အတွင်း ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့ ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများအား ပဋိညာဉ်စာချုပ်ပါ သက်တမ်းအတွင်း ပြည်သူပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံကြောင်း၊ နိုင်ငံခြားမတည်ငွေရင်းနှီးမြှုပ်နှံသူအား ယင်း၏ရပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံရာ၌ထည့်ဝင်ခဲ့သော နိုင်ငံခြားငွေ၏ ငွေအမျိုးအစားဖြင့် ထုတ်ပေးရန်လည်းအာမခံကြောင်း၊ မြန်မာနိုင်ငံတွင် တည်ဆဲ မြေယာဥပဒေများအရ နိုင်ငံခြားသားအား မြေယာပိုင်ဆိုင်ခွင့်မပြုသော်လည်း ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များအတွက် အစိုးရထံမှ သင့်



တော်သောနှုန်းထားဖြင့် မြေယာနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ငှားရမ်းခွင့်ရှိကြောင်း၊ ကုန်ကြမ်းတင်သွင်းခွင့်ကို ကနဦးကာလတွင် ရင်းနှီးမြှုပ်နှံမှုပမာဏပေါ်တွင် တည်ကြောင်း၊ ကုန်ကြမ်းတင်သွင်းခွင့်ကို ကနဦးကာတွင် ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားကြောင်း၊ ကနဦးကာလကုန်ဆုံးပြီးနောက် လုပ်ငန်းသက်တမ်းတစ်လျှောက် လိုအပ်သော ကုန်ကြမ်းအတွက်ကိုမူ ပြည်ပတင်ပို့ခြင်းမှရရှိသောဝင်ငွေဖြင့်တင်သွင်းရမည်ဖြစ်ကြောင်း၊ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ်ကို ခွင့်မပြုကြောင်း အထက်ပါအရာရှိက ရှင်းပြသည်။

## အားသာချက်ရှိသော အခွင့်အလမ်းများ

မြန်မာနိုင်ငံအနေဖြင့် မသုံးစွဲရသေးသောသဘာဝအရင်းအမြစ်များ၊ အခွင့်အလမ်းများစွာနှင့် ဈေးကွက်ကြီးမားစွာရှိနေသော လယ်ယာကဏ္ဍနှင့် ရေထွက်ကုန်ကဏ္ဍ (အထူးသဖြင့် ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက်ရှိ ပုစွန်နှင့် ကဏန်းမွေးမြူရေးလုပ်ငန်းများအတွက် ရေခံ မြေခံ) အရင်းအမြစ်များစွာရှိနေသော သစ်တောများ၊ သတ္တုတွင်းများနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်ဝင်ရောက်လျက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ စသည့်ကဏ္ဍများတွင် အခွင့်အလမ်းပေါင်းများစွာရှိနေကြောင်း UMFCCI အတွင်းရေးမှူး ဒေါက်တာ

www.foreverspace.com.mm

မောင်မောင်လေးက ပြောကြားသည်။

ထို့ပြင် မပျက်စီးသေးသော သဘာဝပတ်ဝန်းကျင်များဖြစ်သည့် တောတောင်ရေမြေ၊ ပင်လယ်ကမ်းခြေများ ထိန်းသိမ်းထားသော ယဉ်ကျေးမှုအမွေအနှစ်များ (ပုဂံ၊ မြောက်ဦး စသည့်) အပြင် BOT စနစ်အခြေခံ၍ ဟိုတယ်နှင့် အပန်းဖြေစခန်းများလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အားသာချက်များရှိသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင်လည်း အခွင့်အလမ်းများစွာရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားရေးမှူးချုပ်ဦးဌေးအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်တိုးတက်နေသောလူဦးရေနှင့် မြို့ပြနေလူဦးရေများနှင့် အရှိန်အဟုန်နှင့်ပြောင်းလဲနေသော လူနေမှုပုံစံတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှစ်အတန်ကြာ အရှိန်သေနေသော မြန်မာ့အိမ်ခြံမြေသည်လည်း ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိနေကြောင်း ဝါရင့်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီအကြီးအကဲတစ်ဦးက သုံးသပ်သည်။

## ယှဉ်ပြိုင်ရတော့မည်

ထို့ပြင် မြန်မာနိုင်ငံသည် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံဘောင်သဘောတူစာချုပ် (Frame work Agreement on the ASEAN Investment Area) ကို ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။



စာချုပ်၏ရည်ရွယ်ချက်မှာ အာဆီယံဒေသကို အာဆီယံနှင့် အာဆီယံပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာစေရန်အတွက် ဆွဲဆောင်မှုများ၊ ဖြေလျှော့မှုများ၊ သိနားလည်မှု၊ လွယ်ကူမှုများရှိသော ASEAN Investment Area ဖြစ်ပေါ်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန်၊ အဆိုပါရည်ရွယ်ချက်ကို ပြည့်မြောက်စေပြီး ၂၀၂၀ ခုနှစ်ကို နောက်ဆုံးထား၍ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဝင်သော ဒေသဖြစ်ပေါ်လာစေရန် အာဆီယံမှထုတ်ပြန်ချက်များကိုဖော်ပြထားသော နိုင်ငံတကာသတင်းအေဂျင်စီများ၏ သတင်းမှတ်တမ်းများအရ သိရသည်။

ဆောင်ရွက်မည့် အသွင်သဏ္ဌာန်မှာ အာဆီယံရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ကြရန်၊ အာဆီယံ Investor များသို့ ၂၀၁၀ ခုနှစ်မတိုင်မီ National treatment ပေးရန်နှင့် Investors အားလုံးသို့ ၂၀၂၀ ခုနှစ်၊ မတိုင်မီ National treatment ပေးရန် အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းသည် ASEAN Investors များ၊ ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ၂၀၁၀ ခုနှစ်မတိုင်မီ ဖွင့်လှစ်ပေးရန်၊ အာဆီယံရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးကိစ္စများတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရန်၊ မတည်ငွေရင်းများ ကျွမ်းကျင်လုပ်သားနှင့် ကျွမ်းကျင်မှုပညာရှင်များနှင့် နည်းပညာများ အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုလွတ်လပ်စွာစီးဝင်မှုရှိစေရန်တို့ဖြစ်ကြောင်း ယင်းသတင်းမှတ်တမ်းများအရ သိရသည်။

စာချုပ်၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အစီအစဉ်များသည် မျှတ၍ အပြန်အလှန်အကျိုးရှိစေမှုအပေါ်အခြေခံရန်၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကြိုတင်ခန့်မှန်းနိုင်မှုများကို အများသိနားလည်မှု လွယ်

www.foreverspace.com.mm



**မြန်မာနိုင်ငံရှိ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

**အမေရိကန်ဒေါ်လာ (သန်း)**

| အဆင့် | အကြောင်းအရာ | အရေအတွက် | ပမာဏ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး | ၂ | ၆၃၁၁.၂၂၂ | ၄၂.၈၃ |
| ၂ | ရေနံနှင့် သဘာ၀ဓာတ်ငွေ့ | ၈၅ | ၃၃၉၈.၄၇၈ | ၂၂.၀၁ |
| ၃ | စားသောက်ကုန်ထုတ်လုပ်ရေး | ၁၅၄ | ၁၆၂၈.၄၇၈ | ၁၁.၀၆ |
| ၄ | အိမ်ခြံမြေ | ၁၉ | ၁၀၅၆.၄၅၃ | ၇.၁၇ |
| ၅ | ဟိုတယ်နှင့်ခရီးသွား | ၄၃ | ၁၀၃၄.၅၆၁ | ၇.၀၂ |
| ၆ | သတ္တုတူးဖော်ထုတ်လုပ်ရေး | ၅၈ | ၅၃၄.၈၉၀ | ၃.၆၃ |
| ၇ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၂၅ | ၃၂၄.၃၅၈ | ၂.၂၀ |
| ၈ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁၆ | ၃၁၃.၂၇၂ | ၂.၁၃ |
| ၉ | စက်မှုလက်မှု | ၃ | ၁၉၃.၁၁၃ | ၁.၃၁ |
| ၁၀ | ဆောက်လုပ်ရေး | ၂ | ၃၇.၇၆၇ | ၀.၂၆ |
| ၁၁ | လယ်ယာ | ၄ | ၃၄.၃၅၁ | ၀.၂၃ |
| ၁၂ | အခြား | ၆ | ၂၃.၆၈၆ | ၀.၁၆ |
| | စုစုပေါင်း | ၄၁၇ | ၁၄၇၃၆.၂၇၉ | ၁၀၀ |

**အရင်းအမြစ်။ ။ ကုမ္ပဏီများ မှတ်ပုံတင်နှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး (၂၀၀၇ ခုနှစ် နိုဝင်ဘာလ)**

**မြန်မာနိုင်ငံရှိ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

**အမေရိကန်ဒေါ်လာ (သန်း)**

| အဆင့် | အကြောင်းအရာ | အရေအတွက် | ပမာဏ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး | ၂ | ၆၃၁၁.၂၂၂ | ၄၀.၀၃ |
| ၂ | ရေနံနှင့် သဘာ၀ဓာတ်ငွေ့ | ၈၉ | ၃၃၉၈.၄၇၈ | ၂၁.၅၅ |
| ၃ | စားသောက်ကုန်ထုတ်လုပ်ရေး | ၁၅၄ | ၁၆၂၈.၄၇၈ | ၁၀.၃၃ |
| ၄ | သတ္တုတူးဖော်ထုတ်လုပ်ရေး | ၆၀ | ၁၅၀၆.၄၅၃ | ၈.၈၅ |
| ၅ | အိမ်ခြံမြေ | ၁၉ | ၁၀၅၆.၄၅၃ | ၆.၇၀ |
| ၆ | ဟိုတယ်နှင့်ခရီးသွား | ၄၄ | ၁၀၄၉.၅၆၁ | ၆.၆၆ |
| ၇ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၂၅ | ၃၂၄.၃၅၈ | ၂.၀၆ |
| ၈ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁၆ | ၃၁၃.၂၇၂ | ၁.၉၉ |
| ၉ | စက်မှုလက်မှု | ၃ | ၁၉၃.၁၁၃ | ၁.၂၂ |
| ၁၀ | ဆောက်လုပ်ရေး | ၂ | ၃၇.၇၆၇ | ၀.၂၄ |
| ၁၁ | လယ်ယာ | ၄ | ၃၄.၃၅၁ | ၀.၂၂ |
| ၁၂ | အခြား | ၆ | ၂၃.၆၈၆ | ၀.၁၅ |
| | စုစုပေါင်း | ၄၂၃ | ၁၅၈၀၀.၀၀ | ၁၀၀ |

**အရင်းအမြစ်။ ။ ကုမ္ပဏီများ မှတ်ပုံတင်နှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး (၂၀၀၉ ခုနှစ် မေလ)**

www.foreverspace.com.mm

ကူညီစေရန်နှင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ဆောင်ရွက်ခြင်းများ ကိုက်ညီမှုရှိစေရန်၊ လွယ်ကူချောမွေ့စေပြီး ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်အောင်ဆောင်ရွက်ခြင်း၊ ဖြေလျှော့မှုပေးခြင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်လာရေးအတွက် သင့်လျော်သောဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း ယင်းသတင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

အာဆီယံနှင့်ပတ်သက်ဆက်စပ်၍ ယင်းသို့သော အခြေအနေများရှိနေခြင်းက မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း အာဆီယံနိုင်ငံများနည်းတူ အခြေအနေကိုဖော်ညွှန်းနေပေသည်။

## လုပ်သာကိုင်သာရှိရန်

မြန်မာနိုင်ငံတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ယခုထက်ပို၍ အဆပေါင်းများစွာ တိုးတက်နိုင်စွမ်းရှိနေပါသည်။ ယနေ့ထက်တိုးတက်နေသောပမာဏမှာ တိုးတက်သင့်သောပမာဏ၏ အပုံတစ်ရာပုံလျှင် တစ်ပုံပင်မရှိကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။

## ရေခံမြေခံကောင်းသာ

မည်သို့ပင်ဖြစ်စေကာမူ တရားဝင်ထုတ်ပြန်ထားသောကိန်းဂဏန်းများအရ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်သည့်ပမာဏမှာ နှစ်စဉ်တိုးတက်လာနေဆဲဖြစ်သည်ဟုဆိုနိုင်သကဲ့သို့ ယခုထက်မက တိုးတက်လာနိုင်သော အခွင့်အလမ်းများရှိနေသည်ဟုလည်း ဆိုကောင်းဆိုနိုင်ပါသည်။

တစ်ခုတည်းသော လိုအပ်ချက်မှာ စီးပွားရေးလုပ်ကိုင်နိုင်သော အခွင့်အလမ်းများရှိသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ရန်ပင်ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရေရှည်ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ၎င်းတို့သွားချင်သည့်လမ်းကြောင်းအတိုင်းသွားရန်အတွက် ခေါင်းဆောင်မှုကောင်းရန်နှင့် တရားဥပဒေနှင့်ညီညွတ်ရန်၊ စီးပွားရေးလုပ်ကိုင်ရန် ကောင်းမွန်နိုင်သော အခြေအနေကောင်း၊ ရေခံမြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးရန်လိုအပ်ကြောင်း စင်ကာပူနိုင်ငံ၏ဝါရင့်ဝန်ကြီး ဂိုချောက်တောင်က Living Color Magazine ၏ အယ်ဒီတာတစ်ဦးနှင့် ၂၀၀၉ ဩဂုတ်လအတွင်း တွေ့ဆုံစဉ်တွင် ပြောကြားခဲ့သည်။

“အဲဒီလိုသာလုပ်ရင် နောင်လာမယ့်ဆယ်နှစ်နောက်ပိုင်း မြန်မာပြည် ချမ်းသာလာမယ်၊ အနှစ် ၂၀ အတွင်း ထိုင်းလိုကြီးပွားသွားမယ်” ဟု ဝါရင့်ဝန်ကြီးက ပြောကြားခဲ့သည်။

**ကျော်ကျော်မင်း ၊ ခင်ဌေးကြွယ်**



www.foreverspace.com.mm



# မလေးရှားပေါ်လစီများ လစ်ဟာချက်များနှင့် ရွှေမြန်မာတို့၏ တရားဝင်မှု

ချိုမွှေး

မခင်လေးသည် ပြည်တွင်း NGO တစ်ခုမှ ဝန်ထမ်းတစ်ဦး ဖြစ်၏။ ပြည်ပသို့ မကြာခဏခရီးသွားရသောကြောင့် မခင်လေး ပတ်စ်ပို့စာအုပ်မှာ စာအုပ်သက်တမ်းမကုန်ဘဲ ဗီဇာတုံးထုရန် စာရွက်ကုန်သွားသောကြောင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရာ ပန်းဆိုးတန်းရုံးသို့လာ၍ သက်တမ်းတိုးရပေသည်။ နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းမှာ လုပ်ငန်းအဆင့်ဆင့်ကို ဖြတ်သန်းရရာ ပြည်ပသို့ဝင်စထွက်စရှိသော မခင်လေးသည်ပင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရာရုံးတွင်း၌ မကြာခဏဆိုသလို ရှာလည်ရသောသဘောရှိ၏။ မိမိထက်ပို၍မျက်စိသူငယ်နားသူငယ်ဖြစ်သူများကား တစ်ပြည်တစ်ရွာတွင် ငွေအရှာထွက်ရန်တာစူနေကြသော နယ်မြို့များမှတက်လာသူ လူငယ်လူရွယ်များ ဖြစ်ကြသည်။ နောင်တွင် ပြည်ပ၌မဖြစ်မနေလိုလျှင်လိုသလို သုံးရမည့်အင်္ဂလိပ်စာကိုမဆိုထားနှင့် မြန်မာစာဖြင့်ဖြည့်ရသောနိုင်ငံ ကူးလက်မှတ်လျှောက်ထားရေးပုံစံများကိုပင် ဖြောင့်အောင်မဖြည့်တတ်သောအမျိုးသမီးငယ်ကလေးများကို တွေ့လျှင် မခင်လေးမှာ ရင်လေးလှသည်။ မိမိတို့နိုင်ငံသား အမျိုးသားလူဝင်မှုကြီးကြပ်ရေးအရာရှိများကိုပင် ရဲရဲကြည့်၍ စကားမပြောရဲသောအမျိုးသမီးကလေးများသည် နိုင်ငံရပ်ခြားတွင် ပုလိပ်စစ်စစ်သော လူဝင်မှုကြီးကြပ်ရေးအရာရှိများ၊ အလုပ်ရှင်များနှင့် မည်သို့ဆက်ဆံကြမည်နည်း။

ခရီးသွားသည့်တစ်လျှောက် လေဆိပ်များ၊ နိုင်ငံများသာ ပြောင်းချင်ပြောင်းသွားမည်။ မပြောင်းလဲသည့်အရာမှ လူဝင်



www.foreverspace.com.mm



မှုကြီးကြပ်ရေးအရာရှိများ၏ တင်းမာသော မျက်နှာထားများ ဖြစ်သည်။ မလေးရှားကဲ့သို့ မြန်မာအပါအဝင် နိုင်ငံခြားလုပ်သားအဝင်အထွက်အလွန်များသောနေရာတွင်ကား ပို၍မျက်နှာငယ်ပါသည်။ တစ်ခေါက်မဟုတ် နှစ်ခေါက်မဟုတ်၊ သွားသည့်အခါတိုင်း အထင်သေးသောအကြည့်၊ တင်းမာသောမျက်လုံးတို့နှင့် ရင်ဆိုင်ခဲ့ရဖူးသည်။ အဘယ်ကြောင့်ဆိုသော် မခင်လေးတို့အရွယ်မှာ အလုပ်လုပ်ရန် လာရောက်သည့်အရွယ်မျိုးဖြစ်သောကြောင့် ဖြစ်သည်။ မလေးရှားသို့သွားရောက်မည့် မြန်မာတစ်ဦးအတွက် ရန်ကုန် မလေးရှားသံရုံး၌ လျှောက်ထားသည့်ဖြစ်စေ၊ အခြားနိုင်ငံတစ်ခုတွင်ရှိသော မလေးရှားသံရုံး၌ လျှောက်ထားသည်ဖြစ်စေ အသွားအပြန်လေယာဉ်လက်မှတ်မပြနိုင်လျှင် ဗီဇာမပေးပါ။ ထိုစည်းကမ်းချက်များကို လူသိရှင်ကြား ထုတ်ပြန်ထားသည့်တိုင်အောင် တစ်ခါက ကွာလာလမ်ပူရှိ လေဆိပ်တစ်ခုတွင် မခင်လေးသည် သူတစ်ပါးထက် အချိန်ကြာမြင့်စွာ အစစ်ဆေးခံရဖူးသည်။

စစ်ဆေးသူလူဝင်မှုကြီးကြပ်ရေးအရာရှိအမျိုးသမီးငယ်သည် မလေးမွတ်ဆလင်အမျိုးသမီးများဝတ်ဆင်လေ့ရှိသောဦးဆောင်းကို ဆောင်းထားသည်။ ဦးဆောင်းအောက်မှမျက်လုံးအစုံသည် နိုင်ငံကူးလက်မှတ်ကို တစ်လှည့် မခင်လေးကိုတစ်လှည့်ကြည့်သည်။ မျက်လုံးသည် အလိုမကျသည့်သဘောကိုဆောင်သည်။ "မင်းက ဒီကိုဘာအတွက်လာတာလဲ" ဟုမေးသည်။ ကျွန်မက "အလည်အပတ်ပါ" ဟုဖြေသည်။ "အဲဒါဆိုရင် အပြန်လေယာဉ်လက်မှတ်ပြပါ" တဲ့။ ထုံးစံအားဖြင့် လေဆိပ်ရောက်ပြီးချိန်တွင် ပြည်ဝင်ခွင့်ရရန်အတွက် လေယာဉ်လက်မှတ်ကို ထပ်မံပြသရလေ့မရှိရာ မခင်လေးမှာ ကျောပိုးအိတ်၌ လုံလုံခြုံခြုံထည့်သိမ်းထားပြီးသားဖြစ်သော်လည်း တစ်ဖန်ပြန်ထုတ်ရလေသည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိငယ်သည် ဤမျှနှင့်မကျေနပ်သေးပေ။ သူ၏အထက်အရာရှိကိုခေါ်၍ မခင်လေး၏နိုင်ငံကူးလက်မှတ်ကို ပြလေသည်။ ထိုအခါ သူမ၏အထက်အရာရှိက အေးဆေးသောအမူအရာဖြင့် လွှတ်ပေးလိုက်ဟူ၍အဓိပ္ပာယ်ရသောစကားတစ်ခုပြောလိုက်ပုံရသည်။ ထိုအခါမှပင် မခင်လေးအတွက် ကိစ္စပြတ်တော့သည်။ လေဆိပ်အပြင်သို့ထွက်လာချိန်တွင် မခင်လေးစဉ်းစားသည်မှာ ရန်ကုန်ရှိနိုင်ငံကူးလက်မှတ်ရုံးတွင် တွေ့ခဲ့ရသော နယ်မြို့များမှ မလည်မဝယ်အမျိုးသမီးကလေးများသည် ဤကဲ့သို့သောမေးခွန်းမျိုးကို မည်သို့ဖြေရှင်းကြသနည်းဟူ၍ ဖြစ်၏။

"အစ်မကလည်း ကွာလာလမ်ပူလေဆိပ်ကို ခြေချတဲ့နေ့ကို ကျွန်တော့်ဘဝမှာ ဘယ်တော့မှမမေ့ဘူး။ ကျွန်တော့်ဘဝမှာ တည်ဆောက်ခဲ့ရတဲ့ သိက္ခာကုန်သွားတဲ့နေ့လို့ အောက်မေ့တာပဲ။ လေဆိပ်အရာရှိတွေဟာ နိုင်ငံခြားကရောက်လာတဲ့အလုပ်သမားတွေကိုဆိုရင် လူလိုဆက်ဆံတာမဟုတ်ဘူး။ ခြေထောက်နဲ့အမိန့်ပေးတာတို့ ငေါက်ငမ်းတာတို့ကတော့ လူတိုင်းနီးပါးခံနေရတဲ့ဟာတွေ" ဟု လေဆိပ်အတွေ့အကြုံကို ပြန်ပြောတိုင်း ဒေါသထွက်နေသောကိုကျော်ဇေယျက ဆိုသည်။

"အဲဒီလေဆိပ်ဟာလည်း ကျွန်တော်တို့ဘဝကို 'အို' အဖြစ် ပြောင်းပေးတဲ့နေရာတစ်ခုလည်းဖြစ်သေးတယ် အစ်မရဲ့။ ကျွန်တော်တို့လာတုန်းကတော့ နိုင်ငံကူးလက်မှတ်ကလေးကိုင်လို့ပေါ့ အစ်မရယ်။ အဲ



www.foreverspace.com.mm

မလေးရှားရောက်တော့ ကျွန်တော်တို့ရဲ့ မလေးရှားအေးဂျင့်ကလာကြိုပါရော။ အဲဒီကတည်းက ကျွန်တော်တို့ဟာ ပတ်စ်ပို့ရော လူရော အေးဂျင့်လက်ထဲကိုရောက်သွားရော။ အဲဒီနောက်မှ အေးဂျင့်လက်ကနေ တစ်ဆင့် အလုပ်ရှင်ဆီကိုရောက်ရော။ အဲဒီအချိန်ဟာ ကျွန်တော်တို့ရဲ့ နိုင်ငံကူးစာအုပ်ကလေးကို ကျွန်တော်တို့နောက်ဆုံးမြင်လိုက်ရတဲ့အချိန်ပဲ။ တကယ်လို့ အလုပ်ရှင်တစ်ယောက်ထဲမှာမြဲနေမယ်ဆိုရင်တော့ နောက်တစ်နှစ်ဆေးစစ်တဲ့အချိန်ကျရင် တစ်ခါလောက် ကိုယ့်စာအုပ်အနီရောင်ကလေးကို လက်နဲ့ပြန်ထိခွင့်ရတယ်" ဟု မူလစာချုပ်ချုပ်ဆိုထားသည့် အလုပ်မှ အဆင်မပြေသဖြင့် မြန်မာထမင်းဆိုင်တစ်ခုတွင် အကြော်ဆရာလုပ်နေသူ ကိုထွန်းလွင်က ပြောကြားသည်။

မလေးရှားတွင် ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ အလုပ်သမားတစ်ဦးကို အပြည့်အဝကာကွယ်နိုင်သည့်ဥပဒေ များစွာရှိပါသည်။ မလေးရှားသည် ၁၉၇၀ ကျော်နှစ်များတွင် နိုင်ငံစီးပွားရေးတစ်ဟုန်ထိုး ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံဖွံ့ဖြိုးရေးအင်ဂျင်များဖြစ်ကြသော စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများထူထောင်ရေးတို့အတွက် နိုင်ငံခြားသားလုပ်သားများစွာ လိုအပ်လာသည်။ ၁၉၇၀ ကျော်တစ်လျှောက်လုံး အလုပ်သမားကို လိုအပ်လျှင် လိုအပ်သလို ပြည်ပမှခေါ်ယူခွင့်ရှိရာမှ နောင်တွင် နိုင်ငံခြားသားဦးရေ တိုးတက်လာမှုကြောင့် နိုင်ငံသားတို့၏အလုပ်အကိုင်နေရာမထိခိုက်စေရေးအတွက် ၁၉၈၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြည်ပလုပ်သားဦးရေကို အကန့်အသတ်ဖြင့်သာ ခေါ်ယူရန် မလေးရှားအစိုးရကက်ဘိနက်အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ သို့သော် ထိုအချိန်မှစ၍ ပြည်ပလုပ်သားဦးရေမှာ ကျသွားသည်မရှိဘဲ အတက်ကိုသာ ပြလျက်လက်ရှိတွင် လူဦးရေ ၂၆ သန်းခန့်ရှိသော မလေးရှား၌ ပြည်ပလုပ်သားဦးရေမှာ နိုင်ငံလူဦးရေ၏ ၁၁ ရာခိုင်နှုန်းခန့်အထိသို့ ရောက်ရှိလာခဲ့သည်။




သို့သော်လည်း အလုပ်သမားငှားရမ်းမှုနှင့်ပတ်သက်၍မူ ကန့်သတ်ချက်များရှိနေဆဲဖြစ်သည်။ ပြည်တွင်းရှိ လုပ်ငန်းရှင်တစ်ဦးသည် ပြည်ပမှ လုပ်သားကို ငှားချင်တိုင်းငှားခွင့်မရ။ မိမိအလုပ်ကို မလေးရှားနိုင်ငံသားများက မလုပ်ကိုင်လိုကြောင်းသေချာမှသာ ပြည်ပသို့ ခေါ်ယူငှားရမ်းခွင့်ရှိသည်။ ထိုသို့ငှားရမ်းရာတွင်လည်း ရေရှည်တွင် ပြဿနာမတက်စေရန် လုပ်ငန်းခွင်၌ ပြည်တွင်းအလုပ်သမားနှင့် ပြည်ပအလုပ်သမားအခွင့်အရေးခွဲခြားမှုမရှိစေရဟု မူဝါဒချမှတ်ထားပြီးဖြစ်သည်။ အထူးသဖြင့် လုပ်ခ အလုပ်ချိန်နှင့် အခြားလုပ်ငန်းခွင်အခွင့်အရေးများကို ညီတူမျှတူဖြစ်ရမည်ဟု အတိအလင်းမူဝါဒထားရှိခဲ့သည်။ ထို့ပြင် ပြည်ပလုပ်သားများကို သင့်လျော်သည့်နေရာထိုင်ခင်းတွင်ထားရှိရန်မှာလည်း အလုပ်သမားငှားရမ်းရေး စည်းကမ်းချက်များတွင် ပါဝင်သည်။

အမှုအခင်းဖြစ်လာလျှင် အလုပ်သမားများကို အကာအကွယ်ပေးမှုများမှာ ယခင် ယခင်ဗြိတိသျှတို့လက်အောက်၌ မလေးရှားနိုင်ငံအနေဖြင့် ကျင့်သုံးခဲ့သော ဥပဒေများ၌ အတိအလင်းပါရှိပြီးဖြစ်ရာ အလုပ်သမားများ၏အခွင့်အရေးကို လုံလုံလောက်လောက်ကာကွယ်နိုင်ရန် အသင့်ရှိနေခဲ့သည်။

## မလေးရှားရှိ အလုပ်သမားကာကွယ်ရေး ဥပဒေများ

– အလုပ်ခန့်ထားရေးအက်ဥပဒေ ၁၉၅၅ (ကျွန်းဆွယ်မလေးရှား)

www.foreverspace.com.mm



– ဆာဘာအလုပ်သမားဥပဒေ (ဆာဘာပြည်နယ်)

– ဆာရာဝက်အလုပ်သမားဥပဒေ (ဆာရာဝက်ပြည်နယ်)

– အလုပ်သမားလျော်ကြေးဆိုင်ရာ အက်ဥပဒေ ၁၉၅၂

– အလုပ်သမားများအတွက် အနိမ့်ဆုံးအိမ်ရာနှင့် အခြားအခြေခံလိုအပ်ချက်များ စံချိန်စံညွှန်းသတ်မှတ်ရေးဥပဒေ ၁၉၉၀

– ကလေးသူငယ်နှင့် လူငယ်အက်ဥပဒေ ၁၉၆၆

– စက်မှုလုပ်ငန်းခွင်ဆက်ဆံရေး အက်ဥပဒေ ၁၉၆၇

– အလုပ်သမားသမဂ္ဂအက်ဥပဒေ ၁၉၅၉

– လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးအက်ဥပဒေ ၁၉၉၄

– လုပ်ခလစာကောင်စီအက်ဥပဒေ ၁၉၅၇

– လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ၁၉၅၉/၁၉၆၀

ထိုဥပဒေများအနက်မှ အလုပ်သမားသမဂ္ဂဖွဲ့စည်းရေးအတွက် ဥပဒေ (၁၉၅၉) အရ တရားဝင်ပြည်ပလုပ်သားတစ်ဦးသည် မိမိတို့လက်လှမ်းမီရာ အဝန်းအဝိုင်းရှိ တရားဝင်ဖွဲ့စည်းထားသော အလုပ်သမားသမဂ္ဂတွင် သမဂ္ဂဝင်ဖြစ်ခွင့်ရှိသည်။ သို့သော် တရားမဝင်အသင်းအဖွဲ့များတွင်မူ ပါဝင်ခွင့်မရှိစေရ။ ၁၉၅၅ ခုနှစ် အလုပ်ခန့်ထားရေးအက်ဥပဒေအရ အလုပ်ခန့်ထားရေး စာချုပ်ချုပ်ဆိုရာတွင် အလုပ်ရှင်များဘက်မှ အလုပ်သမားများအနေဖြင့် အလုပ်သမားအစည်းအရုံးများသို့ ဝင်ရောက်ခွင့်မရှိဟူသော စာကြောင်းစာပိုဒ်များ ထည့်သွင်းခွင့်မရှိစေရဟု ဖွင့်ဆိုထားသည်။

ထို့ပြင် စက်မှုလုပ်ငန်းခွင်ဆက်ဆံရေးဥပဒေအရ အလုပ်သမားတစ်ဦးမှာ တရားဝင်ဖွဲ့စည်းထားသော အလုပ်သမားအစည်းအရုံးသို့ ဝင်ရောက်ခြင်းကြောင့် အလုပ်မှဖြုတ်ပစ်ခံရခြင်းမရှိစေရ၊ အလုပ်ခန့်ထားရေးအက်ဥပဒေ ၁၉၅၅ သည် အလုပ်သမားများ၏အရေးကို များစွာအကာအကွယ်ပေးနိုင်စွမ်းရှိသည်။ လုပ်ခလစာကို စာချုပ်ပါအတိုင်းရရှိစေရန် နေ့ဆိုင်း၊ ညဆိုင်းအလိုက် ကွဲပြားသောခံစားခွင့်ရှိစေရန်၊ အလုပ်ချိန်ကြာသည်နှင့်အမျှ ခံစားခွင့်ပိုများလာရန်၊ အချိန်ပိုကြေးပေးရန်၊ အနားယူသည့်နေ့သတ်မှတ်ရန်၊ အနားယူသည့်နေ့ရက်တွင် အလုပ်ဆင်းရလျှင် လုပ်ခခံစားခွင့်ပေးရန်၊ တရားဝင်သတ်မှတ်ထားသော အများပြည်သူအားလပ်ရက်များတွင် အနားယူပါက လုပ်ခလစာမဖြတ်ရန်၊ နှစ်စဉ်ရက်ရှည်ခွင့် ခံစားခွင့်ရရန်၊ ကျန်းမာရေးမကောင်းလျှင် အနားယူနိုင်ရန် အစရှိသည်ဖြင့် အလုပ်သမားများ၏ရပိုင်ခွင့်ကို အသေးစိတ်ဖော်ပြထားသောဥပဒေဖြစ်၏။ အကယ်၍ စာချုပ်ပါအချက်များအတိုင်း ခံစားခွင့်မရလျှင် အလုပ်ရှင်ကို အလုပ်သမားက တရားစွဲနိုင်ခွင့်ကိုပါ အတိအလင်းသတ်မှတ်ထားသည်။

သို့သော် သို့သော် ထိုဥပဒေများအတိုင်းသာ မြန်မာအလုပ်သမားများမှာ အကာအကွယ်ရနေကြသည်ဆိုငြားအံ့။ မခင်လေးအနေဖြင့် ပြည်တွင်းဂျာနယ်များတွင် မှန်မှန်ဖတ်နေရသော မလေးရှားရောက် ရွှေမြန်မာတို့၏ပြဿနာကို ကြားပင်ကြားရမည်မဟုတ်။ ပညာရပ်ရှုထောင့်မှကြည့်သော် ပြဿနာမှာ နိုင်ငံတစ်ခု၏ လူဝင်မှုထိန်းချုပ်ရေးမူဝါဒနှင့် နိုင်ငံဖွံ့ဖြိုးရေးမူဝါဒများအချင်းချင်း တွန်းတိုက်မိရာကစသည်ဟု ဆိုရပါမည်။ မလေးရှားနိုင်ငံအနေဖြင့် အားထားနေရသော စီးပွားရေးအင်ဂျင်ကြီးများကိုကြည့်ပါ။ ဆီအုန်း၊ ရော်ဘာခြံမှအစပြု၍ စက်ရုံအလုပ်ရုံအဆုံးကို သုံးသပ်ကြည့်သော် ကုန်ထုတ်လုပ်မှုက ဝန်ဆောင်မှုကဏ္ဍထက်ပိုများသည်ကိုတွေ့ရပါမည်။ ကုန်ထုတ်လုပ်မှုများသောကြောင့် နိုင်ငံမှာ ချမ်းသာလာသည်။ လူဦးရေ ၂၆ သန်းခန့်သာရှိသော မလေးရှားတစ်နိုင်ငံလုံး ပျမ်းမျှနှစ်စဉ်ဝင်ငွေမှာ လူဦးရေ သန်း ၆၀ ကျော်သော ထိုင်းထက် များစွာ ပိုများသည်။ လူတစ်ဦးချင်း ချမ်းသာမှုနှုန်းပိုမြင့်သည်။

ခန့်မှန်းခြေ မလေးရှားသည် ယခုခနအင်အားဖြင့် လူဦးရေ သန်း ၇၀ ခန့်ကို တင်ကျွေးထားနိုင်သည့် စီးပွားရေးအဆင့်ကို ရောက်ရှိနေသည့်အနေအထားရှိသည်ဟု မလေးရှားပညာရှင်အချို့က ဆိုသည်။ သို့သော် မလေးရှား၏အနေအထားမှာ စင်ကာပူကဲ့သို့ဝန်ဆောင်မှုဖြင့် ဝင်ငွေရှာနိုင်သည့်အဆင့်သို့မရောက်သေးဟုဆိုရပါမည်။ စင်ကာပူသည် အရှေ့တောင်အာရှတွင် နိုင်ငံဖွံ့ဖြိုးရေးမူဝါဒနှင့် လူဝင်မှုထိန်းချုပ်ရေးမူဝါဒကို အကိုက်ညီဆုံးကျင့်သုံးနိုင်သည့်နိုင်ငံဟုဆိုသော် ရနိုင်သည်။ စင်ကာပူ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေမှာရှင်းသည်။ ပညာတတ်လုပ်ငန်းခွင်များသာ ဦးစားပေးဖော်ဆောင်ပြီး ပညာနှင့်ဝင်လာသူကိုသာလက်ခံသည်။ လက်ချည်းသက်သက်ဖြင့် လာသောကာယလုပ်သားကို အနည်းအကျဉ်းသာလိုအပ်သည်။ လုပ်ငန်းခွင်များ၌လည်း အလုပ်သမားတစ်ဦး၏ လုပ်ခလစာခံစားခွင့်အနိမ့်ဆုံးစံတစ်ခုကို သတ်မှတ်ထားရာ အလုပ်ရှင်အနေဖြင့်လည်း အလုပ်သမားကို ဖောချင်းသောချင်း ခေါ်မသွင်းနိုင်သည့်အနေအထားသို့ တမင်တကာ တွန်းပို့ထားသည်။ မလေးရှားမှာမူကား တစ်ဖက်တွင် မီးတုတ်၊ တစ်ဖက်တွင် ရေမှုတ်ဟု ဆိုရပါမည်။ လူဝင်မှုကြီးကြပ်



www.foreverspace.com.mm



ဈေးက နိုင်ငံခြားသားအလုပ်သမားကို လျှော့ချပစ်နေချိန်တွင် စီးပွားရေးလုပ်ငန်းရှင်က အလုပ်သမားကို လက်ယပ်ခေါ်နေသည်။

ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရန် အစဉ်အမြဲတာစူနေသော မလေးရှားလုပ်ငန်းရှင်တို့သည် ဈေးပေါသောအလုပ်သမားကို အမြဲလိုအပ်လျက်ရှိသည်။ ထို့ပြင် မလေးရှား၏ လက်ရှိကျင့်သုံးနေသော အလုပ်သမားခေါ်ယူခွင့်ပေါ်လစီများကလည်း အလုပ်ရှင်များကို တရားမဝင်အလုပ်သမားများအား လက်ခံမြဲလက်ခံနေစေရန် တွန်းအားပေးလျက်ရှိသည်။

ပရိဘောဂစက်ရုံကြီးတစ်ခုတွင် ၁၉၉၂ ခုနှစ်မှစ၍ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လုပ်ရည်ကိုင်ရည်ကြောင့် ရာထူးအဆင့်ဆင့်တိုးကာ အထွေထွေမန်နေဂျာအဖြစ် တိုးမြှင့်ခန့်ထားခံရသော ဦးသန်းဇော်က မလေးရှားအလုပ်ရှင်များ အဘယ်ကြောင့် တရားမဝင်အလုပ်သမားကို သုံးစွဲနေကြသည်ကို ဤသို့ရှင်းပြသည်။ “အဓိက,ကတော့ အခွန်ရှောင်ချင်တာပေါ့။ ကုမ္ပဏီတိုင်းဟာ နိုင်ငံခြားအလုပ်သမားငှားချင်တယ်ဆိုရင် လုပ်ထုံးလုပ်နည်းအရ ကိုယ့်ကုမ္ပဏီရဲ့ပိုင်ဆိုင်မှု Bank Statement ကို ပြရတယ်။ လက်ရှိနှုန်းထားအရတော့ ရင်းဂစ်တစ်သိန်း (အမေရိကန်ဒေါ်လာသုံးသောင်းကျော်) ပြနိုင်တယ်ဆိုရင် အဲဒီကုမ္ပဏီက အလုပ်သမားငါးယောက်ငှားခွင့်ရှိတယ်။ ဒါပေမဲ့ တစ်ပြိုင်နက်ထဲမှာလည်း နိုင်ငံခြားသားကို ငှားချင်တဲ့အတွက်ကြောင့် အဲဒီကုမ္ပဏီမှာ ပြည်တွင်းလုပ်သားအရေအတွက်ဆတူငှားရမ်းပြီးဖြစ်ကြောင်းပြရတယ်။ တကယ်လို့ ကုမ္ပဏီအနေနဲ့ ရင်းဂစ်သုံးသိန်းလောက်အထိ ပြနိုင်တယ်ဆိုရင်တော့ အလုပ်သမားနှစ်ဆယ်ငှားလို့ရတယ်။ အခွန်ရှောင်ချင်တဲ့ကုမ္ပဏီတွေကတော့ ဖြတ်လမ်းနည်းသုံးပြီး ကိုယ့်ရဲ့ပိုင်ဆိုင်မှုကို ပြစရာမလိုတော့အောင် တရားမဝင်အလုပ်သမားငှားလိုက်တာပါပဲ” ဟု ဦးသန်းဇော်က ဆိုသည်။

သို့သော် ၎င်း၏အဆိုအရ အချို့ကုမ္ပဏီများတွင်မူ မိမိတို့ငှားရမ်းခွင့်ရထားသော အလုပ်သမားအရေအတွက်ထက်ပို၍ ငှားရမ်းလိုသောပြဿနာလည်းရှိနိုင်ကြောင်း ရှင်းပြသည်။ “ကျွန်တော်တွေ့ဖူးတဲ့သူဌေးတစ်ယောက်ဆိုရင်ဗျာ။ အလုပ်သမားများများလိုချင်တော့ ကုမ္ပဏီတွေအများကြီး ခွဲထုတ်လိုက်တယ်။ ဒီမှာက ကုမ္ပဏီမှတ်ပုံတင်ရတာကလည်း မခက်တော့ သမီးက ကုမ္ပဏီတစ်ခု၊ မိန်းမနာမည်နဲ့ ကုမ္ပဏီတစ်ခု၊ သားနာမည်နဲ့ကုမ္ပဏီတစ်ခုထောင်လိုက်တယ်ဗျာ။ အဲဒီအခါကျတော့ အလုပ်သမားကို သူတို့ထဲကကုမ္ပဏီတစ်ခုရဲ့နာမည်ကိုခံပြီး ခေါ်လိုက်တယ်ဆိုပါတော့။ အဲဒီအလုပ်သမားဟာ အဲဒီကုမ္ပဏီကို ရောက်ချင်မှရောက်မယ်။ သူတို့မိသားစုထဲက နောက်ကုမ္ပဏီခွဲတစ်ခုဆီကို ရောက်ချင်ရောက်သွားမယ်။ သူတို့အချင်းချင်းကြား နားလည်မှု၊ မလေးရှားအေးဂျင့်နဲ့ သူတို့ရဲ့ကြား




ကနားလည်မှုနဲ့ပေါ့ဗျာ။ အဲဒီအခါ ခက်တာက အလုပ်သမားဗျ”

ဦးသန်းဇော်ပြောပြသော အလုပ်

www.foreverspace.com.mm





သမား၏ ပြဿနာသည် မလေးရှား၏ တည်ဆဲဥပဒေများကြားမှ လက်တစ်လုံးခြားလုပ်၍ရသော အလုပ်ရှင်များ၏အခွင့်အရေးများကြောင့်ဖြစ်ရသောပြဿနာများကို ရည်ညွှန်းပါသည်။ Free Calling ဟုခေါ်သော မလေးရှား Out-sourcing Company များနှင့် ချိတ်ဆက်၍သွားသည့် မိမိစရိတ်မိမိအကုန်အကျခံ၍သွားသော ရွှေမြန်မာများမှလွဲ၍ စာချုပ်ဖြင့်သွားသော မြန်မာလုပ်သားများမှာ အေဂျင်စီကိုပေးရန် အကြွေးကျန်သည်ဖြစ်စေ၊ မကျန်သည်ဖြစ်စေ မိမိ၏နိုင်ငံကူးလက်မှတ်ကို မိမိ၏လက်ဝယ်၌ ထားခွင့်မရှိပါ။ မလေးရှား၏လက်ရှိပေါ်လစီအောက်တွင် Experts ဟု ၎င်းတို့က သတ်မှတ်ထားသူများသာလျှင် နိုင်ငံကူးလက်မှတ်ကို လက်ဝယ်ထားနိုင်ပါသည်။ နိုင်ငံတကာဥပဒေများအရ တရားဝင်စာချုပ်စာတမ်းဖြင့် နိုင်ငံကူးလာသောအလုပ်သမား၏ နိုင်ငံသားအထောက်အထား၊ အလုပ်သမားအထောက်အထားများကို အလုပ်ရှင်က သိမ်းဆည်းထားခြင်း၊ ဖျောက်ဖျက်ခြင်းများရှိခဲ့လျှင် လူကုန်ကူးမှုမြောက်သော်လည်း မလေးရှားအလုပ်ရှင်တို့မှာ ဤအချက်ကို ဂရုစိုက်ဟန်မတူ၊ စီးပွားရေးအရ အမြတ်အစွန်းကိုသာအလေးထားကြသည်ဟု ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ သုတေသနများပြုလုပ်နေသော မာလာယုတက္ကသိုလ် Gender Studies ဌာနမှ ပါမောက္ခ ဒေါက်တာရှန်တီက ပြောကြားသည်။

၂၀၀၈-၂၀၀၉ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသည် မလေးရှားနိုင်ငံကိုလည်း အလွတ်မပေးခဲ့ပါ။ ကမ္ဘာ့စီးပွားရေးအကျကြောင့် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုကျဆင်းသွားရာ လက်ရှိအနေအထား၌ စိုက်ခင်းများ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ကိုယ်ပိုင်အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နေသူများထက်စာလျှင် စက်ရုံအလုပ်ရုံမှ မြန်မာလုပ်သားများမှာ ပို၍အထိနာနေသည်။

တယ်လီဖုန်းကတ်များထုတ်လုပ်သည့် ရှင်အက်စုလုပ်ငန်းစုကြီး၏ စက်ရုံတစ်ခုတွင် အလုပ်လုပ်နေကြသော မြန်မာအမျိုးသမီးအချို့က ဤသို့ရင်ဖွင့်ပါသည်။

"ကျွန်မတို့ ၂၀၀၈ ခုနှစ် မတ်လကရောက်တာပါ။ အေးဂျင့်ပိုက်ဆံနဲ့ လာတာဆိုတော့ သူ့အကြွေးရင်းဂစ် ၃၅၀၀ (မြန်မာငွေ ဆယ်သိန်းကျော်) ကိုကျေဖို့ ပြီးခဲ့တဲ့ တစ်နှစ်လုံးလုံး အလုပ်လုပ်ခဲ့ရတယ်။ အခုအကြွေးလည်းကျေရော အလုပ်က တစ်ပတ်ကို လေးရက်ပဲဆင်းရတယ်။ OT လည်း မရှိတော့ဘူး။ ကျွန်မတို့ တစ်လကို လက်ထဲမှာ ရင်းဂစ် ၃၅၀ လောက်ကျန်ဖို့ကို မနည်းခြစ်ခြုတ်ပြီး စုရတယ်"

၎င်းတို့၏စက်ရုံတွင် ရောက်ရှိနေသောမြန်မာအမျိုးသမီး ၃၀၀ အနက် ၅၀ ခန့်မှာ မြန်မာနိုင်ငံသို့လည်းကောင်း၊ ကျန် ၅၀ ခန့်မှာ ပီနန်ရှိ အခြားအလုပ်ရုံတစ်ခုသို့ စေလွှတ်ပြီးဖြစ်ကြောင်း လက်ရှိလုပ်သားအင်အားကျုံ့ဝင်သွားသည့်ပုံစံကို မညီညိုက ရှင်းပြသည်။

"ကျွန်မတို့ကို အလုပ်ရှင်က ၂၀၀၉ မတ်လတုန်းက စက်ရုံမှာ အလုပ်မကောင်းတော့လို့ အိမ်ပြန်ချင်တဲ့သူရှိရင် ပြန်လို့ရတယ်လို့ အစည်းအဝေးကြီးလုပ်ပြီး ခေါ်ပြောတယ်။ အဲဒီတုန်းကပြန်ရင် လေယာဉ်လက်မှတ်ကို သူတို့က ဝယ်ပေးသေးတယ်။ ကျွန်မတို့ကတော့ ဘယ်ပြန်ချင်မလဲ။ အကြွေးဆပ်ပြီးတဲ့နောက် အိမ်ကိုပိုက်ဆံနည်းနည်းလေးပဲ ပို့နိုင်သေးတာ။ အခုပြန်သွားရင် လက်ထဲမှာ တစ်ပြားမှမပါဘဲ အရှက်ကွဲမှာပေါ့။ အဲဒီတော့ မပြန်ဘူး။ ပြီးတော့ ကျန်တဲ့သူတွေက အလုပ်ပြောင်းချင်ရင် ပြောင်းလို့ရတယ်လို့ပြောတယ်။ ဒါပေမဲ့လည်း Levy ကြေး တစ်ထောင့်နှစ်ရာပေးရမယ်တဲ့။ အဲဒီတော့ ကျွန်မက ကြိုးစားပြီး အဲဒီပိုက်ဆံကို ရှာပေးပြီး ကျွန်မလုပ်ချင်တဲ့အလုပ်ဆီကို ပြောင်းလိုက်တယ်။ ဒါပေမဲ့ သူဌေးက ကျွန်မပတ်စ်ပို့ကို ပြန်ထုတ်မပေးဘူး။ ပြီးတော့လည်း ကျွန်မလုပ်နေတဲ့အလုပ်ကနေ လာပြန်ခေါ်တယ်။ ကျွန်မက ပြန်မလိုက်ရင် တရားစွဲမယ်တဲ့။ သဘောကတော့ သူတို့ရှာပေးတဲ့အလုပ်ကလွဲရင် တခြားမှာ လုပ်လို့မရဘူးဆိုတဲ့သဘော။ ဒါပေမဲ့ သူတို့ရှာပေးတဲ့ သန့်ရှင်းရေးအလုပ်ကိုလည်း ကျွန်မ မလုပ်နိုင်ဘူး။ သူတို့က မကောင်းတဲ့အလုပ်ကိုပဲ ရှာပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကို အဲဒီတော့မှ စက်ရုံက လွယ်လွယ်နဲ့ပြန်ခေါ်လို့ရမှာကိုး။ သူတို့အစည်းအဝေးမှာပြောတုန်းကနဲ့ တခြားစီပဲ" ဟု ရခိုင်သံဝဲဝဲဖြင့် မဇင်မာထွေးက ရှင်းပြသည်။

ထိုစက်ရုံကဲ့သို့သော အလုပ်ရုံအများ

www.foreverspace.com.mm

အပြားတွင် အလုပ်ရှင်များမှာ လက်ရှိယာယီအခြေအနေမကောင်းခြင်းကို ဖြေရှင်းရန်အတွက် အလုပ်သမားများကို အခြားနေရာများသို့ တစ်ဆင့်ငှားရမ်းလိုက်ခြင်းများ ပေါ်ပေါက်လာကြသည်။ ထိုအခါ မလေးရှားနိုင်ငံ၏ ဥပဒေကြောင်းအရ အလုပ်သမားတစ်ဦး၏ တရားဝင်မှုမှာ ၎င်းကို မူလက ငှားရမ်းထားသောအလုပ်ရှင်၏ လက်အောက်တွင် လုပ်ကိုင်နေမှ အတည်ဖြစ်ပြီး အခြားအလုပ်ရှင်ထံတွင် ပြောင်းလဲလုပ်ကိုင်နေပါက တရားဥပဒေကြောင်းအရ ရင်ဆိုင်ရန် အမှုအခင်းပေါ်ပေါက်လာခဲ့သော် အလွန်ဖြေရှင်းရခက်ပေသည်။

မလေးရှား၌ နိုင်ငံခြားအလုပ်သမားရေးရာကို ကိုင်တွယ်နေသော ဝန်ကြီးဌာနကြီးသုံးခုရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် အခြားဆက်စပ်ဌာနခွဲအချို့တို့က အလုပ်သမားရေးရာများကို ဆောင်ရွက်ကြပါသည်။ ထိုဌာနကြီးတို့သည် လက်ရှိဖြစ်ပျက်နေသောအခြေအနေများကို သိရှိကြမည်ဖြစ်သော်လည်း ၎င်းတို့၏ အရေးယူဆောင်ရွက်ခြင်းများမှာ အလုပ်ရှင်ကို ပို၍အကာအကွယ်ပေးနေသည့်အထောက်အထားများကို တွေ့ရှိရပါသည်။ နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသော မြန်မာလုပ်သားတစ်ဦးအနေဖြင့် နိုင်ငံကူးလက်မှတ်ဖြင့် တရားဝင်ရပ်တည်နိုင်ရေးမှာ အသက်တမျှအရေးကြီးသော်လည်း ယခုတွေ့မြင်နေရသည့် အလုပ်ခွင်စည်းကမ်းများအရ မြန်မာအလုပ်သမားတစ်ဦး၏ Identity ခေါ် နိုင်ငံသားအထောက်အထားမှာ အလွယ်တကူဆုံးရှုံးနိုင်သည့်အနေအထားတွင် မကြာခဏတွေ့ရှိနေရပေသည်။ စာချုပ်ပါ အချက်အလက်များအတိုင်း ခံစားခွင့်အပြည့်ရလျှင် နိုင်ငံကူးလက်မှတ် အထိန်းသိမ်းခံထားရခြင်းမှာ အလုပ်သမားအတွက် မထောင်းတာလှသော်လည်း လုပ်ခလစာနည်းခြင်းနှင့် အခြားအလုပ်သမားအခွင့်အရေးများ ဖောက်ဖျက်ခြင်းကြုံရပါက အလုပ်သမားမှာ ထွက်ပေါက်မရှိသည့်အနေအထားသို့ ရောက်ရှိသွားနိုင်ပါသည်။

"ကျွန်တော် ဒီမှာ နှစ်နှစ်ဆယ်နီးပါးနေခဲ့ပါတယ်။ လက်ရှိ ကျွန်တော်မြင်တာကတော့ တရားဝင်အလုပ်သမားတွေရဲ့ ဘဝဟာ တရားမဝင်လုပ်သမားတွေထက်တောင် Vulnerable ဖြစ်တာကို တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဒီ Status လေးကို ထိန်းထားဖို့အတွက် ပတ်စ်ပို့လေးပြန်ရဖို့အတွက် အလုပ်ရှင်ကို လိုက်လျောနေရတာကိုး။ ဥပမာဗျာ ပီနန်လိုနေရာမျိုးမှာ တခြားနယ်မြို့တွေမှာ Overstayer နဲ့ ရဲ၊ ရဲနဲ့ Overstayer ဆိုတာက ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင် အတူထိုင်နေကြတာဗျ။ 'အို' ဖြစ်သွားလည်း ရဲကို ပိုက်ဆံပေးထားရင် ကြောက်စရာမရှိဘူး၊ အဲဒီလိုလူတွေအတွက်သာတာက သူတို့က Status ကို ထိန်းစရာမလိုတော့ အလုပ်ရှင်ဆီမှာ ကျေနပ်ရင် လုပ်မယ်၊ မကျေနပ်ရင် မလုပ်ဘူး။ ဒီလိုလူတွေကျတော့ အလုပ်ရှင်က ပြန်ကြောက်နေရပြန်ရော" ဟု လက်ရှိမလေးရှားတွင် ဘူမိပုတြအမျိုးသားများနှင့် စပ်တူကုမ္ပဏီထောင်ထားသော မြန်မာလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အလုပ်သမားတစ်ဦး၏ တရားဝင်ရပ်တည်ခွင့် အလုပ်လုပ်ကိုင်ခွင့်မှာ ပြည်ပတွင်နေထိုင်သည့်သက်တမ်းတစ်လျှောက် မိမိ၏လုံခြုံရေးအတွက် များစွာအထောက်အကူ ပြုပါသည်။ ထို့ပြင် ရံဖန်ရံခါ ကြုံလာနိုင်သော လုပ်ငန်းခွင်မတော်တဆဖြစ်ခြင်း၊ လုံခြုံရေးနှင့် ကာလနာမြွေကို ထိပါးခြင်း၊ အလုပ်ရှင်၏ဖိနှိပ်မှုကြောင့် တရားရင်ဆိုင်ရခြင်း၊ အလုပ်သမားအေဂျင်စီတို့၏ မတရားမှုများကို ဖြေရှင်းရခြင်း၊ မိမိနိုင်ငံသို့ ပြန်ချိန်၌ အထောက်အထားတစ်ရပ်ဖြင့် ပြသရန်လိုအပ်ခြင်း အစရှိသည့်ကိစ္စကြီးငယ်တို့ကိုဖြေရှင်းရန် မိမိ၏ ကိုယ်ပိုင်တရားဝင်စာရွက်စာတမ်းတစ်ခု မိမိ၏ထိန်းချုပ်မှုအောက်တွင်သာ ရှိသင့်ပါသည်။ ထိုနည်းတူစွာပင် မြန်မာအလုပ်သမားတို့အနေဖြင့် 'Rights' နှင့် 'Responsi bility' ကိုလည်း ခွဲခြားသိမြင်ကြရပါမည်။ အကျိုးကျေးဇူး 'Rights' ကို ခံစားပြီးနောက် 'Responsibility' ဟူသော တာဝန်ဝတ္တရားကို လျစ်လျူရှု၍မရပါ။ ယခုအခါ တစ်ကမ္ဘာလုံးရှိ ပြည်ပလုပ်သားတို့၏ နေရင်းအရပ်သို့လွှဲငွေမှာ တစ်ကမ္ဘာလုံး၌ စီးဆင်းနေသော ဖွံ့ဖြိုးရေးအကူအညီရန်ပုံငွေများထက် ပိုများနေပါသည်။ ထို့ကြောင့် ပြည်ပမှလွှဲငွေသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးတတ်လျှင် တတ်သလို အကျိုးရှိနိုင်သည့် ဝင်ငွေအရင်းအမြစ်တစ်ခုဖြစ်လာသည်။ ထိုဝင်ငွေများကို လွှဲပို့နေသော အလုပ်သမားများအတွက် တရားမျှတရေးမှာ ကြာရှည်လျစ်လျူရှုစကောင်းသော ကိစ္စတစ်ရပ် မဟုတ်တော့ပြီ။




**ချိုမွှေး**

www.foreverspace.com.mm





# ပိတ်ကားချပ်၏ နောက်တွင် . . .

ဇင်ဇင်သော်

**မျက်နှာဝိုင်းဝိုင်း ဝဝကစ်ကစ် ဆံပင်ကောက်ကလိမ်လေးတွေနှင့် အင်္ကျီအဖြူတွင် အနည်းငယ်ပေရေနေသော အသက်ဆယ်နှစ်ကျော်အရွယ် ကလေးမလေးသည် အေးအေးသက်သာထိုင်လျက် သူမအကြောင်းကို အထစ်အငေါ့မရှိ ကရားရေလွှတ်ပြောပြလျက်ရှိသည်။ သူမမျက်နှာက အရွယ်နှင့်မမျှသော တည်ငြိမ်ခြင်းမျိုးရှိသည်။ မျက်လုံးဝိုင်းကလေးများကမူ ကြည်လင်တောက်ပမှုအားနည်းလျက်ရှိသည်။ အသံတိုးတိုးဖြင့် အဆက်မပြတ်ပြောနေရာမှ အချို့နေရာများတွင် ပိုမိုမြန်ဆန်သွားပြီး မသဲမကွဲဖြစ်သွားသည်။ ပြီးတော့ သူမပြောပြနေသောအဖြစ်အပျက်သည် ရှေ့နောက် ညီညွတ်မှုမရှိ။ အဖြစ်အပျက်တစ်သမတ်တည်း အမှန်ကိုကောက်ချက်ချရန် မလွယ်ကူအောင်ရှိနေပါသည်။**

သူမ၏အမည်မှာ ခင်နှင်းအိ (နာမည်လွှဲပြောင်းထား) ဖြစ်ပြီး အသက် ၁၃ နှစ်ရှိပြီဖြစ်သည်။ သူမအသက် ၁၀ နှစ်ခန့်အရွယ်တွင် မိခင်ဖြစ်သူနှင့်ကွဲကွာခဲ့ပြီး ရွှေဂုံတိုင်ကလေးပြုစုရေးတွင် ခိုလှုံခဲ့ရရာမှ ယခုအခါ အမျိုးသမီးကလေးသင်တန်းကျောင်း (မလိခ)တွင်နေထိုင်လျက်ရှိကာ လူငယ်သင်တန်းကျောင်း(ကျိုက်ဝိုင်း)တွင် လာရောက်ပူးပေါင်းဖွင့်လှစ်ထားသော နိုင်ငံတကာလူမှုရေးအဖွဲ့ အစည်းတစ်ခု၏ အသက်မွေးပညာသင်တန်းကို တက်ရောက်လျက်ရှိသည်။ သူမသည် မိခင်နာမည်ကို မှတ်မိသည်။ ယခင်နေခဲ့သော မြို့နယ်ကို မှတ်မိသည်။ မိခင်ဖြစ်သူက သူမကို အိမ်ပြင်ပတစ်နေရာတွင် ထားပစ်ခဲ့သည်ဟု ဆိုသည်။ ပြီးတော့ မိခင်နှင့်ကွဲကွာသွားပုံကို အမျိုးမျိုးပုံဖော်ပြောလျက်ရှိသည်။

"သူတို့ရဲ့ အင့်စိတ်က ငယ်ငယ်လေးကတည်းက သန္ဓေမပျောက်တော့ဘူးပေါ့။ အဆင့်ဆင့်ပြောင်းလာတဲ့အခါ အားငယ်

www.foreverspace.com.mm



စိတ်ကအမြဲရှိတယ်။ . . . ပတ်ဝန်းကျင်အသိုင်းအဝိုင်းဆိုတာ မသိရတဲ့အခါ အပြင်ကလူတွေနဲ့တွေ့လိုက်တဲ့အခါမှာ သူတို့နဲ့မရင်းနှီးတဲ့သူကို သူတို့ရဲ့ဘဝအမှန် ဘယ်တော့မှ မပြောဘူး။ တဖြည်းဖြည်း ရင်းနှီးမှုယူရတယ်။ ယုံကြည်ရလောက်တဲ့ဆရာမဖြစ်တော့မှ ဖွင့်ပြောတာ" ခင်နှင်းအိတို့လိုနောက်ခံဘဝအသွင်အမျိုးမျိုးရှိသော ကလေးများကို လက်ခံပညာသင်ပေးလျက်ရှိသည့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၏ ဒု–ကျောင်းအုပ် ဒေါ်စန္ဒာဝင်း၏ ပြောပြချက်ဖြစ်သည်။

အမှန်တကယ်တော့ ကလေးတို့သည် မည်သည့်အရိပ်၊ အရောင်မျှ မပါဝင်သော အဖြူရောင်ပိတ်ကားချပ်အဖြစ် လူမှုဝန်းကျင်အတွင်းသို့ မွေးဖွားဝင်ရောက်လာခဲ့ကြသည်သာဖြစ်သည်။ ယင်းပိတ်ကားချပ်များပေါ်တွင် ထင်ဟပ်လာသောရုပ်ပုံတို့၏ မှုန်မှိုင်းခြင်း၊ မှောင်မည်းခြင်း၊ တောက်ပခြင်း၊ စူးရှခြင်း စသည့်ရောင်ပြန်ဟပ်ချက်များ ထင်ဟပ်အောင် မည်သို့သောရိုက်ချက်၊ မည်သည့်နောက်ခံအကြောင်းတရားများက ဖန်တီးပေးလိုက်ကြပါသနည်း . . . ။ ခင်နှင်းအိကဲ့သို့ ကလေးများ၏စိတ်အာရုံသည် အကြောင်းအမျိုးမျိုးကြောင့် ထိုပိတ်ကားချပ်ပေါ်တွင် အမျိုးမျိုးသော အသံ၊ အရုပ်၊ အရောင်၊ အဖြစ်အပျက်များဖြင့် ထင်ဟပ်လျက် ရှိနေကြသည်။

နိုင်ငံတိုင်း၏အနာဂတ်အတွက် အရေးပါသောကလေးများ၏တန်ဖိုး၊ ကလေးများ၏အခွင့်အရေး၊ ကလေးများ၏ရပိုင်ခွင့်ကို အလေးထားဖို့လိုသည်။ လူအမျိုးမျိုးစိတ်အထွေထွေ၊ ဘဝအထွေထွေရှိကြရာ ၎င်းတို့၏ဖြတ်သန်းမှု၊ ခံယူမှုနှင့် အခြေအနေအရပ်ရပ်တို့သည် နောက်ဆက်တွဲအဖြစ်အပျက်မျိုးစုံကိုဖြစ်စေသော အကြောင်းခံများ ဖြစ်သည်။ ကလေးများ၏အခွင့်အရေးကိုသိရှိအလေးထားပြီး ကလေးများကို အလွဲမသုံးရန်၊ တန်ဖိုးထားစောင့်ရှောက်ရန် လိုအပ်သည်။ ကလေးများကို မည်သို့သောအလေးထားမှုများဖြင့် မည်သည်တို့ဆောင်ရွက်ပေးသင့်သည်၊ မည်သည်တို့မှ ရှောင်ကြဉ်မည်ဟူသော ဆောင်ရန် ရှောင်ရန်အချက်များနှင့် ယင်းသို့သော လိုအပ်ချက်များကို သိရှိနားလည်သဘောပေါက်ရန် အရေးကြီးလှပါသည်။ ယင်းနှင့်ပတ်သက်ပြီး သတိပြုဖွယ်ရာများ လူအများသို့ အသိပညာပေးရန် လိုအပ်နေသေးသည်ကို ဖွံ့ဖြိုးမှုဘာသာရပ်လေ့လာထားသူတစ်ဦး၏ "ကလေးကို ချစ်လို့ဆိုပြီး ပါးလေးလိမ်ဆွဲလိုက်တာလည်း Abuse ပါပဲ" ဟူသောစကားက ပြဆိုနေသည်။ ယင်းသို့ဆိုလျှင် ကလေးများနှင့်ပတ်သက်ပြီး မည်မျှအလေးထားရန်လိုသည်ကို သတိပြုမိပါလိမ့်မည်။ ခင်နှင်းအိကဲ့သို့သော ကလေးမျိုးတွင် မည်သို့သော ထိခိုက်နာကျင်ခံစားရမှုများ ဖြစ်ပေါ်နိုင်ပါသနည်း။ ကလေးသူငယ်များကို မဟုတ်မမှန် ပြုလုပ်ခြင်းသည် မည်သည့် ထိခိုက်နာကျင်စေမှု (Child Abuse) မျိုးနှင့် အကျုံးဝင်ပါသနည်း။

ကလေးများကို မဟုတ်မမှန်ပြုမူခြင်း (Child Abuse) သည် နုနယ်သော ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှစ်မျိုးစလုံးကို ထိခိုက်နစ်နာစေပါသည်။ ယင်းတို့မှာ (၁) ၎င်းတို့လိုအပ်သော အစားအသောက်၊ အဝတ်အထည်၊ နေထိုင်စရာတို့ကို ကူညီသူမရှိဘဲ အချိန်ကြာမြင့်စွာ တစ်ယောက်ထဲထားပြီး လျစ်လျူရှုခြင်း (Neglect)၊ (၂) ရိုက်နှက်ကန်ကျောက်ခြင်း၊ တစ်စုံတစ်ရာဖြင့်ရိုက်နှက်ခြင်း၊ လှုပ်ခါကိုင်



www.foreverspace.com.mm

ပေါက်ခံရခြင်း စသည်ဖြင့် တစ်စုံတစ်ဦးက ရုပ်ပိုင်းဆိုင်ရာနာကျင်အောင်ပြုမူခြင်း (Physical Abuse)၊ (၃) တစ်စုံတစ်ဦးက စိတ်ထိခိုက်ခံစားရအောင် ပြုလုပ်ခြင်း၊ ကြောက်ရွံ့အောင်၊ စိတ်မသက်မသာဖြစ်အောင်ပြောဆိုခြင်း၊ နှိမ့်ချခြင်း၊ အရှက်ခွဲခြင်း (Emotional Abuse)၊ (၄) သွယ်ဝိုက်၍သော်လည်းကောင်း တိုက်ရိုက်သော်လည်းကောင်း နည်းအမျိုးမျိုးဖြင့် လိင်ပိုင်းဆိုင်ရာကိစ္စရပ်များတွင် အနိုင်အထက်ပြုမူခြင်း (Sexual Abuse) တို့ ဖြစ်သည်။

ယင်းသို့သော မှားယွင်းသည့်ဆက်ဆံမှု၊ မဖြစ်သင့်မဖြစ်ထိုက်သော အဖြစ်အပျက်အခြေအနေ အကျိုးဆက်များမှ ကင်းဝေးရေး၊ ကလေးသူငယ်များကို စောင့်ရှောက်ကာကွယ်နိုင်စေရေးအတွက် ထိန်းကွပ်နိုင်မည့် ပြဋ္ဌာန်းကြေညာချက်၊ ဥပဒေပြဋ္ဌာန်းချက်များကို နိုင်ငံပေါင်းချုပ်အသင်းကြီးကအစပြု၍ ကုလသမဂ္ဂအထွေထွေညီလာခံက အဆင့်ဆင့်ရေးဆွဲအတည်ပြုလာခဲ့ရာ ၁၉၉၀ ပြည့်နှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (Convention on the Rights of the Child-CRC) သည် လိုအပ်သောနိုင်ငံအရေအတွက် ပြည့်စုံအောင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ရပ် ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ယင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး CRC အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ယင်းနောက် ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံ ကလေးသူငယ်နည်းဥပဒေကို ထုတ်ပြန်ခဲ့သည်။

## ဇာတ်လမ်းအထွေထွေ

အမျိုးသမီးတစ်ဦးသည် ပထမအိမ်ထောင်ဖြင့် သားသမီးငါးဦးထွန်းကားပြီး အိမ်ထောင်ဖက်ကွယ်လွန်၍ နောက်အိမ်ထောင်ပြုချိန်တွင် သမီးနှစ်ဦးမှာ ၁၇ နှစ်အရွယ်နှင့် ၁၅ နှစ်အရွယ်ရှိကြပြီး ၁၃ နှစ်အရွယ် သားတစ်ဦးလည်း ပါဝင်သည်။ အဆိုပါအိမ်ထောင်ဖက်သည် အရက်နှင့်ကျွမ်းဝင်သူဖြစ်ပြီး ၁၃ နှစ်အရွယ် ကလေးက သတ်သည်ဟုယူဆရသော အခြေအနေဖြင့် သေဆုံးခဲ့သည်။ ၎င်းသည် အဆိုပါအရွယ်ကလေးငယ်ကို ဆဲဆိုကြိမ်းမောင်းပြီး အရက်ဆိုင်သို့သွားရောက်အရက်ဝယ်ယူစေခြင်း၊ အထက်ပါအမျိုးသမီး၏ သမီးနှစ်ဦးကို လိင်ပိုင်းဆိုင်ရာကျူးလွန်ခြင်းများပြုခဲ့သူဖြစ်သည်။ ရန်ကုန်တိုင်း ဆင်ခြေဖုံးမြို့နယ်တစ်ခုတွင် ဖြစ်ပွားခဲ့သော ယင်းအဖြစ်အပျက်တွင် တိုက်ရိုက်နှင့် သွယ်ဝိုက်ကျူးလွန်သော Sexual Abuse၊ Emotional Abuse နှင့် ကလေးတစ်ဦး၏ ပြစ်မှုကျူးလွန်မှုတို့ကို တွေ့ရမည်ဖြစ်သည်။ ယင်းအဖြစ်အပျက်နှင့်ပတ်သက်ပြီး ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ လက်တွေ့ကွင်းဆင်း၍ နှစ်သိမ့်ဆွေးနွေးမှု ဆောင်ရွက်ခဲ့သူတစ်ဦးက ယင်းသို့အဖြစ်အပျက်များတွင် အကြောင်းရင်းများနှင့် နောက်ဆက်တွဲအကျိုးဆက်များစွာတွေ့ရှိရပြီး ယင်းသည် စီးပွားရေးနှင့်လည်း ဆက်နွှယ်နေသည်ဟုဆိုကာ အဆိုပါအခြေအနေကို "Community Crisis ပဲ" ဟု မှတ်ချက်ချသည်။

စီးပွားရေးအခြေအနေကောင်းမွန်သူမိဘနှစ်ပါးသည် ခြောက်လအရွယ် သမီးမိန်းကလေးငယ်တစ်ဦးကို သမီးရင်းသဖွယ် ချစ်ခင်စွာမွေးစားခဲ့လေသည်။ အဆိုပါကလေး ဆယ်နှစ်အရွယ်၌ မိခင်ကွယ်လွန်ခဲ့ပြီးနောက်တွင်လည်း ဖခင်ဖြစ်သူ၏ မေတ္တာကို အပြည့်အဝရခဲ့သည်။ သို့သော် ၎င်း ၁၅ နှစ်အရွယ်တွင် ဖခင်နောက်အိမ်ထောင်ပြုပြီး နောက်အိမ်ထောင်၏ပယောဂဖြင့် ဖခင်ဖြစ်သူ၏လျစ်လျူရှုခြင်းကို ခံရသည့်အပြင် ဖခင်၏ရိုက်နှက်မှုကိုလည်း ကြုံတွေ့လိုက်ရကာ အိမ်တွင်မနေနိုင်သော အခြေအနေသို့ရောက်ရှိသွားခဲ့သည်။ ယင်းမှာ ဂရုစိုက်စောင့်ရှောက်မှု၊ မေတ္တာတရားလိုအပ်မှုပင်ဖြစ်သည်ဟု အဆိုပါကိစ္စရပ်တွင် နှစ်သိမ့်ဆွေးနွေးမှုဆောင်ရွက်ခဲ့သူတစ်ဦးက ဆိုသည်။

အသက် ၁၈ နှစ်အောက်ပုဂ္ဂိုလ်တိုင်း ကလေးများဖြစ်ကြသည်ဟု ကုလသမဂ္ဂက သတ်မှတ်ထားပါသည်။ CRC အပိုဒ် ၁၉ တွင် လွဲမှားစွာပြုမူခြင်းနှင့် လျစ်လျူရှုခြင်းတို့မှကာကွယ်ရန် သတ်မှတ်ထားသည်။ သို့ရာတွင် ယင်းသို့သော ကလေးများ၏ အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်ပြီး အများ



www.foreverspace.com.mm



ပြည်သူသို့ အသိပေးမှုများပြုလုပ်ရန် လိုအပ်နေခြင်းကို "Child Rights နားမလည်ကြသေးဘူး။ လူကြီးတွေကို Awareness, Commitment ပေးရမယ်" ဟု United Nations HAARP Country Flexible Program ၏ Training Coordinator ဒေါက်တာထိန်ဝင်းက မှတ်ချက်ချသည်။

## သူတို့ ဘယ်ကလာ

ညစ်ပေနေသော အဝါရောင်အင်္ကျီဝတ်ဆင်ထားသော အသက်လေးနှစ်အရွယ်ခန့် ကလေးမလေးတစ်ဦးသည် လမ်းဘေးပလက်ဖောင်းပေါ်တွင် ဖွင့်လှစ်ရောင်းချသော မုန့်ဆိုင်၏စားပွဲများထံ တရွေ့ရွေ့ချဉ်းကပ်ရင်း နှုတ်မှလည်း တတွတ်တွတ်ပြောလျက်ရှိသည်။ ယင်းနောက် လမ်းတစ်ဖက်ခြမ်းပလက်ဖောင်းတွင် ထိုင်၍ အိတ်တစ်လုံးထဲမှ ပိုက်ဆံများ ရေတွက်နေသည့် အသက်ဆယ်နှစ်ခန့်အရွယ် မိန်းကလေးထံသို့ သွားလေသည်။ ကလေးမလေးက "မမစောင့်နေတယ်" ဟု ဆိုသည်။ အဆိုပါမြင်ကွင်းမျိုးအပြင် ကလေးငယ် ခါးထစ်ခွင်ထားသော အမျိုးသမီးများ၊ အမျိုးမျိုးသော ရာသီဥတုဒဏ်အောက်တွင် ပြသခံထားရသောကလေးငယ်များ စသည်ဖြင့် လူစည်ကားရှုပ်ထွေးရာနေရာများတွင် တွေ့မြင်နိုင်ပါသည်။ မြို့လယ်ဇရိယာဝန်းကျင်၊ သီရိမင်္ဂလာဈေး၊ စံပြင်ငါးဈေး၊ မြို့ပတ်ရထားပေါ်တို့တွင် အများအပြားတွေ့မြင်နိုင်သည်။ ၎င်းတို့တွင် တစ်စုံတစ်ဦးက ကလေးများကို အုပ်စုဖွဲ့အုပ်ချုပ်ထားသည်များရှိသလို တစ်ဦးချင်းသွားလာနေသော ကလေးများ ပါဝင်သည်။ "လှိုင်သာယာဘက်တို့က များတယ်။ အဖေ အမေကွဲနေပြီး သူကလည်း ဘဝကိုဖြစ်သလို ရပ်တည်နေတယ်၊ ကြုံရာအိပ် ကြုံရာစားတယ်။ အဲဒီလိုကလာတာများတယ်" ဟု အဆိုပါကလေးများအပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာသောကလေးများကို လက်ခံစောင့်ရှောက်ရာ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း၏ ကျောင်းအုပ်ဦးထွန်းဦးက သူတို့လာရာနောက်ခံလမ်းကြောင်းကိုပြောပြသည်။ အချို့ကလေးများသည် ယင်းသို့သောအခြေအနေမျိုးတွင် ၎င်းတို့ဘာသာ သုံးနှစ်ခန့် ရပ်တည်နေခဲ့ကြပြီးမှ ကျောင်းသို့ရောက်ရှိလာကြသည်ဟု ၎င်းကဆိုသည်။ "တချို့ကျတော့ ကလေးကြောင့်မဟုတ်ဘူး၊ မိဘကိုက ခိုင်းစားတာရှိတယ်။ မိဘက ကလေးကို ခိုင်းစားတယ်ဆိုတာနဲ့ အရေးယူလို့ရတယ်။ မိဘကို ကူဖော်လောင်ဖက်မဟုတ်ဘဲနဲ့ ဒါအမြတ်ထုတ်တာပဲ။ တချို့ Disable ကလေးတွေပါလာတယ်" ဟု ၎င်းက မြင်တွေ့ရတတ်သောအခြေအနေကို ပြောပြသည်။

ကလေးသူငယ်ဥပဒေ (ဥပဒေအမှတ် ၉/ ၂၀၀၃) အရ မိမိကိုယ်ကျိုးစီးပွားအတွက် ကလေးသူငယ်အား တောင်းရမ်းခိုင်းခြင်း၊ မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ် တောင်းရမ်းစားသောက်နေသည်ကို တားမြစ်ရန်ပျက်ကွက်ခြင်း၊ တောင်း



www.foreverspace.com.mm

ရမ်းစားသောက်ရာတွင် ကလေးသူငယ်ကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ မိဘ၊ ဆရာ သို့မဟုတ် အုပ်ထိန်းခွင့်ရှိသူက လိမ္မာစေရန် ဆုံးမခြင်းမျိုးမှတစ်ပါး ကလေးသူငယ်အား တမင်နှိပ်စက်ညှဉ်းပန်းခြင်းတို့အတွက် ပုဒ်မ ၆၆ ဖြင့် ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ သို့ရာတွင် မိဘကိုအရေးယူခဲ့ခြင်းမျိုး မြန်မာနိုင်ငံတွင်မရှိသေးပါဟု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နယ်ပယ်အတွင်းက တညီတညွတ်တည်း ဆိုကြသည်။

အဆိုပါကလေးများသည် ကူညီစောင့်ရှောက်မှုမရသေးခင်စပ်ကြား အုပ်ထိန်းမှုမဲ့သောအနေအထားရှိရာ အမျိုးမျိုးသော နောက်ဆက်တွဲအခြေအနေများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုဖွယ်ရာဖြစ်သည်။ ယင်းသို့သောအခြေအနေရှိကလေးများနှင့် ပတ်သက်၍ သတိပြုစရာ ၂၀၀၃ ခုနှစ်က ကြုံတွေ့ခဲ့ရသည်မှာ Child Abuse/Sex Tourism ဖြစ်ပြီး ယင်းရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာသူများကို ဆက်သွယ်ပေးသည့်အုပ်စုတစ်စုကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်ဟု သက်ဆိုင်ရာက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ဖူးသည်ကို ကိုးကား၍ ကလေးများကာကွယ်စောင့်ရှောက်မှုဆောင်ရွက်နေသော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိမ်ခြေမဲ့ကလေးများကို ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လိုက်လံထိန်းသိမ်းပြီး သက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးဌာနများသို့ အပ်နှံခြင်း၊ လူမှုရေးအဖွဲ့အစည်းများက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး စာသင်ပေးခြင်း အသက်မွေးပညာများသင်ပေးခြင်းတို့ ပြုလုပ်လျက်ရှိပြီး မြို့လယ်ဝန်းကျင်တွင် ၎င်းတို့အတွက် စာသင်စရာနေရာများဖွင့်လှစ်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်း အစားအသောက်တာဝန်ယူခြင်းတို့ ပြုလုပ်သောအဖွဲ့အစည်းမျိုး ရှိလာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ကလေးများနှင့်ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေး၊ ပညာသင်ကြားရေးဆောင်ရွက်နေသော နိုင်ငံတကာနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှာ UNICEF, Save the Children, World Vision, National YWCA စသည်တို့ဖြစ်ပြီး အချို့မှာ လူမှုဝန်ထမ်းကျောင်းများတွင် ပူးပေါင်း၍ Non-Formal Education, Vocational, ကွန်ပျူတာသင်ကြားခြင်းအစီအစဉ်များပြုလုပ်လျက်ရှိကာ ယင်းသို့ဆောင်ရွက်နေသော EMDH, FXB, CVT တို့ကဲ့သို့သော အဖွဲ့အစည်းများလည်း ရှိနေပါသည်။

၎င်းတို့အတွက် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုပြုလုပ်ရန်ပါ စီစဉ်လာသည်ဟု အဖွဲ့အစည်းတစ်ခုက ဆိုသည်။ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး လူငယ်သင်တန်းကျောင်း (ကျိုက်ဝိုင်း)၏ ဒု-ကျောင်းအုပ်ဖြစ်သူ ဒေါ်စန္ဒာဝင်းက "သူတို့ရဲ့အကူအညီအထောက်အပံ့လည်း လိုအပ်သင့်သလောက် လိုအပ်တယ်။ ဌာနဆိုင်ရာကျတော့လည်း လိုအပ်သလောက် လုံလုံလောက်လောက် မထောက်ပံ့နိုင်ဘူးလေ။ NGO အသိုင်းအဝိုင်းကလည်း ကူညီတယ်ဆိုရင်ကောင်းတာပေါ့။ တကယ်လည်း သူတို့တတ်နိုင်တဲ့ဘက်က ကူညီတယ်၊ ကူညီလို့လည်း အဆင်ပြေနေတာပါ" ဟု ဆိုသည်။



## ကာကွယ်စောင့်ရှောက်ခြင်း

"ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးဆိုတာ အရမ်းအရေးကြီးတယ်" ဟု အဆိုပါကလေးများကို လက်ခံစောင့်ရှောက်ရာကျောင်းတစ်ခုဖြစ်သည့် ၎က်အော်စမ်း လူငယ်သင်တန်းကျောင်း၏ ကျောင်းအုပ်က ပြောဆိုသည်။

ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်ရှစ်မျိုးရှိကြောင်း ကလေးသူငယ်ဥပဒေ အခန်း (၈) တွင် ပြဋ္ဌာန်းထားပါသည်။ ယင်းတို့မှာ မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိသောသူ၊ တောင်းရမ်းစားသောက်သူ၊ မိဘ သို့မဟုတ် အုပ်ထိန်းသူတို့ကထိန်းသိမ်း၍မရနိုင်လောက်အောင် ဆိုးသွမ်းသူ၊ ရက်စက်သော သို့မဟုတ် ယုတ်မာသောမိဘ၊ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင်ရှိသူ၊ စိတ်ပေါ့သွပ်သူ၊ ကူးစက်တတ်သောရောဂါစွဲကပ်နေသူ၊ မူး

www.foreverspace.com.mm

ယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးသုံးစွဲသူ၊ လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သူတို့ ဖြစ်သည်။ ခင်နှင်းအိကဲ့သို့ မိဘစောင့်ရှောက်မှုကင်းသော အုပ်ထိန်းသူမဲ့ကလေးများလည်း အပါအဝင်ပင်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက လူငယ်သင်တန်းကျောင်းများဖြင့် စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း INGO အချို့ကလည်း ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်ဖွင့်လှစ်ထားသော လူငယ်သင်တန်းကျောင်းများမှာ ရန်ကုန်တွင် ကမ္ဘာအေးလူငယ်သင်တန်းကျောင်း၊ ရွှေဂုံတိုင် ကလေးပြုစုရေး၊ အမျိုးသမီးကလေးသင်တန်းကျောင်း(မလိခ)၊ လူငယ်သင်တန်းကျောင်း(ကျိုက်ဝိုင်း)၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းတို့ဖြစ်ပြီး လားရှိုး၊ မန္တလေး၊ မော်လမြိုင်တို့တွင်လည်း လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ထားသည်။ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသည် မြန်မာနိုင်ငံတွင် လက်ခံစောင့်ရှောက်မှုပမာဏ အများဆုံးဖြစ်ပြီး အဓိကအားဖြင့် အိမ်ခြေမဲ့ကလေးများနှင့် ပြစ်မှုကျူးလွန်သူကလေးများကို စောင့်ရှောက်ရာနေရာဖြစ်သည်။ ခိုးမှုကျူးလွန်သူအများစုရှိပြီး မူးယစ်ဆေးဝါးဆိုင်ရာဖြင့် တရားရုံးကတစ်ဆင့်ရောက်ရှိလာသော ကလေးများကိုလည်း လက်ခံထားရှိသည်ဟု ဦးထွန်းဦးက ပြောကြားသည်။

"ကလေးကာကွယ်စောင့်ရှောက်ရေးနဲ့ ပတ်သက်ပြီး လူတိုင်းမှာ တာဝန်ရှိတယ်၊ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်။ ပေါ့လို့တော့မရဘူး။ မဟုတ်ရင် CRC လက်မှတ်ထိုးထားတာလေ" ဟု ယင်းသို့ဆောင်ရွက်နေသော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းသို့သောကလေးများ၊ ခင်နှင်းအိကဲ့သို့သောကလေးများအပြင် အခြားအကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့နေသောကလေးများ ရှိနေပါလိမ့်ဦးမည်။

ထို့အပြင် ကလေးများ အမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ရနိုင်သော ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ကြီးလေးသော အခြားအကြောင်းများလည်း ရှိနေသေးသည်။ မည်သည့်နိုင်ငံတွင်မဆို ယင်းသို့သောအကြောင်းများရှိတတ်ခြင်းကြောင့်ပင် ကလေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် CRC တွင် အောက်ပါအချက်များ ထည့်သွင်းထားသည်ကို တွေ့ရသည်။

*အပိုဒ် ၃၂ ကလေးများအတွက် အန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ၎င်းတို့၏ ကျန်းမာရေးနှင့်ပညာရေးတို့ကို ထိခိုက်စေမည့်အလုပ်မျိုးမလုပ်ရစေရန် နိုင်ငံတော်က တားဆီးကာကွယ်ပေးရပါမည်။*

*အပိုဒ် ၃၃ ကလေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးအောင် နိုင်ငံတော်က နည်းလမ်းအမျိုးမျိုးသုံးပြီး အကာအကွယ်ပေးရပါမည်။*

*အပိုဒ် ၃၄ ကလေးများအား လိင်မှုဆိုင်ရာကိစ္စရပ်များတွင် မတရားသဖြင့် အသုံးချမခံရစေရန် နိုင်ငံတော်က တားဆီးကာကွယ်ပေးရပါမည်။*

*အပိုဒ် ၃၅ ကလေးများကို ရောင်းစားခြင်း၊ ဖျားယောင်းသွေးဆောင်ခြင်းမရှိစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးရပါမည်။*

*အပိုဒ် ၃၈ ကလေးများအား စစ်တပ်အတွင်းသို့ဝင်ရောက်ခြင်းကို နိုင်ငံတော်အစိုးရများက ခွင့်မပြုရပါ။ စစ်ဖြစ်ပွားရာဒေသများမှကလေးများကို အထူးကာကွယ်စောင့်ရှောက်မှုပေးရပါမည်။*

အကူအညီလိုအပ်ချက်များရှိနေစေကာမူ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတကာသဘောတူညီချက်များနှင့် မြန်မာနိုင်ငံ ဥပဒေများက အခိုင်အမာပြဋ္ဌာန်းပြီးသားဖြစ်သည်။ ယင်းသို့ကာကွယ်စောင့်ရှောက်ရန်၊ အသိပညာပေးရန် လိုအပ်ခြင်းနှင့်ပတ်သက်ပြီး ဦးစိုးလွင်က "ကလေးတွေ Protection ကို စဉ်းစားရင်းနဲ့ပဲ လူကြီးတွေကို အသိပညာပေးဖို့လိုမယ်" ဟု ဆိုသည်။

## လိုအပ်ချက်

"ကလေးတွေရရှိရမယ့် အခွင့်အရေးဟာ အခြေခံကျတဲ့ အရေးကြီးတဲ့ လိုအပ်ချက်ပါ"

ကလေးများအတွက် ရကိုရရမည်ဖြစ်သော အခွင့်အရေး (Child Rights) ကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတွင် တာဝန်ဆောင်ရွက်နေသူတစ်ဦးက ရည်ညွှန်း



www.foreverspace.com.mm

ပြောဆိုခြင်းဖြစ်သည်။

ကလေးများကို ကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သောငွေကြေး၊ အစီအစဉ်များ၊ လူ့အရင်းအမြစ်များ၊ ဥပဒေများသာမက အထူးလိုအပ်ချက်တစ်ရပ်မှာ နွေးထွေးသောမေတ္တာတရားဖြစ်သည်။ ရုပ်ဝတ္ထုဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာမှာ ၎င်းတို့အတွက် အထူးအရေးကြီးသောအရာဖြစ်သည်။ "သတ်မှတ်တာက ကလေး ငါးယောက်ကို ဆရာမတစ်ယောက် သတ်မှတ်တယ်။ ဒီမှာတော့ ကလေးတွေများပြီး ဝန်ထမ်းဦးရေနည်းတော့ Neglect ဖြစ်ချင် ဖြစ်သွားမယ်၊ abuse ဖြစ်ချင်ဖြစ်သွားမယ်၊ အဲဒီတော့ ကလေးတွေကို နွေးထွေးမှုပေးတယ်။ ပြုစုယုယတော့ ပျော်ရွှင်လာတယ်။ နောက်တစ်ခါဆွေးနွေးရင် လိမ္မာလာပြီး ပြောစကားနားထောင်သွားတယ်၊ အဓိက,ကတော့ Street Child ကတော့ နွေးထွေးတဲ့ ချစ်ခြင်းမေတ္တာအဓိကပဲ။ ကလေးတစ်ယောက်က အဲဒါ အရေးကြီးဆုံးပဲ" ဟု လူမှုဝန်ထမ်းကျောင်းတစ်ကျောင်းတွင် ကလေးများကို နှစ်သိမ့်ဆွေးနွေးမှုများပြုလုပ်ပေးနေသူ ဆရာမတစ်ဦးက ကလေးများ၏လိုအပ်ချက်နှင့် ကလေးများကိုစောင့်ရှောက်သောကျောင်း၏ လိုအပ်ချက်များကို ပြောဆိုသည်။

လူမှုရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရ။ ပိုမိုအောင်မြင်ချင်လျှင် ပူးပေါင်းမှု ပိုမိုလိုအပ်သည်။ "ဝိုင်းပြီးလုပ်မယ်ဆိုရင်တော့ Community ပုံစံနဲ့ပဲဖြစ်ဖြစ် peer တွေလည်း အများကြီးလိုတယ်" ဟု လူမှုအဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှုလိုအပ်ပုံကို ဒေါက်တာထိန်ဝင်းက သုံးသပ်ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်မှု၊ ဝိုင်းဝန်းကူညီမှုပြုလုပ်ရာတွင်မူ ရည်ရွယ်ချက်ပြတ်ပြတ်သားသားဖြင့် ဆောင်ရွက်ရန်လိုကြောင်းကို ဦးစိုးလွင်က "အဖွဲ့တွေဖွဲ့ပြီး လုပ်မယ်ဆိုရင် ရည်ရွယ်ချက်တိတိကျကျနဲ့ လုပ်ဖို့လိုတယ်။ ဘယ်ဟာကို လုပ်မှာလဲ။ ပညာရေးကိုလုပ်မှာလား၊ အသက်မွေးဝမ်းကျောင်းကိုလုပ်မှာလား၊ ပျော်ပွဲရွှင်ပွဲကိုလုပ်မှာလား၊ အသိပညာမြှင့်တင်ဖို့လုပ်မှာလားဆိုတာ ရည်ရွယ်ချက်တိတိကျကျနဲ့လုပ်တာဆိုရင် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်ဖို့အသင့်ပဲ" ဟု ဆိုသည်။

"လူကြီးတွေ တာဝန်မဲ့ပြီး ခိုင်းစားတဲ့ မိဘတွေရှိတယ် တာဝန်မဲ့ စွန့်ပစ်လိုက်တာရှိတယ်။ ဒီလိုတွေမဖြစ်အောင်လည်း သူတို့စီးပွားရေးကောင်းမွန်အောင်လုပ်ပေးဖို့ကလည်း တစ်ပိုင်းပေါ့ဗျာ။ ကျွန်တော်တို့ အပိုင်းက သူတို့ အသိပညာရှိဖို့လောက်ပဲ။ စီးပွားရေးအပိုင်းကတော့ ကျွန်တော်တို့ လက်လှမ်းမမီဘူး" ဟု ဦးစိုးလွင်က ဆိုသည်။

ထို့ပြင် ဝိုင်းဝန်းလုပ်ဆောင်နေခြင်းနှင့် ပတ်သက်ပြီး "ဘုန်းတော်ကြီးကျောင်းတွေလည်း သူ့ဟာသူထူထောင်နေတဲ့အနေအထားတွေတွေ့တယ်။ ဒါပေမဲ့ လူဦးရေကလည်း သူ့ဟာသူ တိုးတက်လာတဲ့အနေအထားတွေ့တယ်။ ဒါပေမဲ့ ဒါကတော့ ပြောရရင် စီးပွားရေးတို့၊ လူမှုရေးအသိတွေနဲ့လည်းဆိုင်မယ်ထင်ပါတယ်။ ဒါက နိုင်ငံတော်တစ်ခုတည်းနဲ့ဆိုင်တာမဟုတ်ပါဘူး။ မိဘဖြစ်လာရင် သားသမီးကို သေချာပြုစုပျိုးထောင်ပေးဖို့လိုတယ်ဆိုတဲ့ အသိလေးတွေရှိဖို့လိုတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သိရှိရန်နှင့် ကာကွယ်စောင့်ရှောက်မှုပေးရန် သက်ဆိုင်သူ Stakeholder များအားလုံး ဝိုင်းဝန်းကြိုးစားခြင်းဖြင့် ပိတ်ကားချပ်များပေါ်တွင်ထင်ဟပ်လာမည့် ကလေးများ၏ အနာဂတ် မှန်ကန်လှပလာမည်ဟု မျှော်လင့်ရပါသည်။

အဆင့်ဆင့်လွှဲပြောင်းရောက်ရှိလာပြီး လူငယ်သင်တန်းကျောင်း (ကျိုက်ဝိုင်း) တွင် ပညာလည်းသင်ရင်း ယင်းကျောင်းနှင့် ပူးပေါင်းဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် VCT ၏ E4Y အစီအစဉ်တွင် လက်မှုပညာလည်း လေ့ကျင့်သင်ကြားနေသော ခင်နှင်းအိကမူ အင်္ကျီကောင်းကောင်းချုပ်တတ်ပြီဟု ဆိုသည်။ ပြီးနောက် သူမက "ဒီဇိုင်နာဖြစ်ချင်တယ်" ဟု ဆိုပါသည်။ သူမ၏မျက်လုံးများက အရောင်ရှုပ်ထွေးလျက်ရှိစေကာမူ နက်ရှိုင်းလျက်ရှိပါသည်။



**ဇင်ဇင်သော်**

■

www.foreverspace.com.mm





# ဤခရီးနီးသလား ◦ ◦ ◦ ရထားစီးလာပါ

ကျော်ဇေယျာထွန်း

**မန္တလေး –ရန်ကုန် အစုန်အမြန်ရထား အထက်တန်းတွဲရှိ ဆိုဖာထိုင်ခုံပေါ်တွင် ကိုမင်းဇော်တစ်ယောက် သက်သောင့်သက်သာထိုင်၍နေသည်။ ရထားသည်အရှိန်နှင့်သွားနေခြင်းကြောင့် ရထားပြတင်းပေါက်မှ အညာဒေသမြင်ကွင်းအစုံက တစ်ကွက်ပြီးတစ်ကွက်၊ တစ်မျိုးပြီးတစ်မျိုးပေါ်၍လာသည်။ ကိုမင်းဇော်သည် အညာဒေသရှုခင်းအလှကို ငေးကြည့်ခံစားရင်းဖြင့် သူ၏စိတ်ထဲပေါ့ပေါ့ပါးပါးဖြစ်၍နေသည်။ ပြတင်းပေါက်မှတိုက်ခိုက်လာသော လေပြေကလည်း သူ၏ခန္ဓာကိုယ်ကို ချွေးသိပ်ပေးနေသကဲ့သို့ရှိသည်။ ကိုမင်းဇော်သည် ယခုအချိန်၌ စိတ်လက်ပေါ့ပါးသလောက် ရထားမစီးခင်အချိန်ကိုပြန်တွေးမိသည့်အခါမှာတော့ သက်ပြင်းချမိလေသည်။**

ကိုမင်းဇော်တစ်ယောက် ရန်ကုန်မြို့တည်ရာ မြစ်ဝကျွန်းပေါ်ဒေသမှ မန္တလေးမြို့ရှိရာ အညာဒေသသို့ အလည်တစ်ခေါက်ရောက်ခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့သို့လာ ရောက်ခဲ့စဉ်က မီးရထားစီး၍ လာခဲ့သလို အပြန်ခရီး၌လည်း မီးရထားစီး၍ပြန်လာခဲ့ခြင်းဖြစ်သည်။ မီးရထားကြီးစီးကာ ခရီးသွားလိုခြင်း၊ ခရီးစရိတ်သက်သာခြင်းနှင့် ရန်ကုန်မှ မန္တလေးသို့ ၃၈၅ မိုင်ကျော် အကွာအဝေးအတွင်းရှိ မြန်မာနိုင်ငံ၏ ရှုခင်းအလှကို တငြိမ့်ငြိမ့်ခံစားကြည့်ချင်သော စိတ်ဖြစ်မိခြင်းကြောင့်လည်း ရထားစီးကာ ခရီးနှင်ခဲ့ခြင်း ဖြစ်သည်။

ကိုမင်းဇော်၏ ခရီးစဉ်တွင် အလာခရီးအဆင်ပြေချောမွေ့သလောက် အပြန်ခရီးက ကြန့်ကြာမှုအချို့ရှိသည်ဟုပင် ဆိုရမည်။ မီးရထားလက်မှတ် မည်သို့ဝယ်ယူရသည်ကို အသေအချာမသိသော ကိုမင်းဇော်

www.foreverspace.com.mm



သည် ရန်ကုန်အပြန်မီးရထားလက်မှတ်ကို မန္တလေးဘူတာကြီးတွင် တစ်ရက်ကြို၍ဝယ်ခဲ့သည်။ သူလိုကိုယ်လို မီးရထားစီးချင်သော ခရီးသည်များ၍ကြောင့်လားမသိ ရထားလက်မှတ်က မကျန်တော့။ ထို့နေ့အတွက်ရထား လက်မှတ်ကုန်သွားပြီဖြစ်သည်။ နောက် နှစ်ရက် သုံးရက်အတွက်ပင် ရထားလက်မှတ်မရှိတော့ဟု သိရသည်။

သို့သော် မီးရထားကို မကြာခဏ စီးဖူးကြသော မိတ်ဆွေများကမူ ရထားစီးမည့်နေ့၌ပင် ရထားလက်မှတ်ဝယ်ယူရရှိနိုင်သည့်နည်းလမ်းများကိုပြောပြသည်။ တစ်နည်းမဟုတ်တစ်နည်းဖြင့် လက်မှတ်ရမည်မှာ ကျိန်းသေသည်ဟုဆိုသည်။

ကိုမင်းဇော်သည် သူရထားစီးမည့်နေ့၌ ရထားလက်မှတ်ရရန်အတွက် မန္တလေးဘူတာကြီး၏ အပေါ်ထပ်၊ အောက်ထပ်သို့ အတက်အဆင်းလုပ်ကာ ရထားလက်မှတ်ကို စုံစမ်းဝယ်ကြည့်သည်။ မရ။ ထို့နောက် အစိုးရဝန်ထမ်းမဟုတ်သော သူ၏ဝန်ထမ်းကတ်ဖြင့် ရထားလက်မှတ် ဝယ်ကြည့်ရန် စဉ်းစားလိုက်သည်။ ဤနည်းဖြင့် လက်မှတ်မရပါက နောက်ထပ်နည်းလမ်းများဖြင့် ကြိုးစားရတော့မည်ဖြစ်သည်။ သို့သော် ကံကောင်းစွာ ဝန်ထမ်းကတ်ဖြင့် ရထားလက်မှတ်ကို အလွယ်တကူရလိုက်လေသည်။ ကိုမင်းဇော်သည် ရန်ကုန်ပြန်ရမည့်ရထားလက်မှတ်ကို လက်ထဲ၌ ကိုင်ထားနိုင်မှပင် စိတ်အေးလက်အေးဖြစ်ရတော့သည်။

ကိုမင်းဇော်စီးရမည့် မန္တလေး–ရန်ကုန်အမြန်ရထားသည် သတ်မှတ်ထားသောထွက်ချိန်နီးကပ်လာသည်အထိပင် ပေါ်၍မလာ။ သို့သော် ကြေညာသံ ထွက်၍လာသည်။ တောင်ကျွဲအင်းဘူတာအနီး၌ ရထားတစ်စီးစက်ချွတ်ယွင်းနေသဖြင့် မန္တလေးမှထွက်မည့်ရထားကို ထွက်ခွာချိန်ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာသွားသည်။ ကိုမင်းဇော်သည် ရထားထွက်ခွာမည့်အချိန်ကို စောင့်ဆိုင်းရင်းဖြင့် မန္တလေးဘူတာကြီးတွင် တစ်ညအိပ်လိုက်ရပြီး နောက်တစ်ရက် ညနေ ၄ နာရီမှပင် မန္တလေးမြို့မှ ရထားဖြင့် ထွက်ခွာနိုင်ခဲ့သည်။

ထိုကဲ့သို့ ရထားအချိန်နောက်ကျပြီးမှ ထွက်နိုင်ခဲ့ရာ အချိန်မရသော ခရီးသည်များကမူ လက်မှတ်အဆုံးခံပြီး ကားဖြင့်သာ သွားလိုက်ကြတော့သည်။ ထို့ကြောင့်လည်း ကိုမင်းဇော်စီးလာသော ရထားပေါ်တွင် ထိုင်ခုံလွတ်များရှိ၍နေသည်။ ယခုသူသည်ပင် တစ်ယောက်တည်းဖြင့် ထိုင်ခုံနှစ်ခုံကို ကျယ်ကျယ်ဝန်းဝန်းထိုင်၍ လိုက်ပါလာခဲ့သည်။ မိမိကြုံတွေ့ခဲ့ရသည်များကို အခြေပြုလျက် ကိုမင်းဇော်၏အတွေးထဲ၌ မြန်မာ့မီးရထားနှင့်ပတ်သက်ပြီး မေးခွန်းများစွာ ပေါ်လာမိတော့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အဓိကအရေးကြီးသော အသက်သွေးကြောဖြစ်သည်။ ခရီးသည်များ စရိတ်သက်သာစွာဖြင့် လွယ်ကူစွာသွားလာနိုင်ရေးအတွက်သာမက ကုန်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ စရိတ်နည်းနည်းဖြင့် တန်ချိန်အများဆုံး၊ အမြန်ဆုံးသယ်ဆောင်ပေးနိုင်သောအရာက မီးရထားသာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ဒေသတစ်နေရာမှတစ်နေရာသို့ ရထားလမ်းများဆက်သွယ်ဖောက်လုပ်ထားခြင်းသည် အဆိုပါဒေသများဖွံ့ဖြိုးရေးအတွက် ရေခံမြေခံကောင်းများ ဖြစ်သည်။

ယခုအခါ ကြံခင်း–ပခုက္ကူရထားလမ်းပိုင်း (၃၂၀ မိုင်)၊ ကသာ–ဗန်းမော်ရထားလမ်း (၉၅ မိုင်)၊ ပျော်ဘွယ်–နတ်မောက်–မကွေးရထားလမ်း (၉၅မိုင်)၊ နမ့်စန်–ကျိုင်းတုံရထားလမ်း (၁၅၀မိုင်)၊ စစ်တွေ–အမ်း–မင်းဘူးရထားလမ်း (၂၅၇ မိုင်)၊ ရန်ကုန်–ပုသိမ်ရထားလမ်းပိုင်း (၁၀၃ မိုင်) စသည့်ရထားလမ်းသစ်များကို ကွန်ရက်သဖွယ် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါရထားလမ်း ကွန်ရက်စီမံကိန်းများပြီးစီးသွားပါကလည်း မြန်မာနိုင်ငံအနှံ့ကို ရထားဖြင့်သွားလာနိုင်တော့မည်ဖြစ်သည်။ အလားတူ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း တစ်နေရာမှ တစ်နေရာသို့ တိုက်ရိုက်တင်ပို့နိုင်တော့မည်ဖြစ်ပြီး သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်တော့မည်ဖြစ်သည်။

“ရထားလမ်းတွေဖောက်လုပ်နေတာဟာ အနာဂတ်အတွက်အများကြီးကောင်းပါတယ်။ ရထားစီးချင်တဲ့သူတွေ လက်မှတ်အလွယ်တကူရဖို့နဲ့ ရထားအချိန် ကြန့်ကြာမှုတွေလျော့နည်းသွားအောင် လုပ်ဖို့အတွက် တကယ့်လက်တွေ့မှာ လိုအပ်နေပါသေးတယ်” ဟု လက်ရှိ မြန်မာ့မီးရထား



www.foreverspace.com.mm

ဘာသာယူပို့ဆောင်ရေးအခြေအနေနှင့်စပ်လျဉ်း၍ ရထားခရီးကို အဓိကအားထားနေရသည့် စစ်ကိုင်းတိုင်း ကသာမြို့ခံတစ်ဦးက ၎င်း၏အတွေ့အကြုံဖြင့်နှိုင်းယှဉ်၍ ကိုမင်းဇော်ကို ပြောကြားသည်။

လူအများစုသည် မီးရထားစီး၍ ခရီးသွားချင်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် မီးရထားစီးရေးအတွက် ပထမဆုံးစဉ်းစားရသည်မှာ ရထားလက်မှတ်ရရှိရန်ပင်ဖြစ်သည်။ ဒုတိယအချက်မှာ အချိန်ကြန့်ကြာမှုမရှိဘဲ သတ်မှတ်အချိန်အတွင်း သွားနိုင်ရန်နှင့် ရောက်ရှိရန်အတွက်သာဖြစ်ကြောင်းရထားစီးဖူးကြသူများက ပြောကြားကြသည်။

အချို့မှာ ရထားလက်မှတ်ကို မည်သည့်နေရာတွင် မည်သို့ဝယ်ယူရမည်ကိုပင်မသိ။ ရထားလက်မှတ်ဝယ်ယူသည့်အခါ၌လည်း လက်မှတ်ရဖို့အတွက်ကို ရင်တမမဖြစ်ရသည်။ မိမိအလှည့်မရောက်ခင် ရထားလက်မှတ်ကုန်သွားတတ်သောကြောင့်ဖြစ်ကြောင်း ရထားစီးကြသူအများစုက ၎င်းတို့ခံစားရပုံကို ပြောပြသည်။

"ရထားလက်မှတ်တန်းစီတဲ့သူတိုင်း လက်မှတ်ရဖို့အတွက်တော့ ရထားတွဲဆိုင်းများများနဲ့ ရထားစီးရေများများပြေးဆွဲပေးရင် အဆင်ပြေနိုင်ပါတယ်" ဟု မြန်မာ့မီးရထားမှ လက်မှတ်အရောင်းဝန်ထမ်းတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

လက်ရှိပြေးဆွဲနေသော မီးရထားများတွင် ရထားတစ်စီးလျှင် တွဲဆိုင်းပျမ်းမျှ ၁၀ တွဲခန့်ပါရှိပြီး ရိုးရိုးတန်းတွဲဆိုင်းတစ်တွဲလျှင် ခရီးသည်ထိုင်ခုံ စုစုပေါင်း ၆၂ ခုံပါရှိသည်။ ပထမတန်းတွဲဆိုင်းတွင် ခရီးသည်ထိုင်ခုံ ၆၂ ခုံပါရှိပြီး အထက်တန်းတွဲဆိုင်း၌ ထိုင်ခုံစုစုပေါင်း ၃၀ မှ ၄၀ ဝန်းကျင်ကြားတွင်ပါရှိသည်။ အိပ်စင်တွဲဆိုင်းတစ်တွဲလျှင် ခရီးသည်လေးဦးစီးနင်းနိုင်သည့်အခန်းခြောက်ခန်း ပါရှိသည်။

"ရထားတစ်စီးမှာ တွဲဆိုင်း ၁၀ တွဲပါတယ်ဆိုတော့ ပျမ်းမျှထိုင်ခုံ ၆၂၀ ပဲထား။ ရန်ကုန်ဘူတာမှာပဲ အားလုံးရောင်းလို့မရဘူး။ ပဲခူးဘူတာ၊ တောင်ငူဘူတာ၊ ပျဉ်းမနားဘူတာ။ အဲဒီလိုဘူတာတွေမှာ တက်မယ့်ခရီးသည်တွေအတွက်လည်း ရထားလက်မှတ်ကို ချန်ထားပေးရတယ်။ နောက်ပြီး ဝရမ်းနဲ့ခရီးသွားတဲ့သူတွေအတွက် ချန်ထားရသေးတယ်။ အရေးပေါ်ရထားစီးမယ့်ဝန်ထမ်းတွေအတွက် ချန်ထားရတာရှိတယ်။ အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဝန်ကြီးဌာနစတဲ့ ဌာနတွေအတွက်လည်း ချန်ထားရတာရှိတယ်။ ပြီးတော့ လက်မှတ်ရောင်းပေးတဲ့နေရာမှာ သံဃာတွေအပါအဝင် ဘာသာရေးအဖွဲ့အစည်းဆိုပြီး ဦးစားပေးရောင်းရတာရှိတယ်။ အဲဒီတော့ ဒါတွေအားလုံးအတွက်ချန်ထားပြီးမှ လာတန်းစီတဲ့ ခရီးသည်တွေကို ရောင်းပေးရတာ" ဟု မြန်မာ့မီးရထားမှ ရထားလက်မှတ်ရောင်းဝန်ထမ်းတစ်ဦးက ရထားလက်မှတ်ရောင်းချရသည့်ပုံစံကို ရှင်းပြသည်။

ယင်းကဲ့သို့ ရထားလက်မှတ်များကို



www.foreverspace.com.mm





ချမှတ်ထားရခြင်းကြောင့် လက်မှတ်တန်းစီသည့်အခါ လက်မှတ်ကုန်သွားပြီဟုဆိုသော်လည်း ရထားထွက်သည့်အချိန်တွင်တော့ တစ်ခါတစ်ရံ ခရီးသည်မဲ့ ထိုင်ခုံလွတ်များပါသွားရခြင်း ဖြစ်သည်။

"ဂျပန်မှာဆိုရင် ရထားက အခု သွားချင်ရင် အခုသွားလို့ရတယ်။ ဟိုမှာက ရထားစီးရေကို ရာနဲ့ချီပြီးပြေးဆွဲပေးနေတာ။ အဲဒီတော့ လူတိုင်းရထားစီးနိုင်တယ်။ ရထားလက်မှတ်ကိုလည်း ခရီးသွားလုပ်ငန်းတွေမှာဝယ်လို့ရတယ်။ အင်တာနက်ကနေတစ်ဆင့်လည်း ဝယ်လို့ရတယ်။ အဲဒီတော့ နေရာတိုင်းမှာ ရထားလက်မှတ်က ဘယ်သူမဆို အလွယ်တကူဝယ်လို့ရတာပေါ့။ မှတ်ပုံတင်လည်းပြစရာမလိုဘူး။ ရထားအချိန်ဇယားကို ဘူတာတွေမှာ ဖော်ပြထားသလို အင်တာနက်မှာလည်းကြည့်လို့ရတယ်။ မြန်မာနိုင်ငံမှာလည်း ရထားစီးရေများများနဲ့ ပြေးဆွဲပေးပြီး လက်မှတ်တွေကို အလွယ်တကူနေရာတိုင်းမှာဝယ်နိုင်မယ်ဆိုရင်တော့ အခုကြုံတွေ့နေရတဲ့ လက်မှတ်အခက်အခဲကအဆင်ပြေသွားမှာပါ" ဟု ဂျပန်နိုင်ငံ၏ ရထားလက်မှတ်ရောင်းချပေးသည့်စနစ်ကို စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာအောင်ကိုကိုက ၎င်းတွေ့ကြုံရသည့်အတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော အခြေခံအဆောက်အဦများအား ကောင်းခိုင်ခံ့ရန်လိုပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများမပြောနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများပင်လျှင် ရထားသည် လူနှင့် ကုန်စည်တို့ကို အများဆုံး သယ်ယူပို့ဆောင်ပေးနိုင်သည့်အရာဖြစ်နေသည်။ ထို့အတွက် ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးမှာ အထူးအရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

ဂျပန်နိုင်ငံတွင် ရထားအချိန်ဇယားကို သိရှိစေရန်နှင့် ရထားလက်မှတ်အလွယ်တကူရရှိစေရန် စီစဉ်ထားခြင်းကြောင့် ရထားကို လူတိုင်းက အလွယ်တကူစီးနိုင်ကြသည်။ ခရီးသည်များ၏ ယုံကြည်အားကိုးမှုရရှိစေရန်အတွက်လည်း ရထားများကို အချိန်နှင့်တစ်ပြေးညီ ပြေးဆွဲပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၌လည်း ရထားစက်ခေါင်းအသစ်များကို တရုတ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့မှ တင်သွင်းလျက်ရှိရာ ယင်းရထားစက်ခေါင်းနှင့် တွဲဆိုင်းများကို အသုံးပြုမည်ဆိုပါက အနာဂတ်တွင် မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးကဏ္ဍ ပြောင်းလဲနိုင်ကြောင်းနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားမှ အရာရှိတစ်ဦးက "အခု စက်ခေါင်းအသစ်တွေထပ်ရောက်နေတာရှိပါတယ်။ မြန်မာနိုင်ငံကရထားလမ်းတွေမှာ မောင်းလို့ရအောင် ပြန်ပြင်နေရတယ်။ ဒီစက်ခေါင်းတွေသာ အသုံးပြုလို့ရပြီဆိုရင်တော့ ရထားစီးရေကို တိုးချဲ့ပြီး ပြေးဆွဲလာနိုင်မှာပါ။ လက်ရှိလည်း ရထားစက်ခေါင်းအသစ်တွေနဲ့ တိုးချဲ့ပြေးဆွဲပေးနေတာတွေ ရှိပါတယ်" ဟု မြန်မာ့မီးရထား၏ အနာဂတ်ပုံစံကို မှန်းဆ၍ပြောပြသည်။

"ပုသိမ်ဘူတာမှာက ရထားလက်မှတ်ကို ကြိုမရောင်းပေးဘူး။ မနက် ၄ နာရီထွက်မယ့်ရထားလက်မှတ်ကို မနက် ၃ နာရီလောက်မှာ တစ်ခါတည်းရောင်းပေးတယ်။ ရထားလက်မှတ်ဝယ်ရတာကတော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ ရထားတစ်စီးလမ်းမှာ ဘီးချော်နေပြီဆိုရင်စောင့်ရတယ်။ ဒါကလည်း မကြာခဏလိုဖြစ်တတ်တာ။ တစ်ခါတလေ မနက် ၄ နာရီထွက်မယ့် ရထားက ညနေ ၄ နာရီလောက်မှ ထွက်ဖြစ်တာရှိတယ်" ဟု ပုသိမ်မှ ဟင်္သာတသို့ ရထားဖြင့် မကြာခဏသွားရောက်သူ ပုသိမ်မြို့ခံတစ်ဦးက ပြောကြားသည်။

ပုသိမ်–ကြံခင်းရထားလမ်းသည် ဖောက်လုပ်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ ပစ္စည်းအသစ်များဖြင့် အစားထိုးလဲလှယ်ရန် လိုအပ်လျက်ရှိသည်။ ယခင်ရထားလမ်းအဟောင်းနှင့် သစ်သားဇလီဖားတုံးများသည်လည်း ကာလကြာရှည်၍ ကြံ့ခိုင်မှုအားနည်းနေပြီဖြစ်သည်။ ထို့ကြောင့်လည်း ရထားဘီးချော်မှုများဖြစ်ကာ ရထားများတစ်စီးကို တစ်စီးစောင့်ဆိုင်းနေရခြင်းဖြစ်သည်။

"ပုသိမ်– ကြံခင်းရထားသံလမ်းတွေက အရင်သုံးနေတဲ့ (တစ်ကိုက်) ပေါင် ၅၀ သံလမ်းတွေ။ အခုအဲဒီသံလမ်းတွေကို ပေါင် ၇၅ ပေါင်ရှိတဲ့ သံလမ်းတွေနဲ့ အစားထိုးလဲလှယ်ပေးဖို့ စီစဉ်နေတယ်။ မီးရထားမှာက ရန်ကုန်–မန္တလေးလမ်းကြီးကို အဓိကလမ်းအနေနဲ့ အမြဲတမ်း ကြံ့ခိုင်အောင်လုပ်ပေးရတယ်။ ဒီလမ်းကြီးကို ပြင်ဆင်လိုက်လို့ ပိုထွက်လာတဲ့ပစ္စည်းကို နယ်ဘက်ကရထားလမ်းတွေမှာ ပြန်ပြီးအစား

www.foreverspace.com.mm

ထိုးသုံးရတာ။ ဒီမှာက အားလုံးကို အသစ်ဝယ်ပြီးလဲပေးနိုင်ဖို့အတွက်က အခက်အခဲရှိတယ်" ဟု မြန်မာ့မီးရထားမှ အင်ဂျင်နီယာတစ်ဦးက ရန်ကုန်–မန္တလေး မီးရထားလမ်းပိုင်းမှလွဲ၍ အခြားသောရထားလမ်းများ ဒုတိယဦးစားပေးနေရာတွင်ရှိပုံကို ပြောကြားသည်။

ရထားများသည် တစ်ခါတစ်ရံ သတ်မှတ်ချိန်အတွင်း မထွက်ခွာနိုင်ခြင်း၊ မဆိုက်ရောက်နိုင်ခြင်း၏ အဓိကအချက်မှာ ရထားလမ်းကြံ့ခိုင်မှုအားနည်း၍ ရထားဘီးချော်မှုဖြစ်ပွားခြင်း၊ ရထားစက်ခေါင်း စက်ချွတ်ယွင်းခြင်းများကြောင့်သာဖြစ်ကြောင်း၊ ရထားစက်ခေါင်းနှင့် တွဲဆိုင်းများသည် ခရီးစဉ်တစ်ခုပြေးဆွဲပြီးပါက လိုအပ်သည့် စစ်ဆေးမှုများ အချိန်ယူကာ လုပ်ဆောင်ပေးရကြောင်း၊ သို့သော် အရန်ရထားစက်ခေါင်းနှင့် တွဲဆိုင်းများမရှိကြောင်း ၎င်းက ထပ်လောင်းရှင်းပြသည်။

"ရထားတစ်စီးက ခရီးစဉ်တစ်ခုကို ပြေးဆွဲပြီးသွားရင် လိုအပ်တဲ့စစ်ဆေးပြင်ဆင်မှုတွေကိုလုပ်ပေးရတယ်။ ပျက်စီးသွားတဲ့ပစ္စည်းတွေကို လဲလှယ်ပေးဖို့အတွက် အပိုပစ္စည်းတွေရှိရတယ်။ နောက်ထပ် ကျန်တဲ့ခရီးစဉ်အတွက် အရန်ထားထားတဲ့ရထားကို သုံးရမယ်။ ဒီလိုအခြေအနေဖြစ်ဖို့က ရထားစီးရေများများလိုတယ်။ ရထားလမ်းတွေကြံ့ခိုင်ဖို့ကို ကွန်ကရစ်ဇလီဖားတုံးတွေကိုသုံးရမယ်။ နောက်ပြီး ရထားဘူတာတွေမှာ ရထားလမ်းခွဲတွေလုပ်ထားရင် ပိုအဆင်ပြေတယ်" ဟု အဆိုပါ အင်ဂျင်နီယာက ပြောကြားသည်။

မြန်မာနိုင်ငံရှိ ရထားလမ်းပိုင်းများကြံ့ခိုင်မှုပိုမိုမြင့်မားလာစေရန်နှင့် ရထားစီးရေလုံလုံလောက်လောက်ပြေးဆွဲနိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း စီးပွားရေးပညာရှင်များနှင့် မီးရထားဝန်ထမ်းများက ပြောကြားသည်။



မီးရထားလမ်းဖောက်လုပ်ရန်နှင့် မီးရထားစက်ခေါင်းနှင့် တွဲဆိုင်းများဝယ်ယူရန်အတွက်မှာ ကုန်ကျစရိတ်များစွာ သုံးစွဲရခြင်းကြောင့်ဖြစ်သည်။

"မီးရထားစီမံကိန်းတစ်ခုလုပ်မယ်ဆိုရင် လုပ်ငန်းစတင်အကောင်အထည်ဖော်တဲ့ ကုန်ကျစရိတ်က အရမ်းများတယ်။ အစိုးရဘတ်ဂျက်ကိုလုံလုံလောက်လောက်သုံးဖို့ဆိုတာကလည်းခက်တယ်။ အဲဒီတော့ ရထား စီမံကိန်းတွေမှာ အစိုးရအပါအဝင် စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြည်သူတွေကို ရင်းနှီးမြှုပ်နှံခွင့်ပေးဖို့ပဲ။ စတော့ရှယ်ယာတွေရောင်းမယ်။ ရလာတဲ့အကျိုးအမြတ်ကို သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုအလိုက်ခွဲဝေပေးရမယ်။ ဒါကိုလည်း ရေရှည်ရင်းနှီးမြှုပ်နှံနိုင်အောင်လုပ်ရမယ်။ ဂျပန်လိုနိုင်ငံမှာလည်း အစိုးရမီးရထားနဲ့ ပုဂ္ဂလိကမီးရထားဆိုပြီးရှိတာပဲ" ဟု မြန်မာနိုင်ငံ၏ မီးရထားစီမံကိန်းများဆောင်ရွက်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုကို စီးပွားရေးပညာရှင်ဒေါက်တာအောင်ကိုကိုက ရှင်းပြသည်။

ယင်းကဲ့သို့ မီးရထားစီမံကိန်းများတွင် စီးပွားရေးလုပ်ငန်းရှင်နှင့် ပြည်သူများကို ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ပြုထားခြင်းဖြင့် လုံလောက်သောအရင်းအနှီးရရှိမည်ဖြစ်သလို ပြည်သူများအနေဖြင့်လည်း မီးရထားနှင့်ပတ်သက်သည့်လုပ်ငန်းများကို မိမိ၏ ကိုယ်ပိုင်လုပ်ငန်းများသဖွယ် တန်ဖိုးထားသုံးစွဲလာကြမည်ဖြစ်သည်။ မီးရထားပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုတို့ကို လုပ်ဆောင်လာနိုင်ခြင်းဖြင့်လည်း မီးရထားစီးကြသည့်ခရီးသည်များအတွက် ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်မည်ဖြစ်သည်။ ဤသို့ဝန်ဆောင်မှုကောင်းများပေး၍ ခရီးသည်ကို ယုံကြည်အားကိုးမှုရှိလာအောင်ဆောင်ရွက်ခြင်းဖြင့်လည်း မီးရထားကဏ္ဍ၏အောင်မြင်မှုကို တစ်ဆင့်ပြီးတစ်ဆင့် ရရှိလာမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးစနစ်သည် နိုင်ငံတကာနည်းတူ အဆင့်မြင့်တင်သွားနိုင်စေရန် ဆောင်ရွက်သည့်အနေဖြင့် ရန်ကုန်နှင့် မန္တလေးရထားလမ်း

www.foreverspace.com.mm



ကို လျှပ်စစ်ရထားပြေးဆွဲပေးရန်အတွက် စီမံကိန်းများရေးဆွဲထားပြီးဖြစ်သည်။ အရင်းအနှီးရှိ၍ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက မြန်မာ့ရထားပို့ဆောင်ရေးတစ်ခေတ်ပြောင်းသွားနိုင်မည်ဖြစ်သည်။

"ဒီစီမံကိန်းအတွက် အရင်းအနှီးကုန်ကျစရိတ်များတယ်ဆိုပေမယ့် ပြည်သူတွေအတွက် ရေရှည်မှာအရမ်းကောင်းသွားမှာ။ ဥပမာ–ရန်ကုန်ကနေ မန္တလေးကို သွားမယ်ဆိုရင် လေယာဉ်တွေ၊ ကားတွေစီးနေရင် ကုန်ကျစရိတ်က အရမ်းများတယ်။ မီးရထားကျတော့ ကုန်ကျစရိတ်သက်သာတယ်။ လျှပ်စစ်ရထားလို မြန်မြန်သွားနိုင်မယ်ဆိုရင်တော့ စရိတ်နည်းနည်းနဲ့ မြန်မြန်ခရီးရောက်တာပေါ့။ ဒီလိုဆိုရင်တော့ ပြည်သူတွေက ရထားကိုပဲ အားကိုးလာကြမှာ" ဟု လျှပ်စစ်ရထားပြေးဆွဲခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ အစိုးရဝန်ထမ်းတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

"ပြည်သူတွေအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေဖို့ စီမံကိန်းတွေလုပ်မယ်ဆိုရင်တောင် ကားနဲ့မီးရထားက မတူဘူး။ ဥပမာ– ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးဆိုရင် ခရီးကိုတော့ မြန်မြန်ရောက်တယ်၊ ခရီးစရိတ်ကျတော့ လူတစ်ယောက်ကို ကျပ် ၁၀,၀၀၀ ကျော်ပဲ။ စရိတ်ကျမသွားဘူး။ မီးရထားကျတော့ ရန်ကုန်–မန္တလေးကို ၃,၀၀၀ ကျပ်ဆိုရင် အထက်တန်းတွဲက စီးသွားလို့ရတယ်။ ရိုးရိုးတန်းဆိုရင် ၁,၀၀၀ ကျပ်ကျော်လောက်နဲ့ရတယ်။ ခရီးကို မြန်မြန်ရောက်ဖို့အတွက်ကတော့ ၃ နာရီတစ်စီးလောက်ထွက်ပေးနေရင် အများကြီးအဆင်ပြေလာမှာပေါ့။ ရထားပို့ဆောင်ရေးသာ ဒီအတိုင်းဖြစ်လာမယ်ဆိုရင် ကားစီးပြီး ခရီးသွားတဲ့သူတောင် ရှားသွားနိုင်တယ်" ဟု သယ်ယူပို့ဆောင်ရေးတွင် ကားနှင့်ရထား ကွဲပြားခြားနားမှုများရှိနေသည်ကို ပြည်တွင်းရှိ သတင်းဂျာနယ်တစ်စောင်မှ အယ်ဒီတာတစ်ဦးက သုံးသပ်ပြောကြားသွားခြင်းဖြစ်သည်။

လျှပ်စစ်ရထားပြေးဆွဲမည်ဆိုပါက လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး အလားတူ ခရီးသွားလာမှုနှင့် ကုန်ပစ္စည်းစီးဆင်းမှုကိုလည်း ပိုမိုလွယ်ကူမြန်ဆန်လာစေမည်ဖြစ်သည်။ လျှပ်စစ်မီးရထားစီမံကိန်းအကောင်အထည်ဖော်ရန်အတွက်မှာ ဦးစွာလျှပ်စစ်ဓာတ်အားအမြဲရရှိရန် သီးသန့်ဓာတ်အားလိုင်းတစ်ခုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အရာရှိတစ်ဦးကပြောကြားသည်။

ထို့ပြင်ရထားလမ်းတစ်လျှောက်

### ရထားလက်မှတ်နှုန်းထားများ (ကျပ်)

| စဉ် | ခရီးစဉ် | ရိုးရိုးတန်း | ပထမတန်း | အထက်တန်း | အိပ်စင် |
|---|---|---|---|---|---|
| ၁။ | ရန်ကုန်–မန္တလေး | ၁၅၅၀ | ၁၉၃၀ | ၃၀၉၀ | ၄၂၅၀ |
| ၂။ | ရန်ကုန်–မန္တလေး | ၄၀၀၀ | – | ၈၀၀၀ | ၁၀၀၀၀ |
| | | (၂၉–အဆန် အထူးအမြန်) | | | |
| ၃။ | ရန်ကုန်–နေပြည်တော် | ၉၄၀ | – | ၁၈၇၀ | – |
| ၄။ | ရန်ကုန်–သာစည် | ၁၂၃၀ | – | ၂၄၆၀ | – |
| ၅။ | ရန်ကုန်–မော်လမြိုင် | ၇၇၀ | ၉၅၀ | ၁၄၇၀ | – |
| ၆။ | ရန်ကုန်–ထားဝယ် | ၁၈၆၀ | – | ၃၈၅၀ | – |
| ၇။ | ရန်ကုန်–မြစ်ကြီးနား | – | – | – | – |
| ၈။ | ရန်ကုန်–လားရှိုး | – | – | – | – |
| ၉။ | ရန်ကုန်–ပြည် | ၆၅၀ | ၈၁၀ | ၁၂၉၀ | – |
| ၁၀။ | ရန်ကုန်–သာရဝေါ | – | – | – | – |

### ရန်ကုန်ဘူတာကြီးမှ ပြေးဆွဲပေးနေသော ရထားအချိန်စာရင်း

| စဉ် | ထွက်ချိန် | ရထား | ခရီးစဉ် |
|---|---|---|---|
| ၁။ | နံနက် ၄း၀၀ | ၁ အဆန်–စာပို့ | မန္တလေး |
| ၂။ | နံနက် ၅း၀၀ | ၅ အဆန်–အမြန် | မန္တလေး |
| ၃။ | နံနက် ၅း၃၀ | ၃ အဆန်–အမြန် (အထူးစာပို့) | မန္တလေး |
| ၄။ | နံနက် ၆း၀၀ | ၁၁ အဆန်–အမြန် | မန္တလေး |
| ၅။ | နံနက် ၈း၀၀ | ၃၁ အဆန်–အမြန် | နေပြည်တော် |
| ၆။ | နံနက် ၇း၁၅ | ၈၉ အဆန်–အမြန် | မော်လမြိုင် |
| ၇။ | နံနက် ၉း၀၀ | ၁၇၅ အဆန်–အမြန် | ထားဝယ် |
| ၈။ | နံနက် ၁၁း၀၀ | ၇ အဆန်–အမြန် | နေပြည်တော် |
| ၉။ | နေ့လယ် ၁၂း၁၅ | ၂၉ အဆန်–(အထူးအမြန်) | မန္တလေး |
| ၁၀။ | နံနက် ၈း၃၀ | ၉ အဆန်–အမြန် | နေပြည်တော်–ရွှေညောင်–သာစည် |
| ၁၁။ | မွန်းလွဲ ၁း၀၀ | ၇၁ အဆန်–အမြန် | ပြည် |
| ၁၂။ | | ၆၃ အဆန်–စာပို့ | ပြည်(ကြည့်မြင်တိုင်ဘူတာမှထွက်) |
| ၁၃။ | | ၆၉ အဆန်–အမြန် | သာရဝေါ(ကြည့်မြင်တိုင်ဘူတာမှထွက်) |
| ၁၄။ | နံနက် ၆း၃၀ | ၃၅ အဆန်–အမြန် | မော်လမြိုင် |

www.foreverspace.com.mm

အန္တရာယ်ကင်းရှင်းရေးအတွက် အကာအကွယ်များပြုလုပ်ရမည်ဖြစ်သည်။ လက်ရှိရထားသံလမ်းများ၏ အကျယ်အဝန်းကို နိုင်ငံတကာတွင်အသုံးပြုနေသည့် အရွယ်အစားအတိုင်းအသုံးပြုရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

"လက်ရှိအခြေအနေက တစ်ဆင့်တက်ဖို့အတွက် ရန်ကုန်–မန္တလေးရထားလမ်းကို အဆင့်မြှင့်ဖို့လိုတယ်။ ရထားသံလမ်းအကျယ်ကို တိုးချဲ့ဖို့လည်းစဉ်းစားရမယ်။ ဒါမှလည်း လျှပ်စစ်ရထားပြေးရင် အလွယ်တကူနဲ့ပြောင်းလို့ရမှာ။ နောက်တစ်ခုက စီမံကိန်းတွေကို ဆောင်ရွက်တဲ့အခါမှာ တစ်ဆင့်ပြီးတစ်ဆင့်သွားဖို့ပဲ။ တစ်ဦးတည်းမလုပ်နိုင်တဲ့အခါ ရင်းနှီးမြှုပ်နှံမှုတွေမှာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြည်သူတွေပါဝင်ခွင့်ရလာအောင်ဆိုတဲ့ အဆင့်တွေကို ထည့်သွင်းစဉ်းစားဖို့လိုတယ်" ဟု ဒေါက်တာအောင်ကိုကိုက ပြောကြားသည်။

မြန်မာ့မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာစေရန်အတွက် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ယခုအခါမြန်မာနိုင်ငံတွင် ရထားလမ်းပိုင်းအရှည် စုစုပေါင်း ၃၂၃၈ မိုင်ကျော်အထိ ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။ လက်ရှိအခြေအနေတွင်လည်း မြန်မာ့မီးရထားအနေဖြင့် ပြည်သူများကို ပိုမိုထိရောက်သော ပို့ဆောင်မှုပေးနိုင်ရန်အတွက်မှာ ဖောက်ပြီးသားရထားလမ်းများပေါ်တွင် ပြေးဆွဲမည့် ရထားစီးရေ ထပ်မံတိုးချဲ့သွားရန်သာဖြစ်သည်။ ထိုသို့ ရထားစီးရေတိုးချဲ့သွားရန်အတွက်မှာလည်း စီးပွားရေးလုပ်ငန်းရှင်နှင့် ပြည်သူများအားလုံးပါဝင်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုပုံစံဖြင့် ရထားစီမံကိန်းများကို ဆောင်ရွက်သွားရန်ဖြစ်သည်။

သို့မှသာ ကိုမင်းဇော်အပါအဝင် ရထားစီးပြည်သူများ ကြုံတွေ့နေရသည့် ရထားလက်မှတ်အခက်အခဲနှင့် ရထားအချိန်ကြန့်ကြာမှုများ ပြေလည်သွားနိုင်မည်ဖြစ်သည်။ ထိုအခြေအနေသို့ ပြောင်းလဲလာမည့်အရေးကို ကိုမင်းဇော် မျှော်လင့်မိသည်။ ပြောင်းလဲလာလျှင်ဆိုသော အတွေးဖြင့်လည်း သူ၏ရင်ထဲ၌ ရထားစီးကာခရီးသွားချင်စိတ်များဖြစ်၍လာပြန်သည်။

မန္တလေး–ရန်ကုန် အမြန်ရထားကြီးသည် အနောက်အရပ်သို့ ဝင်ခါနီးနေလုံးကြီးနှင့် အပြိုင်ပြေး၍နေသည်။ ညနေနေရောင်ခြည်အောက်တွင် သိုးအုပ်၊ ဆိတ်အုပ်တို့သည်လည်း အိမ်ပြန်ကြလေပြီ။ ကိုမင်းဇော်တစ်ယောက်မှာလည်း ရထားစီးကာ လောကသဘာဝအလှကို ငေးကြည့်ရင်း တငြိမ့်ငြိမ့်ခံစားနေလေတော့သည်။

**ကျော်ဇေယျာထွန်း**



www.foreverspace.com.mm





www.foreverspace.com.mm



# ဈေးကွက်ရေချိန်ညှိရမည့် ကြက်သွန်နီ

ခင်ဌေးကြွယ်

**ကာလအတန်ကြာ ငြိမ်သက်နေရာမှ ရုတ်တရက်ခေါင်းထောင်လာသော ကြက်သွန်နီဈေးနှုန်းကြောင့် ဈေးကွက်အတွင်း ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့ရသည်။ အချိန်ကာလအားဖြင့် ၂ နှစ်တာတည်ငြိမ်နေခဲ့သော ကြက်သွန်နီဈေးကွက်သည် လွန်ခဲ့သည့်လအနည်းငယ်တွင် ဈေးနှုန်းလေးငါးဆခန့် အလျင်အမြန်ခုန်တက်သွားခဲ့သည်။ ထိုသို့ ဈေးနှုန်းခုန်တက်သွားရခြင်းမှာ ကုန်သည်အချို့၏ ဈေးကစားမှုကြောင့်ဟု သက်ဆိုင်ရာကဆိုသည်။ မည်သို့ပင်ဆိုစေကာမူ တည်ငြိမ်သောဈေးနှုန်းတစ်ခု ပြန်လည်ရောက်ရှိရေးအတွက် နည်းလမ်းရှာပြီး ပူးပေါင်းဖြေရှင်းရေးကသာ အရေးကြီးပါသည်။**

## လက်ရှိဈေးကွက်အခြေအနေ

ဇူလိုင်လဆန်းပိုင်း၌ လေးငါးဆခန့် ဈေးတက်သွားခဲ့သော ကြက်သွန်နီဈေးနှုန်းမှာ ဩဂုတ် လဆန်းပိုင်းတွင် တစ်ပိဿာလျှင် ၁၀၀ ကျပ်ဝန်းကျင်သို့ ပြန်လည်ကျဆင်းသွားသည်ဟု ဘုရင့်နောင်ပွဲရုံမှ ကြက်သွန်ကုန်သည်တစ်ဦးက ဆိုသည်။ မတ်၊ ဧပြီ၊ မေ၊ ဇွန်လများအထိ ကြက်သွန်နီဈေးနှုန်းများမှာ ဆိပ်ဖြူရိုးရိုးတစ်ပိဿာလျှင် ၂၄၀ ကျပ်၊ ၃၁၅ ကျပ်၊ ၄၅၀ ကျပ်၊ ၅၀၀ ကျပ် ရှိခဲ့ပြီး ရှယ်တစ်ပိဿာလျှင် ၅၂၅ ကျပ်၊ ၆၀၀ ကျပ်၊ ၇၀၀ ကျပ် စသည်ဖြင့် အသီးသီး ရှိခဲ့သည်။ ဇူလိုင်လဆန်းပိုင်းတွင် ရိုးရိုးတစ်ပိဿာ ၈၀၀ ကျပ်၊ ၉၀၀ ကျပ်၊ ၁,၀၀၀ ကျပ်နှင့် ရှယ်တစ်ပိဿာလျှင် ၁,၁၀၀ ကျပ်၊ ၁,၂၅၀ ကျပ်၊ ၁,၃၀၀ ကျပ် စသည်ဖြင့် ဈေးနှုန်းရုတ်တရက်မြင့်တက်သွားခဲ့သည်။ အခြားသောကြက်သွန်နီအမျိုးအစားများမှာလည်း ပုံမှန်အားဖြင့် ၃၀၀ ကျပ်၊ ၄၀၀ ကျပ်ဝန်းကျင်မှ ၁,၂၀၀ ကျပ်၊ ၁,၂၅၀ ကျပ်အထိ ခုန်တက်သွားခဲ့သည်။

"အခုလိုဈေးခုန်တက်သွားတာဟာ လက်တစ်ဆုပ်စာ ကုန်သည်တချို့ကြောင့်ပဲ။ ဒါကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက အချိန်မီတားခဲ့ရတယ်။ ဒါပေမဲ့ ပုံမှန်ဈေးကို ပြန်ရောက်ဖို့တော့ နည်းနည်းအချိန်ပေးရဦးမယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦးက Living Color သို့ပြောကြားသည်။ ဈေးနှုန်းအား ရုတ်တရက်ဆွဲတင်လိုက်ခြင်းသည် ကြက်သွန်ရှားပါးပြတ်လပ်၍မဟုတ်ကြောင်း၊ ကြက်သွန်ပြတ်လပ်ခါနီးနေပြီဟု ကုန်သည်အချို့က လက်ဝါးရိုက်လှုံ့ဆော်လိုက်ခြင်းသာဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကြောင့်ပင် ဈေးကွက်တစ်ခုလုံးလှုပ်ရှားသွားပြီး ဈေးမြင့်တက်သွားခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် အသင်းတာဝန်ရှိသူများက အချိန်မီထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့မဟုတ်ပါက ယင်းကိုအမီပြု၍ အခြားသောကုန်ပစ္စည်းများကိုလည်း ဈေးကစားလာနိုင်ကြောင်း၊ ကြက်သွန်ပေါ်ချိန်အထိ စားသုံးနိုင်ရန် ကြက်သွန်အလုံအလောက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတွက် တစ်လစားသုံးမှုမှာ ပိဿာချိန် သိန်း ၅၀ ဝန်းကျင်ရှိပြီး လက်ရှိတွင် ပြည်တွင်းဈေးကွက်တစ်ခုလုံး၌ ကြက်သွန်နီပိဿာချိန်ပေါင်း ၆၀၀ ဝန်းကျင်ရှိနေ၍ နောက်ထပ် ၁၀ လဝန်းကျင်အထိ စားသုံးနိုင်သေးကြောင်း၊ နောက်ထပ်လေး၊ ငါးလခန့်တွင် အသစ်ပေါ်မည်ဖြစ်၍ ပြတ်လပ်နိုင်စရာအကြောင်းမရှိကြောင်း၊ လက်ရှိဈေးနှုန်း ၁,၂၀၀ ကျပ်ဝန်းကျင်မှ ယခင် ၃၀၀၊ ၄၀၀ ကျပ်ဝန်းကျင်ထိ ပြန်လည်ရောက်ရှိအောင် တာဝန်ရှိသူများက



www.foreverspace.com.mm

ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လတ်တလောဈေးတက်သွားခြင်းနှင့်ပတ်သက်၍ ဘုရင့်နောင်အခြေစိုက် ကြက်သွန်ကုန်သည်တစ်ဦးက ပြောကြားရာတွင် ဈေးနှုန်းတက်ရခြင်းမှာ နယ်စပ်မှအထွက်များ၍လည်းဖြစ်နိုင်ကြောင်း၊ နယ်စပ်တင်ပို့သည့်ကုန်သည်၊ ကုမ္ပဏီအရေအတွက်မှာလည်း များများစားစားမရှိကြောင်း၊ ဈေးနှုန်းတက်ခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များ၊ နယ်စပ်ထွက်ပေါက်များကြောင့်လည်း ဈေးနှုန်းအပြောင်းအလဲဖြစ်တတ်သော သာဓကများရှိခဲ့ကြောင်း၊ ကြက်သွန်နီတင်ပို့မှုသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့သို့ တင်ပို့လေ့ရှိပြီး မူဆယ် (၁၀၅) မိုင်နယ်စပ်၊ မြဝတီနယ်စပ်တို့မှတစ်ဆင့် တရုတ်နှင့် ထိုင်းနိုင်ငံဘက်သို့ တင်ပို့လေ့ရှိကြောင်း၊ ထို့ကြောင့် ဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်ရာတွင် ဈေးကစားသည့်ကုန်သည်အချို့နှင့်အတူ နယ်စပ်ဂိတ်များကိုလည်း စနစ်တကျကြီးကြပ်ကွပ်ကဲရန် အရေးကြီးကြောင်း၊ သို့မှသာ ပြည်တွင်းဈေးကွက်ကြီးတစ်ခုလုံး တည်ငြိမ်မည်ဟုယူဆကြောင်း ၎င်းကဆိုသည်။

## အသစ်မပေါ်မီ ခန့်မှန်းချက်

ဇူလိုင်လတစ်လလုံးနီးပါး လှုပ်ရှားမြင့်မားခဲ့သောဈေးနှုန်းသည် ဩဂုတ်လဆန်းပိုင်းတွင် ရာဂဏန်းထိ ပြန်လည်ပြုတ်ကျသွားပြီး ဆက်လက်၍လည်း ပြုတ်ကျနိုင်ခြေများရှိကြောင်း၊ ဩဂုတ်လအတွင်း၌ပင် ကျပ်တစ်ထောင်ကျော်ရှိနေရာမှ တစ်ထောင်ကျပ်အောက်သို့ရောက်ရှိလာမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဈေးနှုန်းကို သက်ဆိုင်ရာက ကန့်သတ်ထိန်းချုပ်ထားမည်ဟု ယူဆရကြောင်း၊ အလားတူ နယ်စပ်ဂိတ်အချို့ကလည်း တင်ပို့ခွင့်ပိတ်ထားသည်ဟုကြားသိနေရကြောင်း ဘုရင့်နောင်ပွဲရုံမှ ကြက်သွန်ကုန်သည်အချို့၏ အဆိုအရ သိရသည်။

ပြည်တွင်း၌ကြက်သွန်တန်ချိန် မည်ရွေ့မည်မျှရှိသည်ကို အတိအကျမပြောနိုင်သော်လည်း အတိုင်းအတာတစ်ခုအထိရှိမည်ဟု ယူဆရကြောင်း၊ ဈေးနှုန်းမြင့်တက်ခါစတွင် ဝယ်လက်အများအပြားရှိပြီး ဈေးနှုန်းအနည်းငယ်ကျသွားသည်နှင့်တစ်ပြိုင်နက် ဝယ်လက်နည်းပါးသွားကြောင်း၊ ဆက်လက်၍လည်း အဝယ်အေးနေမည်ဟု ခန့်မှန်းရကြောင်း၊ ထို့အတူ ကြက်သွန်ရာသီအလှမ်းမဝေးတော့၍ လှောင်ထားသည့်ကုန်သည်အချို့မှာ လက်ရှိဈေးနှုန်း၊ ပေါက်ဈေးအတိုင်းထုတ်ရောင်းရမည်ဖြစ်ကြောင်း၊ ဩဂုတ်လဆန်းပိုင်းတွင် နယ်မှဝယ်လက်များ သိသာစွာလျော့ကျသွားကြောင်း ဘုရင့်နောင် စိန်ပန်းလမ်းမှ ကြက်သွန်ကုန်သည်တစ်ဦးက ပြောကြားသည်။ ဈေးနှုန်းကျသည့်အပြင် အနယ်နယ်မှတင်ပို့သည့် ကြက်သွန်ကားကြီးများမှာလည်း ယခင်အစီး ၂၀ ဝန်းကျင်ရှိခဲ့ပြီး ယခုအခါ ၁၀ စီးဝန်းကျင်သာဝင်ရောက်တော့၍ ယင်းသို့ အစီးရေလျော့ခြင်းမှာလည်း ဝယ်လက်နည်းပါးခြင်းနှင့် ပြည်ပ Export မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မကြာခင်အသစ်တွေပေါ်တော့မှာဆိုတော့ ဈေးပိုကျဖို့အနေအထားမှာရှိတယ်" ဟု မန္တလေးမှ ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးကလည်း မန္တလေးကြက်သွန်ဈေးကွက်အနေအထားကို တယ်လီဖုန်းမှတစ်ဆင့် ပြောကြားသည်။ မန္တလေးဈေးကွက်၌လည်း ကြက်သွန်နီအရောင်းအဝယ်မှာအေးနေကြောင်း၊ တောင်ပြိုးပွဲတော်အပြင် ဈေးနှုန်းအပြောင်းအလဲကြောင့်လည်း ဈေးအေးနေခြင်းဖြစ်ကြောင်း၊ အ



www.foreverspace.com.mm



ကြီးစားဝယ်လက် (လက်ကား) သမားများ မရှိဘဲ လက်လီအနည်းငယ်သာရောင်းချနေရကြောင်း၊ နယ်မှလာသည့် ကြက်သွန်ကားစီးရေလည်း လျော့ကျနေကြောင်း၊ အများစုမှာ ယခင်သိုလှောင်ထားသည်များကိုသာ ရောင်းချနေကြကြောင်း၊ ဇူလိုင်လအတွင်း တစ်ပိဿာလျှင် ၉၀၀ ကျပ်၊ ၁,၀၀၀ ကျပ်မှ ယခုအခါ တစ်ပိဿာလျှင် ၇၅၀ ကျပ်၊ ၈၀၀ ကျပ်၊ အသေးတစ်ပိဿာလျှင် ၆၀၀ ကျပ်၊ အလတ် ၆၅၀ ကျပ်၊ လတ်ကြီး ၇၅၀ ကျပ်၊ ၈၀၀ ကျပ်နှင့် ရှယ် ၉၀၀ ကျပ်ရှိနေပြီး ဆက်လက်ကျဆင်းဖွယ်ရှိပြီး အသစ်ပေါ်ခါနီးလေ ဈေးပိုကျလေဖြစ်ကြောင်း၊ အထူးသဖြင့် လတ်တလောဖြစ်ပေါ်နေသော ဈေးကွက်အနေအထားကြောင့် ဈေးပိုမိုကျသွားနိုင်သည်ဟု အဆိုပါကြက်သွန်ပွဲရုံလုပ်ငန်းရှင်က မန္တလေးဈေးကွက်ကို သုံးသပ်သည်။

## ၂၀၀၆ နမူနာ

ပြည်တွင်းဈေးကွက်တွင် ဤကဲ့သို့ ကြက်သွန်ဈေး ခေါင်းခိုက်သွားခဲ့ခြင်းမျိုး ၂၀၀၆ ခုနှစ်ကလည်း တစ်ကြိမ်ကြုံခဲ့ရဖူးသည်။ ယင်းသို့ဈေးနှုန်းကြီးမြင့်သွားခြင်းမှာ အထွက်နှုန်းလျော့ကျပြီး ဈေးကွက်၌ ကြက်သွန်ပြတ်လပ်ခဲ့သောကြောင့်ဖြစ်သည်။ ကြက်သွန်အသစ်ပေါ်ရန် သုံးလ၊ လေးလခန့်လိုသေးသော အောက်တိုဘာလတွင် ပြည်တွင်းဈေးကွက်တစ်ခုလုံး၌ ပိဿာချိန်သိန်းတစ်ရာဝန်းကျင်သာကျန်တော့ခြင်းကြောင့် ပြည်တွင်းစားသုံးမှုအတွက် အမှန်တကယ်လိုအပ်၍သာ ဈေးတက်သွားခဲ့ကြောင်း၊ ယင်းသို့ ပြတ်လပ်ချိန်၌ အမြင့်မားဆုံးဈေးမှာ တစ်ပိဿာ ၆၀၀ ကျပ်၊ ၆၅၀ ကျပ်ဝန်းကျင်သာရှိခဲ့ကြောင်း၊ သို့သော် ယခုပြည်တွင်း၌ အလုံအလောက်ရှိနေခြင်းကို သိနေကြသော်လည်း ကုန်သည်အချို့က မသိချင်ယောင်ဆောင်ကာ ဈေးကစားခဲ့ကြကြောင်း မြန်မာနိုင်ငံကြက်သွန်နီလုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



၂၀၀၆ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာတွင် ကြက်သွန်လိုအပ်ချက်ရှိနေခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ နယ်စပ်လမ်းကြောင်းတစ်ခုဖြစ်သည့် တမူးမှ တန်ချိန်တစ်ရာကျော်တင်သွင်း၍ ပြည်တွင်း၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်၊ ယခုကာလသည် ဈေးနှုန်းပြောင်းလဲမှုဖြစ်ပေါ်ရန် လုံးဝမရှိကြောင်း ကြက်သွန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၀၆ ခုနှစ်အတွင်းက ကြက်သွန်ပြတ်လပ်နေခဲ့သည့်တိုင် ဈေးကွက်ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုနှစ်အလုံအလောက်ရှိနေချိန်တွင် ထိန်းသိမ်းရန်ပိုမိုလွယ်ကူသင့်ကြောင်းလည်း ၎င်းက ပြောဆိုသည်။ ဈေးကွက်လေ့လာသုံးသပ်သူတစ်ဦးကမူ ဈေးနှုန်းကမောက်ကမဖြစ်



www.foreverspace.com.mm

ခြင်းသည် ပြတ်လပ်ခြင်းနှင့် အလုံးစုံမသက်ဆိုင်ဘဲ လှောင်သူရောင်းသူကုန်သည်များ၏ ဈေးကွက်ဆိုင်ရာ နားမလည်မှုအပေါ်တွင် များစွာမူတည်ကြောင်း၊ ဈေးကွက်သဘောတရားနားလည်ပါက မတော်လောဘမတက်ဘဲ ပုံမှန်အနေအထားဖြင့် အလုပ်ဖြစ်အောင် ဆောင်ရွက်သွားနိုင်ကြောင်း ကောက်ချက်ဆွဲပြသည်။

## ထုတ်လုပ်မှုကုန်ကျစရိတ်

မြန်မာနိုင်ငံတွင် ကြက်သွန်နီကို မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ ဈေးကွက်များသို့ ရန်ကုန်မြို့တော်အခြေစိုက် ဘုရင့်နောင်ဈေး၊ မန္တလေးဈေးပွဲရုံများ၊ မုံရွာပွဲရုံ၊ မြင်းခြံနှင့် ပခုက္ကူပွဲရုံတို့မှတစ်ဆင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် တိုင်းသုံးတိုင်းသာ အဓိကထုတ်လုပ်သော်လည်း အခြားသောပြည်နယ်နှင့်တိုင်းတို့တွင်လည်း ဈေးနှုန်းမှာသိသိသာသာကွာဟမှုမရှိဟု ကုန်သည်အချို့၏အဆိုအရ သိရသည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် စီးပွားဖြစ်မစိုက်ပျိုးသော်လည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးထုတ်လုပ်မှုအချို့ ရှိကြသည်။

"ကြက်သွန်ဈေးမတည်ငြိမ်တာက ထုတ်လုပ်တဲ့နည်းစနစ်မမှန်တာလည်း တစ်ချက်ပါတယ်" ဟု လယ်ယာစီးပွားပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ တစ်နှစ်လျှင် တစ်နိုင်ငံလုံး စားသုံးမှုမည်မျှလိုအပ်မည်၊ သို့ဖြစ်၍ မည်မျှထုတ်လုပ်မည်၊ Export အတွက် မည်မျှထုတ်လုပ်မည်၊ ထို့ကြောင့် ဧကမည်မျှထိ စိုက်ပျိုးထုတ်လုပ်မည် စသည်တို့ကို စနစ်တကျတွက်ချက်ဆောင်ရွက်ထားပါက ကြီးမားသောပြဿနာ၊ ဆုံးရှုံးမှုမျိုးမရှိနိုင်ကြောင်း၊ အလားတူ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက်လည်း လိုအပ်သောအရင်းအနှီး၊ နည်းပညာအထောက်အကူ၊ မှန်ကန်သောစိုက်ပျိုးမှုနည်းစနစ် စသည်တို့ကို အလုံအလောက်ပေးထားသင့်ကြောင်း၊ ထုတ်လုပ်သူသည် အဓိကအကျဆုံးဖြစ်၍ ၎င်းအား ပံ့ပိုးကူညီမှု အပြည့်အဝပေးမှသာ ဖြစ်လာမည့်နောက်ဆက်တွဲရလဒ်များ ကောင်းမွန်မည်ဟုလည်း ၎င်းက သုံးသပ်သည်။

မြန်မာတစ်နိုင်ငံလုံး၏ လစဉ်စားသုံးမှုမှာ ကြက်သွန်နီပိဿာချိန် သိန်း ၅၀ ဝန်းကျင်ဖြစ်၍ တစ်နှစ်အတွက်ဆိုပါက ပိဿာချိန် သိန်း ၆၀၀ လိုအပ်မည်ဖြစ်သည်။ ကြက်သွန်နီအထွက်နှုန်းမှာ တစ်ဧကလျှင် ခန့်မှန်းခြေပျမ်းမျှ ၂,၂၀၀ ပိဿာနှင့် ၃,၀၀၀ ပိဿာကြားရှိ၍ တစ်နိုင်ငံလုံးစားသုံးမှုဖူလုံရေးအတွက် ဧကသောင်းချီ သိန်းချီစိုက်ပျိုးရမည်ဖြစ်သည်။ ယင်းစိုက်ပျိုးထုတ်လုပ်မှုများအတွက် အချို့သောတောင်သူများမှာ လုံလောက်သောအရင်းအနှီးမရှိ၍ အရှုံးနှင့်သာနပန်းလုံးနေကြရကြောင်း ရေဦးမြို့နယ် မန်ကျည်းတောရွာမှ ကြက်သွန်စိုက်ပျိုးသူတစ်ဦးက ပြောကြားသည်။ လိုအပ်ချက်များအနက် ဓာတ်မြေဩဇာမှာ



www.foreverspace.com.mm





အဓိကအကျဆုံးဖြစ်သည်ဟု ယင်းတောင်သူကဆိုသည်။ ဓာတ်မြေဩဇာသီးသန့်အတွက် တစ်ဧကလျှင် ကျပ်ခုနစ်သောင်းကျော်ကုန်ကျပြီး မျိုးတစ်ပြည်လျှင် ၃၅,၀၀၀ ကျပ်၊ နေ့စားတစ်ဦးလျှင် ၁,၅၀၀ ကျပ်ပေးရကြောင်းလည်း ၎င်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံကြက်သွန်နီလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသော ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ တစ်ပိဿာလျှင် ပျမ်းမျှအားဖြင့် မန္တလေးတိုင်းတွင် ၁၄၀ ကျပ်၊ မကွေးတိုင်းတွင် ၁၅၃ ကျပ်၊ စစ်ကိုင်းတိုင်းတွင် ၁၆၃ ကျပ် ကုန်ကျကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုဧကကို ပျမ်းမျှအားဖြင့်သတ်မှတ်ထားသင့်ပြီး စိုက်ဧက လွန်စွာစိုက်ပျိုးခြင်း၊ စိုက်ဧကလွန်စွာလျော့နည်းခြင်းမဖြစ်စေဘဲ မူတစ်ခုထား၍ နှစ်စဉ်ပုံမှန်စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း၊ သို့မှသာ လိုအပ်ချက်မြင့်မားမှု၊ ပိုလျှံမှုမြင့်မားခြင်းတို့မှ ကာကွယ်နိုင်မည်ဖြစ်ပြီး ဝင်ငွေလည်းပုံမှန်လည်ပတ်စီးဆင်းနိုင်မည်ဟု ဈေးကွက်ကျွမ်းကျင်သူအချို့က သုံးသပ်ကြသည်။

## ကျွမ်းကျင်သူတို့၏အမြင်

နှစ်ချီ၍တည်ငြိမ်နေခဲ့သော ဈေးနှုန်းသည် ရုတ်တရက်မြင့်တက်သွားခြင်းနှင့်ပတ်သက်၍ ဈေးကွက်ကျွမ်းကျင်သူ စီးပွားရေးပညာရှင်တို့က ထင်ကြေးအမျိုးမျိုးပေး၍ သုံးသပ်ကြသည်။ မြန်မာကြက်သွန်အဓိကဝယ်ယူသူ ထိုင်းနိုင်ငံသည် ကမ္ဘာ့စီးပွားကျကပ်၌ အထိုက်အလျောက်ခံခဲ့ပြီး မကြာသေးခင်သောလအနည်းငယ်တွင် စီးပွားရေးအနည်းငယ် ပြန်တက်လာကြောင်း၊ သို့ဖြစ်၍ ထိုင်းနိုင်ငံသည် သူ့ပြည်တွင်းလိုအပ်ချက်များကို မြန်မြန်ဆန်ဆန်ဖြည့်ဆည်းရန် ကြိုးစားနေကြောင်း၊ မြန်မာပြည်ထွက် အခြားသောထွက်ကုန်အချို့ကိုလည်း လက်ဦးဝယ်ယူရန် ကြိုးပမ်းနေကြောင်း၊ ပြည်တွင်းမှ Export လုပ်သူများအနေဖြင့် ယင်းအချက်ကို သဘောပေါက်ပြီး မိမိတို့၏ပို့ကုန်ကို ပုံမှန်ထား၍တင်ပို့ရန်လိုသည်ဟု သူကဆိုသည်။

ထို့အတူ မြန်မာကုန်သည်များအနေဖြင့် နိုင်ငံတကာစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်စုဆောင်းမှုအားနည်းသည့်အပြင် ပြည်တွင်းကုန်သည်များအကြား သတင်းအချက်အလက်စုဆောင်းမှုမှာလည်း အားနည်းနေသည်ကို တွေ့ရသည်။ ယင်းသို့ သတင်းစုဆောင်းမှု အနည်းငယ်ရှိနေလင့်ကစား ပြည့်စုံလုံလောက်မှုမရှိကြပေ။ စီးပွားရေးဆိုင်ရာပညာရပ်မှီးမှု၊ ပညာပေးမှုအပိုင်းတွင်လည်း အားနည်းနေလျက်ရှိကြသည်။ ဝယ်သူရှိလျှင် ရောင်းရန်သာ စဉ်းစားနေပါက မြန်မာ့စီးပွားရေးဈေးကွက်ကြီးတစ်ခုလုံးသည် မုန့်လုံးစက္ကူကပ်ဘဝဖြင့်ပင် သံသရာလည်နေဦးမည် ဖြစ်သည်။


ထုတ်လုပ်မှုကိုလည်း ထိန်းညှိရန်လိုပြီး နှစ်စဉ်စိုက်ပျိုးမှုအား တက်လိုက်၊ ကျလိုက်မဖြစ်စေရေးသည် အလွန်အရေးကြီးသည်။ အပေါ်ဆုံးမှနေ၍ ဈေးကွက်ကြီးကြပ်နေသူနှင့် ကုန်သည်များအကြား၊ ကုန်သည်များနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအကြား အပြန်အလှန်ဆက်စပ်ဆက်သွယ်မှု အမြဲတမ်းရှိနေရန် လိုအပ်ပြီး ပွင့်လင်းမြင်သာသော ကူညီထောက်ပံ့မှုသည်လည်း အရေးပါပါသည်။ ဈေးကွက်လက်ဝါးကြီးအုပ်ခြင်းနှင့် အမြတ်ကြီးစားခေါင်းပုံဖြတ်ခြင်းတို့သည် လတ်တလောသာ တည်မည်ဖြစ်ပြီး ရေရှည်စီးပွားဖြစ်လိုပါက မျှတသောစိတ်ဓာတ်၊ နိုင်ငံတကာစီးပွားရေးအမြင်ရှိရန်လိုပေသည်။ ထို့အတူ ပြည်တွင်းဈေးကွက်ကြီးတစ်ခုလုံးသည် အနည်းငယ်သောလူတစ်စုအပေါ်တွင်သာ မူတည်နေပါက စီးပွားရေးဈေးကွက် မပြောနိုင်ပါ။ ဈေးကွက်စီးပွားရေးဟု ခေါ်ဆိုကျင့်သုံးမည်ဟု ခေါင်းစဉ်တပ်ထားသကဲ့သို့ မြန်မာ့စီးပွားရေးနယ်ပယ်တစ်ခုလုံးတိုးတက်ရန်မှာ Free Market ဖြစ်ရေးသို့သာ ရှေးရှူဦးတည်သွားရန်ပင်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ဘောဂဗေဒအခြေခံသီအိုရီများကိုကိုးကား၍ သုံးသပ်သည်။

**ခင်ဌေးကြွယ်**

■

www.foreverspace.com.mm





# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင်ကုန်စည်ဈေးကွက်

ဇူလိုင်လတစ်လလုံး မိုးဆက်တိုက်ရွာနေချိန်တွင် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းရှိ လယ်ယာထွက်ကုန်သီးနှံမျိုးစုံအရောင်းအဝယ်သည် သိသိသာသာအေးနေခဲ့ကြောင်း အဆိုပါသီးနှံပွဲရုံလုပ်ငန်းရှင်များက တညီတညွတ်တည်း ပြောကြားကြသည်။

ဆန်ဈေးကွက်သည် အထက်အညာမှ ဆန်များဝင်ရောက်လာခြင်းကြောင့် ဈေးကွက်ပျက်သကဲ့သို့ ဖြစ်နေချိန်တွင် ကြက်သွန်နီဈေးနှုန်းမှာ ရက်ပိုင်းအတွင်း ထက်

www.foreverspace.com.mm





ဝက်ခန့်ခုန်တက်သွားသဖြင့် ပုံနှိပ်သတင်းမီဒီယာများနှင့်ပင် တွေ့ဆုံဆွေးနွေးခဲ့ရကြောင်း၊ ကုန်စည်ရှားပြီး သယ်ယူပို့ဆောင်သည့် ကုန်တင်ယာဉ်က များနေကြောင်း အဆိုပါကုန်စည်များအရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းရှင်များထံမှ သိရသည်။

ယခုလ၏ ထူးခြားချက်မှာ စခန်းအကျိုးဆောင်အဖွဲ့သစ်ရွေးချယ်ခဲ့ပြီး ယင်းအဖွဲ့သည် စခန်းလုံခြုံရေးကို ဦးစားပေးလုပ်ဆောင်နေရာ ညအချိန်တွင်သာမက နေ့အချိန်တွင်ပါ အပြာရောင်ဝတ်စုံဝတ်လုံခြုံရေးများချထားသည့်မြင်ကွင်းကို တွေ့ရှိရခြင်းပင် ဖြစ်သည်။

## အောက်ကိုစုန်တဲ့ ဆန်

နှစ်စဉ်နှစ်တိုင်း ဘုရင့်နောင်ဆန်ပွဲရုံများမှ ဆန်များကို အထက်အညာသို့ တင်ပို့ရောင်းချသည့်အစဉ်အလာပျက်သွားသဖြင့် ဆန်ဈေးကွက်သည် ခြောက်လခန့်နှင့် စောစောစီးစီးသိမ်းသွားကြောင်း၊ နယ်စပ်ကုန်သွယ်ရေးမှလည်း ထင်သလောက်မဆွဲသဖြင့် မိုးရာသီ၌ပင် ဆန်မျိုးစုံဈေးကျလာကြောင်း၊ အောက်တိုဘာလတွင် သန်လျင်၊ သုံးခွ၊ ကျောက်တန်းမှ ဆန်သစ်များပေါ်လာချိန်၌ ဆန်ဈေးသည် အတက်မရှိဘဲ အကျသာရှိတော့မည်ဖြစ်ကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အထက်အညာစစ်ကိုင်းတိုင်း၊ ရွှေဘို၊ ရေဦးမှဆန်များ၊ မန္တလေးစဉ့်ကိုင်မှ ဆန်များနှင့် မကွေးတိုင်း ဆင်ဖြူကျွန်းမှ ဆန်များ ဘုရင့်နောင်ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသဖြင့် ဆန်ဈေးကွက်ပြောင်းပြန်ဖြစ်သွားကြောင်း၊ ဈေးတက်မည်ဟု ခန့်မှန်းထားသောဆန်ချောနှင့် ဆန်ကြမ်းနှစ်မျိုးစလုံးဈေးကျလာရာ ရန်ကုန်ဆန်ဒိုင်တွင် ဝယ်သည့်ဈေးနှင့် ပြန်ရောင်း၍မရသည့်အနေအထားမျိုးဖြစ်လာကြောင်း စိန်ပန်းလမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ရွှေဘိုဆန်ကြမ်း ၁၀၈ ပေါင် တစ်အိတ် ၁၃,၀၀၀ ကျပ်ဝန်းကျင်၊ မန္တလေးဆန် ၁၄,၂၀၀ ကျပ်ကျော်ခန့်၊ မြစ်ဝကျွန်းပေါ်ပေါ်ဆန်တစ်အိတ် ၁၆,၀၀၀ ကျပ်ခန့်၊ မြောင်းမြ ပေါ်ဆန်းမွှေးတစ်အိတ် ၂၇,၅၀၀ မှ ၂၈,၅၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်းမွှေး ၃၀,၀၀၀ ကျပ်၊ ဝါးခယ်မပေါ်ဆန်မွှေး ၂၄,၀၀၀ ကျပ်မှ ၂၅,၀၀၀ ကျပ်ခန့်နှင့် ဩဂုတ်လဆန်းရက်အတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မြဝတီနယ်စပ်မှ ဆန်ကုန်သည်များအနေဖြင့် ဘတ်ငွေတန်ဖိုးတက်သဖြင့် မြန်မာ့ဆန်များ ဝယ်လိုသော်လည်း ရာသီဥတုကြောင့် လမ်းပြိုသဖြင့် ဆန်အဝယ်တုံ့ဆိုင်းခဲ့ကြောင်း၊ အကျိုးဆက်အနေဖြင့် ဆန်ကြမ်းရော ဆန်ချောပါဈေးကျလာကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

## ပြည်ပကတင်သွင်းမယ့် ကြက်သွန်နီ

စားဖိုဆောင်သီးနှံ ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းသည် တစ်ပတ်အတွင်း နှစ်ဆကျော်ခုန်တက်ခဲ့ပြီး လှောင်ထားသည့် ကြက်သွန်နီများ ဈေးကွက်သို့ရောက်လာရန် ရည်ရွယ်၍ ဈေးသက်သာသောအိန္ဒိယမှ ကြက်သွန်နီများ တင်သွင်းရန် ကုန်သည်အချို့က စီစဉ်နေကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

လွန်ခဲ့သောသုံးနှစ် ၂၀၀၆ ခုနှစ်တွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၂၀၀၀ ကျော်ဈေးနှုန်းအထိရောက်ခဲ့ပြီးနောက် အိန္ဒိယကြက်သွန်နီများ တင်သွင်းခဲ့ပြီး ကြက်သွန်နီဈေးနှုန်းကျဆင်းစေရန် လုပ်ဆောင်ခဲ့ဖူးကြောင်း၊ ယခုအချိန်၌ တောင်သူများလက်ထဲတွင် ကြက်သွန်နီမရှိတော့ဘဲ နယ်ကုန်သည်များလက်ထဲတွင်သာ ကြက်သွန်နီရှိနေကြောင်း၊ ပြီးခဲ့သည့်နှစ်များက ကြက်



www.foreverspace.com.mm

သွန်နီဈေးကျသဖြင့် တောင်သူများ လုပ်အားရှုံးပြီး ကုန်များလည်း သိသိသာသာ အရှုံးပေါ်ခဲ့ရာက ယခုနှစ်တွင်မှ ဈေးကောင်းပြန်ရခြင်းဖြစ်ကြောင်း ခတ္တာလမ်းမှ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

နယ်မှကုန်သည်များသည် သက်ဆိုင်ရာက ခေါ်ယူညှိနှိုင်းခြင်းနှင့် စားဖိုဆောင်သီးနှံလုပ်ငန်းရှင်များ သတင်းစာရှင်းလင်းပွဲများလုပ်ပြီးနောက် ကြက်သွန်နီကို ထိန်းပို့နေကြောင်း၊ ဘုရင့်နောင်သို့ ကြက်သွန်ကား ၁၀ စီးနေ့စဉ်ပုံမှန်ဝင်ရောက်ကြောင်း၊ ဇူလိုင်လ ၄ ရက်နေ့ ဆိတ်ဖြူကြက်သွန်နီတစ်ပိဿာ ကျပ် ၈၀၀ ကျော်မှ ဇူလိုင်လ ၈ ရက်တွင် ၉၂၅ ကျပ်၊ ၁၃ ရက်နေ့တွင် ၁,၂၅၀ ကျော်အထိ မြင့်တက်ခဲ့ကြောင်း၊ ပုံနှိပ်သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပြီးနောက် ဇူလိုင်လ ၁၇ ရက်နေ့တွင် ၉၇၅ ကျပ်၊ ဩဂုတ် ၁ ရက်နေ့တွင် ထိပ်စတစ်ပိဿာ ၉၈၅ ကျပ် ပြန်တက်လာသဖြင့် အတက်အကျခန့်မှန်းရန် ခက်ခဲနေကြောင်း စိန်ပန်းလမ်းမှ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် အနိမ့်စတစ်ပိဿာလျှင် ၇၀၀၊ ၇၁၅၊ ၈၄၀၊ ၈၈၅၊ ၉၈၅ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

## ကျောက်ဆည်ငရုတ်သစ်ပေါ်

ဘုရင့်နောင်စားဖိုဆောင်သီးနှံဈေးကွက်သို့ ကျောက်ဆည်ငရုတ်သစ်များ ဝင်ရောက်လာသည်ကို တွေ့မြင်ရသည်။

ယခုနှစ်တွင် ရာသီဥတုကြောင့် ငရုတ်အထွက်နည်းသော်လည်း ဝယ်လိုအားမရှိသဖြင့် ဈေးနှုန်းများကျဆင်းနေကြောင်း၊ အထူးသဖြင့် ငရုတ်သီးအပုများ အရှည်လောက် ထွက်နှုန်းမကောင်းသော်လည်း နယ်ကဝင်လာသည့်ငရုတ်ကို ကုန်အောင်မရောင်းနိုင်ကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မိုးထောင်ငရုတ်မှာ ဇွန်လ ၂ ရက်နေ့က တစ်ပိဿာ ၂၉၅၁ မှ ၂၉၇၅ ကျပ်ရှိခဲ့ရာမှ ဇူလိုင်လ ၂၇ ရက်နေ့တွင် တစ်ပိဿာ ၂၄၀၀ မှ ၂၄၅၀ ကျပ်သို့ ကျဆင်းလာပြီး ဩဂုတ်လ ၁ ရက်နေ့တွင် ၂၂၅၀ မှ ၂၃၀၀ ကျပ်ခန့်အထိ ကျဆင်းလာကြောင်း၊ စိမ်းငရုတ်ပုမှာလည်း ၄၈၀၀၊ ၄၉၀၀ ကျပ်မှ ၃၁၀၀၊ ၃၂၀၀ ကျပ်အထိ ကျဆင်းလာပြီး ဩဂုတ်လ ၁ ရက်နေ့တွင် ၂၉၀၀၊ ၃၀၀၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ ငရုတ်အဝင်မှာ နေ့စဉ်ပျမ်းမျှ အိတ် ၈၀၀ နှင့် ၁၀၀၀ ကြားရှိကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

မြစ်ဝကျွန်းပေါ် ဝါးခယ်မငရုတ်မှာ တစ်ပိဿာ ၂၈၀၀ ကျပ်ခန့်တွင် ဈေးတန့်နေကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်သူတစ်ဦးက ပြောကြားသည်။



## ကြက်သွန်ဖြူဈေး ပြန်ကျ

မိုးဆက်တိုက်ရွာသွန်းနေသဖြင့် ကြက်သွန်ဖြူအရောင်းအဝယ်အေးပြီး ဈေးပြန်ကျလာကြောင်း၊ ပြီးခဲ့သည့် ၂ နှစ်ခန့်က တောင်သူများအရှုံးပေါ်ပြီး အကြွေးတင်နေစဉ် ဈေးကောင်းရမည်ဟု မျှော်လင့်ထားချိန်၌ ဈေးကျလာခြင်းဖြစ်သည်ဟု စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ရှမ်းကြက်သွန်ဖြူ ထူးတစ်ပိဿာ ၁၉၀၀ ကျပ်၊ ထူးထူးတစ်ပိဿာ ၂၄၀၀ ကျပ်၊ ထူးထူးထူး (ထူးသုံးလုံး) ၂၇၀၀ ကျပ်စီရှိရာမှ ဩဂုတ်လ ၁ ရက်နေ့တွင် ထူး(ထူးတစ်လုံး) ၁၇၅၀ ကျပ်၊ ထူးထူး (ထူးနှစ်လုံး) ၁၉၅၀ ကျပ်၊ ထူးထူးထူး (ထူးသုံးလုံး) ၂၂၅၀ ကျပ်၊ ကြူကုတ်ကြက်သွန်ဖြူသည်လည်း တစ်ပိဿာ ၂၁၅၀ မှ ၁၅၀၀၊ ၁၆၀၀ ကျပ်သို့ ကျဆင်းလျက်ရှိကြောင်း ကုန်စည်ဒိုင်အရောင်းအဝယ်စာရင်းများအရ သိရသည်။

## ဟဲဟိုးအာလူး ရာသီသိမ်း

ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမှ အာလူးများ ရာသီသိမ်းသွားပြီး အောင်ပန်းမှ အာလူးအနီသီးများ စတင်ဝင်ရောက်နေကြောင်း၊ ရာသီဥတုစိုစွတ်ပြီး အာလူးအသစ်များ အစိုဓာတ်များသဖြင့် အရောင်းဝယ်အေးနေခဲ့ကြောင်း၊ အောင်ပန်းအာလူးသည့် ဟဲဟိုးအာလူးထက်ဈေးချိုကြောင်း၊ ပထမပိုင်း အာလူးကား ၁၀ စီး၊ ၁၃ စီးခန့်

www.foreverspace.com.mm

ပုံမှန်ဝင်ရောက်ပြီးနောက်ပိုင်းတွင် ရှစ်စီး၊ ကိုးစီးလောက်သာဝင်ရောက်တော့ကြောင်း၊ အာလူး တစ်ပိဿာ ၂၈၀၊ ၃၇၀၊ ၄၄၀၊ ၄၆၀၊ ၄၈၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## မတ်ပဲ အဝယ်လိုက်

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ အဓိကပဲသုံးမျိုးအနက် မတ်ပဲတစ်မျိုးသာ အရောင်းအဝယ်ကောင်းကြောင်း၊ မြန်မာအဓိကပဲဝယ်လက်အိန္ဒိယနိုင်ငံတွင် ရာသီဥတုဆိုးရွားမှုကြောင့် ပဲအထွက် ဆုတ်ယုတ်ခဲ့သဖြင့် ပဲဝယ်လိုအားကောင်းနေကြောင်း၊ ပဲသစ်ပေါ်ချိန်အထိ ပဲဈေးကောင်းနေနိုင်ကြောင်း ပြည်ပသို့ ပဲတင်ပို့ရောင်းချနေသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ဇူလိုင်လ ၁၅ ရက်နေ့က မတ်ပဲ Raw တစ်အိတ် ၈၄,၀၀၀ ကျပ်နှင့် တန် ၁၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် RC တစ်တန်လျှင် ၈၄၅,၀၀၀ မှ ၈၄၅,၇၀၀၊ ၈၅၅,၀၀၀၊ ၈၅၀,၀၀၀ ကျပ် ပေါက်ဈေးအသီးသီးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ SQRC တစ်တန် ၉၄၂,၀၀၀ မှ ၉၅၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းအတက်အကျဖြစ်နေခဲ့ကြောင်း၊ ဩဂုတ်လ ၁ ရက်နေ့က တစ်တန် ၇၄,၇၀၀ ကျပ်ဖြင့် တန် ၁၀၀၊ RC တစ်တန် ၇၆၂,၀၀၀၊ ၇၆၃,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ ၇၆၅,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာအလုံး ၃၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး SQRC မှာ ကျပ်ရှစ်သိန်းလေးသောင်းနှင့် ကွန်တိန်နာအလုံး ၆၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

ပဲစင်းငုံ RC တစ်တန် ကျပ် ၁၂ သိန်းကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းခန့်မှန်းရခက်နေကြောင်း၊ ပဲတီစိမ်း ခရမ်းရွှေဝါ တစ်အိတ် ၈၈,၀၀၀ ကျပ်နှင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်နေသူတစ်ဦးက ပြောကြားသည်။

## ပဲဆီဈေးအေးဆဲ

နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်သွင်းလာသောစားအုန်းဆီအချို့ကို စားသုံးရန်မသင့်ကြောင်း သက်ဆိုင်ရာက ကြေညာခဲ့သော်လည်း ပဲဆီအရောင်းအဝယ်တက်မလာကြောင်း၊ အထူးသဖြင့် အသင့်ထုပ်ပိုး ဘူးသွတ်ထားသည့်ပဲဆီများသည် စားသုံးသူအချို့သာရှိသဖြင့် ဝယ်လိုအားမရှိဘဲ အရောင်းအဝယ်အေးနေကြောင်း ငုဝါလမ်းမှ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

လက်ရှိ ပဲဆီတစ်ပိဿာ ၂၈၀၀ မှ ၃၀၀၀ ကျပ်ကြားရှိရာတွင် ဆီကြိတ်ကုန်ကြမ်း မြေပဲဆန် တစ်ပိဿာ ၁၂၀၀ ကျပ်ကျော်ရှိပြီး ပဲဆီတစ်ပိဿာလျှင် အရင်း ၂၅၀၀ ကျပ်ကျော်ရှိသဖြင့် ယင်းဈေးနှုန်းနှင့် မရောင်းနိုင်ကြောင်း ၎င်းကရှင်းပြသည်။

စားအုန်းဆီကိုယ်စားလှယ်များ၏ ဘုရင့်နောင်ဈေးမှာ တစ်ပိဿာလျှင် ၆၀ ကျပ်ခန့်ကျလာသော်လည်း ပြင်ပပေါက်ဈေးမှာ တစ်ပိဿာလျှင် ၂၀၀ ကျပ်ကျော်ခန့်တက်သွားခဲ့ကြောင်း စိန်ပန်းလမ်းမှ စားအုန်းဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပြင်ပလက်ငင်းဈေးသည် ဇူလိုင်လ ၁၇ ရက်နေ့တွင် တစ်ပိဿာ ၁၅၂၀ ကျပ်မှ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်နေ့တွင် ၁၉၂၀ ကျပ်အထိ တက်သွားခဲ့ကြောင်း၊ ဇူလိုင် ၇ ရက်နေ့က ဘုရင့်နောင်ဈေး တစ်ပိဿာ ၁,၆၈၀ ကျပ်မှ ဇူလိုင်လ ၁၃ ရက်နေ့တွင် ၁,၆၂၁ ကျပ်သို့ ဆင်းလာကြောင်းနှင့် ဆီအရောင်းအဝယ်အေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



www.foreverspace.com.mm



## ညောင်ပင်လေးပလာဇာ၏ ကမ်းနားလမ်းဘက်အခြမ်း လှေကားထစ်တစ်နေရာတွင် ကုန်တင်ကုန်ချလုပ်သားများ စုထိုင်နေကြသည့်အပြင် ခါတိုင်းကုန်ပစ္စည်းတင်ကားများ ပိတ်ဆို့နေသောနေရာများကား ရှင်းလင်းနေသည်။

### အချိုးမညီ တန်ဆာခ

အဝေးပြေးကုန်တင်ယာဉ်များ၏ တန်ဆာခများသည် အချိုးမညီကြောင်းနှင့် ကုန်ပစ္စည်းရှားသဖြင့် ကားများအလှည့်ကျစောင့်ပြီး ကုန်တင်ရကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

မန္တလေး–ရန်ကုန်တန်ဆာခများ ကျဆင်းနေပြီး ရန်ကုန်–မန္တလေးတန်ဆာခမှာမူ ဈေးမြင့်နေကြောင်း၊ တောင်ကြီး–ရန်ကုန်အဆင်း တန်ဆာခမှာ ပုံမှန်ဖြစ်သော်လည်း ရန်ကုန်–တောင်ကြီးအတက် တန်ဆာခမှာ မြင့်တက်နေကြောင်း၊ ပုသိမ်– ရန်ကုန်တန်ဆာခမှာ မြင့်တက်နေသော်လည်း ရန်ကုန်–ပုသိမ်တန်ဆာခမှာ အပြောင်းအလဲမရှိကြောင်း ဘုရင့်နောင် အခြေစိုက်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။

မန္တလေး–ရန်ကုန်အောက်ခံကုန်တစ်ပိဿာ ၃၀၊ ၃၁ ကျပ်၊ ရန်ကုန်–မန္တလေး အောက်ခံကုန်တစ်ပိဿာ ၂၄ ကျပ်၊ တောင်ကြီး–ရန်ကုန်တစ်ပိဿာ ၃၀၊ ၃၅ ကျပ်၊ ရန်ကုန်မှ တောင်ကြီး ဆန်တစ်အိတ် ၇၅၀ ကျပ်မှ ၁၀၀၀ ကျပ်သို့ ပြောင်းလဲခဲ့သည်။ ပုသိမ်–ရန်ကုန်ဆန်တစ်အိတ်ကို မေလတွင် ၃၂၀ မှ ၄၀၀ ကျပ်သို့ မြင့်တက်ခဲ့ပြီး ဇွန်လအတွင်း ၆၀၀၊ ၆၅၀ ကျပ်၊ ဇူလိုင်လအတွင်း ၄၅၀ ကျပ်သို့ ပြန်ဆင်း၍ ဩဂုတ်လတွင် ၂၅၀ ကျပ်ခန့်ရှိကြောင်း၊ ရန်ကုန်–ပုသိမ်ကားများ ညအိပ်ပြီး ကုန်တင်ရကြောင်းနှင့် ရန်ကုန်–ပုသိမ်မြေဩဇာတစ်အိတ် ၄၀၀ ကျပ်ခန့်ရှိကြောင်း သက်ဆိုင်ရာကုန်ကားဂိတ်များထံမှ သိရှိရသည်။ လက်ရှိဒီဇယ်ဈေးမှာ တစ်ပီပါလျှင် ကျပ် ၁၂၈,၀၀၀ ရှိပြီး ဇူလိုင်လ ၁၆ ရက်နေ့က ကျပ် ၁၂၁,၀၀၀ ခန့်ရှိရာမှ ပြောင်းလဲလာခြင်းဖြစ်သည်။

### ညောင်ပင်လေးပလာဇာဈေးကွက်

ပုံမှန်အားဖြင့် ဈေးဝယ်သူများစွာဖြင့် ပျားပန်းခပ်ရှုပ်ထွေးကာ ကားကြီး၊ ကားငယ်များပေါ်သို့ ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေသော ကုန်တင်ကုန်ချအလုပ်သမားများ မနားမနေလှုပ်ရှားနေလေ့ရှိသည့် ညောင်ပင်လေးပလာဇာ၏ နံနက် ၁၁ နာရီဝန်းကျင်အချိန်သည် ယခု ဩဂုတ်လဆန်းပိုင်း ၆ ရက်နေ့တွင်မူ ယခင်နှင့်မတူဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေပါသည်။ ညောင်ပင်လေးပလာဇာ၏ ကမ်းနားလမ်းဘက်အခြမ်း လှေကားထစ်တစ်နေရာတွင် ကုန်တင်ကုန်ချလုပ်သားများ စုထိုင်နေကြသည့်အပြင် ခါတိုင်းကုန်ပစ္စည်းတင်ကားများ ပိတ်ဆို့နေသောနေရာများကား ရှင်းလင်းနေသည်။

ဇွန်လနှင့် ဇူလိုင်လမှစ၍ ယခုကဲ့သို့ အရောင်းအဝယ်ပါးလာခဲ့သည်ဟု အဆိုပါပလာဇာအတွင်း ရောင်းဝယ်ဖောက်ကားနေသူများက ဆိုကြသည်။ ယင်းဈေးကြီး၏ အဓိကရောင်းချရသောရက်များမှာ တနင်္လာနှင့် စနေနေ့တို့ဖြစ်ပြီး ယခုလတ်တလောတွင်မူ အဆိုပါရက်များ၌ပင် ဝယ်သူအလာနည်းလျက်ရှိနေကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

“မိုးဦးကျကာလတွေဖြစ်တဲ့ ခြောက်လပိုင်းနဲ့ ခုနစ်လပိုင်းတွေမှာ အရောင်းကပုံမှန်ကျဆင်းလေ့ရှိတယ်။ ရှစ်လပိုင်းဝါဝင်ပြီဆိုတာနဲ့ ရောင်းအားပြန်တက်လာတတ်တဲ့အလေ့အထရှိပေမယ့် အခုဝါဝင်သွားပြီးတဲ့ လတ်တလောမှာတော့ ရောင်းအားကဆက်ကျနေတုန်းပဲ” ဟု ညောင်ပင်လေးပလာဇာရှိ စားသောက်ကုန်လက်လီလက်ကားဖြန့်ဖြူးသူတစ်ဦးက ဆိုသည်။

မိုးရာသီဖြစ်ခြင်းကြောင့် ပစ္စည်းသယ်ယူပို့ဆောင်သည့် လမ်းပန်းဆက်သွယ်ရေးပိုင်းတွင် အခက်အခဲအချို့ရှိနေပြီး



www.foreverspace.com.mm



ငွေကြေးဈေးနှုန်းလည်း မာနေသဖြင့် ပစ္စည်းအနည်းငယ်ဝယ်ယူထားမိပါက လည်း ယင်းတို့မှာ သုံးလေးရက်ခန့်ကြာပါက ဈေးပြန်ပြုတ်ကျပြီး မူလဈေးသို့သာ ပြန်လည်ရောက်ရှိသွားတတ်ကြောင်း လတ်တလော ဈေးကွက်အနေအထားကို ပြည်ပမှအချိုရည်များ မှာယူတင်သွင်းသူတစ်ဦးက ပြောပြသည်။

## အရောင်းကျ ငါးသေတ္တာ၊ အသားဘူး


ရာသီချိန်ရောက်နေသော်လည်း ထူးခြားစွာအရောင်းကျဆင်းလျက်ရှိသည်မှာ ငါးသေတ္တာဈေးကွက်ဖြစ်ကြောင်း ညောင်ပင်လေးပလာဇာပထမထပ်ရှိ ငါးသေတ္တာ အပါအဝင် အခြားစားသောက်ကုန်များပါ ရောင်းချသည့် လက်လီလက်ကားအရောင်းဆိုင်ကြီးအချို့ထံမှ စုံစမ်းသိရှိရသည်။

ဝါတွင်းကာလသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အရောင်းသွက်လေ့ရှိသည့် ငါးသေတ္တာ၊ အသားဘူးဈေးကွက်မှာ ပြီးခဲ့သည့်နှစ်အထိ ဝါတွင်းအချိန်များတွင် ပုံမှန်အရောင်းသွက်၍ ရောင်းအားတက်ခဲ့သော်လည်း ယခုနှစ်ဝါတွင်းသို့ ဝင်ရောက်ချိန်မှ ဩဂုတ်လ ၆ ရက်နေ့ (ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့) ရောက်သည့်တိုင် သိသာစွာ အရောင်းကျဆင်းလျက်ရှိကြောင်း၊ ဝါဝင်ချိန်အတွက် အဆိုပါပစ္စည်းများဖြည့်တင်းထားသော်လည်း လက်ကျန်မလျော့သေးကြောင်း အရောင်းဆိုင်ရှင်တစ်ဦးက ရှင်းပြသည်။

ရာသီဥတုကြောင့် လမ်းပန်းဆက်သွယ်မှုအခက်အခဲနှင့် ငွေဈေးမာမှုများရှိနေသော်လည်း ပြည်ပမှဝင်ရောက်သည့် အဆိုပါငါးသေတ္တာနှင့် အသားဘူးတို့မှာ သိသာသည့်ဈေးနှုန်းလှုပ်ရှားမှုမရှိဘဲ တြိဂံအမှတ်တံဆိပ်ဘူးကြီးမှာ ပြီးခဲ့သည့်လက ၁၂၂၅ ကျပ်ရှိပြီး ယခု ဩဂုတ်လ ပထမပတ်တွင် ၁၂၀၀ ကျပ်၊ တြိဂံအမှတ်တံဆိပ်ဘူးသေးမှာ ၆၃၀ ကျပ်၊ Hi-Q မှာ ၆၀၀ ကျပ်၊ Family မှာ ၆၀၀ ကျပ်တို့ရှိနေပြီး ပြည်တွင်းငါးသေတ္တာဘူးဈေးကွက်တွင်လည်း ဈေးနှုန်းများ သိသာစွာ ပြောင်းလဲမှုမရှိသေးကြောင်း အဆိုပါစားသောက်ကုန်ရောင်းချသူတို့ထံမှ သိရှိရသည်။

## ၈၀၀ နားနီးလာတဲ့ သကြား

ယခုနှစ် ဧပြီလအတွင်းက အရှိန်နှင့်တက်သွားခဲ့သည့် သကြားဈေးနှုန်းသည် နယ်စပ်အဆွဲအနည်းငယ်ပြန်ကျသွားသဖြင့် သင်္ကြန်အပြီးတွင် ဈေးအနည်းငယ်ပြန်ကျလာခဲ့သည်။ ယင်းနောက်ပိုင်း သကြားဈေးကွက်တွင် သကြားဈေးနှုန်းများ သိသိသာသာကျဆင်းခြင်းမရှိဘဲ ကျပ် ၇၀၀ စွန်းစွန်းဝန်းကျင် ကျပ် ၁၀၊ ၂၀ အတိုးအဆုတ်ဖြင့်သာ သွားနေသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ဇွန်လအတွင်း ရန်ကုန်သကြားဈေးကွက်သို့ ဈေးနှုန်းမကိုက်၍ နယ်ဈေးကွက်



www.foreverspace.com.mm

မှ သကြားများ အဝင်မရှိသလောက် နည်းပါးနေခဲ့ရာမှ ယခုအခါ တစ်ပိဿာလျှင် ၂၀ မှ ၃၀ ကျပ် ပြန်တက်လာခဲ့သဖြင့် နယ်သကြားမှာ ယခင်လများကထက် နယ်အဝင်ပိုလာခဲ့ကြောင်း ဘုရင့်နောင်ရှိ ပွဲရုံအချို့ထံမှ သိရှိရသည်။

ပုံမှန်အားဖြင့်မူ ဩဂုတ်လအတွင်း သကြားဈေးပြန်ကောင်းလာနိုင်သည်ဟု ဘုရင့်နောင်ရှိ ကာလကြာ သကြားရောင်းဝယ်ရေးလုပ်ကိုင်ခဲ့သူ လုပ်ငန်းရှင်တစ်ဦးက ၎င်း၏အတွေ့အကြုံအရ သုံးသပ်ပြောကြားသည်။ ယခု ဩဂုတ်လဆန်းပိုင်းတွင် သကြားဈေးနှုန်းမှာ ထိပ်စ (Export စ) ၇၇၀ မှ ၇၈၀ ကျပ်၊ အလတ်စမှာ ၇၄၀ မှ ၇၅၀ ကျပ်၊ အောက်စမှာ ၆၃၀ မှ ၆၇၀ ကျပ် စသည်ဖြင့် အသီးသီးပေါက်ဈေးရှိနေကြောင်း ဘုရင့်နောင်ရှိ သကြားဈေးကွက်အတွင်းမှ သိရှိရသည်။

## ဆက်တိုက်ဈေးကျနေတဲ့ နို့ဆီ

အရောင်းဆက်တိုက်အေးနေသောရာသီစုံ စားကုန်နို့ဆီဈေးကွက်သည် ယခု ဩဂုတ်လဆန်းပိုင်းတွင် ယခင်လကထက် ဈေးနှုန်းများ အနည်းငယ် ထပ်၍ကျဆင်းသွားသည်ဟု ညောင်ပင်လေးပလာဇာ လက်လီလက်ကားဈေးကွက်အတွင်းမှ သိရှိရသည်။

ဩဂုတ်လ ၆ ရက်နေ့ ပေါက်ဈေးနှုန်းများအရ ပြည်ပမှ ဝင်ရောက်သည့် Dawn အမှတ်တံဆိပ်နို့ဆီမှာ ၆၄၀ ကျပ်၊ ယင်းအမှတ်တံဆိပ်နို့စိမ်းမှာ ၆၁၀ ကျပ်၊ OK တံဆိပ်မှာ ၆၃၀ ကျပ်၊ UK အမှတ်တံဆိပ်မှာ ၄၇၀ ကျပ်၊ One Tea မှာ ၅၆၀ ကျပ် စသည်ဖြင့် အသီးသီးရှိကြောင်း သိရသည်။

## ဈေးကွက်ပိုရလာတဲ့ ပရီမီယာကော်ဖီမစ်

လတ်တလောကျဆင်းလျက်ရှိသည့် ဈေးကွက်အတွင်း ယခင်နာမည်ကြီးအမှတ်တံဆိပ်ထုတ်ကုန်ကိုကျော်၍ ရောင်းအားမြင့်လာခဲ့သော ပရီမီယာကော်ဖီမစ်မှာ လက်ရှိဈေးကွက်အတွင်း တည်ငြိမ်မှုအရှိဆုံးဖြစ်ပြီး ရောင်းအားမြင့်မားနေကြောင်း ညောင်ပင်လေးပလာဇာရှိ ကော်ဖီမစ်လက်လီလက်ကားဖြန့်ဖြူးသူအချို့ထံမှ သိရှိရသည်။

ယခုအခါ ကော်ဖီမစ်ဈေးကွက်အတွင်း နာမည်ကြီးအမှတ်တံဆိပ်အချို့သည် ရောင်းအားမြှင့်တင်မှုပုံစံအမျိုးမျိုးကို တစ်ခုနှင့်တစ်ခု နီးကပ်စွာ လုပ်ဆောင်နေကြရာ အချို့မှာ ရုံဖန်ရံခါ တစ်နေ့တည်းတွင်ပင် ရောင်းချမှုပုံစံ နှစ်ခါပြောင်းသည်အထိရှိတတ်ခြင်းကြောင့် ဈေးကွက်တည်ငြိမ်စွာထိန်းနိုင်မှုကိုလျော့ပါးစေပြီး ဈေးကွက်ချိန်ဆနိုင်စွမ်းပါမရှိသဖြင့် ယင်းသို့လုပ်ဆောင်ခြင်းမှာ ရောင်းဝယ်သူများ၏ အကျိုးအမြတ်ကိုပါ ထိခိုက်စေကြောင်း စားသောက်ကုန်ရောင်းချသည့်လုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

## ဆပ်ပြာဈေး အနည်းငယ်ပြန်ဆင်း

ပြီးခဲ့သည့်လမှစတင်၍ အရောင်းပြန်အေးနေခဲ့သည့် ရွှေဝါဆပ်ပြာတောင့်



www.foreverspace.com.mm




ဈေးကွက်မှာ ဩဂုတ်လဆန်းပိုင်းရက်များအတွင်း နယ်ဝယ်လက်များ မရှိသလောက်နည်းပါးသွားပြီး ရောင်းအားမှာ သိသာစွာကျဆင်းလျက်ရှိသည်ဟု ညောင်ပင်လေးဈေးကွက်ရှိ ဆပ်ပြာလက်ကားရောင်းဝယ်သူများထံမှ သိရသည်။

ထို့အတူ ရွှေဝါဆပ်ပြာတောင့်ဈေးနှုန်းမှာလည်း ပုဂ္ဂလိကဈေးကွက်အတွင်းတွင် ယခင် ၁၆,၈၀၀ ကျပ်မှ ယခု ဩဂုတ်လ ၆ ရက်နေ့တွင် ၁၆,၄၀၀ ကျပ်ခန့်အထိ လျော့နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည်မှာ လပိုင်းခန့်သာရှိသေးသော်လည်း နာမည်ရနေပြီဖြစ်သော ဆင်မင်းဆပ်ပြာတောင့်များမှာ ရောင်းအားတက်လာမှုရှိနေပြီး တစ်ဖာလျှင် ၁၄,၈၀၀ ကျပ်ဝန်းကျင်ခန့်ရှိ၍ ဂေါ်ဇီလာဆပ်ပြာတောင့်မှာ လက်လီဈေးကွက်အတွင်း တစ်တောင့်လျှင် ၃၀၀ ကျပ်ခန့်ရှိနေကြောင်း၊ အခြားပုဂ္ဂလိကပိုင်လုပ်ငန်းများမှ ထုတ်လုပ်သော ရွှေမင်းသားဆပ်ပြာတောင့်မှာ ဈေးကွက်သို့ ပစ္စည်းအဝင်နည်းနေဆဲဖြစ်ပြီး တစ်ဖာလျှင် ၂၂,၀၀၀ ကျပ်ရှိ၍ နေဝါဆပ်ပြာမှာ တစ်ဖာလျှင် ၁၄,၀၀၀ ကျပ် စသည်ဖြင့် ပေါက်ဈေးအသီးသီးရှိနေကြောင်း အဆိုပါ ဈေးကွက်အတွင်း ရောင်းချသူတို့ထံမှ စုံစမ်းသိရှိရသည်။

## ပြည်ပအချိုရည်ဈေး အနည်းငယ်ပြန်ဆင်း

ယခင်လအတွင်းက ငွေဈေးနှုန်းအနည်းငယ်မြင့်မားသွားမှုကြောင့် ရာသီချိန်မရောက်သေးသော်လည်း ဈေးအနည်းငယ်မြင့်သွားခဲ့သည့် ပြည်ပထုတ် အချိုရည်တို့မှာ ငွေဈေးမာမှုအနည်းငယ်ရှိနေသေးသော်လည်း ဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လဆန်းရက်များအရောက်တွင်မူ ဈေးပြန်ကျသွားခဲ့ကြောင်း ညောင်ပင်လေးပလာဇာအတွင်း ပြည်ပထုတ်အချိုရည်တင်သွင်းရောင်းချသည့်လုပ်ငန်းရှင်များထံမှ သိရသည်။



ဇူလိုင်လဆန်းရက်များအတွင်း စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းသည့် Coke နှင့် အခြားအချိုရည်အချို့မှာ ၁၀,၀၀၀ ကျပ်အထိပေါက်ဈေးရှိခဲ့ပြီး ယခု ဩဂုတ်လ ၆ ရက်နေ့ ညောင်ပင်လေးပလာဇာအတွင်းမှ သိရှိရသည့် ပေါက်ဈေးများအရ Coke (သံ) ၉၇၀၀ ကျပ်၊ Sprite (သံ) ၉၇၀၀ ကျပ်၊ ဆန်းကစ် ၉၆၀၀ ကျပ်၊ 100 Plus ၉၈၀၀ ကျပ် စသည်ဖြင့် အသီးသီးကျဆင်းသွားပြီး ယခင်လက ၁၄,၉၀၀ ကျပ်တွင်ရှိနေသည့် ကိုလာ (လိမ္မော်) မှာ ယခု ၁၅,၀၀၀ ကျပ် စသည်ဖြင့် ရှိနေသည်။

## ကိုယ်ကျိုးစီးပွားလော၊ အမျိုးသားအကျိုးစီးပွားလော

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံများ အဓိကဖောက်ကားရောင်းဝယ်ရာ ဘုရင့်နောင်ကုန်စည်ဒိုင်အသင်းဝင် ကြက်သွန်ကုန်သည်ကြီးများသည် ပြီးခဲ့သောရက်ပိုင်းအတွင်းက စံချိန်တင်မြင့်တက်သွားခဲ့သော ကြက်သွန်နီဈေးနှုန်းများနှင့်ပတ်သက်၍ ပုဂ္ဂလိက သတင်းမီဒီယာများအား ဖိတ်ခေါ်ရှင်းလင်းကာ ဈေးနှုန်းများပုံမှန်အနေအထားသို့ တည်ငြိမ်ကျဆင်းသွားစေရန် ကြိုးစားခဲ့ရသည်ကို တွေ့ရသည်။ ကြက်သွန်တောင်သူများလက်တွင် လက်ကျန်လုံးဝမရှိတော့ဘဲ နယ်ကုန်သည်လှောင်လက်များထံတွင်သာစုပုံနေကြောင်း၊ မိမိတို့အကျိုးအမြတ်ကိုသာအဓိကထားပြီး စီးပွားရေးလုပ်ငန်းရှင်အမည်ခံ အခွင့်အရေးသမားများက ဈေးကစားခြင်းတို့ကြောင့် ဈေးနှုန်းများ လေးဆခန့်အထိ ထူးကဲမြင့်တက်သွားရသည်ဟု အဆိုပါကုန်သည်ကြီးများက ဆိုသည်။

ဈေးကွက်တို့၏သဘောသဘာဝမှာ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှပါက ဈေးတက်တတ်သည်။ တစ်ချိန်တည်းမှာပင် ဝယ်လိုအားကိုဖြည့်ဆည်းပေးရန် တစ်နေနေရာမှနေ၍ ရောင်းလိုအား အစားထိုးဖြည့်ဆည်းမှုများ ဝင်လာတတ်သည်။ ထိုအခါ ဈေးကွက်တွင် ရှိနေပြီးသား ကုန်စည်နှင့် လိုအပ်ချက်အရ ဖြည့်ဆည်းဝင်ရောက်လာသောကုန်စည်တို့ အရည်အသွေး၊ ဈေးနှုန်းအားပြိုင်ကာ ဝယ်လိုအားနှင့် ရောင်းစရာကုန်စည်အကန့်အသတ်ကြောင့် မြင့်တက်နေသောဈေးနှုန်းများကို ပုံမှန်အနေအထားရောက်အောင် ဆွဲချပေးသွားခြင်းဖြစ်သည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

■

www.foreverspace.com.mm



# အနေးပြကွက်လေးတော့ ကြည့်ချင်သည်

ခွန်းသု

**မိုး ရောင်ကြောင့်လက်နေသော မြက်ခင်းစိမ်းကို အနီရင့်ရောင်ပြေးလမ်းက သပ်ရပ်စွာ အနားသတ်ထားသည်။ လွန်ခဲ့သော နာရီဝက်ခန့်က လူသောင်းချီအော်ဟစ်အားပေးခဲ့သည့် ပရိသတ်သုံးသောင်းဆံ့ ဘောလုံးကွင်းကြီးမှာ တိတ်ဆိတ်နေပေပြီ။ အချို့ပရိသတ်များ ထမပြန်သေးသဖြင့် အသံများကိုကား တစ်စွန်းတစ်စကြားနေရသေးသည်။ လေးဖက်လေးတန်မှ ဆလိုက်မီးမောင်းများကား လင်းလက်ဆဲ။**

"ရပြီလေ၊ သိမ်းရအောင်"

အထူးဧည့်သည်များ ကြည့်ရှုရာ အရှေ့ဘက်ပွဲကြည့်စင်ကနေ တစ်ချိန်လုံး ဗီဒီယိုရိုက်ကူးနေသော ကင်မရာမင်းက သူ့အဖော်ကို လှမ်းပြောလိုက်သည်။

အနောက်ဘက်ပွဲကြည့်စင်တန်းတွင် ဘောလုံးကွင်းကိုကျောခိုင်းကာ အိမ်ပြန်ရန် တာစူနေသူများကို ကျဲပါးစွာ တွေ့နေရသေးသည်။

မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးကျင်းပသည့် ပရော်ဖက်ရှင်နယ်ဘောလုံးပြိုင်ပွဲခုနစ်ပတ်ကျော်ကြာ အပြင်းအထန်ယှဉ်ပြိုင်ခဲ့ပြီးပြီ ဖြစ်သည်။ ယခုကဲ့သို့ ဆုကြေးစားကလပ်အသင်းများ ထူထောင်ကာ ပရိအဆင့်ကျင်းပရေးကို ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်မှစတင်၍ အကြိမ်ကြိမ်ကြိုးပမ်းခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆိုသည်။

"အစောကြီးကတည်းက ကျွန်တော်တို့ရဲ့ အိပ်မက်ပါပဲ"

## ပရိုကစားသမား

မြန်မာ့ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များက ငွေကြေးအရင်းအနှီးစိုက်ထုတ်၍

www.foreverspace.com.mm



ဒေသဆိုင်ရာဒေသကိုယ်စားပြုကလပ်အသင်းများထူထောင်ခြင်းနှင့်အတူ ပထမဆုံး အကျိုးကျေးဇူးခံစားရသည်မှာ နည်းပြများ၊ ကစားသမားများ ဖြစ်သည်။ ဆုကြေးစားကလပ်အသင်းများတွင် လစာအများဆုံး ၁၀ သိန်းအထိ ရရှိကြသည်။ မြန်မာလူငယ်ဘောလုံးသမား ၂၀၀ ဦးကျော်တို့၏ဘဝမှာ ချက်ချင်းပြောင်းလဲသွားသည်။

ကစားသမားအများစုအတွက် ဘောလုံးကိုအာရုံစိုက်ကစား၍ တင့်တောင့်တင့်တယ်နေနိုင်သောဘဝကိုရောက်ရှိသွားသည်။ ထို့အတူ တာဝန်ထမ်းပိုးလည်း ပိုကြီးလာသည်။

"အရင်ကလို ဖိနပ်ဆွဲပြီး ပေါ့ပေါ့တန်တန်လာကန်လို့ မရတော့ဘူး။ တာဝန်အရမ်းကြီးသွားပြီ" ဟု ပထမဆုံး ပရော်ဖက်ရှင်နယ်ဂိုးသွင်းယူခဲ့သော ရန်ကုန်ယူနိုက်တက် FC အလယ်တန်းလူ မျိုးမင်းထွန်းကဆိုသည်။

ခုနစ်ပတ်ကျော်ကြာ ဆုကြေးစားအဆင့်ပြိုင်ပွဲတစ်ရပ်ကျင်းပပြီးနောက် ကစားသမားများတွင် သိသာစွာ ပြောင်းလဲလာသည့်အချက်မှာ 'ကြိုးစားအားထုတ်မှု' ဖြစ်သည်။ ကစားသမားများ၏ ကြိုးစားအားထုတ်မှုကောင်းမွန်လာခြင်းနှင့်အတူ ယှဉ်ပြိုင်မှုလည်း ပြင်းထန်လာသည်။ ၎င်း၏အကျိုးဆက်အဖြစ် ကစားပွဲများတွင် ပြစ်ဒဏ်ဘောများ မကြာခဏ ပေးရသည်။ ကစားသမားအချို့ ပြင်းထန်စွာ ဒဏ်ရာရရှိသည်။ မြန်မာ့ထိပ်တန်းတိုက်စစ်မှူးအချို့ဖြစ်သော စိုးမြတ်မင်းနှင့် စည်သူဝင်းတို့ကာလကြာရှည်နားရမည့်ကိန်း ဆိုက်လာသည်။

"ကစားသမားတွေ ကြိုးစားကစားလာကြတယ်။ စွန့်စားကစားလာကြတယ်။ မစွန့်စားသင့်တဲ့နေရာတွေမှာ စွန့်စားလို့ အသင်းတွေမှာ ဒဏ်ရာရကစားသမားတွေများပြားလာတာပါ" ဟု ဇေယျာရွှေမြေအသင်းနည်းပြချုပ် ဦးညဏ်ဝင်းက ပြိုင်ပွဲပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သုံးသပ်ပြောဆိုခဲ့ဖူးသည်။

ကစားသမားများ ပရော်ဖက်ရှင်နယ်ဆန်စွာ ကြိုးစားအားထုတ်လာကြသော်လည်း ကျွမ်းကျင်မှုအပိုင်းတွင်မူ ဆုကြေးစားအဆင့်မမီရန် လိုအပ်နေသေးကြောင်း လေ့လာသူအချို့က တညီတညွတ်တည်း ပြောကြားသည်။

"ကြိုးစားအားထုတ်မှုအပိုင်းမှာ Pro ဖြစ်ပေမယ့် Skillfull ဖြစ်ဖို့ လိုပါသေးတယ်" ဟူသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးဝင်းသူမိုး၏သုံးသပ်ချက်ကို မြန်မာနေရှင်နယ်လိဂ် Website တွင် ဖော်ပြထားသည်။

ထိုနည်းတူ ကစားသမားအချို့မှာ ကြိုးစားအားထုတ်မှုကောင်းမွန်ကြသော်လည်း ပရိုအဆင့်မမီသဖြင့် အသင်းတွင် ထားရှိကာ အသုံးပြုရန်မဖြစ်နိုင်ကြောင်း ကလပ်အသင်းနည်းပြအချို့က ပြောဆိုကြသည်။ ကစားသမားများကို အချိန်တစ်လခွဲမျှကာလဖြင့် ပရိုအဆင့်သို့ ပီပြင်စွာရောက်ရှိရန် တွန်းတင်ဖို့ ခက်ခဲသေးသည်။ ယခုပြိုင်ပွဲတွင် ကစားသမားများ၏ ယခင်အပျော်တမ်းအဆင့် အရိပ်အယောင်များ မပျောက်ကွယ်သေးကြောင်းကို ဦးညဏ်ဝင်း၏ အောက်ပါသုံးသပ်ချက်က သက်သေခံလျက်ရှိသည်။

"ဘောလုံးတက်ရင် အုပ်စုလိုက်တက်တယ်။ ဘောလုံးဆုံးတော့ လမ်းလျှောက်ပြန်ဆင်းတယ်။ ဒါကို အရည်အသွေးအားဖြင့် ညံ့တယ်လို့တောင် ပြောလို့ရတယ်"

## ပရိုဒိုင်

ပြိုင်ပွဲများတွင် ပရိုပီသသော ပွဲကောင်းများဖြစ်ရေးမှာ ကစားသမားများအပြင် နောက်ထပ်အရေးပါသော ပလေယာများရှိသေးသည်။ သူသည် ကစားသမားမဟုတ်သော်ငြား ပွဲအဖြေကို ပြောင်းလဲနိုင်စွမ်းရှိသည်။ ပွဲကို ဆူစေနိုင်သည်။ ပွဲကို ငြိမ်ဝပ်ပိပြားစေနိုင်သည်။ ပရိသတ်ကို ဆူစေနိုင်သည်။ သို့သော် ပရိသတ်၏ လက်ခုပ်သံကိုကားရခဲလှသည်။ ကွင်းအတွင်း ဘေးစည်းနှစ်ဖက်တွင် သူတို့ရှိသည်။ ထောင့်မှန်စတုဂံပုံကွင်းကို ထောင့်ဖြတ်ပြေးလွှားနေသည်။ သူ၏ အဓိကလက်နက်မှာ ဦးနှောက်၊ အသိညဏ်၏ ထိန်းကွပ်မှုဖြင့် မောင်းနှင်သော 'ခရာတွတ်သံ' ဖြစ်သည်။ သူ၏သင်္ကေတမှာ 'တရားမျှတခြင်း'။ နှစ်ဖက်အသင်းများနှင့် မည်သည့်အခါမျှ အရောင်မတူသည့်ဝတ်စုံကိုသာ ဝတ်ဆင်ခြင်းကလည်း မည်သည့်အသင်းဘက်ကိုမျှ ဘက်မလိုက်ဟူသောသဘောကို ထင်ရှားမြင်သာစွာ သရုပ်ပေါ်စေသည်။ ယင်းပလေယာကား နှစ်ဖက်အသင်း၏ ကံ ဉာဏ် ဝီရိယ ကျွမ်းကျင်မှုနှင့်လျော်ညီစွာ အကျိုးခံစားခွင့်ရရှိစေရန် ပွဲကိုင်ရသည့် ဒိုင်လူကြီးများ ဖြစ်သည်။

"ပွဲတစ်ပွဲမှာ ဒိုင်လူကြီးရဲ့ဆုံးဖြတ်ချက်က အဓိကကျပါတယ်။ မှားယွင်းတဲ့ဆုံးဖြတ်ချက်ကြောင့် အသင်းတစ်သင်းဟာ များစွာနစ်နာနိုင်ပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီတာဝန်ခံ ဦးထွန်းလှအောင်က သုံးသပ်ပြောဆိုသည်။

ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာနေရှင်နယ်လိဂ် Grand Royal ၂၀၀၉ ပြိုင်ပွဲတွင် ကွင်းလယ်ဒိုင် ၁၀ ဦးနှင့် အကူဒိုင် ၂၀ ဦးက တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းတို့အနက် ကွင်းလယ်ဒိုင်လေးဦးနှင့် အကူဒိုင်ခြောက်ဦးတို့မှာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) အသိအမှတ်ပြုဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံမှ သိရသည်။

ပြိုင်ပွဲကနဦးအစတွင် ဒိုင်လူကြီးများ၏အဆုံးအဖြတ်များမှာ အမှားအယွင်း များပြားပြီး နည်းပြအချို့ ကစားသမားအချို့နှင့် အားကစားကလောင်ရှင်အချို့၏ ဝေဖန်မှုကို ခံခဲ့ရသည်။ ယင်းကြောင့် ပြိုင်ပွဲလေးပုံတစ်ပုံခန့်ကျင်းပအပြီးတွင် ဒိုင်လူကြီးများကို ဆုကြေးငွေတိုးမြှင့်သတ်မှတ်ပေးပြီး ပွဲအတွင်း တာဝန်ထမ်းဆောင်ခဲ့သည်များကို ဗီဒီယိုမှတ်တမ်းတွင် ပြန်လည်ကြည့်ရှုကာ အရေးယူမည်ဖြစ်ကြောင်း MFF က ကြေညာခဲ့သည်။ ပြိုင်ပွဲအစတွင် လုပ်ပိုင်ခွင့်အလွန်အကျွံသုံးသည်ဟု ဝေဖန်ခံခဲ့ရသော ဒိုင်လူကြီးများ၏ ကြိုးစားအားထုတ်မှုကို ယင်းသို့ကြေညာအပြီးတွင် ပိုမိုတွေ့မြင်လာရကြောင်း အားကစားကလောင်ရှင်အချို့က သုံးသပ်ကြသည်။

www.foreverspace.com.mm

သို့သော် အမှားအယွင်းများကား ရှိဆဲ။

"ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်က သိပ်မြန်ပါတယ်။ ချက်ချင်းဆုံးဖြတ်တာ၊ မြန်မြန်ဆန်ဆန်ဆုံးဖြတ်တာဟာ အသင်းအတွက် နစ်နာပါတယ်။ ကစားသမားတွေအတွက် စိတ်ဓာတ်ကျစရာဖြစ်ပါတယ်" ဟု Southern Myanmar အသင်းနည်းပြချုပ် ဦးကျော်တင့်က သုံးသပ်ပြောဆိုသည်။

လူသားပင်ဖြစ်၍ အမှားအယွင်းမကင်းသော ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များမှာ ၈၀ ရာခိုင်နှုန်းမှန်ကန်လျှင်ပင် အလွန်ကျေနပ်စရာကောင်းနေပြီဖြစ်ကြောင်း MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

"ပြိုင်ပွဲပြီးသွားရင် ရှုံးသွားတဲ့အသင်းကတော့ ကျေနပ်နိုင်မှာမဟုတ်ပါဘူး။ ဒိုင်လူကြီးတွေကတော့ ဘောလုံးဥပဒေ ၁၇ အတိုင်းပဲ ဥပဒေနဲ့အညီလုပ်ဆောင်တာပါ" ဟု ဦးထွန်းလှအောင်က ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ပြောဆိုသည်။

ပြိုင်ဆိုင်မှုပြင်းထန်သည့် ပရီမီယာလိဂ်ပွဲအတွက် ပြည်ပမှ ဒိုင်လူကြီးများငှားရမ်းရန် မရှိကြောင်း ဦးဇော်ဇော်က ငြင်းဆိုခဲ့ပြီး ဒိုင်လူကြီးများ၏ အရည်အသွေးမှာ ၁၀ မှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။

"အမြဲတမ်းပဲ နိုင်ငံခြားသားကို အားကိုးနေရင် ပိုညံ့လာပါလိမ့်မယ်။ တချို့ဟာတွေကျတော့ ရင်းရပါတယ်"

## ပရိပရိသတ်

မြန်မာနေရှင်နယ်လိဂ်မှာ မျှော်လင့်ထားသည်ထက် အောင်မြင်ခဲ့ပြီး ထိုသို့ အောင်မြင်ရခြင်းတွင် ပရိသတ်အားက အဓိကဖြစ်သည်ကို မည်သူမျှမငြင်းသာ။ ကွင်းတွင် ပရိသတ်မရှိလျှင် မအောင်မြင်နိုင်။ မြန်မာပရိသတ်ကလည်း ဘောလုံးဆိုလျှင် သည်းသည်းလှုပ်။ ကြီးကြီး ငယ်ငယ် ရွယ်ရွယ် ကျား/မ မရွေး လူတန်းစားစုံ ကွင်းထဲရောက်လာသည်။ အော်ဟစ်အားပေးကြသည်။ ပရိသတ်ဆိုသည်ကား အသင်းတစ်သင်းအတွက် ၁၂ ဦးမြောက်ကစားသမားဟုပင် ဆိုနိုင်သည်။

အချို့ပရိသတ်များကမူ အသင်းကို လာအားပေးခြင်းမဟုတ်ဘဲ ဘောလုံးပွဲကို လာအားပေးသည်။ စိတ်ထွက်ပေါက်တစ်ရပ်အနေဖြင့် လာရောက်အော်ဟစ်အားပေးသည်။ ထိုအချိန်တွင် အသင်းစွဲကို လိုသည်ထက်ပိုအားထည့်သောပရိသတ်များမှာ သတိထိန်းချုပ်မှုကင်းမဲ့ကာ အလွန်အကျွံဖြစ်လာသည်။ ဘောလုံးပရိသတ် ဆယ်ဂဏန်းခန့်ကြောင့် ပြိုင်ပွဲသေးသိမ်ခဲ့သည်။ စန်းပြုံးပရိသတ်အချို့က ကွမ်းတံထွေးအိတ်များဖြင့် ပစ်ပေါက်သည်။ အရက်ပုလင်း၊ ရေသန့်ဘူးများအထိ ပါလာသည်။ အချို့ မဖွယ်မရာအပြုအမူများပါ ပါဝင်လာသည်။ အသင်းတစ်သင်းက အသင်းနာမည်ကို အော်ဟစ်အားပေးလျှင် တစ်ဖက်အသင်းက မဖွယ်မရာစကားလုံးဖြင့် ပြိုင်တုပြန်အော်သည်။

"ဘောလုံးပွဲဆိုတာကတော့ အော်မိမှာပါပဲ။ ဒါပေမဲ့ အဲလောက်ထိတော့ မဖြစ်သင့်ပါဘူး" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးစိုးမိုးက Living Color သို့ ပြောဆိုသည်။

ပွဲစဉ်တစ်ခုတွင် တစ်ဖက်အသင်းပရိသတ်ရှေ့မှောက်တွင် အောင်ပွဲခံမိသော ရန်ကုန်ယူနိုက်တက်ကစားသမားကီရာမှာ ပရိသတ်များ၏ ပစ်ပေါက်ခြင်းကို ခံခဲ့ရသဖြင့် သတိပေးခံခဲ့ရဖူးသည်။ ထိုပွဲစဉ်မှစ၍ ကစားသမားများကို တစ်ဖက်အသင်းပရိသတ်ရှေ့မှောက်တွင် အောင်ပွဲခံခြင်းမပြုရန် တားမြစ်ခဲ့သဖြင့် ကစားသမားများမှာ ကိုယ့်အသင်းပရိသတ်ရှေ့တွင် တကူးတက သွားရောက်အောင်ပွဲခံခဲ့ရသည့်ဖြစ်ရပ်များ ပေါ်ပေါက်လာသည်။

"မြန်မာဘောလုံးပရိသတ်က ကိုယ့်အသင်းကို အရမ်းအားပေးပေမယ့် မပြည့်ဝသေးပါဘူး။ ဒီလိုမျိုးဥပဒေထုတ်ရတာကလည်း ရင့်ကျက်မှုမရှိသေးလို့ပါ။ နောက်ပိုင်း လွတ်လပ်မှုရသွားမှာပါ" ဟု ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက အထက်ပါကိစ္စနှင့်ပတ်သက်၍ Living Color သို့ သုံးသပ်ပြောဆိုသည်။

ပရိသတ်များ ထိုသို့ အော်ဟစ်အားပေးရာမှ အလွန်အကျွံဖြစ်သွားရခြင်းမှာ စိတ်လှုပ်ရှားမှုအခံကြောင့်ဖြစ်ပြီး ဒိုင်လူကြီးများ၏ ပွဲအပေါ်ထိန်းသိမ်းနိုင်စွမ်း၊ တစ်ဖက်အသင်းကစားသမား၏ မျှတသောကစားဟန်နှင့် လုံခြုံရေးအဖွဲ့ဝင်များ၏ ပါးနပ်စွာထိန်းသိမ်းနိုင်စွမ်းတို့အပေါ်တွင် များစွာမူတည်ကြောင်း ဘောလုံးပရိသတ်အချို့ကပြောဆိုကြသည်။ သို့သော် 'အဲဒီလိုကို



www.foreverspace.com.mm



အားပေးလိုက်ရမှ ကျေနပ်သွားတာ' ဟု ဆိုသော မူလအကျင့်မပျောက်သေးသည့် ပရိသတ်များကားလည်း ရှိသေးသည်။ မည်သို့ပင်ဆိုစေ ပရိသတ်များ၏အားပေးပုံ တိုးတက်လာကြောင်း ဦးဇော်ဇော်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အသိအမှတ်ပြုပြောကြားသည်။

"အရင်ကထက်စာရင် ပိုကောင်းတဲ့အနေအထားရောက်လာပါပြီ။ ဗိုလ်လုပွဲမှာဆိုရင် ပုလင်းတစ်လုံး၊ ရေသန့်ဘူးနှစ်ဘူး၊ ဖိနပ် နှစ်ဖက်ပဲ တွေ့ရပါတယ်။ အရင်ကဒီထက် ပိုပါတယ်။ လိုချင်တဲ့နေရာတော့ ချက်ချင်းရောက်မှာမဟုတ်ဘူး။ တဖြည်းဖြည်းသွားရမှာပါ"

## ပရိုဒီရေ

စီးပွားရေးလုပ်ငန်းရှင်များ ပရိုကလပ်များ ရုတ်တရက်ထူထောင်၊ ဘောလုံးကို ဆုကြေးစားအဆင့်ပြောင်း၊ မြန်မာနေရှင်နယ်လိဂ် Grand Royal ၂၀၀၉ အမည်တပ်ယှဉ်ပြိုင်ခဲ့သော ရက် ၅၀ ကြာ ဘောလုံးပြိုင်ပွဲကား ရသမျိုးစုံပေးစွမ်းနိုင်သည်။ ပရိသတ်များ၏ ဟစ်အော်သံ။ အားမလိုအားမရဖြင့် နီးရာတစ်ခုခုကို မချိတင်ကဲထုရိုက်လိုက်ဟန်။ ဖိနပ်ပျံများကို ရှောင်လိုက်သည့် ဦးထုပ်နက်၊ အကျႌနက်နီကြားဖြင့် လုံခြုံရေးဝန်ထမ်းများ၏ ယိမ်းဟန်၊ ငြိမ်သက်၊ ဆူညံ၊ ခရာတွတ်သံ။ စည်းကြပ်ဒိုင်၏အလံကို ၉၀ ဒီဂရီထောင်ကာ ၁၈၀ ဒီဂရီတန်းတန်းမတ်မတ်ပြန်ချလိုက်ချိန် ပရိသတ်များ၏ 'ဟာ' ခနဲသံ။ အားပါပါညွှန်ကြားနေသောနည်းပြများ။ ခေါင်းပေါ်လက်နှစ်ဖက်စလုံးတင်လိုက်သော စိတ်ပျက်လက်ပျက်ဖြစ်သွားသည့် ပရိသတ်များ။ အမျိုးမျိုးအဖုံဖုံပင်။

မည်သို့သောရည်ရွယ်ချက်ဖြင့် ကျင်းပသည်ဖြစ်စေ ပြိုင်ပွဲတစ်ရပ်အပြီး 'ပရိုဘောလုံးဒီရေ' ကား မြင့်လာသည်။ ပြိုင်ပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ကာ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည့် ရန်ကုန်ယူနိုက်တက် FC အသင်းပိုင်ရှင် ဦးတေဇက အသင်းကို ထပ်မံအားဖြည့်မည်ဖြစ်ကြောင်း မီဒီယာများကို ကြေညာခဲ့သည်။ အခြားကလပ်ပိုင်ရှင်များကလည်း ထပ်မံအားဖြည့်မည်မှာ သေချာသည်။ အခြားစီးပွားရေးလုပ်ငန်းရှင်များသည်လည်း ဘောလုံးကလပ်အသင်းများထူထောင်ကာ ဝင်နွှဲရန် စိတ်ဝင်စားနေပြီဖြစ်ကြောင်း ဦးဇော်ဇော်က အတည်ပြုပြောဆိုခဲ့သည်။ ၎င်းတို့အတွက် ငွေကြေးကားသာမည၊ ဂုဏ်ဒြပ်က အဓိကဖြစ်ကြောင်း ဦးတေဇက ဇူလိုင်လ ၆ ရက် သတင်းစာရှင်းလင်းပွဲတွင် အတိအလင်းပြောဆိုခဲ့သည်။

ပရိုဒီရေမြင့်လာခြင်းနှင့်အတူ ပရိုအဆင့်ကို အမှန်တကယ်တက်လှမ်းနိုင်ရန်အတွက် ပြင်ဆင်ရန် အများအပြားလိုအပ်နေသေးကြောင်း လေ့လာသူများ၊ အဖွဲ့ချုပ်တာဝန်ရှိသူများက ဝန်ခံပြောဆိုထားပြီးဖြစ်သည်။ ဘောလုံးကွင်းအတွင်းတွင် လာရောက်ကြည့်ရှုခဲ့သောပရိသတ်များအတွက်သာမက တစ်နိုင်ငံလုံးတွင် စိတ်ဝင်တစားကြည့်ရှုနေသော ရုပ်သံပရိသတ်များအတွက်လည်း ပရိုအဆင့်မီကြည့်ရှုနိုင်ရန် လိုလားကြမည်ပင်။ အင်္ဂလန်ပရီးမီးယားလိဂ်၊ ဥရောပချန်ပီယံလိဂ်၊ အီတလီ စီးရီးအေ၊ စပိန်လာလီဂါတို့ကို ကမ္ဘာ့အဆင့်မီရုပ်သံလိုင်းများမှ တစ်ဆင့် နှစ်ပေါက်ကြည့်ရှုနေကြသော မြန်မာ့ရုပ်သံပရိသတ်များ တညီတညွတ်တည်း ညည်းတွားနေကြသည့် အချက်တစ်ချက်ရှိသည်။

"ဒီလိဂ်ပွဲတွေမှာ ဂိုးဝင်မှပဲ Replay (အနှေးပြန်ပြကွက်) ပြန်ကြည့်ရတယ်။ တချို့ကောင်းတဲ့အကွက်လေးတွေဆို အနှေးပြကွက်လေးတော့ ပြန်ကြည့်ချင်တယ်ဗျာ" ဟု ဘောလုံးဝါသနာအိုးတစ်ဦးကဆိုသည်။

သုဝဏ္ဏဘောလုံးကွင်းအတွင်း ဆလိုက်မီးမောင်းများကား လင်းအားကောင်းလျက်ပင်ရှိသေးသည်။

ရတနာပုံ FC အသင်း ဂျာစီဝတ်ဆင်ထားပြီး လူကုံထံအသိုင်းအဝိုင်းကဖြစ်ကြောင်း ထင်သာမြင်သာရှိသော ငါးနှစ်အရွယ်ကလေးငယ် ငါးဦးခန့်က "ရတနာပုံ . . . ရတနာပုံ. . ." ဟု အော်ဟစ်ကာ ပွဲကြည့်စင်အလယ်လမ်းအတိုင်း အပေါ်သို့ ပြေးတက်လာသည်။

အလယ်လမ်းနံဘေးထိုင်ခုံများကြားတွင်မူ အဖြူနှင့်အစိမ်းဝတ်စုံခပ်နွမ်းနွမ်းဝတ်ဆင်ထားပြီး ပီနံအိတ်အဖြူကို နောက်ကျောပိုးထားသည့် ၁၀ နှစ်သားအရွယ် ကလေးငယ်တစ်ဦးက ရေသန့်ဘူးခွံကို အိတ်ထဲထည့်လိုက်သည်။ ဘေးမှ အော်ဟစ်ဖြတ်ပြေးသွားသံရှိရာကို ယောင်၍ပင် လှည့်မကြည့်။ ယနေ့ နှစ်နာရီကြာ ရေကုန်ရေခန်းကစားခဲ့သော ရတနာပုံအသင်း အနိုင်ရခဲ့သည့် ဗိုလ်လုပွဲအဖြေအပေါ် အောင်ပွဲခံခြင်းထက် သူ ယနေ့ကောက်ယူရရှိမည့် ရေသန့်ဘူးခွံများ၏အရေအတွက် အဖြေက သူ့အတွက် ပိုမိုအရေးပါပုံရသည်။

**ခွန်းသု**



www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၂၉-၆-၂၀၀၉**✳ ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ဒေသတွင်ရှာဖွေတွေ့ရှိထားပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မည်ဖြစ်သည့် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှာ အာရှတိုက်တွင်အကြီးဆုံးစီမံကိန်းဖြစ်ပြီး အမေရိကန်ဒေါ်လာတစ်ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ အကြီးတန်းဘူမိဗေဒပညာရှင် David Kim က ဇွန်လ ၂၉ ရက်နေ့တွင်ပြောကြား။ (ဇူလိုင်လ ၆ ရက်နေ့ထုတ် The Voice Weekly )

**၁-၇-၂၀၀၉**✳ နဝမအကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမတွင်ကျင်းပ။

**၃-၇-၂၀၀၉**✳ မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းမြန်မာနိုင်ငံသို့ နှစ်ရက်ကြာလာရောက်ခဲ့ကြောင်းနိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။ ခရီးစဉ်အတွင်း မစ္စတာဘန်ကီမွန်းသည် မြန်မာစစ်အစိုးရ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇူလိုင်လ ၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီ မိနစ် ၅၀ အထိတစ်ကြိမ်နှင့် ဇူလိုင်လ ၄ ရက်နေ့ နံနက် ၉နာရီခွဲမှ ၁၀ နာရီအထိအထိတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တွေ့ဆုံခဲ့ကြောင်း ယင်းသတင်းတွင်ဖော်ပြ။

မစ္စတာဘန်ကီမွန်းသည် ဇူလိုင်လ ၃ ရက်နေ့တွင်ပင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ ၁၀ ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မြို (ခမီ) အမျိုးသားညီညွတ်ရေးအဖွဲ့၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်တို့မှတာဝန်ရှိသူ စုစုပေါင်း ၂၃ ဦးတို့နှင့်လည်းကောင်း တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ကချင်အထူးဒေသ (၁) NDAK အဖွဲ့၊ ရှမ်း/မြောက် အထူးဒေသ (၅) KDA အဖွဲ့၊ ရှမ်း/တောင် အထူးဒေသ (၆) PNO အဖွဲ့၊ ကယားအထူးဒေသ (၂) ကတလတအဖွဲ့၊ ဘုရားကုန်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့နှင့် ဒီကေဘီအေအဖွဲ့တို့မှ တာဝန်ရှိသူစုစုပေါင်း ၃၅ ဦးနှင့်လည်းကောင်းတွေ့ဆုံခဲ့ကြောင်း သတင်းများတွင်ဖော်ပြထားသည်။

**၄-၇-၂၀၀၉**✳ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖားကန့်မြို့ မော်ဝန်းရပ်ကွက် ဖားကန့်-လုံးခင်းကားလမ်း၏ ယာဘက်ရှိ ကမ်းပါးယံမြေပြိုကျမှုတစ်ရပ် ဇူလိုင်လ ၄ ရက်နေ့ ည ၁၀ နာရီခွဲအချိန်ခန့်မှ ဇူလိုင်လ ၅ ရက် နံနက် ၂ နာရီခန့်အချိန်အထိ ဖြစ်ပွားခဲ့ရာ ကမ်းပါးယံပေါ်တွင်ဆောက်လုပ်ထားသော တဲအိမ်ငယ်များ ပြိုကျပျက်စီးခဲ့ပြီး အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၃ဦး စုစုပေါင်း ၂၄ဦးသေဆုံးပြီး ၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင်လ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြ။

**၅-၇-၂၀၀၉**✳ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်လ၂ရက်နေ့အထိကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆင့်မြင့်ဆွေးနွေးပွဲနှင့် ဒုတိယအကြိမ်စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ကြီးကြပ်ရေးနှင့် မူဝါဒရေးရာဆပ်ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

✳ မြန်မာ့ဘောလုံးသမိုင်း၏ အလှည့်အပြောင်းတစ်ခုဖြစ်သော ပရိုစနစ်သို့ကူးပြောင်းပြီးသည့်နောက် Myanmar National League ၏ ပထမဆုံးဆုဖလားအတွက် ရန်ကုန်ယူနိုက်တက် အက်ဖ်စီနှင့် ရတနာပုံယူနိုက်တက်အက်ဖ်စီတို့ ဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက ပင်နယ်တီအဆုံးအဖြတ် (၄-၁) ဖြင့် အနိုင်ရရှိသွားကာ ပထမဆုံး ချန်ပီယံဆုရရှိသည့်အသင်းအဖြစ် မှတ်တမ်းဝင်။

**၆-၇-၂၀၀၉**✳ ကလေးများခွဲစိတ်မွေးဖွားချိန်ကောင်းများပါဝင်သည့် Born Child Myanmar အမည်ရှိ ပထမဦးဆုံး ဆော့ဖ်ဝဲလ်ကို စတင်လွှင့်တင်။

**၇-၇-၂၀၀၉**✳ ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်၊ မျိုးစုံ၊ စိမ်းစားငါးပိနှင့် ငါးပိထောင်းများကို ဓာတ်ခွဲစစ်ဆေးရာ အစားအသောက်တွင်သုံးစွဲရန်ခွင့်မပြုသော အနီရောင်ဆိုးဆေး (Rodamine B) ပါဝင်သည်ကို တွေ့ရှိရသည့်အတွက် ဆိုးဆေးစစ်ဆေးတွေ့ရှိရသော လုပ်ငန်းများနှင့် အမှတ်တံဆိပ်များကို ကျန်းမာရေးဝန်ကြီးဌာနထုတ်ပြန်ကြေညာ။

**၈-၇-၂၀၀၉**✳ ဆူဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ali Ahmed Kertil ၏ ဖိတ်ကြားချက်အရ ဆူဒန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၈ ရက်နေ့ညပိုင်းတွင် ပြန်လည်ရောက်ရှိလာကြောင်း

www.foreverspace.com.mm



ဇူလိုင်လ ၁၁ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။ ခရီးစဉ်အတွင်း နှစ်နိုင်ငံစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက် နိုင်ရေးကိစ္စများကိုဆွေးနွေး။

**၁၀-၇-၂၀၀၉*** ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး Mr. Phaitoon Kaeothong ၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကော့သောင်းမြို့ရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ အသုံးပြုရန်အတွက် ရုံးသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ နိုင်ငံသားစိစစ်ရေးနှင့် အလုပ်သမားသစ်များ ထပ်မံခေါ်ယူရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရန်အတွက် မြန်မာနိုင်ငံ ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းနှင့် ဖူးခက်မြို့များသို့ ဇူလိုင်လ ၁၀ ရက်မှ ၁၂ ရက်အထိသွားရောက်ခဲ့ကြောင်း ဇူလိုင်လ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ် ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr. Guo Shengkum ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိခဲ့ကြောင်း ဇူလိုင်လ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၆ ရက်နေ့က Thai Air Asia လေယာဉ်ခရီးစဉ်အမှတ် FD 3770 ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၂၀ အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထား။

**၁၁-၇-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တို့ချစ်ကြည်ရေးမြို့တော် ဆက်ဆံမှုတည်ထောင်ရန် နားလည်မှုစာချွန်လွှာကို ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် နန်နင်းမြို့တော်ဝန်နှင့် ရန်ကုန်မြို့တော်ဝန်တို့နှစ်ဦး လက်မှတ်ရေးထိုးခဲ့ကြောင်း ဇူလိုင်လ ၁၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်၏ သဘာဝအလှများနှင့် ဒေသခံတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရိုက်ကူးတင်ဆက်ထားသည့် အဆိုပါ ကွမ်ရှီး ရုပ်မြင်သံကြားအစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် ဇူလိုင်လ ၁၀ ရက်နေ့မှစတင်၍ အပိုင်းခုနစ်ပိုင်းခွဲကာ ညစဉ်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၁၄-၇-၂၀၀၉*** ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အလုပ်အမှုဆောင်ကော်မတီဝင် တိုင်းရင်းသားလူမျိုးစုရေးရာကောင်စီဥက္ကဋ္ဌ မစ္စတာ ကယ်ဆော်ဖော့ခ် (Mr. K' Sor Phuco) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ။

**၁၆-၇-၂၀၀၉*** ဇူလိုင်လ ၁၂ ရက်နေ့က ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ Thai Airway လေကြောင်းခရီးစဉ် TG 305 ဖြင့် ပြန်လည်ရောက်ရှိလာသော အသက် ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) ထပ်မံဖြစ်ပွားမှု တွေ့ရှိရကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၁၇-၇-၂၀၀၉*** အဖွဲ့ဝင်နိုင်ငံများရှိ လူ့အခွင့်အရေးအခြေအနေများကို မြှင့်တင်ပေးရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အာဆီယံလူ့အခွင့်အရေးကော်မရှင်တစ်ရပ်ကို လာမည့်အောက်တိုဘာလတွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ဇူလိုင်လ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် အာဆီယံအဖွဲ့ကထုတ်ပြန်ကြေညာ။

**၁၉-၇-၂၀၀၉*** မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြားကျင်းပသည့် ပဉ္စမအကြိမ် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံမူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Dao Viet Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိပြီး ၂၀ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

**၂၀-၇-၂၀၀၉*** သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းနှင့် သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းအနီးတို့တွင် မွန်းလွဲပိုင်းက ရန်ကုန်မြစ်အတွင်းမှစတင်တိုက်ခတ်လာသည့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ ယုဇနဆီအုန်းစက်ရုံ အပါအဝင် လူနေအိမ်အချို့ ထိခိုက်ပျက်စီး။

* အီဂျစ်အာရပ်သမ္မတနိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့၌ ဇူလိုင်လ ၁၃ ရက်မှ ၁၆ ရက်အထိကျင်းပခဲ့သည့် ၁၅ ကြိမ်မြောက်ဘက်မလိုက်လှုပ်ရှားမှုထိပ်သီးညီလာခံနှင့် ညီလာခံအကြိုပြင်ဆင်ရေးဝန်ကြီးအဆင့်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၂-၇-၂၀၀၉*** နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိ နှစ်နာရီကြာ တစ်စိတ်တစ်ပိုင်းနေကြတ်မှုဖြစ်စဉ်ကို မန္တလေး၊ မြစ်ကြီးနားနှင့် နေပြည်တော်မြို့များမှ မြင်တွေ့ခဲ့ကြရ။

* KNLA တပ်မဟာ (၆)၊ တပ်ရင်း ၁၈ မှ တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလေးကယ် ဦးစီးတပ်ခွဲ ၃ မှ တပ်ဖွဲ့ဝင် ၂၂ ဦး၊ မိသားစုဝင် ၁၅ ဦး စုစုပေါင်း ၃၇ ဦးတို့သည် လက်နက်ငယ်ရှစ်လက်၊ ခဲယမ်းမျိုးစုံနှင့်အတူ ကရင်ပြည်နယ် သဃ်န်းညီနောင်ရှိ တပ်စခန်းသို့လာရောက်ကာ လုံးဝလက်နက်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြောင်း ဇူလိုင်လ ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

www.foreverspace.com.mm

**၂၄-၇-၂၀၀၉*** မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး–မတ္တရာ–မိုးကုတ်လမ်း မိုင်တိုင်အမှတ် (၄၉/၉) တွင်တည်ဆောက်ထားပြီး ၂၄၀ပေ အရှည်ရှိသည့် လက်ပန်လှတံတားဖွင့်လှစ်။

* မြန်မာနှင့် ဂျပန်နိုင်ငံတို့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို နှစ်နိုင်ငံ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး။

* ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၃၆–အိတ်ချ်) မြေကွက်အမှတ် (၄၀–အေ၊ ၄၁၊ ၄၂၊ ၄၂ အေ၊ ၄၄ ဘီ၊ ၄၄ စီ၊ ၆၄ စီ၊ မြေဧရိယာ ၁.၉၂၃ ဧကရှိမြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော အစိတ်အပိုင်းဖြစ်သည့်မြေကွက်ကြီး၏ မျက်နှာစာဘက်အခြမ်း (အလျား ပေ ၁၀၀ × အနံ ပေ ၇၀)ကျယ်ဝန်းသောမြေကွက်နှင့် ဆောက်လုပ်ဆဲအဆောက်အအုံဟောင်းအပါအဝင် ၎င်းနှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးခင်မောင်အေးဆိုသူက ပိုင်ဆိုင်ကြောင်းဝန်ခံပြီး ရောင်းချခဲ့ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာကို ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၅-၇-၂၀၀၉*** ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ဇူလိုင်လ ၁၉ ရက်မှ ၂၃ ရက်အထိကျင်းပခဲ့သည့် (၄၂) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၂၅ ရက်နေ့တွင်ပြန်လည်ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

* ထိုင်းနိုင်ငံဖူးခက်မြို့တွင် ဇူလိုင်လ ၁၉ရက်မှ ၂၃ ရက်နေ့ အထိကျင်းပခဲ့သည့် (၄၂) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

* ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့် စားသုံးဆီများအနက်မှ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံလုပ်စားအုန်းဆီအမျိုးအစားလေးမျိုးကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ။

**၂၆-၇-၂၀၀၉*** စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင်တည်ဆောက်ထားပြီး အမြင့် ၄၀ ပေ၊ အလျား ၉၈၀၀ ပေ၊ အကျိုးပြုဧက ၂၀၀၀ ဖြစ်သည်ဟု ဆိုသည့် လင်ပန်းရေလှောင်တမံ ဖွင့်လှစ်။

**၂၇-၇-၂၀၀၉*** ရန်ကုန်တိုင်း ရန်ကုန်မြို့(လှိုင်သာယာမြို့နယ်) မှ ဧရာဝတီတိုင်း ပုသိမ်မြို့တို့ကို ဆက်သွယ်မည့် ရထားလမ်းဖောက်လုပ်ရန်စီစဉ်လျက်ရှိကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထား။

* (၂၇) ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ( ASEAN Senior Officials Meeting on Energy-SOME) ကို မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်တွင်ကျင်းပ။

**၂၈-၇-၂၀၀၉*** ပြည်သူများလက်ဝယ်တွင် လှည့်လည်သုံးစွဲနေသော သတ်မှတ်ချက်များနှင့်ပြည့်စုံသည့်ဟောင်းနွမ်းငွေစက္ကူများကို ရန်ကုန်မြို့ အမှတ် (၁၉၈/၁၉၉) ဗိုလ်ဆွန်ပက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေစက္ကူလဲလှယ်ရေးကောင်တာနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် လက်ခံလဲလှယ်ပေးလျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

* ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၁၆ ရက်နေ့က Thai Airways ခရီးစဉ်အမှတ် TG-305ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၅ နှစ်အရွယ်အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1)ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၉-၇-၂၀၀၉*** အိန္ဒိယသမ္မတနိုင်ငံမှမြန်မာနိုင်ငံသို့ ဇူလိုင်လ ၂၀ ရက်နေ့က ခရီးစဉ်အမှတ် TG-303ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၂၃နှစ်အရွယ်အမျိုးသမီးတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်းနှင့် ဇူလိုင်လ ၂၇ ရက်နေ့က မလေးရှားနိုင်ငံမှ လေယာဉ်ခရီးစဉ်အမှတ် 8M-502ဖြင့်ပြန်လာသူ အသက် ၃၃ နှစ်အရွယ်ရှိအမျိုးသားတစ်ဦးတွင်လည်း ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

* (၂၇) ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သော အာဆီယံ စွမ်းအင်ဝန်ကြီးများနှင့် ဆွေးနွေးဖက် ၃ နိုင်ငံ (တရုတ်၊ ဂျပန်၊ ကိုရီးယား) နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၏ (၆) ကြိမ်မြောက်အစည်းအဝေးနှင့် အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများ (ဩစတြေးလျ၊ အိန္ဒိယ၊ နယူးဇီလန်) မှ စွမ်းအင်ဝန်ကြီးများ၏ တတိယအကြိမ်မြောက်အစည်းအဝေးကို မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်တွင်ကျင်းပ။

**၃၀-၇-၂၀၀၉*** စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၂၀ ရက်နေ့က ခရီးစဉ်အမှတ် MI-512 ဖြင့်ပြန်လည်ရောက်ရှိခဲ့သူ အသက် ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃၁-၇-၂၀၀၉*** ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် ရုံးထိုင်စစ်ဆေးခဲ့သောဒေါ်အောင်ဆန်းစုကြည်၊ အမေရိကန်နိုင်ငံသား Mr. John William Yattaw၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုနှင့်ပတ်သက်၍ ပေါ်ပေါက်သည့်သက်သေထွက်ဆိုချက်များ၊ သက်သေခံချက်များနှင့် နှစ်ဖက်တင်ပြလျှောက်လဲချက်

www.foreverspace.com.mm

များအရ ဥပဒေဆိုင်ရာအချက်အလက်များအပေါ် စိစစ်ဆုံးဖြတ်ရန် အကြောင်းများရှိနေသောကြောင့် အပြီးသတ်စီရင်ချက်များချမှတ်ရန် ဩဂုတ်လ ၁၁ ရက်နေ့ နံနက် ၁၀ နာရီသို့ ပြောင်းလဲချိန်းဆိုလိုက်ကြောင်း ဩဂုတ်လ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပါရှိ။

* မွေးမြူရေးကြက်ဥများနှင့်ပုံစံတူပြီး၃ အပေါ်ယံကြည့်ရုံဖြင့် ခွဲခြား၍မရနိုင်သည့် ဓာတုဗေဒနည်းဖြင့်ပြုလုပ်ထားသော ကြက်ဥအတုများ မြန်မာနိုင်ငံနယ်စပ်ရှိ အချို့သောဒေသများနှင့် ပြည်တွင်းရှိ အချို့သောဒေသများသို့ နယ်စပ်ဒေသများမှတစ်ဆင့် ဝင်ရောက်လာလျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁ ရက်နေ့ကပြန်လည်ရောက်ရှိခဲ့သူ အမျိုးသား ၃ ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်းနိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၄-၈-၂၀၀၉*** ရခိုင်ပြည်နယ်အတွင်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် ဂွမြို့နယ် ပလ္လင်မော်ကျေးရွာမှ ကျွန်းနံ့သာ ကျေးရွာသို့သွားရောက်သည့် ငါးဖမ်းစက်လှေတစ်စီးနှင့် လူငါးဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် အမ်းမြို့နယ် တောင်သာစီကျေးရွာ ဆိပ်ကမ်းအနီး၌ တပ်တောင်ကျေးရွာမှ တောင်သာစီကျေးရွာသို့မောင်းနှင်လာသည့် စက်လှေတစ်စီးနစ်မြုပ်ပြီး စက်လှေမောင်းနှင်သည့် ဦးစိုးရွှေသိန်း ပျောက်ဆုံးလျက်ရှိကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၄-၈-၂၀၀၉*** စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁ ရက်နေ့က လေယာဉ်ခရီးစဉ်အမှတ် MI-518 ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၁၇ အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၅-၈-၂၀၀၉*** မြန်မာစံတော်ချိန် နံနက် ၉ နာရီ၊ ၂၈ မိနစ်၊ ၅၀ စက္ကန့်အချိန်က မန္တလေးမြေငလျင်စခန်းမှ အနောက် အနောက်မြောက်ဘက် မိုင် ၂၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အိန္ဒိယ–မြန်မာနယ်စပ်) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄.၇ (အနည်းငယ်) ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

* မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါပိုး ၁၄ ယောက် မြောက်တွေ့ရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူ အိမ်သား ၁၈ ဦးအနက် အတူနေညီဝမ်းကွဲဖြစ်သူ အသက် ၃ နှစ်ခွဲအရွယ် အမျိုးသားတစ်ဦးတွင် New Influenza A (H1N1) ပိုးထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၆-၈-၂၀၀၉*** စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁ ရက်နေ့က လေယာဉ်ခရီးစဉ်အမှတ် MI-518 ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၁၇ အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၇-၈-၂၀၀၉*** နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လက်ရှိဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပြတိုက်တွင်ကျင်းပ။

**၈-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၈ ရက်နေ့က ခရီးစဉ်အမှတ် MH-740 ဖြင့်ပြန်လည်ရောက်ရှိခဲ့သူ အသက် ၄၀ နှစ်အရွယ် အမျိုးသာတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၀-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၂၀ ရက်နေ့က ခရီးစဉ်အမှတ် MH-740 ဖြင့်ပြန်လည်ရောက်ရှိခဲ့သူ အသက် ၃၃ နှစ် အရွယ် အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၁-၈-၂၀၀၉*** အမေရိကန်နိုင်ငံသား Mr. John William Yattaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုအတွက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အပြီးသတ်စီရင်ချက်များချမှတ်ရာ Mr. Yattaw ကို အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ကို အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်စီကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပါရှိ။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ပါက ကျခံရန်ရှိသောပြစ်ဒဏ်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ လျှော့ပေါ့ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ကောင်းမွန်စွာနေထိုင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းဆိုင်ရာ ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားရုံးကချမှတ်ထားသော ပြစ်ဒဏ်များအနက် ပြစ်ဒဏ်၏ ထက်ဝက်ကိုသာကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကိုလည်း ဆိုင်းငံ့လိုက်ကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ကိုလည်း အလားတူပင် တရားရုံးကချမှတ်ထားသော ပြစ်ဒဏ်များအနက်ပြစ်ဒဏ်၏ ထက်ဝက်ကိုသာကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကိုလည်း ဆိုင်းငံ့လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

■

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၃-၇-၂၀၀၉

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ တရားဝင်မှတ်ပုံတင်ထားသည့်နိုင်ငံရေးပါတီများဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုပအိုးဝ်အမျိုးသားအဖွဲ့ချုပ်၊ ဟေးဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၄-၇-၂၀၀၉

* ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေး။

## ၉-၇-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr.Guo Shengkum ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၀-၇-၂၀၀၉

* CITIC Construction Co., Ltd. မှ President Ms.Hong Bo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီကွမ်ရှီးကော်မတီအတွင်းရေးမှူး မစ္စတာကောရှန်းခွန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး။
* ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel Ahad နှင့်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၇-၂၀၀၉

* ဗြိတိန်နိုင်ငံ Foreign and Commonwealth Office, Assistant under Secretary of State, Mr.Asif Ahmad နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Jeremy Hotges တို့သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki Nogawa သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၆-၇-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China SFECO Group, China Shanghai (Group) Corporation for Foreign Economic & Technology Corporation မှ Marketing Director Mr.Gene. Y.F.Theng နှင့် အဖွဲ့သည် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၇-၂၀၀၉

* ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီဝင် တိုင်းရင်းသားလူမျိုးစုရေးရာကောင်စီဥက္ကဋ္ဌ မစ္စတာကယ်ဆော်ဖော့်စ် ဦးဆောင်သောကိုယ်စားလှယ်

www.foreverspace.com.mm



အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၇-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Complete Plant Import & Export Corp;Ltd. မှ အထွေထွေမန်နေဂျာ Mr.Chen Longbo သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး H.E. Mr.Dao Viet Trung သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးသူရိန်ဇော်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

* ကိုရီးယားသမ္မတနိုင်ငံ Chonnam National University မှ ပါမောက္ခ Mr.Hoisoo Kim, (Ph.D, Director of G.J University e-Learning Research and Support Center) ခေါင်းဆောင်သောအဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၇-၂၀၀၉

* တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူး Colonel Lee Nae Chan နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Lee Seok Young တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။
* ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူးချုပ် Dr.Noeleen Heyzer သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၇-၂၀၀၉

* ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူးချုပ် Dr.Noeleen Heyzer နှင့် အဖွဲ့သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် တွေ့ဆုံဆွေးနွေး။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**

**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**

**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**

**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**


www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .
၈၂ မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များ
၈၈ နာဂစ်အလွန်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု

# မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များ

ရန်မင်းအောင်

**မြန်မာနိုင်ငံသည် နိုင်ငံတကာမိသားစုဝင် (Family of Nations) နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အခါအားလျော်စွာ နိုင်ငံတကာညီလာခံအစည်းအဝေးများတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၊ နိုင်ငံတကာသဘောတူညီမှုစာချုပ်စာတမ်းများတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းတို့ကို လွတ်လပ်ရေးရသည့် ၁၉၄၈ ခု နှစ်မှစတင်၍ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသည်။ ထိုသို့ နိုင်ငံတကာအရေးအရာများအတွင်း ပါဝင်ခဲ့ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရေးအရာများတွင်လည်း ပါဝင်ခဲ့သည်။**



ယခုဆောင်းပါးတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့သော သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့် နိုင်ငံတကာသဘောတူညီချက်စာချုပ်စာတမ်းများအကြောင်းနှင့် ယင်းသဘောတူညီချက်များအရ မြန်မာနိုင်ငံမှလုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးသွားပါမည်။

မြန်မာနိုင်ငံပါဝင်သည့် အထင်ကရဖြစ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာသဘောတူညီချက်များကို ဇယား (၁) တွင် ဖော်ပြထားသည်။ ဤသဘောတူညီချက်များထဲတွင်မှ ဇီဝမျိုးကွဲများအား ထိန်းသိမ်းမှု (Biodiversity Conservation) နှင့်သက်ဆိုင်သောသဘောတူညီချက်များကိုသာ ဤဆောင်းပါးတွင် ဆွေးနွေးသွားမည်ဖြစ်ပြီး ကျန်သည့်စာချုပ်များကို အလျဉ်းသင့်ချိန်မှ ဆွေးနွေးသွားမည် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သော အခြားကိစ္စရပ် (Other environ-mental issues) များမှာ အရေးမကြီးသည်မဟုတ်။ ဥပမာ– ရာသီဥတုပြောင်းလဲခြင်း (Climate Change)၊ ကမ္ဘာပူနွေးလာခြင်း (Global Warming) နှင့် ရေထုနှင့် လေထုညစ်ညမ်းမှုများမှာ ကမ္ဘာတစ်ခုလုံးအတွက်သာမက မြန်မာနိုင်ငံအတွက်ပါ အင်မတန်အရေးကြီးသော ပြဿနာများ ဖြစ်ကြသည်။ သို့သော် ထိုပြဿနာများကို မူဝါဒ (Policy) များချမှတ်၍တိုက်ဖျက်ခြင်းမှာ မြန်မာနိုင်ငံအတွက် အနည်းနှင့်အများ အသစ်အဆန်း ဖြစ်သည်။ သစ်တောနှင့် သစ်တောထွက်ပစ္စည်းထိန်းသိမ်းရေးကိစ္စကိုမူ မြန်မာဘုရင်များလက်ထက်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဤဆောင်းပါးတွင် ဇီဝမျိုးကွဲထိန်းသိမ်းရေးနှင့်ပတ်သက်သည့် သဘောတူညီချက်များကို ဦးစားပေးဖော်ပြရခြင်း ဖြစ်သည်။

တိရစ္ဆာန်များ သေကျေပျက်စီးခြင်းသည် ကျွန်တော်တို့လူများအတွက် အထူးအဆန်းမဟုတ်ပါ။ အထူးသဖြင့် လူတို့အတွက် အန္တရာယ်ဖြစ်စေသော သားရိုင်းတိရစ္ဆာန်များကို ကမ္ဘာဦးကတည်းက သတ်ဖြတ်သုတ်သင်ရှင်းလင်းကြပေသည်။ ဥပမာ– ကျားဆိုးသောင်းကျန်းလျှင် အနီးအနားရှိရွာမှ မုဆိုးများပူးပေါင်း၍သော်လည်းကောင်း၊ တစ်ဦးစီသော်လည်းကောင်း

www.foreverspace.com.mm



| စဉ် | သဘောတူညီချက်အမည် | လက်မှတ်ရေးထိုးသည့်နေ့ | အတည်ပြုသည့်နေ့ | အာဏာတည်သောနေ့ | အဓိကတာဝန်ခံဌာန |
|---|---|---|---|---|---|
| ၁။ | ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အထွေထွေသဘောတူညီချက် (ယူအန်အက်ဖ် စီစီစီ)(United Nations Framework Convention on Climate Change, UMFCCC) | ၁၁ ရက် ဇွန်လ ၁၉၉၂ | ၂၅ ရက် နိုဝင်ဘာလ ၁၉၉၄ | ၂၃ရက်ဖေဖော်ဝါရီလ ၁၉၉၅ | မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန |
| ၂။ | အိုဇုန်းလွှာပျက်စီးစေသောဓာတုပစ္စည်းများနှင့် ပတ်သက်သည့် မွန်ထရီယာစာချုပ် (Monteral Protocol on Substances that deplete the ozone Layer) | | ၂၄ ရက် နိုဝင်ဘာလ ၁၉၉၂ | ၂၂ ရက် ဖေဖော်ဝါရီလ ၁၉၉၄ | – |
| ၃။ | ဇီဝမျိုးကွဲမျိုးစုံဆိုင်ရာ သဘောတူစာချုပ် (Convention on Biological Diversity) | | ၁၁ရက် ဇွန်လ ၁၉၉၂ | ၂၅ ရက် နိုဝင်ဘာလ ၁၉၉၄ | အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်(National Comission for Environmental Affairs, NCEA)၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန (Nature Conservation and Wildlife Division, Forest Department)၊ စိုက်ပျိုးရေးသုတေသနဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (Department of Agriculture Research, Ministry of Agriculture and Irrigation) |
| ၄။ | တောရိုင်းတိရစ္ဆာန်နှင့်အပင်မျိုးကွဲများနှင့် ပတ်သက်သည့်အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေး သဘောတူစာချုပ်၊ (The Convention on International Trade in Endangered Species of Wild Fauna and Flora, CITES) | | ၁၃ ရက်ဇွန်လ ၁၉၉၇ | ၁၁ ရက် စက်တင်ဘာလ ၁၉၉၇ | သစ်တောရေးရာဝန်ကြီးဌာန |
| ၅။ | ပျက်စီးရန်ခက်ခဲသော ဓာတုအညစ်အကြေးများနှင့်ဆိုင်သော စတော့ဟုမ်းသဘောတူညီချက်စာချုပ် (Stockholm Convention on Persistent Organic Pollutants) | | ၁၉ ရက် ဧပြီလ ၂၀၀၄ | ၁၈ရက် ဇူလိုင်လ ၂၀၀၄ | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ကျိုတိုသဘောတူညီချက် (Kyoto Protocol) | | ၁၃ရက်ဩဂုတ်လ ၂၀၀၃ | ၁၆ ရက် ဖေဖော်ဝါရီလ ၂၀၀၅ | အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင် (National Comission For Environmental Affairs, NCEA) |
| ၇။ | နိုင်ငံတကာအပူပိုင်းဒေသသစ်များဆိုင်သဘောတူညီချက် (International Tropical Timber Agreement, ITTA) | ၂၇ ရက် ဇန်နဝါရီလ ၂၀၀၆ | ၂၀၀၆ | ၁ ရက် ဖေဖော်ရီလ ၂၀၀၈ | သစ်တောရေးရာဝန်ကြီးဌာန |
| ၈။ | ဇီဝလုံခြုံရေးနှင့်သက်ဆိုင်သော ကာတစီနာသဘောတူညီချက်(Cartagena Protocol on Biosafety to the Convention on Biological Dirersity) | ၁၁ ရက် မေလ ၂၀၀၁ | ၁၃ ဖေဖော်ဝါရီလ၂၀၀၈ | ၁၃ရက်မေလ ၂၀၀၈ | အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်(National Comission For Environmental Affairs, NCEA) |

www.foreverspace.com.mm

နိုင်နင်းလေ့ရှိကြသည်။ သို့သော် ကျားတစ်ကောင်သေသည်ကတစ်ကဏ္ဍ၊ ကျားတစ်မျိုးလုံးတုံးသည်က တစ်ကဏ္ဍဖြစ်သည်။ ကျားတစ်ကောင်အတွက် လူအများစု ဝမ်းနည်းမှုမရှိသော်လည်း မိမိ၏ မြေးမြစ်တို့ ကျားဆိုသည်ကို ဘာမှန်းမသိသည့်အခြေအနေသို့ ရောက်သွားမည်ကိုမူ လူတိုင်းနီးပါးစိုးရိမ်ကြသည်။

ထို့ကြောင့် ဇီဝမျိုးကွဲမျိုးစုံကို ထိန်းသိမ်းရန် ကြိုးစားကြခြင်းဖြစ်သည်။ ထိုသို့ အလှတရားတန်ဖိုး (Aesthetic Value) အပြင် အခြားအရေးကြီးသည့်အချက်များလည်း ရှိသေးသည်။ ဥပမာ–မြေဆီလွှာပြုပြင်ပေးခြင်း၊ ရေကောင်းမွန်အောင် ပြုလုပ်ခြင်းအပြင် ဆေးနှင့်အာဟာရအတွက် တောရိုင်းတိရစ္ဆာန်နှင့်အပင်များသည် အရေးပါလှသည်။ သို့သော် အခြားအရေးမကြီးသည့် ဇီဝမျိုးများအား ထိန်းသိမ်းရန်မလိုဟု အဆိုပြုချက်ကိုမူ ဇီဝမျိုးကွဲမျိုးစုံကို ထိန်းသိမ်းလိုသူများက အောက်ပါအတိုင်း တုံ့ပြန်လေ့ရှိသည်။ အချို့မျိုးကွဲများသည် ၎င်းတို့ကိုယ်၌က တိုက်ရိုက်အကျိုးမပြုသော်လည်း သွယ်ဝိုက်၍ အကျိုးပြုနိုင်သည်။ ဥပမာ–ကျား၏အသားကို လူကမစားသည့်အတွက် အာဟာရပေးစွမ်းခြင်းအားဖြင့် လူကိုအကျိုးမပြုသော်လည်း ကျားသည် စိုက်ခင်းကို ဖျက်ဆီးတတ်သောအကောင်ငယ်များကို စားခြင်းအားဖြင့် လူတို့ကို သွယ်ဝိုက်၍ အကျိုးပြုသည်။ ထို့အပြင် မည်သည့်မျိုးစိတ်က နောင်တစ်ချိန်တွင် လူတို့ကိုမည်သို့အကျိုးပြုနိုင်ကြောင်း မည်သူမျှ အတိအကျခန့်မှန်း၍ မရနိုင်။ ဥပမာ–ယခုအချိန်တွင် အသုံးမဝင်ဟု ထင်ထားသောမြက်ပင်မျိုးတစ်မျိုးသည် အမှန်တကယ်မှာ ကင်ဆာရောဂါကို ကုသနိုင်သည့်ဓာတ်တစ်မျိုးပါရှိနိုင်ပြီး ယခုခေတ်သိပ္ပံပညာရှင်များက ရှာဖွေမတွေ့ရှိသေးခြင်းပင် ဖြစ်နိုင်သည်။ ဤမြက်မျိုးက ကမ္ဘာပေါ်တွင်တုံးသွားလျှင် တစ်ကမ္ဘာလုံးအတွက် နစ်နာနိုင်သည်။ ယင်းတန်ဖိုးကို (Option Value) ဟု ခေါ်သည်။

မည်သို့ပင်ဆိုစေကာမူ ဇီဝမျိုးကွဲမျိုးစုံထိန်းသိမ်းရေးသည် အလွန်အရေးကြီးသည့်လုပ်ငန်းဖြစ်သည်ဟု ကမ္ဘာ့နိုင်ငံအားလုံးမှ မူဝါဒချမှတ်သူများနှင့် ခေါင်းဆောင်အများစုက ယုံကြည်လာကြသည်။ ၁၉၆၀ လွန်နှစ်များမှစ၍ တိရစ္ဆာန်များနှင့်အပင်များ မျိုးမတုံးစေရန် ရည်ရွယ်သည့် နိုင်ငံတကာသဘောတူညီချက်များရရှိရန် စတင်ကြိုးပမ်းလာကြသည်။ ဤဆောင်းပါးတွင် တင်ပြဆွေးနွေးလိုသော သဘောတူညီချက် စာချုပ်စာတမ်းနှစ်ခုမှာ စိုင်တီ (CITES)၊ နှင့် စီဘီဒီ (CBD) တို့ဖြစ်သည်။

## မျိုးတုံးလုဖြစ်နေသော တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးကွဲများနှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး သဘောတူစာချုပ်

ပထမဆုံးတင်ပြချင်သည့် သဘောတူစာချုပ်မှာ စိုင်တီ (CITES) ဟု အတိုကောက်ခေါ်သော မျိုးတုံးလုဖြစ်နေသော တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးကွဲများနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးသဘောတူစာချုပ် (The Convention on International Trade in Endangered Species of Wild Fauna and Flora) CITES ပင် ဖြစ်ပါသည်။ ဤစာချုပ်အမည်ရှည်သော်လည်း အဓိကရည်ရွယ်ချက်မှာ ရှည်ရှည်ဝေးဝေးမဟုတ်။ ကမ္ဘာပေါ်ရှိ ဇီဝမျိုးစိတ်မျိုးကွဲအားလုံးကို ထိန်းသိမ်းရန်ဖြစ်သည်။

ထိုရည်ရွယ်ချက်ဖြင့် ရပ်တည်နေသော နိုင်ငံတကာစာချုပ်နှစ်ခုရှိသည်။ နောက်တစ်ခုမှာ CBD ဟုခေါ်သည့် ဇီဝမျိုးကွဲမျိုးစုံဆိုင်ရာ သဘောတူစာချုပ် (Convention on Biological Diversity) ပင်ဖြစ်သည်။ CITES နှင့် CBD အဓိကကွဲပြားချက်မှာ CITES က အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးကို ကြပ်မတ်ကွပ်ကဲခြင်းဖြင့် ဇီဝမျိုးကွဲများကို ထိန်းသိမ်းရန် ကြိုးစားခြင်းပင်ဖြစ်သည်။ ထို့အပြင် CITES က CBD ထက်ပို၍ စောသဖြင့် CITES အကြောင်းကို အရင်တင်ပြ



www.foreverspace.com.mm

လိုပါသည်။

CITES ၏ အစမှာ ၁၉၆၀ ပြည့်လွန်နှစ်များကတည်းမှဖြစ်သည်။ CITES မူကြမ်းကို ၁၉၆၃ ခုနှစ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမဂ္ဂ IUCN အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေး၌ ရေးဆွဲခဲ့သည်။ နောင် ဆယ်နှစ်ကြာ ၁၉၇၃ မတ်လတွင်မှ နိုင်ငံပေါင်း ၈၀ ကျော်မှ ကိုယ်စားလှယ်များက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်တွင် လက်မှတ်ရေးထိုးကာ အတည်ပြုခဲ့သည်။ CITES စတင်ဖြစ်ပေါ်ပြီး ၂၄ နှစ်အကြာ ၁၉၉၇ ဇွန်လ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးကာ CITES ၏ ၁၃၉ ဦးမြောက် အဖွဲ့ဝင်ပါတီနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။

## CITES လုပ်ထုံးလုပ်နည်း

CITES ၏ အဓိကလုပ်ဆောင်ချက်သည် မျိုးတုံးလုဖြစ်သော တိရစ္ဆာန်နှင့် အပင်မျိုးများ၏ နိုင်ငံရပ်ခြားကူးသန်းရောင်းဝယ်မှုကို ကြပ်မတ်ကွပ်ကဲခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ဦးစွာပထမ မည်သည့်ဇီဝမျိုးများကို ဦးစားပေးထိန်းသိမ်းမည်ဆိုသည့်စာရင်းရှိသည်။ CITES ၏ စာတွဲ ၁–၃ (appendix1-3) မှ ထိုစာရင်းများပင်ဖြစ်သည်။ စာတွဲ ၁ (appendix1) မှ မျိုးစိတ်များသည် မျိုးတုံးရန် အလွန်နီးစပ်နေသောမျိုးစိတ်များ (Endangered Species) ဖြစ်ပြီး ထိုမျိုးများကူးသန်းရောင်းဝယ်မှုကို လုံးဝနီးပါးပိတ်ပင်ထားသည်။ စာတွဲ (၂) (Appendix 2) ရှိ မျိုးများသည် မျိုးတုံးလုမဟုတ်သော်လည်း စနစ်တကျမစောင့်ရှောက်လျှင် တစ်ချိန်တွင် မျိုးတုံးနိုင်သည့်မျိုးကွဲများဖြစ်သည်။ စာတွဲ (၂) ရှိမျိုးများအား ကူးသန်းရောင်းဝယ်ရာတွင် လိုင်စင်စနစ်ဖြင့်သာ ကူးသန်းရောင်းဝယ်ခွင့်ရှိပြီး ထိုကူးသန်းရောင်းဝယ်မှုပြုလုပ်သောနိုင်ငံများသည် CITES သို့ အစီရင်ခံစာတင်သွင်းသည့်အခါတွင် အရေအတွက်နှင့် ကုန်သွယ်ဖက်နိုင်ငံစာရင်းကို အသေးစိတ်ဖော်ပြရမည် ဖြစ်သည်။

အကယ်၍ မိမိနိုင်ငံ၏ နယ်နိမိတ်အတွင်း မျိုးတုံးလုဖြစ်နေသော မျိုးကွဲများသည် CITES ၏ စာတွဲ ၁ နှင့် စာတွဲ ၂ တို့တွင်ဖော်ပြပြီး ကာကွယ်ထားခြင်းမရှိခဲ့လျှင် ထိုမျိုးများကိုကာကွယ်ရန် ယင်းနိုင်ငံမှ CITES အား တောင်းဆိုခွင့်ရှိသည်။ ထိုသို့တောင်းဆိုထားသောမျိုးများအား စာတွဲ ၃ တွင် ဖော်ပြသည်။ ထိုမျိုးအား စာတွဲ ၃ တွင် ထည့်ခြင်း၊ ပြောင်းခြင်းနှင့် ဖြုတ်ခြင်းများကို သက်ဆိုင်ရာနိုင်ငံမှ တစ်နိုင်ငံတည်းသဘောဖြင့် လုပ်ခွင့်ရှိသည်။ စာတွဲ ၁–၂ မှ မျိုးများကိုမူ CITES ကော်မတီက ဆုံး ဖြတ်သည်။

CITES သဘောတူညီချက်မှာ အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေမဟုတ်။ CITES ၏ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ကိုယ်ပိုင်ဥပဒေထုတ်ရမည်။ ဥပမာ– CITES ၏ စာတွဲ ၁ တွင် မျိုးကွဲ (က) ခေါ် ဘာညာကောင်ကို ဖော်ပြထိန်းသိမ်းထားသော်လည်း ထိုမျိုးကွဲအား မြန်မာနိုင်ငံမှ ဥပဒေဖြင့်ထိန်းသိမ်းမှုမရှိလျှင် ထိုမျိုးကွဲအား ဝယ်ယူဖောက်ကားရောင်းချသူ မောင်ဖြူအား ဖမ်းဆီးထိန်းသိမ်း၍မရ။ အဘယ့်ကြောင့်ဆိုသော် မောင်ဖြူမှာ CITES သဘောတူညီချက်နှင့် မကိုက်ညီသော ရောင်းဝယ်ဖောက်ကားမှုကို ပြုလုပ်သော်လည်း မြန်မာနိုင်ငံ၏ဥပဒေနှင့် မငြိစွန်းသဖြင့် ပြစ်မှုကျူးလွန်သူမဖြစ်။ သို့သော် ဤကိစ္စမျိုးဖြစ်ခဲ့လျှင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတွင် မျက်နှာငယ်မည်ဖြစ်ပြီး CITES က မြန်မာနိုင်ငံအား ဘာညာကောင်ကို ဥပဒေဖြင့်ကာကွယ်ရန်တိုက်တွန်းဖိအားပေးပေလိမ့်မည်။ ဆိုလိုသည်မှာ CITES မှနေ၍ လူတစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အဖွဲ့အစည်းကိုသော်လည်း အရေးယူကန့်သတ်မှု မလုပ်။ နိုင်ငံကိုသာ တိုက်တွန်းအကြံပေးကွပ်ကဲမှုများ ပြုလုပ်နိုင်သည်။

အထက်ပါမောင်ဖြူနှင့် ဘာညာကောင်ပြဿနာမှာ စာရေးသူ၏ စိတ်ထဲမှာသာရှိသော ပြဿနာဖြစ်ပြီး တကယ့်ပြဿနာမဟုတ်။ သို့သော် မောင်ဖြူပြဿနာနှင့် ခပ်ဆင်ဆင်တူသော ကိစ္စတစ်ခုရှိသည်။ ဤသည်မှာ ဆင်စွယ်ရောင်းဝယ်မှု ဖြစ်သည်။ ဤပြဿနာကို မတင်ပြမီ CITES သဘောတူညီချက်၏ အရေးကြီးသော အချက်တစ်ချက်အား တင်ပြသင့်သည်။ CITES သည် သက်ရှိတိရစ္ဆာန်နှင့်အပင်များကူးသန်းရောင်းဝယ်မှုသာမက ထိုမျိုးစိတ်မျိုးကွဲများနှင့်သက်ဆိုင်သော အခြားပစ္စည်းများ (Specimen) ရောင်းဝယ်ဖောက်ကားမှုအား ကြပ်မတ်ကွပ်ကဲသည်။ ဥပမာ –အစွယ်၊ သွား၊ အရိုး၊ ကိုယ်အင်္ဂါအစိတ်အပိုင်း၊ သားရေ၊ ပန်းပွင့်၊ အမြစ်၊ ဉ၊ အရွက်များ ရောင်းဝယ်ဖောက်ကားမှုလည်း ပါဝင်သည်။

မြန်မာနိုင်ငံ၌ရှိသော အာရှဆင်သည် စာတွဲ–၁တွင် ဖော်ပြထားသောမျိုးကွဲဖြစ်ပြီး ထိုဆင်စွယ်အား နိုင်ငံတကာကူးသန်းရောင်းဝယ်မှု၌ စိုင်တီသဘောတူညီချက်ဖြင့် ပိတ်ပင်ထားသည်။ မြန်မာနိုင်ငံဥပဒေ၌လည်း ဆင်စွယ်နှင့်ဆင်စွယ်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုကို ပိတ်ပင်ထားသည်။ ၁၉၉၄ တွင် ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန်များနှင့် အပင်များကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅၈၃/၉၄) ဖြင့်လည်းကောင်း၊ ဆင်မှတ်ပုံတင်ရေးဥပဒေ (၁၉၅၁) ဖြင့်လည်းကောင်း အပြည့်အဝကာကွယ်ထားသည်။ သို့သော် TRAFFIC တောရိုင်းဇီဝကူးသန်းရောင်းဝယ်ရေးစောင့်ကြည့်ရေးအဖွဲ့သုတေသနပြုရာတွင် ဆင်စွယ်ထွက်ပစ္စည်း ၉၀၀၀ ခန့်နှင့် ဆင်စွယ် ၁၆ ခုကို မြန်မာနိုင်ငံအတွင်းရှိ ထိုင်းနှင့် တရုတ်နယ်စပ်ရှိ ဈေး ၁၄ ခုနှင့် တစ်ဖက်နိုင်ငံ မြန်မာနယ်စပ်ရှိ ဈေးသုံးခုတွင် အပွင့်အလင်းရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရှိခဲ့ကြသည်။

မြန်မာ့လက်ရှိဥပဒေထဲတွင် အရေးအကြီးဆုံးလွတ်ပေါက် (Loophole) မှာ သဘာဝအလျောက် သေဆုံးသောလိုင်စင်ရဆင်၏အစွယ်ကို ရောင်းဝယ်ခွင့်ရှိခြင်းပင်ဖြစ်သည်။ အကယ်၍ သက်ဆိုင်ရာမှ လာရောက်စစ်ဆေးလျှင် ထိုရောင်းဝယ်သူက

www.foreverspace.com.mm

ဤဆင်စွယ်သည် ဥပဒေအရ ဝယ်ယူရရှိသောဆင်စွယ်ဖြစ်သည်ဟု အလွယ်တကူ ချေပ၍ ရနိုင်သည်။ ထိုလွတ်ပေါက် (Loophole) ကို ပိတ်သင့်ပြီး ဥပဒေစည်းကြပ်မှု (Law enforcement) အားကောင်းအောင် လုပ်ဆောင်သင့်ကြောင်း ၎င်းအဖွဲ့မှအစီရင်ခံစာတွင် အကြံပေး ဆွေးနွေးသွားသည်။ CITES အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေရေးရာ (Logistation) ကို တစ်မှ သုံးအထိ အဆင့်ခွဲရာတွင်လည်း မြန်မာနိုင်ငံ၏ ဥပဒေရေးရာမှာ အဆင့် (၃) တစ်နည်းအားဖြင့် အနိမ့်ဆုံးအဆင့်တွင်ရှိသည်။

## ဇီဝမျိုးကွဲမျိုးစုံဆိုင်ရာသဘောတူစာချုပ်၊ စီဘီဒီ (Convention on Biological Diversity)

အရေးကြီးသော နောက်သဘောတူညီချက်တစ်ခုမှာ CBD ဖြစ်သည်။ CITES မှာ Species တစ်ခုချင်းကို ထိန်းသိမ်းသော်လည်း CBD မှာ ဇီဝစနစ်တစ်ခုလုံး (Ecosystem) ကို ထိန်းသိမ်းခြင်းဖြင့် ဇီဝမျိုးကွဲမျိုးစုံကို ထိန်းသိမ်းရန်ကြိုးစားသည်။ CITES ၏နယ်ပယ်မှာ ဥပဒေရေးရာဖြစ်ပြီး CBD ၏နယ်ပယ်မှာ မူဝါဒချမှတ်ခြင်း၊ မဟာဗျူဟာချမှတ်ခြင်းပင်ဖြစ်သည်။ ထို့အပြင် CITES မှာ နိုင်ငံရပ်ခြားကူးသန်းရောင်းဝယ်ရေးနှင့် ပိုမိုသက်ဆိုင်ပြီး CBD သည် ပြည်တွင်းတွင် စီမံခန့်ခွဲအုပ်ချုပ်ရေးကိုပါ အကြံပေးကူညီမှုများ ပြုလုပ်ရန် ရည်ရွယ်သည်။

CBD ၏အစမှာ ကမ္ဘာ့ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ် ယူအန်အီးပီ (United Nations Environment Programme, UNEP) ဖြစ်သည်။ ၁၉၈၈ နိုဝင်ဘာတွင် UNEP မှ ပညာရှင်အဖွဲ့တစ်ဖွဲ့အား ဇီဝမျိုးကွဲမျိုးစုံထိန်းသိန်းရေးနှင့် ပတ်သက်သည့် နိုင်ငံတကာအစည်းအဝေးနှင့် သဘောတူညီချက်တစ်ရပ်ပေါ်ပေါက်ရန် တာဝန်ပေးသည်။ မေလ ၂၂ ရက်၊ ၁၉၉၂ ခုနှစ်တွင် နာရိုဘီ၌ ညီလာခံတစ်ရပ်ကျင်းပပြီး CBD သဘောတူညီချက်စာတမ်းများ ပြုစုခဲ့သည်။ ထိုနှစ် ဇွန်လ ၅ ရက်နေ့တွင်ပင် လက်မှတ်ရေးထိုးခွင့်ပြုခဲ့ပြီး ၆ ရက်အကြာ ဇွန်လ ၁၁ ရက် ၁၉၉၂ ခုနှစ်တွင် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။

CITES အဖွဲ့ဝင်များမှာ ဥပဒေပြုပြင်ခြင်းအားဖြင့်လည်းကောင်း၊ ၎င်းဥပဒေများအား စည်းကြပ်ခြင်းဖြင့်လည်းကောင်း CITES ၏စာရင်းများရှိ မျိုးကွဲများကို ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ CBD ၏ အဖွဲ့ဝင်များသည်လည်း ၂ နှစ်တစ်ခါ အစီရင်ခံစာတင်ခြင်း၊ နိုင်ငံတော်ဇီဝမျိုးကွဲမျိုးစုံ ထိန်းသိမ်းရေးမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း (National Biodiversity Strategy and Action Plan) များပြုလုပ်၍ ဇီဝစနစ်ကို ကြိုးစားထိန်းသိမ်းရန် လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် တတိယအစီရင်ခံစာကို ဩဂုတ် ၁၅ ရက်၊ ၂၀၀၅ ခုနှစ်တွင် နောက်ဆုံးတင်သွင်းခဲ့ပြီး ဖြစ်သည်။ ဇီဝမျိုးကွဲမျိုးစုံထိန်းသိမ်းရေးမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ကိုလည်း စတင်ရေးဆွဲနေပြီဖြစ်သည်။ ပြီးခဲ့သောလက နေပြည်တော်တွင်ကျင်းပသော ဌာနပေါင်းစုံအစည်းအဝေးတွင် အလုပ်အဖွဲ့ သုံးဖွဲ့ခွဲကာ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လတွင် အပြီးသတ်လုပ်ဆောင်ရန် ဆောင်ရွက်ပြီးဖြစ်သည်။

CITES နှင့်မတူသည့် CBD ၏ အားသာချက်တစ်ရပ်မှာ ဘဏ္ဍာရေးယန္တရားများပါဝင်ပြီး မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အထောက်အပံ့များပြုလုပ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ လက်မှတ်ရေးထိုးသဘောတူညီမှုရယူထားပြီးသောနိုင်ငံတကာသဘောတူညီမှုများကို တတ်စွမ်းသမျှ လိုက်နာလုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသဘောတူညီချက်များ၏ အသေးစိတ်အကြောင်းအရာကိုလည်း နိုင်ငံသားများနှင့် တာဝန်ရှိသူများက ဂဃနဏ သိထားသင့်သည်။ အထူးသဖြင့် နောက်နှစ်ထဲတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်လာမည်နှင့်အညီ ဥပဒေပြုရေး ဥပဒေပြင်ဆင်ရေး၊ ဖျက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အပြင် နိုင်ငံခြားဆက်ဆံရေးနှင့် နိုင်ငံတကာဥပဒေနှင့် သဘောတူညီချက်များတွင်ပါဝင်ရေး၊ မပါဝင်ရေးတို့သည် နိုင်ငံသားအားလုံးနှင့် ပိုမိုသက်ဆိုင်လာသည်။ ထို့ကြောင့် CITES, CBD နှင့် အခြားသဘောတူညီချက်များကို ဗဟုသုတရရန် ဆက်လက်၍ ဖော်ပြပေးသွားပါမည်။ [ရန်မင်းအောင်သည် အမေရိကန်ပြည်ထောင်စုရှိ ဝူစတာကောလိပ်တွင် (College of Wooster) တွင် ဓာတုဗေဒဖြင့် ဘွဲ့ယူခဲ့ပြီး ယင်းနိုင်ငံရှိ ဘာထ်ကောလိပ် (Bard College) မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ (Environmental Policy) ဘာသာရပ်ဖြင့် မဟာသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။]

**ရန်မင်းအောင်**

**ကိုးကားချက်**


* Approaches to sustainable use: CITES non-Detriment Findings and CBD Sustainable Use Principles Alison M. Rosser and Stuart R. Harrop. Journal of International Wildlife Law and Policy, Volume 10, December 2007.
* Convention on Biological Diversity, United Nations Treaty Series. No-30619 5 June 1992.
* Third National Report on Biodiversity (Submitted by Myanmar) Ministry of Forestry, Union of Myanmar 15 August 2005.
* Elephant and Ivory Trade in Myanmar Chris R. Shepherd, Vincent Nigman. A Traffic Southeast asias report 2008.
* Convention on International Trade in Endangered Species of Wild Founa and Flora. 22 June 1979.
* International Tropical Timber Agreement. United Nations 2006.

www.foreverspace.com.mm

# နာဂစ်အလွန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

**အခုဆိုရင် နာဂစ်မုန်တိုင်းရဲ့ဒဏ်ကိုကျော်လွှားခဲ့တာ တစ်နှစ်ခွဲနီးနီး (၁၅ လ) ကျော်ခဲ့ပါပြီ။ နာဂစ်နဲ့ပတ်သက်လို့ပြောတာတွေ၊ ရေးတာတွေ အများကြီးရှိသလို ရုပ်ရှင် ဗီဒီယိုတွေတောင် အမျိုးစုံထုတ်လုပ်ခဲ့တာတွေ့ရတယ်။ ဒါတွေစဉ်းစားရင်း စာရေးသူအနေနဲ့ နောက်ထပ်ဘာများဖြည့်စွက်နိုင်မလဲဆိုတာကို သုံးသပ်မိတယ်။ ဒီလိုတွေးရင်း ကိုယ်နဲ့ရင်းနီးတဲ့ အကြောင်းအရာကိုပဲ တင်ပြတာကောင်းမယ်ဆိုပြီး ဒီဆောင်းပါးကိုရေးလိုက်ပါတယ်။**

နာဂစ်ဖြစ်ပြီးပြီးချင်း တစ်ကမ္ဘာလုံးမှာရှိနေတဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက အကူအညီပေးဖို့ အဆင်သင့်လုပ်ကြပါတယ်။ မြန်မာပြည်တွင်းမှာ တာဝန်ယူထားတဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးက ရှေ့ဆောင်ပြီးတာဝန်ယူခဲ့ပါတယ်။ ဒီလိုတာဝန်ယူနိုင်တဲ့အရည်အချင်းကို နားလည်သဘောပေါက်ဖို့လိုပါလိမ့်မယ်။ UN ဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းများစွာမှာ ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ တာဝန်ယူသလို Humanitarian လူသားချင်းစာနာထောက်ထားတဲ့ လုပ်ငန်းများမှာလည်း ဦးစီးဦးဆောင်လုပ်လျက်ရှိပါတယ်။ ထူးခြားချက်တစ်ခုက သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်လို့ အထူးပြုခဲ့တာတွေ့ရတယ်။ ဒီလိုဖြစ်ရတာဟာလည်း နေ့စဉ်လိုလို ကမ္ဘာပေါ်မှာ တစ်နေရာမဟုတ်တစ်နေရာမှာ သဘာဝဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတာဖြစ်တယ်။ ဒါကြောင့် Disaster Management ကိစ္စနဲ့ပတ်သက်လို့ UN အဖွဲ့အစည်းတွေမှာ အသေးစိတ်၊ အနုစိတ်လေ့လာလှုပ်ရှားနေကြတဲ့သူတွေ အများကြီးရှိပါတယ်။ တစ်နည်းပြောရရင် ဒီလိုကိစ္စနဲ့ပတ်သက်လို့ ကျွမ်းကျင်မှု (Expertise) အပြည့်အဝရှိတဲ့သူတွေ အများကြီးရှိပါတယ်။ UN မှာရှိတဲ့ အဖွဲ့အစည်းအားလုံးလိုလိုမှာ ဒီ Exper-



www.foreverspace.com.mm



tise ရှိတာ တွေ့ရတယ်။ ရှိအောင်လည်း သင်တန်းတွေအမျိုးမျိုးပေးခဲ့တယ်။ UN မှာတာဝန်ယူတဲ့ ဝန်ထမ်းအတော်များများမှာ Disaster Risk Reduction (DRR) သင်တန်းတွေ တက်ရောက်ခဲ့ရတယ်။

နာဂစ်လို သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါ အရေးကြီးဆုံးကာလက ပထမ ၄၈ နာရီ ဖြစ်တယ်။ ဒါ့ကြောင့်လည်း Rapid Response Capacity မြန်မြန်ဆန်ဆန်တုံ့ပြန်နိုင်တဲ့စွမ်းရည်ကို မွေးရပါတယ်။ ပြုစုရပါတယ်။ သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်တဲ့အခါ Response Early Recovery နဲ့ Reconstruction အဆင့်သုံးဆင့်ကို တစ်ခါတည်းစဉ်းစားရပါတယ်။ Reconstruction ကာလကုန်ဆုံးသွားတဲ့အခါမှာလည်း Development ဖွံ့ဖြိုးမှုအဆင့် အမြန်ဆုံးရောက်အောင် စဉ်းစားဖို့လိုပါတယ်။


UN အဖွဲ့အစည်းတွေမှာ အခုလိုကျွမ်းကျင်မှုစွမ်းရည်ရှိရုံမက Resources တွေလည်း အများကြီးရှိပါတယ်။ Resources လို့ဆိုရာမှာလည်း ငွေ၊ ပစ္စည်းတွေတင်မက လူသားအရင်းအမြစ်တွေလည်း ပါဝင်ပါတယ်။ သဘာဝဘေးအန္တရာယ်ဘယ်နေရာမှာ ကျရောက်ကျရောက် UN က အခုလို ရှိတဲ့စွမ်းအားစုတွေကို ပံ့အောဖို့အဆင်သင့် ရှိကြတယ်။ အကောင်းဆုံးဥပမာပြရရင် ၂၀၀၄ မှာဖြစ်ခဲ့တဲ့ ဆူနာမီဖြစ်တုန်းက အင်ဒိုနီးရှားနိုင်ငံ ဘန်တာအာချေး (Bardah Aceh) မှာ UN အဖွဲ့အစည်းတွေက အားနဲ့အင်နဲ့ပါဝင်ကြတာ တွေ့ရတယ်။ လက်ထဲမှာရှိတဲ့အခါ စွမ်းအားစုနဲ့မလုံလောက်ရင် UN ဟာ နိုင်ငံတကာကို Appeal လျှောက်ထားပေးနိုင်ပါတယ်။ အာချေးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ကျော် စုစည်းနိုင်ခဲ့တာတွေ့ရတယ်။ တစ်ခုတော့ရှိပါတယ်။ အခုလို UN က စုစည်းပေးတဲ့စွမ်းအားစုတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ အာဏာပိုင်အဖွဲ့နဲ့လည်း ညှိနှိုင်းပြီးမှ ခွဲဝေဖြန့်ဖြူးပါတယ်။ ကိုယ့်သဘောနဲ့ကိုယ်လုပ်တာမဟုတ်ဘဲ National Rapaities တွေတက်လာအောင်၊ တိုးလာအောင် ကြိုးစားရပါတယ်။

UN အဖွဲ့အစည်းတွေအနေနဲ့ အခုလို ကိုယ့်မှာရှိတဲ့ ကျွမ်းကျင်မှုတွေ၊ စွမ်းရည်တွေကို အသုံးချနိုင်ဖို့ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့နေရာတွေကို လွတ်လွတ်လပ်လပ်ဝင်ထွက်သွားနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒီလို Access ရအောင်တောင်းဆိုတာဟာ လုပ်နေသူတွေအပေါ်ယုံကြည်မှုမရှိလို့မဟုတ်ဘဲ လုပ်ရမယ့် လုပ်သင့်တဲ့အလုပ်တွေ ထိရောက်အောင် ကူညီပံ့ပိုးပေးစေချင်တဲ့စေတနာသာ ဖြစ်ပါတယ်။ 'တစ်ယောက်တည်းနဲ့ မတတ်နိုင်တာကို အများအားနဲ့' ဆောင်ရွက်လိုတဲ့သဘောပါ။

စာရေးသူအနေနဲ့ ဒီကိစ္စမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့တဲ့အတွေ့အကြုံအပေါ်အခြေခံပြီး အနည်းငယ်သုံးသပ်ချင်ပါတယ်။ အခြေခံကိစ္စရပ်ကတော့ ယုံကြည်မှု (Trust) ပဲ ဖြစ်ပါတယ်။ အမှန်ကတော့ သဘာဝဘေးအန္တရာယ်ကြီးကို ကိုင်တွယ်နေတဲ့ Stakeholders တွေ အချင်းချင်း Trust ရှိဖို့ သိပ်အရေးကြီးပါတယ်။ ဒီယုံကြည်မှုမရှိရင် အရာရာဟာ လိုတာထက်ခက်သွားပါတယ်။ ခက်သွားတာကိုလည်း စာရေးသူကိုယ်တိုင်မြင်တွေ့ရပါတယ်။ ဒီကိစ္စဟာ ဝမ်းနည်းစရာကောင်းလှပါတယ်။ Trust ဆိုတဲ့ကိစ္စဟာ သိပ်သိမ်မွေ့ပါတယ်။ ဒါကြောင့် စာရေးသူကိုယ်တိုင် အခွင့်အရေးရရင်ရသလိုပြောပါတယ်၊ ပြောပါတယ်၊ ရေးပါတယ်။ Trust တည်ဆောက်နိုင်အောင် ဖိဖိစီးစီးလုပ်သင့်တယ်လို့ထင်ပါတယ်။ Trust မရှိရင် ဘာမှလုပ်မရသလို Trust ရှိရင် လုပ်ချင်တာလုပ်လို့ရတယ်လို့ ထင်ပါတယ်။

ဘာ့ကြောင့်ဒီလိုဖြစ်ရသလဲလို့ စဉ်းစားရင် တစ်ယောက်အကြောင်းတစ်ယောက် ဂဃနဏမသိလို့ ဖြစ်ပါတယ်။ နှစ်ဖက်လုံးနဲ့ဆိုင်တယ်လို့ ထင်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အခုလို အမြင်တွေမကြည်လင်တဲ့အတွက် မလိုအပ်တဲ့ အခက်အခဲတွေ ကြုံတွေ့ခဲ့ရပါတယ်။ ဒီနေရာမှာ Confidence Building ယုံကြည်မှုတည်ဆောက်တဲ့ Measures ဆောင်ရွက်မှုတွေကို စဉ်းစားသင့်ပါတယ်။

အဓိက,ကတော့ Openness နဲ့ Transparency Open ဖြစ်ရင် Transparent ဖြစ်ရင် Trust ဟာ ပိုမိုခိုင်မြဲပါတယ်။ လွယ်လွယ်ကူကူတည်ဆောက်နိုင်ပါလိမ့်မယ်။ ဒီနေရာမှာ အပြစ်တင်ဝေဖန်တာထက် ဒီလိုမဖြစ်အောင် ဘာလုပ်သင့်သလဲဆိုတာကို



www.foreverspace.com.mm

တော့ ခေါင်းအေးအေးထားပြီး စဉ်းစားသင့်ပါတယ်။ သွေးပူတုန်းတော့ စဉ်းစားဖို့ခက်ပေမယ့် အခုလို ကာလနည်းနည်းရလာတဲ့အခါမှာတော့ စဉ်းစားသင့်တယ်၊ သုံးသပ်သင့်တယ်လို့ ထင်ပါတယ်။

UN အဖွဲ့အစည်းတွေအနေနဲ့ အခုလို နာဂစ်နဲ့ပတ်သက်တဲ့လုပ်ငန်းတွေလုပ်တဲ့နေရာမှာ ထူးခြားတဲ့ကိစ္စတစ်ခုကို စာဖတ်သူတွေသိအောင် တင်ပြချင်ပါတယ်။

အခုလိုနာဂစ်ဖြစ်တဲ့နေရာမှာ တာဝန်ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေရှာဖွေရာမှာ နိုင်ငံအသီးသီးမှာတာဝန်ယူနေကြတဲ့ မြန်မာနိုင်ငံသား/ သူတွေကို ခေတ္တခဏတာဝန်ပေးပြီးခေါ်ယူအသုံးချခဲ့တဲ့ကိစ္စ ဖြစ်တယ်။ ဒါဟာသိပ်ကျေနပ်စရာကောင်းပါတယ်။ မြန်မာပြည်မှာ ရုံးစိုက်နေတဲ့ UN အဖွဲ့အစည်းတွေအားလုံးဟာ ပုံမှန်လုပ်ငန်းအားလုံးကိုခြောက်လတိတိရပ်ဆိုင်းလိုက်ပြီး အရေးပေါ်ပုံစံ (Emergency Mode) နဲ့ ဆောင်ရွက်ကြပါတယ်။ ဒီလိုလုပ်တဲ့အခါ ပြည်ပနိုင်ငံတွေမှာရှိနေတဲ့ မြန်မာတွေကို ပြန်ခေါ်ပြီးအသုံးချခဲ့တာဟာ ကျေနပ်စရာကိစ္စ ဖြစ်ပါတယ်။




တစ်ခါတလေ အမှုမဲ့ အမှတ်မဲ့နေတဲ့ သတိမထားမိတဲ့ကိစ္စတစ်ခုရှိပါတယ်။ ဒါကတော့ UN အဖွဲ့အစည်းလို့ပြောရင် နိုင်ငံခြားသားတွေချည်းမဟုတ်ပါဘူး။ မြန်မာပြည်မှာရုံးစိုက်တဲ့ UN အဖွဲ့အစည်းမှာ ၁၀ ရာခိုင်နှုန်းလောက်သာ နိုင်ငံခြားသားတွေဖြစ်ပြီး ကျန်တဲ့ ၉၀ ရာခိုင်နှုန်းဟာ မြန်မာတိုင်းရင်းသားတွေ ဖြစ်ပါတယ်။ ဒီ ၉၀ ရာခိုင်နှုန်းဟာ နိုင်ငံရဲ့လူသားအရင်းအမြစ်တွေဖြစ်ပါတယ်။

နာဂစ်တုံ့ပြန်မှုနဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ ပါဝင်မှုမှာ အထူးခြားဆုံးက TCG လို့ လူအသိများတဲ့ Tripartite Cousultative Group အဖွဲ့အစည်းပဲ ဖြစ်တယ်။ သုံးပွင့်ဆိုင်ဆိုတဲ့အတိုင်း ဒီအဖွဲ့မှာ အစိုးရရယ်၊ UN ရယ်၊ ASEAN ရယ် အဖွဲ့အစည်းသုံးခုပါဝင်ပါတယ်။ အခုလို သုံးပွင့်ဆိုင် တည်ထောင်မှုဟာ အင်မတန်ထူးခြားပါတယ်။ တစ်ချိန်တစ်ခါမှ မလုပ်ခဲ့တဲ့ပုံစံတစ်ခုဖြစ်ပါတယ်။ အစိုးရနဲ့ UN အဖွဲ့အစည်းတို့ပူးပေါင်းမှုက မထူးခြားလှပါဘူး။ Multilateral Relationships တွေဟာ နေရာတိုင်းမှာတွေ့ရပါတယ်။

TCG မှာ ထူးခြားတာက ဒေသအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ASEAN အဖွဲ့အစည်းရဲ့ပါဝင်မှုဖြစ်တယ်။ အခုလိုပါဝင်ဖို့ဖြစ်လာတာဟာလည်း ၂၀၀၄ ခုနှစ်က ကြုံတွေ့ခဲ့တဲ့ ဆူနာမီကြောင့်ရလာတဲ့ သင်ခန်းစာတုန်းက ဖြစ်ပါတယ်။ ဆူနာမီဟာ ASEAN နိုင်ငံသုံးနိုင်ငံဖြစ်တဲ့ မြန်မာ၊ ထိုင်းနဲ့ အင်ဒိုနီးရှားကို ရိုက်ခတ်ခဲ့ပါတယ်။ ဆူနာမီတုံ့ပြန်မှုမှာ ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်တဲ့ ASEAN မပါခဲ့ပါဘူး။ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ တစ်နိုင်ငံချင်း ပါဝင်ကူညီကြတာ တွေ့ရတယ်။

ဒီသင်ခန်းစာကိုယူပြီး ASEAN

www.foreverspace.com.mm



**နာဂစ်ကြောင့် INGOs အသစ်တွေ အမြောက်အမြားဝင်လာခဲ့တာ တွေ့ရပါတယ်။ အရင်တုန်းက မြန်မာပြည်မှာရှိနေတဲ့ INGOs တွေအပြင် အရင်တုန်းကမရှိသေးတဲ့ INGOs တွေ အများကြီးရောက်လာတာ တွေ့ရပါတယ်။ ဒီလိုဖြစ်တာဟာ မဆန်းပါဘူး။ နာဂစ်ရဲ့အတိုင်းအတာဟာ ကြီးမားပါတယ်။ ၂၀၀၈ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးမှာ အကြီးကျယ်ဆုံး သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ပါတယ်။**

အဖွဲ့အစည်းဟာ နာဂစ်တုံ့ပြန်မှုမှာ အင်နဲ့အားနဲ့ ပါဝင်ခဲ့ပါတယ်။ ASEAN အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာပြည်ကိုလာရောက်ပြီး တုံ့ပြန်မှုတွေကို ညှိနှိုင်းပေးခဲ့ပါတယ်။ TCG အနေနဲ့ဖြစ်ဖြစ်ချင်း နာဂစ်ရဲ့ဒဏ်ကိုသုံးသပ်စိစစ်နိုင်ဖို့အတွက် PONJA အစီရင်ခံစာ ထုတ်လုပ်ခဲ့ပြီး မကြာသေးမီက ပြန်လည်ထူထောင်ရေးမှာ အရေးလုတဲ့ PONREPP အစီရင်ခံစာကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ ဒီအစီရင်ခံစာတွေ ထုတ်လုပ်နိုင်ဖို့ စာရင်းဇယားတွေကောက်ခံရာမှာ မြန်မာလူငယ်တွေ တွင်တွင်ကျယ်ကျယ်ပါဝင်ခဲ့ကြတာ တွေ့ရတယ်။ ကျေနပ်စရာ၊ အားရစရာကောင်းလှပါတယ်။

နာဂစ်တုံ့ပြန်မှုနဲ့ပတ်သက်လာရင် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ International Non-Governmental Organizations (INGOs) ရဲ့အခန်းကို မေ့လို့မဖြစ်ပါဘူး။ INGOs တွေဟာ နာဂစ်မတိုင်မီ မြန်မာပြည်မှာ လှုပ်ရှားခဲ့ပါတယ်။ အထူးသဖြင့် လူမှုရေးလုပ်ငန်းတွေမှာ အထူးပြုနေကြတာတွေ့ရတယ်။ INGOs တွေမှာလည်း နိုင်ငံတကာအတွေ့အကြုံတွေအမျိုးမျိုးရှိတာ တွေ့ပါတယ်။

နာဂစ်ကြောင့် INGOs အသစ်တွေ အမြောက်အမြားဝင်လာခဲ့တာ တွေ့ရပါတယ်။ အရင်တုန်းက မြန်မာပြည်မှာရှိနေတဲ့ INGOs တွေအပြင် အရင်တုန်းက မရှိသေးတဲ့ INGOs တွေ အများကြီးရောက်လာတာ တွေ့ရပါတယ်။ ဒီလိုဖြစ်တာဟာ မဆန်းပါဘူး။ နာဂစ်ရဲ့အတိုင်းအတာဟာ ကြီးမားပါတယ်။ ၂၀၀၈ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးမှာ အကြီးကျယ်ဆုံး သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လည်း လူတွေကစိတ်ဝင်စားတယ်၊ ကူချင်တယ်၊ ပါချင်တယ်။ ပုံစံအမျိုးမျိုးနဲ့ ရောက်လာခဲ့ကြတယ်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကို အထူးပြုနေကြတဲ့ INGOs တွေရောက်လာတာ တွေ့ရပါတယ်။ သူတို့ဟာ နိုင်ငံတကာအတွေ့အကြုံရှိတာမို့ အလွန်တန်ဖိုးရှိပါတယ်။ အကျိုးရှိပါတယ်။ ဒါပေမဲ့ သူတို့မှာလည်း အားနည်းချက်တွေရှိတာ တွေ့ရတယ်။ နိုင်ငံတကာအတွေ့အကြုံရှိတာဟာ တစ်ဖက်ကကောင်းပေမယ့် အခြားနိုင်ငံက အတွေ့အကြုံတွေကို မြန်မာပြည်မှာ ပုံတူအသုံးချလို့မဖြစ်ပါဘူး။ ပကတိအခြေအနေနဲ့ယှဉ်မှ ထိထိရောက်ရောက်လုပ်နိုင်မှာဖြစ်တယ်။ Local Knowledge ဟာ အလွန်အရေးကြီးပါတယ်။ ဒီအသိတွေကို တခြားမှာ တွေ့နိုင်မှာမဟုတ်ပါဘူး။ ပြည်တွင်းမှာပဲ ရှိနိုင်မှာဖြစ်တယ်။ မြန်မာပြည်မှာ ဘာလုပ်လို့ရတယ်၊ ဘာကိုလုပ်လို့မရဘူးဆိုတာကို နားလည်ဖို့ခက်ပါတယ်။ အချင်းချင်းတောင် သိရခက်နေတာမို့ ပြင်ပပုဂ္ဂိုလ်တွေသိနိုင်ဖို့ဟာ မလွယ်ကူပါဘူး။ ဒီအသိမရှိရင် လုပ်ရကိုင်ရခက်ပါလိမ့်မယ်။

နာဂစ်အတွေ့အကြုံနဲ့ပတ်သက်လို့ စာရေးသူတင်ပြသွားတဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများရဲ့ ပါဝင်မှုမှာ UN, ASEAN နဲ့ INGOs တွေကို ဖော်ပြပေးခဲ့ပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ သူတို့ရလာတဲ့ အတွေ့အကြုံတွေကိုလည်း စုစည်းပြီးသုံးသပ်နေကြပါတယ်။ စာတမ်းတွေပြုစုနေကြတာတွေ့ရတယ်။

အမှန်တော့ အခုလို Lessons Learned ရရှိခဲ့တဲ့သင်ခန်းစာတွေ စုစည်းဖို့လိုတယ်။ ဒါဟာ Knowledge Management ဖြစ်ပါတယ်။ အလွန်အရေးပါတဲ့ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဖြစ်ခဲ့မှုတစ်ရပ်ကို သင်ခန်းစာမယူတတ်ရင် နောင်တစ်ချိန်ဖြစ်ရင် အခုလိုပဲ အခက်အခဲတွေ တွေ့နေရလိမ့်မယ်။

နာဂစ်လို သဘာဝဘေးအန္တရာယ်ဟာ အလွန်စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုဖြစ်တယ်။ ဒါပေမဲ့ ဒီအန္တရာယ်ကို ရင်ဆိုင်တဲ့အခါ ပြည်တွင်းအင်အားကို ပြည်ပကျွမ်းကျင်မှုတွေနဲ့ပေါင်းစပ်ဖို့ အရေးကြီးပါတယ်။ ပေါင်းစပ်ညှိနှိုင်းမှုအလုပ်ဟာ မလွယ်ကူလှပါဘူး။ သိမ်မွေ့ပါတယ်။ လုပ်တတ်ဖို့၊ ပါးနပ်ဖို့လိုပါတယ်။ သူများအားကိုးဖို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ပေးမယ့်သူတွေရှိရင် ကိုယ်လိုချင်တဲ့ပုံစံနဲ့ ရအောင်ယူတတ်ဖို့လိုအပ်ပါတယ်။ ဒီလိုယူတာဟာ မျက်နှာပျက်စရာမဟုတ်ပါဘူး။ အားငယ်စရာလည်း မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ရှိရင် အကျိုးရှိရှိ ယူနိုင်ပါတယ်။ ယူတတ်ဖို့သာ အရေးကြီးတာပါ။

အဆိုးထဲက အကောင်းအနေနဲ့ အခုဆိုရင် လူငယ်တွေရဲ့ ပါဝင်မှုဟာ သိသိသာသာ မြင်သာနေပါတယ်။ သူတို့ဟာ UN အဖွဲ့အစည်းတွေမှာ လုပ်ခဲ့ကြတယ်။ ASEAN အဖွဲ့အစည်းလုပ်ငန်းတွေမှာလည်း ပါဝင်ခဲ့ကြတယ်။ INGOs တွေမှာလည်း လုပ်ခဲ့ကြတယ်။ ဒီအတွေ့အကြုံရှိတဲ့လူငယ်တွေဟာ တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့စွမ်းအားတွေပဲ ဖြစ်ပါတယ်။ ဒီအားတွေဟာ အနာဂတ်အတွက် အလွန်အရေးပါလှပါတယ်။ သူတို့ပဲ အားထားရမှာ ဖြစ်တယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

■

www.foreverspace.com.mm



# “၅၀ ရာခိုင်နှုန်းနီးပါး Recover ဖြစ်ပါတယ်”

**WFP မှ Programme Officer ဒေါ်ဆွေဆွေဝင်းနှင့် တွေ့ဆုံခြင်း**

ကျော်နိုင်

**မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် မေလ ၂ ရက်က တိုက်ခတ်ခဲ့သော အင်အားအပြင်းထန်ဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း မြို့နယ်ကျေးရွာများ ရှိဒေသခံမုန်တိုင်းသင့်ပြည်သူ ၁ ဒသမ ၁ သန်းကျော်ကို ဆန်နှင့်အရေးပေါ်စားနပ်ရိက္ခာများ အဓိကပံ့ပိုးတာဝန်ယူဆောင်ရွက် လျက်ရှိသည့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ အရာထမ်းတစ်ဦးဖြစ်သူ Programme Officer ဒေါ်ဆွေဆွေဝင်းနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်များကို ကောက်နုတ်ဖော်ပြထားပါသည်။**



**L.C ။ ။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်တဲ့ ဒေသတွေမှာ တခြား UN Agencies တွေနည်းတူ WFP က အစောဆုံးဝင်ရောက်ခဲ့ပြီးတော့ အရေးပေါ်စားနပ်ရိက္ခာကိုလည်း အများဆုံး ထောက်ပံ့ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဘယ်လိုဘယ်ပုံလုပ်ငန်း စတင်ဆောင်ရွက်ခဲ့တယ်၊ ဘယ်လောက် အတိုင်းအတာအထိ ထောက်ပံ့ပေးနိုင်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါလား။**

**ဒေါ်ဆွေဆွေဝင်း။ ။** မုန်တိုင်းဖြစ်ပြီး ခုနစ်ရက်အတွင်းမှာ ကျွန်မတို့ Delta ကို ရောက်သွားပြီး ဆန်ဝေနိုင်ခဲ့ပါတယ်။ အဲဒီ Relief Team ကို ဦးကျော်ဦးမောင်က ဦးဆောင်ခဲ့ပါတယ်။ ရန်ကုန်မှာရှိတဲ့ တခြားတစ်နိုင်ငံလုံးက Project Area တွေအတွက် Store လုပ်ထားတဲ့ Food Stuff တွေနဲ့ Immediately Response လုပ်နိုင်ခဲ့ပါတယ်။ စဖြစ်ဖြစ်ပြီးချင်းနှစ်ရက်မှာ အဲဒီအတွက် ဒေါ်လာငါးသိန်းတန်တဲ့ Immediate Response Emergency Operation (IREMOP လို့ ခေါ်ပါတယ်) Project ကို Approval ရပါတယ်။ တစ်ချိန်ထဲမှာပဲ နောက်ထပ် Team တစ်ခုက ဘိုကလေးကို သွားတယ်။ အဲဒီပတ်ဝန်းကျင်က ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ ဒေးဒရဲမြို့နယ်တွေ ပါတယ်။

၂၀၀၈ ခုနှစ် မေလကနေ ၂၀၀၉ ခုနှစ် ဧပြီလ တစ်နှစ်မြောက်တဲ့အထိ လပွတ္တာ၊ ငပုတော၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မအူပင်၊ ရန်ကုန်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တွေက မုန်တိုင်းသင့်ပြည်သူ ၁,၁၀၀,၆၀၂ ယောက်ကို ဆန်နဲ့ စားနပ်ရိက္ခာအမျိုးမျိုး မက်ထရစ်ပေါင်း ၈၆၃၃၉ ဒသမ ၄ တန် ဖြန့်ဝေနိုင်ခဲ့ပါတယ်။ အဲဒီလိုဝေနိုင်ဖို့ NGO အဖွဲ့ ၁၄ ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်မ နည်းနည်း Hi-Light လုပ်ချင်တာက WFP က တိုက်ရိုက်ဖြန့်ဝေတဲ့အလုပ် မလုပ်ပါဘူး။ သွားပြီးတော့ Assessment အရင်လုပ်တယ်။ ဒီ Assessment Team ကို ကျွန်မတို့က Organize လုပ် ဦးဆောင်ပေးတယ်။ အဲဒီ NGO တွေနဲ့အတူ Assessment သွားလုပ်ရင်း သွားလာရခက်ခဲတဲ့နေရာတွေမှာ တစ်ခါထဲ Relief Assistance တွေ လုပ်ပေးခဲ့ပါတယ်။ IREMOP ကတော့ တစ်လစာ Assistance ပေါ့နော်။ ဒါပေမဲ့ ၁၅ ရက်အတွင်းမှာပဲ တစ်နှစ်စာ Project ကို ရန်ကုန်မှာ Program လုပ်ပြီးတော့ Ap-

www.foreverspace.com.mm



provalတစ်ခါထဲကျပါတယ်။ အားလုံးစုစုပေါင်း ဒေါ်လာ ၁၁၄ သန်းဖိုးပေါ့။ မေလ ၅ ရက်ကနေ ၁၅ ရက်အထိကတော့ IRE-MOP Project ပေါ့။ မေလ ၁၁ ရက်မှာ တစ်နှစ်စာ Project က Approval ကျတယ်။ ၂၀၀၈ နိုဝင်ဘာအထိပေါ့။ အဲဒီ Project ကိုပဲ ၂၀၀၉ မေလအထိ ထပ်တိုးလိုက်ပါတယ်။ အခု လုပ်နေတာက ၂၀၀၉ မေလကနေ နှစ်ကုန်မယ့် ဒီဇင်ဘာလအထိ စတုတ္ထမြောက် Project ပါ။ အဲဒီလို Extensionသုံးခါလုပ်ပြီးတဲ့သကာလမှာ ကျွန်မတို့ရဲ့ Total Budget က အမေရိကန်ဒေါ်လာ ၁၁၇,၉၅၇,၅၁၁ ဖိုး ရှိသွားပါတယ်။ ဒါ TCG ကို Report တင်ထားတဲ့ပမာဏပါ။ လျာထားတာက လူဦးရေ ၉၂၄,၀၀၀ ဆိုပေမယ့် တကယ်တမ်းပံ့ပိုးနိုင်ခဲ့တာက ၁ ဒသမ ၁ သန်းကျော်ပါ။ ရန်ကုန်အပါအဝင်ပေါ့နော်။

၂၀၀၈ ခုနှစ် အောက်တိုဘာလလောက်မှာ Recover ဖြစ်လောက်တဲ့ဒေသတွေမှာ ရိက္ခာဝေခြမ်းတာကို တဖြည်းဖြည်းရပ်ခဲ့ပါတယ်။ တကယ့် Peak Season မှာတုန်းက ရှိသမျှလူတွေကို Assist လုပ်ပေးခဲ့တယ်ပေါ့နော်။ ဒါပေမဲ့ အောက်တိုဘာနောက်ပိုင်းမှာ Targeted ပြည်သူတွေကိုပဲ လုပ်ပေးခဲ့တယ်။ သူတို့ Recover ပြန်ဖြစ်နိုင်မယ့် Activities တွေကိုစပြီးလုပ်တယ်။ အဲဒီမှာ ကျွန်မတို့ Food for Work ကို စလုပ်ခဲ့ပါတယ်။ တကယ်တမ်းတော့ အဲဒီ အောက်တိုဘာကနေ ဒီဇင်ဘာလလောက်အတွင်းမှာ Food for Work လုပ်ရအောင် သူတို့ Recover မဖြစ်သေးပါဘူး။ သူတို့ Day to Day Survival အတွက်ကို လုံးပန်းနေကြရတာ။ တကယ့်တမ်း Food for Work ကို စလုပ်ဖြစ်တာက ဇန်နဝါရီနောက်ပိုင်းမှပါ။

**L.C ။ ။ ဆန်အပြင် အဓိက ဖြန့်ဝေပေးတဲ့ ရိက္ခာအမျိုးအစားတွေက ကော။**

**ဒေါ်ဆွေဆွေဝင်း ။ ။** Food Distribution မှာ ဆန်ရယ်၊ ပဲရယ်၊ ဆီရယ်၊ ဆားရယ်ကတော့ အဓိက Commodity လေးခုပေါ့။ နောက်ပြီးတော့ RTEM (Ready to Eat Meal) အဲဒါကတော့ မုန့်တိုင်းအပြီး တစ်လလောက်အတွင်းမှာ အရမ်းကိုဝေးလံတဲ့နေရာတွေကို ဝေပေးတာ။ ချက်ပြီးသား ပြုတ်ပြီးသားအစာတွေပေါ့။ နောက်တစ်မျိုးက HEB လို့ခေါ်တဲ့ High Energy Biscuit အာဟာရဖြည့်ထားတဲ့ ဘီစကစ်ပေါ့နော်။ နောက်တစ်မျိုးကတော့ BF (Blanded Food) ပါ။ Bland Food က Suplementary Food Distribution ပါ။ ပထမဝေခဲ့တာတွေက General Food Distribution ပါ။ လူထုထဲမှာ ပိုပြီးတော့ Vulnerable ဖြစ်တဲ့ ကိုယ်ဝန်ဆောင်မိခင်တွေ၊ မွေးကင်းစမိခင်တွေနဲ့ ငါးနှစ်အောက်က လေးငယ်တွေပေါ့နော်။ သူတို့ကို အာဟာရဖြည့်စွမ်းပေးဖို့ ပိုပြီးတော့ လိုအပ်ပါတယ်။ ကျွန်မတို့ပေးခဲ့တဲ့ Ration (ခွဲတမ်း) ဟာ သူတို့လိုအပ်မယ့် Nutrition (အာဟာရ) ကို ပြည့်စုံအောင်မဖြည့်ပေးနိုင်ဘူးလို့ ယူဆလို့ ထပ်ပြီးဖြည့်ဆောင်းပေးတဲ့အနေနဲ့ Suplementary Feeding လုပ်ပေးပါတယ်။ အဲဒါက Blanded Food ပေးတာပါ။ ဂျုံ၊ အာဟာရမှုန့်တွေနဲ့လုပ်ထားတဲ့မုန့်ပါ။ Modify လုပ်ထားတဲ့ Food ပါ။

**L.C ။ ။ နောက်တစ်ခုက WFP က စားနပ်ရိက္ခာတွေဝေခြမ်းတဲ့အပြင် ရဟတ်ယာဉ်နဲ့ တခြားသယ်ယူပို့ဆောင်ရေးတာဝန်တွေကိုပါ ဆောင်ရွက်ပေးတာတွေကို ရပါတယ်။ ကိုယ့်လုပ်ငန်းအတွက် သုံးတာတင်မကဘဲ အခြား NGO နဲ့ INGO အဖွဲ့အစည်းတွေအတွက်ပါ သယ်ယူပို့ဆောင်ပေးနေတာပေါ့နော်။ အဲဒါကို ရှင်းပြပေးပါဦး။**

**ဒေါ်ဆွေဆွေဝင်း ။ ။** ဟုတ်ကဲ့။ ကျွန်မခုနကရှင်းပြခဲ့သလို နာဂစ်အတွက် ကျွန်မတို့မှာ Emergency Operation အပြင်ကို Special Operation ဆိုတာ ရှိတယ်။ အဲဒီ Operation ကတော့ ကျွန်မတို့ Logistics ပေါ့နော်။ Logistics Capacity ကို ဖြည့်ဆောင်း



www.foreverspace.com.mm

ပေးပါတယ်။ ဘယ် UN Agency ထဲမှာမဆို ကျွန်မတို့ရဲ့ Logistics Capacity က အင်အားအကြီးဆုံးပါ။ Emergency တိုင်းကို ရှေ့ဆုံးကသွားပြီး Delivery လုပ်ပေးပါတယ်။ IASC (Internal Agency Standing Committee) ကနေ သတ်မှတ်ထားတဲ့ Cluster Approach နဲ့သွားတဲ့အခါ Food ရယ်၊ Logistics ရယ်နဲ့ Telecom ရယ်ကို ကျွန်မတို့ WFP က တာဝန်ယူရပါတယ်။ Food ကို Emergency Operation က သွားတယ်။ Logistics နဲ့ Telecom က Special Operation ကနေသွားပါတယ်။ အဲဒီအတွက် Budget ကို အမေရိကန်ဒေါ်လာ ၄၁ သန်းလောက် သုံးထားပါတယ်။ Logistics မှာ ခုနကပြောတဲ့ ရဟတ်ယာဉ်နဲ့ သယ်ယူပို့ဆောင်မှု ပါပါတယ်။ Telecom မှာကတော့ အရေးပေါ်အခြေအနေကာလမှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ Agency တစ်ခုကနေ တခြား Agency တစ်ခု ဆက်သွယ်ဖို့ ရေဒီယို Communication နဲ့ နောက် iPSTAR တို့လို အင်တာနက်၊ Email တွေကို ကျွန်မတို့ဘက်က Technical Staff တွေက ချက်ချင်းတပ်ဆင်ပေးပြီး Field ထဲမှာ ချက်ချင်းဆက်သွယ်မှုရအောင် လုပ်ပေးခဲ့ပါတယ်။ တစ်ပတ်လောက်အတွင်းမှာ ကျွန်မတို့က Humanitaraion Air Service ကို WFP က Lead လုပ်ပေးနိုင်ခဲ့ပါတယ်။ ဘန်ကောက်ကိုရောက်လာသမျှ နိုင်ငံပေါင်းစုံ၊ INGO နဲ့ အေဂျင်စီပေါင်းစုံက Assistances တွေကို ကျွန်မတို့က ဒီ Budget နဲ့ သယ်ယူပို့ဆောင်ပေးခဲ့ရပါတယ်။ ဘန်ကောက်ကနေ ရန်ကုန်လေဆိပ်၊ ရန်ကုန်လေဆိပ်ကနေ Relief Area ကိုပါ ရဟတ်ယာဉ်သာမကဘဲ သင်္ဘောတွေ၊ ကားတွေ Channel ပေါင်းစုံနဲ့ ကျွန်မတို့ပို့ဆောင်ပေးခဲ့ပါတယ်။ ရဟတ်ယာဉ် ၁၁ စင်းနဲ့ Relief Items တွေ ပို့ပေးတယ်။ လူတွေကိုလည်း သယ်ယူပို့ဆောင်ပေးခဲ့တယ်။ အခုအချိန်အထိ ရဟတ်ယာဉ်တစ်စင်းနဲ့ ဆက်ပို့ပေးနေပါတယ်။ WFP အတွက်သာမဟုတ်ပါဘူး။ နာဂစ်ဒေသက Humanitarian Agency တွေအားလုံးအတွက်ပါ။ Agency ပေါင်းစုံရဲ့ Logistics ကိစ္စတွေ မှန်သမျှကို ကျွန်မတို့ WFP က Facilitate လုပ်ပေးပါတယ်။ Ware-

**၂၀၀၈ ခုနှစ် မေလကနေ ၂၀၀၉ ခုနှစ် ဧပြီလ တစ်နှစ်ပြောက်တဲ့အထိ လပွတ္တာ၊ ငပုတော၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မအူပင်၊ ရန်ကုန်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တွေက မုန်တိုင်းသင့်ပြည်သူ ၁,၁၀၀,၆၀၂ ယောက်ကို ဆန်နဲ့ စားနပ်ရိက္ခာအမျိုးမျိုး မက်ထရစ်ပေါင်း ၈၆၃၃၉ ဒသမ ၄ တန် ဖြန့်ဝေနိုင်ခဲ့ပါတယ်။ အဲဒီလိုဝေနိုင်ဖို့ NGO အဖွဲ့ ၁၄ ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရပါတယ်။**



www.foreverspace.com.mm

house, Boat ၊ သင်္ဘောတွေနဲ့ သယ်တာပြုတာတွေ အပါအဝင်ပေါ့။ ဒီ Special Operation က လာမယ့်ဩဂုတ်လမှာ သက်တမ်းကုန်မယ်။ ဒါပေမဲ့ Extend လုပ်ဖြစ်မယ်လို့ ယူဆရပါတယ်။ အစိုးရအပေါ်မှာ မူတည်တာပေါ့နော်။

**L.C ॥ ॥ ဝန်ထမ်းအင်အားကရော။ Foreign Staff တွေရော ပါပါသလား။**

**ဒေါ်ဆွေဆွေဝင်း ॥** ॥ အရင်က ၂၀၀ ကျော်ရှိရာကနေ နာဂစ်လည်းဖြစ်ပြီးရော ၅၀၀ ကျော်အထိ တိုးလာခဲ့ပါတယ်။ Majority က Local Staff တွေပါ။ Emergency ကိစ္စတွေမှာ ပုံမှန်ဆိုလို့ရှိရင် International Staff တွေ အများကြီးဝင်လာလေ့ရှိပါတယ်။ ဒါပေမဲ့ ဒီမှာက ဗီဇာပြဿနာတွေ ဘာတွေနဲ့ဆိုတော့ တခြား Asia Region က National Staff တွေကို ဒီကိုလွှတ်ပြီး တာဝန်ထမ်းဆောင်စေတာပေါ့နော်။ သူတို့က Head တွေအနေနဲ့ ရုံးတွေမှာ ထိုင်တယ်ပေါ့နော်။ ကျွန်မတို့ ဒီမှာက ရုံးသုံးရုံးဖွင့်ပြီးတော့ အလုပ်လုပ်ပါတယ်။ လပွတ္တာ၊ ဘိုကလေးနဲ့ ဖျာပုံပေါ့နော်။ အဲဒီမှာ Tempory Duty အနေနဲ့ ကျွန်မတို့ရဲ့ Nabouring Country တွေက အာရှဒေသမှာရှိတဲ့ WFP ရုံးစိုက်တဲ့နိုင်ငံတွေကလာပြီး တာဝန်ထမ်းဆောင်ပေးပါတယ်။ ဒါပေမဲ့ Majority ကတော့ Local Staff ၊ PRO Operation က Staff တွေပဲ Assessment နဲ့ Running Operation ကို အကုန်လုံး တာဝန်ယူရတာပါပဲ။

**L.C ॥ ॥ WFP က ဒီနာဂစ်ဒေသမှာ စားနပ်ရိက္ခာထောက်ပံ့မှု Relief နဲ့ Logistics လုပ်ငန်းတွေအပြင် တခြားပြန်လည်ထူထောင်ရေး (Rehabilitation) လုပ်ငန်းတွေနဲ့ပတ်သက်လို့ ဘာတွေများလုပ်ပေးနေပါသေးလဲ။**

**ဒေါ်ဆွေဆွေဝင်း ॥** ॥ ကျွန်မတို့ရဲ့ Objectives မှာ Recovery ပါပါတယ်။ Food for Work လုပ်ပေးပါတယ်။ လမ်းဖောက်တယ်။ တံတားတွေဆောက်တယ်။ ရေကန်တွေ လုပ်ပေးတယ်။ သူတို့ရဲ့ Livelyhood Activities တွေအ တွက် ဒီ Infrastructure တွေက အဓိကလိုအပ်တယ်။ ၂၀၀၉ ဇန်နဝါရီကနေစပြီး လေးလအတွင်းမှာ ဒီအခြေခံအဆောက်အဦ (Infrastructure) တွေ တော်တော်များများလုပ်ပေးခဲ့ပါတယ်။ နောက် Food for Training အစီအစဉ်တွေလည်း ပါပါတယ်။

**L.C ॥ ॥ WFP ရဲ့ ပုံမှန် Operation တွေနဲ့ ဒီနာဂစ်ဒေသ Operation ပမာဏကွာခြားချက်က။**

**ဒေါ်ဆွေဆွေဝင်း ॥** ॥ ကျွန်မတို့ ပုံမှန်လုပ်နေတဲ့ On Going Operation တွေရှိပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မကွေး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တွေမှာပါ။ အဲဒီဒေသတွေမှာ တစ်နှစ်တစ်နှစ်ကို ပျမ်းမျှ ဆန်တန်ချိန် နှစ်သောင်းသုံးထောင်ပတ်ဝန်းကျင်လောက် ကျွန်မတို့ As

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများ၌ ၂၀၀၈ ခုနှစ် မေလမှ ၂၀၀၉ ခုနှစ် ဧပြီလအထိ **WFP** ၏ စားနပ်ရိက္ခာပံ့ပိုးမှုစာရင်း (မက်ထရစ်တန်ပေါင်း)

| အမျိုးအမည် | လပွတ္တာ | ငပုတော | ဘိုကလေး | မော်လမြိုင်ကျွန်း | ဒေးဒရဲ | ဖျာပုံ | ကျိုက်လတ် | မအူပင် | ရန်ကုန် | တွံတေး | ဆိပ်ကြီးခနောင်တို | ဒလ | ကော့မှူး | ကွမ်းခြံကုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဆန် | ၁၆၈၉၁.၆ | ၁၁၃၆၆.၄ | ၁၃၃၈၂.၄ | ၇၅၅၃.၀ | ၄၀၅၁.၅ | ၈၇၂၄.၅ | ၂၁၉၀.၃ | ၄၀.၁ | ၇၉.၀ | ၄၆၁.၇ | ၁၆၅.၄ | ၃၅၉.၄ | ၇၅၂.၈ | ၆၂၃.၉ | ၆၆၈၂၁.၈ |
| ပဲ | ၃၂၉၁.၈ | ၁၉၅၂.၃ | ၂၅၇၂.၈ | ၁၈၄၂.၇ | ၈၅၈.၉ | ၁၈၀၁.၁ | ၃၁၈.၉ | – | ၆၀၀.၇ | ၁၅၈.၃ | ၅.၃ | – | – | – | ၁၃၄၀၂.၈ |
| ဆီ | ၁၀၄၇.၅ | ၅၆၇.၅ | ၈၄၁.၇ | ၅၃၉.၅ | ၂၆၉.၅ | ၅၁၈.၄ | ၁၁၁.၂ | – | ၁၁၅.၆ | ၄၉.၆ | ၂.၂ | – | – | – | ၄၀၆၂.၈ |
| ဆား | ၁၄၀.၁ | ၉၄.၇ | ၁၃၅.၅ | ၈၀.၀ | ၄၀.၄ | ၉၉.၃ | ၂၄.၇ | – | – | ၆.၇ | ၂.၈ | ၆.၀ | ၁၀.၇ | ၁၂.၀ | ၆၅၃.၀ |
| RTEM | ၆.၇ | – | ၆.၀ | – | – | – | – | – | ၀.၃ | – | – | – | – | – | ၁၃.၀ |
| HEB | ၂၈.၇ | – | ၅၁.၆ | – | ၉.၇ | ၂၄.၆ | ၀.၃ | – | ၂၅.၀ | – | – | – | – | – | ၁၄၀.၀ |
| BF | ၂၈၃.၅ | ၁၁၄.၇ | ၃၉၇.၇ | ၁၇၂.၀ | ၈၀.၅ | ၁၉၀.၄ | ၇.၃ | – | – | – | – | – | – | – | ၁၂၄၆.၀ |
| **စုစုပေါင်း** | **၂၁၆၈၉.၉** | **၁၄၀၉၅.၇** | **၁၇၃၈၇.၈** | **၁၀၁၈၇.၁** | **၅၃၁၀.၄** | **၁၁၃၅၈.၄** | **၂၆၅၂.၇** | **၄၀.၁** | **၈၂၀.၆** | **၈၅၆.၃** | **၁၇၅.၈** | **၃၆၅.၄** | **၇၆၃.၅** | **၆၃၅.၉** | **၈၆၃၃၉.၄** |

RTEM = Ready to Eat Meal (အသင့်စားရိက္ခာ)၊ HEB = High Energy Biscuit (အားဖြည့်ဘီစကစ်မုန့်)၊ BF= Blanded Food (အာဟာရ)၊

Source : WFP

www.foreverspace.com.mm



sist လုပ်ပေးနေရတယ်။တကယ်တမ်း WFP မြန်မာနိုင်ငံမှာ စခဲ့တာ ၁၉၉၄ ကတည်းပါ။ နာဂစ်ဒေသမှာကတော့ တစ်နှစ်အတွင်းမှာတင် ဆန်တန်ချိန် ၈၆,၀၀၀ ကျော်ဝေခဲ့ရပါတယ်။ သုံးဆကျော်လေးဆနီးပါး ကွာပါတယ်။

**L.C ။ ။ နာဂစ်ဒေသမှာ Operation လုပ်နေစဉ်ကာလမှာ အဓိကတွေ့ကြုံရတဲ့ Challenge က ဘာပါလဲ။**

**ဒေါ်ဆွေဆွေဝင်း ။ ။** Major Challenge ကတော့ Logistics Capacity ပါ။ ဒီနိုင်ငံမှာ ဒီလောက်ကြီးတဲ့ Emergency ကြီးတစ်ခုကို ရုတ်တရက်ကြီး Facilitate လုပ်ဖို့ရာ သင်္ဘောတို့၊ ကားတို့၊ လေယာဉ်တို့လို Transport Facility တွေ သိပ်ပြီးမလုံလောက်သေးဘူး။ Food တွေကို ကျွန်မတို့ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်စီစဉ်ပေးနိုင်ပေမယ့် Transport က ကြာတယ်။ အထူးသဖြင့် ဒီလိုဧရိယာတွေကို Focus လုပ်ပြီး အချိန်မီပို့ဆောင်ပေးဖို့ လိုအပ်နေပါသေးတယ်။ ဒီလိုဧရိယာမှာ အချိန်မီမလုပ်နိုင်ပေမယ့် တခြားဧရိယာတွေမှာတော့ အချိန်မီလုပ်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုက Food ကို Resource အနေနဲ့ ဝယ်ရတဲ့အခက်အခဲပါပဲ။ Resource အနေနဲ့ ကျွန်မတို့မှာ Contribution တွေ၊ Budget တွေရှိတယ်။ ဒါပေမဲ့ ဝယ်ရတဲ့အခါမှာ အခက်အခဲရှိတယ်ပေါ့နော်။ အရင် On Going Operation တွေမှာ PRO ဧရိယာတွေအတွက် ကျွန်မတို့က ဆန်ကို ဒီနိုင်ငံကပဲဝယ်တယ်။

**L.C ။ ။ ဒေါ်ဆွေဆွေဝင်းတို့ Survey လုပ်ထားတာ ရှိမှာပေါ့။ ဒီ နာဂစ်ဧရိယာကြီးတစ်ခုလုံးမှာ Food Security အတွက် WFP က Support လုပ်ပေးနိုင်ခဲ့တာ ဘယ်လောက်ရာခိုင်နှုန်းလောက် Recover ဖြစ်ခဲ့ပါသလဲ။**

**ဒေါ်ဆွေဆွေဝင်း ။ ။** ကျွန်မတို့လက်လှမ်းမီသလောက် ရယူထားတဲ့ Data တွေအရ WFP က လူဦးရေကိုးသိန်းကျော်လောက်ကိုပဲ Assist လုပ်ပေးနိုင်ခဲ့တယ်ပေါ့နော်။ တကယ် Affect (ထိခိုက်) ဖြစ်သွားတာက ၂ ဒသမ ၄ သန်းကျော်ကိုပါ။ လူတိုင်းကို Recover ဖြစ်ချင်မှဖြစ်ပေမယ့် တခြား INGO တွေကလည်း ကျွန်မတို့လိုပဲ Commondity တွေ ဝေပေးတဲ့အတွက် ဧရိယာချင်းမတူတဲ့အတွက် ဒီအထောက်အပံ့တွေရကြမှာပါ။ ကျွန်မအထင်တော့ ၅၀ ရာခိုင်နှုန်းနီးပါးလောက် Recover ဖြစ်မှာပါ။

**L.C ။ ။ နောက်ထပ်တိုးချဲ့မယ့် အစီအစဉ်တွေ ရှိပါသေးသလား။**

**ဒေါ်ဆွေဆွေဝင်း ။ ။** နောက် Activity တစ်မျိုး ထပ်တိုးပါတယ်။ ကျွန်မတို့ Targeted General Food Distribution က တကယ်တမ်းလိုအပ်တဲ့ The Most Vulnerable တွေကိုဆက်ပြီး ဝေပေးပါတယ်။ သူတို့ရဲ့ Livelyhood ကိုက Fully Recover မဖြစ်သေးတဲ့သူတွေကိုပေါ့။ အဲဒီ Population ရဲ့ရာခိုင်နှုန်းတချို့ပေါ့နော်။ ကိုယ်ဝန်ဆောင်မိခင်တွေပါမယ်၊ ကလေးမိခင်တွေပါမယ်၊ ငါးနှစ်အောက်ကလေးတွေပါမယ်။ သူတို့ကို Supplementary Feeding ဆက်လုပ်ပေးတယ်။ နောက်တစ်ခုက Food for Work ။ ဒီတစ်ခေါက်မှာတော့ စိုက်ပျိုးတဲ့ရာသီဖြစ်တဲ့အတွက် Food Security ကိုရော Promote လုပ်တဲ့အနေနဲ့ပေါ့။ ဒီအချိန်မှာ သူတို့မစိုက်နိုင်ရင် လာမယ့်ရိတ်သိမ်းရာသီကျရင် ဘာသွားစားကြမတုန်း။ အဲဒီလိုဆိုရင် ကျွန်မတို့ ဘယ်တော့မှ ဒီနေရာက ထွက်နိုင်ကြမှာမဟုတ်ဘူး။ Exit Strategy ကိုပါ ကျွန်မတို့ စဉ်းစားရတယ်။ Recovery အတွက် Agriculture Activity ကို Food for Work အနေနဲ့ လုပ်သွားမယ်လို့ စီစဉ်ထားတယ်။ Infrastructure တွေကိုလည်း လိုအပ်တဲ့နေရာတွေမှာ ထပ်ပြီးလုပ်ပေးဖို့ စီစဉ်ထားပါတယ်။ လပွတ္တာ၊ ဘိုကလေး၊ ငပုတောဧရိယာတွေမှာ ကျွန်မတို့ ဆက်ရှိနေဦးမှာပါ။

**ကျော်နိုင်**

■

**ကျွန်မတို့ရဲ့ Objectives မှာ Recovery ပါ ပါတယ်။ Food for Work လုပ်ပေးပါတယ်။ လမ်းဖောက်တယ်။ တံတားတွေဆောက်တယ်။ ရေကန်တွေ လုပ်ပေးတယ်။ သူတို့ရဲ့ Livelyhood Activities တွေအတွက် ဒီ Infrastructure တွေက အဓိကလိုအပ်တယ်။**



www.foreverspace.com.mm



# ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)

**မြန်မာနိုင်ငံရှိ စားနပ်ရိက္ခာအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများ၌ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပို့ဆောင်မှုကို အဓိကပံ့ပိုးဆောင်ရွက်နေသည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ဖြစ်သည်။**

- ❑ မြန်မာနိုင်ငံ၌ ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ရုံးခွဲဖွင့်လှစ်ပြီးလုပ်ငန်းများစတင်ခဲ့။
- ❑ ရခိုင်ပြည်နယ် မောင်တောမြို့၊ မကွေးတိုင်း မကွေးမြို့၊ ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်အထူးဒေသ (၁) လောက်ကိုင်မြို့၊ ဝအထူးဒေသ ပန်ဆန်းမြို့နှင့် လားရှိုးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် ရုံးခွဲစုစုပေါင်း ခုနစ်ခု ဖွင့်လှစ်ထားပြီး ဆန်နှင့် စားနပ်ရိက္ခာ အဓိကပံ့ပိုးဆောင်ရွက်လျက်ရှိ။
- ❑ ဌာနေကိုယ်စားလှယ်မှာ Mr.Chris Kaye ဖြစ်ပြီး Programme Officer သုံးဦးနှင့် ဝန်ထမ်းအင်အားစုစုပေါင်း ၃၅၀ ဦးခန့်ရှိ။
- ❑ မြန်မာနိုင်ငံရှိ စားနပ်ရိက္ခာအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ပြည်သူငါးသန်းခန့်အနက် ၁၀ ရာခိုင်နှုန်းဖြစ်သော ငါးသိန်းကျော်ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိဟုဆို။
- ❑ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံနှင့် မော်လမြိုင်ကျွန်းမြို့တို့တွင် ရုံးခွဲများသွားရောက်ဖွင့်လှစ်ပြီး ၂၀၀၈ ခုနှစ် မေလမှ ၂၀၀၉ ခုနှစ် ဧပြီလအထိ တစ်နှစ်အတွင်း ပြည်တွင်းပြည်ပ NGO ၁၄ ဖွဲ့နှင့် ပူးပေါင်း၍ လပွတ္တာ၊ ငပုတော၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မအူပင်၊ ရန်ကုန်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့ရှိ မုန်တိုင်းသင့်ပြည်သူ ၁,၁၀၀,၆၀၂ ဦးကို ဆန်နှင့်အရေးပေါ်စားနပ်ရိက္ခာအမျိုးမျိုး မက်ထရစ်တန်ပေါင်း ၈၆,၃၃၉ ဒသမ ၄ တန် တာဝန်ယူဖြန့်ဝေနိုင်ခဲ့ကာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအထိ အမေရိကန်ဒေါ်လာ ၁၁၇ သန်းကျော်ဖိုး စားနပ်ရိက္ခာ ပံ့ပိုးသွားမည်ဟုဆို။
- ❑ ထို့အပြင် မုန်တိုင်းသင့်ဒေသများ၌ အခြားကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် ပြည်တွင်းပြည်ပကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့အစည်းများအတွက် လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်၊ ဂိုဒေါင် စသည့် ထောက်ပံ့ပို့ဆောင်မှု (Logistics) နှင့် အင်တာနက်နှင့် ရေဒီယိုဆက်သွယ်မှု (Telecommunication) ဝန်ဆောင်မှုတို့ကိုပါ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၀၉ ခုနှစ် ဩဂုတ်လအထိ ယင်းကဏ္ဍအတွက် ဘတ်ဂျက်အမေရိကန်ဒေါ်လာ ၄၁ သန်းကျော်အသုံးပြုသွားမည်ဟုဆို။
- ❑ ၂၀၀၇ ခုနှစ်၌ ကြွက်များဖျက်ဆီးမှုကြောင့် စားနပ်ရိက္ခာအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ချင်းပြည်နယ်မြောက်ပိုင်းဒေသများရှိ ဒေသခံပြည်သူ ၄၇၀,၀၀၀ ကျော်ကို Food For Work အစီအစဉ်ဖြင့် KMSS, GRAT, CAD, World Vision စသည့် ပြည်တွင်းပြည်ပ NGO များနှင့် ပူးပေါင်း၍ အမေရိကန်ဒေါ်လာ ၃၄၀,၀၀၀ ဖိုး ဆန်နှင့်စားနပ်ရိက္ခာများ ပံ့ပိုးခဲ့။
- ❑ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါ (AIDS) တိုက်ဖျက်ရေးစီမံကိန်းများကို အခြား INGO များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ။
- ❑ လက်ရှိဆောင်ရွက်နေသော Protracted Relief and Recovery Operation (PRO) နှင့် Emergency Operation (EMO) စီမံကိန်းများအပြင် မကြာမီကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိုးချဲ့ပံ့ပိုးဆောင်ရွက်သွားမည်ဟုဆို။

❑ **ဆက်သွယ်ရန်လိပ်စာ**

ဒေါ်ဆွေဆွေဝင်း (Programme Officer)
ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ရုံး
ဒူးဆစ်အင်းလျားလိတ်ဟိုတယ် (ဒုတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်၊ ဖုန်း-၆၆၂၈၆၁၊ ၆၆၂၆၂၉

www.foreverspace.com.mm



# ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)

**မြန်မာနိုင်ငံ၌ စားနပ်ရိက္ခာဖူလုံရေးသာမက လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ သစ်တောကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့်အထောက်အပံ့များ အဓိကပံ့ပိုးကူညီလျက်ရှိသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းဖြစ်သည်။**

- မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ဌာနေကိုယ်စားလှယ်ရုံးဖွင့်လှစ်ခဲ့။
- လက်ရှိဌာနေကိုယ်စားလှယ်မှာ Dr.Shin Imai ဖြစ်ပြီး နိုင်ငံခြားသားကျွမ်းကျင်သူနှင့်ဝန်ထမ်း ၂၀ ဦးခန့်နှင့် ပြည်တွင်းဝန်ထမ်း စုစုပေါင်း ၁၀၀ ဦးကျော်ရှိ။
- ပန်ခန်း ဝအထူးဒေသ (၂)၊ မော်လမြိုင်၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ မန္တလေး၊ စစ်တွေမြို့နယ်တို့နှင့် နာဂစ်မုန်တိုင်းဒဏ်သင့် ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ဖျာပုံမြို့နယ်တို့တွင် ရုံးခွဲများဖွင့်လှစ်ထား။
- မြန်မာနိုင်ငံတစ်ဝန်း စားနပ်ရိက္ခာမဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရန်၊ စားနပ်ရိက္ခာ၊ လယ်ယာစိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ လယ်ယာ၊ သားငါးနှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူရရှိစေရန်၊ သဘာဝအရင်းအမြစ်များထုတ်ယူသုံးစွဲမှုကို ထိန်းသိမ်းရန်နှင့် စားနပ်ရိက္ခာ၊ လယ်ယာစိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောကဏ္ဍ နည်းပညာများဖြန့်ချိရန် ရည်ရွယ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနတို့အပြင် အခြားကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ INGO နှင့် NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ။
- ၁၉၇၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ် ၃၀ ကာလအတွင်း လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ သစ်တောကဏ္ဍတို့အတွက် ပြည်တွင်းစီမံချက် (Projects) ပေါင်း ၁၀၀ ကျော်နှင့် ပြည်ပဒေသတွင်းစီမံချက်အမြောက်အမြားကို ငွေကြေးနှင့်နည်းပညာပံ့ပိုးဆောင်ရွက်ခဲ့ဟုဆို။
- ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်တို့တွင် ပြည်တွင်း၌ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ယင်းရောဂါကင်းစင်ကြောင်းကြေညာနိုင်ခဲ့။
- နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများတွင် မျိုးစပါးနှင့် သီးနှံမျိုးစေ့များ၊ မြေဩဇာနှင့်စိုက်ပျိုးရေးကိရိယာများ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး Kits များ၊ မွေးမြူရေးတိရစ္ဆာန်များ၊ ကျွဲ၊ နွားများ၊ တိရစ္ဆာန်ဆေးဝါးများ၊ ငါးဖမ်းကိရိယာများ၊ ငါးဖမ်းလှေနှင့် ပိုက်များ၊ သစ်သီးဝလံမျိုးစေ့များ၊ ပျိုးပင်များနှင့် ဒီရေတောပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နည်းပညာပံ့ပိုးမှုအပါအဝင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၁ သန်းကျော်သုံးစွဲရန်ရည်မှန်းထား။
- အာရှပစိဖိတ်၊ ဒေသတွင်းနှင့် ပြည်ပနိုင်ငံများတွင်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အစည်းအဝေးပွဲများသို့ သက်ဆိုင်ရာဌာနများမှ အရာရှိ၊ အရာထမ်း၊ ပညာရှင်များကို နှစ်စဉ်စေလွှတ်တက်ရောက်နိုင်ရန် စီစဉ်ပံ့ပိုးဆောင်ရွက်ပေး။
- ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ် ဇူလိုင်လအထိ ပြည်တွင်း၌ ဝန်ကြီးဌာနသုံးခုနှင့်ပူးပေါင်း၍ လုပ်ငန်းစီမံချက် ၁၂ ခုနှင့် အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ လုပ်ငန်းစီမံချက်ရှစ်ခု ဆောင်ရွက်လျက်ရှိဟုဆို။
- **ဆက်သွယ်ရန်လိပ်စာ**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့

Food and Agriculture Organization of the United Nations (FAO)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲဝင်း၊ အင်းစိန်လမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၆၄၁၆၇၂၊ ၆၄၁၆၇၃၊

ဖက်စ်– ၆၄၁၅၆၁၊ E-mail: FAO-MMR@fao.org

www.foreverspace.com.mm



# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)

**မြန်မာနိုင်ငံကျေးလက်ဒေသများ၌ လူထုဖွံ့ဖြိုးမှုစီမံကိန်း Human Development Initiative (HDI) လုပ်ငန်းများဖြစ်သော စားနပ်ရိက္ခာဖူလုံရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း စသည်တို့ကို အဓိကဆောင်ရွက်လျက်ရှိသည့် အင်အားအကြီးဆုံး ကုလသမဂ္ဂအဖွဲ့အစည်း ဖြစ်သည်။**

- ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့။
- လက်ရှိ UNDP ဌာနေကိုယ်စားလှယ်မှာ UN Resident Coordinator Mr.Bishow Parajuli ဖြစ်ပြီး နိုင်ငံခြားသားကျွမ်းကျင်သူနှင့် ဝန်ထမ်း ၅၀ ဦးကျော်နှင့် ပြည်တွင်းဝန်ထမ်းအင်အား စုစုပေါင်း ၂,၀၀၀ ဦးကျော်ရှိ။
- မြန်မာနိုင်ငံတစ်ဝန်းလုံး မြို့နယ် ၆၀ ကျော်၌ ရုံးခွဲများဖွင့်လှစ်ထားရှိပြီး HDI စီမံချက်များဖြစ်သော Integrated Community Development Project (ICDP), Community Development in Remote Townships Project (CDRT), HIV/AIDS Prevention and Care Project, Micro-Finance for Poor Project နှင့် Integrated Household Living Conditions Assessment Project တို့ကို ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသောကျေးလက်ဒေသများ၌ ပြည်သူ ၂ ဒသမ ၇ သန်းကျော်အတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိ။
- မြန်မာနိုင်ငံ၌ HDI လုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံတကာအစိုးရနှင့်အဖွဲ့အစည်း ၁၄ ခုတို့က ၁၉၉၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၈,၀၈၂,၆၈၀ ထည့်ဝင်လှူဒါန်းခဲ့ဟုဆို။
- ၂၀၀၈ ခုနှစ် မေလအတွင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော မြို့နယ်ငါးမြို့နယ်ရှိ ကျေးရွာပေါင်း ၅၈၀ မှ ဒေသခံပြည်သူ ၂၆၀,၀၀၀ ကျော်ကို အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများပံ့ပိုးပေးခဲ့ပြီး ကျေးရွာပေါင်း ၂၅၀ မှ အိမ်ထောင်စု ၅၈,၀၉၅ စုကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် Basic Services Packages ပစ္စည်းများကို ပံ့ပိုးပေးခဲ့။ ၂၀၀၉ ခုနှစ်ကုန်အထိ ကျေးရွာပေါင်း ၇၅၀ ၌ တိုးချဲ့ဆောင်ရွက်သွားမည်ဟုဆို။
- ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ကျိုက်လတ်မြို့နယ်တို့၌ ရုံးခွဲများဖွင့်လှစ်ထားပြီး ဝန်ထမ်းဦးရေ ၅၀၀ ကျော်ဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိ။
- နာဂစ်ဒေသအတွက် စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၂ ဒသမ ၃၂ သန်းသုံးစွဲရန်လျာထားသော်လည်း ၂၀၀၉ ခုနှစ် ဇွန်လအထိ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၁ သန်းသာ လက်ခံရရှိပြီး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၁ သန်း လိုအပ်နေသေးဟုဆို။
- မြန်မာနိုင်ငံအစိုးရနှင့်ပူးပေါင်း၍ Post Nargis Joint Assessment (PONJA) နှင့် Post Nargis Recovery and Preparedness Plan (PONREPP) အစီရင်ခံစာပြုစုရေးတို့အတွက် ပံ့ပိုးကူညီခဲ့။
- PACT အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ပြည်သူ ၅၀,၀၀၀ ကျော်အား တစ်နိုင်တစ်ပိုင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် စုစုပေါင်း အမေရိကန်ဒေါ်လာ လေးသန်းကျော်ဖိုး အသေးစားချေးငွေများထုတ်ချေးပံ့ပိုးခဲ့။
- မြန်မာနိုင်ငံတစ်ဝန်း ကျေးလက်နေပြည်သူ ၃၈၃,၄၀၀ ဦးကျော်အား အသေးစားချေးငွေစုစုပေါင်း ကျပ် ၂၃ ဘီလီယံကျော်ပံ့ပိုးပေးခဲ့ဟုဆို။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

ဦးညီညီအောင် (Communications Analyst)
ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme - UNDP)
အမှတ်-၆၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၂၉၁၀~ ၁၉၊ ၅၄၀၀၂၂၊ ၅၄၄၅၂၉၊ ဖက်စ်-၅၄၄၅၃၁၊ ၅၄၅၆၃၄
E-mail: registry.mm@undp.org, Website:www.mm.undp.org

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၇၀

၂၀၀၉ ခုနှစ်၊ စက်တင်ဘာ

## စီးပွားရေးလုပ်ငန်းတွေရဲ့ လိပ်စာနဲ့ အချက်အလက်တွေ အမြန်ဆုံးရှာနိုင်တဲ့ Website

အရေးကြီးတယ်လီဖုန်းနံပါတ်များ၊ ဆေးရုံများ၊ အစိုးရရုံးများ (နေပြည်တော်၊ ရန်ကုန်)၊ ရန်ကုန်မြို့တော်ရှိ မြို့နယ်ရုံးများ၊ နိုင်ငံခြားသံရုံးများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများရဲ့လိပ်စာကိုသာမက ဝန်ဆောင်မှုတွေ၊ ထုတ်ကုန်တွေစတဲ့အချက် အလက်တွေကိုပါ ဖော်ပြထားပါတယ်။ အင်တာနက်ကွန်ရက်ပုံမှန်ကောင်းမွန်နေရင် ၄ စက္ကန့်နဲ့ကို အလုပ်ဖြစ်တယ်လို့ Website ရေးဆွဲထားသူတွေကဆိုပါတယ်။ Search Engine ဆန်ဆန် Website တွေမှာ သုံးတဲ့ Web 2.0 လို့ခေါ်တဲ့ Software တစ်မျိုးကို အသုံးပြုထားပါတယ်။ Web page ရဲ့ ဒီဇိုင်းကအစ ရိုးရိုးရှင်းရှင်းလေးဖြစ်တဲ့အတွက် ရှာဖွေတဲ့အချက်အလက်ကို ချက်ချင်းမြင်တွေ့ရမှာပါ။ ဒီ **www.themyanmardirectory.com** ကို ပြည်တွင်းက ပညာရှင်တွေကပဲ လွှင့်တင်ထားတာဖြစ်ပေမယ့် နေ့စဉ် Upgrade လုပ်မယ်လို့ဆိုထားပါတယ်။

## နေရာပြောင်း ၊ လိပ်စာသစ်

- **IT Square Group ပညာဒါနသင်တန်းများ**
  ဥယျာဉ်ကျောင်းတိုက်၊ မင်းကျောင်းတိုက်ဝင်း၊ လင်းလွန်းပင်ရပ်ကွက်၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Forever Wedding Dress & Photo Studio**
  အမှတ်-၁၉၉၊ အနော်ရထာလမ်း၊ ၁၃ လမ်းနှင့် ဘုန်းကြီးလမ်းကြား၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Myanmar World Distribution Co.,Ltd.**
  အမှတ်-၃/စ၊ ၃၄ လမ်း၊ ၇၃× ၇၄ လမ်းကြား၊ မန္တလေး။
  ဖုန်း-၀၉-၅၀၉၀၁၉၉
- **နာရေးကူညီမှုအသင်း (ရန်ကုန်) သုခကုသိုလ်ဖြစ်ဆေးခန်း**
  အမှတ်-၁၃/က၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၈-ယူ (၉) ရပ်ကွက်၊
  ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၀၉၂၇၇၊ ၇၂၈၀၈၉၊ ၅၈၁၃၈၃

## အမျိုးသမီးဖက်ရှင်သီးသန့်

အသစ်အသစ်တွေအမြဲပေါ်နေသလိုဆိုင်တွေလည်း အများအပြားအပြိုင်အဆိုင်ဖွင့်လှစ်လာတာတွေ့ရတဲ့ ဖက်ရှင်ဈေးကွက်ထဲကို ဖက်ရှင်ဆိုင်တစ်ခု ထပ်တိုးလာပါပြီ။ အဲဒါကတော့ Estilo ဆိုတဲ့ Fashion ဆိုင်လေးပဲဖြစ်ပြီး ရန်ကင်းမြို့နယ်ထဲက သစ္စာလမ်းပေါ်မှာ ရုံလိုင်လကုန်လောက်ကမှ ဖွင့်လှစ်လိုက်တာပါ။ ရှိတဲ့ဆိုင်တွေအပေါ် စိတ်မကျေနပ်သေးလို့ ဘယ်မှာ Shopping ထွက်ရင် ကောင်းမလဲ စဉ်းစားနေသူတွေအတွက် ညွှန်ပေးလိုက်ရခြင်းပါ။

အမျိုးသမီးတွေအတွက် ဦးထုပ်၊ နားကပ်၊ အင်္ကျီ၊ အိတ်၊ ခါးပတ်၊ စကတ်၊ ဘောင်းဘီ၊ ဖိနပ် စတဲ့ တစ်ကိုယ်ရေလိုအပ်တဲ့ အလှဆင်ပစ္စည်းစုံကို တစ်နေရာတည်းမှာ ဝယ်ယူနိုင်အောင် စီစဉ်ထားတယ်လို့ ဆိုပါတယ်။

ထိုင်းနိုင်ငံကနေ အဓိက ဝယ်ယူတင်သွင်းတာဖြစ်ပြီး ဈေးနှုန်းသင့်တင့်မှုကို အာမခံတယ်လို့ ဆိုထားပါတယ်။ ဒီဆိုင်မှာ တန်ဖိုး ၅၀၀ ကျပ်ဖိုး ဝယ်ယူတာ အကြိမ် ၂၀ ပြည့်သွားရင်လည်း ၂၀ ရာခိုင်နှုန်း လျှော့ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

**Estilo Fashion**
အမှတ်-C-3၊
သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်။
ဖုန်း-၀၉-၅၀၉၄၃၂၄

www.foreverspace.com.mm



# အိမ်သုံးလျှပ်စစ်ပစ္စည်း မျိုးစုံရနိုင်တဲ့ မြတ်ရတနာ

ယခုတစ်လ လူကြီးမင်းများအတွက် အိမ်သုံး၊ စက်ရုံသုံး လျှပ်စစ်ပစ္စည်းများကို တစ်နေရာတည်းမှာစုံလင်စွာရရှိနိုင်တဲ့နေရာကို ညွှန်ပေးပါမယ်။

ဒီဆိုင်မှာဆိုရင် တီဗီ၊ ဒီဗီဒီ၊ Speaker မျိုးစုံစတဲ့ ဖျော်ဖြေရေးပစ္စည်းများ၊ အဝတ်လျှော်စက်၊ အဲယားကွန်းလိုမျိုးတွေအပြင် ဖုန်းနဲ့ ဆက်စပ်ပစ္စည်းမျိုးစုံကိုပါ တစ်နေရာတည်းမှာ ရရှိနိုင်ပါတယ်။

ပင်ရင်းဆိုင်ကတော့ **တောင်ဥက္ကလာပ၊ ၁၁ ရပ်ကွက် ရတနာလမ်း အမှတ် (၃၁၃) မှာရှိပြီး ဆိုင်ခွဲကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၅) ရပ်ကွက်၊ စည်ပင်လမ်း အမှတ် ၅၈၂** မှာ ရှိပါတယ်။

ဆက်သွယ်ရမယ့်ဖုန်းနံပါတ်တွေဖြစ်တဲ့ **၀၉-၅၀၆၈၂၃၁၊ ၄၄၁၁၅၇၃၊ ၀၉-၅၀၅၀၅၃၉** ကို ဆက်သွယ်လို့ရပြီဆိုတော့ တောင်ဥက္ကလာပနဲ့ ဒဂုံမြို့သစ် (တောင်ပိုင်း) မှာရှိတဲ့ လူကြီးမင်းများအတွက် အဆင်ပြေစေမှာပါ။

# အင်တာနက်စာမျက်နှာပေါ်က စာလုံးတွေကို အကြီးအသေးစိတ်တိုင်းကျ ချဲ့ /ချုံ့ ကြည့်နိုင်ဖို့

ဒီတစ်လ ကွန်ပျူတာအသုံးပြုလမ်းညွှန်ကိုတော့ အင်တာနက်သုံးတဲ့သူတွေအတွက် အသုံးတည့်မယ့်နည်းတစ်ခု ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် အင်တာနက်စာမျက်နှာပေါ်ကစာတွေက စာလုံးသေးလို့ မျက်မှန်တပ်ကြည့်မှ ဖန်သားပြင်က စာလုံးတွေကို ကောင်းကောင်းမြင်နိုင်တဲ့သူတွေအတွက် အသုံးတည့်မယ့် လမ်းညွှန်ပါ။ အင်တာနက်စာမျက်နှာအများစုက လူအများဖတ်ရှုနိုင်မယ့်စာလုံးအရွယ်အစားတွေနဲ့စာမျက်နှာတွေ တင်ထားတတ်ပေမယ့် တချို့စာမျက်နှာတွေကတော့ တော်တော့်ကိုသေးတဲ့ စာလုံး Font သေးသေးလေးတွေကို သုံးထားလို့ ချဲ့ကြည့်ဖို့ လိုကိုလိုမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စတွေမှာ အသုံးဝင်အောင်လို့ အခုလမ်းညွှန်ထားတဲ့အတိုင်း လိုက်လုပ်ကြည့်နိုင်ပါတယ်။

အဲဒီအတွက် မြန်မာနိုင်ငံမှာ အသုံးများတဲ့ Mozilla Firefox နဲ့ Internet Explorer နှစ်မျိုးစလုံးမှာ သုံးနိုင်တဲ့နည်းကို ဖော်ပြပေးလိုက်ပါတယ်။

Firefox မှာဆိုရင် Menu Bar ထဲက Tools ထဲကိုသွားပြီးရင် Options ထဲက Content ကိုရွေးရပါမယ်။ အဲဒီထဲကမှ စာလုံးရဲ့အရွယ်အစားနဲ့ အရောင်တွေကို စိတ်ကြိုက်ရွေးချယ်ကြည့်နိုင်ဖို့ 'Font & Colors' ကို ရွေးပြီးပြင်ရမှာပါ။

အလွယ် Short Cut ဆိုရင်တော့ Keyboard ပေါ်ကနေ Ctrl key နဲ့ +/– Key တွေကိုတွဲနှိပ်ပြီး စိတ်ကြိုက် ချဲ့/ချုံ့နိုင်မှာပါ။

Internet Explorer မှာကတော့ Menu Bar ထဲက Page ကိုရွေး၊ ပြီးရင် အဲဒီထဲကမှ test size ကိုရွေးရမှာပါ။ ပြီးရင်တော့ ကိုယ်ကြည့်နေတဲ့ Page ကို Largest/Larger/Medium/Smaller/Smallest ဆိုတာတွေထဲက ကိုယ်ကြည့်လို့သင့်တော်မယ့်တစ်ခုခုကိုရွေးပြီး ကြည့်နိုင်မှာ ဖြစ်ပါတယ်။

# နေပြည်တော်က ပိုးသားဖြူ ဗျူတီဆလွန်း

ရန်ကုန်မြို့တော်မှာ ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်ထားတဲ့ Asia Light ၊ ဝင်းသူဇာအရောင်းဆိုင်၊ စားသောက်ဆိုင်၊ အဝတ်အထည်ဆိုင်စတာတွေဖွင့်လှစ်ထားတဲ့ ဒီအဆောက်အအုံကြီးထဲမှာစိုက်ထားတဲ့အပင်တွေကိုတောင် လေအေးပေးစက်ကြီးတွေနဲ့ အအေးပေးထားတဲ့ နေပြည်တော် ဇေယျာသီရိကုန်ပဒေသာတိုက်က ဝန်ဆောင်မှုကောင်းတဲ့ ဗျူတီဆလွန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ပိုးသားဖြူ ဗျူတီဆလွန်းမှာ ဆံပင်ကောက်၊ ဖြောင့်၊ ညှပ်၊ ဖယောင်း၊ ရွှေ၊ ပုလဲသွင်း၊ Colour အမျိုးမျိုးဆိုးခြင်း စတာတွေအပြင် ဆံပင်ဒီဇိုင်းအမျိုးမျိုးကျစ်ခြင်း၊ မျက်နှာချေးချွတ်၊ ပေါင်းတင်၊ ရွှေ ပုလဲသွင်းခြင်း၊ မျက်ခုံးပုံဖော်ခြင်း၊ မျက်တောင်ကောက်ပေးခြင်း၊ ခြေသည်းလက်သည်းပုံဖော်ခြင်း၊ ဆံပင်ဆက်ပေးခြင်း စတဲ့ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးတယ်လို့ ဆိုပါတယ်။ ဝန်ဆောင်ခကတော့ ရန်ကုန်မြို့တော်က ဗျူတီဆလွန်းတွေရဲ့ ဝန်ဆောင်ခနီးပါး ကျသင့်တယ်လို့ နေပြည်တော်နေဝန်ထမ်းတစ်ဦးက ဆိုပါတယ်။

ဈေးလည်းဝယ်ရင်း ခေါင်းလျှော်မယ်၊ ဆံပင်ညှပ်မယ် စတာတွေပါ ဆောင်ရွက်လိုရင်တော့ **အခန်း (B-4)၊ ဇေယျာသီရိ ကုန်ပဒေသာတိုက်၊ နေပြည်တော်၊ ဖုန်းအမှတ်–၀၆၇–၄၁၆၆၂၂၊ ၄၁၆၆၃၀ (လိုင်းခွဲ–၁၁၆၆)** ပါ။ ပိုးသားဖြူမှာ သတို့သမီးဝတ်စုံ၊ လက်ဝတ်ရတနာ၊ လက်ကိုင်ပန်းငှားရမ်းရောင်းချခြင်း၊ ဘွဲ့၊ အလှူနဲ့မင်္ဂလာ မိတ်ကပ်၊ ဆံထုံးထုံးခြင်း စတာတွေကိုလည်း လက်ခံဆောင်ရွက်ပေးပါတယ်။ ■

www.foreverspace.com.mm

## PORTEGE A 600 (ULTRA PORTABLE)

Intel ရဲ့ Core 2 Duo Processor ကို အသုံးပြုထားပြီး Windows Vista Business Edition Orginal Version ပါရှိတဲ့ TOSHIBA ရဲ့ PORTEGE Series A 600 (ULTRA PORTABLE) Main Memory DDR II 3GB ပါရှိပြီး SATA Hard Disk 250 GB အထိ ပါရှိပါတယ်။ Processor ရဲ့ 3MB L2 Cache Memory ဖြစ်တာမို့ မိမိတို့ရဲ့ Program တွေကို Run ရာမှာ ပိုမိုမြန်ဆန်စေပါတယ်။ Keyboard ကနေ Key တွေရိုက်စရာမလိုဘဲ မျက်နှာကို Scan ဖတ်ပြီး Log in ဝင်နိုင်တဲ့ TOSHIBA ၏ အဆင့်မြင့်လုံခြုံရေးနည်းပညာသစ်ဖြစ်တဲ့ Smart Face စနစ်လည်း ပါလာပါတယ်။ အဲဒါတွေအပြင် Built-in System အနေနဲ့ Web Camera, DVD RW နဲ့ Card Reader တွေလည်းပါရှိပြီး ကွန်ရက်ချိတ်ဆက်မှုအတွက် ကြိုးမဲ့နည်းပညာဖြစ်တဲ့ Bluetooth, WiFi နှင့် Ethernet LAN တို့အတွက်လည်း ပါရှိပါတယ်။ 12.1"WXGA LED Backlight TFT Display ပါရှိပြီး Resolution အနေနဲ့ 1280 x 800 ပါရှိတာကို တွေ့ရပါတယ်။ ကွန်ပျူတာရဲ့ မော်နီတာ Screen လေးဟာလည်း ပျော့ပျောင်း (Flexible) နေတဲ့အပြင် Hard disk shock absorber (Hard Disk Protection System) ပါရှိတာကြောင့် မတော်တဆလွတ်ကျသွားခဲ့သော် Hard Disk ထဲမှ မိမိတို့ရဲ့ Date File များ ပျက်စီးဆုံးရှုံးသွားခြင်းမှ အပြည့်အဝကာကွယ်ပေးမယ်လို့ ဆိုပါတယ်။ TOSHIBA ရဲ့ Sophisticated နည်းပညာဖြစ်သော IEE 1394 ဆိုတဲ့စနစ်ပါရှိတဲ့အတွက် Digital Camera များ၊ Video Camera များမှ Notebook တွင်ပါရှိသော Fire Wire Port ကို တိုက်ရိုက်ဆက်သွယ်ကာ Photo များ၊ Video Show များကို ကြည့်ရှုနိုင်ပါတယ်။ ဘက်ထရီအနေဖြင့် 6 cell ဘက်ထရီကို အသုံးပြုထားပြီး Warranty ကို One Year for Parts and Service ပေးထားပါတယ်။ အလေးချိန်အားဖြင့် ၁.၄ ကီလိုဂရမ်သာရှိပြီး ဈေးနှုန်းမှာ ၂၁ သိန်းဝန်းကျင်သာရှိပါတယ်။ ဝယ်ယူလိုသူများအနေဖြင့် သိမ်ဖြူလမ်း LUCKY BIRD TRADING Co.Ltd., ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅ မှာ ဆက်သွယ်စုံစမ်းဝယ်ယူရရှိနိုင်ပါတယ်။

## မန္တလေးက အမျိုးသားဝတ် Branded အဝတ်အထည်

Harley Davison, Arrow, Hazard, Cheq, Daper စတဲ့ နာမည်ကျော်အမှတ်တံဆိပ် အဝတ်အထည်အသုံးအဆောင်တွေရောင်းချပေးတဲ့ဆိုင်တစ်ခုပါ။ ဒီအမှတ်တံဆိပ်အမျိုးအစားတွေရဲ့ အမျိုးသားဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ခါးပတ်၊ ဦးထုပ်၊ ဖိနပ် စတဲ့ အသုံးအဆောင်တွေကိုရောင်းချပေးနေတာပါ။ မန္တလေးမြို့တော်မှာပဲ ဖွင့်လှစ်ထားတာဖြစ်ပြီး ဆိုင်ခွဲတွေအပါအဝင် ၃ ဆိုင်ရှိပါတယ်။ ၈၄ လမ်း၊ ၃၃ × ၃၄ လမ်းကြားရယ်၊ 78 Shopping Centre ရယ်၊ ၃၁ လမ်း၊ ၈၀× ၈၁ လမ်းကြားရယ်တွေမှာရှိတာမို့ နီးစပ်ရာဆိုင်ခွဲမှာ သွားရောက်ဝယ်ယူနိုင်မှာပါ။



www.foreverspace.com.mm



# အကောင်းဆုံးသတင်းတွေ၊ မဂ္ဂဇင်းတွေ Online ကနေ ဖတ်မယ်

Online စာသရဲတွေအတွက် အကောင်းဆုံး Website ကို လမ်းညွှန်ဖော်ပြပေးလိုက်ဖို့ အသင့်တော်ဆုံးက www. worldbest. com/news-zines.htm ဆိုရင် လွန်မယ်မထင်ပါဘူး။ ဒီ Website မှာ သတင်းအချက်အလက်တွေ၊ ဆောင်းပါးတွေ တစ်ဝကြီးဖတ်လိုသူတွေအတွက် နာမည်ကျော်မဂ္ဂဇင်းတွေ၊ အင်တာနက်သတင်းစာမျက်နှာတွေကို တစ်စုတစ်စည်းတည်းဖော်ပြပေးထားလို့ အမြဲတမ်းအတွက် အသုံးဝင်မယ့် Website လို့ ဆိုနိုင်ပါတယ်။

ဒီ Website မှာ Best Independent & Alternative News Sites၊ Top Activism & Adcocacy Sites၊ Top Political Sites၊ Best Main Strem News & Media Sites၊ Best Business News Sites နဲ့ International News Links ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး Sites တွေကို တူရာစုဖော်ပြပေးထားပါတယ်။ အဲဒီခေါင်းစဉ်တွေ စုစည်းပေးထားတဲ့ပုံစံကိုက စာဖတ်သူတွေကို တော်တော်လေးဆွဲဆောင်နိုင်တာဖြစ်ပါတယ်။ စုစည်းပေးထားတဲ့ Sites က ၅၀ ဝန်းကျင်ရှိပါတယ်။

အဲဒီ Site တွေထဲမှာ Online စာဖတ်သူတွေဖတ်လေ့ဖတ်ထရှိတဲ့အသုံးအများဆုံး Site တွေပါတဲ့အပြင် စာဖတ်သူတွေနဲ့ မရင်းနှီးသေးတဲ့ Site တွေလည်း ပါဝင်လို့ ဝင်ဖတ်ကြည့်ပြီး စိတ်ဝင်စားတယ်ဆိုရင် ကိုယ်အမြဲဝင်ဖတ်ဖြစ်မယ့် သတင်းအချက်အလက်တွေရမယ့် Site အသစ်တွေ တိုးလာဦးမှာဖြစ်ပါတယ်။ အကြိုက်ဆုံး Site ဆိုရင်တော့ Share လုပ်ပေးသင့်တဲ့သူတွေဆီကိုလည်း Forward လုပ်ပေးလိုက်ပါဦး။

# မြန်မာ့ကျောက်မျက်ရတနာပြတိုက်

တလောကမှဖွင့်လှစ်လိုက်တဲ့ မြန်မာနိုင်ငံမှာအကြီးဆုံးလို့ဆိုတဲ့ နေပြည်တော်က ကျောက်မျက်ရတနာပြတိုက်ကို မိတ်ဆွေ၊ မိသားစုနဲ့ပဲဖြစ်ဖြစ်၊ ဧည့်သည်တွေနဲ့ပဲဖြစ်ဖြစ်သွားလို့ရအောင် ညွှန်ပေးလိုက်ပါတယ်။ ဒီအဆောက်အအုံထဲမှာ ကျောက်စိမ်းတွေနဲ့ မွမ်းမံတည်ဆောက်ထားတဲ့အပြင် ပန်းချီကား၊ လိုက်ကာ၊ ဆက်တီ၊ ခုတင် စတာတွေကိုလည်း ကျောက်စိမ်းတွေနဲ့ အလှဆင်ပြသထားပါတယ်။ ဒီပြတိုက်မှာ ကမ္ဘာ့အကြီးဆုံး မြန်မာ့ပုလဲကြီး၊ အဖိုးတန်မြန်မာ့တွင်းထွက်ရတနာပစ္စည်းတွေကို အရိုင်းတုံးရော၊ လက်ဝတ်လက်စားအဖြစ် ဒီဇိုင်းပုံဖော်ထားတာကိုပါ ခမ်းနားဖွယ် ကြည့်ရှုနိုင်ပါတယ်။

ဒါ့အပြင် ဒီပြတိုက်ရဲ့အောက်ထပ်မှာ ကျောက်မျက်ရတနာနဲ့ လက်ဆောင်ပစ္စည်းလေးတွေရောင်းချတဲ့ဆိုင်တွေပါ ဖွင့်လှစ်ထားလို့ အမှတ်တရအဖြစ်ဝယ်ယူနိုင်ပါတယ်။ ဒီပြတိုက်ကို အစိုးရရုံးပိတ်ရက်နဲ့ တနင်္လာနေ့မှအပ နေ့စဉ် မနက် ၉ နာရီ ၃၀ ကနေ ညနေ ၄ နာရီထိဖွင့်လှစ်ထားပြီး ဝင်ကြေးပေး ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

Myanma Gems Museum & Gems Mart
ရာဇသင်္ဂဟလမ်း၊ သပြေကုန်း၊ နေပြည်တော်။



www.foreverspace.com.mm

# Keen Cie မှာ ရနိုင်မယ့် ကျန်းမာရေးဝန်ဆောင်မှုတွေ

မကြာသေးခင်ကမှ ဖွင့်လှစ်ခဲ့တဲ့ မြေနီကုန်းက Keen Cie ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှာ ကျန်းမာရေးကိစ္စတွေနဲ့ပတ်သက်လို့ ဝန်ဆောင်မှုသုံးမျိုးရယူနိုင်မှာဖြစ်ပါတယ်။ အဲဒီသုံးမျိုးထဲက မိသားစုသဖွယ်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကတော့ ကျန်းမာရေးအလေးထားသူတွေအနေနဲ့ ကိုယ့်အနားမှာ တိုင်ပင်ဆွေးနွေးလို့ ရနိုင်မယ့်ဆရာဝန်တစ်ဦးရှိနေသလိုမျိုး ကျန်းမာရေးနဲ့ပတ်သက်ပြီး လိုအပ်တဲ့အကြံဉာဏ်နဲ့ အကူအညီတွေကို ရယူနိုင်မှာမို့ အတော်များများ အကြိုက်တွေ့နိုင်မယ့်အစီအစဉ်တစ်ခုပါ။ ဒီအစီအစဉ်ဟာ Customer တွေမှာ ဖြစ်လာနိုင်ခြေရှိတဲ့ ကျန်းမာရေးပြဿနာတွေကို ကာကွယ်တားဆီးစေပြီး ကျန်းမာအသက်ရှည်တဲ့ဘဝအခြေအနေကို ခံစားနိုင်ဖို့နဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး မလိုတဲ့ကုန်ကျစရိတ်တွေကို လျှော့ချနိုင်ဖို့ဖြစ်တယ်လို့ Keen Cie Health Care Services မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာကျော်မင်းက ဆိုထားပါတယ်။

ဒီအစီအစဉ်ယူထားသူရဲ့ ကျန်းမာရေးမှတ်တမ်းကို စနစ်တကျထိန်းသိမ်းပေးထားပြီး လိုအပ်တဲ့အချိန်မှာ အလွယ်တကူ ရယူနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ကျန်းမာရေးနဲ့ပတ်သက်ပြီး လူကိုယ်တိုင် ဒါမှမဟုတ် တယ်လီဖုန်းနဲ့ ဆွေးနွေးတိုင်ပင်နိုင်ခြင်း၊ ကျန်းမာရေးနဲ့ ပိုမိုကိုက်ညီမယ့်နေထိုင်မှုပုံစံတစ်ခုကို ရေးဆွဲပေးမှာဖြစ်ပြီး Health Promotion ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ အကြံပြုခြင်းနဲ့ ကာကွယ်ဆေးထိုးပေးခြင်း၊ လူတစ်ဦးချင်းစီရဲ့ သီးခြားလိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ကနဦးကျန်းမာရေးစစ်ဆေးခြင်းနဲ့ ရောဂါဖြစ်တန်ခြေဆန်းစစ်မှု၊ စစ်ဆေးတွေ့ရှိချက်တွေနဲ့ပတ်သက်ပြီးတော့ သီးခြားအချိန်ပေးဆွေးနွေးပေးခြင်းကိုလည်း ပြုလုပ်ပေးတာကို တွေ့ရမှာပါ။

ဒီဝန်ဆောင်မှုအတွက် နှုန်းထားကတော့ တစ်လကို ကျပ်တစ်သောင်းနဲ့ ခြောက်လ သို့မဟုတ် တစ်နှစ်အတွက် စာရင်းပေးသွင်းပြီး ဝန်ဆောင်မှုယူထားနိုင်ပါတယ်။

နောက်ထပ် ကျန်းမာရေးဝန်ဆောင်မှုတွေကတော့–

ဆေးကုသမှုခံယူသူများအတွက် ကူညီဆောင်ရွက်ပေးတဲ့ဝန်ဆောင်မှုပါ။ ဒါကတော့ နယ်ကနေ ရန်ကုန်ကို ဆေးကုဖို့လာကြတဲ့ လူနာတွေ မလိုတဲ့ကုန်ကျစရိတ်နဲ့ အချိန်ကုန်သက်သာပြီး အဆင်ပြေချောမွေ့မှုရှိစေဖို့ နယ်ကမလာခင်နဲ့ လာရောက်နေထိုင်စဉ်အတွင်း ကူညီမှုပေးမှာ ဖြစ်ပါတယ်။

အကယ်၍ နယ်ကလာမယ့် လူနာဆိုရင်တော့ ဒီကိုမရောက်ခင်

– ရောဂါအမျိုးမျိုးအတွက် သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးတွေ၊ ဆေးရုံ၊ ဆေးခန်းတွေနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေကို ရယူပေးခြင်း။

– သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးတွေဆီမှာ ရက်ချိန်းနဲ့တိုကင်တွေကို ကြိုတင်ယူပေးထားခြင်း။

– ရန်ကုန်မှာ တည်းခိုနေထိုင်မယ့်သူတွေအတွက် စိတ်တိုင်း



www.foreverspace.com.mm



ဂျူရွေးချယ်နိုင်ဖို့ သတင်းအချက်အလက်တွေ စုစည်းပေးပြီး Booking လုပ်ပေးခြင်း။

– ယူဆောင်လာသင့်တဲ့ပစ္စည်းတွေကို အကြံဉာဏ်ပေးခြင်းတွေအပြင် ရန်ကုန်မှာနေထိုင်စဉ်အတွင်းမှာလည်း လိုအပ်တဲ့အကူအညီပေးခြင်း စသလိုမျိုးတွေကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ဒါ့အပြင် Keen Cie မှာ Health Service ယူထားသူတွေအဆင်ပြေစေဖို့ အိမ်တိုင်ရာရောက်သူနာပြုဝန်ဆောင်မှုလိုအပ်သူတွေအတွက်လည်း စီစဉ်ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ ဒေါက်တာကျော်မင်းထံကနေ သိရှိရပါတယ်။

Keen Cie ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း
အမှတ်–၆၇ (B)၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း (မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၅၀၂၇၆၁

## GPS Software ထည့်ပေးမယ့် လူကြီးမင်း

Garmin Map Software ထည့်နိုင်တဲ့ Handset အရောင်းဆိုင်ပါ။ ဒီ Software မှာ ရန်ကုန်၊ ပြည်၊ မော်လမြိုင်၊ နေပြည်တော်၊ ဧရာဝတီ၊ ပြင်ဦးလွင်စတဲ့ မြို့ကြီးတွေရဲ့ မြေပုံကိုအသေးစိတ်ဖော်ပြပေးထားပြီး ကိုယ်သွားမယ့်နေရာ၊ ရောက်ရှိနေတဲ့နေရာ၊ လမ်းခရီးမှာကြာမယ့်အချိန်၊ အတိုဆုံးလမ်း၊ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ထင်ရှားတဲ့စားသောက်ဆိုင်၊ ဟိုတယ် စတာတွေကိုလည်း မြေပုံနဲ့သာမက အသံနဲ့ပါပြောကြားပေးနိုင်ပါတယ်။

ဒီ Software ကို မော်ဒယ်လ်နိမ့် Handset တွေမှာသုံးဖို့တော့ မလွယ်ကူပါဘူး။ Nokia Map Software ရှိပြီးသား Nokia Handset တွေမှာသာ သုံးလို့ရပါလိမ့်မယ်။ Software ထည့်သွင်းဖို့ ဝန်ဆောင်ခ ကျပ်နှစ်သောင်း ကျသင့်ပါလိမ့်မယ်။

## အဝတ်ခြောက်ခံကိရိယာ

စိုစွတ်တဲ့မိုးရာသီမှာ နေရာအခက်အခဲကြောင့်ဖြစ်ဖြစ်၊ ရာသီဥတုကြောင့်ဖြစ်ဖြစ် အဝတ်လှန်းဖို့ခက်နေသူတွေအတွက် အထူးသင့်လျော်တဲ့ အဝတ်ခြောက်ခံကိရိယာကို လမ်းညွှန်လိုက်ပါတယ်။ အဝတ်အထည်တွေကို ဇစ်နဲ့အလုံပိတ်ထားတဲ့ ပလတ်စတစ်အိတ်အထဲမှာထည့်ပြီး အပူပေးစနစ်နဲ့အခြောက်ခံပေးခြင်းဖြစ်ပါတယ်။ ပလတ်စတစ်အိတ်အတွင်းမှာ အဝတ်အထည်ချိတ်ဖို့အတွက် ချိတ်ဆယ်ခုခန့်လည်းပါပါတယ်။ အခြောက်ခံပေးတဲ့အချိန်က တစ်နာရီကနေ သုံးနာရီအထိ အခြောက်ခံပေးပြီးရင် အလိုအလျောက်ပိတ်ပေးပါတယ်။ အဝတ်ချိတ်ထားတဲ့တိုင်ကလည်း ၃၈၀ ဒီဂရီလည်ပေးပါတယ်။ ဒါပေမဲ့ သတိထားဖို့က ရေစစ်ပြီးသားအဝတ်များကိုသာ အခြောက်ခံပေးခြင်းဖြစ်ပါတယ်။ ပစ္စည်းကတော့ တရုတ်(တိုင်ပေ) ပစ္စည်းပါ။ Sunny အမှတ်တံဆိပ်ဖြစ်ပြီး Wp101 မော်ဒယ်လ်အမျိုးအစားဖြစ်ပါတယ်။ ရောင်းဈေးက ၆၅,၀၀၀ ကျပ် ဖြစ်ပါတယ်။ စိတ်ဝင်စားလို့ဝယ်ယူမယ်ဆိုရင်တော့ အမှတ် ၄၄၊ ပြည်လမ်းမှာရှိတဲ့ စိန်ဂေဟာဆူပါစင်တာမှာ ဝယ်ယူလို့ရပါတယ်။ ဖုန်းနံပါတ်က–၃၉၅၁၄၀ ဖြစ်ပါတယ်။



www.foreverspace.com.mm

## TOSHIBA LCD Projector TLP-WX 2200

TOSHIBA ရဲ့ TLP - WX 2200 Model ဟာ LCD Technology ကို အသုံးပြုထားပြီး မီးအလင်းရောင်ပုံမှန်ရှိနေသည့် အနေအထားမှာတောင် Image ရဲ့ ပုံထွက်အားအလွန်ကောင်းမွန်စေတဲ့ မီးသီးအလင်းအား 2200 ANSI LUMENS ကို အသုံးပြုထားပါတယ်။ Resolution အနေနဲ့ 1024 x 768 XGA ရှိပြီး အလေးချိန်အားဖြင့် ၂ ဒသမ ၈ ကီလိုဂရမ်သာ ရှိပါတယ်။

Projection အကွာအဝေးမှာ 1.29 မီတာကနေ 11.93 မီတာထိရတဲ့အတွက် Screen Size ကို လိုအပ်သလို ချဲ့နိုင်ချဲ့နိုင်ပါတယ်။ Screen ရဲ့ အတိုင်းအတာမှာ 40-300" ဖြစ်ပြီး အနီးအဝေးပေါ်မူတည်၍ ပုံရိပ်ကို ချဲ့နိုင်ချဲ့နိုင်တဲ့ Zoom Ratio x 1.2 လည်းပါရှိပါတယ်။

Speaker 1 W တစ်ခုပါရှိပြီး Warranty အနေနဲ့ One Year for Parts and Service ပေးထားပါတယ်။ TLP-WX-2200 Model ရဲ့ Lamp Life ဟာ TOSHIBA ရဲ့ Standard Resolution အတိုင်း အသုံးပြုရင် နာရီပေါင်း ၃၅၀၀ အသုံးပြုနိုင်ပြီး Resolution ကိုလျှော့ပြီး အသုံးပြုပါက နာရီပေါင်း ၄၀၀၀ အထိ အသုံးပြုနိုင်ပါတယ်။

ဒါ့အပြင် TOSHIBA ရဲ့ Sophisticated Feature ဖြစ်တဲ့ NCE 3 (Natural Color Enhancer) စနစ်ပါရှိခြင်းကြောင့် ပြင်ပကအရာဝတ္ထုတွေကို သဘာဝအရောင်အသွေးများအတိုင်း စိုပြည်လှပတဲ့ပုံရိပ်ရရှိနိုင်တယ်လို့ ဆိုပါတယ်။

ဈေးနှုန်းက ကျပ် ၁၂ သိန်းဝန်းကျင်လောက်ရှိပြီး ဝယ်ယူလိုသူတွေအနေနဲ့ သိမ်ဖြူလမ်းက LUCKY BIRD TRADING Co., Ltd. ဖုန်း–၂၄၈၁၆၇၊ ၃၇၉၈၇၅ ကို ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မှာပါ။

## အလှအပနဲ့ပတ်သက်လို့ ဝန်ဆောင်မှု အစုံပေးနေတဲ့ မုံရွာက 'ခိုင်မာ'

တစ်နေရာတည်းမှာ မိတ်ကပ်၊ ဆံပင်၊ အလှပြင်၊ ဖက်ရှင်၊ ဒီဇိုင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး တစ်ပြိုင်နက်ရနိုင်တဲ့နေရာတစ်နေရာကို လမ်းညွှန်လိုက်ပါတယ်။

အဲဒါကတော့ မုံရွာမြို့၊ ကျောက္ကာလမ်း၊ ဇောတိကကျောင်းအနီး အမှတ် ၂/၁၅ မှာဖွင့်လှစ်ထားတဲ့ ခိုင်မာ Fashion Design & Dress Making School ဖြစ်ပါတယ်။

ခေါင်းလျှော်၊ ဆံပင်ညှပ်၊ ဆံပင်အရောင်ဆိုး၊ Digital စက်နဲ့ဆံပင်ကောက်၊ ဆံပင်ပေါင်းတင် (ဆံပင်နစ်ခွဖြစ်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဆံပင်ပျက်ခြင်းမှကင်းဝေးရန် Hair Steamer နဲ့ ပေါင်းတင်ခြင်း)၊ ဆံပင်ဖြောင့်၊ ဆံပင်ကာလာစုံဆက်ခြင်းတွေအပြင် မျက်နှာဆေးခြင်း၊ ချေးချွတ်ခြင်း၊ မျက်နှာပေါင်းတင်ခြင်း၊ မျက်နှာရွှေသွင်းခြင်း၊ ခြေသည်းလက်သည်းများကို ကျောက်ပန်းချီ၊ ရိုးရိုးပန်းချီများပုံဖော်ပေးခြင်းများကို စိတ်တိုင်းကျဆောင်ရွက်ပေးပါတယ်။

အလှူပွဲ၊ မင်္ဂလာပွဲနဲ့ ဘွဲ့နှင်းသဘင်များအတွက် မိတ်ကပ်၊ ဆံပင်ထုံးဖွဲ့ပေးပြီး လက်ဝတ်ရတနာအမျိုးမျိုး၊ လက်ကိုင်အိတ်ဒီဇိုင်းအမျိုးမျိုးကို ငှားရမ်းပေးပါတယ်။ ခေတ်မီဆန်းသစ်တဲ့ ပွဲနေပွဲထိုင်ဝတ်စုံအမျိုးမျိုးကို ချုပ်လုပ်ပေးတဲ့အပြင် ဓာတ်ပုံ ဗီဒီယိုများကိုလည်း တစ်နေရာတည်းမှာ ရိုက်ကူးပေးပါတယ်။

လိပ်စာ – KHAING MAR
Fashion Design & Dress Making School
အမှတ် ၂/၁၅၊ ကျောက္ကာလမ်း၊ ဇောတိကကျောင်းအနီး၊ မြဝတီရပ်၊
မုံရွာမြို့။ ဖုန်း–၀၇၁–၂၃၉၄၄၊ ၀၉–၂၁၁၀၄၆၄

## စားသောက်ဆိုင်သစ်

- **ရွှေလီအသားကင်ဆိုင် ဆိုင်ခွဲ–၃**
  တိရစ္ဆာန်ဥယျာဉ်နှင့် မျက်နှာချင်းဆိုင်၊ ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းဆုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **ဝါးဆာဘိ ဂျပန်စားသောက်ဆိုင်**
  အမှတ်–၂၀ (ဘီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
- **ရွှေတောင်ကြားစားသောက်ဆိုင်**
  မြောက်ဥက္ကလာပအဝိုင်းအနီး၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
- **ရွှေပလ္လင်**
  အမှတ်–၁၆၉၊ ဗညားဒလလမ်း၊ ယုဇနပလာဇာမျက်စောင်းထိုး၊ ရိုးမဘဏ်အနီး၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၄၈၂၄
- **Feel European & Thai Cuisines**
  ကန်တော်လေး၊ ကန်ပတ်လမ်း၊ နန္ဒာလမ်းမ၊ ပြင်ဦးလွင်မြို့။
  ဖုန်း–၀၈၅–၂၂၀၈၃၊ ၀၉–၅၁၆၂၁၃၂
- **Scarlet BEGONIAS Dimsum, Coffee**
  အမှတ်–၃၇၊ ဟံသာဝတီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၈၇၃၆၊ ၅၂၇၈၅၀

■

www.foreverspace.com.mm



# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **ကော့သောင်းမြို့ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး**
  ဘိုးဘွားရိပ်သာအဆောက်အအုံ၊ တော်ဝင်လမ်း၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကော့သောင်းမြို့။
- **Fashion Beauty Salon**
  အမှတ်-၅၄ (B)၊ ပထမထပ်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **Toni & Guy Hair Care**
  တတိယထပ်၊ China Town Point Centre၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Suzan Fashion Design**
  အမှတ်-၁၅၄/၁၄၂၊ ဦးချစ်မောင်လမ်း၊ ဝဇ္ဇာလစ်၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Harley Fashion-3**
  ၈၀× ၈၁ လမ်းကြား၊ ၃၁ လမ်း၊ မန္တလေး။
- **O- Pa Fashion-2**
  Asia Light Centre၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
- **SZ Hand Made ဖိနပ်ချုပ်လုပ်ငန်း**
  လမ်း ၈၀၊ လမ်း ၃၀ နှင့် ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
- **SKY HOME Language Centre**
  စန္ဒာမြိုင်ကွန်ဒို ၁၀ ထပ်၊ လှည်းတန်းဈေးထိပ်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၃၅၁၄၄၊ ၀၉-၅၀၄၈၅၂၀
  E-mail: Info@skyhome.info
  www.tokyo-west.com
- **F.5 One Stop Computer Service**
  အမှတ် ၁၂၀၊ အခန်း ၆၊ ရန်ကုန်-အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ရန်ကုန်။ ဖုန်း-၀၁-၅၂၄၁၂၂
  E-mail: f5service@gmax.com
  Website: http://www.f5service.webs.com
- **အော်စကာ လက်တွေ့အသုံးချ အခြေခံသရုပ်ဆောင် သင်တန်းသစ်ဖွင့်လှစ်**
  အမှတ်-၄၃၆၊ တတိယထပ်၊ သိမ်ဖြူလမ်းနှင့် ၄၄ လမ်းကြား၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၁၉၅၆၁၂၊ ၀၉-၅၀၃၆၄၀၇
- **Queen Lady & Gents Hair & Beauty Spa**
  အမှတ်-၈၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **The Book Shop (1)**
  အမှတ်-၂၅၂၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **ရွှေပန်းချီဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေး**
  အမှတ်-၆၇၊ လေးထောင့်ကန်လမ်းမကြီး၊ ဇဝနမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
- **သစ္စာမဏ္ဍိုင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး**
  အမှတ်-၁၉၅၊ မြေညီထပ်၊ ၃၆ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **ရွှေမိတ်ဆက် နာရီဆိုင်**
  အမှတ်-၂၅၅၊ အနော်ရထာလမ်း၊ ၂၉ လမ်းနှင့် ရွှေဘုံသာလမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၉၉၂၀၆၆၇၊ ၀၉-၈၀၂၂၆၉၃
- **The Myanmar Post**
  **UNITED MEDIA GROUP**
  အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၄၇၃၆၊ ၄၀၀၀၃၅၊ ၅၄၂၅၃၅
- **RAINBOW အမျိုးသားသီးသန့် အဆင့်မြင့်ဆံသ**
  ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၀၀၆၄၄
- **Capital Book City**
  Capital Hypermarket၊ ဒုတိယထပ်၊ အခန်းအမှတ် -၂၀၃ အမှတ်-၁၄/ E၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
- **e`ko Showroom**
  အခန်းအမှတ်-A-2၊ မြေညီထပ်၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၅၂၃၉၁
- **ZAW KENBO အရောင်းစင်တာ ချင်းတွင်းနဂါးများကုမ္ပဏီလီမိတက်**
  တိုက်အမှတ်- A1 ၊ ပြည်တော်သာလမ်း၊ မစိုးရိမ်ရပ်၊ မကွေးမြို့။
  ဖုန်း-၀၉-၂၀၅၆၆၉၈၊ ၀၉-၂၁၃၀၉၉၄
- **HARD BODY Male & Female Fitness Centre**
  အခန်း-၆၊ ၁၀ လွှာ၊ သံဈေးကွန်ဒို၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၁၀၂၀၆၆ (လိုင်းခွဲ-၃၂၈)

www.foreverspace.com.mm



# မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာသံရုံးများ

**ကိုယ်တိုင်ပြည်ပထွက်ခွာတဲ့အခါ အကြောင်းအမျိုးမျိုးကြောင့်လိုအပ်လို့ ဆက်သွယ်နိုင်ဖို့ဖြစ်စေ၊ ပြည်ပထွက်ခွာမယ့် မိတ်ဆွေသူငယ်ချင်းတွေအတွက် လမ်းညွှန်ပေးလိုလို့ပဲဖြစ်စေ အသုံးဝင်နိုင်အောင် ပြည်ပနိုင်ငံတွေမှာရှိတဲ့ မြန်မာသံရုံးတွေရဲ့ လိပ်စာတွေကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ ခဏတာ အလည်အပတ်ထွက်ခွာသူတွေအနေနဲ့ လိုအပ်ချင်မှ လိုအပ်မှာဖြစ်ပေမယ့် ခပ်ကြာကြာနေထိုင်ရမယ့်သူတွေအတွက်တော့ အသုံးဝင်မှာဖြစ်ပါတယ်။**

**ပြီးတော့ ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းနဲ့ ကုမ္ပဏီအဖွဲ့အစည်းလုပ်ငန်းအတွက် နိုင်ငံခြားသားမိတ်ဆွေ ပြည်ပမထွက်ခွာခင် ဆက်သွယ်ဖို့လိုအပ်တဲ့ မြန်မာနိုင်ငံထဲမှာ လာရောက်ဖွင့်လှစ်ထားတဲ့ နိုင်ငံခြားသံရုံးတွေရဲ့လိပ်စာတွေကိုလည်း စုစည်းဖော်ပြပေးထားပါတယ်။ ဒါကြောင့် သံရုံးတွေကို ဆက်သွယ်ဖို့လိုအပ်တဲ့အခါ ဖုန်းတစ်ချက်လောက်ကြိုဆက်ပြီး သက်ဆိုင်ရာသံရုံးရဲ့ ပိတ်ရက်ဟုတ်မဟုတ်ကြိုမေးပြီးမှသွားရင် အဆင်ပြေမှာပါ။ သံရုံးတွေက သက်ဆိုင်ရာနိုင်ငံတွေရဲ့ အစိုးရရုံးပိတ်ရက်တွေအတိုင်း ပိတ်လေ့ရှိတာဆိုတော့ မလိုအပ်ဘဲ အချိန်တွေအလဟဿမဖြစ်တော့ဘူးပေါ့။ ဒါ့အပြင် ပြည်ပနိုင်ငံတွေမှာ ကျောင်းတက်ဖို့ပြင်ဆင်နေတဲ့ကျောင်းသားတွေအနေနဲ့လည်း ကိုယ်သိလိုတဲ့အချက်တွေကို သေချာအောင်စုံစမ်းမေးမြန်းနိုင်ကြမှာပါ။ တချို့သံရုံးတွေက သူတို့နိုင်ငံကအသစ်ထုတ်ပြန်လိုက်တဲ့သတင်းတွေကို Online မှာ Update လုပ်တင်ပေးထားတာဖြစ်လို့ သတင်းစာ၊ ဂျာနယ်တွေ၊ တခြား Website တွေမှာ မဖော်ပြသေးတဲ့ အရေးကြီးသတင်းတွေကိုလည်း သိနိုင်အောင် Online က သက်ဆိုင်ရာ တရားဝင် Website မှာ ဝင်ကြည့်ဖို့လည်း လမ်းညွှန်လိုက်ပါရစေ။**

- **အမေရိကန်သံရုံး**
  **(The Embassy of the United State of America)**
  အမှတ်-၁၁၀၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၆၅၀၉၊ ၅၃၅၇၅၆၊ ၅၃၈၀၃၈၊ ၆၅၀၃၀၆ (Facsimile)

- **ဗြိတိသျှသံရုံး**
  **(The Embassy of Her Britannic Majesty)**
  အမှတ်-၈၀၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၇၀၈၆၇၊ ၃၈၀၃၂၂၊ ၂၅၆၄၃၈၊ ၃၇၀၇၆၃-၅၊ ၃၇၁၈၅၂-၃၊ ၃၇၀၈၆၆ (Facsimile)

- **စင်ကာပူသံရုံး**
  **(The Embassy of the Republic of Singapore)**
  အမှတ်-၂၃၈၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၅၉၀၀၁၊ ၅၅၉၀၀၂ (facsimile)
  E-mail:singemb-ygn@sgmfa.gvv.sg.

- **ဂျပန်သံရုံး (The Embassy of Japan)**
  အမှတ်-၁၀၀၊ နတ်မောက်လမ်း၊ ဗိုလ်ချို (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၀၄၁၁၊ ၅၄၀၄၀၀၊ ၅၄၀၃၉၉၊ ၅၄၅၉၈၈၊ ၅၄၉၆၄၄-၈၊ ၅၄၉၆၄၃ (Facsimile)

- **တရုတ်သံရုံး**
  **(Embassy of the People's Republic of China)**
  အမှတ်-၁၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၁၉၂၆၊ ၂၂၄၀၂၅၊ ၂၂၁၂၈၀-၈၁၊ ၂၂၄၀၉၇၊ ၂၂၈၃၁၉ (Consular Section)
  ၂၂၇၀၁၉ (facsimile)

- **ဩစတြေးလျသံရုံး**
  **(Embassy of Australia)**
  အမှတ်-၈၈၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၅၁၇၉၇၊ ၂၅၁၇၉၈၊ ၂၄၆၄၆၂၊ ၂၄၆၄၆၃၊ ၂၅၁၈၀၉-၁၀၊ ၂၄၆၁၅၉ (facsimile)

- **မလေးရှားသံရုံး**
  **(The Embassy of Malaysia)**
  အမှတ်-၈၂၊ ပြည်ထောင်စုရိပ်သာလမ်း၊ ပြည် (အနောက်) ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၀၂၅၁၊ ၂၂၀၂၃၀၊ ၂၂၀၂၄၈-၄၉၊ ၂၂၁၈၄၀ (facsimile)

- **ထိုင်းသံရုံး**
  **(The Embassy of the Royal Thai)**
  အမှတ်-၉၄၊ ပြည်လမ်း၊ မနော်ဟရီလမ်းထောင့် ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၆၇၂၁၊ ၂၂၆၇၂၈၊ ၂၂၆၈၂၄၊ ၂၂၁၇၁၃ (facsimile)

- **တောင်ကိုရီးယားသံရုံး**
  **(The Embassy of the Republic of Korea)**
  အမှတ်-၉၇၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၅၁၅၁၉၀၊ ၅၂၇၁၄၂–၄၊ ၅၁၃၂၈၆ (facsimile)

- **ဂျာမန်သံရုံး**

**(The Embassy of the Federal Republic of Germany)**

အမှတ်–၉၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို (၂) ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၈၉၅၁–၃၊ ၅၄၈၈၉၉ (Facsimile)
E-mail:info@rangun.diplo.de.

- **ပြင်သစ်သံရုံး**

**(The Embassy of France)**

အမှတ်–၁၀၂၊ ပြည်ထောင်စုရိပ်သာလမ်း၊
ပြည် (အရှေ့) ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၁၂၁၇၈၊ ၂၁၂၅၂၀၊ ၂၁၂၅၂၃၊ ၂၁၂၅၂၈၊ ၂၁၂၅၃၂၊
၂၁၂၅၂၇ (facsimile)
E-mail:ambafrance-rangoun@diplomatie.fr

- **သီရိလင်္ကာသံရုံး**

**(The Embassy of the Democratic Socialist Republic of Sri Lanka)**

အမှတ်–၃၄၊ တော်ဝင်လမ်း၊ ပြည် (အနောက်) ရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၂၈၁၂၊ ၂၂၁၅၀၉ (facimile)
E-mail:srilankaemb@myanmar.com.mm
embsrilanka@yangon.net.mm

- **အိန္ဒိယသံရုံး**

**(The Embassy of the Republic of India)**

အမှတ်–၅၄၅/၅၄၇၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၉၁၂၁၉၊ ၃၈၈၄၁၂၊ ၂၄၃၉၇၂၊ ၂၅၄၀၈၆၊ ၂၅၀၁၆၄၊
၃၈၈၄၁၄ (facimile)
E-mail:indiaembassy@mptmail.net.mm.

- **ကမ္ဘောဒီးယားသံရုံး**

**(Royal Embassy of Cambodia)**

အမှတ်–၂၅၊ ၃ ဘီ၊ ၄ ဘီ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဆရာစံ
(မြောက်–အနောက်) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၉၆၀၉၊ ၅၄၀၉၆၄၊ ၅၄၁၄၆၂ (facsimile)

- **ဗီယက်နမ်သံရုံး**

**(Embassy of the Socialist Republic of Ventnam)**

အမှတ်–၇၂၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၁၃၀၅၊ ၅၁၄၈၉၇ (facsimile)
E-mail:Vnembmyr@cybertech.net.mm

- **ရုရှားသံရုံး**

**(The Embassy of the Russian Federation)**

အမှတ်–၃၈၊ စကားဝါလမ်း၊ ပြည် (အရှေ့) ရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၁၉၅၅၊ ၂၅၄၁၆၁၊ ၂၄၁၉၅၃ (facsimile)

- **ဖိလစ်ပိုင်သံရုံး**

**(Embassy of the Republic of the Philippines)**

အမှတ်–၅၀၊ ဆရာစံလမ်း၊ ဆရာစံရိပ်သာရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၈၁၄၉–၅၁၊ ၅၅၈၁၅၄ (facsimile)
E-mail:yangonpe@mptmail.net.mm

- **အင်ဒိုနီးရှားသံရုံး**

**(Embassy of the Republic of Indonesia)**

အမှတ်–၁၀၀၊ ပြည်ထောင်စုရိပ်သာလမ်း၊
ပြည် (အရှေ့) ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၄၄၆၅၊ ၂၅၄၄၆၉၊ ၂၂၉၇၅၀၊ ၂၅၄၄၆၈
(facsimile)

- **အစ္စရေးသံရုံး**

**(Embassy of the Republic of Israel)**

အမှတ်–၁၅၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၅၁၁၅–၁၆၊ ၅၁၅၁၁၆ (facsimile)
E-mail:info@yangon.mfa.gov.il

- **ဘင်္ဂလားဒေ့ရှ်သံရုံး**

**(Embassy of the People's Republic of Bangladesh)**

အမှတ်–၁၁–ဘီ၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၅၂၇၅၊ ၅၂၆၁၄၄–၅၁၅၂၇၃ (Facsmile)

- **ဘရူနိုင်းသံရုံး**

**(Embassy of the Brunei Darussalam)**

အမှတ်–၃၁၇/၃၁၉၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၅၂၆၉၈၅၊ ၅၂၄၂၈၅၊ ၅၁၂၈၅၄ (Facsimile)
E-mail:bruneiemb@bruneiemb.com.mm.

- **လာအိုသံရုံး**

**(The Embassy of the Lao People's Democratic Republic)**

အမှတ်–အေ–၁၊ တော်ဝင်လမ်း၊ သံတမန်ဝင်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၂၂၄၈၂၊ ၂၂၇၄၄၆ (Facismile)
E-mail:Laombcab@mptmail.net.mm

- **ပါကစ္စတန်သံရုံး**

**(The Embassy of the Islamic Republic of Pakistan)**

အမှတ်–A–၄၊ ပြည်လမ်း၊ သံတမန်ဝင်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်။
ဖုန်း–၂၂၂၈၈၁ (Chancery Exchange)
၂၂၁၁၄၇ (Facsimile)



www.foreverspace.com.mm

www.foreverspace.com.mm



- **ဆွစ်ဇာလန်သံရုံး**
  **(The Embassy of the Switzerland)**
  အမှတ်–၆၃၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၄၉၈၂
- **ဆွီဒင်သံရုံး**
  **(The Embassy of Sweden)**
  အမှတ်–၂၁–အေ၊ ပြည်သူ့လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၅၀၃၄၆၊ ၇၀၃၀၈၃
  E-mail:smtmhr@myanmar.com.mm
  smtmhr@mptmail.net.mm.
- **နီပေါသံရုံး**
  **(The Embassy of Nepal)**
  အမှတ်–၁၆၊ နတ်မောက်ရိပ်သာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၅၈၈၀၊ ၅၅၇၁၆၈၊ ၅၄၉၈၀၃ (Facsimile)
  E-mail:nepemb@mptmail.net.mm.
- **အီဂျစ်သံရုံး**
  **(The Embassy of the Arab Republic of Egypt)**
  အမှတ်–၈၁၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၂၈၈၆၊ ၂၂၂၈၈၇၊ ၂၂၂၈၆၅ (Facsimile)
  egyembyangon@mptmail.net.mm.
- **ဆော်ဒီအာရေးဗီးယားသံရုံး**
  **(The Royal Embassy of Saudi Arabia)**
  အမှတ်–1–အေ၊ WSB Centre၊ အမှတ်–၁၄၊ ပြည်လမ်း၊ ၅ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၆၈၃၇၊ ၅၁၄၄၀၁–၀၂၊ ၅၁၄၄၀၆ (facsimile)

## နိုင်ငံတကာတွင်ရှိသော မြန်မာသံရုံးများ

- **Australia [ The Commonwealth of Australia ]**
  22 ARKANA STREET, YARRALUMLA, ACT 2600, CANBERRA, AUSTRALIA
  Tel : (61-2) 6273 3811, 6273 3751
  Fax : (61-2) 6273 3181
- **Bangladesh[ People's Republic of Bangladesh]**
  HOUSE NO.3, BLOCK-NE(L), ROAD NO. 84, GULSHAN-2, DHAKA
  Tel : (88-02) 988 8903, 989 6331, 989 6298, 989 6373
  Fax : (88-02) 882 3740
- **Brunei Darussalam [ Brunei Darussalam ]**
  No. 14 lot 2185/46292 SIMPANG 212 JALAN KAMPONG RIMBE GADONG 3385, Post Code BE-3119 P.O Box 1309 POST OFFICE GADONG 3113
  Tel : (673-2) 450506, (673-2) 450507
  Fax : (673-2) 451008
- **Cambodia [ Kingdom of Cambodia ]**
  181, PREAH NORODON BOULEVARD, BOEUNG KENG KANG 1, KHAN CHAMCARMON
  Tel : (855-23) 213663, 213664
  Fax : (855-23) 2136665
- **China [ People's Republic of China ]**
  No. 6 DONGZHI MEN WAI STREET, CHAO YANG DISTRICT, 100600
  Tel : (0086) (10) 6532 1425, 6532 1584, 6532 0714, 6532 1488, 6532 1624
  Fax : (0086) (10) 6532 1344
- **Egypt [ The Arab Republic of Egypt ]**
  No. 24, MOHAMED MAZHAR St. ZAMALEK
  Tel : (202) 736 2644, 735 4176, 735 1568
  Fax : (202) 736 6793
- **India [ Republic of India ]**
  3/50 F, NYAYAMARG, CHANAKYAPURI NEW DELHI 110021
  Tel : (009111) 6889007, 6889008
  Fax : (009111) 6877942
- **Japan [ Japan ]**
  8-26, 4-CHOME, KITA-SHINAGAWA, SHINAGAWA- KU TOKYO 140-0001
  Tel : (81) (03) 3441-9291, 3441-9292, 3441-9293,3441-9294, 3441-9029, 3441-9044
  Fax : (81) (03) 3447-7394
- **Korea [ Republic of Korea ]**
  723-1, 724-1, HANNAM-DONG YONGSAMN-KU, SEOUL, 140-210
  Tel : (82-2) 792-3341, 796-9858, 796-7814
  Fax : (82-2) 796-5570
- **Lao [ Lao People's Democratic Republic ]**
  LAO-THAI ROAD, WATNAK VILLAGE, SISATTANAK DISTRICT, P.O.BOX NO.11, VIENTIANE, LAO P.D.R.
  Tel : (856) (21) 314910, 314911
  Fax : (856) (21) 314913
- **Malaysia [ Malaysia ]**
  No. 8(C), JALAN AMPANG HILLIR, 55000, KUALA LUMPUR
  Tel : (603) 4251 5595, 42514455, 4251 6355
  Fax : (603) 4251 3855, 4251 3535
- **Nepal [ Kingdom of Nepal ]**
  CHAKUPAT, PATAN GATE, LALITPUR P.O.Box 2437
  Tel : (0097) (1) 521788, 524788
  Fax : (0097) (1) 523402
- **Pakistan [ Islamic Republic of Pakistan ]**
  NO. 273, STREET NO.6, F-10/3, ISLAMABAD

www.foreverspace.com.mm



Tel : (0092) (51) 211 4148
Fax : (0092) (51) 211 4149

**Philippines [ Republic of the Philippines ]**
8th FLOOR, GERVASIA CORPORATE CENTRE, 152 AMORSOLO STREET, LEGASPI VILLAGE, MAKATI CITY, METRO MANILA
Tel : (0063-2) 893-1944, 812-3644
Fax : (0063-2) 892-8866

**Singapore [ Republic of Singapore ]**
15, St MARTIN'S DRIVE, SINGAPORE 257996
Tel : (0065) 7350209. 7351672, 7356576
Fax : (0065) 7356236

**South Africa [ The Republic of South Africa ]**
210, LEYDS STREET, ARCADIA, PRETORIA PO BOX 12121 QUEENSWOOD 0121
Tel : 27-12 341 2556, 341 2557
Fax : 27-12 341 2553

**Sri Lanka**
**[ Democratic Socialist Republic of SriLanka ]**
4(A), ROSMEAD AVENUE, ROSMEAD PLACE, COLOMBO 7
Tel : (0094-11) 2681 007, 2696 440, 2672 014
Fax : (0094-11) 2682 052

**Thailand [ Kingdom of Thailand ]**
132, SATHORN NUA ROAD, BANGKOK 10500
Tel : (662) 233-2237, 234-4698, 233-7250, 234-0320, 637-9406
Fax : (662) 236-6898

**France [ Republic of France ]**
No. 60, RUE DE COURCELLES, 75008-PARIS
Tel : (33) 01 42 25 56 95
Fax : (33) 01 42 56 49 41

**Geneva [ Swiss Confederation ]**
47, AVENUE BLANC, 1202 GENEVA
Tel : (0041-22) 906 98 70, 906 98 71
Fax : (0041-22) 732 89 19

**Germany [ Federal Republic of Germany ]**
THIELALLEE 19, 14195 BERLIN - DAHLEM
Tel : (0049 30) 206 1570
Fax : (0049 30) 206 15720, 84418390

**Israel [ The State of Israel ]**
12th, TEXTILE CENTER BUILDING NO.2, KUFMAN STREET, TEL-AVIV, 68012
Tel : (972) (3) 51707060, 5163364
Fax : (972) (3) 5163512

**Italy [ Republic of Italy ]**
VIALE GIOACCHINO ROSSINI, NO 18, Int 2, 1st Floor 00198
Tel : 0039-06-8543974, 85863343
Fax : 0039-06-8413167

**Russian [ Russian Federation ]**
41. UL. B. NIKITSKAYA (GERTSENA),
Tel : (007) (095) 291 05 34
Fax : (007) (095) 956 31 86

**United Kingdom of Great Britain and Northern Ireland**
19A, CHARLES St, LONDON W1J 5DX
Tel : 020 7499 4340, 7493 7397
Fax : 020 7409 7043, 7493 9649

**Brazil**
SHIS-QI 13, CONJUNTO 08, CASA 09 LAGOSUL, CEP 71635-080, BRASILIA-DF
Tel : 00-55-61-3248 3747, 3248 2374
Fax : 00-55-61-3364 2747

**Canada**
SANDRINGHAM BUILDING, 85 RANGE ROAD, SUITE 902-903, ONTARIO KIN 8J6
Tel : (613) 232-6434
Fax : (613) 232-6435

**United States of America**
**New York**
10 EAST 77th STREET, NEW YORK, N.Y.1005, U.S.A
Tel : (1) (212) 744-1271, 744-1475, 744-1279
Fax : (1) (212) 744-1290

**United States of America**
**Washington D.C.**
2300 S St. N.W. WASHINGTON D.C 20008
Tel : (202) 332-3344, 332-4350, 332-4352
Fax : (202) 332-4351

**Indonesia [Republic of Indonesia]**
109, JL. HAJIAGUS SALIM, MENTENG, JAKARTA PUSAT
Tel : (62 21) 3140 440, 327 684
Fax : (62 21) 327 204

**Serbia [ Republic of Serbia ]**
KNEZA MILOZA 72, BELGRADE 11000
Tel : (381) (11) 3617-165, 3619-114
Fax : (381) (11) 3614-968

**Vietnam [ Socialist Republic of Vietnam ]**
298A, KIM MA STREET, HANOI
Tel : (84-4) 38453369, 38232056, 38463213
Fax : (84-4) 38452404

**LIVING COLOR**
ဖုန်း –၂၄၂၄၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm

# ပညာရေးလမ်းညွှန်

## သားသမီးတို့အနာဂတ်အရေး ပညာရေးအတွက်လေ့ကျင့်ပေး

Dr. အောင်ဝင်းထွဋ်

**မိဘတိုင်းအတွက် သားသမီးဆိုသည်မှာ ရတနာများပင်ဖြစ်ပါသည်။ သို့သော် ထိုရတနာများသည် အရိုင်းအဆင့်သာရှိသေးသဖြင့် တကယ်တမ်းအဖိုးထိုက်တန်ကာ အရောင်ထွက်လာအောင်သွေးပေးဖို့ရာ မိဘများ၌ တာဝန်ရှိပေသည်။ ထို့ကြောင့်လည်း 'လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနဲ့ဖ' ဟူ၍ ဆိုစမှတ်ပြုကြခြင်း ဖြစ်သည်။ ထိုသို့လေ့ကျင့်ပျိုးထောင်ပေးရာတွင် လိမ္မာရေးခြားရှိအောင် သင်ကြားပေးရသကဲ့သို့ မိမိသားသမီးအနာဂတ်လမ်းခရီးဖြောင့်ဖြူးနိုင်အောင် ပညာရေး၌ အောက်မကျစေရန်လည်း သင်ကြားပေးရန် လိုအပ်ပေသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာသာလွန်သူက အစစအရာရာတွင် ပညာရဲရင့် ပွဲလယ်တင့်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းကအစ အဘက်ဘက်က သာလွန်နိုင်မည်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် မိဘများအနေဖြင့် သားသမီးများ၏ပညာရေးကို တကယ်တမ်းထူးချွန်ထက်မြက်စေရန် ဆရာနှင့် ကျောင်းများ၊ ကျူရှင်များနှင့် အထူးထုတ်များလောက်ကိုသာ အားကိုး၍ မနေဘဲမိမိတို့လည်း တတ်သိနားလည်သမျှ ကြပ်မတ်လမ်းညွှန်ပေးရန် လိုအပ်ပေသည်။ ဤဆောင်းပါးတွင် မိဘများက သားသမီးများ၏ ပညာရေးတွင် မည်သို့ကူညီလမ်းညွှန်ပေးနိုင်သည်ဆိုသည့်အချက်များကို ဆွေးနွေးတင်ပြထားပါသည်။**

ပထမဦးစွာနည်းလမ်းများကို မတင်ပြမီ လေ့ကျင့်ပျိုးထောင်ပေးမည့် မိဘများတွင်ရှိသင့်သောအရည်အချင်းများကို ဆွေးနွေးတင်ပြသွားပါမည်။ သားသမီးနှင့် မိဘတို့သည် ဆယ်စုနှစ် နှစ်စု၊ သုံးစုခန့်မျှ ခေတ်ကာလကွာဟတတ်ကြသည်ဖြစ်ရာ ထိုကွာဟချက်ကို ဂရုမပြုမိပါက လေ့ကျင့်ပေးရာတွင် လိုအပ်ချက်များ၊ အားနည်းချက်များဖြစ်ကာ နားလည်မှုလွဲမှားပြီး စေတနာအမှားများ ဖြစ်လာတတ်ပေသည်။ ခေတ်လူငယ်များအား လေ့ကျင့်ပေးရန် မိမိတို့ကိုယ်တိုင်ကလည်း ထိုက်သင့်သလောက် ခေတ်မီနေဖို့ လိုပေသည်။ ခေတ်ကို မျက်ခြည်မပြတ်စေရန် သတင်းစာ၊ ဂျာနယ်များမှအစပြု၍ ဂြိုဟ်တုသတင်းများ၊ အင်တာနက်ဘလော့ခ်စာမျက်နှာများ အဆုံးလေ့လာဖတ်ရှုမှတ်သားဖို့ရာ လိုအပ်ပေသည်။ အထူးသဖြင့် ပညာရေး နှင့် တိုက်ရိုက်ပတ်သက်သော သတင်းများ၊ အခွင့်အလမ်းများကို အမြဲနားစွင့်နေရမည်ဖြစ်သည်။

ထို့အပြင် မိဘများအနေဖြင့် သားသမီးများ၏ ဝါသနာဗီဇကို သိရှိနားလည်ထားပြီး ၎င်းတို့နှင့် အသင့်တော်ဆုံးပညာရေးလမ်းကြောင်းကို လမ်းညွှန်ပေးဖို့ရာ တာဝန်ရှိပေသည်။ ဝါသနာနှင့် မကိုက်ညီသော လမ်းညွှန်မှုများသည် နောင်တစ်ချိန်တွင် သားသမီးများ၏ အနာဂတ်တွင် ကြာလေအတားအဆီးသဖွယ်ရှိလာလေဖြစ်ရာ ယင်းအချက်ကို မိဘများအထူးထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အဆိုပါအချက်ကို သာမန်မျှသာ သဘောထားမှုများကြောင့် သင်ကြားထားသော ပညာရေးက တခြား၊ အသက်မွေးဝမ်းကျောင်းက တခြားဖြစ်နေရသူများ များလှပေသည်။ အထက်ပါအချက်များကို သတိထားကာ ဆက်လက်ဖော်ပြမည့်အချက်များကို မိမိတို့ သားသမီးများငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးမည်ဆိုပါက သူတို့လေးတွေ၏ ပညာရေးအနာဂတ်ကို အတန်အသင့်စိတ်အေးနိုင်မည်ဟု ယုံကြည်မိပါသည်။

ပထမဆုံးအချက်အနေဖြင့် ကလေးများကို မိမိဘာသာ လေ့လာသင်ယူသောစနစ် (Self Study) ကို ငယ်စဉ်ကပင် မိတ်ဆက်လေ့ကျင့်ပေးထားဖို့ လိုအပ်ပေသည်။ ကျောင်းနှင့်ကျူရှင်များက သင်ကြားသမျှကိုသာ ပညာဟုယူဆနေသော အယူအဆကို ပြောင်းလဲပစ်ဖို့ရာ အရေးကြီးပေသည်။ ကျောင်းချိန်ပြင်ပ လေ့လာခြင်းများကို အားပေးရမည်ဖြစ်သည်။ အိမ်တွင်ကုပ်၍ စာကျက်နေသည်ကို ကျေနပ်မနေဘဲ ကလေးများကို ပတ်ဝန်းကျင်တွင် မိမိတို့တွေ့သမျှ၊ မြင်သမျှ၊ ကြားသမျှတွင် လေ့လာမှတ်သားသင့်သည်များကို လေ့လာတတ်အောင် သင်ကြားပေးဖို့လိုအပ်ပေသည်။ မိမိကို သင်ကြားပေးသမျှကိုသာ အလွတ်ကျက်မှတ်တတ်သော ကလေးမျိုးသည် ယနေ့ခေတ်အခါတွင် လူရာဝင်ဖို့မလွယ်ကူသဖြင့် မိမိဘာ

www.foreverspace.com.mm



သာ လေ့လာသင်ယူခြင်းစနစ်ကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးရခြင်းဖြစ်ပေသည်။

ဒုတိယအချက်မှာ စာသင်ခန်းတွင် ကလေးများအနေဖြင့် ဆရာသင်သမျှကိုသာ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေခြင်းမျိုးမှ ဆရာနှင့်တပည့် အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်တတ်စေရန် မိဘ၊ ဆရာတို့ လက်တွဲ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ ဆွေးနွေးနိုင်ရန်မှာ ကျောင်းသားများအနေနှင့် စာကိုစိတ်ပါဝင်စားစွာဖြင့် အာရုံစိုက်သူဖြစ်မှသာ မေးသင့်မေးထိုက်သော မေးခွန်းများကို မေးနိုင်မည်ဖြစ်သည်။ တစ်ခါတစ်ရံကျောင်းသားဖြစ်သူမှ စိတ်ဝင်စားကာမေးလိုက်သော မေးခွန်းမျိုးကို ဆရာဖြစ်သူက စိတ်ရှည်ရှည်ထား၍ ရှင်းပြမည်ဆိုပါက အဆိုပါကျောင်းသားများ အနေဖြင့် မိမိသိလိုသည်များကို ရဲရဲဝံ့ဝံ့ မေးရဲလာမည်ဖြစ်သည်။ မိဘအနေနှင့်မူ မိမိသားသမီးငယ်စဉ်ကပင် သိလိုသည်များ မေးမြန်းလာပါက အကျိုးသင့်အကြောင်းသင့် အချိန်ပေး ရှင်းပြပေးခြင်းဖြင့် ပြောရဲဆိုရဲ၊ မေးခွန်းထုတ်ရဲပြီး စာသင်ခန်းမှ စင်မြင့်ပေါ်ထိ တက်ရဲအောင်လေ့ကျင့်ပေးနိုင်ပေသည်။ အဆိုပါအလေ့အကျင့်သည် ပြည်တွင်း၌ သိပ်မလိုအပ်သော်လည်း ပြည်ပတွင် ပညာဆက်လက်ရှာဖွေရာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာတွင် မရှိမဖြစ် လိုအပ်သော အရည်အချင်းဖြစ်သည်။ သို့ဖြစ်ပါ၍ မိဘများအနေဖြင့် သားသမီးများကို လူတောတိုးအောင် ငယ်စဉ်ကပင် ဂရုတစိုက် သင်ကြားပေးဖို့လိုအပ်ပေသည်။

တတိယအချက်မှာ စာကို စနစ်တကျဖတ်တတ်အောင် လမ်းညွှန်ပေးဖို့ပင်ဖြစ်သည်။ ပြင်ပစာပေများလေ့လာဖတ်ရှုရာတွင်လည်း ပညာသင်ကြားသကဲ့သို့ စနစ်တကျဖတ်ရှုမှတ်သားတတ်မှသာထိရောက်မည်ဖြစ်သည်။ ပထမဦးစွာ သားသမီးများ၏ အသက်အရွယ်၊ ပညာအရည်အချင်း၊ ဝါသနာတို့နှင့် ကိုက်ညီသော စာအုပ်စာတမ်းများကို ကလေးများလက်လှမ်းမီအောင် စီစဉ်ပေးရမည်။ ကလေးများဖတ်ရန် စာအုပ်များကို မိဘများက ဦးစွာရွေးချယ်ပေးပြီးနောက်ပိုင်း ကလေးများကိုယ်တိုင် ရွေးချယ်ဖတ်ရှုတတ်လာအောင် လမ်းညွှန်ပေးရမည်။ သုတ၊ ရသနစ်မျိုးလုံးကို သူ့အရွယ်နှင့်သူ ဖတ်ရှုဖြစ်အောင် စာပေဗိမာန်၊ British Library နှင့် American Library တို့တွင် အသင်းဝင်စေခြင်းတို့ဖြင့် မိမိတို့သားသမီးများကို အရာရောက်လာအောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ သားသမီးများအနေနှင့်လည်း ထိုသို့အသင်းဝင်ခြင်း၊ စာအုပ်စာပေကို ကိုယ်တိုင်သွားရောက်ရွေးချယ် ဖတ်ရှုရာမှာ စာပေကိုစိတ်ဝင်စားသော အခြားဝါသနာတူ သူငယ်ချင်းများကို ရရှိလာမည်ဖြစ်ရာ တစ်သက်တာ အကျိုးများဖွယ်ပင်ဖြစ်ပါသည်။

စတုတ္ထအချက်မှာ အထက်ဖော်ပြပါ အချက်သုံးချက်နှင့် ဆက်စပ်နေပါသည်။ မိမိလေ့လာမှတ်သားသမျှကို စနစ်တစ်ခုအသွင်ဖြင့် မှတ်စုထုတ်တတ်အောင် လေ့ကျင့်ပေးရန်ပင်ဖြစ်သည်။ မှတ်စုထုတ်ခြင်းသည် အပြောလွယ်သလောက် အလုပ်ခက်သည့်အရာပင်ဖြစ်သည်။ နေ့စဉ် လေ့လာဖတ်ရှုသမျှကို မှတ်စုထုတ်ရန် သင်ကြားပေးရမည်ဖြစ်သလို စုဆောင်းမိသော အချက်အလက်များကို သင့်တော်ရာ စုစည်း၍ အမျိုးအစားခွဲခြားထားတတ်ရန် လေ့ကျင့်ပေးဖို့လိုအပ်ပေသည်။ ထို့နောက် မှတ်စုများ များပြားလာလျှင် ပြန်လည်စုစည်း၍ အနှစ်ချုပ်နှင့် သုံးသပ်ချက်များ ပြုလုပ်တတ်အောင် လမ်းညွှန်ပေးသင့်ပေသည်။ မှတ်စုထုတ်တတ်အောင် စတင်လေ့ကျင့်ပေးရာတွင် ကလေးများ ငယ်စဉ်ကပင် နေ့စဉ်မှတ်တမ်းရေးသားဖြစ်အောင် တိုက်တွန်းခြင်းဖြင့် စတင်သင့်ကြောင်း အကြံပြုတင်ပြလိုပါသည်။

ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အဖွဲ့အစည်းစိတ်ဓာတ်ရှိခြင်းသည်လည်း အရေးပါသော အချက်တစ်ချက်အဖြစ် လေ့ကျင့်ပေးရမည်ဖြစ်သည်။ ယင်းကို ဘောလုံးကဲ့သို့သော အဖွဲ့လိုက်ကစားရသည့် အားကစားနည်းများကစားစေခြင်းဖြင့် လေ့ကျင့်ပေးနိုင်သည်။ ယင်းအချက်သည် ပညာရေးအတွက်လည်း အလွန်လိုအပ်သော အရည်အသွေးတစ်ခုဖြစ်သည်။ စုပေါင်းလေ့လာ၍ အဖြေရှာတတ်အောင် သင်ကြားပေးထားရမည်ဖြစ်သည်။ မတူညီသောအမြင်များဖြင့် ဝိုင်းဝန်းအဖြေရှာခြင်းဖြင့် တစ်ဦးချင်းစီ၏ အရည်အသွေးများမြင့်မားတိုးတက်လာမည်ဖြစ်သလို အချင်းချင်းနားလည်မှု ပိုမိုရရှိလာကာ ဆက်ဆံရေးကောင်းသူတစ်ယောက်ဖြစ်လာစေနိုင်သည်။

စာစီစာကုံးများ ရေးသားရာတွင် အသုံးဝင်သော အချက်အလက်များကို စာအုပ်များထဲမှသာမက ပြင်ပလောကကပါ ရှာမှီးတတ်အောင် မိဘများက ညွှန်ပြပေးရမည်။ စာစီစာကုံးများ ရေးသားစေခြင်းသည် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးကို လေ့ကျင့်ပေးရန်ထိရောက်သော နည်းလမ်းတစ်ခုလည်းဖြစ်သည်။ အထက်တွင် ဆွေးနွေးခဲ့သော မှတ်စုထုတ်ခြင်း အလေ့အကျင့်ရှိသူအဖို့ စာစီစာကုံးရေးသားရန် ပိုမိုလွယ်ကူမည်ဖြစ်သလို အချက်အလက်များလည်း ပိုမိုစုံလင်အောင် ဖော်ပြနိုင်မည်ဖြစ်သည်။ စာစီစာကုံးရေးသားရာတွင် အချက်အလက်များကို ဆီလျော်အောင် စုစည်းတင်ပြတတ်ရန်လိုအပ်သလို အမြင်ကျယ်ကျယ်ဖြင့် ဆက်စပ်တင်ပြတတ်ဖို့လည်းလိုအပ်ပေသည်။ ဥပမာအားဖြင့် မြန်မာကဗျာတစ်ပုဒ်အကြောင်း စာစီစာကုံးရေးသားမည်ဆိုပါက ဖြစ်နိုင်လျှင် ကမ္ဘာပေါ်ရှိ နာမည်ကြီးကဗျာများနှင့် နှိုင်းယှဉ်သုံးသပ်ပြခြင်းမျိုးပင်ဖြစ်သည်။ ဘောင်ကို ကျယ်ကျယ်ထားကာ လေ့လာတတ်ရန်မှာ စာကို များများဖတ်၍ ဗဟုသုတစုံလင်မှသာဖြစ်နိုင်မည်ဖြစ်ရာ ယင်းအချက်သည်လည်း စာဖတ်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်နေပေသည်။

ယနေ့ခေတ်တွင် အင်္ဂလိပ်ဘာသာစကားသည် ကမ္ဘာ့သုံးဖြစ်နေပေရာ မည်

www.foreverspace.com.mm

သည့်ပညာမဆို အဆင့်မြင့်မြင့်ဆက်လက်လေ့လာရန် အင်္ဂလိပ်စာကောင်းကောင်းတတ်ဖို့လိုအပ်ပေသည်။ ပညာရေးနယ်ပယ်တွင် သာမက အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်းရရှိရန်အတွက်လည်း အင်္ဂလိပ်စာကျွမ်းကျင်မှုက အထောက်အကူပြုနိုင်ပေသည်။ ထို့ကြောင့် ငယ်စဉ်ကပင် သားသမီးများကို အင်္ဂလိပ်လို အရေး၊ အပြော၊ အဖတ်နှင့် နားထောင်တတ်အောင် သင်ကြားပေးထားရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် မီဒီယာအမျိုးမျိုးတို့မှ အင်္ဂလိပ်စာကို နားထောင်လေ့လာနိုင်သည်ဖြစ်သလို အင်္ဂလိပ်စာသင်ခန်းစာများကိုလည်း လွယ်လင့်တကူ ဝယ်ယူလေ့လာနိုင်ပြီဖြစ်သည်။ ထိုသို့လေ့လာရာတွင် အဘိဓာန်ကောင်းကောင်းတစ်ခုမှာ မဖြစ်မနေရှိရမည်ဖြစ်သဖြင့် မိဘများက ဝယ်ယူပေးထားဖို့လိုသလို မှန်ကန်အောင် အသုံးချတတ်စေရန် လေ့ကျင့်ပေးဖို့လည်း လိုအပ်ပေသည်။ အင်္ဂလိပ်စာစသင်ကာစတွင် အသံထွက်မှန်ဖို့ အထူးလိုအပ်ပေရာ အသံထွက်များကို လေ့လာနိုင်အောင် ဗီဒီယိုများ၊ လေ့ကျင့်ခန်းများ နားထောင်ကြည့်ရှုစေဖို့ လိုအပ်သလို အဘိဓာန်တွင် ပါဝင်သော အသံထွက်သင်္ကေတများကိုနားလည်အောင် သင်ယူစေပြီး ယင်းတို့ကိုဖတ်ရှု၍ အသံထွက်တတ်အောင် သင်ကြားပေးကြရမည်။

အကယ်၍ အခွင့်အရေးပေးမည်ဆိုပါက သားသမီးများကို ကွန်ပျူတာနှင့် အင်တာနက်ကို ပညာရေးအတွက် အကျိုးရှိအောင် အသုံးချတတ်စေရန် လေ့ကျင့်ပေးရမည်။ ကွန်ပျူတာနှင့် အင်တာနက်သည် ပညာရေးအတွက် သုံးတတ်မည်ဆိုပါက အကန့်အသတ်မရှိသော အကျိုးကျေးဇူးကို ပေးနိုင်သည်ဖြစ်ရာ အချို့ပညာရှင်များက ကွန်ပျူတာနှင့် အင်တာနက်ကို သုံးနိုင်သူနှင့် မသုံးနိုင်သူများကြား ပညာရေးကွာဟချက် အလွန်မြင့်မားသွားမည်ကို စိုးရိမ်နေကြသည်။ ကွန်ပျူတာတွင် Encarta ကဲ့သို့သော စွယ်စုံကျမ်းများ၊ အသံထွက်အဘိဓာန်များ၊ သင်ကြားရေးနှင့်ဆိုင်သော ဆော့ဖ်ဝဲလ်များကို တပ်ဆင်အသုံးပြုခြင်းဖြင့် အလွန်အစွမ်းထက်သော Private Study System တစ်ခုကို ဖန်တီးနိုင်ပေသည်။ ထိရောက်သော အသုံးချတတ်ဖို့မှာမူ မိဘများ၏ လမ်းညွှန်လေ့ကျင့်ပေးမှုကောင်း၊ မကောင်း အပေါ်၌များစွာ မူတည်နေပေသည်။ အင်တာနက်ကို အသုံးချဖို့အတွက်မူ ပညာရေးအတွက် အရေးကြီးသော သတင်းအချက်အလက်များစုဆောင်းရှာဖွေခြင်း၊ စာအုပ်စာတမ်းများ၊ ဆောင်းပါးများရှာဖွေခြင်းမှ အစပြု၍ မိမိမှတ်သားထားသမျှကို ပြန်လည်မျှဝေပေးခြင်းအထိ အထိရောက်ဆုံး အသုံးချနိုင်ပေသည်။ ယနေ့အချိန်တွင် မြန်မာပညာရှင်များသည် မိမိတို့တတ်ကျွမ်းသော ပညာရပ်များကို အင်တာနက်တွင် မြန်မာဘာသာဖြင့် ရေးသားတင်ပြခြင်းများ ပြုလုပ်လာသည်ဖြစ်ရာ မိမိဘာသာလေ့လာသင်ကြားလိုသော ကလေးများအတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပ စကောလားရှစ် ပရိုဂရမ်များ အမြောက်အမြားပေါ်ထွက်လာသဖြင့် သားသမီးများပညာရေးအတွက် အခွင့်အလမ်းသစ်များသဖွယ်ရှိနေပေရာ မိဘများက အမြဲမပြတ်သတင်းစုဆောင်းနေရန် လိုအပ်ပေသည်။ ထို့အပြင် သားသမီးများငယ်စဉ်ကပင် ထိုစကောလားရှစ်များ ရရှိနိုင်ရန် လိုအပ်သော အရည်အချင်းများကို လေ့လာပြီး ကြိုတင်လေ့ကျင့်ပေးထားရမည်ဖြစ်သည်။ အဆိုပါအချက်များကိုလည်း အင်တာနက်တွင် အမြန်ဆုံးနှင့် အလွယ်ကူဆုံး စုံစမ်းရှာဖွေနိုင်ပေသည်။ မိဘများအနေဖြင့် ပညာရေးနှင့်ပတ်သက်သော ဆွေးနွေးချက်များအသားပေးသည့် Forum များ၊ Website များကို လေ့လာဖတ်ရှုခြင်းဖြင့် မိမိတို့သားသမီးများအတွက် သင့်တော်မည့် အလားအလာကောင်းများ၊ စကောလားရှစ်နှင့် အလုပ်အကိုင်များကို သိရှိနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် မိဘများအနေဖြင့် အထက်တွင်ဖော်ပြခဲ့သောနည်းလမ်းများမှ လက်လှမ်းမီသောအချက်များကို မိမိတို့သားသမီးများအား စနစ်တကျလေ့ကျင့်သင်ကြားပေးမည်ဆိုပါက ၎င်းတို့၏ ပညာရေးတွင်သာမက အဘက်ဘက်တွင် အထောက်အကူပြုနိုင်ပြီး နိုင်ငံတော်၏ သားကောင်းရတနာများအဖြစ် ပေါ်ထွက်လာမည်ဟု လေးလေးနက်နက်ယုံကြည်မိပါသည်။

Dr.**အောင်ဝင်းထွန်း**
(M.P.E.I)
(Bluephoenix)

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**
**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**
**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**
**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၁၃၉၂**

www.foreverspace.com.mm



# ၂၀၀၉ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ချားလ်စ်ဘန်းစတိုင်းန် အင်တာဗျူး/ အရေးအသားများ<br>စာမူခွင့်ပြုချက်အမှတ် –၄၀၀၁၄၅၀၂၀၉ | ဇေယျာလင်း | ၅၀၀ | ၁၀၀၀ | နှစ်ကာလများ | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာပြန် |
| ၂။ | ဂန္ထဝင်စာဆိုပညာရှိလေးဦး<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၅၇၄၀၅၀၉ | တိုက်စိုး | ၅၀၀ | ၂၅၀၀ | နေရီရီ | ၂၀၀၉၊ ဇူလိုင် (ဒု–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၃။ | ဉာဏ်အော်မြည်ကုန်းဘောင်တည်<br>စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၄၃၀၅၀၉ | သန်းဝင်းလှိုင် | – | ၄၀၀၀ | မိုးကျော် | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | မှတ်တမ်း |
| ၄။ | ကမ္ဘာ့အံ့ဖွယ်သုတပန်းခင်း<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၄၃၅၀၅၀၉ | မိုးမြင့်မောင် | ၁၀၀၀ | ၁၂၀၀ | ထိပ်တန်း | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | သုတ |
| ၅။ | ကြက်သွန်နီတစ်လုံးဆေးသုံးနည်း (၁၀၀)<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၂၅၉၀၃၀၉ | စိုးမြင့်ဒွဏ်း (အာယုဗ္ဗေဒ–ဂုဏ်ထူး) | ၁၀၀၀ | ၁၃၀၀ | ချိုတေးသံ | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | သုတ |
| ၆။ | ရှင်သန်နေသောသမိုင်းကြောင်း၏နောက်ဆက်တွဲ (ဟီလာရီကလင်၏နိုင်ငံရေးဘဝဇာတ်ခုံ)<br>စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၅၃၀၇၀၉ | ဟိန်းလတ် | ၁၀၀၀ | ၃၅၀၀ | Club 18 Creative House | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာပြန် |
| ၇။ | မီဒီယာလောက<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၃၁၇၀၄၀၉ | ရွှေကူမေနှင်း | ၁၀၀၀ | ၁၅၀၀ | အလင်းသစ် | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာပြန် (သတင်းစာပညာ) |
| ၈။ | မြန်မာမှုမြန်မာ့ရေးရာ<br>စာမူခွင့်ပြုချက်အမှတ် –၄၀၀၃၄၇၀၄၀၉ | မင်းသုဝဏ် | ၅၀၀ | ၁၅၀၀ | ချိုတေးသံ | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ဆောင်းပါးများ |
| ၉။ | အလင်းသစ်ရွှေးသီရာဝတ္ထုတိုများ၂၀၀၈<br>စာမူခွင့်ပြုချက်အမှတ် –၅၀၀၉၀၄၀၆၀၉ | စာရေးသူအစုံ | ၁၀၀၀ | ၂၅၀၀ | အလင်းသစ် | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဝတ္ထုတိုများ |
| ၁၀။ | ပါဠိလိပ္ပတ္တိဂါမ<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၀၃၀၀၁၀၉ | တောမှီရဟန်း | ၁၀၀၀ | ၇၀၀ | တောင်ကလေး ဓမ္မစာပေတိုက် | ၂၀၀၉ ၊ ဇူလိုင် (ပ–ကြိမ်) | မှတ်တမ်း |
| ၁၁။ | ရှန်ဟိုင်းဂျင်<br>စာမူခွင့်ပြုချက်အမှတ် –၅၀၀၄၀၄၀၃၀၉ | တော်ကောင်းမင်း | ၅၀၀ | ၅၀၀၀ | သီဟရတနာ | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာပြန်ဝတ္ထု |
| ၁၂။ | ဒဂုန်တာရာ (သို့မဟုတ်) ရုပ်ပုံလွှာတွင် ဖွဲ့နွဲ့သူ၏ ရုပ်ပုံလွှာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၂၇၀၂၀၉ | ကိုခါး (ကွမ်းခြံကုန်း) | ၅၀၀ | ၂၀၀၀ | ရန်အောင် စာပေ(၂) | ၂၀၀၉၊ ဇွန် (ပ–ကြိမ်) | ဝေဖန်ရေး |

www.foreverspace.com.mm



| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃။ | စစ်ကိုင်းသမီးဒိုင်ယာရီ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၇၈၈၅၀၅၀၈ | ခင်ဆွေဦး | ၅၀၀ | ၁၅၀၀ | ရန်အောင်<br>စာပေ(၂) | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | မှတ်တမ်းများ |
| ၁၄။ | ပုဂံမှ သာသနာ့ဒါယကာကြီးများနှင့်<br>သာသနိကအဆောက်အအုံများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၁၄၀၅၀၉ | ဒေါက်တာမတင်ဝင်း<br>(ပညာရေးတက္ကသိုလ်) | ၅၀၀ | ၄၅၀၀ | နန့်ချစ်ကြည် | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၁၅။ | တစ်နေ့သောအခါ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၂၂၈၀၂၀၉ | ကြပ်ကလေး | ၅၀၀ | ၁၅၀၀ | ရွှေကောင်းကင် | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၁၆။ | သီပေါစုဖုရားလတ်နှင့်<br>ကုန်းဘောင်နေဝင်ချိန်<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၈၅၁၁၀၈ | ထွဋ်ခေါင်မင်း | ၁၀၀၀ | ၂၂၀၀ | စိုးစာပေ | ၂၀၀၉၊ ဩဂုတ်<br>(ပ-ကြိမ်) | သမိုင်း |
| ၁၇။ | အဖေတစ်ယောက်အကြောင်း<br>နှင့် မဂ္ဂဇင်းဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၆၃၇၀၅၀၉ | မောင်မောင်ထွန်း<br>(အောင်ကျန်းမာရေး) | - | ၂၀၀၀ | ဟိန်းထက် | ၂၀၀၉၊ ဩဂုတ်<br>(ပ-ကြိမ်) | မဂ္ဂဇင်း<br>ဝတ္ထုတိုများ |
| ၁၈။ | ယာယီနံပါတ်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၉၀၉၁၁၀၈ | ကျော်ထူး<br>(ဟာသသရုပ်ဆောင်) | ၅၀၀ | ၁၅၀၀ | တော်ဝင်မြို့မ | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၁၉။ | အမှတ်တရ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၂၈၆၀၂၀၉ | ဂျူး | ၇၀၀ | ၂၀၀၀ | ဂျူးစာပေ | ၂၀၀၉၊ ဇူလိုင်<br>(၃-ကြိမ်) | လုံးချင်းဝတ္ထု |
| ၂၀။ | ဘာဆိုလားပဲ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၇၉၃၀၆၀၉ | လူနေ | ၁၀၀၀ | ၁၅၀၀ | အိပ်မက်အသစ် | ၂၀၀၉၊ ဇူလိုင်<br>(ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၂၁။ | ကိုသုခမ၏မြစ်များ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၂၁၁၀၃၀၇ | မာန်<br>(တောင်လုံးပြန်) | ၁၀၀၀ | ၁၀၀၀ | တောင်လုံးပြန်<br>စာပေဆက်ဆံရေး | ၂၀၀၉၊ ဇူလိုင်<br>(ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၂၂။ | မမြင်မကန်း<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၃၈၂၀၉၀၈ | မောင်မြင့်ကြွယ် | ၅၀၀ | ၃၂၀၀ | ကံ့ကော်ဝတ်ရည်<br>(၃-ကြိမ်) | ၂၀၀၉၊ ဇူလိုင် | ဘာသာပြန် |
| ၂၃။ | ကုမုဒြာစာကဗျာ<br>စာမူခွင့်ပြုချက်အမှတ်-၃၂၀၂၁၇၀၅၀၉ | အရှင်နာရဒ<br>(ပုတီးကုန်း) | ၅၀၀ | ဓမ္မဒါန | ရန်အောင် | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၂၄။ | စီးပွားရေးကပ်အန္တရာယ်စီမံခန့်ခွဲ<br>ကာကွယ်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၃၉၉၀၄၀၉ | ဦးဝင့်ကျော် | ၂၀၀ | ၂၃၀၀ | မြဝတ်ရည် | ၂၀၀၉၊ မေ<br>(ပ-ကြိမ်) | စီမံခန့်ခွဲမှု |
| ၂၅။ | ကမ္ဘာ့ငွေကြေးစီးပွားရေးအကျပ်<br>အတည်းနှင့် သူတို့အမြင်ဆွေး<br>နွေးတင်ပြချက်များ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၆၂၂၀၆၀၉ | စာရေးဆရာစုံ | ၅၀၀ | ၁၅၀၀ | မိုးမြင့်ကြယ် | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | စီးပွားရေး |

www.foreverspace.com.mm

# ကုန်ဈေးနှုန်း

၂၀၀၉ ခုနှစ်၊ ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၇-၈-၂၀၀၉)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (ဂဃ) | ၆၅ |
| Toyota Publica | 84 | (လ/သ/အ) | ၁၂၀ |
| Toyota Publica | 86 | (၃က) | ၁၄၀ |
| Nissan Sunny Supersaloon | 86 | (၆က) | ၄၀၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၃၅၀ |
| Toyota Corolla 1.5 Limited | | (၂ခ) | ၄၀၀ |
| Suzuki Wagon R+ | | (၂ဂ) | ၃၇၀ |
| Suzuki Wagon R- | | (၉ခ) | ၁၃၅ |
| Tow Ace Pickup(ပုစဉ်းခေါင်း) | 2000 | (ဂဃ) | ၁၂၀ |
| Toyota Corolla | CE 96 | (၂ခ) | ၄၅၀ |
| Corolla 1.8 Van | 92 | (၂ခ) | ၄၀၀ |
| Corolla 1.8 Van (လေလံ) | 92 | (၆ခ) | ၆၀၀ |
| Toyota Corolla MarkII | 90 | (၂ခ) | ၆၃၀ |
| Toyota Corolla MarkII | 94 | (၉ခ) | ၇၅၀ |
| Mitsubishi Padjero V46 | 96 | (၇ခ) | ၁၂၀၀ |
| Toyota Hilux Surf S/W | 97 | (၆ခ) | ၁၂၅၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| Panasonic | 32 LE8M | 32" | ၆၇၀,၀၀၀ |
| SAMSUNG | LA-32A330(LCD) | 32" | ၆၃၄,၄၀၀ |
| SAMSUNG | CS-21A530 | 21" | ၁၅၅,၀၀၀ |
| SAMSUNG | CS-21A760 | 21" | ၁၉၀,၅၀၀ |
| STAR | T-29068 | 29" | ၂၅၄,၇၀၀ |
| STAR | 21-T50 | 21" | ၁၂၂,၅၀၀ |
| STAR | 21-T21A | 21" | ၁၁၆,၅၀၀ |
| STAR | N 14 A | 14" | ၈၀,၆၀၀ |
| LG | 21FU6RL | 21" | ၁၉၀,၀၀၀ |
| T-HOME | SA2127 | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2900 | 21" | ၂၁၅,၀၀၀ |
| FUJI | T2125 | 21" | ၁၁၄,၉၀၀ |
| FUJI | T2107AIE | 21" | ၁၁၂,၅၀၀ |
| FUJI | N1407AIE | 14" | ၈၀,၆၀၀ |

## ရေခဲသေတ္တာ

(၂၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-60 | ၁၂၅,၅၀၀ |
| STAR | RL-100 | ၁၄၇,၀၀၀ |
| STAR | RL-135 | ၁၆၁,၅၀၀ |
| LG | GC-151SNS | ၁၆၉,၀၀၀ |
| LG | GC-191SN | ၃၆၀,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၄၇,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၃၄,၅၀၀ |
| SAMSUNG (One door) | RA-19FASS | ၂၃၅,၀၀၀ |
| SAMSUNG (One door) | RA-19FABP | ၂၆၉,၀၀၀ |
| SAMSUNG (One door) | RA-21FAPP | ၁၂၅,၀၀၀ |
| DAEWOO (Two door) | 291 | ၂၉၅,၀၀၀ |

## DVD ပြစက်

(၂၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၉,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၅၀၀ |
| STAR | B-096(MP4+DC) | ၄၀,၇၀၀ |
| STAR | B036 | ၃၁,၆၀၀ |
| FUJI (EVD) | F510 | ၃၂,၈၀၀ |
| FUJI (EVD) | EVD 3399 | ၄၆,၅၀၀ |
| Pansonic | DVD LS80 | ၃၅,၀၀၀ |
| DAEWOO | DV1400S | ၄၉,၀၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၁၂,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၉၁,၄၀၀ |
| STAR | T-09G | ၂၇၁,၅၀၀ |
| STAR | T-12G | ၃၁၅,၀၀၀ |
| LG | O962TA3 | ၂၈၀,၀၀၀ |
| LG | 12645A4 | ၃၈၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၅၃,၀၀၀ |
| SAMSUNG | WA-95U3 | ၂၅၅,၀၀၀ |
| STAR | WA-95U7 | ၂၈၆,၀၀၀ |
| STAR | WT-75H2 | ၁၂၇,၉၀၀ |
| STAR | WT-105H2 | ၃၅၁,၉၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၄၆၀ |
| Milo (400g) ခဲထုပ် | ၃,၁၀၀ |
| Milo (400g) (ပုလင်း) | ၃,၈၂၀ |
| Maltova (450g) (နို) | ၃,၂၀၀ |
| Ovaltine (400g) နို | ၃,၆၀၀ |
| Ovaltine (200g) နို | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75Cl) | ၁၀,၈၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၇၀၀ |
| Jonnie Walker (Red)(37.5Cl) | ၈,၀၀၀ |
| Jonnie Walker (Red)(1Liter) | ၁၆,၂၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃,၂၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၇၀၀ |
| Jonnie Walker(Black)(1Liter) | ၃၁,၄၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၁,၀၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Grand Royal (အပြား)ရွှေပတ်ကြီး/ သေး | ၂,၉၅၀/ ၁,၈၀၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၂၀၀ |

## မုန့်ပုံးသံဘူး

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၈၅၀ |
| Cream Crackers(Hup Seng) | ၇,၀၀၀ |
| (KHIAN GUAN) Top Choice | ၇,၆၀၀ |
| (HWA TA) Choice | ၇,၂၀၀ |
| (Munchys) Funmix | ၅,၅၀၀ |
| Hwa Tai Wonderful | ၈,၈၀၀ |
| Lee Daily Delight | ၅,၄၀၀ |
| Every Time | ၅,၅၀၀ |
| (Julie's) Biscuit Assorties | ၄,၉၀၀ |
| (Julie's) Love letters | ၄,၉၅၀ |

## ခေါက်ဆွဲခြောက်

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၆၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၈၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၅၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/ ၈၅၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Colgate (160g) Double Cool Stripe ၁,၆၀၀ | |
| Close-Up (New)(18 g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၅၀၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၈၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| DOVE | ၉၀၀ |
| Kanebo | ၁,၆၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၄၀၀ |
| KAO | ၅၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၃၀၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၅၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၇၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၃၀၀ |
| Palmolive 100 g | ၁,၂၀၀ |
| Palmolive 200 g | ၂,၇၀၀ |
| Rejoice 100 g | ၅၀၀ |
| Rejoice 200 g | ၁,၆၅၀ |

## ခြင်ဆေးခွေ

(၂၉-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |

www.foreverspace.com.mm

| | |
|---|---|
| MARS | ၃၀၀ |
| Fuji | ၃၀၀ |
| ATAK | ၄၀၀ |
| FIGHTER | ၃၈၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၈၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၃၅၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၃၀၀ |

# ကွန်ပျူတာ ဈေးနှုန်းများ



(၂၄-၈-၂၀၀၉)

**❑ Lucky Bird P4 Budget PC 775**

- Intel Pentium 4-775 Dual Celeron 1.6 GHz
- Memory 1 GB DDR2 667
- MSI MB
- 250 GB HDD SATA
- 16" Fujitsu LCD Monitor
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing
- Free 1GB Pendrive

Price 299 US$

**❑ TOSHIBA Satellite L300 P 503 Notebook (PSLBGL-02500L)**

- Intel Core 2 Duo T4200 2.1 GHz 800 MHZ
- 1024 MB DDR 2SDRAM
- 15.4" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel 4500 M Graphic Media Accelerator
- 250 GB HDD SATA
- Ethenet Lan
- 56K bps Fax & Data Modem
- DVD RW Super, Card Reader, Web Camera Smart Face, Stereo Speaker
  USB Sleep and Charge, Card Reader
- 1 Year International Warranty

Price 630 US$

**❑ KMD Basic Model**

- Intel Celeron 1.8 GHz (430)(512 KB L2 Cache, 800 MHz)
- Intel G 31 Express Chipset Pentium 4 Motherboard (775/ DDR2/ 1066) with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 15" LCD Color Digital Monitor (NEC)
- Prolink Keyboard and Mouse (Myanmarser)
  Optical Mouse Pad
- P4 Casing (Medium Light)

Price 342,000 Ks

**❑ TOSHIBA Satellite L310 (PSME6L-014001) Notebook**

- Intel Dual Core 2.0 GHz Processor T6500
- 14.1" WXGA Super Shine View screen
- 2GB DDR2 RAM
- 320GB HDD [SATA]
- DVD Writer SuperMulti DL
- Wireless LAN 802.11 b/g,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Intel Graphic Media Accelerator 4500M
- Web Cam, Card Reader, Speaker

Price 750 US$

**❑ Lucky Bird P4 Accelerator PC 775**

- Intel Pentium 4-775 Core 2 Dual 2.8 GHz (775 CPU)
- ASUS P5KPLAM
- 1GB DDR 2 RAM
- 250 GB HDD SATA
- 16" Fujitsu LCD Monitor
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 389 US$

www.foreverspace.com.mm

## ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.5 GHz E5200(2MB, L2 Cache, 800 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 1 GB DDR2 RAM (PC 800 MHz) Kingston
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 16" LCD Color Monitor (Prolink)
- Prolink Keyboard
- Optical Mouse Pad
- P4 Casing (Medium Light)

Price 374,000 Ks

## ❑ KMD Innovator Model

- Intel Pentium Core2 Duo 2.8 GHz (3 MB)
- Intel P43 Express Chipset Motherboard (775/ DDR2/ 1333) (with 8 Channel Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- PCIE 1 GB (N9400GT) Gygabyte
- 250 GB HDD (Seagate 7200 RPM) SATA with HDD Fan
- 18.5" LCD Color Monitor (Acer)
- Prolink Keyboard & Mouse (Myanmarser)
- Optical Mouse Pad
- P4 Casing (Light High)

Price 570,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 24 x DVD Writer (ASUS) SATA | 8,000 KS |
| 24 x DVD Writer (Sony) SATA | 36,000 Ks |
| 20 x DVD Writer (Pioneer)IDE | 3,000 Ks |
| 24 x DVD Writer (Samsung) SATA External | 81,000 Ks |
| Microlab M 119 Speakers with sub woofer | 25,000 Ks |
| Microlab B 56 Speakers with sub woofer | 99,000 Ks |
| Microlab M900 Speakers with sub woofer | 41,000 Ks |
| Microlab FC 661 Speakers with sub woofer | 73,000 Ks |

## ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 20,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 32,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 41,000 Ks |
| 2GB (DDR 3 RAM) 800 MHz (Kingston) | 33,000Ks |

## ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 53,000 Ks |
| 320 GB (Seagate) SATA | 58,000 Ks |
| 500 GB (Seagate) SATA | 65,000 Ks |
| 750 GB (Seagate) SATA | 89,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 52,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 60,000 Ks |
| 320 GB (Hitachi/Seagate) Notebook SATA | 67,000 Ks |

## ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Philips) | 75,000 Ks |
| 17" SVGA Color Monitor (Dyna) | 60,000 Ks |
| 17" SVGA Color Monitor (NEC) | 90,000 Ks |
| 19" SVGA Color Monitor (Philips) | 90,000 Ks |
| 16" LCD Color Monitor (Prolink)(Wide view) | 102,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1916 wm | 146,000 Ks |
| 19" LCD Touch Screen Monitor (Prolink) | 452,000 Ks |
| 19" LCD Color Monitor (Prolink)Wide View | 137,000 Ks |
| 19" LCD Color Monitor (Philips) Wide View | 145,000 Ks |
| 20" LCD Color Monitor (Acer) Wide View | 145,000 Ks |

## ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 49,000 Ks |
| Canon MP 145 Printer (USB) | 74,000 Ks |
| Canon Laserjet 3050 Printer (USB) | 110,000 Ks |
| Canon Laserjet 3100 Printer | 126,000 Ks |
| HP Laserjet P 2055 Printer (USB) | 73,000 Ks |
| HP Laserjet 1005 Printer (USB) | 110,000 Ks |
| HP Laserjet 1522 N A10 Printer (USB) | 420,000 Ks |
| HP Laserjet 3100 Printer | 119,000 Ks |
| HP Deskjet 2235 Printer (USB) | 72,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 24,000 Ks |
| EPSON T11 Inkjet Printer | 45,000 US$ |
| EPSON TX 200 SPC Printer | 139US$ |
| EPSON R 230 Photo Printer | 139US$ |
| Fuji Xerox Colour Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 64,500 Ks |
| HP 1010/ 1320/ 1300 Toner | 74,500 Ks |
| HP 2015/ 1522 Toner | 81,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 59,000 Ks |
| Canon 1120 Toner | 59,000 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 92,000 Ks |
| Canon Scanner Lide 100 | 61,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 42,000 Ks |
| 1250 VA (Power Tree) | 79,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 103,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

# Which & Why
# ဘယ်ပစ္စည်းဘာကြောင့်

## ခြင်ဖမ်းကိရိယာ

AC-220 ဖြင့် တိုက်ရိုက်အသုံးပြုရသော ခြင်ဖမ်းကိရိယာဖြစ်။ မီးအလင်းအမှောင်ရှိသည့်နေရာသို့ ခြင်များလာသည့်အခါ သံချောင်းကလေးများဖြင့် ရှော့ခ်ရိုက်ပြီး ခြင်များကို သေစေခြင်းဖြစ်။ ခြင်များကို စုပ်ယူနိုင်ရန်အတွက် ပန်ကာတစ်ခုပါရှိ။ 4 Watt ဖြစ်။ ခြင်ဖမ်းစက်ကိုယ်ထည်ကို ပလတ်စတစ်ဖြင့်ပြုလုပ်ထားခြင်းဖြစ်။ ပုံစံသုံးမျိုးရှိ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃,၅၀၀ ကျပ်ဖြစ်။






## PELIMED အဆီချခါးပတ်

PELIMED အမှတ်တံဆိပ် MOD 103A မော်ဒယ်လ်အမျိုးအစား အဆီချခါးပတ်ဖြစ်။ တုန်ခါသည့်စနစ်ဖြင့် အဆီချပေးခြင်းဖြစ်။ Function ငါးမျိုးနှင့် Program နှစ်မျိုးပါရှိပြီး Remote Control ဖြင့်လည်း အသုံးပြု၍ရ။ ခန္ဓာကိုယ်အနှံ့ရှိ အဆီများကို ချပေးနိုင်။ အခြားသောအဆီချခါးပတ်များထက် တုန်ခါမှုအားကောင်းပြီး တုန်ခါမှု အတိုးအလျော့ပြုလုပ်၍လည်းရ။ AC 24 Volt Adaptor ဖြင့် အသုံးပြုရ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၀,၀၀၀ ကျပ်ဖြစ်။

## KUMTEL CALLER ID Phone

KUMTEL အမှတ်တံဆိပ် KT-1800 မော်ဒယ်လ်အမျိုးအစား Caller ID Phone ဖြစ်။ ဖုန်းအဝင် ၃၀ နှင့် အထွက် ၁၀၀ ကို Memory မှတ်ထားပေးနိုင်။ နာရီ၊ ပြက္ခဒိန်၊ ဂဏန်းပေါင်းစက်များပါရှိ။ Hand Free အသုံးပြု၍ရ။ Digital Display ၁၆ ခုပါရှိ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂,၅၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm



## SONY EVD Player

SONY အမှတ်တံဆိပ် A-77 မော်ဒယ်လ်အမျိုးအစား EVD Player ဖြစ်။ DVD, VCD, CD, MPEG-4, USB, SD Card များဖြင့်တွဲဖက်အသုံးပြုနိုင်။ Based in Speaker ပါရှိ။ Logo System ပါရှိ၍ မိမိနှစ်သက်ရာရုပ်ပုံကို တီဗီဖန်သားပြင်၌ ထားရှိနိုင်။ AC ဖြင့် အသုံးပြုနိုင်သလို DC ဖြင့်လည်း အသုံးပြု၍ရ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၂,၀၀၀ ကျပ်ဖြစ်။

## Room Heater

ဒီဇယ်ဖြင့် အသုံးပြုရသော Room Heater ဖြစ်။ ကိုယ်ထည်ကိုသံဖြင့် ပြုလုပ်ထား။ အပူပေးကိရိယာတွင် ဒီဇယ် ၄ ဒသမ ၄ လီတာထည့်၍ထားနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၆,၈၀၀ ကျပ်ဖြစ်။





## LCD Portable Player

GV 1511 မော်ဒယ်လ်အမျိုးအစား LED Portable Player ဖြစ်။ DVD, VCD, MPEG-4, CD ဖြင့်လည်း အသုံးပြုနိုင်။ LCD တွင် Based in Player ပါရှိပြီး အခြားသော Player များဖြင့်လည်း တွဲဖက်သုံးနိုင်။ LCD Screen မှာ ၁၅ လက်မဖြစ်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၆,၀၀၀ ကျပ်ဖြစ်။

## SONY VCD ကက်ဆက်

SONY အမှတ်တံဆိပ် HCDRV 22 မော်ဒယ်လ်အမျိုးအစား VCD ကက်ဆက်ဖြစ်။ VCD 3-Disc အသုံးပြုနိုင်။ ကက်ဆက်–တိပ်ခွေလည်း အသုံးပြု၍ရ။ တီဗီဖြင့်လည်း တွဲဖက်အသုံးပြုနိုင်။ အသံထွက်စနစ်ကောင်း။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ၃၅၅,၀၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm






## စာကြည့်မီးအိမ်

888 မော်ဒယ်လ်အမျိုးအစား စာကြည့်မီးအိမ်ဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ ခေါက်သိမ်း၍ရခြင်းကြောင့် အလွယ်တကူ သယ်ဆောင်သွားနိုင်။ 12 Volt မီးသီးဖြင့် လဲလှယ်တပ်ဆင်၍ရ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃,၀၀၀ ကျပ်ဖြစ်။



## EURO Cyber Video Camera

EURO Cyber အမှတ်တံဆိပ် DV-6888X မော်ဒယ်လ်အမျိုးအစား ဗီဒီယိုကင်မရာဖြစ်။ ဗီဒီယိုရိုက်၍လည်းရပြီး ကင်မရာအဖြစ်လည်း အသုံးပြုနိုင်။ Megapixels 6 ဖြစ်။ အသံဖမ်း၍လည်းရ။ MP3 အဖြစ်လည်းအသုံးပြုနိုင်။ Rechargable ဓာတ်ခဲကို အသုံးပြုရခြင်းဖြစ်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၆၉,၀၀၀ ကျပ်ဖြစ်။




## SONY ရေဒီယို

SONY အမှတ်တံဆိပ် ICFSW-12 မော်ဒယ်လ်အမျိုးအစား ရေဒီယိုဖြစ်။ နာရီနှင့် Alarm ပါရှိ။ AA ဓာတ်ခဲနှစ်လုံးအသုံးပြုရခြင်းဖြစ်။ FM, MW, SW-10 လိုင်းများကို ဖမ်းယူနားဆင်နိုင်။ ဂျပန်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄၆,၀၀၀ ကျပ်ဖြစ်။




## CITIZEN Digital အပူချိန်တိုင်းကိရိယာ


CITIZEN အမှတ်တံဆိပ် CT810 မော်ဒယ်လ်အမျိုးအစား အပူချိန် တိုင်းကိရိယာဖြစ်။ နားရွက်ထဲတွင်ထည့်၍ အပူချိန်တိုင်းရခြင်းဖြစ်။ နာရီဓာတ်ခဲထည့်၍ အသုံးပြုရခြင်းဖြစ်။ ဂျပန်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၂,၈၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## Aijia FM Radio ဓာတ်မီး

Aijia အမှတ်တံဆိပ် AJ-3106 မော်ဒယ်လ်အမျိုးအစား FM ရေဒီယို ဓာတ်မီးဖြစ်။ ဓာတ်မီးအဖြစ်အသုံးပြုနိုင်သလို FM ရေဒီယိုကိုလည်းဖမ်းယူရရှိနိုင်။ LED မီးလုံး ၁၀ လုံးပါရှိ။ လျှပ်စစ်ဓာတ်အားသွင်း၍ အသုံးပြုရခြင်းဖြစ်။ အသံအတိုးအကျယ် ချိန်ညှိ၍ရ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃,၅၀၀ ကျပ်ဖြစ်။





## Apple စားပွဲတင်ပန်ကာ

Apple အမှတ်တံဆိပ် TH 2588-6 မော်ဒယ်လ်အမျိုးအစား စားပွဲတင် ပန်ကာဖြစ်။ ပန်ကာသလက်မှာ ရော်ဘာအပျော့စားဖြစ်။ AA ဓာတ်ခဲသုံးလုံးဖြင့် အသုံးပြုရ။ USB ကြိုးပေါက်ပါရှိ၍ ကွန်ပျူတာဖြင့်လည်းချိတ်ဆက်အသုံးပြုနိုင်။ ပန်းရောင်၊ အနီ၊ လိမ္မော်အရောင်သုံးမျိုးရှိ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃,၅၀၀ ကျပ်ဖြစ်။

## Guang Bo ခဲတံချွန်စက်

Guang Bo အမှတ်တံဆိပ် 9717 မော်ဒယ်လ်အမျိုးအစား ခဲတံချွန်စက်ဖြစ်။ ခဲတံကို ခဲတံချွန်စက်အတွင်းသို့ထည့်၍ လက်လှည့်အသုံးပြုရခြင်းဖြစ်။ ခဲတံချွန်ရာတွင် ထွက်လာသည့်အမှိုက်များကို သိမ်းဆည်းပေးသည့်နေရာပါရှိ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂,၅၀၀ ကျပ်ဖြစ်။






## LOBOR နာရီ

LOBOR အမှတ်တံဆိပ် နာရီဖြစ်။ နာရီကိုယ်ထည်နှင့် လက်ပတ်ကြိုးတွင် စိန်ပွင့်ကလေးများပါရှိ။ ရေစိမ်ခံဖြစ်ပြီး နာရီဒိုင်ခွက်အတွင်းကို ဖောင်းကြွဒီဇိုင်းဖြင့်ပြုလုပ်ထား။ ဂျပန်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၅,၂၀၀ ကျပ်ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Eve Fine ၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | DICOTA Notebook အိတ်အမျိုးမျိုး (ဂျာမနီ) | KMD CO., LTD.<br>အမှတ်−၅၅၀/၅၅၂၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း−၂၀၄၀၇၁၊ ၃၈၄၁၀၉၊ ၃၈၁၀၃၅<br>ဖက်စ်−၂၄၅၁၈၀<br>E-mail: sales@kmd.com. mm | ဒေါ်သင်းသင်းစိုး (Sales Director) | KMD CO., LTD.<br>အမှတ်−၁၀၃/၁၊ ၇၇ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း−၀၂−၆၀၂၃၉၊ ၆၀၃၆၀<br>E-mail:kmd@mandalay.net.mm |
| ၂။ | R - 134 Aircon Gas (စင်ကာပူ) | ETERNAL CO., LTD.<br>အမှတ်−၆၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း−၅၅၆၄၂၂၊ ၅၄၂၅၄၄၊ ၀၉−၈၆၁၃၀၈၉<br>E-mail: ifo-eternal@myanmar.com.mm | ဒေါ်အိအိခိုင် (Marketing Manager) | ETERNAL CO., LTD.<br>အမှတ်−၂၆၇၊ ၂၈× ၈၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း−၀၂−၃၆၈၅၀ |
| ၃။ | Toshiba PORTÈ GÈ M900 Notebook (စင်ကာပူ) | LUCKY BIRD TRADING CO., LTD.<br>အမှတ်−၃၅၅၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း−၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၀၉−၉၈၂၇၇၂၉<br>E-mail:luckybd@myanmar.com.mm | ဒေါ်လဲ့လဲ့ဟန် (Sales Incherge) | LUCKY BIRD TRADING CO., LTD.<br>အမှတ် ၅၊ ၂၆ လမ်း၊ ၇၈× ၇၉ လမ်းကြား၊ မန္တလေး။<br>ဖုန်း−၀၂−၂၅၅၇၂၊ ၀၉−၈၀၂၂၀၂၅<br>Email:luckybd@myanmar.com.mm |
| ၄။ | Police Leather Goods (အီတလီ) | EVER SEIKO CO., LTD.<br>အမှတ်−၆၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း−၅၃၀၇၀၉၊ ၅၃၀၇၅၀ | ဒေါ်ခင်သော်တာ (Manager) | EVER SEIKO CO., LTD.<br>အမှတ်−B(9/G)၊ ၃၁× ၃၂ လမ်းကြား၊ ၇၇ လမ်း၊ မန္တလေး။<br>ဖုန်း−၀၂−၇၃၀၂၂ |
| ၅။ | Elephant Steel Tank (ထိုင်း) | CHAMPION CONSTRUCTION MATERIAL CO., LTD.<br>အမှတ်−၂၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၄၀၀၅၆၁၊ ၄၀၀၅၆၂၊ ၄၀၀၆၅၃<br>ဖက်စ် − ၄၀၀၅၆၁<br>E-mail: konaing@myanmar.com.mm | ဒေါ်သူဇာမိုး (Brand Manager) | CHAMPION CONSTRUCTION MATERIAL CO., LTD.<br>အမှတ်−၃၃၊ ၇၈ လမ်း၊ ၃၄× ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း−၀၂−၃၃၄၈၈ |


ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# ANGEL POWER

## ဘက်ထရီဓာတ်အားအလိုအလျောက်ဖြတ်ကိရိယာ

**မြန်မာနိုင်ငံရှိ လျှပ်စစ်ပစ္စည်းဈေးကွက်အတွင်း ဝယ်ယူမှုပမာဏများပြားလာသော အင်ဗာတာများတွင် ဘက်ထရီတာရှည် အသုံးခံနိုင်ရေးအတွက် တွဲဖက်သုံးစွဲရသည့် ကိရိယာတစ်မျိုးဖြစ်သည်။**



☆ NOW ELECTRONIC & COMPUTER က ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးမင်းအောင်ဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ဦးခန့်ရှိ။

☆ ထိုင်ဝမ်နည်းပညာကိုအသုံးပြု၍ ထိုင်ဝမ်နည်းပညာရှင်များကပင် ဦးဆောင်ထုတ်လုပ်။

☆ ကုန်ကြမ်းပစ္စည်းများကို တရုတ်၊ ထိုင်းနှင့် ကိုရီးယားနိုင်ငံတို့မှ ရယူထား။

☆ ဓာတ်အားပြည့်ပါက အလိုအလျောက်ဖြတ်တောက်ပေးသောကိရိယာဖြစ်၍ ယင်းပစ္စည်းကိုသုံးစွဲခြင်းဖြင့် ဘက်ထရီတာရှည်ခံနိုင်ဟုဆို။

☆ DC Cut-out စနစ်ဖြစ်ပြီး 12 V ၊ 24 V နှစ်မျိုးထုတ်လုပ်ကြောင်း သိရ။

☆ ဈေးနှုန်းများမှာ လောလောဆယ် 12 V ကြိုးပါ ၅၅၀၀ ကျပ်၊ ကြိုးမပါ ၇၅၀၀ ကျပ်နှင့် 24 V ၉၅၀၀ ကျပ်ဈေးနှုန်းအသီးသီး သတ်မှတ်ထား။

☆ ယခုလက်ရှိ Angel Power အပြင် Working Power အမှတ်တံဆိပ် အင်ဗာတာ၊ Magic Power (3in1) (မီးအားမြှင့်၊ အင်ဗာတာ၊ ဓာတ်အားသွင်း)၊ Now အမှတ်တံဆိပ် UPS ၊ 3 Colour နှင့် 324 IC အမှတ်တံဆိပ် Safeguard များနှင့် အခြားလျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိ။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး အခြားဆက်စပ်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဦးမင်းအောင်
NOW ELECTRONIC & COMPUTER
အမှတ်-၂၁၉၊ ၃၇ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၅၂၅၉၊ ၂၄၀၈၃၂
စက်ရုံလိပ်စာ-
အမှတ်-J-၇၆၊ ရွှေနှင်းဆီ (၃) လမ်း၊
FMI ပဒေသာပင်မြို့တော်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



# CHOICES ဝေဖာ

**အဆင့်မီထုပ်ပိုးမှုပုံစံဖြင့် စားသောက်ကုန်ဈေးကွက်အတွင်း အသစ်ထပ်မံဝင်ရောက်လာသည့် ပြည်တွင်းထုတ်ဝေဖာ တစ်မျိုးဖြစ်သည်။**




☆ Millennium Food Production Co., Ltd. မှ ၂၀၀၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ထုတ်လုပ်။

☆ ကုမ္ပဏီ၏အကြီးအကဲမှာ ဦးရဲအောင်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် ၅ဦး၊ ဝန်ထမ်းအင်အား ၃၀၀ ဦးခန့်ရှိ။

☆ ထုတ်လုပ်မှုတွင်အသုံးပြုသည့် စက်ပစ္စည်းများကို ဂျာမနီနိုင်ငံမှတင်သွင်းထားဟုဆို။

☆ ကုန်ကြမ်းပစ္စည်းများကို ဂျာမနီ၊ အမေရိကန်၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့အပြင် ပြည်တွင်းမှလည်း ရယူထုတ်လုပ်ထားကြောင်းသိရ။

☆ တရုတ် (တိုင်ပေ) နှင့် ထိုင်းနိုင်ငံတို့မှ ပညာရှင်များ၏ နည်းပညာအကူအညီ ရယူထုတ်လုပ်ထားဟုဆို။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်။

☆ အာမခံသက်တမ်း တစ်နှစ်ပေးထား။

☆ ဝေဖာ ၁၆ ခုပါ အထုပ်တစ်ထုပ်လျှင် ၅၀၅ ကျပ်နှုန်းဖြင့် ရောင်းချလျက်ရှိ။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှ တိုက်ရိုက်စနစ်ဖြင့်ဖြန့်ချိ။

☆ ထုတ်လုပ်လျက်ရှိသော Choice ဝေဖာအမျိုးအစားများမှာ Chocolate Coating, Milk Coating, Strawberry Coating ဟူ၍ အရသာသုံးမျိုးဖြစ်။

☆ ကုမ္ပဏီမှ Bubble Gum, Chewing Gum, Sugar Coated Gum အစရှိသည့် စားသောက်ကုန်များလည်း ထုတ်လုပ်လျက်ရှိ။

☆ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ အခြားစားသောက်ကုန်အမျိုးအစားများလည်းထပ်မံထုတ်လုပ်ရန် စီစဉ်ထားဟုဆို။




☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်**
ဦးကျော်ကျော်ဦး၊ ဦးအောင်သိန်းဝင်း၊ ဒေါ်ဆွေဆွေဝင်းရိုန်၊ ဦးမျိုးဝင်း
**စက်ရုံလိပ်စာ** – အမှတ်–၅၂၊ မြဝတီမင်းကြီးလမ်း၊ ဇုန်–၄၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၈၅၃၀၉၊ ၆၈၅၆၉၇
**ကုမ္ပဏီလိပ်စာ** – အမှတ်–၃၁၀၊ အခန်းအမှတ်–၅၀၂၊ ဝင်းရွှေဝါကွန်ဒို၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၁၆၀၁၉၊ ၂၂၀၀၈၃၊ ဖက်စ်–၂၂၆၈၁၄
E-mail: yaung@myanmar.com.mm

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၁၃၀ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ(၂)
၁၄၀ အကောင်းမြင်ခြင်းနှင့် သည်းခံခြင်း
၁၄၆ ရွှေ . . . အိပ်မက်
၁၅၀ ကုသိုလ်ရေးရှေ့တစ်လှမ်း
၁၅၄ သဘောထားကြီးပါ
၁၅၈ သူတို့ဆီက မိုးလေဝသနှင့်ရာသီဥတု
၁၆၄ ဆရာဇော်ဂျီရာပြည့်ပွဲ (၄)
၁၇၀ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၄)


---

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

**အခန်း (၂)**

## ကျေးရွာကအစ လူဖြစ်ခဲ့ရတဲ့ဘဝ

**တင်ညွန့်**

ကျွန်တော် သုံးနှစ်သားအရွယ် ကလေးဘဝဆီသို့ ပြန်ပြောင်းအမှတ်ရမိသည်။ ကျွန်တော် ထိုစဉ်က အမ်ဘာကရိုမိုဒီယိုနှင့် အတူနေခဲ့ရသည်။ အမ်ဘာ (m-Bah)ဆိုသည်က အဘွားဟူ၍ အဓိပ္ပာယ်ရသည်။ အဘွားသည် အရပ်လက်သည်တစ်ဦးဖြစ်ပြီး ကျွန်တော်တို့က သူ့ကို အဘွားက ရိုမိုဟုခေါ်ကြသည်။ အဘွားက ကျွန်တော့်အဘိုး ကာတိုရိုမို၏ ညီမအငယ်ဖြစ်သည်။ ကျွန်တော့်မိခင် ဆူကီရာ ကျွန်တော့်ကိုမွေးစဉ် အဘွားက မွေးပေးခဲ့ခြင်းဖြစ်သည်။ အဘွားပြောပြချက်အရ ကျွန်တော့်ကို ၁၉၂၁ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကီမုဆုရှိ မိဘများနေထိုင်ရာ တဲစုတ်လေးတစ်လုံးတွင် မွေးဖွားခဲ့ကြောင်း သိရသည်။ ထိုရွာလေးသည် ယိုဂျာကာတာ အနောက်ဘက် ဂိုဒင်းအရပ်၊ အာဂိုမူယိုမြို့အနီးရှိ အတော်လေးခေါင်သောရွာလေး ဖြစ်သည်။

ကျွန်တော့်ဖခင် ကာတိုဆူဒီရိုသည် ဆည်မြောင်းအရာရှိတစ်ဦးဖြစ်ပြီး မြေယာအနည်းငယ်ကိုလည်း လုပ်ကိုင်သည်။ ထိုမြေသည် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ် စိုက်ပျိုးစားသောက်ရန် ပေးထားသည့်မြေဖြစ်သည်။ ကျွန်တော့်ကို ဆူဟာတိုဟူ၍ အမည်သညာခေါ်တွင်စရာ ပေးခဲ့သူမှာ ဖခင်ကိုယ်တိုင် ဖြစ်သည်။

ကျွန်တော်သည် သူ့ဒုတိယမြောက်ဇနီး၏ တတိယမြောက်ကလေး ဖြစ်သည်။ သူ့ပထမဇနီးဖြစ်သူက သူ့ကို ကလေးနှစ်ယောက် မွေးဖွားပေးခဲ့သည်။ ပထမဇနီး ကွယ်လွန်ပြီးနောက် ကျွန်တော့်မိခင်ကို သူလက်ထပ်ခဲ့သည်။ သူတို့အိမ်ထောင်ရေးဘဝသည် သိပ်အဆင်မပြေခဲ့ပေ။ သို့ဖြစ်ရာ ကျွန်တော့်ကိုမွေးပြီးနောက် သူတို့ကွာရှင်းလိုက်ကြပြန်သည်။

နှစ်အနည်းငယ်ကြာပြီးနောက် ကျွန်တော့်မိခင် ဆူကီရာသည် အက်မိုပါဝီရိုဆိုသည့်သူနှင့် ထပ်မံအိမ်ထောင်ပြုကာ ကလေးခုနစ်ယောက်မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူကလည်း နောက်အိမ်ထောင်ပြုပြီး ကလေးလေးယောက် ထပ်မွေးခဲ့သည်။

ကျွန်တော့်မိသားစုအကြောင်းကို ကျွန်တော်ကိုယ်တိုင် ပြန်ပြောပြရလိမ့်မည်ဟု မထင်မှတ်ခဲ့ပေ။ သို့သော် ၁၉၇၄ ခုနှစ်တွင် တစ်ဦးတစ်ယောက်က ကျွန်တော့်

www.foreverspace.com.mm



အကြောင်းကို လုပ်ဇာတ်တွေခင်းကာ မဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြလိုက်သည်။ ကျွန်တော်က ဒီပို (G.Dwipayana) ကို ထိုမဟုတ်မှန်သည့်အကြောင်းအရာများအား ဂျာကာတာရှိ နောက်ထပ်မဂ္ဂဇင်းနှင့် သတင်းစာများတွင် ထပ်မံမဖော်ပြနိုင်ရန် လိုက်ပိတ်ခိုင်းရသည်။ နောက်တစ်နေ့တွင် ကျွန်တော်က သတင်းထောက်များကို ကျွန်တော့်ရုံး ဘီနာဂရဟ (သမ္မတအိမ်တော်ရုံး) သို့ ဖိတ်ခေါ်လိုက်သည်။ ကျွန်တော်က သူတို့ကို ဆွေစဉ်မျိုးဆက်မိသားစုအကြောင်းကို ရှင်းပြချင်သည်။ ကျွန်တော်က ပြည်တွင်းပြည်ပ သတင်းထောက်များကို ကျွန်တော်သည် တကယ့်မြင့်မြတ်သည့်မျိုးရိုးမှဆင်းသက်လာသူမဟုတ်ကြောင်း ကျန်ရှိနေသေးသည့်မိသားစုတွေကို အထောက်အထားပြကာ မိသားစုအဖြစ်မှန်ကို ရှင်းလင်းတင်ပြခဲ့ရသည်။

ကျွန်တော့်ဖခင်သည် ကာတိုဆူဒီရိုကို ကာတိုရီဂျိုဟူ၍လည်း လူသိများသည်။ သူသည် မြေတစ်ကွက်ကိုမျှပင် ပိုင်ဆိုင်သူမဟုတ်။ ကျွန်တော်က သတင်းထောက်များကို ကျွန်တော့်ငယ်စဉ်ဘဝခံစားရချက်များ၊ အခြားမည်သူမျှမတွေးဝံ့သည့် အတွေ့အကြုံများကို ရိုးသားစွာ ပြန်လည်ပြောပြသည်။ ကျွန်တော့်မိသားစုနှင့်ပတ်သက်ပြီး မှားယွင်းသောဖော်ပြချက်များဖြင့် ရေးသားနေကြခြင်းသည် ကျွန်တော့်ဂုဏ်သိက္ခာကို သာမက ကျွန်တော့်မိသားစုကိုပါ ထိခိုက်နိုင်ကြောင်း၊ ပြည်သူတို့ကိုလည်း ဆန့်ကျင်ဘက်အမြင်များ လွှမ်းမိုးသွားနိုင်ကြောင်း ရှင်းလင်းပြောပြရသည်။

ဂျာဗားစကားပုံတစ်ခုရှိသည်။ “သူတစ်ပါးကိစ္စ မထိပါးနှင့် ဒုက္ခများတတ်သည်” ဆိုသည့် စကားပုံဖြစ်သည်။ အကယ်၍ ကျွန်တော်သည် ထိုလုပ်ကြံဇာတ်လမ်းကိုသာ မစစ်ဆေးခဲ့မိလျှင် ပြည်သူတွေက ကျွန်တော့်ကို မေးခွန်းတွေထုတ်ကြတော့မည်။ နောက်ဆုံးတော့ သံသယတွေနှင့် သို့လောသို့လော ဖြစ်ပွားသွားနိုင်သည်။ သူတို့က သူတို့သမ္မတ၏ တကယ့်ဘဝမှန်ကို မေးခွန်းတွေထုတ်ကြလိမ့်မည်။ သံသယအပြောတွေက ဘေးထွက်သွားပြီး ဆန့်ကျင်စိတ်တွေ ဝင်သွားနိုင်သည်။ ရှုထောင့်အမျိုးမျိုးနှင့် ဝေဖန်ပြောဆိုရာက နောက်ဆုံးပဋိပက္ခတွေဖြစ်လာလိမ့်မည်။

ကျွန်တော်က သတင်းမီဒီယာအဖွဲ့ကို အဖျက်အမှောင့်ပယောဂတွေ ဝင်လာပြီး လုပ်ဇာတ်ကိုဖန်တီးခြင်းဖြစ်ကြောင်း၊ ယင်းသည် နိုင်ငံရေးအရ ခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကိုပါ ထိခိုက်စေနိုင်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ကျွန်တော်ပြောချင်တာထက်ပိုသည့် အကြောင်းရပ်တွေက ရှိနေသည်။

အကယ်၍ ထိုအဖြစ်အပျက်များသည်မှန်ခဲ့လျှင် အသက် ၆ နှစ်အရွယ်ကလေးတစ်ယောက်အား သူ့မိခင်နှင့်အတူ ကီမုဆုရှိ မိတ်ဆွေတစ်ယောက်ထံတွင် ပစ်သွားသလို ဖြစ်နေသည်။ သူတို့ပြောသလို ဆိုလျှင် ကျွန်တော့်မိခင်၏ကိုယ်ကျင့်တရားမှာ မေးခွန်းထုတ်စရာဖြစ်သွားလိမ့်မည်။ အခြေအနေက အများကြီးရှုပ်ထွေးကာပိုဆိုးသွားနိုင်သည်။ မိခင်တစ်ယောက်နှင့် အသက်ခြောက်နှစ်အရွယ် ကလေးတစ်ယောက်ကို အလွယ်တကူစွန့်ပစ်သွား၍ ဖြစ်နိုင်ပါမည်လော။ သူတို့တရားမဝင် လက်ထပ်ထားသူတွေလော။ သို့ဖြစ်လျှင် ထိုကလေးသည်လည်း တရားမဝင်မွေးထားသည့်ကလေးလော။ ထိုရိုက်ချက်က တိုင်းပြည်နှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုပါ မထိခိုက်နိုင်သလော။

ကျွန်တော်တို့ ရှေ့ကိုမျှော်တွေးကြည့်ရမည်။ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိုသာမက ကျွန်တော့်မျိုးရိုး၊ ကျွန်တော်လက်ခံထားသည့် ပြည်သူတို့ကိုယ်တိုင်ယုံကြည်စွာဖြင့် ရွေး



www.foreverspace.com.mm

ကောက်တင်မြှောက်ထားသည့် သမ္မတရာထူးတွေကိုပါ ထောက်ထားရမည်။ ထိုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားချက်များသည် ထမင်းတစ်လုပ်အတွက် သစ္စာဖောက်ခြင်းနှင့် နိုင်ငံရေးအရ လှုပ်ရှားခြင်းသာဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က သတင်းထောက်များအား မိသားစုဖြစ်ရပ်မှန်ကို ရှင်းလင်းပြောပြရခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မိသားစု၏ လျှို့ဝှက်အပ်သောအကြောင်းအရာများကိုလည်း ပြောပြရသည်။ သို့သော် ထိုသို့ဖွင့်ပြောခြင်းသည် တိုင်းပြည်နှင့် လူမျိုးအတွက်ဖြစ်သည်။ ထိုသို့ဖွင့်ပြောရသည့်အတွက် ကျွန်တော် နောင်တမရမိပေ။

ဘာသာရေးသမားတစ်ယောက်အနေဖြင့်ပြောရလျှင် ယုံကြည်ခြင်းဆိုသည်မှာ အရှင်မြတ်ကိုယုံကြည်ခြင်း၊ တမန်တော်ကိုယုံကြည်ခြင်း၊ ကျမ်းမြတ်ကိုယုံကြည်ခြင်း၊ အရှင်မြတ်၏ နောက်ဆုံးစီရင်ချက်ချမည့်နေ့ကိုယုံကြည်ခြင်းတို့ ဖြစ်သည်။ သို့ဖြစ်ရာ ဖြစ်ပျက်ခဲ့သမျှသောအကြောင်းအရာတိုင်းကို ဘဝသင်ခန်းစာအဖြစ် လက်ခံရမည်သာဖြစ်သည်။

ဖြစ်ရပ်မှန်က ဤအတိုင်းဖြစ်သည်။ ကျွန်တော်မွေးပြီးနောက် မိခင်နှင့်အတူ ကြာကြာမနေလိုက်ရပါ။ ထိုအချိန်က ကျွန်တော် ရက် ၄၀ အရွယ်လောက်တွင် အဘွားဖြစ်သူ ကရိုမိုဒီယိုနှင့်အတူ ထားရန်ခေါ်လာကြသည်။ အဘယ်ကြောင့်ဆိုသော် မိခင်ဖြစ်သူက ကျန်းမာရေးမကောင်းသဖြင့် ကျွန်တော့်ကို နို့မတိုက်နိုင်ပေ။ အဘွား ကရိုမို၏အိမ်တွင် အာမက်အီရစ်က ကျွန်တော့်ကိုစောင့်ရှောက်သည်။ အဘွားကရိုမိုသည် ကျွန်တော့်ကို ပထမဦးဆုံး မတ်တတ်ရပ်ပြီး လမ်းလျှောက်တတ်ရန်ကူညီခဲ့သူဖြစ်သည်။ အဘိုးကလည်း ကျွန်တော့်ကို အလုပ်သို့ ခေါ်သွားတတ်သည်။

အဘွားက မီးဖွားပေးရန်လာခေါ်လျှင် လိုက်သွားပါက ကျွန်တော့်ကို မခေါ်သွားပေ။ ကျွန်တော်က အဘိုးနှင့်အတူ လယ်ကွင်းထဲတွင်နေခဲ့ရသည်။ အဘိုးသည် လယ်ကွင်းတွေထဲဖြတ်သွားလျှင် ကျွန်တော့်ကိုကုန်းပိုး၍ ခေါ်သွားလေ့ရှိသည်။ ကျွန်တော်အရွယ်ရလာချိန်တွင် ထွန်တုံးပေါ်တက်စီးခွင့်ရလာသည်။ ထွန်တုံးပေါ်မှနေကာ ကျွဲမောင်းရ၊ ဘယ်ညာထိန်းရ အလွန်ပျော်စရာကောင်းလှသည်။ လယ်ကွင်းများထဲတွင် ကျွန်တော်ခုန်ပေါက်ပြေးလွှားနိုင်သည်။ ရေကစားနိုင်သည်။ ရွှံ့ထဲလူးနိုင်သည်။ မောလာလျှင် လမ်းဘေးရှိရေမြောင်းထဲတွင် ဆင်းစိမ်နေရုံသာဖြစ်သည်။ လယ်တောထဲတွင်နေရသည့်ဘဝတွင် အဘွားက ကျွန်တော့်ကို ငါးရှဉ့်တွေ ဖမ်းခွင့်ပေးထားသည်။ ငါးရှဉ့်ဟင်းကို ကျွန်တော် ယနေ့အထိမမေ့။

တစ်နေ့ ကျွန်တော် ငှက်ပျောပင်တစ်ပင်ကို တံစဉ်နှင့်ခုတ်လိုက်ရာ လက်မှချော်ထွက်ပြီး ကျွန်တော့်ခြေထောက်ပေါ် ပြုတ်ကျသည်။ ပထမတော့ ဒဏ်ရာပြင်းထန်သည်မထင်ရ။ သို့သော် ခဏအကြာတွင် ဒဏ်ရာကသွေးတွေထွက်ကာ အတော်လေးနာလာသည်။ အဘွားက ကျွန်တော့်အပေါ်ကြင်နာစွာပြုစုစောင့်ရှောက်ပေးမှုကို ယနေ့တိုင် မမေ့နိုင်သေးပေ။

ကျွန်တော် အသက်လေးနှစ်အရွယ်အထိ ဘောင်းဘီမဝတ်သေးပေ။ ကျွန်တော့်မိခင် အဘူဆူကီရာသည် ကျွန်တော့်ကိုလာခေါ်သဖြင့် ပထွေး ကပ်အက်မိုပါဝီရိုနှင့်အတူနေထိုင်ရသည်။ ကျွန်တော့်ညီမလေး စုကျမ်းမွေးပြီးနောက် မကြာမီသေသွားသည်ကို မှတ်မိသေးသည်။ နောက်တစ်နှစ်အကြာတွင် နောက်ထပ်ညီလေးတစ်ယောက် ဆူကစ်တိုကို ကျန်းမာစွာ မွေးဖွားခဲ့သည်။ နောက်ပြီး ညီတွေ ညီမတွေ တစ်ယောက်ပြီးတစ်ယောက် ထပ်ရောက်လာသည်။

**ကျွန်တော် အသက်လေးနှစ်အရွယ်အထိ ဘောင်းဘီမဝတ်သေးပေ။ ကျွန်တော့်မိခင် အဘူဆူကီရာသည် ကျွန်တော့်ကိုလာခေါ်သဖြင့် ပထွေး ကပ်အက်မိုပါဝီရိုနှင့်အတူ နေထိုင်ရသည်။ ကျွန်တော့်ညီမလေး စုကျမ်းမွေးပြီးနောက် မကြာမီသေသွားသည်ကို မှတ်မိသေးသည်။ နောက်တစ်နှစ်အကြာတွင် နောက်ထပ်ညီလေးတစ်ယောက် ဆူကစ်တိုကို ကျန်းမာစွာ မွေးဖွားခဲ့သည်။ နောက်ပြီး ညီတွေ ညီမတွေ တစ်ယောက်ပြီးတစ်ယောက် ထပ်ရောက်လာသည်။**

တစ်နေ့တွင် ကျွန်တော် ကျွဲကျောင်းရသည်။ အမေ့ဘက်မှ အဘိုးအက်မိုဆူဒီရိုက ကျွန်တော့်ကို လယ်ယာလုပ်ငန်းတွင် ခိုင်းသောတိရစ္ဆာန်များကို ကြင်နာသနားရန်ပြောသည်။ လမ်းခရီးတစ်လျှောက် မြစ်ကမ်းပါးဘေးမှ ကျွန်တော်တို့ သွားကြရသည်။ ထိုစဉ် ကျွဲတစ်ကောင်သည် ခြေချော်ပြီး ရေထဲကျသွားသည်။ ကျွန်တော် ဘာဆက်လုပ်ရမှန်းလည်းမသိ။ ကျွဲက မြစ်ထဲကျသွားပြီး ကြောက်နေသည်။ ကျွန်တော်က ရေထဲခုန်ချလိုက်ပြီး ကျွဲနောက်ကိုလိုက်သွားသည်။ မြစ်အောက်ခြေကို ရောက်လာသည့်အခါတွင် မြစ်ကကျဉ်းသွားသည်။ ရေကလည်း နက်သည့်အပိုင်းသို့ရောက်လာသည်။ ထိုစဉ် ကျွန်တော်တစ်ခုခုနှင့်ငြိပြီး ရှေ့တိုးမရနောက်ဆုတ်မရ ဖြစ်နေသည်။ ကျွန်တော်က အော်လိုက်သည်။ ကျွန်တော်က အဘိုး ကျွန်တော့်ကို စောင့်နေမည်ကို စိုးရိမ်နေမိသည်။ လယ်ထဲသို့ နံနက် ၇ နာရီကတည်းက ထွက်လာခြင်းဖြစ်ပြီး ယခု မြစ်ထဲတွင် ဒုက္ခရောက်နေပြီ။ ကျွဲအတွက်လည်း စိတ်မကောင်းဖြစ်နေမိသည်။

ထိုအချိန်တွင် အဘိုးသည် အော်သံကိုကြားပြီး ကျွန်တော့်ကိုရှာရန် လူလွှတ်လိုက်သဖြင့်တော်သေးသည်။ နောက်ပိုင်း ကျွန်တော့်ကို အဘိုးက ဆိတ်တစ်ကောင်လက်ဆောင်ပေးသည်။ ကျွန်တော် ပျော်

www.foreverspace.com.mm





လိုက်သည့်ဖြစ်ခြင်း။ ထိုတိရစ္ဆာန်နှင့် မိတ်ဆွေဖြစ်ခဲ့ရသည့်ဘဝကိုလည်း ကျွန်တော်မမေ့။

မိခင်က ကျွန်တော့်ကို ဈေးသို့ခိုင်းလိုက်သည့်အဖြစ်ကိုလည်းမမေ့။ အမေက ကျွန်တော့်ကို ပိုက်ဆံဆင့်ဝက်တန် တစ်ပြားပေးလိုက်သည်။ ကျွန်တော်က ပိုက်ဆံကို မျိုချမိလိုက်သည်။ ကျွန်တော် သေမှာကြောက်သဖြင့် ငိုလိုက်သည်။ တခြားကလေးတွေကလည်း ကျွန်တော့်ကို ထိုပိုက်ဆံသည် အထဲတွင်မထွက်တော့ဟုပြောသဖြင့် ပိုပြီးစိုးရိမ်သွားမိသည်။ ကျွန်တော့်ထက်ကြီးသူများက ဖြေသိမ့်သဖြင့် ကျွန်တော် နေသာထိုင်သာဖြစ်သွားသည်။

နောက်တစ်နေ့တွင် ကျွန်တော့်ညီလေး ဒါဆိုနိုနှင့် အဘိုး ဘူရက်နိုတိုဆူဒီရိုအိမ်ရှေ့တွင် ကစားနေသည်။ ကျွန်တော့်အဘွားရောက်လာပြီး ကျွန်တော့်ကို အင်္ကျီတစ်ထည်ဝတ်ခိုင်းသည်။ ကျွန်တော်အတော်လေးပျော်သွားသည်။ ထိုစဉ်အဘွားက ကျွန်တော့်အနားကပ်ကာ သေသေချာချာကြည့်ပြီးနောက် "အို မင်းက ဟာတိုပဲ၊ အဲဒီအင်္ကျီ ဒါဆိုနိုကို ပေးလိုက်စမ်း" ဟုပြောလိုက်သည်။

ဘူရက်ကလည်း အင်္ကျီကို ဒါဆိုနိုသို့ပေးရန်ပြောလိုက်ပြီး ထိုအင်္ကျီမှာ ကျွန်တော့်အတွက်မဟုတ်ကြောင်း ပြောလိုက်သည်။ ကျွန်တော် အတော်လေးဝမ်းနည်းသွားသည်။ စိတ်ထဲမှလည်း "အဘိုးဘူရက်က ငါ့ကိုမချစ်၊ ဒါဆိုနိုကိုသာချစ်တာ" ဟု ပြောနေမိသည်။

ဒါဆိုနိုသည် ကျွန်တော့်အဒေါ်၏သားဖြစ်ပြီး သူတို့က ကျွန်တော်တို့ထက်ချမ်းသာသည်ဟုပြောနိုင်သည်။ သူတို့လိုရှိပြီးသားသူတွေကို အဘွားက အဘယ်ကြောင့် ထပ်ပေးရသနည်း။ ကျွန်တော်ရှက်လည်းရှက်၊ နာလည်းနာ၊ အားလည်းငယ်ကာ ဝမ်းနည်းသွားမိသည်။ ဘဝဆိုသည်မှာ ထိုသို့ရှိတတ်ပါလားဟူ၍ အံ့အားလည်းသင့်သွားမိသည်။ ကျွန်တော်တို့နှစ်ယောက်စလုံးသည် သူ့မြေးတွေချည်းဖြစ်ကြသည်။ အဘယ်ကြောင့် ခွဲခြားဆက်ဆံရပါသနည်း။ ဒါဆိုနိုတွင် အင်္ကျီတွေကအများကြီးရှိသည်။ ကျွန်တော့်တွင်မရှိ။ အဘယ်ကြောင့် အဘွားသည် သူ့ကိုတော့ချုပ်ပေးပြီး ကျွန်တော့်ကို ချုပ်မပေးရသနည်း။

ကျွန်တော် အသက်ငါးနှစ်သားအရွယ်တွင် ဒူးဆစ်ပေါ် ဘောင်းဘီအနက်တစ်ထည်တည်းကိုသာ အမြဲဝတ်ရသည်။ လယ်ယာလုပ်ငန်းခွင်တွင် လယ်သမားများဝတ်သည်ဘောင်းဘီမျိုး ဖြစ်သည်။ ကျွန်တော် ကျောင်းတက်တော့လည်း အဝတ်ကောင်းလေးဝတ်ရသည်။ ထိုစဉ်က ဂျာဗားကျွန်းသားကလေးများဝတ်သည့် အဝတ်အစားဖြစ်သည်။

ကျွန်တော့်ကို အမြဲလှောင်ပြောင်တတ်သည့် သွားခေါခေါကောင်လေးတစ်ယောက်ကိုလည်း မှတ်မိသေးသည်။ သူ့နာမည်ကိုတော့ ကျွန်တော်မမှတ်မိတော့။ သူလည်း ကျွန်တော်နောက်မှသိသည့် ပတ်ကရိုမိုနှင့်အတူတူပဲဖြစ်သည်။ ကျွန်တော်တို့အမြဲအတူတွဲပြီး ကစားလေ့ရှိကြသော်လည်း သူက ကျွန်တော့်ထက်အသက်ကြီးသည်။ သူက ကျွန်တော့်ကို "အမျိုးကောင်းသား အောက်တန်းစား" ဟုခေါ်ရန် အခြားသူများကို လိုက်စည်းရုံးသည်။ အဘိုး နိုတိုဆူဒီရိုနှင့် ကျွန်တော့်မိခင် ဆူကီရာတို့ကို Den ဟုခေါ်ကြသည်။ အဘိုးက တရားရုံးတွင်လုပ်ခဲ့ဖူးသဖြင့် အမျိုးအနွယ်အားဖြင့်

www.foreverspace.com.mm

မြင့်မြတ်သည့်သဘောဆောင်ကာ ခေါ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်ကိုလည်း Den ဟုခေါ်ကြရာ ကျွန်တော်က အမြဲကန့်ကွက်ခဲ့သည်။ သူတို့က ကျွန်တော့်ကို အတော်လေးစိတ်အနှောင့်အယှက်ပေးသည်။

သူတို့က ကျွန်တော့်ကို အမျိုးကောင်းသားဟုခေါ်ခြင်းမှာ စော်ကားမော်ကားပြုရန်နှင့် နောက်ပြောင်ရန်အတွက်ခေါ်ကြခြင်းသာဖြစ်သည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ ၈ နှစ်ဖြစ်သည်။ သူတို့က ကျွန်တော့်အပေါ် မနာလိုဖြစ်နေကြသည်။ ကျွန်တော့်မိသားစုက ဆင်းရဲသော်လည်း ကျွန်တော့်ကို အဘယ်ကြောင့် Den တပ်ကာ အမျိုးကောင်းသားဟုခေါ်ကြသနည်း။ ကျွန်တော် စိတ်ဒုက္ခအတော်လေးရောက်ခဲ့ရသည်။ ကျွန်တော်သည် ထိုသို့စော်ကားမော်ကားပြောဆိုမှုများကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရသည်။ သို့သော် ထိုအကြောင်းနှင့်ပတ်သက်ပြီး ကျွန်တော်မည်သူ့ကိုမျှ မပြောခဲ့ပါ။

တစ်ချိန်တွင် ဂေါ်လီကစားရင်း ရန်ဖြစ်ခဲ့ရသည်ကို မှတ်မိသေးသည်။ ပထမတော့ သိပ်အကြီးအကျယ်ကြီးမဟုတ်။ နောက်ပိုင်း တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ထိုးကြသည်။ နောက်ဆုံးတွင် နှစ်ယောက်စလုံး မျက်ရည်နှင့်မျက်ခွက်ဖြစ်ကြရသည်။ ထိုတစ်ကြိမ်တည်း လက်သီးချင်းယှဉ်ထိုးဖူးပါသည်။

ကျောင်းမဝင်မီ စစ်ဆေးမှုအမျိုးမျိုးခံရသည်။ အရွယ်ရောက်မရောက် စစ်ဆေးခြင်းဖြစ်သည်။ လက်တစ်ဖက်ကို ခေါင်းပေါ်တွင်ကျော်ပြီး တစ်ဖက်မှနားရွက်ကို ဆွဲပြရသည်။ နားရွက်ကိုမီလျှင် ကျောင်းလက်ခံသည်။

သို့သော် ကျွန်တော့်ကံတရားက ကျောင်းတစ်ကျောင်းပြီးတစ်ကျောင်း ပြောင်းရသည်။ ဂိုဒင်းအရပ်ရှိ ပူလူဟန်ရွာတွင် ကျွန်တော် ကျောင်းစတက်ရသည်။ နောက် ပီဒက်စ်ကျောင်းသို့ပြောင်းရသည်။ အဘယ်ကြောင့်ဆိုသော် အမေနှင့်ပထွေးတို့က ကီမူဆက်ကီဒူးသို့ ပြောင်းသွားသောကြောင့် ဖြစ်သည်။

ကျွန်တော့်အဖေ ပက်ကာတိုဆူဒီရိုက ကျွန်တော့်ကို ဝါရန်တိုရိုသို့ခေါ်ရန် ဆုံးဖြတ်လိုက်သဖြင့် သူ့ညီမ ကျွန်တော့်အဒေါ်နှင့် အတူနေရပြန်သည်။

ဝါရန်တိုရိုဒေသသည် တိုးတက်ဖွံ့ဖြိုးစည်ပင်နိုင်သည့်ဒေသမဟုတ်ပေ။ အထူးသဖြင့် လယ်သမားများအတွက် ဂိုဒင်လောက်အနေအထားမကောင်းသည့်ဒေသဖြစ်သည်။ ကျွန်တော့်အဒေါ်ခင်ပွန်းသည် စိုက်ပျိုးရေးအရာရှိတစ်ဦးဖြစ်ပြီး ဘာပက်ပရာဝီရိုဝီဟာ ဒီဂျိုဟု ခေါ်သည်။ သူက အခြားလယ်သမားများထက် ပိုချမ်းသာသူဖြစ်သည်။ သို့ဖြစ်ရာ ကီမူဆက်ထက် အိမ်ကောင်းကောင်းနှင့် အခြေအနေကောင်းကောင်းဖြင့်နေထိုင်ရလိမ့်မည်ဟု မျှော်လင့်ရသည်။

ကျွန်တော့်ကို အဒေါ်၊ ဦးလေးတို့နှင့် အတူမထားသွားမီ အဖေပြောသွားသည့် စကားများကို မှတ်မိသေးသည်။ "ဆူဟာတိုကို မင်းတို့နဲ့ထားသွားမယ်။ သူ့ကိုစောင့်



www.foreverspace.com.mm

ရောက်ပေးကြပါ။ ကီမူဆက်မှာသူနေရင် ငါစိုးရိမ်တယ်။ သူ့ကိုပညာသင်ပေးပြီး ကောင်းကောင်းမွန်မွန်ထားရင်ပဲ ငါကျေနပ်ပါပြီ" ဟု ပြောသွားသည်။

အဖေပြောသွားသည့်စကားသည် အများကြီးအဓိပ္ပာယ်ရှိသည်။ ကျွန်တော့်မိဘများကိုယ်တိုင်က ငါတို့တော့ ဒါပဲလုပ်ပေးနိုင်သည်ဆိုသည့်သဘော ဖြစ်သည်။

ပက်ပရာဝီရိနှင့် ကျွန်တော့်အဒေါ်တို့က ကျွန်တော့်ကို သူတို့သားအရင်းတစ်ယောက်ပမာ လက်ခံခဲ့ခြင်းသည် အရှင်မြတ်၏ကျေးဇူးတော်ဖြစ်သည်။ ကျွန်တော့်ကို သူတို့သားအကြီးတစ်ယောက်ပမာ သူတို့သား ဆူလာဒီနှင့်မခွဲခြား ဆက်ဆံခဲ့သည်။ ကျွန်တော့်ကို ကီမူဆက်မှာထက် ပိုကောင်းသည့်ကျောင်းနှင့် ပညာရေးကို သူတို့ထားပေးခဲ့ကြသည်။ ကျွန်တော်က ဘာသာရပ်တိုင်းကို အထူးကြိုးစားလေ့လာခဲ့သည်။ အထူးသဖြင့် သင်္ချာဘာသာရပ်တွင် ထူးချွန်သောကြောင့် ဆရာများကပေးသည့်ဆုကို ရရှိခဲ့ဖူးသည်။ ကျွန်တော့်ဦးလေးနှင့် သူ့မိသားစုက ဘာသာရေးကို အထူးအလေးအမြတ်ထားကြသူများဖြစ်၍ ကျွန်တော်လည်း ဘာသာရေးကို လိုက်စားခဲ့ရသည်။

သို့ရာတွင် ဦးလေးတို့မိသားစုနှင့် တစ်နှစ်ခန့်သာနေထိုင်လိုက်ရသည်။ ကျွန်တော့်ပထွေးနှင့် သူ့ညီ၊ သူ့ယောက်ဖတို့ ရောက်လာပြီး အမေက ကျွန်တော့်ကိုမျှော်နေသည်ဟု လာပြောသည်။ သူတို့က ဥပုသ်လအပြီးတွင် ကျွန်တော့်ကို လာပြန်ပို့မည်ဟု ကတိပေးခဲ့ကြသည်။ ထိုအချိန်မှ ကျောင်းတွေက ပြန်ဖွင့်မည်ဖြစ်သည်။ သို့သော် သူတို့ ကတိဖျက်ခဲ့ကြသည်။ ကီမူဆက်တွင် အနေကြာသွားပြီး တီဝါရွာကျောင်းတွင် တက်ရပြန်သည်။ တစ်နှစ်ခန့်အကြာတွင် ဦးလေးနှင့်အဒေါ်တို့က လာလိုက်ခေါ်သဖြင့် ဂူရန်တိုရိုသို့ပြန်ရောက်လာပြီး ပညာဆက်သင်နိုင်ခဲ့သည်။

ဂူရန်တိုရိုတွင်နေထိုင်ရသော်လည်း ကီမူဆက်ရွာတွင်နေခဲ့ရသည့်အလေ့အထများက ကျွန်တော့်ကို များစွာလွှမ်းမိုးရိုက်ခတ်ခဲ့သည်။ အသက် ၁၉၊ ၂၀ ခန့်တွင် ခက်ခဲစွာရုန်းကန်နေကြရသည့် ကီမူဆက်တွင်နေထိုင်ကြသော လယ်သမားများ၏ ဘဝကို ကျွန်တော် စာနာစိတ်တွေဖြစ်လာသည်။ ထိုစိတ်သည် လယ်သမားများနှင့် ကျွန်တော့်စိတ်တို့ဆက်နွှယ်နေကြရုံမျှမက ကျွန်တော့်ဦးလေး စိုက်ပျိုးရေးအရာရှိထံမှ ရရှိသည့် အတွေ့အကြုံဗဟုသုတများနှင့် လမ်းညွှန်ချက်တို့ကြောင့်လည်း ဖြစ်နိုင်သည်။ ကျွန်တော်က ဦးလေးနှင့် စစ်ဆေးရေးထွက်စဉ် လိုက်ပါလေ့ရှိပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သဘောတရားများသာမက လက်တွေ့စိုက်ပျိုးပုံစိုက်ပျိုးနည်းတို့ကိုပါ လေ့လာခဲ့ရသည်။

ဦးလေးသည် နမ်ကင်း၊ ကီနန်ဂိုနှင့် တန်ကီးလ်ဒေသများတွင် လှည့်လည်တာဝန်ထမ်းရသဖြင့် ကျွန်တော်လည်း ထိုအရပ်ဒေသများကို ချစ်ခင်မြတ်နိုးစိတ်တွေဖြစ်ခဲ့ရသည်။ သူ လယ်သမားတွေနှင့် အပြန်အလှန်ပြောကြားသည့်စကားများမှ ကျွန်တော်လေ့လာခဲ့ရသည့်ပညာတွေကလည်း မနည်းပေ။

ဦးလေးသည် သူ့အလုပ်ကို အလွန်လေးစားသူဖြစ်သည်။ ထို့ကြောင့်လည်း ဘူပါတီဟုခေါ်သည့် ဒေသဆိုင်ရာ ခေါင်းဆောင်ဆုကို ရရှိထားသူဖြစ်သည်။ ဦးလေးသည် အိုရှော့အိုရှော့ဟုခေါ်သည့် ချုံပင်တစ်မျိုးကို ကျတ်တီးမြေတွင် စိုက်ပျိုးခြင်းဖြင့် တန်ကီးလ်လိုအရပ်တွင် စိုက်ပျိုး၍မရနိုင်သည့်မြေသည် မြေဆီသြဇာကောင်းမွန်သည့်အနေအထားသို့ ပြောင်းလဲသွားနိုင်ကြောင်း ပြသနိုင်ခဲ့သောကြောင့် ထိုဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

သူ့မနေမနားအလုပ်လုပ်မှုနှင့် တီထွင်ဖန်တီးတတ်မှုက ကျွန်တော့်ကို အတော်လေး အားတက်စေခဲ့သည်။ ကျွန်တော်နှင့် ဦးလေး၏သားဖြစ်သူတို့ ကြက်သွန်နီနှင့် ကြက်သွန်ဖြူပြိုင်စိုက်ကြရာတွင် ကျွန်တော့်အမျိုးအစားက ပိုပြီးကောင်းနေသဖြင့် အောင်မြင်မှုရခဲ့သည်ဟု ဆိုရမည်။

ညနေခင်းတွင် ဘာသာရေးဆိုင်ရာဝတ်ကျောင်းလေး၌ ကျွန်တော် ကိုရမ်ကျမ်းကိုဖတ်ရသည်။ တစ်ညလုံးလောက် သူငယ်ချင်းတွေနှင့်အတူနေပြီး ကျမ်းစာဖတ်ကြခြင်းဖြစ်သည်။

ထိုအချိန်တွင် ကျွန်တော် ဟစ်ဇဘူဝါသွန်ကင်းထောက်အဖွဲ့သို့ ဝင်လိုက်သည်။ ထိုအဖွဲ့သည် ဘာသာရေးအပေါ်တွင်အခြေခံကာ ဖွဲ့ထားခြင်းဖြစ်သည်။ ယနေ့ ယောကျ်ားလေးကင်းထောက်အဖွဲ့နှင့် မိန်းကလေးအဖွဲ့တို့ကို ပရာမုခဟု ခေါ်ကြသည်။

ကျွန်တော် နိုင်ငံ့သူရဲကောင်းအမျိုးသား အမျိုးသမီးတွေအကြောင်း လေ့လာခဲ့သည်။ ပထမဦးဆုံးအနေဖြင့် ရာဒန်အာဂျန်ကာတီနား၏ပုံကို ကျွန်တော်မြင်ဖူးခဲ့သည်။ ကာတီနားသည် အမျိုးသမီးများအခွင့်အရေးနှင့် ပညာရေးအတွက် တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ ဒီပိုနီဂိုရိုမင်းသားသည်လည်း ရဲဝံ့သည့် လွတ်မြောက်ရေးတိုက်ပွဲဝင်သူ တစ်ဦး ဖြစ်သည်။ သူတို့အကြောင်းကို ရွာသို့ရောက်လာသည့် သတင်းစာများမှ ကျွန်တော်ဖတ်ခဲ့ရခြင်း ဖြစ်သည်။

ကျွန်တော်ကြုံတွေ့ခဲ့ရသည့် ဘဝအခက်အခဲများတွင် မိသားစုဓလေ့ထုံးစံတွေလည်းပါသည်။ ဘိုးဘေးတို့၏ သင်ကြားမှုကို အတိအကျလိုက်နာရခြင်းဖြစ်သည်။ ကျွန်တော် အလယ်တန်းကျောင်းသားဘဝတွင် ဘာသာရေးဆိုင်ရာသင်ကြားမှုများက ကျွန်တော့်အကျင့်စာရိတ္တကိုပုံသွင်းပေးခဲ့သည်။

စိတ်ဓာတ်ပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုကို မွေးစားဖခင်ထံမှရခဲ့သည်။ တနင်္လာနေ့နှင့် အင်္ဂါနေ့တိုင်း ဥပုသ်စောင့်ရပြီး အိမ်ဝရံတာတွင်အိပ်ကြရသည်။ သူ့အကြံပြုချက်အတိုင်း ကျွန်တော်ယုံကြည်စွာဖြင့် အတိအကျလိုက်နာရသည်။ တစ်ယောက်ယောက်က ကျွန်တော့်ကို အမှိုက်ပုံတွင်အိပ်လည်းရသည်ဆိုစေ ကျွန်တော်လက်ခံမည်မဟုတ်ပေ။

ကျွန်တော်က အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး မိသားစုလက်ခံခဲ့သည့် ဒဿနအတိုင်း ပုံစံကျနေပြီးသားဖြစ်သည်။ ကျွန်တော်လေ့လာခဲ့သည့် ဘာသာရေး

www.foreverspace.com.mm

သည် ဂျာဗားကျွန်းသားတို့၏ လူနေမှုဘဝ ခံယူချက်အတိုင်း ဖြစ်သည်။

ကျွန်တော်တို့တွင် ရှောင်ရန်အချက် သုံးချက်ရှိသည်။ အလွယ်တကူ မအံ့ဩပါနှင့်၊ လူတစ်ဖက်သားအပေါ် နိုင့်ထက်စီးနင်း မလုပ်ပါနှင့်၊ ရှိတာထက်ပိုမသုံးပါနှင့်တို့ဖြစ်သည်။ ထိုအချက်များသည် ကျွန်တော့်ဘဝ လမ်းညွှန်ချက်များဖြစ်ပြီး ပြဿနာများနှင့် ရင်ဆိုင်ရတိုင်း တုန်လှုပ်စရာတွေနှင့် ကြုံတွေ့ရတိုင်း ခွန်အားကိုဖြစ်စေသည်။

ဘိုးဘေးတို့၏ သင်ကြားချက်များကို ကျွန်တော်အမြဲအမှတ်ရနေသည်။ အရှင်မြတ်ကိုယုံကြည်ပါ၊ ဆရာသခင်ကိုယုံကြည်ပါ၊ အစိုးရကိုယုံကြည်ပါ၊ မိဘတို့ကိုယုံကြည်ပါတို့ဖြစ်သည်။ ကျွန်တော်သည် သမ္မတကြီးဖြစ်သည့်တိုင် ထိုသင်ကြားချက်များကို မပြောင်းမလဲ စွဲမြဲစွာ ယုံကြည်ခဲ့သည်။ ထိုသို့ ယုံကြည်သည့်အလျောက် ထိုသင်ကြားချက်များအတိုင်း လိုက်နာကျင့်ကြံနေထိုင်ခဲ့သည်ချည်းဖြစ်သည်။

ကျွန်တော့်မိဘများကို ကျွန်တော် မည်မျှမြတ်နိုးသည်၊ မွေးစားမိဘများနှင့် ညီလေး ညီမလေးများကို မည်မျှချစ်ရသည်၊ နောက်မှရသည့်မိဘများ၏ သားသမီးများနှင့် ပထွေးကို မည်မျှချစ်ရကြောင်း ကျွန်တော်သာအသိဆုံး ဖြစ်သည်။

ဝါရန်တိုရိုလက်ထောက်ဒေသဆိုင်ရာခေါင်းဆောင်မှာ ထိုစဉ်က အာအမ်စူမိဟာဂျိုမိုဖြစ်သည်။ သူ့သမီးများအနက် တစ်ဦးမှာ စီတီဟာတီနာဖြစ်သည်။ သူမသည် ဆူလာဒီနှင့် အတန်းအတူတူဖြစ်ပြီး ကျွန်တော့်ထက် အတန်းတစ်တန်းငယ်သည်။ သူမနာမည်ကို ထုတ်ဖော်ပြောဆိုရခြင်းမှာ ကျွန်တော်လူလားမြောက်ချိန်တွင် သူမနှင့်ပြန်တွေ့ပြီး မိသားစုဘဝကိုခံယူရန် အသင့်ဖြစ်နေသောကြောင့် ဖြစ်သည်။

မူလတန်းပြီးချိန်တွင် ဝိုနိုဂီရိုရှိ အလယ်တန်းကျောင်းသို့ ဝင်ခွင့်ရခဲ့သည်။ သို့သော် ဝိုနိုဂီရိုနှင့် ၆ ကီလိုမီတာဝေးသည့် စီလိုဂီရိုသို့ ဆူလာဒီနှင့်အတူ ပြောင်းရွှေ့ခဲ့ရပြန်သည်။ ထိုအရပ်တွင် စိုက်ပျိုးရေးအရာရှိတစ်ယောက်နှင့် အိမ်ထောင်ကျနေသည့် ကျွန်တော်အစ်မနှင့် အတူနေထိုင်ခဲ့ရသည်။

ထိုအိမ်တွင် ကျွန်တော့်အဖို့ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ဗဟုသုတများစွာရရှိခဲ့သည်။ ဆူလာဒီ၏အစ်ကို ဆူဒီယာတိုသည် ထိုအရပ်တွင်နေပြီး ဆူလာဒီကို စက်ဘီးတစ်စီးဝယ်ထားပေးသည်။ ကျွန်တော်တို့နှစ်ယောက် ကျောင်းသို့ စက်ဘီးအတူတူစီးသွားပြီး ကီမူဆက်ရှိ မိဘများနှင့်တွေ့ရန် စက်ဘီးဖြင့်ပြန်ကြသည်။

ကျွန်တော် အသက် ၁၄ နှစ်အရွယ်တွင် ထုံးစံအရ အရေပြားဖျားဖြတ်ခြင်းလုပ်ရသည်။ ပုံမှန်က ၁၀ နှစ်နှင့် ၁၂ နှစ်ခန့်တွင် ပြုလုပ်ရန်ဖြစ်သော်လည်း ပိုက်ဆံမရှိသဖြင့် အချိန်ဆွဲလာရခြင်းဖြစ်သည်။ ထိုအခမ်းအနားကို ကျွန်တော်တို့ ရိုးရိုးလေးပဲ လုပ်လိုက်ရသည်။ သို့သော် ကျွန်တော် အလွန်ပျော်သွားပြီး အလွန်ကျေနပ်အားရခြင်းဖြစ်မိသည်။

ထိုအချိန်ကာလတွင် ထိုသို့လုပ်လိုက်မှ ကြီးကောင်ဝင်မှုမြန်ဆန်ကြောင်း လူကြီးတွေကယုံကြည်ထားခဲ့ကြသည်။ ကျွန်တော် လူကြီးတစ်ယောက်ဖြစ်လာသော်လည်း ယခင်ကထက်ပိုပြီး မစားနိုင်သေးပေ။

ကျွန်တော့်ယောက်ဖ စီထရာတာနီသည် စိုက်ပျိုးရေးအရာရှိတစ်ဦးဖြစ်ပြီး သူ့အိမ်ကမကောင်းသဖြင့် ကျွန်တော် ဝိုနိုဂီရိုသို့ ပြောင်းရွှေ့ရပြန်သည်။ ထိုအရပ်တွင် ကျွန်တော့်အဘိုး ဟာဂျိုဝီဂျိုနိုနှင့် အတူနေထိုင်ခဲ့ရသည်။ အဘိုးက မီးရထားဌာနမှ အငြိမ်းစားတစ်ဦးဖြစ်သည်။ သူတို့တွင် ကလေးမရှိပေ။ သို့ဖြစ်ရာ ကျွန်တော်သည် အိမ်အလုပ်အတွက် အတော်လေးအကူအညီရခဲ့သည်။

ကျွန်တော် ကျောင်းမသွားမီ အိမ်ကိုသန့်ရှင်းရေးလုပ်ရသည်။ ဈေးသွားပြီး အဘိုးဟာဂျို၏လက်ဖြစ်ထည်လေးများကို ရောင်းကာ စားစရာပြန်ဝယ်လာရသည်။ တစ်ခါတစ်ရံ နေ့ခင်းတိုင်အောင်ချက်ပြုတ်နေရသဖြင့် ကျောင်းမတက်နိုင်တော့ပေ။ သို့သော် ကျွန်တော် ဘယ်တော့မှ ညည်းညူခြင်းမရှိ။ အမှန်တော့ အဘိုးဟာဂျိုအိမ်တွင် ကျွန်တော်လေ့လာစရာတွေက များလှသည်။

ကျွန်တော်သည် လိုအပ်လျှင် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ရသည့် အလုပ်သမားတစ်ယောက် ဖြစ်လာသည်။ ကျွန်တော့်အနေဖြင့် ဘာမဆို အမြန်ဆုံးတတ်မြောက်အောင် လေ့လာသင်ယူရသည်။

တစ်နေ့တွင် အဘိုးဟာဂျို၏ လက်ရာပစ္စည်းလေးများကိုရောင်းသည့်ဆိုင်



လေးကို သတိထားမိလိုက်သည်။ ထိုဆိုင်ရှင်က ကျွန်တော့်ကို သူတို့နှင့်အတူနေပြီး အလုပ်လုပ်ရန်ပြောသည်။ ကျွန်တော် သွားမလုပ်ခဲ့ပေ။ ဆိုင်တွင်အလုပ်လုပ်ရန် အကြောင်းပြချက်ဖြင့် အဘိုးထံမှ ထွက်လာလိုက်လျှင် မှားပေလိမ့်မည်။ အဘိုးထံတွင် ကျွန်တော့်ကိုထားခဲ့စဉ်က အဖေပြောသွားသည့်စကားကိုလည်း ကျွန်တော် မှတ်မိနေသေးသည်။ ကျွန်တော်အဖေ့စကားကို မပစ်ပယ်နိုင်ပေ။

အဘိုးဟာဂျိုတွင် ထူးခြားချက်တစ်ခု ရှိသေးသည်။ သူသည် ကီရီဒါဂျမိုဓ်၏နောက်လိုက်တစ်ဦးဖြစ်သည်။ ဒါဂျမိုသည် တရားဟောဆရာတစ်ဦးဖြစ်ပြီး ဝိုနိုဂီရိတွင် သူတော်စင်တစ်ယောက်အဖြစ် နာမည်ကြီးသည်။ သူသည် ရောဂါများကိုကုနိုင်ပြီး သူ့ကို အကြားအမြင်ရသူတစ်ဦးဟု လူတွေက ယုံကြည်နေကြသည်။

ကီရီဒါဂျမိုသည် ဆည်မြောင်းကြီးကြပ်ရေးမှူးတစ်ယောက်ဖြစ်သည်။ သူက သိပ်ကြင်နာတတ်သူဖြစ်သည်။ အဘိုးဟာဂျိုက သူနှင့်လာတွေ့တိုင်း ကျွန်တော့်ကို ခေါ်လာသဖြင့် သူတို့ဆွေးနွေးပြောဆိုကြသည့် ဘာသာရေးအကြောင်း၊ ဒဿနအကြောင်းတွေကို နားထောင်ခွင့်ရရှိခဲ့သည်။ ကိုရမ်ကျမ်းနှင့်ပတ်သက်သည့် သူတို့အမြင်တွေကို နားထောင်ရသည်။ တရားအားထုတ်ခြင်းနှင့် လျှို့ဝှက်ဆန်းကျယ်သည့် ယုံကြည်မှုဆိုင်ရာသဘောတရားများကို လေ့လာခွင့်ရခဲ့သည်။ ရိုးသားပြီး ဘာသာတရားကိုင်းရှိုင်းသောကြောင့် သူ့ကိုယုံကြည်ကိုးကွယ်သူတွေ များလှသည်။ သူသည် မတရားမှုမှန်သမျှကို ဆန့်ကျင်သူလည်းဖြစ်သည်။

၁၉၄၅ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် ဒါဂျမိုကို ဝိုနိုဂီရိဒေသ အင်ဒိုနီးရှားအမျိုးသားကော်မတီ (KNI) ၏ အဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ကြသည်။ နောက်ပိုင်း ဒတ်ချ်တို့ကို တော်လှန်တိုက်ခိုက်နေစဉ်ကာလအတွင်း ဒါဂျမိုသည် ကျွန်တော်တို့ကို စိတ်ဓာတ်ရေးရာအားဖြင့် ဦးဆောင်မှုပေးနေသူလည်းဖြစ်သည်။

ကျွန်တော် ဆလာတီဂါတွင် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် သူ့ကိုလေးစားလောက်သည့် ခေါင်းဆောင်တစ်ဦးအနေဖြင့် ကျွန်တော်လာတွေ့ခဲ့သေးသည်။

ကီရီဒါဂျမို၏ ဟောပြောသင်ကြားချက်များသည် ကျွန်တော့်အဖို့ စိတ်ဝင်စားစရာတွေချည်းဖြစ်သည်။ ကျွန်တော်က သူ့ဘဝဒဿနများကိုနားထောင်ရန် စိတ်ဝင်စားသည်။

သူလည်း ကျွန်တော့်ကို အတော်လေးသဘောတွေ့ပုံရသည်။ ထို့ကြောင့်လည်း အဘိုးဟာဂျိုကခေါ်လာတိုင်း ကျွန်တော့်ကို ခွင့်ပြုလေ့ရှိသည်။ ဒါဂျမိုအိမ်က ကျွန်တော်တို့နှင့်မဝေးသဖြင့် တစ်ခါတစ်ရံ ကျွန်တော် တစ်ဦးတည်းလာခဲ့သည်။ ဝတ်ကျောင်းလေးတွင် ဘာသာရေးနှင့် အရှင်မြတ်အကြောင်းကို သူ့ထံမှများစွာ သိရှိခဲ့ရသည်။ မသိနားမလည်သဖြင့် သူ့ထံမေးသူများအား အကြံပေးချက်များကို ကျွန်တော် ကိုယ်တွေ့ကြုံခဲ့ရသည်။ ထိုမေးသူတို့သည် ပညာတတ်များ၊ ကုန်သည်များ၊ အလုပ်သမားများ၊ လယ်သမားများ၊ အရောင်းအဝယ်သမားများ ဖြစ်ကြသည်။

ကီရီဒါဂျမို၏အိမ်တွင် ကျွန်တော် မှတ်မိသည့်အခြားတစ်ခုမှာ တိုင်းရင်းဆေးစာအညွှန်းကို ကူညီရေးသားပေးရခြင်းဖြစ်သည်။ ရှားပါးဆေးဖက်ဝင်အပင်များ၊ ကျေးရွာထဲတွင် အလျှံပယ်ပေါက်နေသည့် ဆေးဝါးပင်များကို သူက နေမကောင်းသူများကိုပေးသည့်အခါတွင် ကျွန်တော်က ဆေးညွှန်းကို လိုက်ရေးပေးရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ညဥ့်နက်သည်အထိ သူဆေးကုနေစဉ် အကြံပြုချက်များကို ကျွန်တော်လိုက်မှတ်နေမိသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သစ်ရွက်၊ သစ်ဥ၊ ချုံနွယ်၊ ဆေးဝါးပင်များအကြောင်းနှင့် အတော်လေး ရင်းနှီးကျွမ်းဝင်ခဲ့သည်ဟု ဆိုရမည်။ ဒါဂျမိုသည် ဆေးဝါးပင်များနှင့်ပတ်သက်ပြီး ဘာကိုဆောင်သင့်သည်၊ ဘာကိုရှောင်သင့်သည် စသည်ဖြင့် ဆေးကုနေစဉ်ပြောလေ့ရှိသည်။

လူတန်းစားမျိုးစုံ သူ့ထံသို့ ဆေးကုရန်ရောက်လာလေ့ရှိသည်။ အရေပြားရောဂါမှသည် ဖျားနာသည်အထိ သူ့ထံလာပြကြသည်။ နောက်ဆုံး လက်ထပ်ရန်မှသည် ကွာရှင်းရန်အထိ သူ့ထံမှ အကြံဉာဏ်များ လာတောင်းကြသည်။ ကလေးမရသည့် အိမ်ထောင်ရှင်များ၊ စီးပွားရေးပြဿနာများ၊ အာဏာပိုင်တို့နှင့်ဆက်ဆံရသည့် မပြေလည်မှုများကအစ သူ့ထံရောက်လာကြသည်။ အိမ်ရာအငြင်းပွားမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုနှင့် မကျေနပ်ချက်များကိုလည်း လူတွေက သူ့ထံလာရောက်တင်ပြကြသည်။ သူ့ကိုတိုင်တည်ပြီး သူ့ထံမှအကြံဉာဏ်များယူကာ ပြဿနာများ ဖြေရှင်းကြခြင်းဖြင့် စိတ်သက်သာမှု လာယူကြခြင်းဖြစ်သည်။ ကျွန်တော်နှင့် ဒါဂျမိုတို့ဆက်ဆံရေးကား တစ်နေ့တွင် နိဂုံးတံခဲ့သည်။ ကျွန်တော် မူလနေထိုင်ခဲ့ရာ ကီမူဆက်ရွာလေးသို့ ကျွန်တော်ပြန်လာခဲ့ရသည်။ ရွာတွင်နေထိုင်စဉ် စက်ဘီးလေးစီးကာ ယိုဂျာကာတာသို့ နေ့စဉ်သွားရသည်။ မိုဟာမေဒီယာ ကျောင်းပြီးအောင် ကျွန်တော်ပြန်တက်ရသည်။

ဝိုနိုဂီရိနှင့် ဒါဂျမိုတို့ထံမှ ကျွန်တော် ထွက်ခွာလာခဲ့ရခြင်းမှာ ကျောင်းတွင် ဘောင်းဘီတိုနှင့် ရှူးဖိနပ်စီးရသောကြောင့်ဖြစ်သည်။ ကျွန်တော့်မိဘတွေက မဝယ်ပေးနိုင်ပေ။ ယိုဂျာကာတာမြို့သို့ စက်ဘီးဖြင့် ကျောင်းတက်ရသည်သာရှိသည် လုံချည်ဝတ်၍ရသည်၊ ရှူးဖိနပ်လည်းစီးရန် မလိုပေ။ ထိုသို့ဝတ်စားရသည့်အတွက် စိတ်မသက်မသာဖြစ်ရန်လည်းမလိုပေ။ ကျွန်တော့်လိုကျောင်းသားတွေ အများကြီး ဖြစ်သည်။

ယိုဂျာကာတာတွင် ကိုလိုနီအစိုးရကို ဆန့်ကျင်မှုကမြင့်မားနေကြောင်း ကျွန်တော် ကြားရသည်။ နိုင်ငံရေးခေါင်းဆောင်များသည် လူထုဟောပြောပွဲတွေလုပ်နေကြောင်းလည်းသိရသည်။ ကျွန်တော်တို့ကျောင်းသားတွေတွေ့ဆုံကြလျှင်ပင် ထိုအကြောင်းတွေပြောဖြစ်ကြသည်။ သို့သော် ကျွန်တော်ကတော့ သူတို့အပြောတွေကို အထင်မကြီးပေ။ ကျောင်းစာကိုသာ အာရုံထားပြီး


www.foreverspace.com.mm

www.foreverspace.com.mm

၁၉၃၉ ခုနှစ်တွင် ကျောင်းပြီးသွားခဲ့သည်။

မိုဟာမေဒီယာ အလယ်တန်းကျောင်းပြီးသည့်နောက် ပညာဆက်သင်ချင်စိတ် ပေါ်လာပြန်သည်။ သို့သော် ဖခင်နှင့်ဆွေမျိုးတို့က ကျွန်တော့်ပညာသင်စရိတ်နှင့် ကုန်ကျစရိတ်များကို မထောက်ပံ့နိုင်တော့ပေ။ သူတို့လည်း ရှိကြသည်မဟုတ်။ နောက်ပိုင်း အဖေပြောသည်ကို မှတ်မိသေးသည်။

"သားကို အဖေ ကျောင်းဆက်ထားချင်ပါတယ်။ ဒါပေမဲ့ အလုပ်ရှာတာ ပိုကောင်းမယ်ထင်တယ်သား။ အလုပ်လုပ်ပြီး အရှင်မြတ်အလိုတော်အရ ကိုယ့်ငွေနဲ့ ကိုယ်ပညာဆက်သင်တာ မကောင်းဘူးလားသား" ဟု အဖေက ပြောလာသည်။

ရာထူးကောင်းကောင်း သြဇာညောင်းသူများထံမှထောက်ခံချက်မှုမရှိဘဲ ထိုစဉ်က အလုပ်ရှာရန်မလွယ်ပေ။ ချမ်းသာသူများ၊ အောင်မြင်သည့် စီးပွားရေးသမားများ၏အကူအညီရမှ အလုပ်ရနိုင်ပေသည်။

ကျွန်တော် ရပ်တည်နိုင်ရုံလေးရဖို့ အလုပ်ရှာရသည်။ သို့သော် မအောင်မြင်ပေ။ နောက်ဆုံးတော့ ဝူရန်တိုရိုသို့ပြန်လာခဲ့ရသည်။ ကျွန်တော့်ကို အကူအညီပေးနိုင်သူတွေကို ကျွန်တော်သိသည်။

ကျွန်တော့်အတွေးကမှန်သွားသည်။ ကျွန်တော် အလုပ်တစ်နေရာပြီး တစ်နေရာရှာရင်း ကျေးရွာဘဏ်တွင် အကူစာရေးအလုပ်ကို ရလိုက်သည်။ ထိုအလုပ်ကို ကျွန်တော်သိပ်မကြိုက်သော်လည်း အလုပ်လက်မဲ့ဘဝဖြင့် မနေထိုင်လိုသဖြင့် ထိုအလုပ်ကိုလက်ခံလိုက်ပါသည်။

ဘဏ်စာရေးနှင့်တွဲကာ အနီးနားရှိရွာများသို့ စက်ဘီးဖြင့်သွားရသည်။ ဂျာဗားဝတ်စုံကိုအပြည့်ဝတ်ရသည်။ ပါတိတ်ခေါင်းဆောင်းဆောင်းကာ ရိုးရာအပေါ်အင်္ကျီကိုဝတ်ဆင်ထားရသည်။ လယ်သမားများ၊ အရောင်းဈေးသည်များ၊ ဆိုင်ပိုင်ရှင်များထံမှ ကြွေးဆိုင်းငွေ့လျှောက်လွှာများကို ရွာခေါင်းအိမ်ရုံးခန်းများတွင် လိုက်လံကောက်ခံပေးရသည့်အလုပ် ဖြစ်သည်။

ကျွန်တော်သည် ပရာဝီရိုဝီဟာဂျို (အဘိုး) နှင့်အတူနေစဉ်က ဟာဂျိုဝီဂျိုနိုနှင့် ဒါရာမိုတို့ကို ကူညီလုပ်ကိုင်ပေးရင်း သာမန်ရွာသားတို့၏လိုအပ်ချက်အတော်များများကို သိရှိခဲ့ပါသည်။ သို့သော် ကျွန်တော်နှုတ်ဆိတ်နေခဲ့သည်။ ကျွန်တော် ပြန်ပြောသည်ထက် သူတို့ပြောသမျှ နားထောင်ခဲ့ရသည်က ပိုပြီးပညာရသည်။

ညတိုင်း ကျွန်တော်သူငယ်ချင်းဖြစ်သူ ကာမင်းကို စာရင်းကိုင်ပညာလေ့လာရန် တိုက်တွန်းရသည်။ ကျေးရွာခေါင်းဆောင်က ကျွန်တော့်ကိုထက်မြက်သွက်လက်ပြီး တတ်လွယ်သည်ဟုမြင်ထားသည်။ နှစ်လအတွင်း ကျွန်တော် စာရင်းကိုင်ပညာကို တတ်မြောက်သွားသည်။

ကာမင်းနှင့်ကျွန်တော်တို့ စက်ဘီးတစ်ယောက်တစ်စီးရသည်။ သူက အမြဲတမ်း ကျွန်တော့်ကိုရှေ့မှစီးခိုင်းသည်။ "ဟာတို လာလေကွာ၊ မင်းရှေ့ကသွား၊ ငါနောက်ကလိုက်မယ်" ဟု ပြောလေ့ရှိသည်။

တစ်ခါက ကျွန်တော်သည် အဒေါ်ထံမှ လုံချည်တစ်ထည်ငှားဝတ်သည်။ ကျွန်တော့်လုံချည်က ဟောင်းနွမ်းနေ၍ဖြစ်သည်။ ကျေးရွာဘဏ်စာရေးတစ်ယောက်အနေဖြင့် ဝတ်ဆင်သွားရန် လုံးဝမသင့်လျော်သည့်အနေအထားဖြစ်၍ ငှားဝတ်ရခြင်းဖြစ်သည်။ ကံဆိုးချင်တော့ စက်ဘီးအိုလေးပေါ်မှဆင်းလိုက်ချိန်တွင် ဖင်ထိုင်ခုံအောက် ငေါထွက်နေသည့် သံချွန်တစ်ချောင်းက လုံချည်ကိုဆွဲဖြဲလိုက်သလိုဖြစ်သွားသည်။ ကျွန်တော်နှင့်အတူ လိုက်ပါလာသည့် စာရေးက ကျွန်တော့်အမှားကြောင့်မဟုတ်ဘဲ ကျွန်တော့်ကိုပစ်တင်ဝေဖန်တော့သည်။ ဒါမျိုးကဖြစ်တတ်သည့် သဘာဝ မဟုတ်ပါလား။

ကျွန်တော့်အဒေါ်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး ကျွန်တော့်ကို ဆူပူတော့သည်။ သူ့တွင်လည်း ဤပုဆိုးတစ်ထည်သာ အကောင်းရှိသည်။ သို့သော် သူမအနေဖြင့် ကျွန်တော့်ကို ကူညီချင်စိတ်ရှိမှန်းသိသည်။ သို့သော် နောက်ထပ် ဘာမျှမပေးတော့။ ဤကား ကျွန်တော့်ဘဝ နံ့ချာသမျှဖြစ်သည်။

ကျွန်တော့်ဘဏ်အလုပ်လည်း နိဂုံးချုပ်သွားရသည်။ ထိုအလုပ်မှထွက်ခဲ့ရသည့်အတွက် အထွေအထူး မခံစားမိ။ ကျွန်တော်မကြိုက်သည့်အလုပ်ဖြစ်သောကြောင့်ပင်။ ကျွန်တော် ကာမင်းကို လက်ဆွဲနှုတ်ဆက်လိုက်စဉ်က သူ့မျက်နှာကိုမကြည့်ပေ။ သူက ကျွန်တော့်သူငယ်ချင်းကောင်းဖြစ်သဖြင့် သူနှင့်ခွဲရမည်ကိုသာ ဝမ်းနည်းနေမိသည်။

ကျွန်တော် အလုပ်လက်မဲ့ဘဝ ပြန်ရောက်ရပြန်သည်။ သို့သော် ကျွန်တော်စိတ်မပျက်။ ပိုကောင်းသည့် အခွင့်အလမ်းကောင်းကိုရှာရန်သာ ရှိတော့သည်။ ဤတစ်ကြိမ်တွင် ဆိုလိုတွင်သွားပြီး ကြိုးပမ်းရန်စိတ်ကူးမိသည်။ ကျွန်တော် အလုပ်ကိုသာတမ်းတနေမိသည်။ တစ်ခုခုလုပ်ချင်သည်။ ဥပဒေဘောင်အတွင်းကပဲဖြစ်ရမည်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ကျွန်တော်ကို ဒတ်ချ်ရေတပ်တွင် စာရင်းသွားပေးရန်တိုက်တွန်းသည်။ ရေတပ်တွင် လိုနေသည်က ထမင်းချက်ရာထူးဖြစ်သည်။ သို့ဖြစ်ရာ ကျွန်တော်မလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဆိုလိုတွင် အလုပ်ရှာရသည်မှာလည်း မလွယ်ပေ။ ဝူရန်တိုရိုသို့ ပြန်လာရပြန်သည်။ Gotong-royong (ကျေးရွာရှိ အပြန်အလှန်လူမှုကူညီရေးအသင်း) သို့ဝင်ပြီး လုပ်ငန်းပေါင်းများစွာ ကူညီလုပ်ကိုင်ပေးခဲ့သည်။ ဘာသာရေးအဆောက်အအုံတွေ ဆောက်ပေးသည်။ ရေမြောင်းတွေတူးပေးသည်။ စပါးကျီတွေဆောက်ပေးကြသည်။ ကျွန်တော့်အနာဂတ်ကတော့ ဘာမျှမရေရာ စိတ်ဓာတ်ကျစရာအတိ။

**တင်ညွန့်**

Ref : Soeharto, My Thoughts, Words and Deeds (An Autobiography)

www.foreverspace.com.mm



# အကောင်းမြင်ခြင်းနှင့် သည်းခံခြင်း

မြတ်နီ

## (၁) အကောင်းမြင်ဝါဒနဲ့ အကောင်းမြင်သမား

သတင်းမီဒီယာတစ်ခုက သုံးနှုန်းသွားတဲ့ 'အကောင်းဘက်က ရှုမြင်ပါတယ်' ဆိုတဲ့စကားရပ်လေးကိုအကြောင်းပြုပြီး ရောက်တတ်ရာရာ ဆက်စပ်တွေးတောကြည့်မိရာက ဒီဆောင်းပါးကို ရေးဖြစ်တာပါ။

'ပေါ်လီယာနာ' ဆိုတဲ့စာအုပ်လေးကို နှစ်အတော်ကြာကြာကတည်းက ဖတ်ခဲ့ဖူးပါတယ်။ ဆရာကြီး (ဦး) ထင်လင်း ဘာသာပြန်ခဲ့တာပါ။ မူရင်းစာရေးသူက ELEANOR. H.PORTER ဖြစ်ပါတယ်။ ပေါ်လီယာနာလေးဟာ သူတွေ့ကြုံရတဲ့ လူတွေရဲ့ဒုက္ခတွေ၊ အဖြစ်အပျက်တွေ၊ ခံစားချက်တွေကို အဲဒီလူဖြေသာအောင်၊ စိတ်ချမ်းသာအောင်၊ စိတ်သက်သာရာရအောင် နှစ်သိမ့်အားပေးကူညီတတ်တဲ့ စေတနာရှင်၊ ကရုဏာရှင်၊ အကောင်းဘက်ကရှုမြင်တတ်တဲ့ ကြင်နာတတ်သူလေးအဖြစ် ရေးဖွဲ့ထားတဲ့စာတစ်ပုဒ် ဖြစ်ပါတယ်။

တစ်စုံတစ်ယောက်ဟာ ရောဂါဝေဒနာတစ်ခုခု၊ ဖြစ်ရပ်တစ်ခုခုနဲ့ ဆိုးဆိုးရွားရွားတွေ့ကြုံခံစားနေရရင် ဖြေသိမ့်နိုင်စရာအကြောင်းခြင်းရာလေးတွေ၊ ဖြစ်ရပ်လေးတွေ၊ မျှော်လင့်ချက်လေးတွေပြပြီး အဲဒီလူခံနိုင်ရည်ရှိလာအောင်၊ စိတ်ဖြေသာအောင်၊ အားရှိလာအောင် နှစ်သိမ့်အားပေးကူညီတတ်တဲ့ စေတနာရှင်၊ ကရုဏာရှင်မလေးအဖြစ်ဖော်ကျူးထားတာပါ။ အကောင်းဘက်ကရှုမြင်တာမျိုးနဲ့ပတ်သက်လာရင် ပေါ်လီယာနာရဲ့အကောင်းအမြင် 'POLLYANNA'S OUTLOOK' လို့တောင် ဆိုကြတယ်ထင်ပါတယ်။

အကောင်းမြင်ဝါဒနဲ့ပတ်သက်လို့ ထင်ရှားတဲ့အတွေးအခေါ်ပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ ဗော်လ်တဲယားရဲ့ 'ကင်ဒီး' ဆိုတဲ့ ဝတ္ထုကိုလည်း ဆရာ (ဦး) ကျော်အောင်က 'အကောင်းမြင်သမား' ဆိုတဲ့အမည်နဲ့ ဘာသာပြန်ခဲ့ပါသေးတယ်။ အဲဒီဝတ္ထုရဲ့အဓိကဇာတ်ကောင်ဟာ ကင်ဒီးဖြစ်ပြီး သူ့ဆရာ ပင်ဂလော့ကတော့ အတွေးအခေါ်ပညာရှင်ကြီး လေးဗနိရဲ့နောက်လိုက်အဖြစ် သရုပ်ဖော်ထားပါတယ်။

အင်္ဂလန်နဲ့ ပြင်သစ်တို့မှာ ခေတ်စားခဲ့တဲ့ အကောင်းမြင်ဝါဒဟာ လေးဗနိ၊ ရှတ်စဗာရီ၊ ခရစ်ရှန်ဝုတို့နဲ့ ဆက်စပ်နေတယ်လို့ ဆိုပါတယ်။ လေးဗနိ (၁၆၄၆–၁၇၁၆) ဟာ ဘယ်ခေတ်မှာမှ ယှဉ်နိုင်သူရှိမှာမဟုတ်တဲ့ဉာဏ်ကြီးရှင်ဖြစ်တယ်လို့ တွေးခေါ်ရှင်ကြီး ဘာထရန်ရပ်ဆယ်က ဆိုခဲ့ပါတယ်။ လေးဗနိဟာ ဒေးကားရဲ့အတွေးအခေါ်တွေကို လေ့လာခဲ့တဲ့အပြင် ဂါဆန္ဒီ (Gassendi) ရဲ့ ရုပ်ဝါဒလွှမ်းမိုးမှုကိုလည်း ခံခဲ့ရတဲ့အတွက် ယခင်က သူစွဲလမ်းခဲ့တဲ့ (Scholastic Philosophy) ခေါ် ကျောင်းတော်ဝါဒကို စွန့်လွှတ်ခဲ့ပါတယ်တဲ့။ သူ့ရဲ့အထင်ရှားဆုံးအတွေးအခေါ်စာတမ်းကတော့ မိုနာဒိုလိုဂျီ (Monadology) ဖြစ်တယ်လို့ ဆိုကြပါတယ်။



လေးဗနိက သမားရိုးကျခရစ်ယာန်အယူကို တစ်မျိုးအဓိပ္ပာယ်ကောက်ကာ ပြန်လည်ရှင်းပြဖို့ကြိုးစားခဲ့တယ်လို့ဆိုပါတယ်။ ဒီကမ္ဘာလောကကြီးမှာ အဆိုးနဲ့အကောင်းကို စိတ်ကြိုက်လွတ်လွတ်လပ်လပ်ရွေးပိုင်ခွင့်ရှိတယ်။ ဒါကြောင့် ဆိုးကျိုးဖြစ်တဲ့ စိတ်ဆင်းရဲဒုက္ခ၊ ကိုယ်ဆင်းရဲဒုက္ခတွေကို လုံးလုံးလျားလျားဖယ်ထုတ်လို့မရ၊ ဝိုင်းပယ်လို့မရလို့ဆိုပါတယ်။ လူဟာ အကောင်းနဲ့အဆိုးကို ကြိုက်သလိုရွေးပိုင်ခွင့်ရှိတယ်။ အတွေ့အကြုံ (ဝါ) ဒုက္ခဝေဒနာခံစားရာကနေပြီး ပြည့်စုံခြင်းဖြစ်တဲ့အမှန်ကိုရောက်နိုင်မယ်လို့ဆိုပါတယ်။ ဖန်ဆင်းရှင်ဟာ ကောင်းတယ်၊ ကောင်းတဲ့ကမ္ဘာကို ဖန်ဆင်းခဲ့တယ်။ လူ့သဘာဝရဲ့ကန့်သတ်ချက်ကို ကျော်လွန်မြင်နိုင်မှသာ ဒီကမ္ဘာကြီးဟာ ကောင်းပါလားလို့ လက်ခံနိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။

ဗော်လ်တဲယားရဲ့ခေတ်မှာ လေးဗနိရဲ့အယူဝါဒကို တစ်ဆင့်တင်ပြသူတွေဟာ အနိဋ္ဌာရုံဝါဒီများဖြစ်တယ်လို့ ဆိုကြပါတယ်။ 'ကျွန်ုပ်တို့အားလုံးသည် အစစအရာ

www.foreverspace.com.mm



ရှေ့အဆင်ပြေဆုံးဖြစ်သည့် ကမ္ဘာလောကကြီးတွင် လူဖြစ်လာကြရသည်။ ကျွန်တော်တို့အဖို့ ဆိုးနေသည်ဟုထင်နေသည်တို့မှာ အခြားတစ်ယောက်အဖို့ ကောင်းချင်ကောင်းနေမည်။ သို့ဖြစ်ရာ အများနှင့်ခြုံကြည့်ကာ သည်းခံရမည်' ဆိုတဲ့ ဝါဒကို အဘိဓမ္မာဆရာအချို့က ရှေ့တန်းတင်ခဲ့ကြပြီး အဲဒါဟာ လေးဗနိရဲ့ ဝါဒမဟုတ်၊ လေးဗနိရဲ့ဝါဒကို ဖောက်လွဲဖောက်ပြန်လုပ်ထားတဲ့အယူဝါဒသာဖြစ်တယ်လို့ ဗော်လ်တဲယားကသိခဲ့တယ်လို့ ဆိုကြပါတယ်။ ဗော်လ်တဲယား (၁၆၉၄–၁၇၇၈) ဟာ ပြင်သစ်မှာပေါ်ပေါက်ခဲ့တဲ့ ထူးချွန်တဲ့နိုင်ငံရေးတွေးခေါ်ရှင်တစ်ဦးဖြစ်ပါတယ်။ ဗော်လ်တဲယားဟာ အယူဝါဒအစွဲအလမ်းကြီးမှုနဲ့ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များက အုပ်ချုပ်မှုမှာ ဝင်ရောက်လွှမ်းမိုးတာကို ဝေဖန်ဆန့်ကျင်သူ၊ ဖိနှိပ်ချုပ်ချယ်မှုမှန်သမျှကို ဆန့်ကျင်တိုက်ခိုက်သူ၊ အသိပညာတိုးတက်ရေး၊ ဘာသာရေး၊ နိုင်ငံရေးတို့နဲ့ပတ်သက်တဲ့ လူမှုလွတ်လပ်ခွင့်များအတွက် အရေးဆိုခဲ့သူလည်း ဖြစ်ပါတယ်။

ဗော်လ်တဲယားက မွန်တီကြူ (၁၆၂၉–၁၇၅၅)၊ ရူးဆိုး (၁၇၁၂–၁၇၇၈) တို့နဲ့အတူ ထင်ရှားတဲ့အတွေးအခေါ်ပညာရှင်တစ်ဦးဖြစ်တဲ့အပြင် ပြင်သစ်တော်လှန်ရေးရဲ့ရှေ့ပြေးနိုင်ငံရေးသုခမိန်တစ်ဦးလည်းဖြစ်ပါတယ်။ အကောင်းမြင်ဝါဒရဲ့ မျှော်လင့်ချက်ကင်းမဲ့မှုကို ဗော်လ်တဲယားဒေါသထွက်ဟန်၊ ကြိတ်မနိုင်ခဲမရဖြစ်ဟန်ရှိပြီး ပျော်ရွှင်မှုဆိုတာ အနာဂတ်မှာရှိတယ်။ ဒါကြောင့် ပျော်ရွှင်မှုကို မျှော်လင့်ချက်ထားကာ ရာရမယ်ဆိုတာ ဗော်လ်တဲယားရဲ့ ဦးတည်ချက်လို့ဆိုနိုင်ပါတယ်။ အဲဒီလိုပျော်ရွှင်မှုကိုရနိုင်ဖို့အတွက် လူတွေဟာ အလုပ်လုပ်ကြရမယ်၊ စကားချည်းပြောမနေဘဲ အလုပ်စခန်းဝင်မှသာ အရာရာပြီးမြောက်နိုင်မယ်လို့ အဖြေရှာပေးခဲ့တဲ့ ဗော်လ်တဲယားဟာ လက်တွေ့သမားဖြစ်ပြီး ခံစားလွယ်သူ၊ စိတ်မြန်လက်မြန်ရှိသူ၊ ကြင်နာတတ်သူ၊ စိတ်ဆတ်သူ၊ ကြီးပွားလိုသူ စတဲ့ လက္ခဏာတွေဆောင်နေသူဖြစ်တယ်လို့ ဆိုကြပါတယ်။

'အကောင်းဘက်က ရှုမြင်တယ်' ဆိုတဲ့ စကားရပ်ကို အကြောင်းပြုပြီး ဆက်စပ်လေ့လာတွေ့ရှိရတဲ့ ပေါ်လီယာနာ၊ ကင်ဒီး၊ ပင်ဂလော့၊ လေးဗနိ၊ ဗော်လ်တဲယား စသူတို့နဲ့ပတ်သက်ဆက်နွှယ်မှုများကို အကျဉ်းချုပ်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်တင်ပြလိုတာကတော့ စိတ်ပညာရှုထောင့်ကပြောတဲ့အကောင်းမြင်ဝါဒအကြောင်းဖြစ်ပါတယ်။

## (၂) သုတေသီပညာရှင်များရဲ့အဆို

ဆရာအောင်ဝင်း (စိတ်ပညာ) ရဲ့ 'စိတ်ပညာဖြင့် ချမ်းသာရာသို့' ဆိုတဲ့စာအုပ်မှာ မကြာမကြာတွေ့ရတတ်တဲ့ စကားရပ်နှစ်ခုရှိပါတယ်။ အကောင်းမြင်သမား အော့ပ်တီမစ် (Optimist) နဲ့ အဆိုးမြင်သမား (Pessimist) ပက်ဆီမစ်တို့ဖြစ်ပြီး အကောင်းမြင်ဝါဒ (Optimism) နဲ့ အဆိုးမြင်ဝါဒ (Pessimism) လို့ရှိကြောင်း ဖော်ပြထားပါတယ်။ အဖျက်စိတ်ကို များများပွားများတဲ့သူများဟာ အဆိုးမြင်ဝါဒကို လက်ခံတဲ့ အဆိုးမြင်သမားများဖြစ်လေ့ရှိပြီး အပြုစိတ်ထားကို များများပွားများသူများဟာ အကောင်းမြင်ဝါဒကိုလက်ခံတဲ့ အကောင်းမြင်သမားများဖြစ်လေ့ရှိတယ်လို့ ဆိုပါတယ်။

အဖျက်စိတ်ထားဟာ ပယ်အပ်တဲ့တရားလို့လက်ခံခဲ့ရင် အပြုစိတ်ထားကိုပွားများပြီး အကောင်းမြင်ဝါဒကိုလက်ခံတဲ့ အကောင်းမြင်သမားများဖြစ်ဖို့ ကြိုးစားရေးဟာ စိတ်ပညာရဲ့အဓိက အလုပ်လို့လည်း ဆိုထားပါသေးတယ်။

အဆိုးမြင်သမား (Pessimist) ဆိုတဲ့စကားလုံးကို အင်္ဂလိပ်အဘိဓာန်မှာဖွင့်ဆိုထားတာကတော့ 'Pessimist = One Who Takes a Gloomy View of Everything, One Who Regards The World and All That is in it as Essentially evil၊ ပက်ဆီမစ် = အဆိုးမြင်သမားသည် အရာရာတိုင်းကို စိတ်အားညှိုးငယ်စွာ အမှောင်ဘက်အဖြစ်ကြည့်မြင်၏။ သူသည် ကမ္ဘာပေါ်ရှိသမျှအားလုံးသောအရာဟူသမျှကို အဆိုးချည်းသာဟု မလွဲမသွေသဘောထားသည်' လို့ ဆိုပါတယ်။

ပက်ဆီမစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အော့ပ်တီမစ်ကိုတော့ 'Optimist = a person who believes that all things happen for the best, one who looks... on the bright side of things' အကောင်းမြင်သမား = အားလုံးသောအရာခပ်သိမ်းတို့သည် အကောင်းဆုံးအတွက်ဖြစ်ပေါ်ရာ၏ဟုယုံကြည်သူသည် အကောင်းဘက် အလင်းဘက်ကိုသာကြည့်မြင်သည်' လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်လို့ ဆိုပါတယ်။

တစ်ခုသောအင်္ဂလိပ်အဘိဓာန်ကတော့ အော့ပ်တီမစ်ကို "An optimist, one who believes that all will be the well" 'အကောင်းမြင်သမားတစ်ဦးသည် အားလုံးသောအရာတို့သည် ကောင်းမွန်စွာဖြစ်လာလိမ့်မည်ဟုယုံကြည်သည်' လို့ဖော်ပြပြီး အဆိုးမြင်သမားနဲ့ပတ်သက်လို့ ဆရာကြီးဦးတက်တိုးကအဓိပ္ပာယ်ဖွင့်ရာမှာ 'အောင်မြင်ခြင်းကိုသတ်နေသည်မှာ အဖျက်ကိုသာတွေးမြင်တတ်ခြင်းဖြစ်၏' လို့ ပါရှိကြောင်း ရှင်းပြထားပါတယ်။

အငြိမ်းစားသံအမတ်ကြီး ဦးကြင်ရေးသားတဲ့ 'သာသနာရေးရာဆောင်းပါးများ' စာအုပ်မှာပါတဲ့ သူ့မိတ်ဆွေတစ်ဦးကရေးတဲ့ပေးစာတစ်စောင်မှာ 'အသက်ရှင်လိုလျှင် အကောင်းမြင်ဝါဒကို လက်ကိုင်ထားပြီး အလုပ်နည်းနည်းလုပ်ကြပါ' လို့ တရုတ်ပြည်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ကလမ်းညွှန်ကြောင်းဖော်ပြထားတာ တွေ့ရပါတယ်။

ဦးထွန်းငြိမ်းရဲ့ အင်္ဂလိပ်–မြန်မာအဘိဓာန်မှာတော့ 'Optimism' ကို 'ဓမ္မတာတရားမှာ အကောင်းသက်သက်အဖို့ဖြစ်သည်ဟူသောအယူဝါဒ၊ အကောင်းဘက်ကိုမြင်မှတ်တတ်ခြင်း ဖြစ်မြောက်မည်ဟုယုံကြည်စိတ်ချတတ်သောသဘော၊ အားရရွှင်လန်းဖွယ်ကောင်းသည့်သဘော၊ ကြည့်လိုသည့်သဘော' လို့ဖော်ပြပြီး 'Pessimism' ကိုတော့ 'မကောင်းဘက်ကိုသာ

www.foreverspace.com.mm

ကြည့်မှတ်တတ်ခြင်း၊ အဆိုးဘက်ကိုသာ ကြည့်တတ်ခြင်း' လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။

ယထာဘူတဝါဒီ၊ ဓမ္မဓိဋ္ဌာန်ဝါဒီများကတော့ ဖြစ်ရပ်တွေကို ရှုမြင်ရာမှာ အရှိအတိုင်း၊ အဖြစ်အတိုင်း၊ ပကတိအတိုင်း၊ ကောင်းတာကိုကောင်းတဲ့အတိုင်း၊ ဆိုးတာကို ဆိုးတဲ့အတိုင်း ရှုမြင်ရမယ်။ အကောင်းမြင်ရော အဆိုးမြင်နှစ်မျိုးစလုံးဟာ အမှန်တရားနဲ့လွဲချော်စေတဲ့အစွန်းတရားသာဖြစ်တယ်လို့ဆိုကြပါတယ်။ အစွန်းရောက်တာချင်းအတူတူ အဆိုးမြင်တာထက်စာရင် အကောင်းမြင်တာကမှ ပိုကောင်းသေးတယ်ဆိုတဲ့အဆိုမျိုးကိုလည်း သူတို့က ဆန့်ကျင်ကြပါတယ်။

## (၃) သည်းခံခြင်းဆိုတာ

အီးဒစ်ကဲ့ဗီး (Edith Cavell) ဆိုတဲ့ အင်္ဂလိပ်လူမျိုး ကရုဏာရှင်အမျိုးသမီးကြီး တစ်ဦးအကြောင်း လေ့လာခဲ့ရဖူးပါ တယ်။ သူမဟာ ဘယ်လ်ဂျီယံနိုင်ငံမှာ တာဝန်ထမ်းဆောင်နေစဉ် အင်္ဂလိပ်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံလူမျိုး ၅၀၀ ကို ဂျာမန်တို့ရန်မှလွတ်မြောက်အောင် ကူညီကယ်တင်ပေးခဲ့ပါတယ်။ ဂျာမန်စစ်ဥပဒေအရ ရန်သူကို အားပေးကူညီမှုဖြစ်တယ်ဆိုပြီး သေဒဏ်ပေးခံရကာ ၁၉၁၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှာ သေနတ်ဖြင့်ပစ်သတ် စီရင်ခံခဲ့ရပါတယ်။ ပစ်သတ်မခံရသေးမီ ဘာသာရေးထုံးစံအရ တရားဟောဖို့လာတဲ့ဘုန်းတော်ကြီးကိုလျှောက်ထားရာမှာ (I realise that patriotism is not enough, I must have no hatred or bitterness towards any one) 'မျိုးချစ်စိတ်တစ်ခုတည်းဖြင့် မပြည့်စုံမှန်း တပည့်တော်မ သိပါ၏။ တပည့်တော်မ၌ သူတစ်ပါးအပေါ် မုန်းတီးစိတ်၊ နာကြည်းစိတ် ကင်းပါစေသား' လို့ ဆုတောင်းလျှောက်ထားခဲ့တယ်လို့ ဆိုပါတယ်။ မေတ္တာ ကရုဏာရှင်ကြီးတစ်ဦးရဲ့ ခွင့်လွှတ်သည်းခံနိုင်မှုလို့ ဆိုရမှာဖြစ်ပါတယ်။



မြန်မာစာပေကို လေ့လာကြဖူးသူတိုင်းဟာ ပုဂံခေတ်က အမတ်ကြီး အနန္တသူရိယ (မြန်မာသက္ကရာဇ် ၅၃၆/၅၇၃) ကို သိကြပါတယ်။ 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ တစ်ယောက်သူမှာ ပျက်လင့်ကာသာ ဓမ္မတာတည်း . . .' အစရှိတဲ့ လင်္ကာနဲ့ဆက်နွယ်သိကြတာပါပဲ။ အနန္တသူရိယအမတ်ကြီးဟာ မင်းယဉ်နရသိင်္ခနဲ့ နရပတိစည်သူမင်းသားညီနောင်တို့ရဲ့ အထိန်းတော်ကြီး 'အိုပေါင်သင်' ရဲ့သားဖြစ်ပါတယ်။ မင်းသားညီနောင်တို့နဲ့ နို့စို့ဘက်ဖြစ်ပြီး မင်းယဉ်နရသိင်္ခရဲ့ချီးမြှောက်မှုကြောင့် အမတ်ကြီးရာထူးရခဲ့တဲ့ စာဆိုကြီးဖြစ်ပါတယ်။

မင်းယဉ်နရသိင်္ခဘုရင်ဖြစ်တော့ နရပတိစည်သူက အိမ်ရှေ့မင်းဖြစ်လာပါတယ်။ မင်းယဉ်နရသိင်္ခက ညီတော် နရပတိစည်သူရဲ့မိဖုရား ဝေဠုဝတီကို သိမ်းပိုက်ပါတယ်။ နရပတိစည်သူဟာ အောင်စွာငယ်ကို စေခိုင်းပြီး မင်းယဉ်နရသိင်္ခကို လုပ်ကြံကာ ထီးနန်းကိုသိမ်းပိုက်ပါတယ်။ မ,စိတ်မွှန်နေတဲ့ နရပတိဟာ သူ့မိဖုရားကို နောင်တော်ကသိမ်းပိုက်တဲ့ကိစ္စမှာ ဘာမှမပတ်သက် မသက်ဆိုင်တဲ့ အနန္တသူရိယအမတ်ကြီးကိုပါ တာဝန်မကင်းဘူးလို့သတ်မှတ်ကာ သေဒဏ်ပေးခဲ့ပါတယ်။ ဒီလိုနဲ့ အနန္တသူရိယအမတ်ကြီးဟာ အကြောင်းမဲ့

**အကောင်းမြင်သမားတွေဟာ သည်းခံတတ်တဲ့စွမ်းအားကြီးမားကြသူတွေဖြစ်တယ်လို့ဆိုကြပါတယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တွေဟာ သည်းခံမှုတရားကို လက်ကိုင်ထားတတ်ကြတဲ့ သည်းခံနိုင်မှုစွမ်းအားကောင်းကြသူတွေ ဖြစ်ပါတယ်။ သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားတော်ရဲ့အဆုံးအမကို လေးစားလိုက်နာကြတဲ့အလျောက် ခန္တီပါရမီကိုလည်း နှလုံးသွင်းနိုင်ကြပါတယ်။**

သေဒဏ်ခံခဲ့ရပါတယ်။

သူသတ်ကုန်းကို နှောင်ကြိုးတည်းလိုက်ပါခဲ့ရပြီး တောင်စွယ်နေကွယ်ရင် ကွပ်မျက်ခံရတော့မယ့် အနန္တသူရိယအမတ်ကြီးဟာ သေအံ့မူးမူးအချိန်မှာ အထက်မှာဖော်ပြခဲ့တဲ့အတိုင်း 'သူတည်းတစ်ယောက်ကောင်းဖို့ရောက်မူ . . .' အစချီတဲ့ လင်္ကာလေးပိုဒ်ကိုရေးဖွဲ့ပြီး ဘုရင်နရပတိစည်သူထံဆက်သစေခဲ့ပြီး ကွပ်မျက်ခံခဲ့ရပါတယ်။ တစ်ဦးကောင်းစားဖို့အတွက် တစ်ဦးကပျက်စီးပေးရတတ်ပါတယ်။ မင်းစည်းစိမ်ဆိုတာလည်း ရေပွက်ပမာ ခဏသာဖြစ်ပါတယ်။ ယခုမသတ်ဘဲလွှတ်မယ်ဆိုရင်လည်း မမြဲတဲ့သဘောအရ တစ်နေ့မှာ သေရမှာပါပဲ။ သံသရာမှာ ကြုံကြိုက်စေကာမူ မတုံ့ပြန်လိုပါဘူး။ ခွင့်လွှတ်ပါတယ် စတဲ့အချက်များဟာ လင်္ကာလေးပိုဒ်မှာပါတဲ့ အနှစ်သာရတွေပါပဲ။

'. . . ခိုက်ကြုံဝိပါက်သံသာစက်၌ ကြိုက်လတ်တုန်မူ တုံ့မယူလို ကြည်ညိုစိတ်သန် သခင်မွန်ကို ချန်ဘိစင်စစ် အပြစ်မဲ့ရေးခွင့်လျှင်ပေး၏။ သွေးသည်အနိစ္စာ ငါ့ခန္ဓာတည်း' လို့ ကြုံကြိုက်တတ်တဲ့အကျိုးဝိပတ်တရားသဘောအရ သံသရာမှာလည်း ပတ်ရင်း၌ ကြုံကြိုက်ရပါလျှင်လည်း ထက်သန်တဲ့စိတ်နဲ့ကြည်ညိုမိတဲ့မွန်မြတ်တဲ့သခင်ကို အပြစ်ဖယ်ချန်ပြီးခွင့်လွှတ်ပါတယ်။ မမြဲတဲ့အနိစ္စတရားကြောင့် ငါ့ခန္ဓာပျက်ရတာလို့သာ မှတ်ယူပါတော့မည်လို့ဆိုခဲ့တာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်အမတ်ကြီးဟာ အကြောင်းမဲ့ သေဒဏ်ချမှတ်ခဲ့တဲ့ ဘုရင်ကို ပင်လျှင် အပြစ်မယူ မေတ္တာထားကာ သည်းခံခွင့်လွှတ်ပေးခဲ့တဲ့ ဂန္ထဝင်မြောက်သည်းခံခွင့်လွှတ်နိုင်မှုပဲ ဖြစ်ပါတော့တယ်။

အကောင်းမြင်သမားတွေဟာ သည်းခံတတ်တဲ့စွမ်းအားကြီးမားကြသူတွေဖြစ်တယ်လို့ဆိုကြပါတယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တွေဟာ သည်းခံမှုတရားကို လက်ကိုင်ထားတတ်ကြတဲ့ သည်းခံနိုင်မှုစွမ်းအားကောင်းကြသူတွေဖြစ်ပါတယ်။ သုံးဆယ့်ရှစ်ဖြာသောမင်္ဂလာတရားတော်ရဲ့ အဆုံးအမကို လေးစားလိုက်နာကြတဲ့အလျောက် ခန္တီပါရမီကိုလည်း နှလုံးသွင်းနိုင်ကြပါတယ်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဟာ ဘုရားဖြစ်နိုင်ဖို့အကြောင်းကောင်းမှုပါရမီဘယ်လောက်များဖြည့်ကျင့်ရလေမလဲလို့ ဆင်ခြင်တော်မူရာမှာ ပါရမီဆယ်ပါးကို အစဉ်အတိုင်းမြင်တော်မူခဲ့ပါတယ်။ ဆယ်ပါးသောပါရမီတော်မှာ ခန္တီပါရမီဟာ တစ်ပါးအပါအဝင် ဖြစ်ပါတယ်။

'မြေကြီးသည် မိမိအပေါ်၌ ချထားအပ်သော စင်ကြယ်သောအရာဝတ္ထုကိုလည်းကောင်း၊ မစင်ကြယ်သောအရာဝတ္ထုကိုလည်းကောင်း ပစ်ချထည့်သွင်းခြင်းကြောင့် နှလုံးမသာမယာမရှိဘဲ သည်းခံခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းမပြုခြင်းရှိသကဲ့သို့ . . .' အစရှိတဲ့ သည်းခံမှုသဘောဟာ ခန္တီပါရမီရဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ အလှည့်အပြောင်းများတဲ့တပည့်အပေါ်မှာသာမက မိမိရဲ့သည်းခံနိုင်မှုကို စမ်းသပ်တဲ့အနေနဲ့ ကျောကုန်းကို ပြင်းထန်စွာရိုက်ပုတ်တဲ့ ပုဏ္ဏားမိုက်ကိုသည်ပင်လျှင် သည်းခံတော်မူကြောင်း ဗုဒ္ဓဆိုင်ရာစာပေတွေမှာ တွေ့ရှိရပါတယ်။

'သည်းခံခြင်း၊ ရိုးသားခြင်း၊ စကားချိုသာခြင်း၊ သိမ်မွေ့ခြင်း၊ မာန်မာနကင်းခြင်းတို့သည် ငြိမ်းချမ်းမှုကို အလိုရှိသော မိမိအကျိုးစီးပွား၌ လိမ္မာသည့် လူ၏ တာဝန်ဝတ္တရားများဖြစ်သည်။'

**သုတ္တ နိပါတ (မေတ္တာသုတ်)**

'တစ်စုံတစ်ဦးသည် သင့်ကို ဆဲချင်ဆဲပေစေ၊ ပါးရိုက်ချင်ရိုက်ပေစေ၊ ကျောက်ခဲဖြင့်လည်းကောင်း သို့မဟုတ် လက်နက်တစ်ခုခုဖြင့်လည်းကောင်း ရိုက်ချင်ရိုက်နှက်ပေစေ၊ သင်၏စိတ်နှလုံးတွင် ဖောက်ပြန်ပြောင်းလဲမလာသင့်ပေ။ ထိုအချိန်၌လည်း သင်၏စိတ်နှလုံးတွင် ရန်သူကိုမေတ္တာ ကရုဏာထားသင့်ပေသည်။ မည်သည့်အခြေအနေ၌မဆို အမျက်ဒေါသမထားသင့်ပေ။' (မဇ္ဈိမနိကာယ်-ကကစူပမသုတ်)၊ ဒါတွေကတော့ 'ဗုဒ္ဓစကား' ဆိုတဲ့စာအုပ်ထဲက ဆရာကြီးပါရဂူရဲ့အနက်ပြန်ဆိုချက်တွေဖြစ်ပါတယ်။

အင်္ဂုလိမာလ ဘာသာရေးဒါဇနဲ့ သူညီ အသုရိန္ဒကဘာရဒွါဇတို့ဟာ သူတို့အစ်ကိုရဟန်းပြုသွားတဲ့ကိစ္စအတွက် မြတ်စွာဘုရားကို လာရောက်ဆဲရေးပုတ်ခတ်ပြောဆိုတာကို ဗုဒ္ဓကသည်းခံကာ တရားပြခဲ့တဲ့အကြောင်း သဂါထာဝဂ္ဂသံယုတ်၊ ၇-ဗြဟ္မဏသံယုတ်၊ ၁-အရဟန္တဝဂ်၊ ၂- အက္ကောသသုတ်၊ ၃-အသုရိန္ဒကသုတ်များကို ရည်ညွှန်းကိုးကားတဲ့ ဆရာကြီးဒဂုန်ဦးထွန်းမြင့်ရေးတဲ့ 'ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ'(၃) စာအုပ်မှာ လေ့လာဖတ်ရှုရပါတယ်။

ရှေးတုန်းက ပိဋကပါတိက ဘွဲ့မည်ရတဲ့ မထေရ်တစ်ပါးဟာ မဓုကထိကနောက်နားကနေပြီး တရားနာနေစဉ် မြွေငန်းတစ်ကောင်က အဲဒီမထေရ်ရဲ့ခြေသလုံးကို ကိုက်လိုက်ပါတယ်။ မထေရ်က တရားနာပျက်မှာစိုးလို့ မြွေငန်းကို အသာဖမ်းကာ အိတ်ထဲထည့်ပြီး တရားတော်ကို ဆက်လက်နာယူပါတယ်။ အရဏ်တက်တဲ့အခါ အဆိပ်တွေလျော့ကျပြီး အနာဂါမ်တည်သွားတဲ့အကြောင်း၊ ဒါဟာ သည်းခံနိုင်မှုကြောင့် အ

ဘဝဋ်ဘေးမှချမ်းသာရာရပြီး အနာဂါမ်တည်တဲ့အထိ အကျိုးကျေးဇူးများခဲ့ခြင်းဖြစ်ကြောင်း 'ဗုဒ္ဓဘာသာအခြေပြ' ဆိုတဲ့စာအုပ်မှာ မေဒိနီဆရာတော်က ရေးသားခဲ့ပါသည်။

သုနာပရန္တတိုင်းသား မဟာပုဏ္ဏမထေရ်က မိမိဌာနေသို့ပြန်လိုကြောင်း ဗုဒ္ဓထံလျှောက်ထားခဲ့စဉ်က ဗုဒ္ဓနဲ့မဟာပုဏ္ဏမထေရ်တို့ အမေး အဖြေပြုကြပုံမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**ဗုဒ္ဓ** ။ ။ ချစ်သား၊ မစ္ဆန္တရစ် အရပ်သူအရပ်သားများ ကြမ်းတမ်းဆဲဆိုတတ်သည်။ ဆဲသော် မည်သို့နည်း။

**မဟာပုဏ္ဏ**။ ။ ဆဲရုံသာဆဲသည်၊ ဘေးကိုပြု၍ မခြိမ်းခြောက်သေးဟု သည်းခံပါမည်။

**ဗုဒ္ဓ** ။ ။ ခြိမ်းခြောက်သော်

**မဟာပုဏ္ဏ**။ ။ ခြောက်ရုံ သာခြောက်သေးသည်၊ လက်ဖြင့်မပုတ်ခတ်သေး။

**ဗုဒ္ဓ** ။ ။ လက်ဖြင့်ပုတ်ခတ်သော်

**မဟာပုဏ္ဏ**။ ။ လက်ဖြင့် သာပုတ်ခတ်သည်။ ခဲဖြင့်မပုတ်ခတ်သေး။

**ဗုဒ္ဓ** ။ ။ ခဲဖြင့်ပုတ်ခတ်သော်

**မဟာပုဏ္ဏ**။ ။ တုတ်၊ လုံတို့ဖြင့် မပုတ်ခတ်သေး။

**ဗုဒ္ဓ** ။ ။ တုတ်၊ လုံတို့ဖြင့်ပုတ်ခတ်သော်

**မဟာပုဏ္ဏ**။ ။ ထား (ဓါး) ဖြင့် မပုတ်ခတ်သေး။

**ဗုဒ္ဓ** ။ ။ ထား (ဓါး) ဖြင့် ပုတ်ခတ်သော်

**မဟာပုဏ္ဏ**။ ။ သံလျက်ဖြင့်မပုတ်ခတ်သေး၊ မဖြတ်သေး။

**ဗုဒ္ဓ** ။ ။ သံလျက်ဖြင့်တိုးခုတ်သော်

**မဟာပုဏ္ဏ**။ ။ အကြင်ဘုရားသားတော်သည် ခန္ဓာကိုယ်ကို ငြီးငွေ့ရွံရှာသဖြင့် ဘဏ္ဍာပေး၍ သူများကိုပင် အသတ်ခိုင်းကြသေးသည်။ ယခုမူ မေတ္တာရှိသတ်ကြပေသည်ဟု ကျေးဇူးတင်ပါမည်ဘုရား။

ဗုဒ္ဓက မဟာပုဏ္ဏမထေရ်ကို သဘောတော်ကျလျက် ကောင်းချီးပေးပြီး ခွင့်လွှတ်တော်မူတယ်လို့ဆိုပါတယ်။ ကျင့်ကြံနိုင်ခဲလှတဲ့သည်းခံနိုင်မှုပေပဲလို့ပဲဆိုရမှာ ဖြစ်ပါတော့တယ်။

သည်းခံနိုင်မှုနဲ့ပတ်သက်လို့ ကြက်သည်းထဖွယ်၊ မယုံနိုင်လောက်အောင် သည်းခံနိုင်မှုစွမ်းအားကြီးမားလှတဲ့ 'မတ်တရာဆရာတော်ဘုရားကြီး' အကြောင်းကိုလည်း မော်ပီဆရာသိန်းကြီးရဲ့ 'ဗဟုသုတဟင်းလေးအိုး' ဆိုတဲ့စာအုပ်မှာ ဖတ်ရှုရပါတယ်။ ဆရာတော်ဘုရားကြီး ကျောင်းခါးပန်းကို ခေါင်းအုံးပြီးကျိန်းစက်နေစဉ် ခါးပန်းကိုနင်းပြီး ခုန်ချဆင်းတက်ဆော့ကစားကြတဲ့ကျောင်းသားလေးတွေကို ဦးပဉ္ဇင်းများက ရိုက်ပုတ်မယ်လုပ်တဲ့အခါ ဆရာတော်ကြီးက "အောင်မယ် ကိုပဉ္ဇင်းတို့ မရိုက်ကြပါနဲ့၊ ကလေးတွေဘာသိမလဲ။ တို့ငယ်ငယ်ကျောင်းသားတုန်းကလည်း သူတို့ထက်ပဲ ဆော့သေးတယ်။ မရိုက်ကြပါနဲ့။ သည်းခံပါ။ ငါလည်းအကျိန်းမပျက်ပါဘူး" လို့ တောင်းပန်တယ်လို့ ဆိုပါတယ်။

ကပ္ပိယက ဆွမ်းပျော့ပျော့ကြီးပြုလုပ်ပြီးဆွမ်းကပ်တဲ့အခါ "အင်း အဝါးရသက်သာသည်၊ အစာကြေလွယ်သည်" လို့ မိန့်တော်မူပြီး ဆွမ်းမာမာချက်ကာ ကပ်ပြန်တဲ့အခါမှာလည်း "ဒီလိုဝါးပြီး ဘုဉ်းပေးရတာ အရသာပေါ်ပေသည်" လို့ မိန့်ပြန်ပါတယ်။ ဆားမပါဘဲ ချက်ကပ်ပြန်တော့ "အင်း ရေငတ်ပြေတယ်" လို့ မိန့်ဆိုပြီး ဆားများများထည့်တော့လည်း "အင်း သွေးကြေတယ်" လို့ဆိုပြီး သည်းခံတော်မူခဲ့တယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီးရဲ့သည်းခံနိုင်မှုစွမ်းအားကြီးမားလှတာကို စုံစမ်းသိရှိရတဲ့ မင်းတုန်းမင်းကြီးက စမ်းသပ်တဲ့အနေနဲ့ ညီတော်မင်းတပ်မြို့စားကို ဆရာတော်ကြီးကို ပင့်ဖိတ်စေတဲ့အခါ "သာသနာ့ဒါယကာ ပင့်သည်ကို ငြင်းဖွယ်မရှိ" လို့ဆိုကာ လက်ခံတော်မူခဲ့ပါတယ်။ အဲဒီလို ပင့်ဆောင်လာပြီးမှ လမ်းခရီးမှာ မဟာဒါဝန်ရဲ့အမိန့်ကိုပြပြီး ဆရာတော်ကြီးဟာ အသက်အရွယ်ကြီးရင့်ပြီဖြစ်လို့ မတ်တရာမြို့မှာပဲပြန်ပြီး သီတင်းသုံးဖို့လျှောက်ထားတော့ ဆရာတော်ဘုရားကြီးက "အင်း အင်း ဟုတ်ပေတယ်။ ဟုတ်ပေတယ်။ ငါ့မလဲ။ ခွေးနို့စို့သလို ပညာသင်ကြသောတပည့်တို့သည်လည်း ပညာတည်းဟူသောနို့ရည်ငတ်နေရင် သူတို့ဝမ်းနည်းကြပေမယ်" လို့ မိန့်တော်မူပြီး မတ်တရာကို ပြန်ကြွခဲ့ပါတယ်။

ဆရာတော်ကြီးအပေါ် အစမ်းသပ်ခံရမှုဟာ ပြီးဆုံးသွားခဲ့တာမဟုတ်ပါဘူး။ နောက်တစ်လခန့်အကြာမှာ ထပ်မံပင့်ခေါ်တော့လည်း "အင်း မဟာမုနိဘုရားကြီးကို မဖူးရတာကြာပေပြီ။ သည်တစ်ခါဖြင့် ဆိုက်ဆိုက်မြိုက်မြိုက်ဖူးရချေတော့မည်" လို့ဆိုပြီး ပင့်ခေါ်ရာကို လိုက်တော်မူပါတယ်။ ဆရာတော်ဘုရားကြီးကို နန်းဦးကျောင်းတိုက်ကြီးမှာ စံနေတော်မူရာကနေ ထန်းရွက်မိုးထားတဲ့ ယာယီကျောင်းငယ်ကလေးကိုပင့်ပြီးသီတင်းသုံးဖို့ လျှောက်ထားပြန်တော့ ဆရာတော်ကြီးက "အင်း ဟုတ်ပေတယ်။ တက်ရဆင်းရဆိုတာ လူအိုဖြစ်တော့ သတိထားရတယ်။ တရားနာလာသူများလည်း တက်ရဆင်းရ တာဝန်လေးပေမည်။ အောက်မြေပြင်မှာပဲ သင့်လျော်ပေသည်" လို့မိန့်ပြီး ယာယီကျောင်းငယ်ကို ပြောင်းရွှေ့သီတင်းသုံးပါတယ်။

တစ်ဖန် ကျောင်းကြီးပေါ်ကိုပြန်ကြွပြီးသီတင်းသုံးပါဦးဆိုတော့လည်း "ကျောင်းကြီးပေါ်မှာတော့ လေလုံမိုးလုံကောင်းတာပေါ့။ သည်ထန်းရွက်ကျောင်းမှာတော့ လေလုံမိုးလုံမဟုတ်ပေ။ တရားနာလာသောပရိသတ်များလည်း မြေပြင်မှာတရားနာရသောကြောင့် အအေးမိ၍ ဥတုပျက်မည်ကိုစိုးရိမ်ရသည်" ဆိုပြီး ကျောင်းကြီးပေါ်ပြန်ကြွသွားရပြန်ပါတယ်။

အဲဒီလိုနည်းမျိုးစုံနဲ့စမ်းသပ်မှုတွေကို လျှောက်ပတ်တဲ့အကြောင်း တစ်စုံတစ်ရာပြပြီး သည်းခံတော်မူခဲ့တဲ့ဆရာတော်ဘုရားကြီးဟာ ဒူးခေါင်းမှာ လောက်ကောင်တွေအိမ်ဖွဲ့ထိုးဖောက်စားသောက်ခံရတဲ့လက်သီးဆုတ်ခန့်ရှိတဲ့ အနာကြီးပေါက်ပြီး ဝေဒနာခံစားခဲ့ရပါတယ်။ အဲဒီလိုပြင်းထန်တဲ့ဝေဒနာကို ကြိတ်မှိတ်သည်းခံနေခဲ့ရတဲ့ ဆရာတော်ကြီးရဲ့အနာကို တပည့်ဦးပဉ္ဇင်းများသိရှိလို့ အနာကိုရှင်းလင်းသုတ်သင်ဖို့

www.foreverspace.com.mm



**အကောင်းမြင်တတ်သူတွေဟာ သည်းခံတတ်တဲ့သူတွေဖြစ်တတ်တယ်လို့ ဆိုကြသူတွေရှိပါတယ်။ ဒါပေမဲ့ သည်းခံနေကြရတဲ့သူတွေအားလုံးဟာ အကောင်းမြင်သမားတွေချည်းဖြစ်တယ်လို့တော့ တစ်ထစ်ချဆိုနိုင်မယ် မထင်ပါဘူး။ အကောင်းမြင်၊ အဆိုးမြင်တာတွေကြောင့်မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် သည်းခံနေကြရတဲ့သူတွေလည်း ရှိနေတတ်ကြလို့ ဖြစ်ပါတယ်။**

ပြောက်ထားတဲ့အခါ ဆရာတော်ကြီးက “အောင်မယ် မောင်ပဥ္စင်းတို့ရဲ့ သူတို့အိုးအိမ်နဲ့တကွ အဆောက်အအုံကြီးတည်၍နေကြသည်ကို မဖျက်ဆီးကြပါနှင့်။ ပျက်စီးသွားလျှင် ၎င်းတို့ ဒုက္ခကြီးစွာဖြစ်ပါလိမ့်မယ်။ သည်းခံကြပါ” လို့ မိန့်တော်မူပြီး အသက်သေတဲ့အထိ ပြင်းထန်တဲ့အနာရောဂါကို လောက်များကိုက်စားမှုကြောင့် ဒူးအရိုးပေါ်ပြီး ဒူးခေါင်းအထက်၊ ပေါင်အထိ ကြီးမားကျယ်ပြန့်လာတဲ့ရောဂါဝေဒနာကို သည်းခံရင်း ဘဝနတ်ထံပျံလွန်တော်မူခဲ့ရပါတယ်။

အကောင်းမြင်တတ်သူတွေဟာ သည်းခံတတ်တဲ့သူတွေဖြစ်တတ်တယ်လို့ ဆိုကြသူတွေရှိပါတယ်။ ဒါပေမဲ့ သည်းခံနေကြရတဲ့သူတွေအားလုံးဟာ အကောင်းမြင်သမားတွေချည်းဖြစ်တယ်လို့တော့ တစ်ထစ်ချဆိုနိုင်မယ်မထင်ပါဘူး။ အကောင်းမြင်၊ အဆိုးမြင်တာတွေကြောင့်မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် သည်းခံနေကြရတဲ့သူတွေလည်း ရှိနေတတ်ကြလို့ဖြစ်ပါတယ်။

ဗုဒ္ဓနဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးများကိုမဆိုထားနှင့်။ ပိဏ္ဍပါတိမထေရ်၊ မဟာပုဏ္ဏမထေရ်၊ မတ်တရာဆရာတော်ဘုရားကြီးနဲ့အနန္တသူရိယအမတ်ကြီးတို့လိုပုဂ္ဂိုလ်ကြီးများကို အကောင်းမြင်သမားများဖြစ်တယ်လို့ သာမန်မျှ အဓိပ္ပာယ်ကောက်ယူဖို့သင့်လျော်မယ်မဟုတ်ပါဘူး။ အကောင်းဘက်ကရှုမြင်ခဲ့ကြတာဖြစ်တယ်ဆိုစေဦးတော့ အဲဒီပုဂ္ဂိုလ်ကြီးများရဲ့အမြင်ဟာ အီးဒစ်ကဲ့ဗီး၊ ကင်ဒီး၊ ပင်ဂလော့၊ လေးဗနိဗောလ်တဲယား၊ ပေါ်လီယာနာတို့လို ပုဂ္ဂိုလ်မျိုးတွေရဲ့အမြင်မျိုးနဲ့မတူပါဘူး။ ပိုမိုထူးခြားလေးနက်ပါတယ်။

ပိဏ္ဍပါတိ၊ မဟာပုဏ္ဏ အစရှိတဲ့ပုဂ္ဂိုလ်များဟာ ဗုဒ္ဓမြတ်စွာရဲ့ သာသနာဆိုင်ရာ အဆုံးအမတွေကို လေးလေးနက်နက်သက်ဝင်ယုံကြည်ကြသူတွေဖြစ်ပြီး ရုပ်နာမ်ခန္ဓာတို့ရဲ့ဆင်းရဲမှု အမြဲမရှိဘူး။ အစိုးမရမှုတွေကို သိမြင်ကြသူတွေဖြစ်ပါတယ်။ ကောင်းမြတ်တဲ့မင်္ဂလာတစ်ပါးအနေနဲ့ မြင့်မြတ်တဲ့ပါရမီတစ်ပါးအနေနဲ့ ခန္တီဆိုတဲ့သည်းခံမှုတရားကို ခံယူကျင့်သုံးကြသူတွေဖြစ်ပါတယ်။ သူတို့ရဲ့အဆုံးစွန်သော အန္တိမရည်ရွယ်ချက်ဟာလည်း သံသရာက လွတ်မြောက်ရာ နိဗ္ဗာန်ရွှေပြည်ဖြစ်ပြီး အဲဒီရည်ရွယ်ချက်အတွက် သန္နိဋ္ဌာန်ခိုင်မြဲကြသူများလည်းဖြစ်ကြပါတယ်။ ဒါကြောင့် အဲဒီလိုပုဂ္ဂိုလ်ကြီးများရဲ့အမြင်နဲ့ကျင့်သုံးမှုဟာ ပေါ်လီယာနာ၊ မာသာထရီဇာ၊ အီးဒစ်ကဲ့ဗီးစသူတို့ရဲ့ ကြင်နာမှု၊ သနားကရုဏာထားရှိမှု၊ အနစ်နာခံစွန့်စားမှုထက် ပိုမိုထူးခြားလေးနက်တယ်လို့ဆိုခဲ့တာဖြစ်ပါတယ်။

ကင်းဒီး၊ ပင်ဂလော့၊ လေးဗနိ၊ ဗော်လ်တဲယားတို့ရဲ့အမြင်များဟာ ဆင်ခြင်သုံးသပ်ကောင်းတဲ့အမြင်တွေဖြစ်ပါတယ်။ ပေါ်လီယာနာ၊ မာသာထရီဇာ၊ အီးဒစ်ကဲ့ဗီးတို့ရဲ့ဖြူစင်တဲ့စိတ်ထား၊ ကောင်းမြတ်တဲ့စေတနာ၊ မွန်မြတ်တဲ့စွန့်လွှတ်အနစ်နာခံမှုများဟာလည်း လေးစားအတုယူ အသိအမှတ်ပြုသင့်တဲ့ အတွေးအမြင်နဲ့ အမူအကျင့်များအဖြစ် လက်ခံနိုင်ကြမယ်ထင်ပါတယ်။

စိတ်စေတနာဖြူစင်တာ၊ ကရုဏာတရားကြီးမားတာ၊ စွန့်လွှတ်အနစ်နာခံကြတာတွေမှာ တူညီကြတယ်ဆိုစေဦးတော့ ယသော အယသော အစရှိတဲ့ လောကဓံတရား (၈) ပါး၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပအစရှိတဲ့ မဂ္ဂင် (၈) ပါး၊ ဒုက္ခ၊ သမုဒယ၊ မဂ္ဂ၊ နိရောဓဆိုတဲ့ သစ္စာ (၄) ပါး စတဲ့ထူးမြတ်တဲ့တရားအပေါင်းကို သက်ဝင်ယုံကြည်ဆောက်တည်ကျင့်သုံးခဲ့ကြတဲ့ ဗုဒ္ဓနွယ်ဝင်သူတော်စင်များရဲ့အမြင်နဲ့ ကျင့်ကြံအားထုတ်မှုများက ပိုမိုလေးနက်ကြောင်း ညွှန်ပြနေတယ်လို့ ဆိုချင်ပါတယ်။

ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်တွေ့ရှိရတဲ့တူညီမှုကတော့ အထက်ဖော်ပြပါပုဂ္ဂိုလ်အားလုံးရဲ့စွန့်လွှတ်အနစ်နာခံမှု၊ သည်းခံမှုများဟာ မိမိတို့ကိုယ်တိုင်အပေါ်သက်ရောက်တဲ့အကြောင်းတရားများကိုသာ အသက်စွန့်ရသည်အထိ စွန့်လွှတ်အနစ်နာခံကြခြင်းဖြစ်တယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ မိမိတစ်ဦးတည်းအပေါ်မှာသာမဟုတ်ဘဲ အမျိုးဘာသာ သာသနာအပေါ်သက်ဝင်ကျရောက်မယ့် ဆိုးကျိုးရလဒ်ဖြစ်စေမယ်ဆိုလျှင်တော့ သည်းခံနိုင်ကောင်းမှ သည်းခံနိုင်မှာဖြစ်မယ်ထင်ပါတယ်။

အရင့်အမာမဟုတ်တဲ့ သာမန်ပုထုဇဉ်လူသားများအနေနဲ့တော့ အထက်မှာဖော်ပြခဲ့တဲ့ ကျင့်နိုင်ခဲလှတဲ့သည်းခံမှုမျိုးကို ပြုနိုင်ကြပေမယ်မဟုတ်ပါဘူး။ ဘာသာတရားဆိုင်ရာ အဆုံးအမများကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင်းကြောင့်ဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ စွန့်လွှတ်အနစ်နာခံမှု၊ ခွင့်လွှတ်သည်းခံမှုတွေရှိနိုင်ပေမယ့် အမျိုးဘာသာ သာသနာအပါအဝင် လူသားမျိုးနွယ်စုကြီးတစ်ခုလုံးအပေါ် သက်ရောက်မယ့် ဆိုးကျိုးရလဒ်မျိုးကိုတော့ အမြီးတစ်ပင်မျှပင် အကျွတ်မခံတဲ့စာမရီသတ္တဝါသွေးနဲ့ အသက်ပေးကာကွယ်ကြမယ်ထင်ပါတယ်။ သည်းခံခြင်းတရားဟာ မြင့်မြတ်တာမှန်ပေမယ့် အရင့်အမာမဟုတ်တဲ့ သာမန်ပုထုဇဉ်များအတွက်တော့ အတိုင်းအတာအကန့်အသတ်တွေရှိနေမှာပဲဖြစ်တယ်လို့ ရှုမြင်နေမိပါတယ်။


**မြတ်နီ**

www.foreverspace.com.mm

# ရွှေ ● ● ● အိပ်မက်

ဂျီအောင်ဘန်း

**မြို့တော်ကြီးရှိ ကျယ်ပြန့်သော လမ်းမကြီးတစ်နေရာ။ . . . စတေရှင်ဟုရေးထိုးထားသည့် ရုံးအဆောက်အအုံတစ်ခု။ ဂိတ်တံခါးဝမှာက နံပါတ်တုတ် ခါးမှာချိတ်၍ ကြည်လင်ဖော်ရွေသော လုံခြုံရေးဝန်ထမ်းက စာရေးသူကို "ကျွန်တော်ဘာများကူညီရမလဲ" ဟု ပြုံး၍မေး၏။ စာရေးသူစိတ်ထဲ မျက်စိကိုပွတ်ကာ ဟုတ်မှဟုတ်ပါ့မလားဟု တွေးမိ၏။ အဘယ်ကြောင့်ဆိုသော် ယခင်တွေ့နေကျမျိုးနှင့် လုံးဝကွာခြားနေ၏။ ရုံးအတွင်းမှာ ကွမ်းတံတွေးနှင့် အမှိုက်ကင်းစင်ကာ လာသမျှအမှုအခင်းနှင့်ပတ်သက်သောလူသားအားလုံးကို စိတ်ချမ်းမြေ့စွာ ကူညီဆောင်ရွက်ပေးနေလေ၏။**



ထိုမှဆက်၍ လမ်းမကြီးပေါ် စိတ်ကရောက်သွား၏။ လမ်းမပေါ်မှာက ပလက်ဖောင်းများက အုတ်ကွက်ရောင်စုံနှင့် လှပသန့်ရှင်းကာ မှတ်တိုင်မှာလည်း ကွမ်းယာသည်တို့၊ ရေခဲရေသည်တို့၊ ရာသီစာ ရောင်းနံ့သည့် အရောင်းသည်များကို လုံးဝမတွေ့ရ။ မှတ်တိုင်ရှိခုံများမှာ အမိုးအကာ လုံခြုံစွာဖြင့် ခိုနားသူတို့ ရဲရဲတင်းတင်းထိုင်ကာ လိုရာခရီးသို့သွားရန် ဘတ်စ်ကားစောင့်နေကြဆဲ။ မှတ်တိုင်ထဲမှာ အမိုးအကာလုံခြုံစွာဖြင့် ဈေးရောင်းနေကြသည့် တွေ့နေကျဈေးသည်များကိုမတွေ့ရတော့။ "ငါ ဘယ်ကိုများရောက်နေပါသလဲ" ဟု ကြာကြာစဉ်းစားချိန်မရ။ ရုတ်တရက်ထိုးဆိုက်လာသော ဖုန်နှင့် ရွံ့တို့ကင်းစင်ကာ သစ်လွင်နေသည့်ဘတ်စ်ကားပေါ်သို့ စိတ်က ပါသွား၏။

ဘတ်စ်ကားပေါ်မှာက တွေ့နေကျကားတစ်စီး လူ ၆၀ ဦး၊ ဒူးကျပ် ကိုယ်ကျပ် အထူးစီးရသည့်ပုံစံမျိုးမဟုတ်ဘဲ ကျယ်ကျယ်လွင့်လွင့်ထိုင်ခုံများ၊ ရာသီဥတုနှင့်လိုက်ဖက်စွာဖွင့်ထားသော လေအေးပေးစက်တို့၊ လေပူပေးစက်တို့ကို ပါဝါပြည့်ဖွင့်ထားတာတွေ့ရတော့ "ဟ ဘာတွေများ ဖြစ်ကုန်ပြီလဲ" ဟု။ အမှတ်မထင် ဒရိုင်ဘာရှေ့က ဒက်ရှ်ဘုတ်ပေါ်ကစာတန်းကို ဖတ်ကြည့်တော့ 'ခရီးစဉ်တစ်ကြောင်းအတွက် ပုံမှန်သတ်မှတ်ချိန်' နှင့် 'စော၍ရောက်လျှင်၊ နောက်ကျ၍ရောက်လျှင် ခံရမည့်ပြစ်ဒဏ်' ကို ထင်သာမြင်သာအောင်ရေးထားလျက်။

www.foreverspace.com.mm



ပြီးတော့ မှတ်တိုင်တစ်ခုမှာ ရပ်နားရမည့် အချိန်ကာလကိုပါ ရေးထားသည်ကိုတွေ့ရတော့ စိတ်ထဲက "ကောင်းလှချည်လား။ အဟောသုခံ ကောင်းလေစွ ကောင်းလေစွ" ဟု နှုတ်က တဖွဖွရွတ်မိ၏။ မှန်ပြတင်းက နေတွေ့လိုက်ရသော မီးပွိုင့်က မီးဝါကိုမြင်တော့ ကြားနေကျ "မီးပွိုင့်ဖြတ်မယ် ကိုင်ထား" ဟူသောအသံများထွက်လာမလားဟု စိတ်က မျှော်လင့်နေမိသေး၏။ ထိုအသံ လည်းပေါ်ထွက်မလာသည့်အပြင် လှည်းတန်းမီးပွိုင့်မှာစောင့်နေတုန်း ကြားရလေ့ရှိသည့် "မီးပွိုင့်ဖြတ်ချိန်ပေးတာ လွဲနေတယ်။ ကားရှင်းတဲ့ ပြည်လမ်းကျတော့ စက္ကန့်သုံးဆယ်ပိုပေးပြီး ကားများတဲ့ အင်းစိန်လမ်းကျတော့ စက္ကန့်သုံးဆယ်လျှော့လို့ ယာဉ်ကြောကျပ်တယ်" ဟူသောအသံမျိုးကို တောင်မကြားရတော့ စိတ်ထဲ လွမ်းမိသလိုလိုပင်။

ထိုမှတစ်ဖန် စိတ်က ကားလမ်းဘေးတစ်လျှောက်ရှိ ပလက်ဖောင်းဘေးစိုက်ထားသည့် မီးကြိုးလွတ်၊ ဖုန်းကြိုးလွတ် အရိပ်ရသစ်ပင်ကြီးများကို တွေ့လိုက်ရတော့ တအံ့တသြကြည့်ရင်း "တော်လဲတော်ပါပေသည်၊ စိတ်ရှုပေါက်သလို တစ်ယောက်တစ်မျိုးမဟုတ်ဘဲ သေသေချာချာ စနစ်တကျ ရေရှည်အတွက်ကိုပါတွေးပြီး ထာဝစဉ်တည်တံ့အောင် စိုက်ပျိုးတတ်ပါပေသည်" ဟု ချီးကျူးဝမ်းသာပီတိဖြစ်လျက်။ သစ်ပင်ကြီးများထဲမှ ရုံးအဆောက်အအုံကြီးတစ်ခု၏ဆိုင်းဘုတ်ကို မြင်လိုက်ရတော့ အိမ်ပြန်ပြင်ရန်ကိစ္စကို သွားသတိရမိသဖြင့် စိတ်က ထိုရုံးထဲသို့ရောက်သွား၏။

ရုံးထဲမှာက ဂရန်လျှောက်မည့်သူ၊ အိမ်ပြင်မည့်သူ၊ ကန်ထရိုက်ဆောက်မည့်သူ စသည်ဖြင့် များပြားစုံလင်လျက်။ အချို့အချို့သော စည်းကမ်းသတ်မှတ်ချက်လေးတွေကို လျှောက်ဖတ်ကြည့်တော့ မြို့လယ်ဧရိယာ (Down Town) သတ်မှတ်ထားသည့်နေရာများတွင် လက်ရှိ ရှိပြီး မြေဧရိယာအကျယ်အဝန်းကို ထပ်မံစိတ်ခွဲရောင်းချ တည်ဆောက်ခြင်းမျိုးခွင့်မပြု။ ပြီးတော့ တိုက်ခန်းတစ်ခန်း၏ ခန်းဖွင့်အကျယ်နှင့် အထပ်အနိမ့်အမြင့်အလိုက် ခံနိုင်အားသတ်မှတ်ထားမှု၊ စံချိန်မပြည့်မီလျှင် ဘယ်လောက်ပဲပြီးစီးပါစေ ဖြိုချဖျက်သိမ်းခြင်းမျိုး၊ စံချိန်ပြည့်မီလျက်သားနှင့် လာဘ်ယူပြီး မမှန်မကန်လုပ်ပါက တိုင်တန်းရန် ဖုန်းနံပါတ်နှင့် ဗဟိုအာဏာပိုင်ဖုန်းနံပါတ်များ။ ကိုယ့်စိတ်ထဲကိုယ် "ငါ ဘယ်ကမ္ဘာကိုများ မှားရောက်နေပါသလဲ" ဟု ရုံးထဲတစ်လျှောက် စိတ်က ဟိုလျှောက်ဒီလျှောက်နှင့် တစ်ခုခုလိုနေသလိုများဟု ထင်မိသဖြင့် ဘာများလဲဟု ဆန်းစစ်မိရာ "သြော် တွေ့နေကျပွဲစားတွေ ရုံးဝကနေ လာကပ်မေးတာမျိုး မတွေ့လို့ပဲ" ဟု စိတ်ကတွေးမိသွား၏။

စိတ်က ဟိုရောက်ဒီရောက်နှင့် ကြာတော့ ပါးစပ်ထဲ ချဉ်တင်တင်ဖြစ်လာသဖြင့် ဆေးလိပ်သောက်မလားဟု စဉ်းစားကာ ဆွဲထုတ်လိုက်စဉ် ဘေးနားမှလူက ကိုယ့်စိတ်ကူးကို သိဟန်နှင့် "ဒါ ဆေးလိပ်သောက်လို့ မရတဲ့နေရာလေ။ အများပြည်သူနဲ့ဆိုင်တဲ့ နေရာတွေမှာ ဆေးလိပ်သောက်ရင် ပြင်းပြင်းထန်ထန်အပြစ်ပေးဖို့ ဥပဒေပြဋ္ဌာန်းထားတယ်။ တကယ်လုပ်မှာမို့ တကယ်ထုတ်ထားတာ။ လူအထင်ကြီးအောင် ထုတ်ထားတာမဟုတ်ဘူး" ဟု ပြောလိုက်သလို စိတ်ထဲက ကြားလိုက်ရသဖြင့် ဆေးလိပ်ကို အိတ်ထဲပြန်ထည့်ပြီး စိတ်ထဲက ကျေကျေနပ်နပ်နှင့်ပင် "သြော် ကောင်းလေစွ ကောင်းလေစွ" ဟု သာဓုခေါ်မိသွား၏။

သို့နှင့် ဆက်ကြည့်ရင်း ရုံးထဲမှ စာရေးမတစ်ဦးသုံးနေသော ကွန်ပျူတာဆီ အမှတ်မထင် စိတ်ကရောက်သွားပြန်တော့ သူငယ်ချင်းဖြစ်သူနှင့် အင်တာနက်ကဖီး အမည်ခံ PAC ဆိုင်မှာ ဆုံဖို့ချိန်းထားတာကို သွားသတိရကာ စိတ်က အင်တာနက်ဆိုင်သို့ ရုတ်ခြည်းရောက်သွား၏။ အင်တာနက်ဆိုင်ထဲမှာ Bandwidth ကြီးကြီးမားမားနှင့်မို့ ဆိုက်တစ်ခုခေါ်တိုင်း ဝေါခနဲ ဝေါခနဲ ကျလာလျက်။ ဖွင့်သမျှသတင်း Website တွေရော၊ ကမ္ဘာတစ်လွှားရှိ ဆိုက်ပေါင်းစုံ လျင်မြန်စွာခေါ်ယူလို့ရလျက်။ စိတ်ထဲ တအံ့တသြဖြစ်ကာ အရင်တုန်းက ဒီဆိုက်တွေက ခေါ်လို့မရပါဘူး။ ခုကျတော့လည်း ရလို့ပါလား။ ဒီဆိုက်က 1GB ထက်ပင်ကျော်ယူထားလို့ ဆိုက်တွေပွင့်နေတာလားဟု ဝမ်းသာအားရနှင့် ကမ္ဘာကျော်သတင်း Webiste တွေ၊ Blog တွေ လိုက်ဖွင့်ကြည့်နေမိ၏။ ထိုသို့ ဟိုလျှောက်သုံး ဒီလျှောက်သုံးနှင့် စိတ်ထဲ တစ်ခုခုလိုနေသလိုဖြစ်လာ၍ ဘာများလဲဟု စူးစမ်းကြည့်တော့ "သြော် . . . မီးစက်မောင်းသံ တဒုန်းဒုန်းမကြားရလို့ပါလား။ ငါရောက်နေတဲ့နေရာ ဘယ်နေရာပါလိမ့်။ အားလုံး အံ့ဖွယ်သုတချည်းပါပဲလား" ဟု စိတ်ထဲက တအံ့တသြရေရွတ်နေမိ၏။

အင်တာနက်ထဲရှိ ဆိုက်တွေလိုက်ဖွင့်ကြည့်ရင်း မီးရထားတစ်စင်းပုံကို တွေ့လိုက်ရသဖြင့် စိတ်က ထိုမီးရထားဆီ ရောက်သွားပြန်၏။ မီးရထားတွဲထဲမှာက ကြမ်းပြင်များက သန့်ရှင်းစင်ကြယ်ကာ ထိုင်ခုံများက ကြမ်းပိုးမထိုး မည်းပတ်ဘဲ စိတ်သန့်ကိုယ်သန့်နှင့် သက်သောင့်သက်

**အင်တာနက်ထဲရှိ ဆိုက်တွေလိုက်ဖွင့်ကြည့်ရင်း မီးရထားတစ်စင်းပုံကို တွေ့လိုက်ရသဖြင့် စိတ်က ထိုမီးရထားဆီ ရောက်သွားပြန်၏။ မီးရထားတွဲထဲမှာက ကြမ်းပြင်များက သန့်ရှင်းစင်ကြယ်ကာ ထိုင်ခုံများက ကြမ်းပိုးမထိုး မည်းပတ်ဘဲ စိတ်သန့်ကိုယ်သန့်နှင့် သက်သောင့်သက်သာထိုင်ချင်စဖွယ်။ ထိုင်ခုံများပေါ်မှာ ကျောဆန့်ပြီးအိပ်လို့မရအောင်၊ တစ်ယောက်တည်းနှင့် အများသူစီးလို့မရအောင် နေရာယူထားခြင်းမျိုးမရှိရအောင် တစ်ယောက်ထိုင်ခုံလိုမျိုး ကန့်သတ်ထားလျက်။**

www.foreverspace.com.mm

သာထိုင်ချင်စဖွယ်။ ထိုင်ခုံများပေါ်မှာ ကျောဆန့်ပြီးအိပ်လို့မရအောင်၊ တစ်ယောက်တည်းနှင့် အများသူစီးလို့မရအောင် နေရာယူထားခြင်းမျိုး မရှိရအောင် တစ်ယောက်ထိုင်ခုံလိုမျိုး ကန့်သတ်ထားလျက်။ စာရေးသူစိတ်ထဲ ဇဝေဇဝါနှင့် "ငါစီးနေကျ မြို့ပတ်ရထားလိုမျိုးမဟုတ်ပါလား" ဟု။ ဖြတ်သန်းသွားလာသည့် ရထားလမ်း တစ်လျှောက်ဘေးဝဲယာမှာကား အကျိုးရှိသည့် သီးပင်စားပင်များ ပြွတ်သိပ်လျက်။ ဘူတာများမှာလည်း သန့်ရှင်းသပ်ရပ်ကာ စိတ်ခတ်ရှင်လန်းစရာ။ ရထားတွဲထဲတစ်လျှောက် စိတ်က ဟိုလျှောက်ဒီလျှောက်နှင့် ခရီးသည်များ သပ်သပ်ရပ်ရပ်ရွှင်ရွှင်လန်းလန်းနှင့် စိတ်ကျေနပ်နေကြသည့်မျက်နှာများကိုကြည့်ရင်း စိတ်ထဲအလိုမကျသလိုဖြစ်ပေါ်လာသဖြင့် ဘာလို့ပါလိမ့်ဟု ကိုယ့်စိတ်ကိုယ် ကိုယ်ဆန်းစစ်ကြည့်ရာ "ရထားစီးတိုင်း ကိုယ်လျှုနေကျ တောင်းရမ်းစားသောက်သူအချို့နှင့် ရထားတွဲထဲမှာ ကိုယ့်အိမ်ကိုယ့်ရာသဖွယ် နေထိုင်ပြမူနေကြသည့်ဈေးသည်များနှင့် တာဝန်မဲ့ဝန်ထမ်းအချို့ကို မတွေ့ရလို့ပါလား" ဟု သြော် . . . အဟောသုခံ ကောင်းလေစွ ကောင်းလေစွပါတကား။

ဘူတာတစ်ခုထဲသို့ ရထားကဝင်ကာ ရပ်သွားတော့ စိတ်က ဘူတာဝင်းထဲရောက်သွား၏။ ဘူတာဝင်းထဲမှာက ဒီနေ့တစ်နေ့တာ တာဝန်ပြီးဆုံးသည့် ရထားကို ဆေးကြောသန့်ရှင်းရန် အသေးအဖွဲပြုပြင်မည့် အဖွဲ့က စောင့်ကြိုလျက်။ စိတ်ထဲထူးဆန်းလွန်း၍ ထိုဝန်ထမ်းများနားကပ်သွား၏။ ထိုသို့ စာရေးသူကပ်လာသည်ကိုမြင်လျှင် သန့်ရှင်းရေးအဖွဲ့ခေါင်းဆောင်က စာရေးသူစိတ်ကိုသိသည့်အလား ဆီး၍အဖြေပေး၏။ "ဒီရထားတွေကို ဆေးကြောသုတ်သင်သန့်ရှင်းဖို့ လေလံဆွဲရတာလေ။ ချိပ်ပိတ်လေလံမျိုးမဟုတ်ဘူး။ ဌာနက ခေတ်နဲ့လျော်ညီတဲ့ငွေကြေးကို သတ်မှတ်ပေးတယ်။ အဲဒီငွေကြေးကိုလက်ခံနိုင်တဲ့ သန့်ရှင်းရေးကုမ္ပဏီတွေက ကိုယ်ဘယ်လောက်ထိ ဝန်ဆောင်မှုပေးနိုင်တယ်ဆိုပြီး ဝန်ဆောင်မှုအချက်တွေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပိုကောင်းမယ့်ဝန်ဆောင်မှုတွေနဲ့ပြိုင်ပြီး လေလံဆွဲရတာ။ ဒီလိုလေလံအောင်ဖို့ လွယ်တာမဟုတ်ဘူး။ တကယ်လို့ ကိုယ်လုပ်ခွင့်ရပြီဆိုလည်း တာဝန်ကသေးတာမဟုတ်ဘူး။ ကန်ထရိုက်လေလံရဖို့ဆွဲတုန်းက တင်ပြထားတဲ့ဝန်ဆောင်မှုအတိုင်း လုပ်မပေးနိုင်လို့ကတော့ သူတို့ပေးတဲ့ငွေကြေးထက် နှစ်ဆလျော်ရမယ့်အပြင် မလျော်နိုင်ရင် တရားစွဲပြစ်ဒဏ်ချခံရဦးမှာ။ လွယ်တာမဟုတ်ဘူး" ဟုဆို၏။ စာရေးသူစိတ်ထဲက ဒါကိုသိလိုက်ရတော့ "ဟာ ဟုတ်လှချည်လား" ဟု ကောင်းချီးပေးမိသလို အဝေးပြေးယာဉ်ရပ်စခန်းတွေ၊ တက္ကသိုလ်ကျောင်းဝင်းတွေထဲမှာရှိသည့် စားသောက်ဆိုင်တွေကို လေလံကန်ထရိုက်ပေးသည့်အခါ ဒီလိုစည်းမျဉ်းသတ်မှတ်ချက်နှင့်ပေး



ရင်ကောင်းမှာပဲဟု စဉ်းစားမိ၏။

ထိုသို့ ထိုသူနှင့် အင်တာဗျူးလုပ်နေစဉ် တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် မိုးက ဝုန်းဒိုင်းကြဲထရွာတော့ အမြဲတမ်း $H_2O$ ဖုံးလွှမ်းခံရသည့် ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်လမ်းမကြီးတွေဆီ စိတ်ကပျံ့လွင့်သွား၏။ စိတ်ထဲမှာတော့ ခုလောက်ဆို လှိုင်မှာရှိတဲ့ ငါ့အိမ်လေးတော့ ရေနစ်နေပါပြီဟု စိတ်ကမိုးသည်းသည်းမည်းမည်းမှာရှိသည့် ကတ္တရာလမ်းတွေနှင့် သံကွန်ကရစ်ကျောက်မြောင်းတွေဆီသို့ ရောက်သွား၏။ ကတ္တရာလမ်းပေါ်မှာကား ရေကမတင်ဘဲ လမ်းဘေးမြောင်းထဲသို့ စီးကျနေသံက ဂီတသံစဉ်တစ်ခုလို။ စာရေးသူစိတ်ထဲတစ်မျိုးဖြစ်သွား၏။ ငါ့အမြင်တွေပဲ မှားကုန်ပြီလား။ ဘယ်ဘဝဘယ်ကမ္ဘာသို့ ရောက်နေပါလိမ့်ဟု။

လမ်းမပေါ်မှာက ခရီးသွားပြည်သူတွေနှင့် အချိန်ပြည့်တာဝန်ယူထားကြသည့် အလုည့်ကျဝန်ထမ်းများ။ ဝန်ထမ်းများက မိုးရွာထဲမှာပင် သန့်ရှင်းသပ်ရပ်ပြီး ရေစီးရေလာကောင်းမွန်နေသည့် ရေမြောင်းတစ်လျှောက် အခါမလပ်ချို့ယွင်းချက်ကို ရှာဖွေပြင်ဆင်နေကြလျက်။ ထိုအခိုက် ဝန်ထမ်းအကြီးအကဲဟုထင်ရသူတစ်ဦးရောက်လာတာကို တွေ့လိုက်ရ၏။ သို့သော် လမ်းတစ်လျှောက် ခရီးသွားနှင့်သက်ဆိုင်ရာဝန်ထမ်းတွေက အရေးတယူမပြုဘဲ ကိုယ့်အလုပ်ကိုသာ ဂရုတစိုက်ပြုကြနေဆဲ။ ဘယ်လိုကြီးပါလိမ့်ဟုစဉ်းစားမိတော့ စာရေးသူစိတ်ကိုသိ၍ထင်သည်၊ မြောင်းထဲ သစ်ရွက်ခြောက်ကျတာကိုဆယ်နေသည့် ဝန်ထမ်းက "ဒါကျွန်တော်တို့အထက်အရာရှိလေ။ ကျွန်တော်တို့ ကိုယ့်တာဝန်ကိုယ် မကျေပွန်ရင်သာ ကြောက်ရမှာ ဖားရမှာ။ ကိုယ်လုပ်ရမယ့်အလုပ် ကိုယ့်တာဝန်ကိုယ်ကျေပွန်နေသရွေ့ ကိုယ့်လိုပဲ ပြည်သူ့ဝန်ထမ်းချင်းအတူတူ ဘာလို့ အလုပ်ပျက်ခံပြီး ဂရုစိုက်ပြနေစရာလိုလဲ" ဟု။ ထိုသို့သိရတော့ စာရေးဆရာကြီးအီကြာကွေးလက်သုံးစကားလိုပင် "ကောင်းလှောင်တေး ကောင်းလှောင်တေး" ဟု စိတ်ထဲကရေရွတ်မိ၏။

စိတ်ထဲက ထိုသို့ရေရွတ်ရင်း လမ်းမကြီးတစ်လျှောက် စိတ်အလျဉ်ကို လွှင့်ရင်းက လမ်းမကြီးဘေးယာရှိ လူနေရပ်ကွက်များဆီသို့ဝင်ရာ ဝင်းလမ်းတွေ၊ ဆိုင်တွေ၊ အိမ်တွေကို စိတ်ကရောက်သွားတော့ လမ်းတွေက ကိုယ်တစ်ခါရောက်ဖူးသည့် ပုဂ္ဂလိကဂေါက်ကွင်းအိမ်ရာတစ်ခုက လမ်းများလို သစ်လွင်ကောင်းမွန်ခိုင်ခံ့ကာ ရေမြောင်းပလက်ဖောင်းနှင့် (ပလက်ဖောင်းပေါ်မှာ ဘာဈေးသည်မှမရှိသလို ကျူးကျော်ထားကာ လက်ဖက်ရည်ဆိုင်၊ ဈေးဆိုင်ဖွင့်တာလည်းမရှိ) လမ်းဘေးမီးတိုင်နှင့်။ စိတ်ထဲက ဧကန္တတော့ ဒီလမ်းထဲမှာ တစ်ယောက်ယောက်တော့နေပုံရတယ်ဟု တွေးရိုးတွေးစဉ်အတိုင်း တွေးမိလိုက်၏။ စာရေးသူအတွေးကိုသိ၍ထင်သည်။ လမ်းထိန်းသိမ်းရေးလုပ်နေသည့်လူတစ်ဦးက "ဒါ ပြည်သူတွေပိုင်တဲ့လမ်းလေ။ ပြည်သူတွေဆီကရတဲ့အခွန်အခတွေနဲ့ဖောက်ထားတဲ့လမ်း ခင်းထားတဲ့လမ်းပဲ။ ဘယ် NGO တွေ အဖွဲ့အစည်းတွေက နားလှည့်ပါးရိုက် သူတို့ခင်းပေးတယ်ဆိုပြီး ပဏာလုပ်ထားတဲ့လမ်းမှမဟုတ်တာ။ ကိုယ်ပေးရတဲ့ အခွန်အခနဲ့ ခင်းပေးထားတဲ့လမ်း၊ ကိုယ်ပဲဂရုစိုက်ပြီး ချို့ယွင်းချက်မှန်သမျှ သက်ဆိုင်တဲ့အဖွဲ့အစည်းကို ပြင်ခိုင်းရမှာပေါ့။ ဒီလမ်းမှာ ပြည်သူတွေနေတယ်။ ဒီနိုင်ငံသားတွေ နေတယ်။ ဒါထက်အရေးကြီးတဲ့လူနေတဲ့ လမ်းရှိပါဦးမလား" ဟု။ "သြော် ဟုတ်လိုက်လေ ဟုတ်လိုက်လေ" ဟု စာရေးသူစိတ်ထဲ လှိုက်လှိုက်လှဲလှဲထောက်ခံနေရင်း စိတ်ထဲ တသိမ့်သိမ့်ကြည်နူးနေမိ၏။

ထိုအခိုက် ဖုန်းခနဲ ဒိုင်းခနဲ ပေါက်ကွဲသံနှင့် တဒိုင်းဒိုင်း တဒက်ဒက်အသံကြောင့် စာရေးသူ ဖျတ်ခနဲ လန့်နိုးသွား၏။ မှုန်ဝါးဝါးဖြစ်နေသော မျက်စိကို အတင်းဖွင့်ကြည့်လိုက်တော့ ကိုယ့်ရှေ့မှာက ဂျပန်ပြည်တွင်းသုံး ဗို့အား ၁၁၀ သုံး ရုပ်မြင်သံကြားစက်နှင့် နှစ်သောင်းကျော်တန် EVD စက်လေးနဲ့အခွေကြည့်နေရင်း အိပ်ပျော်သွားတာကိုး။ အိမ်ရှေ့လမ်းပေါ်က ကူဘိုတာတပ်ဂွန်ဒေါင်းစက်သံကြောင့် ငါလန့်နိုးသွားရတာပါလားဟု ဖွင့်လက်စဇာတ်ကား 'Red Corner' ကိုကြည့်တော့ ဟယ်ရီဆန်ဖို့ဒ်ရဲ့ နောက်ဆုံးဇာတ်ဝင်ခန်း ရောက်နေလေပြီ။ ထိုတော့မှ ငါရုပ်ရှင်ကြည့်ပြီး အိပ်မက်မက်နေတာပါလားဟု တွေးမိ၏။ စိတ်ထဲက နှမြောလိုက်တာဟုတွေးရင်း သြော် . . . မိုးတွင်းအိပ်မက်လည်း ကယောက်ကယက်ဖြစ်တတ်ပါလားဟု . . . ။

**လမ်းမကြီးတစ်လျှောက် စိတ်အလျဉ်ကိုလွှင့်ရင်းက လမ်းမကြီးဘေးယာရှိလူနေရပ်ကွက်များဆီသို့ဝင်ရာ ဝင်းလမ်းတွေ၊ ဆိုင်တွေ၊ အိမ်တွေကို စိတ်ကရောက်သွားတော့ လမ်းတွေက ကိုယ်တစ်ခါရောက်ဖူးသည့် ပုဂ္ဂလိကဂေါက်ကွင်းအိမ်ရာတစ်ခုကလမ်းများလို သစ်လွင်ကောင်းမွန်ခိုင်ခံ့ကာ ရေမြောင်း ပလက်ဖောင်းနှင့် (ပလက်ဖောင်းပေါ်မှာ ဘာဈေးသည်မှမရှိသလို ကျူးကျော်ထားကာ လက်ဖက်ရည်ဆိုင်၊ ဈေးဆိုင်ဖွင့်တာလည်းမရှိ) လမ်းဘေးမီးတိုင်နှင့်။ စိတ်ထဲက ဧကန္တတော့ ဒီလမ်းထဲမှာ တစ်ယောက်ယောက်တော့နေပုံရတယ်ဟု တွေးရိုးတွေးစဉ်အတိုင်း တွေးမိလိုက်၏။**

**ဂျီအောင်ဘန်း**

www.foreverspace.com.mm

# ကုသိုလ်ရေးရှေ့တစ်လှမ်း

မောင်မောင်တင်

**မြန်မာလူမျိုးဗုဒ္ဓဘာသာများသည် ကုသိုလ်ရေးအလုပ်ကို ရှေ့တန်းတင်လေ့ရှိကြပါသည်။ မြန်မာလူမျိုးဆိုရာတွင် တိုင်းရင်းသားများအားလုံးကို ကိုယ်စားလှယ်ပြုရေးသားခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားများအားလုံးမပါဘဲ မြန်မာ (ဗမာ) လူမျိုးဗုဒ္ဓဘာသာကိုသာရည်ရွယ်သည်ဆိုပါက 'တစ်မူးရလို့တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလား' ဆိုသော ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားကို လျစ်လျူရှုရာကျမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည်လည်း တိုင်းရင်းသားများပင်ဖြစ်ကြောင်း ရေးသားဖော်ပြရပါသည်။**



ကျွန်တော်သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးလည်းဖြစ် မိရိုးဖလာအစဉ်အလာထိန်းသိမ်းမှုကိုရှေးရှုပြီး မိဘများ၏ အစဉ်အလာအတိုင်း ကုသိုလ်ရေးများကို တစ်တပ်တစ်အားလုပ်ခဲ့ပါသည်။ ကျွန်တော်စီးပွားရေးလုပ်ငန်းလုပ်ကိုင်၍ တည်တည်ငြိမ်ငြိမ်ရှိလာသည့်အခါ ကုသိုလ်ရေးကို စဉ်းစားမိပါသည်။ ကုသိုလ်ရေးစဉ်းစားသည်ဆိုရာတွင် ဘုရား၊ ကျောင်း၊ ကန်၊ သံဃာတော်များကို လှူရန်အတွက်သာမက လက်ရှိကိုယ့်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသော ဝန်ထမ်းများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လှမ်းမှ ကူညီပံ့ပိုးပေးရန် စဉ်းစားမိပါသည်။ ဝန်ထမ်းအားလုံးကို သင့်တော်လျောက်ပတ်သည့်လုပ်ခ၊ လစာများပေးထားပြီးသော်လည်း လက်ရှိကုန်ဈေးနှုန်းနှင့်မွန်းကျပ်နေကြပါသည်။ လစာနှင့်မလောက်၍ ပြင်ပတွင် ငွေချေးသုံးကြသည်။ ငွေတစ်ရာ တစ်လလျှင် ၁၀ ကျပ်အတိုးပေးရသည်။ အရေးကြီးလျှင် တစ်လ ၁၅ ကျပ်အတိုးပေးရသည်။ ရရှိသည့်လစာနှင့် လုံးလည်လိုက်၍ နစ်မြုပ်နေကြသည်။

ဤကိစ္စကို ဖြေရှင်းပေးရန်နည်းလမ်းရှာရာ တွေ့ပါသည်။ ဒါရိုက်တာအဖွဲ့ကို တင်ပြဆွေးနွေးပြီး ဝန်ထမ်းသက်သာချောင်ချိမှုရန်ပုံငွေထူထောင်၍ ဝန်ထမ်းတစ်ဦးလျှင် ကျပ် ၆၀၀၀ မှ ကျပ် ၉၀၀၀ အထိ လစဉ်ခံစားခွင့်ပြု၍ ထုတ်ယူသုံးစွဲစေပါသည်။ ဤအစီအစဉ်သည် လောလောဆယ် ပြေလည်သွားသော်လည်း ရေရှည်တွင် ယခင်အတိုင်း ကျပ်မြဲကျပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းလစာသည် လစဉ်တိုးတက်မနေဘဲ ရပ်နေရာ ကုန်ဈေးနှုန်းက ရပ်မနေပါ။ ရပ်နေသောဝန်ထမ်းလစာကို ကျော်ဖြတ်သွားပါသည်။ ကျွန်တော်တို့ နောက်တစ်နည်းစဉ်းစားကြပြန်ပါသည်။ ဝန်ထမ်းအားလုံးကို စည်းရုံး၍ ရန်ပုံငွေတစ်ခုတည်ထောင်ပါသည်။ ဝန်ထမ်းများ၏လစာမှ ၅ ရာခိုင်နှုန်းကို စုဆောင်းစေခြင်း ဖြစ်ပါသည်။ ဝန်ထမ်းအားလုံး၏ တစ်လစုငွေနှင့်ညီမျှသော ငွေကြေးပမာဏကို ကုမ္ပဏီက ထည့်ဝင်ပေးပါသည်။ ဝန်ထမ်းအားလုံး လစာငွေ၏ ၁၀ ရာခိုင်နှုန်းကို စုဆောင်းသည့်သဘောဖြစ်ပါသည်။ နှစ်လသုံးလကြာသောအခါ စုဆောင်းထားသောငွေပမာဏ များလာပါသည်။ ဤအခါ ဝန်ထမ်းများ အရေးပေါ်လိုငွေ (သာရေး နာရေးကိစ္စအဝဝအတွက်)ကို ယင်းငွေထဲမှထုတ်၍ ရှင်းပေးပါသည်။ ဝန်ထမ်းတစ်ဦးသည် တစ်ကြိမ်လျှင် ကျပ်ငွေ ၅၀,၀၀၀ ချေးငှားခွင့်ပေးပါသည်။ ယခင် ချေးငွေပြန်ဆပ်ပြီးသောအခါ

www.foreverspace.com.mm



နောက်ထပ်ချေးခွင့်ပေးပါသည်။ ဤရန်ပုံငွေသည် တစ်လထက်တစ်လ တိုးတက်များပြားလာရာ ဝန်ထမ်းများအတွက် စုဆောင်းထားသောငွေများ ဖြစ်လာပါသည်။ ဝန်ထမ်းတစ်ဦး ၁၀ နှစ်ပြည့်၍ အလုပ်မှ နုတ်ထွက်လိုပါက မိမိစုဆောင်းထားသောငွေနှင့် ကုမ္ပဏီမှပံ့ပိုးငွေနှစ်ရပ်ပေါင်းကို ထုတ်ယူခံစားခွင့် ပေးထားပါသည်။ လုပ်သက် ၁၀ နှစ်မပြည့်မီ အလုပ်မှထွက်ပါက မိမိစုဆောင်းထားသော ငွေ ၅ ရာခိုင်နှုန်းကို ထုတ်ယူခွင့်ပြုပါသည်။ ဤအစီအစဉ်ကို ဝန်ထမ်းများသဘောကျပြီး ချေးကြ ဆပ်ကြနှင့် လစဉ် လဆန်းပိုင်း အလုပ်ရှုပ်နေကြပါသည်။ ဤရန်ပုံငွေကို Provident Fund နောင်ရေးရန်ပုံငွေဟု အမည်တပ်ထားပါသည်။

ဝန်ထမ်းများအတွက် သက်သာချောင်ချိမှု စီစဉ်ပေးပြီးသောအခါ နောက်ထပ် သက်သာချောင်ချိမှုလုပ်ပေးလိုသောစေတနာ ပေါ်ပေါက်ပြန်ပါသည်။ ဘာလုပ်ပေးရင်ကောင်းမလဲ စဉ်းစားနေရင်း တစ်နေ့တွင် သိရိမင်္ဂလာဈေးသို့ ရောက်သွားပါသည်။ ချဉ်ပေါင်ရွက်တစ်စီး ၁၀ ကျပ်၊ ၁၀၀ ကျပ်ဖိုးဝယ်လျှင် ၁၀ စီး၊ ဝန်ထမ်းတစ်ဦး နှစ်စီးပေးလျှင် ကျွန်တော့်တွင် ဝန်ထမ်းတစ်ရာကျော်ရှိသည်။ ဝန်ထမ်းအားလုံးအတွက် အစီး ၂၀၀ ကျော်ဝယ်ရမည်။ သို့သော် ငွေက ၂၀၀၀ ကျော်သာကုန်ကျမည်။ ကျွန်တော် ချဉ်ပေါင်ရွက်အစီး ၂၅၀ ဝယ်၍ ကားနောက်ဖုံးတွင်ထည့်ပြီး ပြန်ခဲ့ပါသည်။ ရုံးရောက်သည့်အခါ ဝန်ထမ်းတစ်ဦးလျှင် ချဉ်ပေါင်နှစ်စီးဝေပေးရာ ပြည့်စုံလုံလောက်၍ ဝန်ထမ်းများဝမ်းသာနေသည်ကိုမြင်တွေ့ရရာ ကျွန်တော် အလွန်ပီတိဖြစ်မိပါသည်။ ဤအစီအစဉ်ကို အပတ်စဉ်လုပ်သွားဖို့ဆုံးဖြတ်ပြီး တနင်္ဂနွေနေ့တိုင်း ဟင်းရွက်ဈေးသို့ သွားနေမိပါသည်။ တစ်ကြိမ်တွင် ချဉ်ပေါင်ရွက်၊ နောက်တစ်ကြိမ်တွင် ပဲသီး၊ နောက်တစ်ကြိမ်တွင် ခရမ်းချဉ်သီး စသည် စသည်ဖြင့် ခွဲဝေလှူဒါန်းပေးခဲ့ရာ တစ်နှစ်ကျော် ၂ နှစ်ခန့်ကြာသောအခါ ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦးက ပါဝင်လှူဒါန်းလိုကြောင်း ပြောလာပါသည်။ သို့ဖြစ်၍ ကျွန်တော်နှင့် ဒါရိုက်တာနှစ်ဦးပူးပေါင်း၍ အပတ်စဉ် ဟင်းရွက်ဝေပေးရာ ဝန်ထမ်းများအတွက် သက်သာချောင်ချိမှု တစ်မျိုးဖန်တီးပေးနိုင်သော ကုသိုလ်ရေးတစ်ခု ဖြစ်လာရပါသည်။

ဤကုသိုလ်ရေးလုပ်ငန်းကြာရှည်လာသောအခါ ကုသိုလ်ရှင်အဖြစ် စေတနာသုံးတန်သည် အလိုအလျောက်ပေါ်ပေါက်လာပါတော့သည်။ စနေ၊ တနင်္ဂနွေနေ့များ မရောက်မီ တစ်ရက်တွင် အလှူရှင်၏စိတ်၌ ဈေးဝယ်ရဦးမည်၊ လှူရဦးမည်၊ ဘာတွေဝယ်၍ ဘယ်လိုဝေပေးရမည်ကို တွေးတောစဉ်းစားနေမိသည့် ပုဗ္ဗစေတနာ၊ ဈေးဝယ်ပြီး၍ ဝန်ထမ်းများ လက်ဝယ်အရောက်ပေးဝေသောအခါ ပေးဝေရပြီး ဝန်ထမ်းများဝမ်းသာနေသည်ကိုမြင်ရသောအခါ မိမိလည်း ဝမ်းသာပီတိဖြစ်ရသော မုဉ္စစေတနာ၊ ဝန်ထမ်းများအား ပေးဝေပြီးသောအခါ 'ငါပေးဝေပြီးပြီ၊ ငါလှူဒါန်းလိုက်ရပြီ' ဟု ပီတိဖြစ်ရသော အပရစေတနာများ ပေါ်လာခြင်းသည် ကုသိုလ်ရှင်၏ရင်တွင်းသို့ ရောက်ရှိလာရပါသည်။ ဤသည် ကုသိုလ်လုပ်သူ၏ မျက်မှောက်အကျိုးပေးများ ဖြစ်ပါသည်၊ ဖော်ပြပါကုသိုလ်ရေးများကို ပြုလုပ်နေစဉ်တွင် ရှေ့တစ်လှမ်းလှမ်းရန်အချိန်ရောက်ရှိလာခဲ့ပါသည်။

ကျွန်တော်ရေးသားဖော်ပြလိုသော 'ကုသိုလ်ရေးရှေ့တစ်လှမ်း' ခေါင်းစီးမှာ လူနာများအတွက်ဆောင်ရွက်ပေးနေသော အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ကျွန်တော်တို့ ဆေးကုသရေးလုပ်ငန်းစတင်ကတည်းက ကုသိုလ်ရေးနှင့်စခဲ့သည့်အကြောင်း ကျွန်တော့်ဆောင်းပါးတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဤကုသိုလ်ရေးလုပ်ငန်းကို စဉ်ဆက်မပြတ်လုပ်နေရာ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်လာသော နာဂစ်မုန်တိုင်းတွင် အထိတ်အထိပ်သို့ ရောက်သွားပါသည်။

**ချဉ်ပေါင်ရွက်တစ်စီး ၁၀ ကျပ်၊ ၁၀၀ ကျပ်ဖိုးဝယ်လျှင် ၁၀ စီး၊ ဝန်ထမ်းတစ်ဦး နှစ်စီးပေးလျှင် ကျွန်တော့်တွင် ဝန်ထမ်းတစ်ရာကျော် ရှိသည်။ ဝန်ထမ်းအားလုံးအတွက် အစီး ၂၀၀ ကျော် ဝယ်ရမည်။ သို့သော် ငွေက ၂၀၀၀ ကျော်သာကုန်ကျမည်။ ကျွန်တော် ချဉ်ပေါင်ရွက်အစီး ၂၅၀ ဝယ်၍ ကားနောက်ဖုံးတွင်ထည့်ပြီး ပြန်ခဲ့ပါသည်။ ရုံးရောက်သည့်အခါ ဝန်ထမ်းတစ်ဦးလျှင် ချဉ်ပေါင်နှစ်စီးဝေပေးရာ ပြည့်စုံလုံလောက်၍ ဝန်ထမ်းများဝမ်းသာနေသည်ကိုမြင်တွေ့ရရာ ကျွန်တော် အလွန်ပီတိဖြစ်မိပါသည်။ ဤအစီအစဉ်ကို အပတ်စဉ်လုပ်သွားဖို့ဆုံးဖြတ်ပြီး တနင်္ဂနွေနေ့တိုင်း ဟင်းရွက်ဈေးသို့ သွားနေမိပါသည်။**

ကုမ္ပဏီဝန်ထမ်းများ၏ နေရေးထိုင်ရေးကိစ္စများ၊ နာမကျန်းကိစ္စများနှင့် နာဂစ်မုန်တိုင်းဒဏ်ခံရသော ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းမှဒုက္ခသည်များမှ အချို့သည် ဆေးရုံသို့ ရောက်လာကြပါသည်။ ကျွန်တော်တို့က ဒုက္ခသည်မှန်းမသိကြပါ။ လူနာကိုယ်တိုင်က ဒုက္ခသည်များဖြစ်ကြောင်း ပြောပြမှသိပါသည်။ လူနာများဆေးကုသခံယူ၍ ကုန်ကျမည့်ငွေကြေး၊ လူနာများဘက်က တတ်နိုင်သည့်ငွေကြေး၊ ဆွေးနွေးစဉ်းစားရင်းမှ လှူဒါန်းရမည့်ငွေကြေးပမာဏကို သိရပါတော့သည်။ ဒုက္ခသည်များအားလှူဒါန်းခဲ့သောငွေကြေးပမာဏ သိန်း ၂၀ ကျော်ဖြစ်

www.foreverspace.com.mm

သော်လည်း တစ်နှစ်လုံး ဆေးကုသစရိတ် အလှူငွေမှာ သိန်းပေါင်း ၂၀၀ ခန့်ရှိပါသည်။

ကျွန်တော်တို့ဆေးခန်းမှ ပါမောက္ခဆရာဝန်ကြီးများ လေဘေးဒုက္ခသည်များထံ ဆေးကုသရေးထွက်ရာတွင်လည်း ဆေးကုသမှုခံယူလိုသည့်လေဘေးဒုက္ခသည်များ ပါဝင်လာရာ ဆရာဝန်ကြီးများ၏ ကုသမှုအလှူနှင့်ဆေးကုခန်းမှ ပံ့ပိုးမှုအလှူများ ပေးခဲ့ရပါသည်။ ကျွန်တော်တို့တွင် ဆေးကုသရေးအတွက် သီးသန့်တည်ထောင်ထားသော အလှူငွေကို ဆရာဝန်ကြီးများ



တတ်ကျွမ်းမှုကုသရေးအလှူနှင့်ပူးပေါင်းလိုက်သောအခါ ရောဂါပျောက်ကင်း၍ စိတ်ချမ်းသာစွာဖြင့် ဆေးရုံမှဆင်းသွားသော ထိုလေဘေးဒုက္ခသည်လူနာများကို တွေ့မြင်ရပါတော့သည်။ ပါမောက္ခဆရာဝန်ကြီးများ လေဘေးပြန်လည်ထူထောင်ရေးကို ဆက်လက်ဆောင်ရွက်နေရာ ကျွန်တော့်ဘက်မှ တတ်နိုင်သောကုသိုလ်ဒါနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။

တစ်ရက်သောညနေခင်းတွင် ကျွန်တော့်ဆေးကုခန်းမှ ပါမောက္ခဆရာဝန်ကြီး ကျွန်တော့်ထံရောက်လာပါသည်။ "ကိုမောင်မောင်တင်ရေ ဝမ်းသာစရာသတင်းထူး ပြောရဦးမယ်"၊ "ပြောပါဦးဆရာ" ကျွန်တော်က ပြန်ပြောလိုက်ရာ ပါမောက္ခဆရာဝန်ကြီးက "ဒီလိုဗျ ကျွန်တော်တို့ နာဂစ်ဆေးကုသရေးအဖွဲ့တွေထဲမှာ အသည်းအထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာခင်မောင်ဝင်း ပါတယ်။ သူက သူ့လူနာတွေကို ရန်ကုန်ခေါ်ပြီး ဆေးကုချင်တယ်။ အဲဒါ ကျွန်တော်တို့လုပ်နေတဲ့ဆေးကုသရေးလုပ်ငန်းမှာ ပါချင်တယ်။ သူကလည်း ရန်ပုံငွေလှူမယ်တဲ့"။ ပါမောက္ခဆရာဝန်ကြီးပေးသော ဝမ်းမြောက်ဖွယ်သတင်းကို ဒါရိုက်တာအဖွဲ့နှင့်ကျွန်တော်က အသေးစိတ်ဆွေးနွေးကြပြီး ကျွန်တော်တို့၏ ကုသိုလ်ရေးဆေးကုသမှုကို ရှေ့တစ်လှမ်းတိုးရန် ဆုံးဖြတ်လိုက်ကြပါသည်။

ကျွန်တော့်ဆေးကုခန်းမှ ပါမောက္ခဆရာဝန်ကြီးများနှင့် ကျွန်တော်တို့တွဲဖက်လုပ်နေသော လေဘေးဒုက္ခသည်များကူညီရေးအလှူကို အသည်းအထူးကုဆရာဝန်ကြီးပါမောက္ခဒေါက်တာခင်မောင်ဝင်းပါပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်လိုက်ပါသည်။ ပါမောက္ခဆရာဝန်ကြီးဦးခင်မောင်ဝင်းအား တစ်ပတ်လျှင်တစ်ကြိမ် ဆေးခန်းထိုင်ပေးရန်၊ ဆေးခန်းထိုင်၍ ရရှိလာသောငွေများကို အလှူငွေအဖြစ် သီးခြားစာရင်းဖွင့်လှစ်ထားရန်၊ နာဂစ်မုန်တိုင်း ဒုက္ခသည်များမှ ဆေးကုသခံယူသူများ၏ ကုန်ကျ

www.foreverspace.com.mm



စရိတ်ကို အလှူငွေထဲမှ သုံးစွဲသွားရန် စီစဉ်လိုက်ပါသည်။

၂၀၀၉ ခုနှစ် ဇွန်လ ၁၉ ရက် သောကြာနေ့နံနက် ၈ နာရီတွင်အသည်းအထူးကုဆရာဝန်ကြီးပါမောက္ခဦးခင်မောင်ဝင်းအားကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနားကို ကျွန်တော်တို့ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်ပါသည်။ ကျွန်တော်က ပါမောက္ခဆရာဝန်ကြီးဦးခင်မောင်ဝင်းအား ကြိုဆိုနှုတ်ဆက်စကားပြောပြီး ဆရာဝန်ကြီးဦးခင်မောင်ဝင်းက သူ၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပါသည်။ ဆရာဝန်ကြီးက တစ်ပတ်လျှင်တစ်ကြိမ် ဆေးခန်းထိုင်သွားမည်ဖြစ်ကြောင်း၊ ဆေးခန်းထိုင်၍ ရလာသောငွေကြေးအား သီရိစန္ဒာကုမ္ပဏီကို ပေးအပ်မည်ဖြစ်ကြောင်း၊ ၎င်း၏လူနာများ လာရောက်ဆေးကုသသည့်အခါ အဆိုပါငွေမှ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ အသည်းအထူးကုဆရာဝန်ကြီးပါမောက္ခဦးခင်မောင်ဝင်းရှေ့တွင် ဆောင်ရွက်သွားမည့် ဆေးကုသရေးလုပ်ငန်းများကိုရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသော ဆေးရုံဝန်ထမ်းများ၊ ဧည့်သည်တော်များ၊ ဆေးကုမ္ပဏီများက အလှူငွေများ ပါဝင်လှူဒါန်းကြရာ အလှူငွေကျပ် ၁၇ သိန်းငါးသောင်းကျပ်တိတိ ရရှိပါသည်။

၎င်းအလှူငွေများကို ကုမ္ပဏီတွင် 'Professor U Khin Mg Win A/C' 'အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဦးခင်မောင်ဝင်းစာရင်း' ဟု ခေါင်းစဉ်တပ်၍ စာရင်းတစ်ခု ဖွင့်ထားလိုက်ပါသည်။ ဆရာဦးခင်မောင်ဝင်း အပတ်စဉ်လှူဒါန်းသောငွေများကို သူ့စာရင်းတွင်အဝင်ပြ၍ ဆရာဦးခင်မောင်ဝင်း၏ လူနာများ ဆေးရုံတက်ရောက်ကုသည့် ကုန်ကျစရိတ်များကို ဆရာဦးခင်မောင်ဝင်းစာရင်းမှ အထွက်ပြသွားရန်ဖြစ်ပါသည်။ သီရိစန္ဒာကုမ္ပဏီလီမိတက်ဒါရိုက်တာအဖွဲ့သည် ပါမောက္ခဦးခင်မောင်ဝင်း၊ ပါမောက္ခ ဦးဝင်းမြင့်၊ ပါမောက္ခဒေါ်ခင်သိန်းဦးတို့နှင့်ပတ်သက်၍ တက်ရောက်လာသော ဒုက္ခသည်လူနာများကို ကူညီပံ့ပိုးသွားရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ နောင်တွင်ပိုက်ဆံမရှိ၍ ဆေးမကုရသောပါမောက္ခဆရာဝန်ကြီးများ၏ လူနာများရှိတော့မည်မဟုတ်ပါ။

ပါမောက္ခဆရာဦးခင်မောင်ဝင်းပါဝင်ကူညီလာသော ကုသိုလ်ရေးဆေးကုသမှုအတွက် သီရိစန္ဒာဒါရိုက်တာအဖွဲ့သည် ပံ့ပိုးကူညီသွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။ လေဘေးဒုက္ခရောက်ရှိခဲ့သောမြို့နယ်များမှလူနာများကို ပါမောက္ခဆရာဝန်ကြီးများကြည့်ရှုပြီး ဆေးရုံတင်ပေးသည့်အခါ သီရိစန္ဒာဆေးကုခန်းမှ ဆေးရုံအုပ်ဆရာဝန်ကြီးနှင့် ဆရာဝန်များ သီးခြားပြုစုကုသ၍ စာရင်းဇယားများ စနစ်တကျမှတ်တမ်းပြုထားရန် ညွှန်ကြားရပါသည်။ ၎င်းသို့စီစဉ်ရခြင်းမှာ ငွေကြေးများမလေမလွင့် စနစ်တကျသုံးစွဲမှုရှိ မရှိသိရှိရန်နှင့် နောင်ကာလရှည်ကြာအောင် ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

၎င်းကဲ့သို့ ဆေးကုသရေးလုပ်ငန်းတွင် ဆရာဝန်ကြီးများ၊ ဆေးရုံ၊ ဆေးခန်း၊ ကုမ္ပဏီများပူးပေါင်း၍ ကုသိုလ်ရေးဆောင်ရွက်ခြင်းမှာ ပထမဦးဆုံးဆောင်ရွက်သောဆောင်ရွက်ချက်ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ အခြားကုသိုလ်ဖြစ်ဆေးကုသပေးနေသောအဖွဲ့အစည်းများရှိသော်လည်း လေဘေးပြန်လည်ထူထောင်ရေးတွင် ဆေးကုသရေး၊ ဆေးရုံတင်၍ ခွဲစိတ်ကုသပေးရေးများကို လုပ်ပေးနိုင်သောအဖွဲ့မှာ ၎င်းအဖွဲ့သည် ပထမဆုံး ဖြစ်ပါလိမ့်မည်။

ကျွန်တော် ၎င်းဆောင်းပါးကို ရေးသားဖော်ပြရခြင်းမှာ ကိုယ်ရည်သွေးလိုသောဆန္ဒ လုံးဝပါဝင်ခြင်းမရှိပါ။ ယခင်က ရေးသားခဲ့သောဆောင်းပါးများတွင် အထူးကုဆရာဝန်ကြီးအချို့ 'လောဘ' နောက်လိုက်နေသည့်အကြောင်း ရေးသားဖော်ပြခဲ့သလို အချို့သောဆရာဝန်ကြီးများ လူနာများ ရောဂါဘယ်လိုပျောက်အောင်ကုသ

**၎င်းကဲ့သို့ ဆေးကုသရေးလုပ်ငန်းတွင် ဆရာဝန်ကြီးများ၊ ဆေးရုံ၊ ဆေးခန်း၊ ကုမ္ပဏီများပူးပေါင်း၍ ကုသိုလ်ရေးဆောင်ရွက်ခြင်းမှာ ပထမဦးဆုံးဆောင်ရွက်သော ဆောင်ရွက်ချက်ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ အခြားကုသိုလ်ဖြစ်ဆေးကုသပေးနေသောအဖွဲ့အစည်းများရှိသော်လည်း လေဘေးပြန်လည်ထူထောင်ရေးတွင် ဆေးကုသရေး၊ ဆေးရုံတင်၍ ခွဲစိတ်ကုသပေးရေးများကိုလုပ်ပေးနိုင်သောအဖွဲ့မှာ ၎င်းအဖွဲ့သည် ပထမဆုံးဖြစ်ပါလိမ့်မည်။**

ပေးရမည်၊ ငွေကြေးဘယ်လိုသက်သာအောင်ကူညီပေးရမည်ဆိုသည်ကို စဉ်းစားကူညီနေကြသည်ကို ရေးသားဖော်ပြခဲ့ပြီးပါပြီ။ ယခုအခါ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ စေတနာသည် မျက်မှောက်တွင် အကျိုးပေးလာသည်ဟု ပြော၍ရပါမည်။ ကျွန်တော်တို့ဒါရိုက်တာအဖွဲ့ကုသိုလ်ရေးလုပ်နေသည်ကို ပါမောက္ခဆရာဝန်ကြီးများ လာရောက်ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် လူနာများအတွက်၊ ဆေးကုခန်းအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းတိုးတက်မှုတစ်ခုရလာသည်ဟု ဆိုရပါမည်။ ကျွန်တော်တို့ကဲ့သို့ စေတနာရှိသူများ စုပေါင်း၍ မရှိဆင်းရဲသူများ ဆေးဝါးကုသနိုင်အောင် (ခွဲစိတ်ကုသမှုခံယူနိုင်အောင်) ကုသိုလ်ပြုကြမည်ဆိုလျှင် အားလုံးကသာခုခေါ်ကြမည် ဖြစ်ပါသည်။

**မောင်မောင်တင်**

**၂၀-၇-၂၀၀၉**

www.foreverspace.com.mm

# သဘောထားကြီးပါ


မြသန်းသန်းနု

**ကျွန်မတို့ နယူးဒေလီမြို့ကနေ ရန်ကုန်ပြောင်းမလာခင် ၂၀၀၁ ခု နှစ်ဆန်းလောက်ကစပြီး ဒေလီမြို့အရှေ့ပိုင်းကို အလုပ်ကိစ္စကြောင့်ဖြစ်ဖြစ်၊ အလည်အပတ်ဖြစ်ဖြစ်သွားတဲ့အခါ လမ်းမှာ ဧရာမအဆောက်အအုံကြီးတစ်ခုဆောက်နေတာ တွေ့ရပါတယ်။**

အဲဒီနေရာက နွိုင်ဒါ (NOIDA) လို့ခေါ်တဲ့ တိုးချဲ့ရပ်ကွက်ကိုသွားတဲ့ နွိုင်ဒါလမ်းမကြီးရဲ့ လမ်းကွေ့တစ်နေရာ ယမုံနာမြစ်ကမ်းနံဘေးမှာတည်ရှိပါတယ်။ NOIDA ဆိုတာ New Okhla Industrial Development Area ရဲ့အတိုကောက်ဖြစ်ပါတယ်။ စက်မှုဇုန်ရပ်ကွက်သစ်ကြီးဖြစ်ပေမယ့် အိမ်ကြီးအိမ်ကောင်းတွေ၊ နိုင်ငံတကာအဆင့်မီစာသင်ကျောင်းကြီးတွေ၊ အဆင့်မြင့်နည်းပညာတွေနဲ့ ကုသပေးနေတဲ့ဆေးရုံကြီးတွေနဲ့ ခေတ်နဲ့အညီ ပြောင်းလဲတိုးတက်နေတဲ့ ဧရာမရပ်ကွက်ကြီး ဖြစ်ပါတယ်။ သီးခြား စီးပွားရေးမြို့လေးတစ်မြို့လိုပဲ စည်ကားလှပါတယ်။

အဲဒီဧရာမအဆောက်အအုံကြီးဆောက်လုပ်နေတဲ့နေရာကို ဖြတ်သွားတိုင်း အဲဒီနေရာကို စိတ်ဝင်စားမိပါတယ်။ ဒေလီမြို့မှာ အဆောက်အအုံကြီးတွေဆောက်လုပ်နေတာ မထူးဆန်းပါ။ ဘယ်နေရာမှာဖြစ်ဖြစ် ဖုန်တထောင်းထောင်းနဲ့ အလုပ်သမားကျား မ ကြီးကြီးငယ်ငယ် ဘု စု ခရုပါမကျန် အလုပ်လုပ်နေတာ တွေ့ရပါတယ်။ အခု ဧရာမအဆောက်အအုံကြီးမှာတော့ အလုပ်သမားတွေ စနစ်တကျလှုပ်ရှားနေတာတွေ့ရလို့ စိတ်ဝင်စားမိတာလည်း ဖြစ်နိုင်ပါတယ်။ “ဘာအဆောက်အအုံကြီးလဲ” လို့ မိတ်ဆွေတွေကို မေးကြည့်တော့ “ဆွာမိနရယန်းအတ်က်ရှာဒမ်ဝတ်ပြုကျောင်းဆောက်နေတာပါ။ ဂူဂျရတ်ပြည်နယ်က အတ်က်ရှာဒမ်ကျောင်းတော်ပုံစံအတိုင်း ဆောက်နေတာပါ” လို့ ပြောကြပါတယ်။

ဂူဂျရတ်ပြည်နယ် ဂန္ဒီနဂါးမြို့က ဆွာမိနရယန်းအတ်က်ရှာဒမ် (Swami-Narayan Akshar Dham) ကို မရောက်ဖူးလို့ ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ မသိပေမယ့် ဒေလီမြို့က ဧက ၁၀၀ မြေအကျယ်အဝန်းပေါ်မှာ ဆောက်လုပ်နေတဲ့ ကျောင်းတော်ကြီးကတော့ အကြီးကျယ်ဆုံးလို့ ဆိုကြပါတယ်။ ဆွာမိနရယန်း



www.foreverspace.com.mm



အတ်က်ရှာဒမ်ဆိုတာ သူတော်စင်ဆွာမိနရယန်းရဲ့ ထာဝရဝတ်ကျောင်းလို့ အဓိပ္ပာယ်ရပါတယ်။ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့က အုတ်မြစ်ချ ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ အဓိကကျောင်းတော် အဆောက်အအုံကြီးအပြင် ဝိုင်းရံထားတဲ့အဆောက်အအုံတွေလည်း တွေ့ခဲ့ရပါတယ်။ ဒီလိုနဲ့သွားရင်းလာရင်း အဲဒီကျောင်းတော်နေရာကိုဖြတ်သွားတိုင်း 'ဘယ်တော့မှ ပြီးမှာပါလိမ့်' ဆိုတဲ့အတွေးဝင်ခဲ့ပါတယ်။ ကျွန်မတို့လည်း ၂၀၀၃ ခုနှစ် ဇွန်လနောက်ဆုံးပတ်မှာ ဒေလီမြို့ကနေ ကိုယ့်ပြည်ကိုယ့် မြေထွက်ခွာခဲ့ကြပါတယ်။

ဒေလီမှာမြင်တွေ့ခဲ့ရတဲ့ ဆောက်လက်စဝတ်ကျောင်းကြီးကို မေ့သလိုရှိသွားပါတယ်။ နှစ်ပေါင်း ၃၀ ကျော် ကွဲကွာနေတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ တွေ့ရ ဆုံရစားဝတ်နေရေးအတွက်စဉ်းစားရန်နဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ကုန်လွန်ခဲ့ရပါတယ်။ ၂၀၀၅ ခုနှစ်ကုန်ပိုင်းအရောက် တစ်ညမှာ ရုပ်သံလွှင့် နိုင်ငံတကာသတင်းကြည့်နေတုန်း ကြီးကျယ်ခမ်းနားလှတဲ့ ဗျေမအဆောက်အအုံကြီးတစ်ခု ပေါ်လာပါတယ်။ ခမ်းနားကြီးကျယ်ပုံကြည့်နေရတာနဲ့ သတင်းပြောသွားတာ မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေပါတယ်။ သေသေချာချာ စူးစူးစိုက်စိုက်နားထောင်ကြည့်မှ ကျွန်မအင်မတန်မှစိတ်ဝင်စားခဲ့တဲ့ နယူးဒေလီမြို့က အတ်က်ရှာဒမ် ကျောင်းတော်ကြီးဖွင့်ပွဲ အခမ်းအနားဖြစ်တယ်ဆိုတာ သိရပါတယ်။ အိန္ဒိယရုပ်သံလွှင့်လိုင်းတစ်ခုက ပြသနေတာဖြစ်ပါတယ်။ အဲဒီနေ့က ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ဖြစ်ပါတယ်။ ဘယ်နေ့ဘယ်ရက်ဖြစ်တယ်ဆိုတာ ကျွန်မအတွက် အရေးမကြီးသလို တခြားသူတွေအတွက်လည်း အရေးပါတဲ့ကိစ္စမဟုတ်ပါ။ ဒါပေမဲ့ Akshardham ကျောင်းတော်ဖြစ်မြောက်ရေးဂေါပကအဖွဲ့အတွက်ကတော့ အင်မတန်မှ အရေးကြီးလှပါတယ်။

၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့က အုတ်မြစ်ချခဲ့တဲ့ Akshardham ကျောင်းတော်ကြီးကို ငါးနှစ်အကြာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဟာ ထူးဆန်းအံ့ဩဖွယ်ဖြစ်ပါတယ်။ ကျွန်မတို့ဆီမှာ အဲဒီလိုခမ်းနားထည်ဝါတဲ့ဝတ်ပြုကျောင်းကြီးမျိုးကို ငါးနှစ်တာဆိုတဲ့ အချိန်တိုကာလအတွင်း အပြီးအစီးဆောက်လုပ်နိုင်တယ်ဆိုရင် သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတွေ ကူညီဆောက်လုပ်ပေးတာပဲလို့ သေချာပေါက်ပြောကြမှာဖြစ်ပါတယ်။ အိန္ဒိယနာမည်ကျော် ဗိသုကာတွေကတောင် ဒီလိုထည်ဝါပြီး အနုပညာမြောက်လှတဲ့အဆောက်အအုံကြီးကို ငါးနှစ်အတွင်းဆောက်လုပ်ပြီးစီးခဲ့တာ မယုံနိုင်စရာပါပဲလို့ ချီးကျူးကြရပါတယ်။

နိုင်ငံတကာမှာ ကျော်ကြားတဲ့ ဗိသုကာပညာရှင်ကြီး Satish Gujaral က "ဒီလိုခမ်းနားပြီး ပညာသားပါလှတဲ့ အဆောက်အအုံကြီးမျိုး ဆောက်လုပ်ပြီးစီးဖို့ နှစ်ပေါင်း ၅၀ အချိန်ယူရမယ့်ကိစ္စမျိုးပါ။ အခုတော့ ထူးခြားလွန်းပါတယ်" လို့ ချီးကျူးခဲ့ရပါတယ်။ ကျောင်းတော်ကြီးကို အများပြည်သူလာရောက်လေ့လာဝတ်ပြုနိုင်ဖို့ ဖွင့်လှစ်ပေးခဲ့သူ အိန္ဒိယနိုင်ငံ သမ္မတကြီး DR.A.P.J. Abdul Kalam ဟာ မွတ်ဆလင်လူမျိုးဖြစ်ပါတယ်။ ဝန်ကြီးချုပ် DR. Manmohan Singh က ဆစ်ခ်မျိုးနွယ် ဖြစ်ပြီး အဲဒီနေ့က သမ္မတ၊ ဝန်ကြီးချုပ်တို့နဲ့ အတူ စင်မြင့်ပေါ်မှာ အထူးဖိတ်ကြားခြင်းခံရတဲ့ ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ရသူက ပါလီမန်လွှတ်တော်မှာ အတိုက်အခံခေါင်းဆောင်အပြင် အစွန်းရောက် ဟိန္ဒူခေါင်းဆောင်လည်းဖြစ်တဲ့ SHR.L.K. ADVANI ဖြစ်တာကြောင့် အိန္ဒိယနိုင်ငံကြီးမှာ လူမျိုးဘာသာ ဒေသ သဘာဝအနေအထားသွင်ပြင်လက္ခဏာ ကွဲပြားခြားနားမှုလွန်ကဲတဲ့ကြားက ရင့်ကျက်တဲ့ယဉ်ကျေးမှုနဲ့ စည်းလုံးညီညွတ်မှုရှိကြောင်း Akshardham ဝတ်ကျောင်းတော်ဖွင့်ပွဲနေ့မှာ သက်သေထူလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်မတို့ အိန္ဒိယနိုင်ငံက ပြန်ရောက်ပြီး ၂၀၀၆ ခုနှစ်ကုန်ပိုင်းမှာ အင်မတန်မှ

**ကျွန်မတို့ဆီမှာ အဲဒီလိုခမ်းနားထည်ဝါတဲ့ဝတ်ပြုကျောင်းကြီးမျိုးကို ငါးနှစ်တာဆိုတဲ့ အချိန်တိုကာလအတွင်း အပြီးအစီးဆောက်လုပ်နိုင်တယ်ဆိုရင် သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတွေ ကူညီဆောက်လုပ်ပေးတာပဲလို့ သေချာပေါက်ပြောကြမှာ ဖြစ်ပါတယ်။ အိန္ဒိယနာမည်ကျော်ဗိသုကာတွေကတောင် ဒီလိုထည်ဝါပြီး အနုပညာမြောက်လှတဲ့ အဆောက်အအုံကြီးကို ငါးနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့တာ မယုံနိုင်စရာပါပဲလို့ ချီးကျူးကြရပါတယ်။**

ရင်းနှီးတဲ့ မိသားစုတစ်စုရဲ့ ထိမ်းမြားလက်ထပ်ပွဲတက်ဖို့ နယူးဒေလီရောက်သွားပါတယ်။ လက်ထပ်ပွဲအခမ်းအနားပြီးတာနဲ့ ကျွန်မ နယူးဒေလီမြို့မှာ အသွားချင်ဆုံးနေရာကိုသွားခဲ့ပါတယ်။ အဲဒါကတော့ Akshardham ဝတ်ကျောင်းကြီးပါ။ ဒီကျောင်းတော်ကြီးကို အခုတည်ထားတဲ့ ယမုံနာမြစ်ကမ်းဘေးမှာ တည်ဆောက်လိုတဲ့ဆန္ဒရှိကြောင်း သူတော်စင်ကြီး ဆွာမိနရယန်းရဲ့တပည့်ရင်း ဗြဟ္မဆွာရုပ်ရိုဂီကြီးမဟာရာဂျ် (Brahmas Warup Yogiji Maharaj) က ၁၉၆၈ ခုနှစ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက အစိုးရဆီက မြေနေရာရရှိဖို့ ကြိုးစားခဲ့ပေမယ့် အစိုးရအဆက်ဆက်ပြောင်းပြီး နောက်ဆုံး ရိုဂီကြီးမဟာရာဂျ် ကွယ်လွန်သွားချိန်အထိ ခွင့်ပြုချက်မရရှိခဲ့ပါဘူး။ အိန္ဒိယနိုင်ငံမှာ ကိုးကွယ်တဲ့ဘာသာအမျိုးစုံလှတာကြောင့် ဘာသာရေးနဲ့ပတ်သက်ပြီး မြေနေရာပေးဖို့ကိုလည်း တစ်ဖက်စောင်းနင်းမဖြစ်အောင် အစိုးရက အချိန်ယူ

www.foreverspace.com.mm

စဉ်းစားရပါတယ်။

ရိုဂိကြီးမဟာရာဂျ် ကွယ်လွန်ပြီး ဆက်ခံသူလက်ရှိ Akshardham ဝတ်ကျောင်းဘာသာရေးခေါင်းဆောင် ပရာမွတ်ခဆွာမိမဟာရာဂျ် (Pramukh Swami Maharaj) က မလျှော့သော ဇွဲလုံ့လနဲ့ မရမနေကြိုးစားခဲ့တာကြောင့် ၃၂ နှစ်အကြာ ၂၀၀၀ ပြည့်နှစ်မှာ စိတ်ကြိုက်မြေနေရာ ရရှိခဲ့ပါတယ်။ ဒီကာလအတွင်း အဘက်ဘက်က စနစ်တကျအစီအစဉ်ရေးဆွဲ ပြင်ဆင်ထားပုံရပါတယ်။ ကျောင်းတော်ကြီးကို ဒေလီမြို့အနောက်တောင်ယွန်းယွန်း ရာဂျာစသန်ပြည်နယ်ရဲ့ နာမည်ကျော် ပန်းရောင် အရောင်အသွေးရှိတဲ့ သဲကျောက်တုံးကြီးတွေရယ်၊ အဖြူရောင် စကျင်ကျောက်ရယ် အသုံးပြုတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ကျောက်တုံးလိုက် ဒေလီမြို့ကို သယ်ဆောင်မလာဘဲ ကျောက်တူးတဲ့နေရာတစ်ဝိုက်နဲ့ အနီးအနားက တခြားကျေးလက်ပန်းပုအလုပ်ရုံ ၂၄ ခုတို့မှာ လိုရာပုံ



ဖော်ထုလုပ်ပြီးမှ ဒေလီမြို့ကျောင်းတော်တည်ဆောက်မယ့်နေရာမှာ ပန်းပုရုပ်တုတစ်ခုချင်းကို 'ပဟေဠိဉာဏ်စမ်းရုပ်ပုံကားဆက်စပ်ကစားနည်း' (Jigsaw Puzzle) လိုဆက်စပ်ယူခဲ့တာ ဖြစ်ပါတယ်။

ပင်တိုင်အလုပ်သမား ၇,၀၀၀ အပြင် ဟိန္ဒူဆာဒူး (ဘုန်းကြီး) တွေ စေတနာ့ဝန်ထမ်းပညာရှင်နဲ့ ကျွမ်းကျင်တဲ့လက်မှုပညာရှင် ၄,၀၀၀၊ စုစုပေါင်း လူပေါင်း ၁၁,၀၀၀ တို့ရဲ့ ခိုင်မြဲတဲ့သန္နိဋ္ဌာန်နဲ့ ကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုတဲ့အားဖြင့် ပြခန်း ခန်းမတစ်ခုထဲမှာ ရောမကျောက်တုံးကြီးတစ်တုံး ပြသထားပါတယ်။ အမှောင်ထုထဲကနေ အဲဒီကျောက်တုံးကြီးပေါ်လာပြီး စည်းလုံးညီညွတ်မယ်ဆိုရင် ဒီသက်မဲ့ကျောက်တုံးသော်မှ သက်ဝင်လှုပ်ရှားလာသယောင် ပုံစံဖော်ပေးနိုင်တယ်ဆိုတဲ့အချက်ကို နောက်ခံစကားပြောနဲ့ မီးမောင်းထိုးဖော်ပြရင်း ကျောင်းတော်ဆောက်လုပ်ရာမှာ ပါဝင်တဲ့ ပညာရှင်များ၊ အလုပ်သမားများနဲ့ လက်မှုပညာသည်အားလုံးကို ချီးကျူးမှတ်တမ်းတင်ထားတာလည်း တွေ့ရပါတယ်။

အဓိကဝတ်ကျောင်းကြီးဟာ ၁၄၁ ပေမြင့်ပြီး ၃၁၆ ပေကျယ်ပါတယ်။ အလျား ၃၅၆ ပေရှည်ပါတယ်။ အဲဒီကျောင်းတော်ကြီးမှာ ပန်းပုဆရာတွေရဲ့ အံ့သြငေးမောယူရလောက်အောင် လက်ရာမြောက်လှတဲ့ ပန်းပုရုပ်လုံးကြွတွေနဲ့ ပုံဖော်ထားတဲ့ ကျောက်တိုင်ကြီး ၂၃၄ တိုင်ထောက်မထားပါတယ်။ ကြီးကျယ်ခမ်းနားထည်ဝါတဲ့ လိပ်ခုံးပုံသဏ္ဌာန်အမိုးကိုးခု၊ အထွတ်ပြာသာဒ်ပေါင်း ၂၀၊ အနုစိတ် ခမ်းခမ်းနားနား ထုလုပ်ထားတဲ့ပန်းပုရုပ်တုနှစ်သောင်း ဝန်းရံတည်ဆောက်ထားတဲ့ ဝတ်ကျောင်းကြီးဖြစ်ပါတယ်။ အဲဒီကျောင်းတော်ကြီး အလယ်ဗဟိုမှာ ၁၁ ပေအမြင့်ရှိတဲ့ သတ္တုငါးမျိုး ရောပြွန်းထုလုပ်ပြီး ရွှေချထားတဲ့ သူတော်စင် ဆွာမိနရယန်းပုံတူ ရှိပါတယ်။ ပတ်ပတ်လည်မှာ ရေကန်ကြီးတွေတူးထားပြီး ၂ ဒသမ ၂ ကီလိုမီတာရှည်လျားတဲ့ နှစ်ဆင့်ပြာသာဒ်ပုံစံတံတိုင်းကြီး ဝန်းရံ

**လူပေါင်း ၁၁,၀၀၀ တို့ရဲ့ ခိုင်မြဲတဲ့သန္နိဋ္ဌာန်နဲ့ ကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုတဲ့အားဖြင့် ပြခန်း ခန်းမတစ်ခုထဲမှာ ရောမကျောက်တုံးကြီးတစ်တုံး ပြသထားပါတယ်။ အမှောင်ထုထဲကနေ အဲဒီကျောက်တုံးကြီးပေါ်လာပြီး စည်းလုံးညီညွတ်မယ်ဆိုရင် ဒီ သက်မဲ့ကျောက်တုံးသော်မှ သက်ဝင်လှုပ်ရှားလာသယောင် ပုံစံဖော်ပေးနိုင်တယ်ဆိုတဲ့အချက်ကို နောက်ခံစကားပြောနဲ့ မီးမောင်းထိုးဖော်ပြရင်း ကျောင်းတော်ဆောက်လုပ်ရာမှာပါဝင်တဲ့ ပညာရှင်များ၊ အလုပ်သမားများနဲ့ လက်မှုပညာသည်အားလုံးကို ချီးကျူးမှတ်တမ်းတင်ထားတာလည်း တွေ့ရပါတယ်။**

ထားပါတယ်။ တခြားအဆောက်အအုံတွေအနေနဲ့ ပြခန်းမကြီးနှစ်ခု၊ ရောမရုပ်ရှင်ပြခန်းကြီးတစ်ခု၊ စာအုပ်နဲ့ အမှတ်တရပစ္စည်းအရောင်းပြခန်း၊ အစားအသောက်မျိုးစုံဝယ်ယူစားသောက်နိုင်တဲ့ခန်းမကြီးတွေအပြင် မုခ်ဦးတံခါးပေါက်ကြီးတွေကိုလည်း ရင်သပ်ရှုမောဖွယ် ခမ်းခမ်းနားနား စနစ်တကျ တည်ဆောက်ထားပါတယ်။ ရုပ်ရှင်ပြခန်းကြီးရှေ့မှာ သူတော်စင် ဆွာမိနရယန်းငယ်စဉ်အရွယ် ခရီးလှည့်လည်နေပုံသရုပ်ဖော်အဖြစ် ၂၇ ပေမြင့်တဲ့ ကြေးရုပ်ကြီးရှိပါတယ်။ ဆွာမိနရယန်းရဲ့ ငယ်နာမည်က နီးလ်ကန့်ဗာရ်နီ (Neelkan-Thvarni) ဖြစ်ပါတယ်။ နီးလ်ကန့်ဟာ အသက် ၁၁ နှစ်အရွယ်ကတည်းက တရားဓမ္မရှာဖွေဖို့ အိမ်ကထွက်ခွာခဲ့ပြီး အိန္ဒိယနိုင်ငံ

www.foreverspace.com.mm



အနံ့ မြောက်ဘက် ဟိမဝန္တာတောင်တန်းတွေကနေ တောင်ဘက်စွန်း ကန်ယာကူမာရီ (Kanyakumari) ကမ်းခြေထိ ကီလိုမီတာ ၁၂,၀၀၀ ရှိတဲ့ခရီးကို ခုနစ်နှစ်လုံးလုံး ခြေလျင်ခရီး နှင်ခဲ့ပါတယ်။ နီးလ်ကန့်ငယ်ရွယ်စဉ်ကလေးဘဝကနေ သူတော်စင်အဖြစ်ရောက်ရှိခဲ့တဲ့အထိ ဘဝသရုပ်ဖော်ရုပ်ရှင်ကားကြီးကို အိန္ဒိယနိုင်ငံအနှံ့ နေရာပေါင်း ၁၀၈ နေရာမှာ လူပေါင်း ၄၅,၀၀၀ နဲ့ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ မိနစ် ၄၀ ကြာတဲ့ ရုပ်ရှင်ဇာတ်လမ်းကို ဧရာမရုပ်ရှင်ပြခန်းကြီးထဲက အလျား ၈၅ ပေ၊ အနံ ၆၅ ပေရှိတဲ့ ပိတ်ကားကြီးပေါ်မှာ တခမ်းတနားပြသပါတယ်။

ဒီရုပ်ရှင်ကားကြီးရဲ့ ရည်ရွယ်ချက်ဟာ ‘အိန္ဒိယနိုင်ငံရဲ့ ဂုဏ်ရောင်ပြောင်မှုကို ဖော်ကျူးရုံမကဘဲ စိတ်ပိုင်းဖြတ်ဆောင်ရွက်မှု၊ ကြိုးပမ်းမှု၊ သတ္တိရှိမှု၊ အမှန်တရားသိမြင်မှု၊ မြင့်မြတ်တဲ့စိတ်ဓာတ်ထားရှိမှုတို့ရဲ့ တန်ဖိုးကြီးမားပုံကို မမေ့ပျောက်အောင် လှုံ့ဆော်ပေးတာလည်းဖြစ်ကြောင်း’ မှတ်တမ်းတင်ဖော်ပြထားပါတယ်။

ရုပ်ရှင်ပြခန်းကြီးအပြင်ဘက် နီးလ်ကန့်ကြေးရုပ်တုမျက်နှာမူထားတဲ့ နေရာမှာတော့ ပေ ၃၀၀ ပတ်လည်ကျယ်ပြန့်တဲ့ ကြာပန်းပုံသဏ္ဌာန်ရေကန်ကိုတူးထားပြီး ညနေဆည်းဆာချိန်ရောက်တိုင်း ဖြစ်၊ ပျက်သဘောအခြေခံတဲ့ ငြိမ့်ညောင်းတဲ့ ဓမ္မတေးဂီတနောက်ခံနဲ့ မီးရောင်စုံအောက်မှာ ရေပန်းအလှုပြတာကို ကြည်နူးဖွယ်တွေ့မြင်ရပါတယ်။

ပင်မဝတ်ကျောင်းတော်ကြီးရဲ့ ဘယ်ဘက်ကို ထွက်လိုက်ရင် ပွင့်ဖတ်ရှစ်ခုနဲ့ ဧရာမကြာပန်းပုံဖော်ထားတဲ့နေရာကိုရောက်ရှိပါတယ်။ စိမ်းလန်းစိုပြည်နေတဲ့ မြက်ခင်းပြင်၊ လှပသပ်ရပ်တဲ့ရှုခင်းတွေက ကြာပွင့်ဖတ်တွေကို ဝိုင်းရံပေးထားပါတယ်။ ကြာပွင့်ဖတ်တစ်ခုစီရဲ့ အလယ်ဗဟိုမှာ စကျင်ကျောက်ဖြူသားနဲ့ ထွင်းထုထားတဲ့ ဝတ်ပြုကျောင်းဆောင်ငယ်လေးတွေ တည်ထားပြီး ပွင့်ဖတ်အတွင်းဘက် ပတ်ပတ်လည်မှာ လူသွားလမ်းကိုလည်း စနစ်တကျပြုလုပ်ပေးထားပါတယ်။ ပွင့်ဖတ်တစ်ခုစီရဲ့ လူသွားလမ်းတစ်လျှောက် လှပသပ်ရပ်တဲ့ ရှည်မျောမျောကျောက်သားတွေနဲ့ တန်ဆာဆင်ထားပါတယ်။ အဲဒီကျောက်သားတွေပေါ်မှာ ထင်ရှားကျော်ကြားတဲ့သူတော်စင်တွေ၊ ပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ၊ သမိုင်းပညာရှင်တွေ၊ နိုင်ငံ့ခေါင်းဆောင်တွေရဲ့မိန့်ဆိုချက်တွေကို ကိုးကားကျောက်ထက်အက္ခရာတင်ထားတာ တွေ့ရပါတယ်။ ဒါကတော့ ဆွာမိနရယန်းကျောင်းတော်ကြီးကို ဒေလီမြို့တော်မှာ တည်ဆောက်ဖို့ စိတ်ကူးစိတ်သန်းရှိခဲ့တဲ့ ကွယ်လွန်သူ ဆွာမိရိုဂီကြီး မဟာရာဂျ်ရဲ့ အကြံအစည်ပဲ ဖြစ်ပါတယ်။

ဆွာမိမဟာရာဂျ်ရဲ့ “ဘုရားသခင် – လူသားအားလုံးအတွက် ကောင်းချီးပေးတော်မူပါ” ဆိုတဲ့ဆုတောင်း ပတ္ထနာကိုလည်း ကျောက်သားထက်အက္ခရာတင် ကမ္ပည်းရေးထိုးထားပြီး ‘ဘုရားသခင်အပေါ် ပြင်းပြတဲ့သက်ဝင်ယုံကြည်မှုနဲ့၊ လူသားတိုင်းအပေါ် ပြင်းပြတဲ့ သက်ဝင်ယုံကြည်မှုနဲ့ လူသားတိုင်းအပေါ် ပြင်းပြတဲ့ သက်ဝင်ယုံကြည်မှုရှိမှသာ လူသားတွေရဲ့ ဘဝရှင်သန်ရပ်တည်မှု၊ လူသားတွေရဲ့ ယဉ်ကျေးမှုတို့ကို မြင့်မားစေမှာဖြစ်ပါတယ်။ ဒီခံယူချက်ကို ကမ္ဘာပုဂ္ဂိုလ်ကျောင်းကြီးတွေရဲ့ မိန့်ဆိုချက်တွေနဲ့ ဉာဏ်ပညာအမြော်အမြင်ကြီးမားမှုတို့မှာ ပဲ့တင်ထပ်ပါဝင်နေတာတွေ့နိုင်ပါတယ်” လို့ ရည်ညွှန်းထားပါတယ်။

**(ရှေ့လဆက်ပါမည်)**

**မြသန်းသန်းနု**

### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

**အမည်ရင်း** – သန်းသန်းနု

**မိဘ** – ဦးနု (ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ

**မွေးသက္ကရာဇ်** – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

**ပညာအရည်အချင်း**– ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။

**အလုပ်အကိုင်** – ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**စာပေလောကဝင်ရောက်သည့်နှစ်** – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။

**ခင်ပွန်း** – ဦးအောင်ငြိမ်း
သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။

www.foreverspace.com.mm

# သူတို့ဆီက မိုးလေဝသနှင့် ရာသီဥတု

ကိုဝမ်း

**၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ကျွန်တော်ရောက်သွားစဉ် လေယာဉ်ပေါ်မှ ဆင်းဆင်းချင်း ကြုံလိုက်ရသည်က လေပူလှိုင်းပင်ဖြစ်သည်။ ဘန်ကောက်က ပူသည်။ တည်းခိုရသော မြန်မာတည်းခိုအိမ်၌ ဧည့်သည်များသည့်အခါ ကြမ်းပြင်မှာ ပခုံးချင်းဆက်၍ အိပ်ရတော့ပိုဆိုးသည်။ ပေးထားသောပန်ကာကို အပြင်လေအေးရစေရန် ခြင်ကာ တံခါးကိုဖွင့်၊ ပန်ကာ၏နောက်ဘက်ကို တံခါးအပြင်ဘက်သို့ထား လေအေးတော့မလာ။ ခြင်ကောင်တွေက ပန်ကာဒလက်နှင့် ဖြတ်၍ အပိုင်းပိုင်းဖြစ်ကာဝင်လာသည်။ ထိုင်းနိုင်ငံတွင် ရာသီဥတုပူပြင်းလှ၍ ဗုဒ္ဓဘာသာ သံဃာတော်များ နံနက် ၆ နာရီ ဆွမ်းခံကြသည်။ အရုဏ်ဆွမ်းမဟုတ်ပါ။ နေ့ဆွမ်းဖြစ်၏။ မြောက်ပိုင်းချင်းမိုင်ခေါ် ဇင်းမယ်နှင့် အရှေ့မြောက်ချင်းရိုင်တို့ ကတော့ ဆောင်းတွင်းမှာ အေးသည်ဟုဆိုသည်။ မြောက်ပိုင်းသို့မရောက်ခဲ့ရ၍ ကောင်းစွာမသိပါ။**

ဘန်ကောက်တွင် မူးယစ်ဝေသော အလုပ်လက်မဲ့ရက်များကို နှစ်လခွဲတာ ခံစားပြီးတော့ မလေးရှားသို့အလုပ်လုပ်ရန် ဝင်သွားခဲ့သည်။ မလေးရှားတွင် ၁၁ လ ကြာခဲ့၍ သူ့အရပ်သူ့ဒေသနှင့် နည်းနည်းတော့ ထိစပ်မိသွားသည်။ မလေးရှားသည် အီကွေတာဇုန်ဖြစ်သည်။ နေ့ခင်းမှာပူ၍ လေပူများက အထက်သို့တက်သွားကာ ညကျတော့ မိုးအဖြစ် ရွာချသည်။ ပထဝီတွင် ပျံ့ကျမိုး (Convextionalrain) ဟုခေါ်သည်ကို အလယ်တန်းတွင် သင်ကြားခဲ့ရကာ ခုတော့ နဖူးတွေ့ဒူးတွေ့ကြုံရပြီ။ ဇွန်၊ ဇူလိုင်၊ ဩဂုတ် အလွန်ပူသည်။ ဩဂုတ်လသည် ကျောင်းပိတ်လဖြစ်သည်။ အီကွေတာ ဇုန်မို့ မိုးကြိုးအင်မတန်ပစ်သည်။ မိုးကြိုးပစ်လျှင် လျှပ်စစ်ထိန်းခလုတ်ကို အလိုလိုပိတ်သွားအောင်လုပ်ထားသည်။ ထီးဆောင်းလျှင် အလယ်က သံရိုးထီးထိပ်တွင် သံရိုးထွက်နေသောထီးဆောင်းပါက မိုးကြိုးပစ်ချ၍ သေတတ်သည်။ စင်ကာပူမှာလည်း အလားတူ မိုးကြိုးက ထီးကိုပစ်၍သေသောသတင်းကို သတင်းစာများတွင် ဖတ်ရသည်။ ဆောင်းရာသီတော့မရှိ။ မင်းဘူးဆိုသော မြန်မာပြည်အလယ်ပိုင်းဒေသ ဆောင်းရာသီ၌ မြူနှင်းတွေပိန်းပိတ်အောင်ကျ၊ တဖောင်းပွင့်ဖြူဖြူဖွေးဖွေးကြီးတွေက ကြာဖြူပွင့်လိုပွင့်သောအရပ်မှာကြီးပြင်းလာခဲ့တဲ့ ကျွန်တော်။ ၁၉၉၀ ဒီဇင်ဘာလတွင် မြောက်ပြန်လေ၏ အနံ့ကို ရိုးတိုးရိပ်တိပ်မျှသာ။ ကွာလာလမ်ပူ အပြင်ဘက် သစ်စက်ဝန်းမှာရတော့ ဒီအရပ်ကို သိပ်ကိုစိတ်ပျက်သွားမိတာအမှန်ပါပဲ။



ဒီအရပ်က တစ်ခုတော့ကောင်းသည်။ ‘ရာသီဥတုတောကို မှီ၏’ ဆိုရိုးစကားအတိုင်း ပူအိုက်စွတ်စိုသောအရပ်မို့ သစ်သီးဝလံပေါ၏။ ဒူးရင်းသီး၊ ကြက်မောက်သီး၊ သရက်

www.foreverspace.com.mm

သီးက ၁၂ ရာသီပေါ်၏။ ကွာလာလမ်ပူဆိုတဲ့ KL ရောက်ကာစက မြင်ရသော အပင်ပေါ်က သရက်သီးတွေ ၁၁ လလုံး မြို့ထဲထွက်တိုင်းတွေ့ရသည်။ ပြန်လာသော ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း သရက်သီးအလုံးကြီးကြီးတွေသည် အပင်များပေါ်၌ တွဲလွဲခိုလို့နေကြဆဲပါ။ ဒူးရင်းသီးက မော်တော်ကားလမ်းဘေးမှာ အပုံလိုက်ရောင်းနေတာကလည်း ၁၁ လလုံးပါပဲ။ မလေးရှားဒူးရင်းသီးက အလွန်ကြီးသည်။ လစာနည်းသမားမို့ မတတ်နိုင်သဖြင့် ဝယ်မစားဖြစ်ခဲ့ပါ။

ဒီအရပ်က နောက် ကောင်းတာတစ်ခုရှိသေးသည့်စရိုက်။ သစ်ပင်ပေါ်ကတွဲလောင်းကျနေတဲ့ အသီး၊ လမ်းမဘက်ကျနေတဲ့အကိုင်းကအသီးကို မည်သူမျှ ခဲနဲ့ပစ်၊ တုတ်နဲ့ပစ်၊ ပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ ခူးတာ၊ ခိုးတာမတွေ့ခဲ့ရ။ ဘန်ကောက်တုန်းကလည်း တည်းခိုအိမ်ရှိရာ ဆွိုင်ပါဝှစ် (Soi Prawit) လမ်းပေါ်မှာ လမ်းမဘက်သီးနေတဲ့ အသီးဘယ်သူမှလက်ဆော့၍ ခူးတာမတွေ့ရပါ။ အဲ . . . ဆွဲကြိုးဖြတ်ပြေးတာတော့ ရှိချင်ရှိပါမည်။

ကွာလာလမ်ပူအပြင်ဘက် သစ်စက်တွင် အလုပ်လုပ်စဉ် တနင်္ဂနွေနေ့တိုင်း မြို့ထဲသို့ထွက်ရာ ဆူရိုင်းဘလူးမြို့အဝင်ဝ လမ်းဘေးတွင် သဘော်ပင်တစ်ပင် တွေ့သည်။ အပင်ကအသီးက ဝင်းရောင်သန်းနေပြီး နောက်အပတ်ကျတော့ ရှင်းလင်းသော အောက်ခြေမှာ ယင်းအသီးကြွေကျနေတာ တွေ့ရသည်။ လူသူနီးပေမယ့် မည်သူကမှ မခူး၊ မစားတာလည်းမဟုတ်။ ဈေးထဲမှာ ရောင်း၏။ စကားစပ်လျှဉ်း၍ နောင် မကာအိုဌ်တွေ့ရသော ဖိလစ်ပိုင်တွေအား "မင်းတို့အရပ်မှာကော အဲဒီလို သူများခြံထဲမှ အပင်ကအသီးကို ပိုင်ရှင်မသိဘဲ ခူးတာရှိသလား" ဟုမေးတော့ "ရှိသည်" ဟုပြောသည်။ သူတို့ဆီက ပိုဆိုးသည်။ ကြံစိုက်ထားသော ကြံခင်းတွင် ဝင်ရောက်ခိုးသူကို ပိုင်ရှင်က သေနတ်နှင့်ပစ်သည်ဟု ဆိုသည်။ ဖိလစ်ပိုင်တွင် တရားမဝင်ကိုင်သောသေနတ် ပေါသည်။

၁၉၉၁ ခုနှစ် မတ်လတွင် ဟောင်ကောင်ကတစ်ဆင့် မကာအိုသို့ ကျွန်တော်ရောက်သွားခဲ့သည်။ ထိုအရပ်တွင် ယင်းအချိန်သည် နွေဦးရာသီဖြစ်၏။ ထိုအရပ်၏ရာသီဥတုဖွဲ့စည်းပုံကိုပြောရသော် မတ်လနှင့် ဧပြီလသည် နွေဦးရာသီ။ မေလ ၁ ရက်မှ ဩဂုတ်လကုန်အထိက နွေရာသီ၊ စက်တင်ဘာ၊ အောက်တိုဘာက ဆောင်းဦးရာသီနှင့် နိုဝင်ဘာမှ ဖေဖော်ဝါရီလထိက ဆောင်းရာသီဖြစ်သည်။ သူတို့အရပ်တွင် ကျွန်တော်တို့ မြန်မာပြည်လို မိုးရာသီဟူ၍မရှိ။ မိုးက နွေရာသီအခါ များသောအားဖြင့် မုန်တိုင်းလာတော့မှ ပါလာတတ်သည်။

နွေရာသီမုန်တိုင်းကာလက အထူးသဖြင့် ဇွန်လကစသည်။ ပထမဆုံး မုန်တိုင်းကြုံရပုံကိုပြောပြပါရစေ။ ၁၉၉၁ ခုနှစ် ဇွန်လတွင် မကာအိုမြို့ လစ္စဆိုဝါဟိုတယ်၌ ဖွင့်ထားသော လီကလပ်စစ်ဂျူတီဖရီး (Le Classique Dutyfree) ဆိုင်တွင် ကျွန်တော်က လုံခြုံရေးအဖြစ်တာဝန်ကျနေသည်။ ဇွန်လ၏ ရက်တစ်ရက် နေ့ခင်းတစ်နာရီလောက်တွင် ဆိုင်တစ်ဆိုင်လုံး လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ အရောင်းစာရေးမလေးဂျိုအင်နာက "အန်ကယ်ဝမ်း ကျွန်မတို့ ဘာတွေပြောနေတာလဲ သိလား" ဟုမေး၍ မသိကြောင်းဖြေလိုက်ရသည်။ ရောက်ကာစမို့ တရုတ်စကားက မတတ်သေးပါ။ "မုန်တိုင်းလာနေပြီ ဆိုင်ပိတ်ရတော့မယ်။ ကျွန်မတို့တော့ပျော်တယ်။ အိမ်ပြန်နားရတော့မယ်" ဟု သူကဆိုသည်။ မုန်တိုင်းကြောင့် ဆိုင်ပိတ်ရလျှင်လည်း လုပ်ခရသည်။ ထိုနေ့က အပြင်ဘက်ကမှန်ကာထားသော နေရာတွေကို သစ်သားဘောင်တွေနှင့် ကူညီပိတ်ပေးပြီး ဆိုင်ပိတ်၍ အိမ်ပြန်လာခဲ့သည်။ မိတ်ဆွေဒေါက်တာသိန်းထွတ်အိမ် ဖုန်းဆက်တော့ "ဆိုင်ပိတ်ရင် အိမ်ကိုလာခဲ့။ ချဉ်ပေါင်ဟင်းချက်တယ်" ဟုဆိုသဖြင့် ကမန်းကတန်းပြေးသွားရသည်။ ထိုစဉ်က ချဉ်ပေါင်ဟင်းမစားရတာ တစ်နှစ်ကျော်ရှိနေပြီဖြစ်၍ စားရသောချဉ်ပေါင်ဟင်းက အရသာရှိလှသည်။

ကွာလာလမ်ပူအပြင်ဘက် သစ်စက်တွင်အလုပ်လုပ်စဉ် တနင်္ဂနွေနေ့တိုင်း မြို့ထဲသို့ထွက်ရာ ဆူရိုင်းဘလူးမြို့အဝင်ဝလမ်းဘေးတွင် သဘော်ပင်တစ်ပင်တွေ့သည်။ အပင်ကအသီးက ဝင်းရောင်သန်းနေပြီး နောက်အပတ်ကျတော့ ရှင်းလင်းသော အောက်ခြေမှာ ယင်းအသီးကြွေကျနေတာ တွေ့ရသည်။ လူသူနီးပေမယ့် မည်သူကမှ မခူး၊ မစားတာလည်းမဟုတ်။ ဈေးထဲမှာ ရောင်း၏။

မုန်တိုင်းက နောက်နေ့မနက်ထိ မစင်သေးပါ။ အိမ်ရှင်မြန်မာပြန် တရုတ်အမျိုးသမီး အစွမ်းကို မေးတော့ "ဦးလေး သိပ်ကြောက်မနေပါနဲ့။ အခုမုန်တိုင်းက အဆင့် (၁၀) ရောက်နေပါပြီ" ဟု ဆို၍ မျက်လုံးပြူးသွားသည်။ မြန်မာအများစုနေထိုင်ရာ မီးသုံးလုံးအဝိုင်းနားက အရိပ်တွင်ရပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီးပေါ်၌ သွားထိုင်ရင်းကြည့်တော့ စက္ကူစုတ်တွေ၊ ပလတ်စတစ်အိတ်တွေ ပလူပျံနေသည်။ လေတိုးသံက ငှက်ဖျားရောဂါသည်အလား တဟီးဟီးနှင့်။ ဘတ်စ်ကားမပြေးတော့ တက္ကစီပင် တစ်စီးစ နှစ်စီးစပဲ ပြေး၏။

ဤနေရာတွင် သူတို့ဆီက မုန်တိုင်းတိုက်ခတ်မှုအခြေအနေ ကိုယ်တွေ့မှတ်တမ်းကို ပြောပြချင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ အရှေ့ဘက် ပစိဖိတ်သမုဒ္ဒရာတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ခဲ့ရာမှ မုန်တိုင်းစတင်သည်။ ပိုမိုအားကောင်းလာကာ ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကိုဖြတ်သည်။ ဖိလစ်ပိုင်တွင် မိုးရွာ ရေကြီး မြေပြို လူသေသည်။ ပြီးတော့ ဒီမုန်တိုင်းက ဖိလစ်ပိုင်ကိုကျော်ကာ တောင်

www.foreverspace.com.mm

တရုတ်ပင်လယ်သို့ဝင်သည်။ တောင်တရုတ်ပင်လယ်ရောက်သည်နှင့် မြောက်ဘက်သို့ ရွေ့သည်။ ဟောင်ကောင်၊ မကာအိုလာမည် သို့မဟုတ် တရုတ် (တိုင်ပေ) သွားမည်။ ပြီးတော့ တရုတ်ပြည်ဝင်မည်။ တရုတ် (တိုင်ပေ) မသွားသော် ကိုရီးယားနှင့် ဂျပန်သို့သွားသည်။

တောင်တရုတ်ပင်လယ်၌ မုန်တိုင်းဖြစ်ပေါ်သည်နှင့် ဟောင်ကောင်မိုးလေဝသက စောင့်ကြည့်နေသည်။ ဟောင်ကောင်နှင့် ကီလိုမီတာ ၈၀၀ တွင် မုန်တိုင်းစဖြစ်သည်နှင့် အဆင့် (၁) အသင့်အနေအထား (Stand by) သတ်မှတ်သည်။ တီဗီမှန်သားပြင်မှာ တီ–၁ (T-1) ဟု စတင်ပေါ်သည်။ ဒီနောက် လေတိုက်နှုန်းသည် တစ်နာရီမိုင် ၄၀ ကနေ၊ ၈၀ ရှိလာရင် တီ–၃ (T-3) သတ်မှတ်သည်။ တီ–၃ ဆိုလျှင် ကျောင်းတွေပိတ်လိုက်ပြီး ထိုမှ တစ်နာရီမိုင် ၆၀ မှ ၁၁၀ တိုက်လာပြီ ဆိုလျှင် တီ–၈ (T-8) သတ်မှတ်သည်။

တီ–၈ ဆိုသည်နှင့် ဟောင်ကောင်၊ မကာအိုယန္တရားအားလုံး ရပ်ဆိုင်းသည်။ ဈေးဆိုင်တွေ၊ ဘဏ်တွေ၊ ရုံးတွေအားလုံး ပိတ်။ အိမ်ပြန် ဘတ်စ်ကားလည်း ပြေးဆွဲခြင်းမရှိတော့။ ရဲ၊ သူနာပြု၊ ကြက်ခြေနီတွေအားလုံး အသင့်အနေအထားတပ်လှန့်ထားသည်။ နယ်မြေလိုက် ဆေးခန်းများကို ၂၄ နာရီဖွင့်လိုက်သည်။ ဟောင်ကောင်ရုပ်သံ၊ ရေဒီယိုကနေ မပြတ်ကြေညာနေသည်။ သတိပေးနေသည်။ အိမ်တွင်းမှာနေပါ။ ပြတင်းတံခါးများပိတ်ထားပါဆိုသည်ကို မပြတ်ကြေညာသည်။ ပြီးလျှင် လေတိုက်နှုန်းကျသွားပြီဆိုသည်နှင့် အဆင့်ပြန်လျှော့သတ်မှတ်သည်။ ဤမုန်တိုင်းရာသီမျိုး ၁၃ ကြိမ်ကို ကျွန်တော်ကြုံခဲ့သည်။ တစ်နှစ်က တော့ ထူးခြားသည်။

ထိုစဉ်က ဟောင်ကောင်လေဆိပ်မှာ ကောင်းလုံကျွန်းပေါ်ရှိ အဟောင်း၌ဖြစ်သည်။ ဟောင်ကောင်လေဆိပ်ပြေးလမ်းသည် ဟောင်ကောင်မြစ်နှင့် မျဉ်းပြိုင်ဖြစ်သည်။ ထိုစဉ်က မုန်တိုင်းဝင်၍ ဟောင်ကောင်မှာ အဆင့် (၈) သတ်မှတ်ထားချိန်။ ယန္တရားအားလုံး ရပ်တန့်သွားတဲ့အချိန်။ ဟောင်ကောင်လေဆိပ်က လေယာဉ်ပြေးလမ်းကိုဖွင့်ထားသည်။ ဘန်ကောက်ကလာသော ကသေးပစိဖိတ်လေကြောင်း လေယာဉ်က ကွင်းဆင်းဖို့ရှိသည်။ လေဆိပ်တာဝါက လေယာဉ်မှူးအား "မင်းသဘောပဲ" ဟုဆိုသည်။ အင်္ဂလိပ်လူမျိုးလေယာဉ်မှူးကလည်း တိုင်ဖုန်းအဆင့် (၈) မှာ ကွင်းဆင်းနိုင်တဲ့ ငါကွဆိုပြီး လုပ်ချင်ဟန်ရှိသည်။ ဟောင်ကောင်ကွင်းသို့ ယင်းလေယာဉ်ဆင်းသည်။ အဆင်းမှာ လေယာဉ်ကြီးပက်လက်လန်သွားသည်။ ခရီးသည်အမျိုးသမီးတစ်ဦးသေဆုံးသည်။

ဟောင်ကောင်၊ မကာအိုနှင့် တရုတ်ပြည်တောင်ပိုင်းအရပ်ကို အပူပိုင်းမကျတကျဇုန် (Semi-Tropical) ဟုခေါ်သည်။ ကျွန်တော်တို့အရပ်က ပန်းတွေအားလုံးရသည်။ စပယ်ပန်း၊ ငွေပန်း၊ ရွှေပန်းရသည်။ တရုတ်ပြည်က လာရောင်းတာပါ။ စောစောကပြောသည့် ချဉ်ပေါင်ရွက်က တကယ်တမ်း ဒီအရပ်မှာမရှိပါ။ မြန်မာပြန်တရုတ်တွေက ရန်ကုန်က ချဉ်ပေါင်စေ့မှာကာ တရုတ်ပြည်က ဟင်းရွက်သည် ပေးစိုက်ပြီး ရောင်းခိုင်းသည်။ သူတို့သင်ထား၍ ဟင်းရွက်သည်က ချဉ်ပေါင်နှင့် ရုံးပတီသီး တွဲရောင်းရမှန်းသိနေပြီ။ သရက်သီး၊ ပိန္နဲသီး ဒီအရပ်မှာသီးသည်။ မြေမရှိ၍ ကျယ်ကျယ်ပြန့်ပြန့်တော့မစိုက်ကြပါ။

နွေဦးရာသီ၊ လှပသောနွေဦးရာသီ၊ ပန်းမျိုးစုံတို့ လှပစွာဖူးပွင့်သောနွေဦးရာသီ၊ ဘန်ကောက်၏လမ်းလယ်ကျွန်းများတွင်



www.foreverspace.com.mm

ပျဉ်းမပန်း၊ ခရမ်းရောင်တွေလှပစွာဖူးပွင့်သလို မကာအို၏လမ်းဘေးနှင့် လမ်းလယ်ကျွန်းများတွင် စွယ်တော်ပန်းရောင်စုံတို့ ဖူးပွင့်သည်။ စွယ်တော်က အဖြူရှိသလို၊ ခရမ်းမကျ၊ ပန်းနုရင့်ရောင်မျိုးလည်းရှိသည်။ ဒီအချိန်တွင် မြန်မာပြည်မှာတော့ ငု၊ ငုစပ်၊ စိန်ပန်း၊ ပျဉ်းမတို့ လှပစွာဖူးပွင့်နေကြတဲ့အချိန်ပဲပေါ့။ ဂျပန်ပြည်မှာတော့ ချယ်ရီပန်းတွေဝေဆာနေသောအချိန် ကျွန်တော်တို့ဆီမှာ စိန်ပန်းက ပင်လုံးပျောက်ဖူးပွင့်သလို ဂျပန်ပြည်မှာလည်း တစ်ပင်လုံးမမြင်ရလောက်အောင် ဖူးပွင့်တာကို သတင်းစာထဲမှာ တွေ့ဖူး၏။ မကာအိုမှာလည်း စွယ်တော်ပန်းနုရောင်က ချယ်ရီပွင့်သလို ပွင့်ပါသည်။

မေလ ၁ ရက်မှာ နွေရာသီစသည်။ အစိုးရရေကူးကန်တွေ စဖွင့်သည်။ နွေရာသီက ပူပြင်းလွန်း၍ ဒီအရပ်ကလူတွေက ရေသိပ်ကူးသည်။ ရေကူးကန်ဝင်ခကလည်း ဒေသပိုက်ဆံ ၁၀ ပါတာကပ်ပါ။ ကလေးကအစ အဘိုးကြီး၊ အဘွားကြီးတွေ ပါကူးသည်။ အချို့အမျိုးသမီးများ ရေဘယ်လောက်ကူးသည်ဆိုလျှင် သူ့ပခုံးတွင် ရေကူးဝတ်စုံကြိုးရာကဖြူနေပြီး ကျန်အသားက မည်းနေ (ညိုနေ) တာ တွေ့ရသည်။

ရာသီက အလွန်ပူသည်။ တစ်ခါတလေ ၃၈ ဒီဂရီစင်တီဂရိတ် ရှိသည်။ ဒီအချိန်တွင် နေက ဥတ္တရာယဉ်စွန်းတန်းဆီ ရောက်နေတဲ့အချိန်။ ဒီအရပ်တွင်ပူလွန်း၍ မန္တလေး၌ကျောင်းတက်ခဲ့သောကာလများကို သတိရမိသည်။ ရွှေပြည်အေးအဆောင် ကျောင်းသားဘဝ။ မတ်လစာမေးပွဲအတွက် အခန်းထဲမှာ စာကြည့်၍ရပေသည်။ ဇူလိုင်စာမေးပွဲကျတော့ မီးလုံးကို အခန်းပြင်ထုတ်ကာ စာကြည့်ခဲ့ရသည်။ မန္တလေးနှင့် ဟောင်ကောင်၊ မကာအိုသည် မြေပုံပေါ်၌ မျဉ်းတစ်ပြေးထဲမှာရှိသည်။ နွေရာသီရောက်လျှင် ရဲနှင့် ဘဏ်ကုမ္ပဏီဝန်ထမ်းများက နွေရာသီဝတ်စုံဝတ်ရသည်။ ရဲက လက်တို၊ ရှပ်အင်္ကျီ လည်ပင်းဟ ဖြစ်သည်။ လည်စည်း စည်းစရာမလိုတော့။ ဒီအရပ်မှာ လေအေးစက် အဲယားကွန်းက မရှိမဖြစ်သောပစ္စည်း။ နွေရာသီ၌ လေအေးစက်ဖွင့်မှ အိပ်၍ရသည်။ လေအေးစက် (Window Type) တစ်လုံး၏ မီတာခသည် တစ်လကို ၃၀၀ ပါတာကပ်ဖြစ်သည်။ အစိုးရရုံးတိုင်း၊ ကျောင်းတိုင်း၊ ဘဏ်တိုက်တိုင်း၊ ဆေးရုံကြီးများက အားလုံးလေအေးစက်တပ်သည်။

ဘန်ကောက်တွင် ရိုးရိုးဘတ်စ်ကားရှိသလို အဲယားကွန်းဘတ်စ်ကားရှိသည်။ ဟောင်ကောင်လည်း အလားတူ။ မကာအိုတွင် ဘတ်စ်ကားသေး၊ ဘတ်စ်ကားကြီး အားလုံးလေအေးစက်ပါသည်။ အပိုကြေးမပေးရပါ။ နွေလည်းဒီဈေး၊ ဆောင်းလည်းဒီဈေးဖြစ်သည်။ မကာအိုမြို့တွင်း ဘယ်စီးစီးနှစ်ပါတာကပ်နှင့် ဆင့် ၃၀။ (ကျွန်တော်ရောက်ကာစက တစ်ပါတာကပ်ခွဲ၊ ဆယ့်သုံးနှစ်ကို ကားခက ဆင့် ၈၀ ပဲတက်သည်)၊ ဒုတိယကျွန်းတိုင်ပါကို နှစ်ပါတာကပ်ခွဲနှင့် တတိယကျွန်းလူဝမ်ကို သုံးပါတာကပ်ဖြစ်သည်။ ရာသီပူပြင်းလှသော နွေရာသီညကိုးနာရီမှာ ဘတ်စ်ကားစီးရင်း ခေါင်းပေါ်တည့်တည့်ကို လေအေးစက်ရှပ်တာလေး ဖွင့်ပြီး တည့်တည့်ထိုးထားရင် ဖိမ်ရှိလှသည်။ သို့ပေမယ့် အိမ်မှာညအိပ်တော့။

ကျွန်တော့်မှာ ချွေးပျံနေသည်။ လစာနည်းသမားမို့ အဲယားကွန်းမတပ်နိုင်ပါ။ Apartment တစ်ခုတွင် အခန်းတစ်ခန်းကို ငှားနေခြင်းဖြစ်၍ တံခါးမကြီးဖွင့်ထား၍မရ။ ပြတင်းပေါက်ဖွင့်ပြီး ပန်ကာဖွင့်အိပ်ရသည်။ သို့သော် တကယ်ပူတော့ ပန်ကာကအသုံးမကျပါ။ အိပ်ရာပေါ်တွင် ချွေးတလုံးလုံးနှင့် ဖြစ်သည်။ ချွေးတွေစုပ်သွားအောင် သတင်းစာတွေခင်းအိပ်သည်။ မရ။ ကြမ်းပြင်ကို အဝတ်ရေဆွတ်၍သုတ်။ ကြမ်းပေါ်မှာ အိပ်သည်။ မရ။ ချွေးကတော့ တလုံးလုံးပါပဲ။ မကာအိုနွေရာသီ၌ ဝဋ်နွှံခံစားရသောရက်များပါ။ ဒီကြားထဲ ခြင်ကကိုက်သေး။ ပန်ကာက ဟိုဘက်လှည့်သော် ခြင်က ဒီဘက်ကဆော်၊ ပန်ကာက ဒီဘက်လှည့်သော် ခြင်က ဟိုဘက်ကဆော်။ နောက်တော့ ဉာဏ်ကူပြီး ပန်ကာနောက်မှ ခြင်ဆေးခွေထွန်း၊ ပန်ကာကစုပ်၊ အရပ်ရှစ်မျက်နှာသို့ ခြင်ဆေးခွေငွေ့ရောက်တော့မှ ခြင်ကိစ္စအေးသွားသည်။ မကာအိုတွင် သြဂုတ်လ၌ နွေရာသီကျောင်းပိတ်သည်။

> **မကာအိုတွင် ဘတ်စ်ကားသေး၊ ဘတ်စ်ကားကြီး အားလုံးလေအေးစက်ပါသည်။ အပိုကြေး မပေးရပါ။ နွေလည်းဒီဈေး၊ ဆောင်းလည်း ဒီဈေးဖြစ်သည်။ မကာအိုမြို့တွင်း ဘယ်စီးစီးနှစ်ပါတာကပ်နှင့် ဆင့် ၃၀။ (ကျွန်တော်ရောက်ကာစက တစ်ပါတာကပ်ခွဲ၊ ဆယ့်သုံးနှစ်ကို ကားခက ဆင့် ၈၀ ပဲတက်သည်)၊ ဒုတိယကျွန်းတိုင်ပါကို နှစ်ပါတာကပ်ခွဲနှင့် တတိယကျွန်းလူဝမ်ကို သုံးပါတာကပ် ဖြစ်သည်။**

ဆောင်းဦးရာသီ စက်တင်ဘာလနှင့် အောက်တိုဘာလ အင်မတန်မှနေထိုင်၍ကောင်းသောအချိန်။ မပူမအေးရာသီလေးမှာ နေရတာက သက်သောင့်သက်သာရှိလှသည်။ နိုဝင်ဘာတစ်ရက်တွင် ဆောင်းရာသီစသည်။ ဒီအရပ်ကဆောင်းက ပြင်းထန်သည်။ ညဘက်အအေးချိန် ပုံမှန်က ၆ ဒီဂရီစင်တီဂရိတ်ရှိသည်။ ဇန်နဝါရီလ ပထမပတ်တွင် တစ်ခါတလေ သုံးဒီဂရီစင်တီဂရိတ်ရှိသည်။ ရေခဲရေသည် သုံးဒီဂရီစင်တီဂရိတ်ရှိသည်။ ရဲအပါအဝင် ဝန်ထမ်းတွေ ဆောင်းဝတ်စုံ ဝတ်ရသည်။ အထူးသဖြင့် လည်ပင်းကို သိပ်ဂရုစိုက်ရသည်။

လည်စည်းတပ် ရှပ်လက်ရှည်ကနေ ဆွယ်တာအင်္ကျီ၊ ယင်းမှသည် အပေါ်ကဂျာကင်အင်္ကျီ၊ ညတာဝန်သမားများက ဒါနှင့်တောင်မရ။ အထဲက ဂွမ်းခံလောင်းကုတ်တွေ ထပ်စွတ်ရသည်။ ဒါတွေဝတ်ထားရင်

www.foreverspace.com.mm

လူတစ်ကိုယ်လုံးကွနေသည်။ ဒါတောင် အအေးကမလုံချင်။ ဆောင်းမှာ အတွင်းက အသားကပ်အင်္ကျီ၊ အသားကပ်ဘောင်းဘီ ခံဝတ်မှသက်သာသည်။ တစ်ထပ်တည်းဆိုက လေတိုး၍ မခံနိုင်။ ဤမျှအေးသော အရပ်တွင် ဆင်းရဲသားက ဘယ်လိုအနွေးထည်ဝတ်မလဲ။ ဟောင်ကောင်၊ မကာအိုသည် အဝတ်အစားထုတ်လုပ်သောအရပ် ဖြစ်သည်။ ၅၀ ပါတာကပ်တန်ဂျာကင်မှ သုံးလေးထောင်တန်ဂျာကင်ထိရှိသည်။ ဆောက်လုပ်ရေး အလုပ်ကြမ်းသမားတစ်ဦးအတွက် တစ်နေ့ နေ့တွက်လုပ်ခသည် ၁၈၀ ပါတာကပ်ဖြစ်သည်။ အနွေးထည်ကောင်းကောင်းဝယ်နိုင်သည်။

အေးမြသောဆောင်းနံနက်များ၊ ရာသီကအေးမြလွန်း၍ နေရောင်ခြည်လုံသည်။ နေကနေ၊ လေကလေပဲ ဖြစ်သည်။ လေတိုက်သည်က အေးမြလှပေရာ အပ်ချွန်လေးများနှင့်ထိုးသလို ခံစားရသည်။ သူတို့ရဲ့ရာသီတွေခံနိုင်အောင် သူတို့က ဘာတွေစားကြသလဲ။

ဘန်ကောက်ကပူလွန်း၍ မန်ကျည်းသီးစားသည်။ သကြားနှင့် ယိုထိုးထားသော မန်ကျည်းယိုပုံကြီးတွေနှင့်ရောင်းတာ နေရာတိုင်းတွေ့ရသည်။ ဘန်ကောက်က ဒွန်မောင်းလေဆိပ်ဟောင်းကနေ မြို့ထဲလာသော လမ်းဝဲဘက်တွင် မန်ကျည်းပင်တွေ တန်းစီစိုက်ထားတာတွေ့ရသည်။ ထိုင်းတွေက မြန်မာအညာသား ဇရက်သီးစားသလို စားသည်။ ထိုင်းစားသောက်ဆိုင်တစ်ခုတွင် ဇရက်သီးအမယ်မျိုးစုံတွေ့ရသည်။

ဟောင်ကောင် မကာအို တရုတ်ပြည် တောင်ပိုင်းကျတော့ ဆီမစားပါ။ ပါလေရုံပါပဲ။ ငါးကိုကြော်၍မစား။ ပေါင်းစား၏။ ကျွန်တော်နှင့် တစ်အိမ်တည်းနေသော တရုတ်မကြီးက ညဘက်အလုပ်ကပြန်လာလျှင် ချင်း၊ ကြက်သွန်နီ/ဖြူနှင့် ကိုင်ထားသောငါးကို စတီးဇလုံလေးထဲထည့်၊ စတီးသုံးမြောင့်ခြေထောက်ပါ ထောက်အပိုင်းခံလေးကို ရေထည့်ထားသော ဒယ်အိုးထဲထည့်၊ ယင်းခုံလေးပေါ်ကို စောစောကငါးထည့်ထားသော ဇလုံလေးတင်ပြီးရင် ဒယ်အိုးကိုအဖုံးဖုံးပြီး မီးဖိုပေါ်တင်သည်။ ရေငွေ့နှင့် ငါးကိုပေါင်းစားခြင်းပါ။ အခေါက်ကင်၊ အသားကင် ထမင်းတစ်ဘူးမှာလျှင် ကန်စွန်းရွက်အမြဲပါသည်။ ကန်စွန်းရွက်ကြော်မဟုတ်၊ အရွက်ကိုဘယ်တော့မှ မကြော်ပါ။ ဆီပါသော ရေနွေးပွက်ပွက်ဆူအိုးထဲသို့ ကန်စွန်းရွက်ကို ၁၀ စက္ကန့်မျှ ထည့်ကာစိမ်သည်။ ပြီးရင်ဆယ်၍ ထမင်းဘူးထဲထည့်ပေးသည်။ ဆီလုံပြုတ်လို့ခေါ်လျှင် ရမည်ထင်သည်။ အမြဲတမ်း ဆောင်းမဟုတ်နေသော်လည်း အေးလျှင် အလွန်အေးသော အရပ်မို့ ဆီကို သိပ်မစားကြတာပါ။ စားသောက်ဆိုင်တွင် ငါးဟင်းမှာလျှင်လည်း စောစောကလို ပေါင်း၍ပဲပေးသည်။

မိုးကာအင်္ကျီတစ်ထည်ကို တစ်ဆယ်၊ ထီးတစ်ချောင်းကိုတစ်ဆယ်၊ အနိမ့်ဆုံးဈေးကိုပြောတာပါ။ တစ်ဆယ်နဲ့ညီမျှတဲ့ မြန်မာငွေတစ်ရာနှင့် ရန်ကုန်မှာ ဘယ်လိုလုပ်ဝယ်လို့ရမလဲနော်။ ဒါပေမဲ့ ယနေ့ရန်ကုန်က အမျိုးသမီးအများစုဆောင်းတဲ့ အဆာဟိ (Asahi) ဆိုတဲ့ ထီးမျိုးက ၃၀ ပါတာကပ်ခန့် ပေးရသည်။ မြန်မာငွေနဲ့ သုံးထောင်ဖြစ်နေပြန်ရော။ ဒီထီးမျိုးက ရန်ကုန်မှာ ၁၅၀၀ ကျပ်ခန့်ပဲပေးရသည်။ ဒါကျတော့ ရန်ကုန်က သက်သာလို့သွားပြန်ပါရော။ ဈေးရင်းနှင့် ကုန်ဈေးနှုန်းဆီရောက်လို့သွားပြန်ပြီ။ ရာသီဥတု၊ ရာသီဥတုသုံးလူသုံးကုန်ပစ္စည်းနဲ့ဈေးနှုန်းက ဆက်စပ်မှုရှိနေလို့ပါ။

အဲဒီလိုထီးဈေးသက်သာ၍ ထီးပြင်ဆိုင်မရှိပါ။ ကိုင်းကျိုးလျှင် အကျိုးအတိုင်းပဲဆောင်း၊ အရွက်စုတ်လျှင် အစုတ်အတိုင်းပဲဆောင်း၊ ဆောင်းမရလျှင် လွှင့်ပစ်၊ အသစ်တစ်ချောင်းဝယ်၊ ဒါပဲဖြစ်သည်။ ဖိလစ်ပိုင်တွေအား "မင်းတို့ဆီမှာရော ထီးပြင်တဲ့ဆိုင်ရှိသလား" ဟု မေးကြည့်ရာ "ရှိသည်" ဟုဆို၏။ ဖိလစ်ပိုင်တွင်လည်း ထီးက ဈေးကြီးဟန်ရှိသည်။

ရောဂါ၊ ကူးစက်ရောဂါ၊ အပူပိုင်းဇုန်နှင့် အပူပိုင်းမကျတကျဇုန်က ကူးစက်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါသည်

**တရုတ်ပြည် ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ဟောင်ကောင်သို့ရောက်လာသည်။ ဝမ်ကျားပေါင်က ဆေးရုံရှိ ဆားစ်ဝေဒနာသည်များကို ကြည့်ရှုအားပေးသည်။ ဟောင်ကောင်အုပ်ချုပ်ရေးမှူးတုံချီဟွာနှင့် အစိုးရအရာရှိများသည် ရောဂါကူးစက်မှုမရှိစေရန် နှာခေါင်းစည်းများ စည်းထားကြပေမယ့် ဝန်ကြီးချုပ်ဝမ်ကျားပေါင်က နှာခေါင်းစည်း မတပ်ပါ။ လူနာများအား သီးခြားခွဲခြား ဆက်ဆံသလိုဖြစ်ပြီး စိတ်ဓာတ်ကျမှာ စိုး၍ဖြစ်ဟန်တူသည်။ ခေါင်းဆောင်ကောင်းတစ်ဦး၏ စာနာမှုစိတ်ဓာတ်ကို သတင်းစာနှင့် ရုပ်သံဖန်သားကနေ လှစ်ခနဲမြင်လိုက်ရသည်။**

တရုတ်ပြည်ကနေစတင်ဖြစ်ပွားကာ ဟောင်ကောင်၊ အင်ဒိုချိုင်းနားဒေသနှင့် အရှေ့တောင်အာရှဒေသသို့ကူးစက်ပျံ့နှံ့ခဲ့သည်။ ထိုနှစ်က ဟောင်ကောင်တွင် ကြက်အကောင်ရေတော်တော်များများ သုတ်သင်ခံလိုက်ရသည်။ ယင်းနှစ်သည် တရုတ်ရိုးရာ 'ကျားနှစ်' ဆိုတာ ကောင်းစွာမှတ်မိလို့နေသည်။ 'ကျားနှစ်' မို့ ကြက်တွေသေရတာနဲ့တူပါရဲ့ဟု တွေးမိသည် မဟုတ်ပါ။ ဤရောဂါက မျောက်နှစ်မှာရော၊ နဂါးနှစ်တွေမှာပါ ဆက်လက်ဖြစ်ပွားခဲ့သည်။ ယနေ့တိုင်ပင် အခါအားလျော်စွာပေါ်ပေါက်နေဆဲပါ။ ဤရောဂါဖြစ်ပွားပျံ့နှံ့ရခြင်းသည် ရာသီဥတုကြောင့်သာမက လူနေမှုစနစ်နှင့်လည်း ဆိုင်သည်။ လူလူချင်းကူးစက်ရာမှ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများ၌ သေဆုံးမှုများခဲ့သည်။

www.foreverspace.com.mm



၂၀၀၃ ခုနှစ် နွေဦးရာသီ၊ နွေဦးရာသီမို့ တရုတ်ပြည်တောင်ပိုင်း ဟောင်ကောင်နှင့် မကာအိုဒေသများ၌ ပန်းပေါင်းစုံတို့က လှပစွာဖူးပွင့်နေကြဆဲ။ ဝန်းကျင်ချမ်းမြည်သို့လှသော်လည်း ဒေသခံများ၏ ရင်ထဲမှာ ပူလောင်လို့နေသည်။ ဆားစ် (SARS) ရောဂါဖြစ်ပွားနေ၍ပဲ ဖြစ်သည်။ တရုတ်ပြည်၌ စတင်ဖြစ်ပွားကာ ဤရောဂါက ဟောင်ကောင်သို့ ကူးစက်သည်။ တရုတ်ပြည်နှင့် ဟောင်ကောင်တွင် လူအသေအပျောက်အနည်းငယ်များသည်။ ဟောင်ကောင်တွင်အမျိုးသမီးတစ်ဦးသည် ဆေးရုံတက်ပြီး မီးဖွားရာ မီးဖွားအပြီး၌ ဆားစ်ရောဂါနှင့် ကွယ်လွန်ခဲ့သည်။ ခင်ပွန်းသည်မှာ အကြီးခြောက်နှစ်သမီးလေးတစ်ဦး၊ မွေးကင်းစကလေးတစ်ဦးနှင့် ကျန်ရစ်ခဲ့သည်။ ဤရောဂါက လေအေးစက်တပ်အခန်းတစ်ခုအတွင်း တစ်ဦးတစ်ယောက်က 'ဟတ်ချိုး' ဟု နှာချေသည်နှင့် အနီးရှိလူကို ကူးစက်ကာ အသက်ဆုံးသည်အထိ ဖြစ်တတ်သည်။ လေဟာပြင်မှာလည်းဖြစ်တတ်သည်။ သို့သော် လေအေးစက်တပ်အခန်းက လတ်ဆတ်သောလေသည် အပြင်လောက်မရ၍ ပိုဆိုးခြင်း ဖြစ်သည်။

ဟောင်ကောင်၌ ဆားစ်ရောဂါအခြေအနေဆိုးသည်ကို ကြားရသော တရုတ်ပြည် ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ဟောင်ကောင်သို့ရောက်လာသည်။ (ဟောင်ကောင်သည် တရုတ်ပြည်၏ အထူးစီမံခန့်ခွဲရေးဒေသဖြစ်သည်) ဝမ်ကျားပေါင်က ဆေးရုံရှိ ဆားစ်ဝေဒနာသည်များကို ကြည့်ရှုအားပေးသည်။ ဟောင်ကောင်အုပ်ချုပ်ရေးမှူး တုံချီဟွာနှင့် အစိုးရအရာရှိများသည် ရောဂါကူးစက်မှုမရှိစေရန် နှာခေါင်းစည်းများ စည်းထားကြပေမယ့် ဝန်ကြီးချုပ် ဝမ်ကျားပေါင်က နှာခေါင်းစည်းမတပ်ပါ။ လူနာများအား သီးခြား ခွဲခြားဆက်ဆံသလိုဖြစ်ပြီး စိတ်ဓာတ်ကျမှာစိုး၍ဖြစ်ဟန်တူသည်။ ခေါင်းဆောင်ကောင်းတစ်ဦး၏ စာနာမှုစိတ်ဓာတ်ကို သတင်းစာနှင့် ရုပ်သံဖန်သားကနေ လှစ်စနဲမြင်လိုက်ရသည်။ မီးဖွားပြီးကွယ်လွန်သူ၏ ကျန်ရစ်သော ခင်ပွန်းနှင့် မိသားစုထံသို့သွားရောက်ကာ ဝန်ကြီးချုပ်က အားပေးခဲ့သေးသည်။

ဗီနီကာခေါ် ရာလကာရည်ကျိုပြီး အငွေ့ရှုလျှင် ဤရောဂါမဖြစ်ဟူသော ကောလာဟလဖြစ်လာကာ ဆူပါမားကတ်က ရာလကာရည်ပုလင်းများ ရောင်းမလောက်ဖြစ်သွားခဲ့သည်။ တရုတ်ပြည် ကွမ်ကျိုးမြို့တွင် မိသားတစ်စုက ရာလကာရည်ကျို၍ ရှူကြရာ ဆားစ်ရောဂါကြောင့်မသေ၊ ရာလကာရည်အငွေ့ရှုရင်း အောက်ဆီဂျင်မရ၍ ယင်းမိသားစုသေဆုံးခဲ့သော သတင်းကို သတင်းစာ၌ ဖတ်လိုက်ရသည်။

ရာသီဥတုကြောင့်ဖြစ်သော သဘာဝဘေးဒဏ်နှင့် ကူးစက်ရောဂါများ မနှစ်က ဝင်ရောက်ခဲ့သော 'နာဂစ်' မုန်တိုင်းကြောင့် မြန်မာပြည်မှာ လူတစ်သိန်းကျော်သေဆုံးခဲ့သည်။ ၁၉၆၈ ခုနှစ်က စစ်တွေမုန်တိုင်းနောက်ပိုင်း ပုသိမ်မုန်တိုင်းတွေ ဝင်ခဲ့ဖူးသည်။ စစ်တွေမုန်တိုင်းတွင် သင်္ဘောတစ်စီးကုန်းပေါ်ရောက်သွားခဲ့သည်။ သို့သော် နာဂစ်လောက်ဖြင့် မဆိုးခဲ့ပါ။ အမေရိကမှာလည်း အတ္တလန္တိတ်သမုဒ္ဒရာကနေ မုန်တိုင်းဖြစ်လေ့ရှိသည်။ အတ္တလန္တိတ်သမုဒ္ဒရာတွင် 'ဟာရီကိန်း'၊ ပစိဖိတ်တွင် 'တိုင်ဖုန်း' နှင့် အိန္ဒိယသမုဒ္ဒရာတွင် 'ဆိုင်ကလုန်း' ဟု ခေါ်ဝေါ်သည်။ အမေရိကတွင် 'တိုနာဒို' ခေါ် လေဆင်နှာမောင်းလည်းဖြစ်ပေါ်တတ်သည်။ မကာအိုတွင်နေခဲ့သော ၁၃ နှစ်အတွေ့အကြုံအရ တိုင်ဖုန်းလေမုန်တိုင်းဖြစ်ပေါ်မှုအရေအတွက်သည် တစ်နှစ်ခြားတစ်ခါဖြစ်သည်။ ယခုနှစ်များလျှင် နောက်နှစ်ခါ မဖြစ်တော့မဟုတ် ဖြစ်သည်။ သို့သော် အရေအတွက်နည်းသည်။ တောင်တရုတ်ပင်လယ်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ကာ မုန်တိုင်းဖြစ်လေ့ရှိသော်လည်း အင်အားက သေးငယ်သည်။ ပြီးတော့ ဗီယက်နမ်ကမ်းခြေသို့သာဝင်တတ်သည်။

အပူပိုင်းဒေသနှင့် ကူးစက်ရောဂါများ၊ ကျွန်တော်တို့ငယ်စဉ်က ကျောက်ရောဂါ (Smallpox)၊ ကာလဝမ်းရောဂါနှင့် ကြွက်ကြောင့်ဖြစ်သော ပလိပ်ရောဂါများ ဖြစ်ပွားခဲ့ပြီး လူအများအပြားသေဆုံးခဲ့ရသည်မှာလည်း အပူပိုင်းဒေသကပဲဖြစ်သည်။ ငှက်ဖျားပိုးသည် ယနေ့တိုင် ပူအိုက်စွတ်စိုသော အပူပိုင်းသစ်တောတွေထဲမှာ ရှိနေဆဲပါ။ ဖော်ပြပါ ကျောက်၊ ကာလဝမ်းနှင့် ပလိပ်ရောဂါတို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ အားထုတ်မှုနှင့် ယနေ့ကမ္ဘာတွင် ကွယ်ပျောက်သလောက်ရှိနေပါပြီ။ ထိုအချိန်တွင် ကူးစက်ရောဂါသစ် ကြက်ငှက်တုပ်ကွေးနှင့် ဆားစ်ရောဂါတို့ပေါ်လာခဲ့သည်။

ဟော . . . ယခု ဝက်တုပ်ကွေး (Swine Flu) ခေါ် မက္ကဆီကိုတုပ်ကွေးခေါ် (AH1N1) ရောဂါသည် တတိယကမ္ဘာ့နိုင်ငံ မက္ကဆီကိုကနေ စတင်ဖြစ်ပွားခဲ့ကာ ကမ္ဘာသို့ပျံ့နှံ့သည်။ လူအသေအပျောက်ရှိသည်။ အရှေ့အာရှ၊ အင်ဒိုချိုင်းနားနှင့် အရှေ့တောင်အာရှ အပူပိုင်းမကျတကျ၊ အပူပိုင်းဇုန်နိုင်ငံများ ကံကောင်းသွားခဲ့သည်။ ဒီတစ်ခါရောဂါသစ်က သူတို့ဆီက မစခဲ့။ အမေရိကတိုက်က စခဲ့သည်။ ယင်းနိုင်ငံသည်လည်း တတိယကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ပါ။

ဘာကြောင့် ဒီရောဂါသစ်တွေက ဆင်းရဲသားနိုင်ငံတွေမှာဖြစ်ရသလဲ။ ရာသီဥတုအကြောင်းတစ်ခုတည်းကြောင့်မဟုတ်။ စီးပွားရေးပြဿနာလည်းပါသည်။ စီးပွားရေးမကောင်း၍ လူနေမှုဘဝမဖွံ့ဖြိုး၊ လူနေမှုဘဝမဖွံ့ဖြိုးတော့ အသိဉာဏ်ပညာ နိမ့်ကျ၊ အသိဉာဏ်ပညာနိမ့်ကျတော့ ကျန်းမာရေးဗဟုသုတနည်း၊ ရောဂါဖြစ်ရန်လွယ်ကူသည်။ ယခုဆိုလျှင် ဒုတိယကမ္ဘာစစ်ပြီးတာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ တတိယကမ္ဘာနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ၏ အခြေအနေမှာ မဆိုစလောက်လေးပဲ တိုးတက်ဖွံ့ဖြိုးမှုရှိသည်။ ဤပုံနှင့်ဆိုလျှင် နောက်ကူးစက်ရောဂါအသစ်တစ်မျိုးပေါ်လာဦးမည်ဆိုက ဒီဒေသတွေကပဲ စဖို့ရှိသည်။

**ကိုဝမ်း**

www.foreverspace.com.mm

ယခင်လမှအဆက်



# ဆရာဇော်ဂျီ ရာပြည့်ပွဲ (၄)

သခင်တင်မြ

## အင်းသမားနဲ့ ပဋိပက္ခ

လယ်သမားဦးကြီးများက သူတို့ကြုံနေတဲ့လယ်သမားနှင့်အင်းသမားတို့ရဲ့ ပဋိပက္ခလည်း ပြောလိုက်သေးသည်။ သူတို့လယ်တွေထဲကဖြတ်စီးနေတဲ့အဖောင်ချောင်းရှိသည်။ ဒီအဖောင်ချောင်းဝဲယာမှာရှိတဲ့လယ်တွေက ရေသွင်းရေထုတ်ဖို့ ဒီချောင်းကိုပဲအားပြုနေရသည်။

အင်းသမားတွေက အဖောင်ချောင်းကို အပိုင်းပိုင်းကန့်ပြီး လေလံဆွဲသည်။ ယင်းတွေချ ပိုက်တွေထောင်ကြသည်။ တစ်ချောင်းလုံး ပိုက်ချက်က ၁၆ ချက်၊ ပိုက်ချက်တစ်ချက်လျှင် ချောင်းရေ သုံးလက်မ တက်သည်။ ပိုက်ချက်တွေနဲ့နီးရင် အဲဒီနားက လယ်သမားသေပေတော့။ နို့ပြီး ချောင်းတစ်ချောင်းမှာ ပိုက်ချက်တွေများရင် လယ်ထဲက ရေတွေမထုတ်နိုင်။ ရေက အိပြီးလျှံနေတော့သည်။

ပုစွန်ဖောင်တွေ အဖောင်ချောင်းမှာ ရှိတုန်းက ဒီလောက်ရေမလျှံ။ ပုစွန်ဖောင်က အပေါ်ရေလွှာထဲကူးလာတဲ့ ပုစွန်ကို ပိုက်နဲ့ ဖမ်းခြင်းဖြစ်သည်။ ဒါကြောင့် ပုစွန်ဖောင်က ရေစီးရေလာကို အတားအဆီးမဖြစ်လှ။ ဒါပေမဲ့ ပုစွန်ဖောင်က အစိုးရအတွက် အခွန်အရနည်းသည်။

အင်းသမားတွေရဲ့ငါးဖမ်းဆည်တွေက အခွန်တော်ငွေနှစ်ဆရသည်။ အစိုးရက လယ်သမားမျက်နှာမကြည့်။ ငွေမျက်နှာပဲ ကြည့်သည်ဟု လယ်သမားများက ပြောကြသည်။

ကျောင်းဆရာက ဝင်ပြောသည်။ “မြန်မာ့စီးပွားရေးသမိုင်းကို ပြန်ကြည့်ရင် သားငါးဖမ်းတဲ့အင်းလုပ်ငန်းဟာ ဘယ်ခေတ်ကမှ ပြည်သူအများစုရဲ့ အဓိကစီးပွားရေးလုပ်ငန်းမဖြစ်ခဲ့ဘူး။ မြန်မာပြည်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းဟာ လယ်ယာလုပ်ငန်းဖြစ်တယ်။ ဒါကြောင့် အစိုးရ တိုင်း လယ်သမားများရဲ့မျက်နှာ (လယ်ယာစီးပွားရေးလုပ်ငန်း) သာကြည့်ရမယ်”။ မှန်လိုက်တဲ့စကား၊ ကျောင်းဆရာရဲ့ ဒီစကားကို အစိုးရတိုင်း သတိပြုသင့်သည်။

လယ်သမားဦးကြီးများက ဆက်ပြောသည်။ ဖျာပုံနယ်မှာ ဘေးမဲ့ချောင်းတွေ အများအပြားရှိခဲ့သည်။ ဖ.ဆ.ပ.လ ခေတ်ကတည်းက အောင်ပင်လယ်သိန်းဖေ (ပြောက်ကျားဖြူခေါင်းဆောင်) က ဘေးမဲ့ချောင်းတွေအားလုံးကို လေလံချောင်းတွေ လုပ်ပစ်သည်။ လယ်သမားတွေ အခမဲ့သားငါးမရှာရတော့။ ငါး ပုစွန်တွေဈေးကြီးလာသည်။ ငါးပိ ငါးခြောက် ရှားပါးလာ

www.foreverspace.com.mm



သည်။ ဟိုတုန်းက လယ်သမားတွေ ဘေးမဲ့ချောင်းအားကိုးနဲ့ ငါးပိ ငါးခြောက် ဝယ်မစားရ။ ကိုယ်တိုင်လုပ်ပြီး နှစ်လုံးပေါက်စားနိုင်ခဲ့သည်။

ဦးစိုးလှိုင်ရဲ့ညီဝမ်းကွဲက ဖြတ်ပြောသည်။ "ဖ.ဆ.ပ.လတွေ အာဏာမဲ့နေတာတောင် အောင်ပင်လယ်သိန်းဖေက ဓားထက်နေတုန်းပဲ။ သခင်တင်မြ ရန်ကုန်ရောက်ရင် ဒီအခြေအနေကို ဗိုလ်ချုပ်နေဝင်းသိအောင် ပြောပြလိုက်ပါဦး"

ကျွန်တော် ပြောပြပါမည်ဟု ကတိပြုခဲ့သည်။

အင်းသမားများအကြောင်း ဆက်ပြောပြန်သည်။ ဘေးမဲ့ချောင်းတွေကို အောင်ပင်လယ်သိန်းဖေနဲ့ မြို့ပိုင်ပေါင်းပြီး လာဘ်ယူ တင်ဒါချောင်းလုပ်ပစ်ခဲ့သည်။ လယ်သမားတွေစုပြီး လိုင်စင်မဲ့လုပ်နေတဲ့ ယင်းတွေ ပိုက်တွေဖမ်း၊ မြို့ပိုင်ရုံးသွားပို့ကြသည်။ နောက်တစ်နေ့ရောက်တာနဲ့ ယင်းတွေ ပိုက်တွေက ချောင်းထဲ သူ့နေရာကို အခန့်သားပြန်ရောက်နေတာ တွေ့ရသည်။ လယ်သမားတွေလည်း စိတ်လျှော့ပြီး ပိုက်တွေကို မဖမ်းတော့။ မြို့ပိုင်ရုံးလည်း မပို့တော့။

ဒီကြားထဲ အင်းသမားတွေအချင်းချင်း ပိုက်ချက်လုထောင်ကြ၊ ရန်ဖြစ်ကြသေးသည်။ လယ်သမားတွေကတော့ ရပ်ရွာအေးချမ်းအောင်၊ အင်းသမားချင်း သင့်သင့်မြတ်မြတ်စည်းကမ်းရှိရှိနေကြဖို့ ကြားက ဝင်တောင်းပန်ရသည်။

## စိုက်ပျိုးရေးကိစ္စများ

ကျွန်တော်က စိုက်ပျိုးရေးဗဟုသုတအဖြစ် ရေနက်ကွင်းတွေမှာ စပါးစိုက်ပျိုးရေးအကြောင်း မေးကြည့်သည်။ လယ်သမားဦးကြီးတစ်ယောက်က ချက်ချင်းပြောပြသည်။ "ရေနက်ကွင်းမှာ တစ်ထောင်ပိုစပါးမျိုးစိုက်ရင် ရာသီဥတုအခြေအနေကြည့်ရမယ်။ လေငြိမ် ရေငြိမ်မှစိုက်။ ဒါဆို အောင်မြင်ပြီ။ လေထန် ရေထန်တဲ့နေရာမှာ စိုက်မိရင်တော့ စပါးပင်တွေဖြုတ်ထွက်၊ ဖြုတ်မထွက်ရင်လည်း အူနာကျပြီး စပါးပင်ငိုက်ကျသွားရော" တဲ့။

လယ်ယာအမတော်ကြေးကိစ္စ၊ လယ်သမားများရဲ့ဆန္ဒကို ပြောပြသည်။

အမတော်ကြေးပေးဖို့ မြို့ပိုင်နဲ့ဝန်ထောက်ကို အစိုးရက တာဝန်ပေးထားတာ အမှန်ပါ။ တော်လှန်ရေးကောင်စီခေတ်မှာ ဒီစနစ်ကို ပြောင်းပစ်သင့်သည်။

ကျုပ်တို့ သမိန်ထောက လယ်သမားကြီးတစ်ယောက် မနှစ်က လယ်ဧက ၇၀ လုပ်ခဲ့တယ်။ မနှစ်ကပျက်ခဲ့တဲ့ လယ် ၃၀ ဧကအတွက် ဒီနှစ် အမတော်ကြေးမပေး။ လယ်မပျက်တဲ့ ဧက ၅၀ အတွက်သာ အမတော်ကြေးပေးတယ်။ အမှန်က မနှစ်က ပျက်ခဲ့တဲ့လယ်အတွက် ပိုလို့တောင်ပေးသင့်တယ်။ ဖြစ်သင့်တာက အမတော်ကြေးကို ပေးသင့်မပေးသင့် အဆုံးအဖြတ် ကျေးရွာမြေယာကော်မတီကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသင့်တယ်။ နို့ပြီး ဖ.ဆ.ပ.လ ခေတ်ကလို လယ်သမားမဟုတ်သူတွေ ကျေးရွာမြေယာကော်မတီမှာပါနေတာမျိုး မဖြစ်သင့်၊ ကျွန်တော် ဤအချက်ကို အထူးသတိပြု မှတ်လိုက်သည်။

လယ်သမားကြီးတစ်ယောက်ကလည်း ယင်းကိစ္စထည့်ပြောခဲ့သည်။ ခေတ်အဆက်ဆက်က မိုးတွင်းအတွက် ထင်းကို စပါးတင်း ၂၀၀ ပါ သမ္ဗန်တစ်စီးစာ အခမဲ့ခုတ်ခွင့်ရသည်။ လွန်ခဲ့တဲ့ ၂နှစ်လောက်ကစပြီး သမ္ဗန်တစ်စီးစာထင်းကို နှစ်ကျပ်နှုန်းဖြင့် ကျုံကဒွန်းအကောက်ဆိပ်မှာ ဆောင်ရသည်။ ထင်းကိစ္စလည်း အရင်လို အခမဲ့ခုတ်ခွင့်ရှိသင့်သည်။

ဦးစိုးလှိုင်၏ညီဝမ်းကွဲ ကျေးရွာအုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူးက သူဖြေရှင်းမရတဲ့ သမိန်ထောရွာကွဲပြဿနာကို ပြောပြသည်။

သမိန်ထောရွာဟာ ခေတ်အဆက်ဆက်က နိုင်ငံရေးနိုးကြားခဲ့တဲ့ရွာဖြစ်သည်။ ဒါပေမဲ့ ခေတ်တိုင်းမှာ နိုင်ငံရေးအဖွဲ့နှစ်ဖွဲ့

**မြန်မာ့စီးပွားရေးသမိုင်းကို ပြန်ကြည့်ရင် ဘယ်ခေတ်ကမှ သားငါးဖမ်းတဲ့အင်းလုပ်ငန်းဟာ ပြည်သူအများစုရဲ့ အဓိကစီးပွားရေးလုပ်ငန်း မဖြစ်ခဲ့ဘူး။ မြန်မာပြည်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းဟာ လယ်ယာလုပ်ငန်း ဖြစ်တယ်။ ဒါကြောင့် အစိုးရတိုင်း လယ်သမားများရဲ့မျက်နှာ (လယ်ယာစီးပွားရေးလုပ်ငန်း) သာကြည့်ရမယ်။**

ဖြစ်ခဲ့သည်။ ဝံသာနုခေတ်တုန်းကလည်း ဦးချစ်လှိုင် ဂျီစီဘီအေနှင့် ဦးစိုးသိန်း ဂျီစီဘီအေ (General Councils of Burmen's Association) ခွဲရေးနှင့်တွဲရေး (အိန္ဒိယပြည်နဲ့ခွဲမလား၊ တွဲမလား) မှာလည်း နှစ်ကွဲ။ တို့ဗမာသခင်အစည်းအရုံးကျတော့လည်း သခင်ကိုယ်တော်မှိုင်း သခင်နဲ့ သခင်ဗစိန် သခင်။ ဘီအိုင်ခေတ်နဲ့ ဘီဒီအေခေတ်ရောက်တော့လည်း သခင်အဖွဲ့နဲ့ ဒေါက်တာဘမော်အဖွဲ့။ စစ်ပြီးတော့ ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်။ ကွန်မြူနစ်တွေတောခိုသွားတော့ ဆိုရှယ်လစ်နဲ့ ဆိုရှယ်နီ ဂိုဏ်းကွဲအဖွဲ့ကွဲတဲ့အဖြစ်က မရပ်တော့ဘူး။ ခုတော်လှန်ရေးကောင်စီခေတ် ဒီရွာမှာ နိုင်ငံရေး နှစ်ဖွဲ့မဖြစ်ပေမယ့် တောင်ပိုင်းနဲ့ မြောက်ပိုင်း ကွဲနေရက်ပဲ"

ဦးစိုးလှိုင်က သူ့ညီစကားကို ဖြတ်ပြောလိုက်သည်။

"ဒါက ရေခံမြေခံရှိနေလို့ ကွဲတာကွ။ ဒီရွာမှာက တောင်ပိုင်းက လယ်သမားဆင်းရဲသားအပိုင်းတို့ မြောက်ပိုင်းကမြေရှင် လူချမ်းသာအပိုင်း။ တို့အဖေနဲ့ မင်းတို့အဖေလည်း မြေရှင်တွေပဲ။ ဒါက လူတန်းစားပြဿနာ။ သခင်တင်မြ ဒီရွာမှာက ဘုန်း

www.foreverspace.com.mm

ကြီးကျောင်းက နှစ်ကျောင်း။ တရုတ်ကုန်စုံဆိုင်ကြီးက နှစ်ဆိုင်။ လာသမျှကို ခွဲပစ်နေတာ။ ခု မြေရှင်စနစ်အားနည်းသွားတော့မှ ဒီကျောင်းကွဲ ရွာကွဲပြဿနာ ပျောက်သလောက်ဖြစ်လာတာ”

ဤသည်မှာ သမိုင်းနှင့်ချီဖြစ်ပျက်ခဲ့သော ကျေးလက်စီးပွားရေးဘဝ၏ သွင်ပြင်လက္ခဏာပင်ဖြစ်ပေသည်။

## ဖျာပုံမြို့က ဦးတင်ဦး

ကျွန်တော်တို့ ၁၉–၄–၆၃ နေ့တွင် ဖျာပုံမြို့ပြန်ရောက်လာသည်။ ညစာစားပြီးသည်နှင့် ဦးစိုးလှိုင်က သူ့မိတ်ဆွေ၊ ဦးတင်ဦး (ဖျာပုံမြို့နီစပယ်အဖွဲ့ ဥက္ကဋ္ဌဟောင်း) အိမ် ကျွန်တော့်ကို ခေါ်သွားသည်။ ကျွန်တော်နဲ့ဦးတင်ဦးကို မိတ်ဆက်ပေးသည်။

“ကိုတင်ဦးက ကိုယ်နဲ့ ရဲဘော်ရဲဘက် ဂျပန်ခေတ်ပြည်သူ့အရေးတော်ပုံပါတီတုန်းကလည်း အတူတူ။ စစ်အပြီး ဆိုရှယ်လစ်ပါတီဖွဲ့တော့လည်း တစ်ဖွဲ့ထဲ။ ကိုယ်က ဒု–ဥက္ကဋ္ဌ၊ သူက တွဲဖက်အတွင်းရေးမှူး”

ကျွန်တော်က ဖြတ်မေးလိုက်သည်။

“ဥက္ကဋ္ဌနဲ့အတွင်းရေးမှူးက ဘယ်သူတွေလဲ”

“ဥက္ကဋ္ဌက ဦးဝင်း (ဖ.ဆ.ပ.လခေတ် သာသနာရေးဝန်ကြီး)၊ အတွင်းရေးမှူးက မြလှိုင် (မ.ဆ.လ ခေတ် နောက်ပိုင်း ‘ပေဖူးလွှာ’ မဂ္ဂဇင်း ထုတ်ဝေသူ ဒေါ်ခန့်ခန့်ကြီး (စာရေးဆရာမ ပတ္တမြားခင်၏ ခင်ပွန်းဟောင်း) အဲ ကိုယ်က ဆိုရှယ်နီဖြစ်ပြီး ရန်ကုန်ပြောင်းသွားတော့ ကိုတင်ဦးက ဆိုရှယ်လစ်ပါတီ ဒု–ဥက္ကဋ္ဌအဖြစ် ဒီမြို့မှာ ကျန်ရစ်တယ်။ ဖ.ဆ.ပ.လ အကွဲမှာ သန့်ရှင်းဖြစ်ပြီး ဦး ဗိုလ်နဲ့ သခင် အကွဲမှာတော့ နိုင်ငံရေးခါတ်ပျက်ပြီး ထွက်ထိုင်နေတဲ့လူ၊ သူကသူဌေး ရပ်ရှင်ရုံပိုင်ရှင်” ဟု ဆက်ရှင်းပြသည်။

ဦးတင်ဦးက “ကျန်သေးတယ်၊ ကျန်သေးတယ်” ပြောပြီး သူ့အဖြစ်ကို ပြောပြပါသည်။



“ဦးကျော်ငြိမ်းက ကျုပ်ကို တည်မြဲ ဖ.ဆ.ပ.လအဖြစ် သိမ်းသွင်းတယ်။ မရတော့ ဒေါပွတယ်။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ကျုပ်က သန့်ရှင်းဘက်ပါပြီး ကိုသိန်းဟန် (ဆရာဇော်ဂျီ) ရဲ့ညီ ကွန်မြူနစ်ဟောင်း၊ မောင်လှသောင်းကို အရွေးခံစေတယ်။ မောင်လှသောင်း အရွေးခံရတယ်။ ဒါနဲ့ ကျုပ်ရဲ့ဆန်စက်ကို အောင်ပင်လယ်သိန်းဖေတပည့်ခုနစ်ယောက်က မီးရှို့လိုက်တယ်။

သူတို့ အာဏာရှိတုန်းကတည်းက သိန်းဖေကို မွေးထားတာ။ သိန်းဖေ သောင်းကျန်းလွန်းတာကြောင့် လူထုက ဦးနုကို လှမ်းတိုင်တယ်။ သိန်းဖေအကြောင်း သတင်းစာထဲပါတာကတော့ သူတို့လက်ချက်ပေါ့။ ဦးစိုးလှိုင်ကို လက်ညှိုးထိုးပြသည်။ ဦးစိုးလှိုင် ဘာမျှမပြော၊ ပြုံးရှိသာနေသည်။

“ဒီတော့ ဝန်ကြီးတင်ညွန့်က ဖျာပုံဆင်းလာပြီး သိန်းဖေအကြောင်း စုံစမ်းတယ်။ သိန်းဖေက လူလည်ပဲ။ တင်ညွန့်လောက်တော့ အသာခွေထားလိုက်တယ်။ တင်ညွန့်ဘာကြိုက်တယ်ဆိုတာသိတာပေါ့။ ကားတစ်စီးနဲ့ လာဘ်ထိုးလိုက်တာနဲ့ တင်ညွန့်လည်း ပါးစပ်ပိတ်သွားတာပေါ့”

“လွတ်လပ်ရေးမရမီ ဆိုရှယ်လစ် ကွန်မြူနစ်ပြည်သူ့ရဲဘော်တွေအားလုံး နိုင်ငံရေးရန်ပုံငွေဆိုပြီး ဓားပြတိုက်ကြ

www.foreverspace.com.mm

တယ်။ ပြည်သူ့ရဲဘော်နဲ့ ကွန်မြူနစ်က စည်းရှိတယ်။ ကိုယ်ကိုထောက်ခံတဲ့ရွာနဲ့ လူတွေကို မတိုက်ဘူး။ ဆိုရှယ်လစ်တွေက တော့ 'ဘနဖူးသိုက်တူးသမားတွေ' ပိုက်ဆံ ရှိရင် ကိုယ့်ရွာကိုယ့်လူလည်း မရှောင်ဘူး။ တိုက်တာပဲ။ ဖျာပုံဆိုရှယ်လစ်ပါတီ ဒု-ဥက္ကဋ္ဌကြီးလည်း အလွတ်မပေးဘူး" (ဦးစိုးလှိုင်ကိုကြည့်၍ ပြောသည်။)

ကျွန်တော့်ကို သူဓားပြတိုက်ခံရပုံ ဦးစိုးလှိုင်က ပြောပြဖူးသည်။ တစ်နေ့ သူ သမိန်ထောရွာရောက်နေစဉ် တစ်ရွာလုံးကို ဓားပြတပ်က စီးပြီး ဓားပြတိုက်ခံလိုက်ရသည်။ သူ့ဦးကြီးအိမ်ရောက်နေတဲ့သူလည်း မလွတ် လက်ကနာရီကိုချွတ်ယူခံရသည်။ နောက်တော့ ဒီဓားပြတွေဟာ ဆိုရှယ်လစ် ဓားပြတွေဖြစ်ကြောင်း အားလုံးသိကြသည်။ ဒါပေမဲ့ မပြောရဲ။ ပြောပါက အသတ်ခံရမည်။ ဤတွင် ဆိုရှယ်လစ်ပါတီကို သူစိတ်ပျက်ပြီး ၁၉၅၃ ခုနှစ်မှာ ဆိုရှယ်နီ ဖြစ်။ ဖျာပုံမှာမနေရဲတာကြောင့် သူ့အိမ်ထောင်တစ်ခုလုံး ရန်ကုန်ပြောင်းခဲ့ခြင်းဖြစ်သည်။

ဦးတင်ဦးက ဆက်ပြောသည်။ "ဗိုလ်ချုပ်နေဝင်းက ဗိုလ်အောင်ကြီးကိုဖြုတ်ပစ်တာ ထောက်ခံတယ်။ ဗိုလ်အောင်ကြီးက သူ့ညီအောင်လေး (ပေါင်းတည်ဆန်စက်ပိုင်ရှင်) ကို အင်းဝဘဏ် (တပ်မတော်ဘဏ်) က စပါးဝယ်ဖို့ ငွေထုတ်ချေး (Bank's Draft) ခဲ့တယ်။ ဒီလိုမလုပ်ဖို့ ဗိုလ်ချုပ်နေဝင်းက စည်းကမ်းသတ်မှတ်ထားတာ၊ ဗိုလ်အောင်ကြီးက လက်သိတ်ထိုးလုပ်ပေးတာ ပေါ်သွားပြီး အရေးယူခံရတာဖြစ်တယ်"

"သခင်နုလည်း မလုပ်သင့်တာတွေ လုပ်ခဲ့ပြီး နိုင်ငံရေးစတန့်ထွင်လွန်းတော့ မနိုင်မနင်းဖြစ်။ ပ.ထ.စကွဲတာကြောင့် ၆၂ ခုနှစ်မှာ တပ်က အာဏာသိမ်းတာခံလိုက်ရတယ်"

"အနားယူချင်ပြီလို့ မကြာခဏပြောနေတဲ့ သခင်နု ခုတော့ ထောင်ထဲမှာ ကောင်းကောင်းအနားရနေပြီ" ဟုပြောပြီး အဆုံးသတ်သည်။

ကျွန်တော်တို့ စကားဝိုင်းသိမ်းပြီး ပြန်ဖို့နှုတ်ဆက်တော့ ဦးတင်ဦးက နောက်ဆုံးစကားအဖြစ်–

"ကိုစိုးလှိုင်ရေ ကျုပ်တို့ကြိုက်ကြိုက် မကြိုက်ကြိုက် တော်လှန်ရေးအစိုးရ ပြုတ်မကျပါစေနဲ့လို့ ဆုတောင်းနေရတယ်။ တကယ်လို့ ပြုတ်ကျသွားရင် တပ်ထဲက ဆိုရှယ်လစ်တပ်မှူးတွေနဲ့ အပြင်က ဆိုရှယ်လစ်တွေပေါင်းပြီး အာဏာရသွားနိုင်တယ်။ သူတို့သာ အာဏာရလို့ကတော့ တိုင်းပြည် ငါးပါးမှောက်ပြီ"

ကျွန်တော်နှင့် ဦးစိုးလှိုင် ၂၀-၄-၆၃ နေ့ နံနက်စောစော သင်္ဘောဖြင့် ရန်ကုန်ပြန်ခဲ့သည်။ ရန်ကုန်ပြန်ရောက်သည်နှင့် ကျွန်တော်လေ့လာရေးအစီရင်ခံစာကို အမြန်ရေးပြီး လမ်းစဉ်ပါတီအထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောမြင့် (ယခု မဟာသီမဂ္ဂဇင်းတိုက်ပိုင် စာရေးဆရာ မှူးသမိန်) မှတစ်ဆင့် ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်နေဝင်းထံ တင်ပြလိုက်ပါသည်။

## ရာပြည့်အခမ်းအနား

၈-၄-၂၀၀၇ နေ့ ညနေ ၄ နာရီတွင် ညနေစာထမင်းကျွေးသည်။ ကျွန်တော် ထမင်းမစားပါ။ ဟင်းချိုသာသောက်သည်။

ညနေ ၅ နာရီတွင် ဆရာဇော်ဂျီ ရာပြည့်အခမ်းအနား ကြေးရုပ်ဖွင့်မည့်နေရာသို့ သွားကြဖို့ ကျောင်းတံခါးဝတွင် လူစုကြသည်။ အချို့က ကားဖြင့်သွားကြမည်။ ဘယ်လောက်ဝေးလည်း မေးကြည့်တော့ မဝေးပါဟုပြောသဖြင့် ကျွန်တော်တို့ ခြေလျင်လျှောက်သည်။ ကိုကျော်အောင်၊ မောင်ဝံသ၊ အဏ္ဏဝါစိုးမိုး၊ ကိုစိုးမြင့် လူလတ်လူရွယ် အားလုံးဖြစ်သည်။ သူတို့အထဲတွင် ကျွန်တော်က အသက်အကြီးဆုံးဖြစ်နေသည်။

ကျိုက်လတ်နဲ့ ဒေးဒရဲသွား ကားလမ်းဆုံတွင် စာကြည့်တိုက်နှင့် ဆရာဇော်ဂျီကြေးသွန်းရုပ်ကို တွေ့ရသည်။ ကြေးသွန်းရုပ်က ခေါင်းပိုင်းပုံ သိန်း ၄၀ ကုန်သည်တဲ့။ စာကြည့်တိုက်က အမိုးမရှိ တံခါးများ မတပ်ရသေး။ ကြမ်းလည်း မခင်းရသေး။ အုတ်တိုက် အကြမ်းထည်ပဲပြီးသေးသည်။ မလှမ်းမကမ်းမှာက ဇာတ်စင်နှင့် ဆိုင်းဝိုင်းနှင့်။ ၅ နာရီခွဲတွင် ကြေးသွန်းရုပ်ဖွင့်ပွဲကို စတင်သည်။ ကြေးသွန်းရုပ်တုကော်မတီဥက္ကဋ္ဌ စာရေးဆရာချစ်စံဝင်းက အမှာစကားပြောသည်။

ကြေးသွန်းရုပ်ကို ဖဲကြိုးဖြတ်ဖွင့်ပေးသူများက ရန်ကုန်မှ ကြေးသွန်းရုပ်တု ပြုလုပ်ရေးကော်မတီ နာယက သူရသန်းလှိုင်နှင့် ဆရာဇော်ဂျီ၏ ညီမဒေါ်လှမြင့်တို့ဖြစ်သည်။ ဖွင့်ပွဲပြီးတော့ မလှမ်းမကမ်းမှာရှိတဲ့ ဇာတ်စင်ရှိရာသို့ပြောင်းခဲ့သည်။ ဆိုင်းချီသံကို စပီကာနှစ်ခုမှကြားရသည်။ နားလေးသည့် ကျွန်တော့်နားပင် မခံသာအောင် အသံကကျယ်ဟိန်းနေသည်။ ဒါကြောင့် နောက်ဆုံးတန်း ကုလားထိုင်မှာ နေရာယူရသည်။

ပဏ္ဍာမတီးလုံးက အတော်ကြာသည်။ ကြေညာသူက 'နေရာယူကြရန်' မကြာခဏအော်နေရသည်။ ရန်ကုန်ကလာသည့်ပရိသတ်ကနည်းနည်း။ မြို့ခံပရိသတ်ကများများ။ သည်အထဲတွင် ကလေးများနှင့်သားသည် အမေများပါ ပါနေသည်။ ကလေးများက ဟိုပြေးဒီလွှား။ နို့စို့အရွယ်

**ကျုပ်တို့ကြိုက်ကြိုက် မကြိုက်ကြိုက် တော်လှန်ရေးအစိုးရ ပြုတ်မကျပါစေနဲ့လို့ ဆုတောင်းနေရတယ်။ တကယ်လို့ ပြုတ်ကျသွားရင် တပ်ထဲက ဆိုရှယ်လစ်တပ်မှူးတွေနဲ့ အပြင်က ဆိုရှယ်လစ်တွေပေါင်းပြီး အာဏာရသွားနိုင်တယ်။ သူတို့သာ အာဏာရလို့ကတော့ တိုင်းပြည် ငါးပါးမှောက်ပြီ။**

www.foreverspace.com.mm

ကလေးငယ်များက ငို၊ မိခင်များ ကလေးပိုက်၍ ပရိသတ်ထဲမှ အပြင်ထွက်ကြရသည်။

စာပေဟောပြောပွဲကို နာရီဝက်ခန့်ကြာမှ ဖွင့်နိုင်သည်။

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးချစ်က ရာပြည့်အခမ်းအနားကို ဖွင့်ပေးပြီးနောက်ဖျာပုံက ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံဦးက သူ့ရဲ့ငယ်ဘဝနှင့် ဆရာဇော်ဂျီ၏စာပေကျေးဇူးတို့ကို ဂုဏ်ပြုပြောဆိုသည်။ ဆရာဇော်ဂျီ၏ အတ္ထုပ္ပတ္တိကိုလည်းသီကုံးဖွဲ့နွဲ့သွားသည်မှာ မှတ်သားစရာပင်။ သို့ရာတွင် လေရှည်လှသည်။ ထို့ကြောင့်ပရိသတ်ကမငြိမ်၊ ထလိုက်ထိုင်လိုက်ဝင်လိုက်ထွက်လိုက်။ ပရိသတ်ကို အကဲမခတ်တတ်။ ကြာတော့ ပရိသတ်က သူ့အပြောကို လက်ခုပ်သံဖြင့် မကျေနပ်ကြောင်း ဆန္ဒပြသည်။ ကိုယ်တော်ချောကအပြောမရပ်။ ပရိသတ်သည် ဆရာဇော်ဂျီကို လေးစားလွန်းသဖြင့်သာ အောင့်အည်းသည်းခံနေပုံရသည်။ ကြာလျှင်ခက်တော့မည်ဟုစိုးရိမ်မိသည်။ သူ့မိန့်ခွန်းတစ်နာရီကျော်ကြာမှ ရပ်တော့သည်။

မင်းယုဝေက ဆရာဇော်ဂျီ၏ကဗျာပါရမီနှင့်စွမ်းရည်ကို ဟောပြောသည်။ သမ္ဘာရင့်စာပေဟောပြောသူဖြစ်သဖြင့်ပရိသတ်အသာကြည့်ပြီး နာရီဝက်ခန့်ဖြင့်ရပ်လိုက် တီးလိုက်ကြသည့် လက်ခုပ်သံတစ်ကွင်းလုံးညံသွားသည်။

သည်တစ်ခါ သုမောင်အလှည့် စန္ဒရားလုထွင့်၏ 'မြန့်စိတ်နေ စိတ်ထား' သီချင်းကို ဆိုင်းနောက်ခံဖြင့် မြိုင်မြိုင်သီဆိုသည်။ သုမောင်ဆိုတာက လူကြီး၊ လူငယ်နဲ့ ပျိုမေတို့အကြိုက်မဟုတ်လား။ နားထောင်သူများကပါ သူ့အဆိုကို လက်ခုပ်ဖြင့် စည်းလိုက်ပေးကြသည်။ စင်ပေါ်သို့ဦးစွာတက်ကသူက ဖျာပုံသူ ကလေးမရွှေရည်ဝင်းထက်ဖြစ်သည်။ သည်ကလေးမနှင့်အပြိုင်တက်ကသူများက ဆောင်းဝင်းလတ်နှင့် ချစ်စံဝင်း။ ကလေးမလေးအက



က ငြိမ့်ညောင်းလှသည်။ ဆောင်းဝင်းလတ်နဲ့ ချစ်စံဝင်းတို့နှစ်ယောက်ရဲ့အကကို လူပြက်အကလို့ အမည်မှည့်နိုင်သည်။ သည်အခန်းကို ပွဲကြည့်ပရိသတ်က ကြိုက်ကြသည်။

သုမောင်က အေဝမ်းဆရာညွှာရဲ့ ပြည်တော်ဝင်သီချင်း (ကျွန်တော်တို့ အများသိတာက သင်္ကြန်မိုးသီချင်း) ဆက်ဆိုသည်။

သည်အခန်းပြီးတော့ စာပေပြိုင်ပွဲတွင် ဆုရသူများရဲ့အမည်ကြေညာပြီး ဆုပေးသည်။ ဆုရသူများမှာ ပထမ မခင်နု (ဒဿန)၊ အေးငယ်ငယ် (မိုးညှင်း)၊ တတိယ စစ်တွေညိုသန့်၊ အထူးဆု နန္ဒ (အောင်လံ) တို့ ဖြစ်ကြသည်။ ဆုပေးသူက ဖျာပုံခရိုင်ဥက္ကဋ္ဌ။ ဆုရသူတစ်ဦးဖြစ်သည့် တက္ကသိုလ်ဆရာမ မခင်နု (ဒဿန) ကျေးဇူးတင်စကားပြောသည်။ သူ့စကားတွင် သူစာပေဆုရသည်မှာ ဆရာဇော်ဂျီရဲ့စာပေကျေးဇူးကြောင့်ဖြစ်ကြောင်း ရှင်းပြသွားသည်။

ကျွန်တော်တို့ရဲ့ရှေ့ခုံတန်းတွင် နေရာယူခဲ့သည့် မြန်မာ့အလင်း ဦးသန်းညွန့် သူ့ရောဂါကြောင့် ကြာကြာမထိုင်နိုင်။ ကိုကျော်အောင်၊ ကိုကျော်စိန်ဝင်းနှင့် လူငယ်နှစ်ယောက်က တည်းခိုရာသို့ပြန်ပို့သည်။

စေတနာပေါက်လာသည့် မြို့ခံပွဲကြည့်ပရိသတ်တစ်ဦးက အဆိုတော် သုမောင်နှင့် အကရှင်များဖြစ်သည့် ရွှေရည်ဝင်းထက်၊ ချစ်စံဝင်းနှင့် ဆောင်းဝင်းလတ်

www.foreverspace.com.mm

တို့ကို ကျပ် ၂၀,၀၀၀ စီဆုချသည်။ သုမောင်နှင့် ရွှေရည်ဝင်းလတ်က ငွေလက်ငင်း၊ ချစ်စံဝင်းနှင့် ဆောင်းဝင်းလတ်က အကြွေးဖြစ်ကြောင်း အစီအစဉ်တင်ဆက်သူက ကြေညာသွားသည်။ ဒါကိုလည်း လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ပရိသတ်က သြဘာပေးကြသည်။

အားလုံးမျှော်လင့်နေသည့် အထူးသဖြင့် ရန်ကုန်ပရိသတ်မျှော်လင့်နေသည့် ဖျာပုံရာမလာပါပြီ။ ပထမ ကရောင်းရိုက်သံကိုက ယိုးဒယားသံ၊ ဘီလူးကဟန်ကို ဖျတ်ခနဲမြင်မိသည်။ ရာမဇာတ်မဟာကို ခုနစ်ည ခုနစ်လီကရသည့်ဇာတ် တစ်နာရီကြာသာပြသမည့် ဇာတ်ကွက်၊ ဘယ်အခန်းများပါလိမ့်။ ဘိုးတော်၊ ရာမနဲ့လက္ခဏာတို့ လေးတင်ပွဲအသွား၊ တောလမ်းခရီး တောတောင်ဘွဲ့ကို အမူအရာ ဆိုင်းနောက်ခံတီးလုံးဖြင့် သရုပ်ဖော်သည့်အခန်း၊ သီချင်းက ယိုးဒယားဖိန်းချားလေး ထင်ပါ့။ တီးလုံးနှင့်တေးသံက ငြိမ့်ငြိမ့်ညောင်းညောင်း၊ သည်အခန်းအစား ဆိုင်းသံနှင့် ကဟန်မြိုင်လှသည်။ 'သမင်လိုက်ခန်း ဒါမှမဟုတ် လေးတော်တင်ခန်း' ကြည့်ချင်သည့်အာသီသမပြေခဲ့ပါ။

ဖျာပုံရာမကိုမကြည့်ရသည်မှာ နှစ်ပေါင်း ၆၀ ရှိခဲ့ပြီ။ ၁၉၄၅ ခုနှစ်က တော်လှန်ရေးအပြီး ဖျာပုံရောက်စဉ် ခုနစ်ညတိုင် တစ်ဝကြီး ဖျာပုံရာမဇာတ်ကို ကြည့်ခဲ့ဖူးသည်။ ခု တစ်ပိုင်းတစ်စ ရာမဇာတ်ကြောင့် အာသာမပြေဖြစ်ခဲ့ရသည်။ ဇာတ်ပြီးကာနီးတွင် အိပ်ချင်လာသဖြင့် မောင်ဝံသနှင့်နှစ်ယောက် ဆိုက်ကားစီး၍ တည်းခိုဆောင်သို့ ပြန်ခဲ့သည်။ ကျွန်တော်တို့အရင်ရောက်ပြီး အိပ်နေသူများအကြားတွင် ဝင်အိပ်လိုက်သည်။

ကျွန်တော် အပြန်စောသွားသည်။ အစီအစဉ်ပြီးကာနီးဟု ထင်ခဲ့သည်။ မပြီးပါ။ နောက်ဆက်သည်က မောင်ဆုရှင်၊ မောင်မြင့်ကြိုင်နှင့် မောင်ခင်မင် စာပေဟောပြောပွဲနှင့် ရာမဇာတ်တစ်ကျော့စီပြခြင်းဖြစ်သည်။ ကျွန်တော်ကြည့်လိုသည့် ရာမလေးတင်ခန်းပြသေးသည်တဲ့။

## အပြန်ခရီး

၉-၄-၂၀၀၇ နေ့ မနက် ၅ နာရီကပင် ဆရာပါရဂူနှင့် မောင်ရဲထက်တို့ ကားငယ်ဖြင့် ရန်ကုန်သို့ပြန်သွားသည်။ ကျွန်တော်တို့လူစု စားသောက်ဆောင်တွင် လက်ဖက်ရည်သောက်ပြီး ဖျာပုံတံတားကြီးအောက်မှ 'သမာဓိ' အမည်ရှိ မှန်လုံကားနှစ်စီးဖြင့် ရန်ကုန်ပြန်ကြမည်။ ရာပြည့်ကျင်းပရေးအဖွဲ့ဝင်များဖြစ်သည့် ဖျာပုံမောင်ဆွေယဉ်၊ ကိုမြင့်ကြိုင်တို့ ကားပေါ်တက်လိုက်ဆင်းလိုက်ဖြင့် အလုပ်များနေသည်။ ရန်ကုန်ကလာသူ စုံမစုံကြည့်ရသည်မှာ မောလှသည်။

ဆရာဇော်ဂျီ ကြေးသွန်းရုပ်အနီး လမ်းဘေးဆိုင်းဘုတ်ကိုကြည့်တော့ ကျိုက်လတ်ကို ၁၂ မိုင်နှင့် တစ်ဖာလုံဝေးသည်။ ၇ နာရီခွဲတွင် ဖျာပုံမှ ကားနှစ်စီးထွက်ခဲ့သည်။ ကတ္တရာလမ်းက ပျက်လိုက်ပြင်လိုက်လမ်း။ မကြာခဏ 'လမ်းပြင်နေသည်' ဆိုင်းဘုတ်များတွေ့ရပြီး ကားကိုလမ်းဘေးချမောင်းခဲ့ရသည်က အကြိမ်ကြိမ်။ နံနက် ၈ နာရီ ၁၂ မိနစ်တွင် ကျိုက်လတ်မြို့စွန်ရောက်သည်။ ဦးစန္ဒာလမ်းမှ မြို့တွင်းဝင်ခဲ့သည်။ မြို့မရပ်ကွက်တွင် ၁ လမ်းမှ ၁၁ လမ်းအထိ ဆိုင်းဘုတ်များ တွေ့ခဲ့ရသည်။ ဘယ်ဘက် အုန်းပင်၊ ကွမ်းသီးပင်နှင့် သစ်ပင်များအကြားမှ ပန်တပွတ်မြစ်ကို လှမ်းကြည့်သော်လည်း မမြင်ခဲ့ရပါ။ မြို့အထွက်လမ်းပေါ်တွင် တံတားတစ်ခုရှိသည်။ မအူပင်သို့ အကွာအဝေးဆိုင်းဘုတ်ကို မကြည့်ခဲ့ရ။ ကျိုက်လတ်မြို့ကထွက်ပြီး ၁၅ မိနစ်အကြာတွင် ကားလမ်းကိုဖြတ်ပြီး တာရိုးတစ်ခုတည်ဆောက်နေသည်။ ဆိုင်းဘုတ်က 'ရေအရင်းအမြစ်အသုံးချရေးဌာန' တဲ့။ ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ခံဖြစ်မည်။

နံနက် ၉ နာရီနှင့် ၅ မိနစ်တွင် မြို့ရှောင်လမ်းမှ မအူပင်မြို့ကို ညာဘက်တွင်ထား၍ မအူပင်တံတားထိပ်ရောက်သွားသည်။ ဘယ်ဘက်က ရေနံတူးစင်များကို အာရုံပြုခဲ့သဖြင့် မအူပင်နှင့် ကျိုက်လတ် ဘယ်နှမိုင်ဝေးသည်ကို မသိခဲ့ပါ။

မအူပင်တံတားကိုဖြတ်ပြီးတော့ တံတားထိပ်ဆိုင်းဘုတ်က ဆားမလောက်သို့ ၂၂ မိုင်ဟု ရေးထားသည်။ မအူပင်တံတားထိပ်မှ သုံးမိုင်ခန့်အကွာ ဘယ်ဘက်တွင် ကွန်ကရစ်မြောင်းနှင့် ရေထိန်းတံခါးတစ်ခုတည်ဆောက်နေဆဲ တွေ့ရသည်။ မြောင်းထဲတွင် ရေမရှိပါ။ မိုးအမီ ဆောက်နေခြင်းဖြစ်သည်။ ဆိုင်းဘုတ်ကိုကြည့်တော့ 'ဝါးတောကျင်ဖော်' တဲ့၊ လှလိုက်တဲ့ရွာအမည်။ သည်ရွာနှင့် မလက်တို ဝေးပုံမရပါ။

တစ်ဖန် သုံးမိုင်လောက်သွားမိတော့ ရေထိန်းတံခါးနှင့် ရေမြောင်း။ သူကတော့ အဟောင်းပါ။ သည်လိုနှင့် ဆားမလောက်ရွာရောက်သည်။ ရန်ကုန်နှင့် ၂၈ မိုင်ကွာဝေးသည်။ အဲဒီကနေ မယ်စလီရေထိန်းတံတား၊ ဘယ်ဘက်က ပန်းလှိုင်မြစ်။ မယ်စလီတံတားကျော်ပြီး ရဲစခန်းချက်ပွိုင့်တွင် ခေတ္တကားရပ်။ မကြာပါ၊ ကားလမ်းဘေးက 'ရန်ကုန်တိုင်းက ကြိုဆိုပါ၏' ဆိုင်းဘုတ်ကို ချန်ထားခဲ့ပြီး လှိုင်သာယာအဝေးပြေးကားဂိတ်ကိုရောက်သည်။ နာရီကြည့်တော့ ၁၁ နာရီခွဲ။ မအူပင်မှ ရန်ကုန် မိုင် ၄၀ ခရီး ၁ နာရီနှင့်ရောက်သည်ဆိုတော့ လမ်းကောင်း၍ဖြစ်သည်။

အဝေးပြေးကားဂိတ်တွင် ရွှေဥဒေ့သည် (၂) မှန်လုံကားသစ်များကို ပြောင်းစီးရသည်။ ပုံသေကားခက ၂၀၀ ကျပ်ဖြစ်သည်။ မြို့ထဲ ၁၅ လမ်းကားဂိတ်အရောက် ၁ နာရီကြာသည်။ လမ်းကောင်းပါသည်။ ကားတွေရှုပ်လွန်းသဖြင့် ဖြည်းဖြည်းမောင်းရသည်။ ဒါကြောင့် သည်ခရီး သည်မျှကြာခြင်းဖြစ်သည်။

၁၆ လမ်းအိမ်ရောက်တော့ ည ၁၂ နာရီခွဲ။ ဖျာပုံဆရာဇော်ဂျီရာပြည့်ခရီး ဤတွင်ပြီးဆုံးပါသည်။

**သခင်တင်မြ**

www.foreverspace.com.mm

ယခင်လမှအဆက်


Mittal

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၂၄

ဦးလှဝင်း (လေသူရဲတစ်ဦး)

သူရခဲ့ဖူးတဲ့ဆုတွေကတော့ အများကြီးပါပဲခင်ဗျား။

ကမ္ဘာမှာ တတိယအချမ်းသာဆုံး သူဌေးဘဝကိုရောက်အောင် လုပ်ခဲ့နိုင်တဲ့လူဟာ ဆုတံဆိပ်တွေအများကြီးရခဲ့ဖူးတယ်ဆိုတာလည်း ဘာမှမဆန်းပါဘူး။

သူ ဘာကြောင့် ဒီလောက်ချမ်းသာခဲ့ရတာလဲ။

သူ့ရဲ့သူဌေးဖြစ်နည်း လျှို့ဝှက်ချက်တွေက ဘာလဲ။

ဒီမေးခွန်းတွေရဲ့အဖြေက ဒီနေ့လူတွေအားလုံးစိတ်ဝင်စားနေကြတဲ့ အဖြေပါပဲခင်ဗျား။

ဒီအဖြေနှင့်ပတ်သက်ပြီး ကမ္ဘာ့စာနယ်ဇင်းတွေမှာလည်း အမျိုးမျိုး ရေးခဲ့ကြဖူးတယ်။ သူ့မိခင်နိုင်ငံဖြစ်တဲ့ အိန္ဒိယရဲ့ စာနယ်ဇင်းတွေမှာလည်း အမျိုးမျိုးရေးဖူးတယ်။

အဖြေက တစ်ခုတည်းမဟုတ်ဘူးခင်ဗျား။

အမျိုးမျိုးဖြစ်နေတယ်။

ဒါကြောင့် ဒီအဖြေတွေကို ကျွန်တော်သုံးသပ်ပြီး ကျွန်တော့်အမြင်ကိုပဲ ယေဘုယျသဘောမျိုး တင်ပြချင်ပါတယ်။

ပထမဆုံး သူချမ်းသာရတာ၊ သံမဏိစီးပွားလောကမှာ အောင်မြင်ရတာက သူ စာရင်းအင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် နားလည်လို့ပါပဲ။

မှန်တယ်ခင်ဗျား။

သူ့မိသားစု Culcutta မြို့ကိုပြောင်းလာပြီး St.Xavier ကောလိပ်ကို တက်တုန်းက စီးပွားရေး (Commerce) ပညာဘာသာရပ်ကို အထူးလေ့လာခဲ့ပါတယ်။

အောင်တော့လည်း ရိုးရိုးအောင်တာမဟုတ်ဘူး။ စီးပွားလုပ်ငန်းနှင့် စာရင်းအင်းပညာ (Business and Accounting) ဘာသာရပ်မှာ ထူးထူးချွန်ချွန်အောင်ခဲ့တာ။

သူဌေးကြီးမစ်တယ်ဟာ ကျောင်းပညာသင်စဉ်ကလည်း တော်သူဖြစ်ပါတယ်။ ပထမအဆင့် ဉာဏ်ကောင်းတဲ့ကျောင်းသားတစ်ယောက်ဖြစ်ခဲ့ပြီး အလုပ်တစ်ဖက်နဲ့ သူကောလိပ်တက်ခဲ့ရပေမယ့် ဘွဲ့ရတဲ့အခါမှာ ပထမအဆင့် (First Class) နဲ့ အောင်ခဲ့ပါတယ်။

စက်ရုံအလုပ် အဲ အထူးသဖြင့် သံမဏိစက်ရုံကြီးတွေဟာ ကုန်ကြမ်းဘဝက ကုန်ချောဖြစ်ဖို့ လုပ်ကိုင်ရတဲ့အဆင့်တွေက အလွန်များတယ်။

ရိုးရိုးအလုပ်သမားတွေရှိတယ်။

ပညာသည်အလုပ်သမားတွေ ရှိတယ်။

သံတွင်းကထွက်တဲ့ သံရိုင်းပါမြေ (Iron ore) ကနေပြီး သံမဏိဘဝရောက်ဖို့

www.foreverspace.com.mm

ဆိုတာ ဖြတ်သန်းရတဲ့အဆင့်က အများကြီးခင်ဗျား။

ငွေယိုနိုင်တဲ့နေရာတွေ တစ်ပုံကြီးခင်ဗျား။

စာရင်းအင်းကျွမ်းကျင်သူ၊ အောက်ကတင်ပြလာတဲ့စာရင်းမျိုးစုံကို စစ်တတ်၊ ဆေးတတ်၊ အမှားထောက်ပြတတ်၊ အမှန်ပြင်တတ်မှ သံမဏိစက်ရုံတစ်ခုရဲ့ ငွေယိုပေါက်ကို ထိန်းလို့ရနိုင်မယ်ခင်ဗျား။

ကွန်မြူနစ်စနစ်အောက်က ရုန်းထွက်လာကြတဲ့ အရှေ့ဥရောပနိုင်ငံတွေက သံမဏိစက်ရုံတွေ ဘာကြောင့် အရှုံးပေါ်ရတာလဲ။

အရှုံးပေါ်ရတဲ့အခြေခံအကြောင်းတွေကတော့ အမျိုးမျိုးရှိတာပေါ့ခင်ဗျား။

ဒီအထဲမှာ အရေးကြီးတဲ့ အရှုံးပေါ်စေရတဲ့အချက်တစ်ရပ်က စက်ရုံရဲ့ထိပ်ပိုင်းတာဝန်ခံတွေ၊ အရာရှိကြီးတွေက နိုင်ငံရေးလောကမှ လာတာတွေ။ စာရင်းအင်းပညာနှင့်ပတ်သက်ပြီး ပညာရှင်အဆင့် ကျွမ်းကျင်သူတွေ အလွန်နည်းပါတယ်။ ဒါကြောင့်လည်း သူတို့သံမဏိစက်ရုံရဲ့ အဓိကငွေယိုပေါက်တွေကို သူတို့ မတွက်ဆနိုင်ဘူး။

ပြုပြင်မှုတွေကို မလုပ်တတ်ဘူး။

အရှုံးသံသရာကလွတ်အောင် ဘယ်သူမှ မကြံတတ်ဘူး။ ဒါကြောင့် သူတို့ ဒီသံမဏိစက်ရုံတွေကို ရောင်းပစ်ခဲ့ကြရတာမဟုတ်လား။

ငွေယိုပေါက်တွေကို ဖာတတ်သူရှိမယ်။ ပြုပြင်မှုတွေကို လုပ်တတ်တဲ့လူရှိမယ်။

အရှုံးထဲက အမြတ်ထွက်အောင် လုပ်တတ်တဲ့လူတွေသာရှိမယ်၊ ဦးဆောင်နေမယ်ဆိုရင် ဒီစက်ရုံတွေကိုဘယ်အရှေ့ဥရောပနိုင်ငံတွေရဲ့ အစိုးရကမှ မရောင်းပါဘူး။

ခု သူတို့ မလုပ်တတ် မကိုင်တတ်ဖြစ်နေကြလို့ ရောင်းပစ်ခဲ့ကြတာ။

မစ်တယ်က စာရင်းအင်းပညာကို ကျွမ်းကျင်သူ။

အရှုံးပေါ်နေတဲ့ သံမဏိစက်ရုံတစ်ခုကို ဝယ်ယူဖို့ သူစိတ်ဝင်စားရင် ပထမဆုံး သူစစ်ဆေးကြည့်ရှုမှာက စက်ရုံရဲ့ဝင်ငွေထွက်ငွေ စာရင်းပဲမဟုတ်လား။

ဒီစာရင်းကို သူစစ်ဆေးကြည့်လိုက်တာနဲ့ သူဒီစက်ရုံရဲ့ အဓိကအရှုံးပေါ်နေရတဲ့ ငွေယိုပေါက်ကိုတွေ့မယ်။

ဥပမာအဖြစ် မြင်သာအောင် တင်ပြရရင်

အလုပ်သမားခတွေ များနေသလား။

သံရိုင်းဝယ်စရိတ်က မြင့်သင့်တာထက် မြင့်နေသလား။

စက်ရုံရဲ့ တစ်နှစ်ပြင်ဆင်မှုစရိတ်က ဘယ်လောက်ရှိသလဲ။

စက်ရုံလည်ပတ်ဖို့ ဘယ်လိုလောင်စာမျိုးသုံးသလဲ။ ဒီ သုံးနေတဲ့လောင်စာအစား

**ဒီအထဲမှာ အရေးကြီးတဲ့ အရှုံးပေါ်စေရတဲ့အချက်တစ်ရပ်က စက်ရုံရဲ့ ထိပ်ပိုင်းတာဝန်ခံတွေ၊ အရာရှိကြီးတွေက နိုင်ငံရေးလောကမှ လာတာတွေ။ စာရင်းအင်းပညာနှင့်ပတ်သက်ပြီး ပညာရှင်အဆင့်ကျွမ်းကျင်သူတွေ အလွန်နည်းပါတယ်။ ဒါကြောင့်လည်း သူတို့သံမဏိစက်ရုံရဲ့ အဓိကငွေယိုပေါက်တွေကို သူတို့မတွက်ဆနိုင်ဘူး။**

တခြားဘယ်လောင်စာကို အစားထိုးသုံးရင် အကျိုးအမြတ်ဘယ်လောက်ထွက်လာမလဲ။

ဒီနေ့ စက်ရုံက ထုတ်လုပ်နေတဲ့ ကုန်ချောတွေက ဘယ်လိုကုန်ချောတွေလဲ။

ကမ္ဘာ့ဈေးကွက်မှာ ဈေးကောင်းရနေတဲ့ကုန်ချောတွေ ဟုတ်ရဲ့လား။

ဘယ်လိုကုန်ချောမျိုးကို ပြင်ထုတ်ရင် ကောင်းမလဲ။

ဒီလိုပြင်ဆင်ထုတ်လုပ်ဖို့ ဘယ်လိုစက်ပစ္စည်းသစ်မျိုးကို ဖြည့်စွက်အသုံးပြုသင့်သလဲ။

ဘယ်နိုင်ငံက ရှာဝယ်မလဲ။



www.foreverspace.com.mm



ကုန်ကျစရိတ် ဘယ်လောက်ရှိမလဲ။

ကုန်ချောသစ်အပေါ် အမြတ်အစွန်း ဘယ်လောက်ပိုရနိုင်မလဲ။

အဲဒီမေးခွန်းအားလုံးရဲ့အဖြေကို ပေးနိုင်ဖို့က စာရင်းအင်းပညာတတ်ကျွမ်းမှုအပေါ် အဓိကတည်နေတယ်မဟုတ်လား။

ဒီအဖြေတွေအပေါ်မှာတည်ပြီး အရှုံးပေါ်နေတဲ့ စက်ရုံတစ်ခုကို ဝယ်သင့်၊ မဝယ်သင့်ကို ဆုံးဖြတ်ရလိမ့်မယ်။

ဒါကြောင့် သံမဏိသူဌေးကြီး မစ်တယ်ရဲ့ ပထမဆုံးသူဌေးဖြစ်ခဲ့ရတဲ့ လျှို့ဝှက်ချက်က စာရင်းအင်းပညာကို ထူးချွန်အောင်တတ်မြောက်ထားတဲ့အတွက် ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

မစ်တယ် သူဌေးကြီးဖြစ်ခဲ့ရတဲ့ ဒုတိယလျှို့ဝှက်ချက်ကတော့ သံမဏိစက်ရုံလုပ်ငန်းနဲ့ပတ်သက်ပြီး သူအကုန်နားလည်တယ်။ အတွေ့အကြုံအပြည့်အဝရှိတဲ့အတွက်ပါပဲ။

သူဌေးကြီးမစ်တယ်မိသားစုက မစ်တယ့်အဘိုးလက်ထက်ကတည်းက သံမဏိစက်ရုံလုပ်ငန်းကို လုပ်ခဲ့ကြတာပါ။

သူ့အဘိုးလက်ထက်ကတော့ သံမဏိစက်ရုံ မတည်နိုင်ပါဘူး။ စက်ရုံလုပ်သားပါ။ Tavachand Ghanshyamdas Poddar ကုမ္ပဏီကြီးဆိုတာ အိန္ဒိယနိုင်ငံမှာ လွတ်လပ်ရေးမရခင်ခေတ် အဲ အင်္ဂလိပ်ကိုလိုနီခေတ်ကပေါ့ခင်ဗျာ။ အဲဒီကုမ္ပဏီကြီးက အိန္ဒိယစီးပွားလောကကို ကြိုးကိုင်ခဲ့တဲ့ ကုမ္ပဏီကြီးပါ။

မစ်တယ်ရဲ့အဘိုးက အဲဒီကုမ္ပဏီကြီးပိုင်တဲ့ စက်ရုံတစ်ရုံက အလုပ်သမားပါ။

မစ်တယ် ဖခင် Mohan Mittal လက်ထက်ရောက်မှ သံမဏိစက်ရုံကို စတင်တည်ထောင်တာပါ။ တည်ထောင်စက စက်ရုံက စက်ရုံပေါက်စလေးပါ။ စက်ရုံကထွက်တဲ့ သံမဏိတွေကို ဈေးကွက်မှာ မရောင်းနိုင်ဘဲ တခြားစက်ရုံကြီးကို သွင်းပေးနေရတဲ့ လက်ဝေခံ စက်ရုံငယ်လေးပါ။

နောက် အဲဒီအချိန်က သူတို့နေထိုင်တဲ့ဒေသကလည်း အလွန်ခေါင်တဲ့ဒေသ။ မစ်တယ်ကို မွေးဖွားတဲ့အချိန်မှာ မစ်တယ်ဖခင်မှာ ကိုယ်ပိုင်အိမ်တောင်မရှိပါဘူး။ သူ့ဖခင်ရဲ့ ဖခင်ပိုင်အိမ်။ အဲ မစ်တယ်ရဲ့ အဘိုးပိုင်အိမ်မှာ ခိုကပ်ပြီးနေရတဲ့ဘဝ။ အဘိုးအိမ်ကို အဖီလေးချပြီး နေရတဲ့ဘဝ။ အိမ်က ကြမ်းခင်းမရှိတဲ့ မြေခင်းအိမ်။ အိပ်တော့လည်း ကြိုးပုခက်လို ခုတင်မျိုးမှာ အိပ်ခဲ့ရတယ်။

သူမွေးတဲ့ဒေသက သဲကန္တာရဆန်ဆန်နေရာမျိုး။ အလွန်မိုးခေါင်တယ်။ ပူတယ်။ နောက် လျှပ်စစ်မီးတောင်မရောက်တဲ့ မရှိတဲ့နေရာမျိုး။

မစ်တယ်ရဲ့ဖခင်က ဒီလိုနေရာမျိုးမှာ



www.foreverspace.com.mm






ဘာဝစခဲ့ရပေမယ့် အလွန်တော်ပုံရပါတယ်။ စီးပွားရေးပိုကောင်းတဲ့ အိန္ဒိယနိုင်ငံရဲ့ မြို့ကြီးတစ်ခုဖြစ်တဲ့ ကိုလ်ကတ္တားမြို့ကို ပြောင်းရွှေ့လာတယ်။

သံမဏိစက်ရုံငယ်လေးတစ်ခုကို သူ့မိတ်ဆွေတစ်ယောက်နဲ့ပေါင်းပြီး တည်ထောင်တယ်။

အဲဒီအချိန်မှာ မစ်တယ်က ကျောင်းသား။ ကျောင်းသားဆိုပေမယ့် ကုလားဖခင်တွေရဲ့ ထုံးစံအတိုင်းပဲ သားလုပ်တဲ့လူကို စာလည်းသင်ခိုင်းတယ်၊ အလုပ်လည်း လုပ်ခိုင်းတယ်။

မစ်တယ်ကို သူ့ဖခင်ခိုင်းတဲ့အလုပ်တွေကတော့ သူတို့ သံမဏိစက်ရုံရဲ့ အထွေထွေလုပ်ငန်းတွေမှာပါပဲ။

မစ်တယ် St. Xavier ကောလိပ်က ဘွဲ့ရတဲ့အချိန်မှာ သံမဏိလုပ်ငန်းနဲ့ပတ်သက်ပြီး သူအကုန်သိနေတတ်နေပြီ။ အနိမ့်ဆုံးအောက်ခြေအလုပ်ကစပြီး အမြင့်ဆုံး သူ့ဖခင်ရဲ့ စက်ရုံအုပ်ချုပ်ရေးလုပ်ငန်းတွေအထိ သူတတ်နေပြီ။

ဒါကြောင့် မစ်တယ်ဟာ ကောလိပ်ကျောင်းက ဘွဲ့ရတဲ့အချိန်မှာ သူ့ဖခင်သင်ပေးတဲ့ သံမဏိလုပ်ငန်းနဲ့ပတ်သက်ပြီး လက်တွေ့ဘွဲ့ကိုလည်း တစ်ပြိုင်တည်း ရလိုက်သူလို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ မှန်တယ်ခင်ဗျား။

ဒါကြောင့်လည်း မစ်တယ်ဖခင်က မစ်တယ်ဘွဲ့ရပြီးလို့ ဘာမှမကြာဘူး၊ အင်ဒိုနီးရှားနိုင်ငံကို လွှတ်လိုက်တယ်။ သံမဏိစက်ရုံသစ်တစ်ခုကိုတည်ထောင်ဖို့ တာဝန်ပေးလိုက်တယ်။

မစ်တယ်ဟာ သံမဏိစက်ရုံလုပ်ငန်းတွေနဲ့ပတ်သက်ပြီး သူ့ဖခင်ကျေနပ်လောက်အောင်၊ ကျွမ်းကျင်အောင် တတ်ထားခဲ့သူမဟုတ်ရင် သူ့ဖခင်က ဒီလိုတာဝန်မျိုးကို ပေးမှာမဟုတ်ပါဘူး။ ကုလားလူမျိုးတွေဟာ အမျိုးအနွယ်အလိုက်ကို အလွန်သေချာအောင်လုပ်တတ်တဲ့လူမျိုးပါ။ ရှုံးမှာ အလွန်ကြောက်တဲ့လူမျိုးတွေဖြစ်ပြီး သေချာမှ လုပ်တတ်တဲ့လူမျိုးပါ။ မစ်တယ်ဖခင်ကလည်း အလွန်ကြွယ်ဝချမ်းသာသူမဟုတ်ဘူး။ ကိုယ့်ထူးကိုယ်ချွန်ပြီး ကိုယ့်လက်ထက်မှာ သံမဏိစက်ရုံပိုင်ရှင်ဘဝကို ရောက်အောင်လုပ်ထားခဲ့ရတဲ့သူဆိုတော့ မစ်တယ်ကို သူအလွန်ယုံကြည်စိတ်ချလို့သာ ပြည်ပကို လွှတ်လိုက်တာပါ။ ပြည်ပမှာ စက်ရုံသစ်တည်ထောင်မယ့်တာဝန်ကို ပေးလိုက်တာပါ။

မစ်တယ်ကလည်း ဖခင်ထက် သားတစ်လကြီးဆိုတဲ့လူမျိုး။ ဖခင်ထက် ပိုတော်တဲ့လူမျိုးဆိုတော့ အင်ဒိုနီးရှားနိုင်ငံမှာ သူဘယ်လိုသံမဏိစက်ရုံမျိုးကိုစပြီး တည်ထောင်ရမယ်ဆိုတာကို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်တယ်။

ဒီနေ့ အင်ဒိုနီးရှားမှာ တည်ရှိနေတဲ့ Ispat Indo သံမဏိစက်ရုံလုပ်ငန်းကြီးဟာ မစ်တယ်ရဲ့ သူ့ခြေသူ့လက်နှင့် လုပ်ခဲ့တဲ့ တည်ထောင်ခဲ့တဲ့စက်ရုံပါ။

ဒီ အင်ဒိုနီးရှားက သံမဏိစက်ရုံကို သူဟာ သန္ဓေသားဘဝကစပြီး အရွယ်ရောက်တဲ့ဘဝအထိ ဖြစ်လာအောင် သူ့အစွမ်းအစတစ်ခုတည်းနဲ့ လုပ်ခဲ့တာပါ။

နောက် သူက သံမဏိလုပ်ငန်းကို အခြေခံကစပြီး အကုန်နားလည်သဘောပေါက်ထားတဲ့လူဖြစ်တဲ့အတွက် အင်ဒိုနီးရှားသံမဏိလုပ်ငန်းရဲ့ အနာဂတ်ကို ဒေသခံ သံမဏိစီးပွားရေးသမားတွေထက် ပိုမြင်တယ်။ သူ သံမဏိစက်ရုံတည်ထောင်စက အင်ဒိုနီးရှားအစိုးရခွင့်ပြုတဲ့ ဆောက်လုပ်ရေးလုပ်ငန်းမှာသုံးတဲ့သံမဏိ (Construction Steels) တွေပဲ ထုတ်လုပ်တယ်။

အဲဒီအချိန်က အင်ဒိုနီးရှားသံမဏိအရည်ကျိုတဲ့စက်မှာသုံးတဲ့ ကုန်ကြမ်းကနိုင်ငံအနှံ့က ရှာပြီး စုဆောင်းခဲ့တဲ့ သံတိုသံစတွေ အင်္ဂလိပ်လိုတော့ Scrap Iron တွေပေါ့ခင်ဗျား။

ဒီလို သံတိုသံစတွေကို အရည်ကျိုပြီး သံမဏိထုတ်လုပ်တဲ့အလုပ်ကို ရေရှည်လုပ်လို့မရဘူးဆိုတာ သူမြင်တယ်။ နိုင်ငံမှာ သံတိုသံစတွေ ရှားသွားတာနှင့် သံအရည်ကျိုတဲ့လုပ်ငန်းကို ဆက်လုပ်ဖို့ ခက်တော့မယ်ဆိုတာကို သူသိတယ်။ သံတိုသံစနေရာမှာ DRI လို့ သံမဏိလောကမှာ ခေါ်တဲ့ Direct Reduced Iron ကို အစားထိုးရမယ်။

အဲဒီအချိန်က ဒီစားကွက်ကို ဒေသခံစီးပွားရေးသမားတွေ ဘယ်သူမှ မမြင်ကြပါဘူး။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

**၃၁-၇-၂၀၀၉**

■